# သိုင်းပြောင်းပြန် ပြောင်းပြန်မောင်လေး

ပွင့်လန်း(သတ္တုတွင်း)
အမျိုးသားစာပေဆုရ

သိုင်းပြောင်းပြန်ပညာရပ်နှင့်
သိုင်းပြောင်းပြန်ဆရာကြီး
ဦးမောင်လေး၏
အတ္ထုပ္ပတ္တိ



**PDF-** ပေါင်းချုပ်(Part 1+2)

**http://www.khtnetpc.webs.com**

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| * ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| * တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| * အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

'နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်'

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

# သိုင်းပြောင်းပြန် ပြောင်းပြန်မောင်လေး

## ပွင့်လန်း(သတ္တုတွင်း)

အမျိုးသားစာပေဆုရ

ဆရာကြီးဦးမောင်လေးမှာ ၂၁-၃-၈၅ ရက်နေ့တွင် ကွယ်လွန်၍ စာရေးဆရာ ပွင့်လန်း (သတ္တုတွင်း) မှာ ၄-၁၀-၈၉ တွင်ကွယ်လွန်ခဲ့ပါသည်။ ယခုစာအုပ်သည် ဒုတိယအကြိမ်မြောက်ပြန်လည်ထုတ်ဝေသည့်စာအုပ်ဖြစ်ပါသည်။



ပြောင်းပြန်မောင်လေး ဦးမောင်လေးနှင့် ပတ်သက်၍
စာရေးသူ၏ အမှာ
ဤအမှာစာကို ကျော်၍ မသွားပါရန်

ပြောင်းပြန်ပညာ၊ သို့မဟုတ် သိုင်းပြောင်းပြန်ပညာကို မြန်မာပြည် (ပြည်မ) တွင် စတင်ပို့ချသွားခဲ့သောသူမှာ ယခု အသက်ထင်ရှားရှိသော ဆရာကြီး ဦးမောင်လေး၏ ဆရာ ဆရာဦးချယ်၊ သို့မဟုတ် ရှမ်းအမျိုးသား သိုင်းဆရာကြီး ဆရာချယ်ပင်ဖြစ်သည်။

ဆရာကြီးဦးချယ်သည် ရှမ်းပြည်မှ ဆင်းလာသူ သိုင်းဆရာကြီးဖြစ်သော်လည်း မည်သည့်မြို့ရွာတွင် နေထိုင်ခဲ့ကြောင်း၊ မည်သည့် စောဘွားထံတွင် အမှုထမ်းခဲ့ကြောင်းကား ဆရာကြီး ဦးမောင်လေးကိုယ်တိုင်ပင် မသိရှာပေ။

ယင်းကြောင့် လေလောဆယ် မှတ်တမ်းအရ ဆရာကြီး ဦးချယ်သည် သိုင်းပြောင်းပြန်ပညာ၏ ဖခင်ကြီးပင် ဖြစ်သည်။ ပြည်မသို့ ဆင်းလာသည်။ ပညာသင်ပေးပြီး ရှမ်းပြည်နယ်သို့ ပြန်တက်သွားသည်။ နောက်ထပ်မတွေ့ဆုံရတော့။

ယင်းကြောင့် ဆရာကြီး ဦးချယ်တွင် သင်ဆရာရှိသည်၊ မရှိသည်ကိုလည်း မသိရ။ ဆရာကြီး ဦးချယ်သည် ယခု ဆရာကြီး ဦးမောင်လေးနှင့် ဇောတိကုန်းရွာသား ရာဘာခြံသူဌေး ဦးလုံနှင့် ဦးသောမခေါ် ဦးလုရွှေတို့နှစ်ယောက်၊ ပေါင်းသုံးယောက်ကို ပညာသင်ပေးသွားခဲ့သည်။ အခြားနှစ်ယောက် ကွယ်လွန်သွားကြပြီဖြစ်ရာ ဆရာကြီး ဦးမောင်လေး တစ်ယောက်သာ အသက်ထင်ရှားကျန်ရှိသည်။

ယင်းကြောင့် အသက်ထင်ရှားရှိသော သိုင်းပြောင်းပြန်ပညာရှင်များထံတွင် အသက် ရှစ်ဆယ့်နှစ်နှစ်မျှ ရှိနေပြီဖြစ်သော ဆရာကြီး ဦးမောင်လေးသည် သိုင်းပြောင်းပြန်ပညာ၏ ဖခင်ကြီးအဖြစ် တည်ရှိနေပေသည်။

စာရေးသူသည် ရန်ကုန်တစ်ဘက်ကမ်းရှိ သန်လျင်မြို့တွင် နေထိုင်သည်။ မကြာမီရက်ပိုင်းအတွင်းက စာရေးသူ၏ နေအိမ်မှ ဈေးဘက်သို့ ထွက်သွားသည်။ ရဲစခန်းလမ်းကွေ့ ပြည်သူ့ကောင်စီရုံးရှေ့ရှိ ဒေါ်စိန်ညွန့် လက်ဖက်ရည်ဆိုင်အနီးတွင် ဒေါ်စိန်ညွှန့်၏တူ ကိုအောင်သိန်းကို တွေ့ရသည်။

ကိုအောင်သိန်းသည် ဘွဲ့ရလူငယ်တစ်ဦးဖြစ်ပြီး မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူဖြစ်သည်။ သူ့အိမ်အနီး ကွက်လပ်တွင် လူငယ်လူရွယ်ကလေးများအား သိုင်းသင်တန်းပို့ချပေးနေသည်ကို မကြာခဏတွေ့ရသည်။ သို့ရာတွင် မည်ကဲ့သို့သော သိုင်းပညာမျိုး ပို့ချပေးနေကြောင်းကား ကျွန်တော် မသိခဲ့၊ သတိမထားမိခဲ့၊ စကားမစပ်မိခဲ့ကြ။

ထိုနေ့က သူ့ကို အရေးတကြီး သုတ်သီးသုတ်ပြာဟန်ဖြင့် တွေ့ရသည်။ အလုပ်ရှုပ်နေပုံရသည်။

ကျွန်တော်။ ။ 'ဘယ်လိုလဲဗျ ကိုအောင်သိန်း၊ ဘာတွေများ အလုပ်များနေလို့လဲ'

ကိုအောင်သိန်း။ ။ 'ဟာ...ဆရာ...ကျွန်တော့်ဆရာကြီး ရောက်နေတယ်လေ။ ဒီနေ့ ကျွန်တော့် တပည့် ချာတိတ်တွေ သင်တန်းဆင်းပွဲလည်းရှိတယ်။ ဆရာကြီးက အကဲဖြတ်မယ်။ ဆရာကြီးကိုလည်း ကန်တော့ကြမယ်'

ကျွန်တော်။ ။ 'ဆရာကြီးဆိုတာ ဘယ်သူလဲဗျ'

ကိုအောင်သိန်း။ ။ဦးမောင်လေးလေဗျာ။ ဆရာကြီး ဦးမောင်လေးပေါ့

ကျွန်တော် ။ ။ဩ....သိုင်းပြောင်းပြန်ဆရာကြီး ဦးမောင်လေးလား။ ခင်ဗျားက ဦးမောင်လေးရဲ့ တပည့်လား၊ ဒါဆိုရင် ခင်ဗျာ့ ချာတိတ်တွေကို ပို့ချပေးနေတာ ပြောင်းပြန်ပညာပေါ့ ဟုတ်လား

ကိုအောင်သိန်း။ ။အစစ်ပေါ့ ဆရာရဲ့။ အစက ကျွန်တော် ရှမ်းကြီး သိုင်းကို သင်ခဲ့ပါတယ်။ သိပ်အားမရတာနဲ့ ဆရာကြီး ဦးမောင်လေးဆီမှာ သွားတပည့်ခံတာ

ကျွန်တော်။ ။ဆရာကြီးက အသက်ဘယ်လောက်ရှိပြီလဲ။လေး ငါးဆယ်လောက်တော့ ရှိရောပေါ့နော်

ကိုအောင်သိန်း။ ။ဟား....ဟား.....ဟား မဟုတ်ဘူးဆရာရဲ့။ ဆရာကြီးက အသက်ရှစ်ဆယ့်နှစ်နှစ်ထဲ ဝင်နေပြီ

ကျွန်တော်။ ။ဗျာ.....(များစွာ အံ့အားသင့်လျက်) အသက်ရှစ်ဆယ့်နှစ် နှစ်ဆိုတော့ သူကိုယ်တိုင်ကော သိုင်းကစားနိုင်သေး လို့လား

ကိုအောင်သိန်း။ ။ဟဲ-ဟဲ-ဟဲဆရာကလဲဗျာ....သိုင်းဆရာကြီးပါဆိုမှ သိုင်းကစားနိုင်သေးလားလို့၊ ကဲ.....လာ...ဆရာ့ကို ကျွန်တော့ဆရာကြီးနဲ့ မိတ်ဆက်ပေးမယ်။ မျက်မြင် လက်တွေ့ကြည့်ပေါ့။

ကျွန်တော်သူ့နောက်လိုက်သွားသည်။ ဒေါ်စိန်ညွှန့်အိမ်ပေါ်သို့အရောက် တွင် ဆရာကြီး ဦးမောင်လေးကို တွေ့ရသည်။ အရပ် ငါးပေငါးလက်မခန့်၊ ခါးတုတ်သည်။ မျက်နှာက ပြုံးပြီး ပြည့်နေသည်။ ခေါင်းတုံးကြီးနှင့်ဖြစ်သည်၊

လက်မောင်း လက်ဖျံ၊ ပေါင်းလုံး၊ ခြေသလုံးကြီးတွေကလည်း အကြီး ကြီးတွေဖြစ်သည်။ ကျွန်တော် ရောက်သွားချိန်၌ ဆရာကြီး ဦးမောင်လေး သည် မြို့ခံလူငယ် နှစ်ယောက်သုံးယောက်ကို သိုင်းအကြောင်း ပြောပြနေသည်။ တုတ်၊ ဓားကို ကိုင်လျက် လက်တွေ့ နမူနာများလည်း ပြသနေသည်ကို တွေ့ ရသည်။

ဆရာကြီး၏ ကိုယ်လက်လှုပ်ရှားမှုများကို ကြည့်ပြီး ကျွန်တော်များစွာ အံ့အားသင့်သွားရပြန်သည်။

ဆရာကြီးသည် ယခု အသက်ရှစ်ဆယ်ကျော် အရွယ်ထိ သန်တုန်း မြန် တုန်း၊ ပေါ့ပါးတုန်း၊ ဖျက်လတ်တုန်းပင် ရှိနေသေးသည်။

အတန်ငယ်ကြာမှ ဆရာကြီး ပြန်၍ထိုင်သည်။ ရေနွေးကြမ်းခွက်ကို ကိုင်သည်။ သည်မှာ ကိုအောင်သိန်းက ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။ စာရေးဆရာဖြစ်ကြောင်း ပြောပြသည်။

ကျွန်တော်နှင့် ဆရာကြီး၊ စကားလက်ဆုံကျသွားသည်။ ကျွန်တော်မေး သော မေးခွန်းများကို ဆရာကြီးက စိတ်ရှည်လက်ရှည် ဖြေသည်။

ကျွန်တော် မေးသော မေးခွန်းများသည် ပြောင်းပြန်ပညာ အကြောင်း မဟုတ်ချေ။ ပြောင်းပြန်ပညာကို တတ်ကျွမ်းဖို့ဆိုသည် ဂေလာဂေး၊ တီးမိ ခေါင်မီပင် ရှိသူမဟုတ်ရာ ဘာမေးခွန်းမှလည်း မမေးတတ်ချေ။

ကျွန်တော် မေးသည်များမှာ ဆရာကြီး၏ ဘဝ၊ ဆရာကြီး၏ သမိုင်း၊ ဆရာကြီး၏ အတွေ့အကြုံပိုင်းများကိုသာ ဖြစ်သည်။

ဆရာကြီးသည် အသက်ရှစ်ဆယ်လည်း ကျော်ပြီ၊ ပညာသည်ကြီး တစ်ယောက်လည်းဖြစ်သည်။ ယင်းကြောင့် ဆရာကြီး ဖြတ်သန်းလာခဲ့သော သက်တမ်း၌ အတွေ့အကြုံတွေ တစ်ပုံတပင် တစ်ပုံတခေါင်းကြီး ရှိနေပေရော့မည်။ သည်လို ကျွန်တော်နားလည်သည်။

ဆရာကြီးကလည်း ရှင်းပြ၊ ပြောပြသည်။ ဆရာကြီး ပြောပြသော စကားများထဲ၌ မကြာခဏ ညုပ်၍ ညုပ်၍ ပါလာသော စကားတစ်ခွန်း ရှိသည်။ သူသည် အသက်ကြီးပြီ၊ ဇရာပိုင်းသို့ ဝင်လာပြီ။ နောက်ထပ် ဆယ် နှစ်တန်သည် ဆယ့်ငါးနှစ်တန်သည်လောက်သာ အများဆုံး နေရတော့မည်။ ယင်းကြောင့် မသေမီ တပည့်တွေကို ပညာအမွေ ပေးထားခဲ့ချင်သည်။

တပည့်ဆိုရာ၌လည်း တပည့်ကောင်းတွေကို မှ ပညာအပြည့်အစုံ ပေးထား ခဲ့ချင်သည်။ တပည့်ကောင်းဆိုသည်မှာ ပညာကို လိုလားရမည်။ ပညာကို လေးစား တန်ဖိုးထားရမည်။ ပညာကို နည်းမှန်လမ်းမှန် အသုံးပြုလိုသည့် စိတ်နေစိတ်ထားလည်း ရှိရမည်။ မိမိ ဆရာရင်း သမားရင်းအပေါ်တွင်လည်း လေးစားရမည်။ ယင်းသို့သော တပည့်မျိုး ရှားသည်၊ ရှိတော့ရှိသည်၊ အရေ အတွက် နည်းသည်။

ယင်းသို့ပြောပြသည်။ သည်မှာ ကျွန်တော်က ဆရာကြီးကို အစီရင်ခံ သည်။ ဆရာကြီးသည် အသက်ကြီးပြီဖြစ်၍ ကြီးမားသော ဘဝအတွေ့အကြုံ များ ရှိမည်ကို ကျွန်တော်သိပါသည်၊ ထိုအတွေ့အကြုံများကို စာပေဖြင့် မှတ်တမ်းတင်လိုပါသည်၊ ကျွန်တော်သည် ဂတ္ထုသဏ္ဍာန်ဖြင့် ရေးသားတင်ပြလိုကြောင်း ခွင့်တောင်းသည်။

ဆရာကြီးကလည်း ခွင့်ပြုသည်။ သည်မှာ ကတ်ဆက်များ တိတ်ခွေများ

ဖြင့်ဖမ်းသည်။ ကိုအောင်သိန်း၊ ကျွန်တော် ၊ ကိုအုန်းကျော်တို့ သုံးဦးက ဆရာကြီး စကားဆက်မိအောင် ဆက်မေးခွန်း၊ ထောက်မေးခွန်းများ မေးကြသည်။

ယင်းသို့ဖြင့် ဤဂုတ္တုသည် ထွက်ပေါ်လာရပါသည်။ ဤဂုတ္တုကို ရေးရာတွင်-

*အတ္တုပ္ပတ္တိ ဂုတ္တုသဏ္ဍာန်ဖြင့် ရေးပါသည်။

*ဤဂုတ္တုထဲတွင် ပါဝင်သော အမည်များသည် ကိုးဆယ်ရာခိုင်နှုန်း အစစ်အမှန်တွေချည်းဖြစ်ပါသည်။

*ဆရာကြီး၏ ဘဝနှင့် အတွေ့အကြုံများကိုသာ တင်ပြခြင်းဖြစ်ရာ ဆရာကြီး၏ ပြောင်းပြန်ပညာကို ကျမ်းတစ်စောင်အဖြစ် ပြုစုခြင်း မဟုတ်၍ ဤဂုတ္တုပါ ပြောင်းပြန်ပညာခန်းများသည် အမြွက်မျှ လောက်သာ ဖြစ်ပါသည်။

*ပြောင်းပြန်ပညာ၏ ဝေါဟာရများကို ပြင်ပလူများ မဆိုထားဘိ၊ ရှမ်းကြီးသိုင်း တတ်ပြီးသူများပင် နားမလည်နိုင်ပါ။ အခေါ်အဝေါ် အသုံးအနှုန်းများ ကွာခြားပါသည်။ ယင်းကြောင့် ပြောင်းပြန်အကွက် များကို များစွာ ဖော်ပြလျှင် စာလေးသွားပါမည်။

*အလျဉ်းသင့်လျှင် ပြောင်းပြန်ပညာကို ကျမ်းအဖြစ် သရုပ်ပြပုံများ ဖြင့် ရေးသားထုတ်ဝေရန် ရည်ရွယ်ချက်ရှိပါသည်။

*ဆရာကြီး၏ မျက်မြင် ကိုယ်တွေ့ အဖြစ်အပျက်များထဲတွင် ရှေး အခါက အသုံးပြုသော ဆေးပညာ၊ အင်းအိုင် လက်ဖွဲ့ ဂါထာ မန္တရားများ ပါရှိရာ ယခုအချိန် ယခုခေတ်၌ လူမယုံကြည်စရာ ဖြစ်နိုင်သောကြောင့် ချဲ့ကားလွန်းသည်ဟု ထင်မြင်ယူဆကြမည် စိုးသောကြောင့် အချို့ကို ချိန်ထားခဲ့ပါသည်။

*သိုင်းပြောင်းပြန်ပညာတွင်ဖြစ်စေ၊ အခြား သိုင်း၊ ဂျူဒို၊ ကာရာတေး စသည်တို့တွင်ဖြစ်စေ ခန္ဓာဗေဒသဘော ပါဝင်ကြမြဲဖြစ်သည်။ မည်သည့် ကိုယ်ခန္ဓာအစိတ်အပိုင်းကို မည်သို့ပြုလုပ်လျှင် မည်သို့သေ နိုင်ကြောင်း စသောအချက်များကိုလည်း ချန်လှပ်ထားခဲ့ပါသည်။

*ဤဂုတ္တု ဖြစ်မြောက်ရေးအတွက် ကူညီသော ဆရာကြီး ဦးမောင်လေး အားလည်းကောင်း ၊ ဆရာကြီး၏တပည့် ကိုအောင်သိန်းနှင့် ဇနီး မအေးမြင့်၊ ကိုအုန်းကျော်၊ အိမ်ရှင် ဒေါ်စိန်ညွှန့်နှင့် သမီး မေးစမ်းကြွယ်၊ သား ကိုမောင်စမ်းတို့အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်း ဖော်ပြ အပ်ပါသည်။

ပွင့်လန်း (သတ္တုတွင်း)

# ၁

တန်ခူးမိဿ စိတြလနှင့် ယှဉ်ပြိုင် ထွန်းလေပြီ။

ရင်ကပ်ကဲ့ကော် ရာသင်းပျော် ပွဲတော်အတာ ညွှန်းလေပြီ။ မောင်းသံ၊ လင်ကွင်းသံများဖြင့် စည်ကားသိုက်မြိုက်နေသည်။

ရှမ်းအမျိုးသားများ တည်ထောင်ထားသော ကျေးရွာပေမို့ ရှမ်းရိုးရာ အိုးစည်ကြီးကို မောင်လေး ထုံပေထုံပေ တီးနေသည်။

သူ့ခြေအစုံသည် သိုင်းကွက်မှန်မှန် နင်းနေသည်။ သူ့ဘေးမှ မောင်း သမားနှင့် လင်းကွင်းသမားသည်လည်း သူ့နည်းတူပင် သိုင်းကွက်နင်းလျက် တီးနေကြခြင်းဖြစ်သည်။

သူတို့တစ်တွေ၏ ရှေ့ သကြံန်မဏ္ဍပ် အတွင်းထဲတွင်ကား ဇေတိကုန်း တစ်ရွာလုံးမှ ကာလာသားများသည် ဓားကိုယ်စီ တုတ်ကိုယ်စီဖြင့် သိုင်းကွက် အလှနင်းသူနင်း၊ တကယ်တမ်း တုတ်ရိုက်သူက ရိုက်၊ ဓားခုတ်သူက ခုတ် ဖြင့် ကစားကွက် ပိုင်ပိုင်နင်းနေကြသည်။

ရှမ်းဗေထုံ…ရှမ်းဗေထုံ

ရှမ်းကလေးတီးတဲ့ အိုးစည်ဗုံ။

နောင်ဂျိမ်နောင်…နောင်ဂျိမ်နောင်။

ဂျမ်းဂွပ်ဂွပ်….ဂျမ်းဂွပ်ဂွပ်။

ထိုင်း….ထိုင်းထိုင်း….ဒုတ်……ထိုင်း…..ဒုတ်။

ဂွပ်….ချလွမ်း….ချွမ်။

အိုးစည်သံ၊ မောင်းသံများကြားမှ တုတ်ချင်းရိုက်သံ၊ ဓားချင်းခုတ်သံ ထိခတ်သံများ ပေါ်ထွက်နေသည်။

ရာသီက မိဿရာသီ၊ နွေလယ်ကာလ ဖြစ်သော်လည်း သင်္ကြန်မိုး သုံးလေးဖြိုက် ရွာချပြီးလေပြီ။

ဇေတိကုန်းဂန်းကျင်တစ်ခိုသည် ငှက်ပျောညွှန့်ရောင် ဖက်ဖူးရောင်များ ဖြင့် လွှမ်းခြုံနေသည်။

ဘယ်ကိုပင် ကြည့်ကြည့်၊ ဘယ်နေရာကိုပင် ကြည့်ကြည့် ပုရစ်ဖူး ပုရစ် ညှောင့်တို့သည် စွန့်ကား ပြန့်ကားနေကြပေပြီ။ မျက်စိကို အေးစေသော ဖက် ဖူးရောင် အသွင်ကို ဆောင်နေကြပေပြီ။ လောက အလှကို ဆင်နေကြပေပြီ။

ဇေတိကုန်းသည် ရှမ်းရွာကလေးဖြစ်သော်လည်း ရှမ်းပြည်နယ်တွင် ရှိသော ရွာကားမဟုတ်။ ရှမ်းပြည်နယ် တောင်တန်းတောင်စွယ်များပေါ်မှ ရေကြည်ရာ မြက်နုရာ မြေပြန့်သို့ ဆင်းလာကြသော ရှမ်းအမျိုးသားများအနေဖြင့် တွံတေး တောကြီးတန်းတွင် ရွာတည်နေထိုင်ကြခြင်းသာ ဖြစ်သည်။

လွန်ခဲ့သော ခြောက်ဆယ့်ငါးနှစ်၊ ခုနစ်ဆယ်လောက် ကာလကဆိုတော့ တွံတေးတောကြီးတန်းသည် လွန်စွာတောနက်သည်။ စိမ့်ကြီး မြိုင်ကြီး ရိပ်ကြီး တောတောင်ပင် ဖြစ်သည်။ နောင်ရောင်မခံ ပန်းမာလ်ပင်မြင့်တွေလည်း ပေါများ လှသည်။

ပြည်မသို့ ဆင်းလာကြသော်လည်း မျိုးရိုးကမူ ရှမ်းတွေပင်။ သည်တော့ သည်ရွာမှာ ရှမ်းအမျိုးသား၊ ယဉ်ကျေးမှု ထွန်းကားလေသည်ပင်။

ရှမ်းအိုးစည်ကိုလည်း တီးခတ်ကြမည်။ မောင်းသံ လင်းကွင်းသံများကို လည်း ဖန်တီးကြမည်။ သိုင်းကိုလည်း လူကြီးလူငယ် လူရွယ်တွေသာမက နပ်ချေးတွဲလောင်း ကလေးသူငယ်တို့သည်ပင် ကစားကြသည်။

အလကားနေရင်း အပျင်းပြေသဘောပင်။ ယခုခေတ်ကာလတွင် လူငယ် လူရွယ်တို့ ဘောလုံးကစား၊ ကြက်တောင်ရိုက်ကြသည့်ပမာပေပင်။

ညပိုင်း လသာလျှင်လည်း သိုင်းကစားကြမည်။ နေ့လည်နေ့ခင်းဖြစ်စေ၊ ညနေပိုင်းဖြစ်စေ၊ အားလပ်သောအချိန်မှန်လျှင် သိုင်းကွက်နင်း သိုင်းကစား ရင်းပင် စိတ်ပျော်ရွှင်မှုကို ရှာကြမည်။

ဇေတိကုန်းရွာကလေးသည် သည်အတိုင်းရှိနေလေသည်။ တစ်ရွာလုံး တွင်လည်း သိုင်းဆရာကြီး ဆယ်တစ်ယောက်တိတိ ရှိနေသည်။ ဦးဂါလိန္ဒ၊ ဦးဆူးပညာ၊ ဦးအေး၊ ဦးကျောက် စသည် စသည် ဖြင့် ဖြစ်သည်။

တစ်ရွာလုံးသည်လည်း ဆွေတွေမျိုးတွေချည်း။ မောင်လှယ် နမလှယ် အကြောင်းပါထားကြသူတွေချည်း။

ကလေးသူငယ်များ သိုင်းကစားနေသည်ကို တွေ့လျှင် တွေ့သော မြင်သော ဦးကြီးဦးမင်းများက လူငယ်တို့၏ ကစားကွက်ကို ပြင်၍ ကြုံသလို သင်ပေးသွားတတ်ကြလေသည်ပင်။

မည်သို့တက်ရမည်၊ မည်သို့ လှည့်ရမည်၊ မည်သို့ရိုက်ရမည် စသည်ဖြင့် စသည်ဖြင့် ဖြစ်သည်။

ပွဲလမ်းသဘင်ရှိလျှင်လည်း သိုင်းကွက်နင်း သိုင်းကစား၍ပင် ပျော်ရွှင်လေ့ရှိကြသည်။

ယခု သကြန်ကျပြီ။

နံနက်ပိုင်းက ကာလသား ကာလသမီးများ ရေကစားကြသည်။ တပျော်တပါးကြီး ရေပက်ကြ၊ နောက်ကြ ပြောင်ကြ၊ စ ကြ လောင်းကြနှင့် တစ်နေ့လုံး ကြွက် ကြွက်ဆူကာ သောသောညံနေသည်။

ရေကစားခြင်း၏ အကျိုးဆက်သည်လည်း ရှိနေသည်။ တစ်ရွာလုံးတွင် ထနေသာ ဖုန်များကို သိပ်စေလေပြီ။ သကြန်မဏ္ဍပ်ရှေ့တွင် ကာလသားတွေ တစ်ပြုံကြီး သိုင်းကစားနေကြသော်လည်း ဖုန်များ မထတော့ပြီ။

သက်ကြီး ရွယ်အိုများ ၊ ဦးဂါလိန္ဒ၊ ဦးဆူးပညာ၊ ဦးဆိုင်း၊ ဦးထော်ဦး၊ ဦးအေး၊ ဦးကျောက်၊ ဆရာဖီး၊ ဆရာသိုက်၊ ဆရာအောင်၊ ဆရာစော၊ ဦးကော စသော သိုင်းဆရာကြီးများကမူ သကြန်မဏ္ဍပ်၏ သံဃာစင်ပေါ်တွင် ထိုင်ရင်း ကွမ်းတမြုံ့ မြုံ့ဂါးရင်း လူငယ်များကို အပြုံးကိုယ်စီဖြင့် ကြည့်ရှုအကဲခတ်နေကြသည်။

မည်သူ၏ သိုင်းကွက်သည် လှသည်။။ မည်သူက ပို၍ အကွက်သာသည်၊ မည်သူသည် လေးကွက် ခြောက်ကွက်သာ တတ်သေးသည်၊ မည်သူကား ရှစ်ကွက် ကိုးကွက်ထိ တတ်နေပြီ စသည် စသည် ဖြင့် စိတ်ထဲမှ ဝေဖန်တွေးတောနေကြသည်။

သျှိုင်းသိုင်းခေါ် ရှမ်းကြီးသိုင်းတွင် အကွက် ငါးမျိုးသာရှိသည်။ လေးကွက်၊ ခြောက်ကွက်၊ ရှစ်ကွက်၊ ကိုးကွက်နှင့် ဆယ့်နှစ်ကွက်ဟူ၍ ငါးမျိုး ဖြစ်သည်။

သိုင်းဆရာကြီးများထဲတွင် ဦးဆူးပညာသည် ထိုင်းမျိုးလုံးကို ထုံးလိုချေ ရေလိုနှောက်မှု တတ်ကျွမ်းထားသူ သိုင်းဆရာကြီးဖြစ်သည်။

သည်ကြားထဲတွင် တုတ်ဓားကလည်း ပြီးသေးသည်။ မြင်းပေါ်သို့ တက်လိုလျှင် ခြေနင်းကွင်းကို နင်း၍ တက်ရန်မလို လူနှစ်ယောက်က လုံ နှစ်ချောင်းဖြင့် သူ၏ဂျိုင်းကို ထောက်ပြီး မ တင်ပေးလိုက်လျှင် မြင်းပေါ်သို့ ရောက်သွားလေသည်ပင်။

သည်ရွာတွင် ထို့ကဲ့သို့ တုတ်ဓားပြီးသော သိုင်းဆရာများစွာ ရှိသည်။ သိုင်းလည်းတတ်သည်။ တုတ်ဓားလည်း ပြီးသည်ဆိုတော့ ဘာမှု ပြောစရာ မလိုတော့။ သေနတ်သမားကလွဲလျှင် ကြောက်စရာမလိုတော့။

ယင်းကဲ့သို့သောရွာ၊ ယင်းကဲ့သို့သော အခြေအနေ၊ ယင်းကဲ့သို့သော အချိန်နေ့ရက်၌ ဇောတိကုန်းရွာသား ကိုမေဓာသည် ဧည့်သည်တစ်ယောက်နှင့် အတူရွာထဲသို့ ဝင်လာသည်။ ဧည့်သည်ကို ဦးလုံး၏ နေအိမ်သို့ ခေါ်သွားသည်။

ဂန်စည်စလည် အထုတ်အပိုးများ ချထားပြီး အိမ်ပေါ်မှ ဆင်းခဲ့ကြသည်။ ရွာထဲသို့ လျှောက်လာကြသည်။ ရွာရှိ နေအိမ်များတွင် လူများများ မမြင် မတွေ့ရ။ ခြောက်ကပ် တိတ်ဆိတ်နေသည်။

မိန်းမ တစ်ယောက်စ နှစ်ယောက်စသာ တွေ့ရသည်။ တစ်ရွာလုံး သင်္ကြန်မဏ္ဍပ်သို့ သွားနေကြသောကြောင့်ဖြစ်သည်။

ကိုမေဓာကလည်း ဧည့်သည်ဖြစ်သူကို သင်္ကြန်မဏ္ဍပ်သို့ပင် ခေါ်သွား သည်။ သံဃာစင်ပေါ်တွင် ထိုင်လျက် အများနည်းတူပင် လူငယ်များ သိုင်း ကနေသည်ကို ကြည့်နေကြသည်။

သိုင်းကွက်တွေက စုံလင်လှသည်။ ရှေ့ဖီး၊ နောက်ဖီး၊ ပက်လက်ကျော်၊ မှောက်ခုံကျော်၊ ဇင်ယော်သုတ်၊ ပန်းတံချူ၊ သားပိုက်၊ မော်တော်စက်ခုတ်၊ ဓားဆိုးမ၊ ကတ်ကြေးကိုက် စသည် စသည်ဖြင့် ဖြစ်သည်။

အတန်ငယ်ကြာသွားသောအခါ ရှမ်းအိုးစည်သံ၊ မောင်းသံ ယကွင်းသံ များ ရပ်သွားသည်။ သိုင်းကစား သိုင်းကွက်နင်းနေသူများလည်း ရပ်သွား သည်။ အမောဖြေကြခြင်းပေပင်။

ထိုအချိန်တွင် ကိုမေဓာနှင့် ပါလာသော လူစိမ်း၏ နှုတ်မှ စကားသံ ထွက်ပေါ်လာသည်။

'မင္းတို႔ ကစားႀကတာ ႀကည္လို႔ေတာ္ေတာ္ေကာင္းသားပဲကြ၊ ဒါ ဘာ
ကစားတာလို႔ ေခၚသလဲ'

မ်က္နာစိမ္းဧည့္သည္က ႐ွမ္းလို ေမးျခင္းျဖစ္သည္။ ယင္းေၾကာင့္
႐ြာခံမ်ားကလည္း ယခုေရာက္လာေသာ ဧည့္သည္မွာ မိမိတို႔ကဲ့သို႔ ႐ွမ္း
အမ်ိဳးသားပင္ ျဖစ္ေၾကာင္း နားလည္လိုက္ႀကသည္။

ဧည့္သည္၏အေမးကို သိုင္းဆရာႀကီး ဦးေအးက ဂင္၍ ေျဖသည္။
'ဒါ သိုင္းကစားတာလို႔ ေခၚပါတယ္'
'ဩ....ဒါသိုင္းကစားတာလား'
'ဟုတ္တယ္'
'ဟား....ဟား...ဟား ဩ...လတ္စသတ္ေတာ့ သိုင္းကစားေနႀကတာ
ကိုး၊ ဟင္း-ဟင္း-ဟင္း..ငါက ထင္တာက ခြင္ပုတ္ေနႀကတယ္ထင္တာ'

ခြင္ပုတ္သည္ ဆိုျခင္းမွာ ခြင္ရိုက္သည္ဆိုသည့္သေဘာပင္။ မိမိ၏ကိုယ္
ခႏၶာေပၚတြင္ လာ၍နားေသာ ခြင္ေကာင္ကို ရိုက္သည့္ သေဘာပင္။

မ်က္နာစိမ္း ႐ွမ္းအမ်ိဳးသားႀကီး၏ မထီမဲ့ျမင္စကား၊ သေရာ္ေတာ္ေတာ္
မ်က္နာေပးကို ႀကည့္ၿပီး ဦးေအး ေဒါသထြက္သြားသည္။ ဦးေအးသာ
မဟုတ္၊ အျခားသိုင္းဆရာမ်ားေရာ ေမာင္ေလးတို႔ လူငယ္ေတြကပါ မ်က္နာ
စိမ္း ဧည့္သည္ကို ေဒါသထြက္သြားႀကသည္။
'ခင္ဗ်ားဟာ ႐ွမ္းအမ်ိဳးသားပဲ မဟုတ္လား'
ဦးေအးက ဧည့္သည္ကို ေမးသည္။
'ဟုတ္တယ္၊ က်ဳပ္ ႐ွမ္းပဲ'
'႐ွမ္း႐ွမ္းခ်င္း ဒီလို ေစာ္ကားေမာ္ကား စကားမ်ိဳး မေျပာသင့္ပါဘူး'
'ဟ...ဟုတ္တာကို ေျပာတာပဲကြ'
'ဟုတ္တာကို ေျပာတယ္ဆိုရင္ ခင္ဗ်ားကေရာ သိုင္းတတ္လို႔လား'
'တတ္တာေပ့ါကြ ၊ တတ္လို႔ ေျပာတာေပ့ါ'
'တတ္ရင္ ခင္ဗ်ားသိုင္းက ဘာသိုင္းမို႔လဲ'
'ဩ...မင္းတို႔က မင္းတို႔႐ြာကို ေရာက္လာတဲ့ ငါ့ကို ပညာစမ္းခ်င္တဲ့
သေဘာလား''
'စမ္းခ်င္တယ္ဗ်ာ'

'ဟား-ဟား…စမ်းချင်ရင် ကိုလုံအိမ်ကို လာခဲ့၊ ကိုလုံရဲ့ အိမ်မှာ ငါတည်းတယ်၊ လာရင် တစ်ရွာလုံးလာကြ၊ ဓားတွေ တုတ်တွေ လှံတွေ ကိုယ်စီ ကိုင်လာခဲ့ကြ'

'ညှို့သည်၏ မျက်နှာပေးက မခိုးမခန့်နိုင်လှသည်။ တစ်လောကလုံး ဘယ်သူ့ကိုမှ ထီမထင်သော မျက်နှာပေးမျိုး လေလံမျိုး အမှုအရာမျိုးဖြစ်သည်။

'အေး…မင်းတို့ တစ်ရွာလုံး ထွက်ခဲ့၊ ကိုလုံအိမ်ကို ရောက်ရင် ငါ့လက်တစ်ဖက်ကို ကြိုးနဲ့ ချည်ထား၊ အဲ..ဖိနပ်တစ်ဖက်လဲ ငါ့ကို ပေးကြ၊ အဲ့ဒီဖိနပ်နဲ့ မင်းတို့ တစ်ရွာလုံးကို ပါးရိုက်လွှတ်လိုက်မယ်'

'ဘာ….ဘာ..ဘာပြောတာလဲဗျ'

'ဘာမှမပြောပါဘူး၊ ငါလဲ ရှမ်း၊ မင်းလဲရှမ်း၊ ရှမ်းရှမ်းချင်းပဲ၊ ရှမ်းရှမ်းချင်းပြောတဲ့စကားကို မင်းတို့ နားမလည်ဘူးလား၊ နားမလည်ရင် ငါထပ်ပြောမယ်၊ မင်းတို့တစ်ရွာလုံး လက်နက်ကိုယ်စီနဲ့ ထွက်ခဲ့ကြ၊ ငါ့ကို ဖိနပ်တစ်ဖက်ပေး၊ မင်းတို့တစ်ရွာလုံးကို မင်းတို့ပေးတဲ့ ဖိနပ်နဲ့ ပါးရိုက်လွှတ်လိုက်မယ်'

'ခင်ဗျား တော်တော် လေလုံးမိုးလုံး ကြီးတဲ့လူပဲ'

'ဟ…ကြီးသလား မကြီးဘူးလားဆိုတာ လက်တွေ့ စမ်းကြည့်ကြပေါ့ကွ'

'ကျုပ်တို့ ရွာကို ခင်ဗျားက ဘာထင်သလဲ'

'ရွာကိုတော့ ဘာမှမထင်ပါဘူး၊ မင်းတို့ ပညာကိုတော့ မလောက်လေး မလောက်စား ပညာလို့ပဲ ငါထင်တယ်'

'ခင်ဗျား သိုင်းက ဘာသိုင်းမို့လို့လဲ၊ ကျုပ်တို့လဲ လဒလောက်တော့ ငှက်တိုင်းလှတဲ့ လူတွေချည်းပဲ'

'နံပြည်စွပ်ပါကွာ မင်းကိုယ်မင်း လဒလောက်ကြီးတယ် မထင်ပါနဲ့ ဖရုပ်လောက်တောင် မရှိပါဘူး'

'ခင်ဗျား ကျုပ်နဲ့ အခု စမ်းမလား'

'မင်းနဲ့ မစမ်းချင်ပါဘူး၊ ဘာလုပ်ဖို့လည်း၊ မင်းတို့ တစ်ရွာလုံးပဲ စမ်းချင်ရင် ထွက်ခဲ့ကြပေါ့'

'နေစမ်းပါဦး ခင်ဗျားပညာက ဘာပညာမို့လဲ'

'နန်းတွင်းသိုင်းကွ၊ သိုင်းပြောင်းပြန်လို့ခေါ်တယ်၊ အရပ်သူအရပ်သား

ပါးမွားေတြကို သင္မေပးဘူး၊ နန္းတြင္းက မင္းညီမင္းသားေတြကိုမွ သင္တဲ့
တတ္တဲ့သိုင္း၊ အရည္ေကာက္ေခၚရင္ သိုင္းေျပာင္းျပန္၊ အတိုေကာက္ဆိုရင္
ေျပာင္းျပန္ ခူးကာခ်င့္ (မ်)ကြ ညီေလးရ၊ ခ်ာတိတ္ရ'
'တယ္....ခင္ဗ်ား ဒီေလာက္ေတာင္ ရိုင္းရသလား'

ဦးေအး က သူ႔ပခုံးတြင္လြယ္ထားေသာ ဓားကို ဓားအိမ္ထဲမွ ထုတ္လိုက္
သည္။

'အား...ဟား...ဟား...မင္းက ဓားေတြ ဘာေတြေတာင္ ထုတ္လို႔ပါ
လား၊ ဒါနဲ႔ ေနစမ္းပါဦး၊ မင့္ဓားက ေတာ္ေတာ္ေကာင္းရဲ႕လား၊ ၾကည့္ရတာ
ေတာ့ သိပ္ဆိုးပုံမရပါဘူး'

'က်ဳပ္ဓားလား က်ဳပ္ဓားအေၾကာင္း သိခ်င္ရင္ ျပရတာေပါ့'

ေျပာေျပာဆိုဆို ဦးေအးက သူ႔ေခါင္းတြင္ ေပါင္းထားေသာ သီဟိုဠ္ပဝါကို
ျဖဳတ္လိုက္သည္။ သီဟိုဠ္ပဝါ ဆိုသည္မွာ သီဟိုဠ္ျပည္မွ လာေသာ ပိုးပဝါကို
ေခၚျခင္းျဖစ္သည္။

ထိုေခတ္ထိုအခါက ဆိုလွ်င္ အေကာင္းဆုံးေခါင္းေပါင္းေပေပ။
ဖိုးစိန္ႀကီး ေအာင္ဗလတို႔ကဲ့သို႔ လွ်မ္းလွ်မ္းေတာက္ နာမည္ႀကီး ဇာတ္
မင္းသားမ်ားပင္ သီဟိုဠ္ပဝါကို ေပါင္း၍ ကႀကိဳေလသည္ပင္။

ဦးေအးက ပဝါကို ေလထဲသို႔ ပစ္တင္လိုက္ၿပီး သူ႔ ဓားရွည္ျဖင့္
ေအာက္မွ ခံလိုက္သည္။ ပဝါသည္ ဓားေပၚသို႔ က်လာ၏။ ပဝါ ႏွစ္ပိုင္း
ျပတ္သြားသည္။ ျမည့္ေနေသာ ဓားသြားေပၚတြင္ တိခနဲ ျပတ္သြားျခင္းပင္။

ဦးေအးက ပဝါတစ္ပိုင္းကို ေလထဲသို႔ ပစ္တင္လိုက္ျပန္သည္။ သူ႔ဓားျဖင့္
ရွီးခနဲ ႏွစ္ခ်က္ ခုတ္လိုက္သည္။ စလြယ္ခုတ္ႏွင့္ လက္ျပန္ပိုင္း ဓားသိုင္း
ႏွစ္ခ်က္ခုတ္ပင္။ ပဝါတစ္ပိုင္းသည္ သုံးပိုင္း ျပတ္သြားျပန္သည္။

ဒါေတြကို ေဌ့သည္ေရာ၊ ရြာသူရြာသားမ်ားပါ အားလုံးျမင္ေန ေတြ႕ေနရသည္။

သည္မွာ ေဌ့သည္ မ်က္ႏွာစိမ္းက ၿပဳံးသည္။ ဦးေအးကို ၾကည့္ၿပီး
ဆိုသည္။

'အမယ္..မင့္ဓားက တယ္ျပတ္ပါလား၊ ေပးစမ္း....ျပစမ္း၊ ဘယ္ေလာက္ေကာင္းသလဲဆိုတာ ၾကည့္ရေအာင္...'

ဧည့္သည္က ဓားကို ထိပ္ဖ်ား အခၽြန္မွသည္ အေနာင္ထိ အစအဆုံး ၾကည့္သည္။

'ထြပ္...ဖြပ္....ၾကရိ ၾကရိ ၾကရိ...ၾကရိ ၾကရိ...ၾကရိ...'

ဧည့္သည္က သူ႕လက္ဖ၀ါးထဲသို႔ တံေတြးတစ္ခ်က္ ေထြးလိုက္သည္။ သည္လို ေထြးၿပီး ဓားသြားကို ပြတ္သည္။ သူ႕တံေတာင္ဆစ္ ေကြးၾကားထဲသို႔ ဓားကို ထည့္ညွပ္လိုက္ၿပီး ဆယ္ၾကိမ္ခန္႔ ၾကိတ္လွီးလိုက္သည္။ ၾကရိ ၾကရိ ႏွင့္ အသံမ်ားထြက္လာသည္။ လွီးေနပုံကလည္း ပယ္ပယ္နယ္နယ္ ဆုပ္ကိုင္၍ လွီးေနျခင္းျဖစ္သည္။

လွီးၿပီးသည္ႏွင့္ ဓားကို ဦးေအးလက္သို႔ ျပန္ေပးသည္။

'ဟီ..မင့္ဓားက အလကားပဲ၊ ဓားတုံးႀကီးပဲ၊ အလကားဓားပဲ၊ ျပန္ထက္ခ်င္ရင် ဓားေသြးေက်ာက္မွာ သြားေသြးေခ်၊ ေကာင္ေလးတစ္ေကာင္ကို ခိုင္းလိုက္'

ဧည့္သည္က စကားကို မာမာေက်ာေက်ာေျပာသည္။ ေမာင္ေလးက ဓားကို ဖ်ပ္ခနဲ႔ ယူၾကည့္သည္။ ဓားေသြးေက်ာက္တစ္ခုေပၚတြင္ သြား၍ ေသြးသည္။

ေသြးရင္း ေသြးရင္း ပဲ့၍ ပဲ့၍ က်လာသည္။ ထက္လာသည္ႏွင့္ ပဲ့၍ က်ေတာ့သည္။ ေနာက္ဆုံးတြင္ ဓားေနာင့္အထိ ပင္ ပဲ့က်ကုန္ေတာ့သည္။

ဦးေအးထံသို႔ ျပန္၍ ယူလာသည္။ ဓားကို ျပသည္။ ဦးေအးေရာ ရြာသူ ရြာသားမ်ားပါ အံ့အားသင့္သြားၾကသည္။

ဤသူစိမ္း၊ မ်က္နှာစိမ္း၊ဤ ဧည့္သည္သည္ ေတာ္ရုံတန္ရုံလူေတာ့ မဟုတ္။ မ်က္ႏွာေန၊ မ်က္ႏွာထား၊ မွင္ေမာင္း၊ ေလသံကအစ ဘယ္သူ႕ကိုမွ ဂရုမစိုက္သည့္ ပုံစံမ်ား ျဖစ္သည္။

သို႔ရာတြင္ ထိုအခ်ိန္၌ ဧည့္သည္မရွိေတာ့ၿပီ၊ ကိုမေဓာႏွင့္အတူ ဦးလုံ

အိမ်သို့ ပြန်သွားကြပြီ။ ရွာလယ်ခေါင် သင်္ကြန်မဏ္ဍပ်တွင် ရွာခံလူတွေသာ ရုတ်ရုတ် ရုတ်ရုတ်နှင့် ကျန်နေကြသည်။

'ဟေ့..ဘာပဲပြောပြော တို့ရွာအကြောင်းကိုတော့ သတ္တိပြမယ်၊ နောက်ထပ်တစ်နာရီကြာရင် သူကြီးအိမ်ကနေ မောင်းထုမယ်၊ တုတ်တွေ၊ ဓားတွေ၊ လှံတွေယူပြီး၊ တစ်ရွာလုံးထွက်ကြ၊ ညွှန့်သည်အိမ်ကို သွားဝိုင်းမယ်'

ဦးဆူးပညာက သည်လိုပြောပြီး နေရာမှ ထ၍ သူ့အိမ်ဘက်သို့ လျှောက်ပြန်သွားသည်။ သည်တော့မှ လူအုပ်ကြီး ကွဲသွားသည်။ အသီးသီး အလို့လို့ မိမိနေအိမ်သို့ ပြန်သွားကြသည်။

၂

မကြာချေ။ ဘုန်းတော်ကြီး ကျောင်းမှ နေ့လည် နာရီပြန် သုံးချက်ထိုးသံ ပေါ်ထွက်လာသည်။ တစ်ဆက်တည်းပင် သူကြီးအိမ်မှ မောင်းထုသံ တဒူဒူ ထွက်ပေါ်လာသည်။

ရွာသူရွာသားများ ဓားလှံကိုယ်စီဖြင့် အိမ်ပေါ်မှ ဆင်းလာကြသည်။ ရွာလယ် သကြံန်မဏ္ဍပ်မှာပင် စုဝေးကြသည်။

မိမိတို့ရွာသည် အညွှံစားရွာမဟုတ်။ တော်ရုံတန်ရုံရွာမဟုတ်။ ယောကျာ်း ကိုမဆိုထားဘဲ ဦးအေး၊ ဦးရေးတို့၏ ညီမ မမယ်စိန်သည်ပင် ယောကျာ်း များနှင့် ရင်ဘောင်တန်း၍ သိုင်းကစားနိုင်စွမ်းရှိသူ ဖြစ်သည်။

ယခင့် ယခင်အခါများကလည်း ရှမ်းပြည်မှ သိုင်းဆရာပေါင်း များစွာ တစ်ယောက်ပြီး တစ်ယောက် ရောက်လာခဲ့ကြဖူးသည်။

ရောက်လာခြင်းမှာ ၎င်းတို့ သဘောနှင့် ၎င်းတို့လာကြခြင်းကား မဟုတ်။ ဇေတိကုန်းရွာမှ ဖိတ်ခေါ်ခြင်းကြောင့် လာကြခြင်းဖြစ်သည်။

သိုင်းပညာတွင် တော်သော ဆရာများရှိပါက ရွာသို့ လာရန် ပင့်ဖိတ်ခဲ့ပါ၊ အခကြေးငွေ ပေး၍ သင်ကြားလိုပါသည်။

ယင်းသို့ အဆင်အသွယ်ရသမျှ မှာကြားကြသည်။ တကယ် တတ်သူ ဆိုလျှင်လည်း တကယ်ပင် တပည့်ခံလိုကြသောကြောင့် ဖြစ်သည်။ ပညာ စမ်းလို၍ အရှက်ခွဲလို၍ မှာကြားခြင်းကား မဟုတ်။

မှာကြားပင့်ဖိတ်သည့် အတိုင်းလည်း တစ်ယောက်ပြီးတစ်ယောက် ရောက် ရှိလာကြသည်။ ရောက်လျှင် သိုင်းသင်ပေးသည်။ တစ်ဝိုင်းအတွက် တစ်ယောက် လျှင် သုံးကျပ် တစ်မတ်စီ ပေးကြရသည်။

သို့ရာတွင် ထိုသိုင်းဆရာများသည် သုံးရက်ထက် ပို၍မသင်ကြ။ တစ်ချိုးတည်း ဇောတိကုန်းရွာမှ ထွက်ခွာသွားကြရသည်သာ ဖြစ်သည်။

အကြောင်းကို ဆိုတော့ ထိုသိုင်းဆရာများ တတ်ကျွမ်းသော သိုင်းကွက်မှန်သမျှ ဇောတိကုန်းသားတွေ တတ်မြောက်ကြပြီးဖြစ်နေသောကြောင့်ဖြစ်သည်။

ပညာချင်း တူနေပြီ၊ ထူးထူးဆန်းဆန်းအကွက်များ သင်ပြရန် မရှိပြီ။ ယင်းကြောင့် ပြန်သွားကြရခြင်းဖြစ်သည်။

ဇောတိကုန်း၏ သမိုင်းကြောင်းသည် ဤမျှထိ ပြောင်ခဲ့သည်။ အခကြေးငွေယူ၍ သင်ကြားပြသပေးသော ကြေးစား သိုင်းဆရာများပင် လက်မြောက်လက်မြောက်၍ ပြန်သွားခဲ့ကြရသည်။ တစ်ပိုင်းပြည့်အောင်ပင် သင်မသွားကြ။

တစ်ပိုင်းဆိုသည်မှာ သိုင်စကားအားဖြင့် ခုနစ်ရက်တိတိ သင်ပေးခြင်း၊ သင်တန်းတက်ခြင်းကို တစ်ပိုင်းဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်။

တစ်ပိုင်းအတွက် ပေးရသော သုံးကျပ်တစ်မတ် ဆိုသည်မှာလည်း နည်းပါးလှသော ငွေကြေးမဟုတ်။ ထိုစဉ်ကဆိုလျှင် စပါးတစ်ရာမှ လေးဆယ်၊ လေးဆယ့်ငါးကျပ်သာရှိသည်။ ကမာကြည်အကောင်းစားမှ လေးဆယ့်ငါးကျပ်သာပေးရသည်။

ယောက်ျားတစ်ယောက် သူတစ်ပါးလယ်ယာတွင် သွား၍ အငှားအလုပ်လုပ်က သုံးရက်မှ တစ်ကျပ်သာ ရသည်။ ပထမနှစ်ရက်တွင် တစ်နေ့လျှင် တစ်မတ်နှင့် ငါးပြားစီရသည်။ နောက်ဆုံးတစ်ရက်တွင် တစ်မတ်နှင့် ခြောက်ပြားရသည်။ ပထမ နှစ်ရက်တွင် တစ်ရက်လျှင် နှစ်ဆယ့်တစ်ပြားစီ၊ တတိယနေ့တွင် နှစ်ဆယ့်နှစ်ပြား ရရှိခြင်းပင်။ သုံးရက်ပေါင်းမှ ခြောက်ဆယ့်လေးပြား၊ တစ်ကျပ်အပြည့် ရရှိခြင်းပင်။

ပိုက်ဆံ၏တန်ဖိုးကလည်း ရှိလေသည်ပင်။ မုန့်ပြားသလက် တစ်ပြားဖိုးဝယ်လျှင် အကြီးကြီးနှစ်ခု ရသည်။ တွံတေးဈေးသို့ သွားသော လူငယ်များဆိုက မိဘများက ခြောက်ပြား၊ တစ်မူး၊ အလွန်အကျွံ သုံးပဲသာ ပေးကြသည်။ တစ်မတ် ပေးနိုင်သောမိဘ၊ တစ်မတ်သုံးရသော သားသမီးဆိုလျှင် ထိတ်ထိတ်ကြဲတွေ ချမ်းသာသူတွေပင် ဖြစ်သည်။

ပိုက်ဆံတစ်ပြားဖြင့် ဈေးဆိုင်မှာ သွားဝယ်က ငရုတ်သီး၊ ကြက်သွန်၊ ဆား သုံးမျိုးတိတိ ရသည်။

သမိုင်းကြောင်းအနေဖြင့် ကြည့်ပါဦး။ ဦးအေးဆိုလျှင် ဇာတိကုန်းရွာ၏ ကာလသားခေါင်း ဖြစ်သည်။ သူတို့ ညီအစ်ကို မောင်နမ ငါးယောက်ထဲတွင် အကျွတ်ဆုံး၊ အဆတ်ဆုံး၊ အမိုက်ဆုံးဖြစ်သည်။ သွားလေရာ ဓားကိုလွယ်၍ သွားသည်။

အခြားပတ်ဝန်းကျင် ကျေးရွာများသို့ရောက်လျှင် သူ့ဓားကို ဓားအိမ်မှ ချွတ်သည်။ တွေ့ရာလူကိုပြပြီး ရှမ်းလို ပြောလေ့ရှိသည်။

'မင်းချောင်းဟ....မင်းချောင်းဟ'

ချောင်းဆိုသည်မှာ ရှမ်းဘာသာဖြင့် ညှိသည်။ အညှိနဲ့ကို ခေါ်ခြင်း ဖြစ်သည်။ 'ငါ့ဓားက ညှိစော်မနံဘူးလားကွ' ဟူ၍ ပြောခြင်း၊ လူမိုက်စကား ပြောခြင်းပင်။

ဦးဂါလိန္ဒကား လုံချည်ဝတ်လေ့မရှိ။ ရှမ်းဘောင်းဘီကိုပင် အမြဲ ဝတ်လေ့ရှိသည်။ သူတစ်ပါးအိမ်သို့ သွားလျှင် ကွမ်းအစ် ဆေးလိပ်များကို လွယ်အိတ်ဖြင့် လွယ်၍ ယူသွားလေ့ရှိသည်။

ကွမ်းစားလိုလျှင် သူ့ကွမ်းအစ်ကို ထုတ်၍ စားသည်။ ဆေးလိပ်သောက်လို ကလည်း သူ့ဆေးလိပ်ကိုသာ သောက်သည်။ တစ်ပါးသူ တည်ခင်းဧည့်ခံသော ကွမ်းယာဆေးလိပ်များကို မစားမသောက်။ ဆေးမိမည် စိုးရိမ်သောကြောင့်ပင်။

ယင်းကဲ့သို့ ပုဂ္ဂိုလ်များ ကြီးစိုးသည့် ဇာတိကုန်းရွာသို့ ယခုကား ဧည့်သည်တစ်ယောက် ရောက်ရှိလာပြီ။ တစ်ရွာလုံးကို စိမ်ခေါ်ပြီ။

သွားရမည်။ မသွား၍ မဖြစ်။ စိမ်ခေါ်သူက စိမ်ခေါ်၍မှ ရင်မဆိုင်ရဲလျှင် တစ်ရွာလုံး သိက္ခာကျတော့မည်။

ရွာလယ်ခေါင်တွင် လူနှစ်ရာကျော် သုံးရာနီးပါးခန့် စုဝေးမိကြပြီ။ သိုင်း ဆရာကြီးများ ဦးဆောင်၍ပင် ဦးလုံအိမ်ရှိရာသို့ ချီတက်သွားကြသည်။

တဖြည်းဖြည်း နှင့် ဦးလုံ၏နေအိမ်အနီးသို့ ရောက်ရှိသွားကြသည်။ သည် တွင် ဧည့်သည်သိုင်းဆရာက ဦးလုံ၏ အိမ်ပေါ်မှ လှားခနဲ ခုန်ဆင်းသည်။

ဦးလုံ၏ နေအိမ်သည် အမြင့်ကြီးဆောက်ထားသော အိမ်ဖြစ်သည်။ ခြေ တံရှည်ကြီးဖြစ်သည်။

ဧည့်သည် သိုင်းဆရာသည် ထိုအိမ်မြင့်ကြီးပေါ်မှ ကြောင်တစ်ကောင်၏ ပေါ့ပါးခြင်းဖြင့် လှားခနဲ ခုန်ဆင်းလာခြင်းဖြစ်သည်။ မြေပြင်ပေါ်တွင် မတ် တတ်ရပ်လျက်ပင် ကျသည်။

အပြောနှင့်အဟောလည်း ညီပါပေသည်။ သူ့လက်ထဲတွင် လက်နက် ဆို၍ ဘာတစ်ခုမျှ ကိုင်မထား၊ ခုံဖိနပ်တစ်ဖက်ကိုသာ ညာလက်တွင် ကိုင်၍ ထားသည်။

သူ့လက်တစ်ဖက်ကိုကား ကြိုးဖြင့် တုတ်မထား။ သူ့ပြောစကားအတိုင်း သူ့လက်တစ်ဖက်ကို ကြိုးဖြင့်တုပ်မည်ဆိုလျှင်လည်း တကယ် အတုပ်ခံမည့်သူ ဖြစ်ကြောင်း အားလုံးက ယုံကြည်ကြသည်။ ယုံကြည်လောက်အောင်လည်း မာန်ထန်ဟန်က အပြည့်ပါသည်။

'ဟား..ဟား..ဟား ဆရာဦးဆေးက ရှေ့ဆုံးက တက်လာတာကိုး၊ ဦးအေး...ခင်ဗျားက ဆရာဆိုတော့ မေးရဦးမယ်၊ ခလောက်လိုက်ရူးဟီ..'

ဒေဝ္ဒသည်၏အမေးကြောင့် ဦးအေး ကြောင်သွားသည်။ ဒေဝ္ဒသည် မေး သော ရှမ်းစကားကို နားမလည်၍ကား မဟုတ်။ ဤမေးခွန်းကို အဘယ့်ကြောင့် မေးကြောင်း နားမလည်သောကြောင့်သာဖြစ်သည်။

ဦးအေးကြောင်နေစဉ်မှာပင် ဒေဝ္ဒသည်က နောက်ထပ်တစ်ခွန်း ထပ်မံ၍ မေးသည်။

'ဦးအေး...လိုက်ရူးဟီး...ချင့်(မ်) ကောက်ကာလိုက်ခါ....'

ဦးအေး ပို၍ ကြောင်သွားရသည်။ သိလည်း မသိ။ ရှမ်းစကားထဲတွင် လူသုံးမများသော စကားဖြစ်နေသည်။

ဒေဝ္ဒသည်က ဦးအေး နားမလည်ကြောင်းသိသည်။ ဦးအေးသာမဟုတ်၊ အခြားသူများလည်း နားမလည်ကြောင်းသိသည်။ မသိသောကြောင့်သာ သူ့ စိမ်ခေါ်မှုကို လက်ခံကြခြင်းဖြစ်ကြောင်း နာလည်ထားသောကြောင့်ဖြစ်သည်။

ဒေဝ္ဒသည်က သူ့စကားကို သူကိုယ်တိုင်ပင်ပြန်၍ ရှင်းပြသည်။

'ဦးအေး ....သိုင်းပညာမှာ ဆရာအဖြစ် ကိုယ့်ကိုယ်ကို ကင်ပွန်းတပ် တော့မယ်ဆိုရင်၊ ပညာ သုံးမျိုးလုံး တတ်မှ ဆရာအဖြစ် ခံယူရတယ်ကွ၊ ရူးကာချင့် (မ်) ဆိုတာ ပညာနှစ်မျိုးဖြစ်တယ်၊ ရူးက ပညာတစ်မျိုး၊ ချင့်(မ်)က ပညာတစ်မျိုး ရူး နဲ့ ချင့်(မ်) ပညာနှစ်ခုကို ပေါင်းစပ်ထားတဲ့ ပညာက တစ် မျိုး၊ အဲ့ဒီ သုံးမျိုးလုံးကို တတ်မှ ဆရာမည်တယ်'

ဇောတိကုန်းရွာသားများ ပါးစပ်အဟောင်းသားဖြင့် ဒေဝ္ဒသည်ကို ကြည့် နေကြသည်။ ဒေဝ္ဒသည်က ဆက်၍ပြောသည်။

'ခူဆိုတာ မင်းတို့ အခုတတ်ထားတဲ့ သျှိုင်းသိုင်း ရှမ်းကြီးသိုင်းကို
ခေါ်တာ အရပ်သားသိုင်းဖြစ်တယ်၊ မည်သူမဆို သင်ယူနိုင်တယ်၊ အဲ...
ချင့်(မ်)ကျတော့ သိုင်းပြောင်းပြန်လို့ ခေါ်တယ်၊ အဲ့ဒီလို သိုင်းနှစ်မျိုးရှိတယ်၊
အဲ့ဒီ သိုင်းနှစ်မျိုးဖြစ်တဲ့ သျှိုင်းသိုင်းနဲ့ သိုင်းပြောင်းပြန်ကို ရောစပ်လိုက်တဲ့အခါ
တတိယသိုင်းတစ်မျိုး ဖြစ်ပေါ်လာတယ်၊ သိုင်းကွက် ပိုဆန်းလာပြီး အမာခံ
ဖြစ်လာတယ်၊ မင်းတို့ တတ်တာ သျှိုင်းသိုင်းသာ ဖြစ်တယ်၊ သိုင်းပြောင်းပြန်
ကို မတတ်ဘူး၊ သိုင်းပြောင်းပြန်ကို မတတ်တဲ့အတွက် သိုင်းနှစ်မျိုးကို ရော
စပ်ထားတဲ့ ပညာကိုလဲ မင်းတို့ မတတ်ဘူး၊ ဒါကြောင့် သုံးဘာသာ ရှိတဲ့အနက်က
မင်းတို့က တစ်ဘာသာပဲ တတ်တယ်၊ ငါက သုံးဘာသာလုံး တတ်တယ်၊
ဒါကြောင့် မင်းတို့ထက် ငါက နှစ်ဘာသာ ပိုတတ်တယ်'

အားလုံးငြိမ်သက်စွာပင် နားထောင်နေကြသည်။ အံ့သြခြင်းကြီးမကာ
အံ့သြနေကြပုံလည်း ပေါ်သည်။ ဧည့်သည်ကြီးကပင် ဆက်၍ ပြောသည်။

' ငါ့နာလည် ဦးချယ်လို့ ခေါ်တယ်၊ ဆရာချယ်လို့ အခေါ်များကြတယ်၊
ငါဟာစော်ဘွားရဲ အနားမှာ အမြဲနေရတဲ့ စောဘွားရဲ့ ညာလက်ရုံးပဲ၊ သူ
ရှိလေရာမှာ ငါရှိရတယ်၊ သူသွားလေရာကို ငါ လိုက်ရတယ်၊ သူနဲ့ လက်
တစ်ကမ်းမှာ အမြဲရှိရတယ်၊ သူ့ ကို တစ်စုံတစ်ယောက်က အန်တုရင် အဲ့ဒီ
လူကို ငါက ကိစ္စတုံးပစ်ရမှာပဲ၊ ဒါအတွက် ငါ့မှာ ဘာပြစ်မှု မရှိဘူး၊
စော်ဘွားက တာဝန်လုံးဝယူတယ်'

ကြာလေ ကြာလေ ပို၍ စိတ်ဝင်စားလေ စိတ်ဝင်စားလာကြသည်။ မည်သူမျှ၊
တစ်စုံတစ်ယောက်မျှ တုတ်တုတ် မလှုပ်ကြတော့။

' ငါ့အတွက် စားဝတ်နေရေး ပြည့်စုံတယ်၊ ဘာမှ ပူပန်စရာ မရှိဘူး၊
ဒါပေမယ့် ငါ့ဘဝကို ငါ ငြီးငွေး ငြီးငွေ့လာတယ်၊ အမြဲတမ်း စော်ဘွား
အနားမှာချည်း နေပြီး သက်တော်စောင့် လုပ်ရတယ်ဆိုတာ သိပ်ပျင်းစရာ
ကောင်းတယ်၊ မလွတ်လပ်ဘူး၊ ဒါကြောင့် အလုပ်က ထွက်ခွင့်တောင်းတယ်၊
သုံးကြိမ်တိတိပဲ၊ ဒါပေမယ့် စော်ဘွားက ထွက်ခွင့် မပေးဘူး၊ ဒါကြောင့် ငါ
ထွက်ပြေးလာတာ၊ မေဓာနဲ့ တွေ့လို့ မင်းတို့ဆီ ရောက်လာတာ၊ ကဲ..ငါတို့
စပြီး ချကြတော့မလား'

ဧည့်သည်က ထပ်မံ၍ စိမ်ခေါ်သည်။ သည်မှာ ဦးအေး ရှေ့သို့တက်
လာသည်။ ဦးချယ်ကလည်း ချရန် အသင့်ပြင်လိုက်သည်။

'မဟုတ္ပါဘူး ဆရာႀကီး၊ ဆရာႀကီးနဲ႔ ခ်ခ်င္စိတ္ မရွိေတာ့ပါဘူး၊ ဆရာႀကီးတတ္တဲ့ ေျပာင္းျပန္ဆိုတာ ကၽြန္ေတာ္တို႔ တတ္ဖို႔ ေ၀းလို႔ ၾကားေတာင္ မၾကားဖူးပါဘူး၊ ဒါေၾကာင့္ ကၽြန္ေတာ္တို႔ကို ပညာ နမူနာ ျပဖို႔ ေတာင္းပန္ပါတယ္'

' ေကာင္းၿပီ၊ ဒါဆိုရင္ ၾကည့္'

ဆရာခ်ယ္က ေႏြေခါင္ေခါင္ တန္ခူးလ မာေၾကာက်စ္သိပ္ေနသည့္ ေျမကို ေျခဖ၀ါးေစာင္းျဖင့္ ေလးငါးခ်က္ ေပါက္ခ်လိုက္သည္။ မာေၾကာလုေသာ ေျမစိုင္သည္ ဖြားခနဲ ဖြားခနဲ ဖြာထြက္ၿပီး ေလထဲသို႔ ေထာင္တက္သည္။ အေ၀းသို႔ လြင့္စင္သြားၾကသည္။

တစ္ဆက္တည္း ေျခဦးျဖင့္ ေျမကို ေကာ္၍ ေကာ္၍ ေဆာင့္ၿပီး ထိုးလိုက္သည္။ ေျခေစာင္းႏွင့္ ခုတ္သည့္ အတိုင္းပင္ ေျမႀကီးမ်ား ဖြာထြက္ ေျမာက္တက္ လြင့္စင္ကုန္သည္။ ပရိတ္သတ္မ်ားဆီသို႔ ေရာက္သြားသည္။ ပရိတ္သတ္မ်ား ေနာက္ဘက္သို႔ ဆုတ္လိုက္ၾကသည္။

တစ္ခ်က္ ခုန္လိုက္လွ်င္ ေခ်ာက္ေပေက်ာ္ ျမင့္တက္သြားသည္၊ ေၾကာင္က်ျပန္၍ က်သည္။

'ေဟ့…ေမဓာ၊ အိမ္ေပၚမွာ နာနတ္သီးေတြ ေတြ႕တယ္၊ အိမ္ေပၚတက္ အိမ္ေပၚက ပစ္ခ်လိုက္စမ္း'

ကိုေမဓာ ဦးလုံ အိမ္ေပၚသို႔ ေျပးတက္သြားသည္။ အိမ္ေပၚမွ ေန၍ နာနတ္သီးေတြကို ပစ္ခ်ေလသည္။

ဆရာခ်ယ္က သူ႔လက္ညိႇဳးႏွစ္ေခ်ာင္းျဖင့္ ေအာက္မွ ထိုး၍ ခံသည္။ နာနတ္သီးမ်ားသည္ စြပ္ခနဲ စြပ္ခနဲ ဆရာခ်ယ္၏ လက္ညိႇဳးႏွစ္ေခ်ာင္းမွာ လာ၍ တန္းလန္းႀကီး ျဖစ္ေနၾကသည္။

ဆရာခ်ယ္က ထိုနာနတ္သီးမ်ားကို ပရိတ္သတ္ဘက္သို႔ ပစ္၍ ပစ္၍ ေပးသည္။

အားလုံးအံ့အားသင့္ေနၾကသည္။ ထူးဆန္းလွေသာ မ်က္လွည့္ပြဲႀကီး တစ္ပြဲပမာ ေငးေမာေနၾကသည္။

'ေမာဓာ….အခြံႏႊာၿပီးသား အုန္းသီး ရွိသလားေဟ့'

ဆရာခ်ယ္က ကိုေမဓာကို ေမးသည္။

'ရွိပါတယ္ ဆရာႀကီး ၊ သုံးလုံး ရွိပါတယ္'
'ယူခဲ့...ယူခဲ့စမ္း'
ကိုေမာက အုန္းသီးမ်ားကို ယူလာသည္။ ဆရာခ်ယ္က ေျမျပင္တြင္ မုဆိုးဒူးေထာက္ ထိုင္လိုက္သည္။
'ေမာ....ေပးစမ္းတစ္လုံး'
'ေရာ့...ဆရာႀကီး'
ဆရာခ်ယ္က အုန္းသီးတစ္လုံးကို ေျမႀကီးေပၚတြင္ ခ်ၿပီး လက္သီးျဖင့္ တစ္အား ေဆာင့္ထိုးလိုက္သည္။
'ဘြမ္း.....ဖြမ္း..'
အုန္းသီးကြဲထြက္သြားသည္။ အုန္းေရမ်ား အံထြက္လာသည္။ ပရိတ္သတ္ သည္ ထူးဆန္းစြာ ဝိုင္းအုံ၍ ၾကည့္ေနၾကသည္။
'ေမာ..'
'ခင္ဗ်ာ....ဆရာႀကီး'
'ကဲ....မင္း ဟိုဘက္နား ေရႊ႕၊ အဲ...အဲဒီကေန အုန္းသီးကို ငါ့ဆီ လိမ့္ လိုက္စမ္း'
ကိုေမာက အုန္းသီးတစ္လုံးကို ဆရာခ်ယ္ဆီကို လိမ့္ေပးလိုက္သည္။ အုန္းသီးသည္ ျမန္ဆန္စြာပင္ ဆရာခ်ယ္ေရွ႕သို႔ လိမ့္လာသည္။
'ဘြမ္း....ဖြမ္း....'
ဒုတိယ အုန္းသီးလည္း ကြဲထြက္သြားျပန္သည္။ အုံးေရေတြ အံထြက္လာ ၿပီး အုံးသီးအသားကို ေဖြးခနဲ ျမင္ေတြ႕ရသည္။
ေနာက္တစ္လုံး။ ဘြမ္း...ဖြမ္း...။
တတိယအလုံးလည္း ကြဲသြားျပန္ေလၿပီ။
'ေအး...အဲ့ဒါ နမူနာပဲရွိေသးတယ္။ မွတ္ထားၾကကြ။ မင္းတို႔ အုံးသီးကို ၿငိမ္ၿငိမ္ထားၿပီး ထိုးလို႔ ကြဲတာဟာ စိတ္မခ်ရဘူး။ ရန္သူဆိုတာ အၿမဲလႈပ္ ရွားေနတယ္။ ၿငိမ္ၿငိမ္သက္သက္ မေနဘူး။ ဒါ့ေၾကာင့္ လႈပ္ရွားေနတဲ့ အုန္းသီးကို လက္ဆန္႔ ကြဲေအာင္ ထိုးႏိုင္မွ ရန္သူကိုလည္း တစ္ခ်က္ဆို ဆိုသ ေလာက္ မိေအာင္ ထိုးခြဲႏိုင္မယ္။ ကဲ....ၾကည့္ၾက။ ေျပာင္းျပန္လက္ေတြ႕ျပမယ္'
ဆရာခ်ယ္က သူဂုတ္ထားေသာ ရွမ္းေဘာင္းဘီ တစ္ဖက္ကို လိပ္လိုက္

သည္။ အစြမ္းထက္ေသာ ပညာသည္ဆိုသည္ ရွမ္းေဘာင္းဘီကို တစ္ဖက္သာ လိပ္ကာ မုတ္ေလာက္သားေလာက္ရုံ နမူနာျပမည္ဆိုသည့္ သေဘာ။ နစ္ဖက္စလုံးလိပ္က သူေသကိုယ္ေသ အျပတ္ခ်မည္၊ အျပတ္ႀကိမ္းမည္ဆိုသည့္ အထိမ္းအမွတ္ေပပင္။ ထို႔ေနာက္ သူက သူ႔လက္ေမာင္းအိုးကို ေဖာင္းကနဲ ရိုက္လိုက္ၿပီး အသင့္အေနအထားပုံ ရပ္လိုက္သည္။ အကြက္ေတြ ဘာေတြ ထူးထူးေထြေထြ နင္းေနစရာမလို။ ေျခနစ္ေခ်ာင္းကို ခြေသ့ထိုင္ ထိုင္လိုက္သည္ ႏွင့္ တိုက္ခိုက္ရန္ အသင့္ျဖစ္သြားသည္။

' ဒီမွာၾကည့္၊ ဒီလိုရပ္တဲ့အခါ ညာဘက္ဒူးကို ေရွ႕ထုတ္၊ တေတာင္ ဆစ္ကိုေကြး ၊လက္ဖ်ံကို ေျမာက္တင္ထား၊ အဲဒီမွာ ဒူးေခါင္းရယ္ ေျခဖ်ားထိပ္ရယ္ တေတာင္ဆစ္ရယ္ ေခါင္းရယ္ဟာ ေရခ်ိန္ညီေနရမယ္၊ တေျပးထဲ ျဖစ္ေနရမယ္။ လက္သီးဟာ မ်က္ႏွာနဲ႔ ေခါင္းကို ကာကြယ္ၿပီးသား ျဖစ္ေနရမယ္'

ဆရာခ်ယ္က သိုင္းေျပာင္းျပန္ပညာ၏ အေျခခံအကြက္မ်ားကို နမူနာကစား၍ ျပသည္။

' သိုင္းေျပာင္းျပန္ဆိုတာ ကိုယ္ခံပညာမဟုတ္ဘူး။ ကိုယ္လုံပညာျဖစ္တယ္။ ကိုယ္လုံပညာလို႔ က်ဴပ္သုံးႏႈန္းတယ္။ ကိုယ္ခံပညာဆိုတာ ခံစစ္ဆန္တယ္။ ရန္သူရဲ႕ တိုက္ကြက္ကို ခုခံေနရတဲ့ အခ်ိန္မ်ားတတ္တယ္။ ခံစစ္နဲ႔ ကိုယ့္ကိုယ္ကို ကာကြယ္ရင္း ရန္သူ႔ဟာကြက္ ေပ်ာ့ကြက္ကိုေတြ႕မွ တိုက္စစ္ဆင္ေလ့ရွိတယ္'

ေျပာသမွ်စကားေတြမွာ ေဇတီကုန္းသားမ်ားအဖို႔ အထူးအဆန္းေတြ ခ်ည္းျဖစ္ေနသည္။ စိတ္ဝင္တစား ၾကည့္ၾက နားေထာက္ၾကသည္။ အနစ္နစ္အလလက ေတာင့္တခဲ့ရသည့္ ထူးျခားသည့္ ပညာသည္ႀကီးကို ေတြ႕ေပၿပီ။ ေတြ႕ရေပၿပီဟူ၍ နားလည္လိုက္ၾကသည္။

သည္အထဲတြင္ ေမာင္ေလးတစ္ေယာက္လည္း အပါအဝင္ ျဖစ္သည္။ ေယာက္ဖျဖစ္သူ ဦးဆူးပညာထံမွ သျိုင္းသိုင္းပညာ အျပည့္အစုံကို တတ္ကၽြမ္းထားၿပီး ျဖစ္လ်က္ႏွင့္ ဆရာခ်ယ္၏ သိုင္းကြက္မ်ားကို ထူးဆန္းစြာ ၾကည့္ေနေလ့လာေနမသည္။ အားလည္းက်မိသည္။

'သျိုင္းသိုင္းမွာ အကြက္နင္းရင္ ေလးကြက္ စနင္းတယ္။ ေျပာင္းျပန္က

တော့ ဒီလိုမဟုတ်ဘူး။ နှစ်ကွက်ပဲ စ, နင်းတယ်။ နှစ်ကွက် စ,နင်းမိပြီဆိုရင် လည်း ရန်သူကို တိုက်စစ်ဆင်ဖို့ အသင့်ပဲ။ ပြောင်းပြန်ဆိုတာ ကိုယ်ခံ မဟုတ်ဘူး။ ကိုယ်လုံဖြစ်တယ်။ ရန်သူက စပြီး တိုက်ရင်လည်း ခံစစ်နဲ့ တိုက် စစ်ကို တစ်ကြိမ်ထဲ တွဲပြီးသုံးနိုင်တယ်။ ခံစစ်ကွက်နဲ့ တစ်ဆက်ထဲ တိုက်စစ် ဆင်နိုင်တယ်။ ရန်သူရဲ့ တိုက်ခိုက်မှုကိုခံတဲ့ ခံစစ်ကွက်နဲ့ ရန်သူကို တိုက်တဲ့ တိုက်စစ်ကွက်ဟာ တစ်ဆက်တည်း ပူးတွဲနေတယ်။ တစ်စက္ကန့်ဆိုတဲ့ အချိန် အတွင်းမှာ ရန်သူရဲ့ တိုက်ကွက်ကိုလည်း ရှောင်းပြီး ရန်သူကိုလည်း တိုက်ပြီး ဖြစ်နေရမယ်'

ပရိတ်သတ်က ဆရာချယ်၏ ခြသေ့်ထိုင်ရပ်နေပုံကို ကြည့်သည်။ ခြေနှစ် ချောင်းပေါ်တွင် နှစ်ကွက်စ၍နင်းထားသည်။ ဘယ်လက်ကို ကွေး၍ ညာခြေ ကိုညွှတ်ပြီး ဘယ်ခြေကို နောက်သို့ ဆန့်ကာ ညာလက်ကို လက်သီးဆုပ်ထား သည်။ လက်သီးဆုပ်ထားသော ညာလက်ကို ညာဘက်ခါးတွင် တင်ထားသည်။ ဆုပ်ထားသော လက်သီးသည် မှောက်ခံအနေအထားတွင် မရှိ။ ပက်လက် အနေအထားဖြင့် တင်ထားခြင်းဖြစ်သည်။

တစ်ချက်လှုပ်လိုက်သည်။ ပယ်-ခုတ်-မ-ခွဲ သိုင်းကွက်အစကို ပြ သည်။ သည်နောက် နှစ်ကွက်မှ သုံးကွက် ၊ငါးကွက်၊ ခုနစ်ကွက်၊ ရှစ်ကွက်၊ ဆယ့်နှစ်ကွက် စသည်ဖြင့် လက်သိုင်းပညာကို အကွက်စုံစုံဖြင့် ပြသည်။ ထို အကွက်များမှာ ပထမအဆင့် အကွက်များဖြစ်သည်။

' အကွက်ဆိုတာက အများကြီးရှိတယ်။ ရှမ်းကြီးသိုင်းမှာလို လေးကွက် ခြောက်ကွက်၊ ရှစ်ကွက်၊ ကိုးကွက်၊ ဆယ့်နှစ်ကွက်ထဲ ရှိတာ မဟုတ်ဘူး။ ပြောင်းပြန်မှာက အကွက်တွေ သိပ်များတယ်။ ခြောက်ကွက်လည်းရှိတယ်။ ကိုးကွက်၊ ဆယ်ကွက်၊ဆယ့်တစ်ကွက်၊ ဆယ့်သုံးကွက် စတဲ့ အကွက်တွေ အပြင် ဆယ့်တစ်ကွက်နဲ့ ဆယ့်သုံးကွက်နဲ့ပေါင်း၊ ရှစ်ကွက်နဲ့ ဆယ့်နှစ်ကွက် နဲ့ပေါင်းကစားတာ၊ ကိုးကွက်နဲ့ ခြောက်ကွက် ပေါင်းကစားတာ စသည်ဖြင့် အများကြီးပဲ။ အကွက်မနိုင် သိုင်းမပိုင် အကွက်ပိုင်မှ သိုင်းပိုင်တယ်'

ဆရာချယ်က နှုတ်မှလည်း ပြောပြီး အကွက်များကိုလည်း လက်တွေ့ နင်း၍ ပြသည်။ဇောတိကုန်းရွာသားများအတွက် အထူးအဆန်းကွက်တွေချည်း ဖြစ်နေသည်။ တစ်ခါမျှ မမြင်ဖူးသေးသော အကွက်တွေပင်။

' အကွက် ဆိုရာမှာလည်း အကွက်တစ်မျိုးထဲကို ထပ်ဆင့် ခွဲထားတဲ့ ဆင့်ပွားအကွက်တွေ ရှိနေသေးသည်။ ဥပမာ ငါးကွက်။ ငါးကွက်ကို ငါးကွက်လို့ ခေါ်ထားပေမယ့် ငါးကွက်အပိုင်း၊ ငါးကွက်ကောက်၊ ငါးကွက်လေးမျက်နှာ စသည်ဖြင့် ကွက်ခွဲတွေရှိတယ်။ ကဲ...ကြည့်ကြ။

ဆရာချယ်က သိုင်းကွက်များ ထပ်မံ၍ နင်းပြပြန်သည်။

' ကဲ...နမူနာအဖြစ် ဒါလောက်ပြရင် တော်ရောပေါ့။ ကိုမေဓာ'

'ခင်ဗျာ..ဆရာကြီး'

ဆရာချယ်က နမူနာပြသည်ကို ရပ်လိုက်ပြီး ကိုမေဓာကို ခေါ်သည်။ ကိုမေဓာ ဆရာကြီးအနီးသို့ ရောက်လာသည်။

' ခင်ဗျား....ဖျာတစ်ချပ်ရယ်၊ လေးလက်မသံချောင်း တစ်ချောင်း ပျဉ်ပြားသေးသေး တစ်ချပ်ရယ် သွားရှာဗျာ။ ကျုပ်ဆီကို ယူခဲ့။

' ဟုတ်ကဲ့ ဆရာကြီး...ဟေ့...မောင်လေး...လာကွာ ငါနဲ့လိုက်ခဲ့..'

ကိုမေဓာနှင့် မောင်လေး ထွက်သွားသည်။ မကြာမီ ပြန်၍ ရောက်လာကြသည်။ ပရိတ်သတ်က ဆရာချယ် ဘာလုပ်မည်ကို မသိ။ စိတ်ဝင်တစားစောင့်ကြည့်မြဲ စောင့်ကြည့်နေကြသည်။

' ရခဲ့ပါပြီ ဆရာကြီး'

'အေး...ဒါဆိုရင် ဖျာခင်းကွာ'

မောင်လေးက ဖျာကို ခင်းပေးသည်။ မြေပြင်ပေါ်တွင် ခင်းထားသောဖျာပေါ်၌ ဆရာချယ်က တင်ပျဉ်ခွေ ထိုင်လိုက်သည်။ ထိုင်ပုံမှာ မုဆိုးဒူးထောက်မဟုတ်။ တင်ပျဉ်ခွေစစ်စစ်ဖြစ်သည်။

'ရှီး...ဖြန်း'

ပရိတ်သတ် မျက်လုံးပြူးသွားသည်။ ဆရာချယ်၏ လှုပ်ရှားမှုများက မြန်ဆန်လွန်းလှသည်။ တင်ပျဉ်ခွေ ထိုင်နေရာမှ လျှပ်ပစ်သလို ထ၍ ခုန်လိုက်သည်။ ခုန်၍ ရပ်လိုက်ခြင်းမဟုတ်။ ထိုင်လျက်က  လေထဲသို့ ရှီးခနဲ တက်သွားပြီး ခြေဖြင့် ကန်လိုက်သည်။ ထိုင်နေစဉ် ရန်ပြုလာပါက ရန်မူလာသိုက ခုန်၍ ကန်လိုက်သည့် သဏ္ဍာန် ဖြစ်သည်။

ကြောင်တစ်ကောင်၏ ပေါ့ပါးခြင်းဖြင့် ခြောက်ပေခန့် မြင့်အောင် ခုန်

လည်း ခုန်ကန်ပြီး ဖျာပေါ်သို့ ပြန်အကျ ရုတ်ရက် ခြေနစ်ချောင်းပူး၍ ပြန် အခွဲလိုက်တွင် ဖြန်းဆိုသော အသံနှင့်အတူ နီးသင်ဖြူးဖျာသစ်ကြီးသည် စက္ကူ တစ်ရွက်ကို လက်နှစ်ဖက်ဖြင့် ဆွဲဆုတ်လိုက်သည့်ပမာ နှစ်ပိုင်းပြတ်သွား ကွဲ သွားသည်။

ပရိတ်သက် ရွာသူရွာသားများတော့ မသိ။ မောင်လေးအဖို့ကား များစွာ ထူးဆန်းအံ့ဩရသည်။ ဆရာကြီး ဆရာချယ်ကို ကြာလေ ချီးကျူးလေးစားစိတ် ဂင်လေ ဂင်နေမိသည်။

ဆရာချယ်က လေးလက်မသံချောင်းကြီးနှင့် လက်တစ်ဂါးခန့် ပျဉ်ပြား ကိုယူပြီး သုံးပေပတ်လည်ခန့်ရှိ ဦးလုံအိမ်ရှေ့မှ သရက်ပင်တစ်ပင် အနီးသို့ ကပ်သွားသည်။ ပရိတ်သတ်များလည်း သူ့နောက်သို့ လိုက်သွားကြသည်။ သူ့ ကို ဝိုင်း၍ ကြည့်နေကြသည်။

ဆရာချယ်က လေးလက်မသံချောင်းကို သရက်ပင်တွင် အချွန်ဘက်မှ တေ့၍ စပါးလုံးတစ်ထောက်ခန့် ဂင်အောင် နှိပ်သွင်းလိုက်သည်။ သံသည် သရက်ပင်တွင် တန်းလန်းဖြစ်နေပြီ။

ထိုအခါမှ သံအနောင့်ကို ပျဉ်ပြားငယ်ဖြင့် ကပ်လိုက်သည်။ ပျဉ်းပြားကို ဘယ်လက်ဖြင့် ကိုင်ထားသည်။

‘ ဒုတ်..’

သူ၏ညာလက်သီးက နောက်ဘက်သို့ ဆုတ်ပြီး လျှပ်ပစ်သလို ပျဉ်ပြား ကို ထိုးချလိုက်သည်။ လေးလက်မသံချောင်းသည် သရက်ပင်ထဲသို့ ဂင်သွား သည်။ တူနှင့် ရိုက်လိုက်သည့် အလားပမာဖြစ်သည်။

‘ဟိုက်…’

မောင်လေး၏ ရင်ထဲတွင် အာမေဋိတ်လိုက်မိသည်။

‘ ကဲ….ဆရာအေး၊ ခင်ဗျားလည်း သိုင်းဆရာဆိုတော့ ကိုယ်ခံဆေးတွေ ဘာတွေ ထိုးထားမှာပေါ့။ ကဲ…ကြည့်ဗျာ…ကြည့်ဗျာ…’

ပြောပြောဆိုဆိုပင် ဆရာချယ်က သူ့ညာလက်မှ လက်ချောင်းလေးချောင်း ကို ဘယ်ဘက်သို့ လက်ဖဝါးထဲသို့ ထည့်လိုက်သည်။ ပြန်၍ ဆွဲထုတ်လိုက်သော အခါ လက်ချောင်းလေးချောင်း၏ ထိပ်များသည် တစ်ညီတည်း ဖြစ်သွားသည်။

သည်မှာ ဆရာချယ်က သရက်ပင်ကို လက်ချောင်းလေးချောင်းဖြင့်

ထိုး၍ ထိုး၍ စိုက်သည်။ သရက်ပင်သည် ဟောက်ကနဲ ဟောက်ကနဲဖြစ်သွား သည်။ ဂင်၍ ဂင်၍ သွားသော လက်ချောင်းရာ အပေါက်များသည် လုံနင့်ထိုး ထားသည့် ပမာ ဖြစ်နေသည်။

' ဟယ်...ဟာ...အာ'

ဇောတိကုန်း ရွာသူရွာသားများ အားလုံး၏ နှုတ်ဖျားမှ အံ့အားသင့်သံ များ ထွက်ပေါ်လာသည်။ လူတိုင်းသည်လည်း ကြက်သေသေ မင်သက်မကာ သရက်ပင်မှ အပေါက်များကို ငေးကြည့်နေကြသည်။

ဆရာချယ်သည် အလေ့အကျင့်ကြောင့်ပင် ယင်းကဲ့သို့ သစ်ပင်ကို လက်ချောင်းဖြင့် ထိုးခွဲနိုင်ခြင်းလား၊ သို့တည်းမဟုတ် မီးစန်းစွီးခေါ် ရှမ်းဆေး တန်ခိုးကြောင့်ပင်လား ဝေခွဲမရ ဖြစ်နေကြသည်။

မီစွန်းစွီးခေါ် ဆေးအကြောင်းကိုကား ကြားဖူးကြသည်။ သို့ရာတွင် တွေ့ကား မတွေ့ဘူးကြ။

မီစန်းစွီးဆေးသည် နွယ်လောင်ကျောက်ကဲ့ ဟူ၍လည်းခေါ်၊ ကျောက် ဖြတ်နွယ်ဟူ၍ လည်းခေါ်သည့် နွယ်တစ်မျိုးဖြင့် ဖော်စပ်ရသည်ဟူ၍ လည်း ဆိုသည်။ ထိုနွယ်သည် မြေကြီးထဲတွင် သွားကာ သူသွားလေရာတွင် ကျောက် များက အက်သွားကြသည်ဟူ၍လည်းဆိုသည်။

# ၄

ယခုအချိန်မှ ပြန်ပြောင်းရေတွက်သော် နှစ်ပေါင်းခြောက်ဆယ့်ငါးနှစ်မျှ ကြာညောင်းခဲ့ပေပြီ။

ခြောက်ဆယ့်ငါးနှစ်ဆိုသောကာလကား လူ့သက်တမ်းတစ်ခုဟုပင် ဆိုနိုင်လောက်သည်။ ထိုစဉ်က ဆရာကြီးဦးချယ်သည် ဇောတိကုန်းကျေးရွာသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ ထူးခြားဆန်းကျယ်လှသော ပညာသည်ကြီး၊ သိုင်းဆရာကြီးကို မောင်လေး စတင်တွေ့ရှိခဲ့ရခြင်းပင်။

အမှန်စင်စစ် မောင်လေးနှင့် မိဘများသည် ရှမ်းပြည်နယ်မှ ဆင်းလာခဲ့ကြ ကတည်းက ဇောတိကုန်းရွာတွင် နေထိုင်ခဲ့ကြခြင်းမဟုတ်။ အစပထမ နေထိုင်သောရွာမှာ မရမ်းတစ်ပင်ရွာသာ ဖြစ်သည်။

မိဘနှစ်ပါးဖြစ်သော ဦးဘိုးအိုနှင့် ဒေါ်စောခေါ် ဖွားစောသည် မောင်လေး ကိုရှမ်းပြည်၌ မွေးဖွားခဲ့သည်။ မွေးဖွားသောရွာမှာ နမ့် (မ်) လိုင်နမ့်(မ်) ခမ်း ရွာဖြစ်သည်။ ၁၂၅၇ ခုနှစ် ပြာသိုလပြည့်ကျော် သုံးရက် ကြာသပတေးနေ့တွင် မွေးဖွားခဲ့သည်။

သူ့တွင် သူအပါအဝင် ညီအစ်ကို မောင်နှမ ခြောက်ယောက်ရှိသည်။ အကြီးဆုံးသည် မလှ၊ ဒုတိယ မမယ်အုံ၊ တတိယ ကိုချစ်ထွေး၊ စတုတ္ထ မအေးလှိုင်၊ ပဥ္စမ မောင်စံထွေးခေါ် မောင်လေး၊ အထွေးဆုံးကား မငွေစိန် ဖြစ်သည်။

မောင်လေး၏ ငယ်နာမည်သည် အစက မောင်လေးမဟုတ်၊ မောင်စံဒွေး သာဖြစ်ခဲ့သည်။ သို့ရာတွင် သူ့အစ်မကြီးများနှင့် အစ်ကိုဖြစ်သူ ကိုချစ်ထွေး

တို့က အထွေးဆုံး နှစ်ယောက်ဖြစ်သော စံဒွေး နှင့် ငွေစိန်ကို နာမည်ရင်းခေါ် လေ့မရှိကြ။

စံဒွေး၊ ငွေစိန်ဆိုသော အမည်ရင်းများ အစား ချစ်စနိုးဖြင့် မောင်လေး ညီမလေး သို့မဟုတ် မောင်လေး ၊ မလေးဟူ၍သာ ခေါ်ကြသည်။ မောင်လေး ကို ထမင်းကျွေးလိုက်ပါ။ မောင်လေးကို သေတယ်ပေးလိုက်ပါ ဟူ၍ ဟူ၍ ပြောဆိုလေ့ရှိရာမှ ကြာသော် နှုတ်ကျိုးလာကြသည်။ စံဒွေးအမည်ပျောက် မောင်လေးအမည် ရောက်လာသည်။

သည်မှာ ရပ်ရွာကလည်း စံဒွေးကို မောင်လေး မောင်လေးဟူ၍ နှုတ် ကျိုးခေါ်ဝေါ် သုံးနှုန်းလာကြသည်။

ညီမဖြစ်သူ ငွေစိန်ကား ငယ်ရွယ်စဉ်ကာလာကပင် ဆုံးပါးသွားခဲ့သည်။ ထိုအခါ ဦးဘိုးအိုနှင့် ဒေါ်စာ၏ အိမ်ထောင်စုတွင် စံဒွေးမှာ အထွေးဆုံး အငယ်ဆုံး ဖြစ်လာသည်။ ယင်းကြောင့် စံဒွေးဆိုးသမျှ အစ်ကို ၊ အမများက သည်းညည်းခံသည်။ ငွေစိန်အစား အထွေးဆုံးနေရာကို ရယူလာသောကြောင့် လည်း မိသားစုတစ်စုလုံးက စံဒွေးအပေါ်တွင်ပင် အချစ်တွေ စုပုံနေကြသည်။

မောင်လေး မောင်လေးနှင့် စံဒွေးကိုသာ ရွှေညလို ဖူးဖူးမှုတ်နေကြသော အခါ ပတ်ဂန်းကျင်ကကလည်း မောင်လေးဟုသာ ခေါ်တွင်လာကြသည်။

ရှမ်းပြည်နယ်မှဆင်းလာခဲ့ကြစဉ်က မောင်လေးသည် နို့ညှာအရွယ်သာရှိ သေးသည်။ မိသားစုတစ်ခုလုံး မြေပြန့်သို့ ဆင်းလာခဲ့ကြခြင်းဖြစ်သည်။ နမ့် (မ်)လိုင်နမ့် (မ်)ခမ်းမှ အခြားမိသားစု ရပ်ဆွေရပ်မျိုးများနှင့် တပြုံကြီး ဆင်းလာခဲ့ကြခြင်းလည်းဖြစ်သည်။

တွံတေးတောကြီးတန်းသို့ ရောက်ရှိလာကြသည်။ မရမ်းတပင်ရွာတွင် နေထိုင်ကြသည်။ မရမ်းတပင်သည် တွံတွေးမြို့အပိုင်၊ ဂါးကောက်စုရွာ၊ သစ်တိုစမ်းရွာများ အနီးတွင် တည်ရှိသည်။

မောင်လေး၏မျိုးရိုးသည် အသက်ရှည်သော မျိုးရိုးဖြစ်သည်။ မောင်လေး ၏ အဘိုး ဦးပညာသည် အသက်တစ်ရာတစ်ဆယ့်ငါးနှစ်ကျမှ ကွယ်လွန်သည်။ အဖွားဖြစ်သူကိုကား သူတို့ ရပ်သူရွာသားများက အူဂမ် ဟူ၍လည်း ခေါ်ကြ နိုင်းမို ဟူ၍လည်း ခေါ်ကြသည်။ အဖွား နိုင်းမိုသည်လည်း အသက်တစ်ရာ တစ်ဆယ် အရွယ်ရောက်မှ ကွယ်လွန်သွားခဲ့သည်။

မရမ်းတစ်ပင်ရွာတွင် နေထိုင်ကြစဉ်က မောင်လေးသည် လူမှန်းသိတတ်ကာစ အရွယ်သာ ရှိသေးသည်။ အဘိုး ဦးပညာ နှင့် အဘွား နိုင်းမိုတို့လည်း အသက်ထင်ရှားရှိနေကြဆဲ ဖြစ်သည်။

ထိုအချိန်ကပင် အဘိုးနှင့် အဘွားသည် ဇရာထောင်းနေပြီ။ ခါးကုန်းနေကြပြီ နေ့စဉ်ရှိသမျှ ပုတီးကိုသာ အဖော်အဖြစ် ဖက်တွယ်နေကြပြီ။ နောင်တမလွန်အတွက် သီလဆောက်တည်နေကြပြီ။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနေကြပြီ။

အဖိုးဦးပညာသည် မရမ်းတစ်ပင်ရွာ တောင်ဘက်ထပ်ရှိ ဘုရားတန်ဆောင်းသို့ နေ့စဉ်သွား၍ ဝတ်တက်သည်။ သီလ ဆောက်တည်သည်။

သည်မှာ ထူးဆန်းအံ့သြဖွယ်ကောင်းသော အခြင်းအရာတစ်ခု ဖြစ်ပေါ်လာသည်။

ထိုအခြင်းအရာကား အဖိုးဦးပညာ ဝတ်တက်သည့် ဘုရားတန်ဆောင်းထဲရှိ ကျောက်ဆင်းတုတော်ကြီး၏ ကိုယ်ခန္ဓာတော်မှ ချွေးများ ထွက်ကျလာခြင်းပင်ဖြစ်သည်။

ဦးပညာ၏ စိတ်ထဲတွင် များစွာ ထူးဆန်းရသည်။ သည်ကဲ့သို့သော အဖြစ်မျိုးကို ရှေးစဉ် ရှေးကာလက ကြားဖူးခဲ့သော်လည်း ကိုယ်တိုင်ကား မတွေ့မမြင်ဖူးခဲ့ချေ။ ကြားသာ ကြားဖူးပြီး ယုံကြည်ရန် ခက်ခဲသော အဖြစ်မျိုးလည်း ဖြစ်သည်။.

သို့ရာတွင် ယခုသော် မျက်မြင်ကိုယ်တွေ့ ဖြစ်ရပြီ။ ထူးဆန်း အံ့သြရပြီ။

ဖိုးပညာက ထူးဆန်းသော စိတ်နှင့်ပင် ကျောက်ဆင်းတု ကိုယ်တော်ကြီး၏ ကိုယ်ခန္ဓာတော်ကို အဝတ်ဖြင့် သုတ်၍ ပေးသည်။ စီးကျနေသော ချွေးများ တိတ်၍ သွားသည်။

သို့ရာတွင် နောက်တစ်နေ့ ဝတ်တက်ရန်လာသောအခါ ကျောက်ဆင်းတုကိုယ်တော်ကြီးသည် ချွေးထွက်မြဲ ထွက်နေသည်ကို တွေ့ရပြန်သည်။ အဝတ်ဖြင့် ထပ်မံ သုတ်ပေးရပြန်သည်။ ချွေးတိတ်သွားပြန်သည်။

ယင်းသို့လျှင် မယုံကြည်နိုင်လောက်အောင်ပင် ကျောက်ဆင်းတုတော်ကြီးသည် လေးငါးရက်ဆက်၍ ချွေးထွက်နေသည်ကို တွေ့ရသည်။ သည်မှာ ရှေးအစဉ်အလာက ရှေးသူဟောင်းတို့ ပြောစကား ဆိုစကားများကို ပြန်ပြောင်းတွေးတောမိ သတိရလာမိသည်။

ဘုရား ချွေးထွက်သော အရပ်တွင် မနေအပ်၊ နေလျှင် အန္တရာယ် ကျရောက်တတ်သည်။ ငယ်မွတ်သောလည်းကောင်း၊ ငတ်မွတ်ခေါင်းပါးနိုင် သည်။ ရောဂါကပ်သောလည်းကောင်း ဆိုက်ရောက်တတ်သည်။ သို့မဟုတ် နိပ်စက်ညှင်းပန်းခြင်းဒဏ်ကို ခံရတတ်သည်။

သည်လိုတွေးတောပြီး မရမ်းတစ်ပင်ရွာမှ ရွာလူကြီးများကို ခေါ်ယူစုဝေး သည်။ တိုင်ပင်ကြသည်။ ဤအရပ်ကို စွန့်လွှတ်၍ အခြားတစ်နေရာတွင် ရွာ တည်နေထိုင်ကြရန် သဘောတူ ဆုံးဖြတ်ကြသည်။

သို့နှင့် မောင်လေး၏ မိသားစုသည် အခြား ရွာသူရွာသားများနှင့်အတူ နေရာသစ် ရှာဖွေပြောင်းရွှေ့လာကြသည်။ အရိုးတောင်ရွာ အရှေ့ဘက်သို့ ရောက်ရှိလာကြသည်။ ရွာသစ်တစ်ရွာ တည်ထောင် ကြသည် ရွာ၏အမည် ကို ဇောတိကုန်းဟူ၍ မှည့်ခေါ်လိုက်ကြသည်။

ဇောတိကုန်းရွာသည် စမ်းချောင်းကြီးတစ်ခု၏ ဘေးတွင် တည်ထောင်ထား ခြင်းဖြစ်သည်။ ထိုစမ်းချောင်းကို အမှီပြု၍လည်း အရိုးတောင်ရွာ၊ ထီပနာ ရွာနှင့် ပေါက်ကုန်းကျေးရွာများလည်း အစကတည်းက တည်ပြီးရှိပြီး ဖြစ်နေ ကြပေပြီ။

သည်ရွာမှာ မောင်လေး ကြီးပြင်းလာသည်။ တစ်ရွာလုံးတွင် သိုင်းဆ ရာကြီးများ ရှိနေသောကြောင့် ငယ်စဉ်ကတည်းက ရှမ်းကြီးသိုင်းကို သင်ခဲ့ သည်။ ယောက်ဖဖြစ်သူ ဦးဆူးပညာသည် ဂါရင့်သိုင်းသမားကြီးလည်း ဖြစ်၊ အကွက်စုံကို တတ်မြောက်ထားသူလည်းဖြစ်၍ မောင်လေးတစ်ယောက် ဆယ့်ငါး နှစ်အရွယ်နှင့်ပင် သိုင်းပညာကို တတ်မြောက်ထားလေပြီ။ ယောက်ဖဖြစ်သူက သူတတ်သမျှ ဆရာစားမချန် သင်ပြထားသောကြောင့် ပိုပြီး တတ်ကျွမ်းနေခြင်း လည်းဖြစ်သည်။

ထိုအချိန်တွင် အုံ့မခန်းသိုင်းဆရာကြီး ဆရာချယ် ရောက်ရှိလာခြင်းလည်း ဖြစ်သည်။ ပြောင်းပြန်သိုင်းပညာကို တစ်ကြိမ်တည်းဖြင့် အုံ့မခန်း နမူနာများ ပြလေပြီ။

မောင်လေးတစ်ယောက် အံ့ဩရသည်။ ရင်သပ်ရှုမောရသည်။ ဆရာချယ် ၏ ပညာကို သွားရည်ယိုရသည်။ အားကျရသည်။

သိုင်းပညာတွင် ဆရာတစ်ဆူအဖြစ် မိမိကိုယ်ကို သတ်မှတ်သူသည်

သိုင်းသုံးမျိုးစလုံး တတ်ကျွမ်းရမည်။ ' ခင်ဗျားက သိုင်းဆရာလား' ဟူ၍ မေးခြင်းခံရလျှင် ' ဟုတ်ပါသည်။ ကျွန်တော် သိုင်းဆရာပါ' ဟု ဖြေမိလျှင် 'စကောက်လိုင်ရူးဟီ' ဟူ၍ ထပ်မံ မေးခြင်းခံရသည်။ သျှိုင်းသိုင်းတတ်ပါ သလားဟူ၍ မေးခြင်းပင်။ ရူးဆိုသည်မှာ သျှိုင်းသိုင်းကို ခေါ်ခြင်းပင်။

'ဟ...လိုင်ခေါက်'ဟူ၍ ဖြေပါက 'ဟုတ်ကဲ့....တတ်ပါသည်' ဟူ၍ ဖြေခြင်းပင်။ ထိုအခါ မေးသူက ထပ်ဆင့်၍ 'လိုက်ရူးဟီ ချင့် (မ်) ကောက်ခါ လိုက်ခါ' ဟူ၍ ထပ်ဆင့် မေးမည်။ ထိုအခါ အမေးခံရသူက ' ဟ..လိုက်ခါ' 'ဟုတ်ကဲ့...တတ်ပါတယ်' ဟူ၍ ဖြေနိုင်ရမည်။ ချင့် (မ်) ဆိုသည်ကား သိုင်းပြောင်ပြန်ပေပင်။

ထိုသို့ နှစ်မျိုးလုံး တတ်သူဖြစ်လျှင်ကား ထိုနှစ်မျိုးလုံး၏ သိုင်းကွက် များကို ရောစပ်ထားသည့် တတိယပညာကိုလည်း တတ်ထားသူ ဖြစ်ကြောင်း အလိုလိုသိပြီး ဖြစ်သွားမည်။ သို့မှသာ ဆရာမည်သည်။

ထိုစကားကို ဆရာချယ် ပြောခဲ့သည်။ ညနေပိုင်းကပြောခဲ့သည်။ ထို စကားများသည် မောင်လေး၏ နားထဲတွင် ပဲ့တင်ထပ်နေသည်။ ဆရာချယ် ၏ရုပ်ပုံကို စိတ်ထဲမှ မြင်နေသည်။

ငါသည် သိုင်းပညာတစ်မျိုးတည်းကိုသာ တတ်သူဖြစ်နေပါသေးတကား၊ နောက်ထပ် တစ်မျိုးကို တတ်သူ မဟုတ်သေးပါတကား။ တတ်ဖို့ဆိုသည် မှာ ဝေလာဝေး၊ ကြားပင် မကြားဖူးခဲ့ပါတကား။ ယခုမှသာ ကြားဖူးရုံ ကြားရသေး၊ နမူနာ မြင်ဖူးရုံ မြင်ဖူးသေးသူပါတကား။

ယင်းသို့ မောင်လေး တွေးနေမိသည်။ မိမိကိုယ်နှင့် မိမိပညာကို အစက အထင်ကြီးမိခဲ့ခြင်းများသည် ယခုသော် ကြက်ပျောက် ငှက်ပျောက် ကွယ် ပျောက်သွားလေပြီ။ ဆရာချယ် ပြသသော နမူနာ သိုင်းကွက်များသည် သူ့အား ဘာကောင်မျှ မဟုတ်သေးကြောင်း ပြဆိုသည်ကဲ့သို့ ဖြစ်နေပေပြီ။

ဆရာချယ်ထံတွင် တပည့်ခံရန် မောင်လေးဆုံးဖြတ်လိုက်သည်။ သူ ဆုံးဖြတ်ချက်ချချိန်သည် သန်ခေါင်ကြက်တွေ တွန်နေလေပြီ။ ဆုံးဖြတ်ချက် ချလိုက်ခါမှ စိတ်ဒုံးဒုံးကျသွားသည်။ အစက ကြောင်နေသော မျက်စိအစုံ သည် မှေးစင်းလာသည်။ မကြာမီ အိပ်ပျော်သွားသည်။

အိပ်ပင် ပျော်သွားသော်လည်း မိုးလင်းပြီဆိုလျှင် ပြန်၍ နိုးလာသည်။

တောင်သူလယ်လုပ် ဓားမခုတ်တို့၏ ဘဂကား သည်အတိုင်းပင် ရှိချေသည်။ ညပိုင်းတွင် မည်မျှ ညဥ့်နက်သည်၊ အိပ်ရေးပျက်သည်ဖြစ်စေ၊ မိုးလင်းလျှင် ကား အလိုလို နိုးလာသည်။ အကျင့် ဖြစ်နေပြီ။

သူက အိပ်ယာမှ လူးလဲ၍ ထလိုက်သည်။ မျက်နှာသစ်ပြီး လုံချည်အပေါ် စဖြင့် မျက်နှာကို သုတ်လိုက်သည်။ အိမ်ပေါ်မှ သုတ်သီးသုတ်ပြာ ဆင်းလာ သည်။ ဆရာချယ် တည်းခိုသော ဦးလုံအိမ်သို့ ရောက်လာသည်။

လှေကားမှ ဖြည်းဖြည်းကလေး တစ်ထစ်ချင်း တက်သွားသည်။ လသာ ဆောင်သို့ ရောက်သွားသည်။ လသာဆောင်တွင် ရေအိုးများကို တန်းစီထား သည်။

သူက လသာဆောင်မှ အိမ်ထဲသို့ လှမ်းကြည့်ပြီး အကဲခတ်လိုက်သည်။ အိမ်ထဲမှ စကားပြောသံများ ထွက်ပေါ်နေသည်။ ယင်းကိုထောက်၍ အိမ်ရှင် ဦးလုံရော ဆရာချယ်ပါ နိုးနေကြပြီဖြစ်ကြောင်း နားလည်လိုက်သည်။

သူက လသာဆောင်ကို ဖြတ်ပြီး တံခါးမအနီးတွင် သွားရပ်သည်။ ဆရာ ချယ်နှင့် အိမ်ရှင် ဦးလုံအပြင် ဦးသောမခေါ် ဦးရွှေလှပါ ရောက်ရှိနေသည်ကို တွေ့ရသည်။

' ဟ..မောင်လေးပါလား၊ လာလကွာ...ရေနွေးကြမ်းသောက်'

' ဟုတ်ကဲ့...ဦးလေး၊ သောက်ပါ၊ သောက်ကြပါ'

' စောစောစီးစီးပါလားကွ၊ ဘာကိစ္စရှိသလဲ'

' ကျွန်-ကျွန်-ကျွန်တော်-ဆ-ဆ-ဆရာကြီး၊ ဦးချယ်ကို မေးစရာရှိလို့ ပါခင်ဗျာ'

' ဩ...ငါ့ကို တွေ့ချင်တာလား၊ ကဲ...ဆို...ဘာကိစ္စ'

' ကျွန်-ကျွန်-ကျွန်တော် ဆ-ဆ-ဆရာကြီးဆီမှာ တပည့်ခံချင်လို့ ပါခင်ဗျာ'

' ဟဲ-ဟဲ-ဟဲ ပြောင်းပြန်သင်ချင်တယ် ဆိုပါတော့'

' ဟုတ်-ဟုတ်ကဲ့...ဆရာကြီး'
' မင်း သျှိုင်းသိုင်းကော တတ်ပြီလား'
'ဟုတ်ကဲ့...တတ်ပါတယ် ဆရာကြီး'
'တတ်ရင်ကောင်းတာပေါ့။ ပြောင်းပြန်သင်ချင်ရင် သင်ပေါ့'
'အဲ- အဲဒါ၊ တစ်-တစ်-တစ်ပိုင်းကို....'
'ဩ ဉာဏ်ပူဇောခ မေးတာလား၊ တစ်ပိုင်းကို သုံးဆယ့်ငါးကျပ်ယူတယ်ကွ'
' ဟိုက်'

မောင်လေး၏ ရင်ထဲတွင် ဟိုက်ကနဲ ဖြစ်သွားသည်။ ပါးစပ်မှ ထွက်သွားခြင်းကား မဟုတ်။ မောင်လေး အနည်းငယ် ငိုင်သွားသည်။

သျှိုင်းသိုင်းကိုသင်လျှင် တစ်ပိုင်းမှ သုံးကျပ်တစ်မတ်သာ ပေးရသည်။ ပြောင်းပြန်အတွက် အခကြေးငွေကား သျှိုင်းသိုင်းထက် ဆယ်ဆပင် ကြီးနေပါကလား။

'ဘာလဲကွ .....ပိုက်ဆံများတယ် ထင်လို့လား။ ပညာရဲ့တန်ဖိုးကို ငွေကြေးနဲ့ မပိုင်းဖြတ်ကောင်းဘူး။ ငါဟာ ငွေသမား အသပြာသမား မဟုတ်ဘူး။ ဒါပေမယ့် လူဆိုတဲ့ လူတွေရဲ့ သဘာဝက အခကြေးငွေများများတောင်းမှ ပညာကို တန်ဖိုးရှိတယ် ထင်မှတ်နေကြတာကွ'
' မ-မ-မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်- ကျွန်တော်က ကလေးဆိုတော့'
' အား ဟား ဟား ....ဟုတ်တယ်၊ မင်းပြောတာမှန်တယ်။ မင်းက ကလေး။ ကလေးဆိုတော့ ပင်ငွေမရှိသေးဘူး။ ရှိရင်လည်း နည်းတယ်။ အေး...ကောင်းပြီ...မင်းကိုတော့ ချွင်းချက်နဲ့ သင်ပေးမယ်။ မင်း ပေးနိုင်သလောက်ပဲပေး။
' ဟုတ်-ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်-ကျွန်တော် ဉာဏ်ပူဇော်ခကို အပြည့်ပေးနိုင်အောင်လည်း ကြိုးစားပါ့မယ်'
' အေး ကောင်းတယ် ။ မင်းဆိုက်ကတော့ သိုင်းသမားဆိုက်ပဲ။ မင့်မျက်လုံးထဲမှာလည်း သတ္တိရောင်တွေ လက်နေတယ်။ ငါမြင်နေရတယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်ကွ'

'ဟုတ်ကဲ့'
'ငါ့ပညာကိုသင်ရင် မင်းအမောဆို့ပြီး အသက်ထွက်သွားနိုင်တယ်'
'ခင်ဗျာ အမောဆို့မယ်၊ အသက်ထွက်မယ်'
'အေး-ဟုတ်တယ်'
'အသက်က တစ်ချောင်းတည်းပဲ ဆရာကြီးရယ်။ နှစ်ချောင်း မရှိပါဘူး။ ပညာအတွက်ဆိုရင် တစ်ကျပ် တစ်မတ်မဟုတ်ဘူး။ တစ်ကျပ် တစ်ကျပ်ချင်း လည်း လဲရဲပါတယ်'
'ဟား-ဟား-ဟား....ဟား-ဟား-ဟား..ကောင်းပြီလေ၊ တစ်ပိုင်း မပြီးခင်သာ ထွက်မပြေးပါနဲ့'
' ကျွန်တော့် ခြေထောက်တွေမှာ ပြေးဖို့ဖွေတော့ မပြောနဲ့၊ ရှောင်ဖို့ဖွေ တောင် မပါပါဘူး ဆရာကြီး။ လိုက်ဖို့ဖွေ။ တိုက်ဖို့ဖွေ။ တက်ဖို့ဖွေတော့ အလုံးပေါင်း တစ်ထောင်လောက်ပါတယ်။ ဒါ တစ်ဘက်ထဲကိုပြောတာ ပါ။ နှစ်ဘက်လုံး မဟုတ်ပါဘူး။
' ဟား ဟား ဟား ၊ အာဂ ကောင်လေးဘဲဟေ့၊ ကြိုက်ပြီ ဆရာ ကြီးမင်းကို ချစ်သွားပြီ။

စောစောက မောင်လေးပြောသော စကားထဲတွင် တစ်ကျပ် တစ်မတ် ဆိုသော စကား ပါရှိသည်။ ထိုစကားမှာ သိုင်းသမားတို့၏ စကားဖြစ်သည်။ သိုင်းသမားများသာ နာလည်သည်။ ဆရာချယ်လည်း နားလည်သည်။ ယင်း ကြောင့် သဘောကျစွာ တဟားဟား ရယ်လိုက်ခြင်းဖြစ်သည်။ သိုင်းသမား လောကတွင် ဤသို့ပြောလေ့ရှိကြသည်။

'ဟေ့...သိုင်းသမားဆိုတာ တစ်ကျပ်တစ်မတ်ကွ၊ ရန်သူကို သေအောင် ကိုယ်က တစ်ကျပ်ဖိုး ချလွှတ်လိုက်ရင် ကိုယ်ကိုယ်တိုင်လည်း တစ်မတ်ဖိုး လောက်တော့ အနာခံရတယ်။ ဒါကြောင့် တစ်ကျပ်နဲ့ တစ်မတ် ရင်းရဲရမယ်။ ရင်းရဲတဲ့စိတ်နဲ၊ ရင်းရဲတဲ့ သတ္တိရှိရမယ်'

ယင်းသို့ပြောလေ့ရှိကြသည်။ ရန်သူကို သေအောင်ချလျှင် မိမိကိုလည်း ထိမည်၊ ရှမည်၊ ပွန်းမည်၊ ပဲ့မည်၊ နာကျင်မည်။ ဤသို့ တစ်မတ်ဖိုးခန့် ခံရ တတ်သည်။

သို့ ခံရမည်ကို ကြောက်လျှင် သိုင်းသမား မလုပ်နှင့်။ သည်လို ကြောက် စိတ်ရှိသူ၊ အထိအရှမခံလိုသူသည် သိုင်းပညာနှင့် မတန်။

ယင်းသို့ ဆိုလိုခြင်းဖြစ်သည်။ မောင်လေးကမူ တစ်ကျပ်တစ်ကျပ်ချင်း ပင် ရင်းရဲပါသည်ဟု ဆိုသည်။ သူသေလျှင် ကိုယ်သေရသည်ကိုပင် မကြောက်။ သူသေကိုယ်သေ ချရမည်ကို မကြောက်။ ယင်းသို့ ပြောခြင်းဖြစ်သည်။

' သိုင်းကစားတယ်ဆိုကတည်းက ထိတာခိုက်တာတော့ ရှိမှာပဲ။ ပွန်းမှာ ပဲ့မှာ နာကျင်မှာကို မကြောက်ရဘူး။ မမှုရဘူး၊ မိန်းမနဲ့ ယောကျ်ား သမီး ရည်းစား ချိန်းတွေ့တာတောင် ပွန်းတာပဲ့တာတော့ရှိသေးတာပဲ'

ယင်းကဲ့သို့ နောက်ဆက်တွဲ ပြောလေ့ရှိကြသည်။ ယင်းစကား ယင်းအဓိပ္ပါယ်ကိုကား မောင်လေးက ထည့်၍ မပြော။ ရိုင်းရာကျမည် စိုးသော ကြောင့် ဖြစ်သည်။ သို့ရာတွင် ဆရာချယ်ရော၊ ဦးလုံ ဦးသောမတို့ပါ ထို နောက်ဆက်တွဲ စကားကို နားလည်ကြပြီး၊ အလိုလိုသိမြင်ကြပြီး ဖြစ်ပါသည်။

'ကဲ....ဘယ်သူ....မင်းနာမည်'

'မောင်လေးပါ ဆရာကြီး'

'အဲ မောင်လေး၊ မင်းဘယ်တော့သင်မလဲ'

'ဒီနေ့ညနေက စသင်ချင်ပါတယ် ဆရာကြီး'

'အေး၊ ကောင်းတယ်။ မောင်လုံနဲ့ မောင်သောမတို့လည်း သင်ကြလိမ့် မယ်'

'ဟုတ်ကဲ့၊ ဒါဖြင့် ကျွန်တော့်ကို ပြန်ခွင့်ပြုပါ ဆရာကြီး'

'အေး....ကောင်းပြီ'

မောင်လေးက ရိုသေကျိုးနွံသော အမူအရာဖြင့် ဆရာကြီးရှေ့မှ ထလိုက် သည်။ သို့ရာတွင် ချက်ခြင်းမထွက်သွားသေး။ ဆရာချယ်ကို စိုက်၍ ကြည့်နေသည်။

'ဘာပြောစရာ ရှိသေးသလဲကွ မောင်လေး'

'ဟုတ်ကဲ့...ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် တစ်...တစ်ခု ပြောစရာ ကျန် နေလို့ပါ ခင်ဗျာ'

'ကဲ...ဘာလဲ ပြောစမ်း'

' ကျွန်တော်က ဆရာကြီးတပည့် ဖြစ်ပါပြီ'

'အေး၊ ဟုတ်တယ် ဘာဖြစ်သလဲ'

'ဆရာကြီး တပည့် ကျွန်တော်က တိုက်ကြက်ပါ။ စစ်တကောင်း

မဟုတ်ဘူး။ ကြက်ကြီးမျိုး ကြက်တင်ညင်၊ ညောင်ကန်တွေလည်း မဟုတ်ပါဘူး'

မောင်လေးက သည်သို့ပြောပြီး ထွက်သွားသည်။ ဆရာချယ်၊ ဦးလုံနှင့် ဦးသောမတို့ သုံးယောက်သား တဂါးဂါပွဲကျ၍ ကျန်ရစ်ခဲ့သည်။ လှေကားအဆင်းတွင် မောင်လေးက ဆရာချယ်၏ စကားသံကို ကြားလိုက်ရသည်။

'ဒီကောင် မဆိုးဘူး။ ငယ်ပေမယ့် အစွယ်ကလေးနဲ့ပဲ။ ကြည့်စမ်း ပြောသွားလိုက်တာ၊ သူဟာ တိုက်ကြက်တဲ့။ ကြက်ကြီးမျိုး စစ်တကောင်း မဟုတ်ဘူးတဲ့။ အဓိပ္ပါယ်က တိုက်ကြက်ဆိုတာ ခွပ်ရင် အသေခွပ်တယ်။ သူသေရင်သေ၊ သူမသေရင် ကိုယ်သေ ခွပ်တယ်ဆိုတဲ့ သဘောပေါ့။ သူလည်း တိုက်ရင် အသေတိုက်မယ်။ သူသေရင်သေ၊ မသေရင် ကိုယ်သေချင်သေပစေ ဆိုတဲ့ သဘောပေါ့။ အဲ့…ကျုပ် သူ့ကို ကြည့်မယ်လေ။ အာစွမ်းအာစ လျှာစွမ်းလျှာစရှိသလို ကိုယ်စွမ်းကိုယ်စ ဉာဏ်စွမ်း ဉာဏ်စ ရှိသလားဆိုတာ'

# ၄

ညနေပိုင်းသို့ရောက်လာသည်နှင့် မောင်လေးတစ်ယောက် ဦးလုံအိမ်သို့ ပေါက်လာသည်။ သိုင်းသင်မည့်သူ သုံးယောက်အတွက် ပွဲပြရန်ဖြစ်သည်။

သိုင်းသင်တော့မည်ဆိုလျှင် သိုင်းမသင်မီ ပွဲပြရသည်။ ပွဲပြပြီးမှသာ သိုင်းသင်ရသည်။ ပွဲပြသည်ဆိုခြင်းမှာ အုန်းသီးတစ်လုံး၊ ငှက်ပျော်နှစ်ဖီး၊ ဆန်တစ်ပြည်၊ မှိုင်းခံစက္ကူ တစ်ချပ်၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ရေမွှေး တစ်ပုလင်း၊ အနီရောင်ပိတ် ငါးကိုက်၊ အဖြူရောင်ပိတ် သုံးကိုက်၊ ပိတ်ဖြူဖြင့် ပြုလုပ်သော အလံသေးသေး သုံးချောင်း၊ ပိတ်အနီဖြင့် ပြုလုပ်သောအလံ သေးသေး၊ သုံးချောင်း၊ မှိုင်းခံစက္ကူဖြင့် ပြုလုပ်သော အလံသုံးချောင်း၊ စုစုပေါင်း အလံကိုးချောင်းကို အုန်းသီးပေါ်တွင် စိုက်ထားရသည်။ ထိုအလံများ၏အလယ် အုန်းသီး ထိပ်တည့်တည့်တွင် ဓားမြှောင်တစ်ချောင်း စိုက်ထား ရသည်။

ဖန်ခွက်တစ်လုံးကို ပွဲဇလုံရှေ့တွင် ချထားသည်။ ရေအပြည့် ထည့်ထား သည်။ ထိုဖန်ခွက်ထဲသို့ သိုင်းသင်မည့် သူများက တစ်ယောက်လျှင် ရေစင်ဖိုး ငါးမူးစီထည့်ရသည်။

ပွဲပြခြင်းအဓိပ္ပါယ်မှာ သိုင်းပညာကို သင်ကြားသူများသည် လက်၊ ဓား၊ လှံ၊ တုန်စသော သေဘေးကို ဖြစ်စေနိုင်သည့် လက်နက်များဖြင့် သင်ရကစားရခြင်း ဖြစ်သည်။ ယင်းကြောင့် အသက်ဘေးနီးသည်။

သိုင်းသင်စဉ် ကစားစဉ်၌ အမှောင့်ပယောဂများ ဝင်နိုင်သည်။ ထိခိုက် နာကျင် အသက်ကိုပင် သေစေနိုင်သည်။ သို့အတွက် ထိုကဲ့သို့သော အမှောင့်

ပယောဂများ မဝင်နိုင်စေရန် ဆိုင်ရာပိုင်ရာတို့အား ပွဲပြရခြင်းဖြစ်သည်။ အမှောင့်ပယောဂဘေးမှ ကာကွယ်ပေးရန် ပွဲပေးရခြင်း ဖြစ်သည်။ ဤသည်မှာ အစဉ်အလာတစ်ရပ်ဖြစ်သည်။

ပွဲဆိုသော်လည်း တစ်ယောက်လျှင် တစ်ပွဲ တင်ရခြင်း မဟုတ်။ သုံးယောက်အတွက် တစ်ပွဲတည်းသာ ပြင်ရသည်။ သင်မည့် တပည့် မည်မျှလောက်ပင် အရေအတွက်များများ တစ်ပွဲသာ ပြင်ရသည်။ ကုန်ကျစရိတ်ကို ညီတူညီမျှ ခွဲဝေခံရသည်။

ပွဲသည် ပြင်ဆင်ပြီးပြီ။ သင်မည့် တပည့်များလည်း စုံပြီ။ ထိုအချိန်တွင် ဆရာချယ်၏နှုတ်မှ တတွတ်တွတ်နှင့် ရွတ်ဆိုသည်။ ' ဇမ္ဗူဒီပါ ကျွန်းလက်ယာ၏ ကြယ်တကယပိတ် ကျွန်းလုံးနတ်များ စောင့်ကြကုန်သော ဗုဒ္ဓံ ဓမ္မံ သံဃံ အမိန့်တော်မြတ် အာဏာစက်ကြောင့် မကြာချက်ခြင်း ရောက်စေသော်၊ ရောက်လျှင် ချက်ချင်း မကျန်ကြွင်းနှင့် လျှင်မင်းစောစွာ ယခုလာ၍ ပွဲသက်ဝင်စေသတည်း။ ဝင်သည့် ပွဲသက် တန်ခိုးထွက်၍ ဘဂဝ်စက်ရှိန် ပေါက်စေသတည်း’

ဆရာချယ်က ဤကဲ့သို့ ရွတ်ဆိုပြီးနောက် တပည့်သုံးယောက်အား ပွဲကို ဓားဖြင့် အရိုအသေ ပြုခိုင်းသည်။

အရိုအသေပြုပုံမှာ လက်အုပ်ချီ၍ ပြုခြင်းမဟုတ်။ ဓားဖြင့် ခုတ်၍ ပြုရခြင်းသာ ဖြစ်သည်။

ရှေးဦးစွာ ဦးလုံကို ဆရာချယ်က ဓားရှည်တစ်ချောင်း ပေးသည်။ ခြသေ့်ထိုင်အနေအထား ရပ်ခိုင်းသည်။ ဦးလုံက ရပ်ပြီး ဓားရှည်ဖြင့် ပြင်ထားသောပွဲအား ပထမသုံးကြိမ်ဆက်၍ ခုတ်ဟန်အပြခိုင်းသည်။ ခုတ်ဟန်သုံးကြိမ်ပြပြီး ဓားကို ဂျိုင်းကြားသို့ ညှပ်၍ နောက်ဘက်မှ ဘယ်ခြေကို ရှေ့မှ ညာခြေသို့ ပူးခိုင်း ကပ်ခိုင်းသည်။

ထို့နောက် ညာခြေကို ဒူးဆစ်ကွေး၍ မြှောက်ပြီး ညာခြေဖဝါးကို ဘယ်လက်ဝါးဖြင့် ရိုက်ခါ ညာခြေတစ်ချောင်းတည်းဖြင့် ကိုယ်တစ်ပတ်လည် ခုန်ရသည်။ ပြန်အကျတွင် ညာခြေဖြင့် ကျပြီး ဘယ်ခြေသည် ခြသေ့်ထိုင် အနေအထားတွင်ပင် ရှိနေရသည်။ ခြသေ့်ထိုင် အနေအထားကျပြီးနောက် ဂျိုင်းထဲမှ ဓားကို ပြန်၍ လှည့်ထုတ်လိုက်သည်။

ယင်းကဲ့သို့ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ သုံးကြိမ်တိတိ အရိုအသေ ပြုရသည်။ ဦးလုံ အရိုအသေပြုပြီးနောက် ဦးသောမ အရိုအသေ ပြုသည်။ သည်မှာ မောင်လေး အတွေးဝင်နေမိသည်။ သူ့ သျှိုင်းသိုင်းသင်စဉ်က ကန်တော့ပွဲ ပေးပုံနှင့် ယခု ပြောင်းပြန်ကန်တော့ပွဲပေးပုံကို နှိုင်းယှဉ်ကြည့်နေမိသည်။ စကတည်းက ကွာခြားနေသည်။

သျှိုင်းသိုင်းကန်တောပွဲကိုကား လက်အုပ်ချီ၍ ကန်တော့ရသည်။ ပြောင်းပြန်တွင်ကား ဓားဖြင့်သာ အရိုအသေ ပြုရသည်။

သူ စဉ်စားနေရင်းပင် သူ့အလှည့်သို့ ရောက်လာသည်။ သူလည်း ဦးလုံနှင့် ဦးသောမကဲ့သို့ပင် ပွဲကို ဓားဖြင့် ခုတ်ဟန်ပြ အရိုအသေ သုံးကြိမ် ပေးရသည်။

အရိုအသေ သုံးယောက်လုံး ပေးပြီးသောအခါ ဆရာချယ်က ဓားရှည်ကို ပြန်သိမ်းသည်။ ပွဲပြင်ထားသော အုန်းသီးပေါ်က ဓားမြှောင်ကို နှုတ်သည်။ နှုတ်ပြီးနောက် ရေစင်ထည့်ထားသော ဖန်ခွက်ထဲသို့ မွှေလိုက်သည်။

'အေး မင်းတို့ သုံးယောက်လုံးအတွက် ပွဲတော့ ပြုပြီးပြီ။ အခု မင်းတို့ သစ္စာရေ သောက်ကြရမယ်။ မင်းတို့အနေနဲ့ အနန္တော အနန္တ ငါးပါးကို ရိုသေကိုင်းညွှတ်ရမယ်။ မင်းတို့ သင်တဲ့ တတ်တဲ့ ပညာနဲ့ အမျိုး ဘာသာ သာသနာရဲ့ ရန်သူတွေကို ခုခံတွန်းလှန်ရမယ်။ ပြီးတော့ ဒီပညာနဲ့ တစ်ဘက်လူကို နိုင့်ထက်စီးနင်းမလုပ်ရဘူး။ ကိုယ့်ကို သုံးကြိမ်သုံးခါ မျက်ရည်ပေါက် ကြီးငယ်ကျအောင် မနှိပ်စက်ရင် အဲဒီလူကို ရန်တုန့်မမူရဘူး၊ မင်းတို့...ကတိခံကြ'

'ဟုတ်ကဲ့...ကျွန်တော်တို့ ကတိခံပါတယ်'

သုံးယောက်လုံးက ကတိခံသောစကား ပြောပြီးသည်နှင့် ဆရာကြီးက သုံးယောက်စလုံး၏ မျက်လုံးအစုံ၊ နားအစုံများထဲသို့ ရေစင် ပက်ဖြန်းပေးသည်။ ပါးစပ်ဖြင့်လည်း အသောက်ခိုင်းသည်။

ရေစင်ဖန်ခွက်ထဲတွင် ဓားမြှောင်ဖြင့် မွှေခြင်းကို စက်သွင်းသည်ဟု ခေါ်သည်။ စက်သွင်းသည်ဆိုခြင်းမှာ သစ္စာရေဖြစ်အောင် စီမံလိုက်ခြင်းပင်။

ထိုသစ္စာရေသောက်ပြီး ပညာသင်သူသည် သစ္စစကား မတည်ဘဲ သစ္စာဖောက်ပါက သစ္စစူးတတ်သည်။ တုတ်၊ ဓား၊ လှံဘေးသင့်တတ်သည်။

အားလုံးကိစ္စပြီးသည်နှင့် ဆရာကြီးချယ်က စကားဖြင့် ထပ်မံ၍ ဆိုသည်။

'ကဲ...မင်းတို့ ပွဲလည်းပြပြီးပြီ။ သစ္စာလည်း ဆိုကြပြီးပြီ။ အဲဒီတော့ မင်းတို့ကို ပြောင်းပြန်ပညာ စသင်မယ်။ ဘယ်မှာ သွားသင်ကြမလဲ။ လူမငြိတဲ့နေရာမှာ သွားသင်ကြမယ်။

' လယ်ထဲမှာ သွားသင်ရအောင်ပါ ဆရာကြီး၊ လယ်ထဲက ရွာနဲ့လည်း နီးပါတယ်'

ဦးသောမက ဆိုသည်။

' ကောင်းတယ်၊ ကဲ...သွားကြစို့'

လေးယောက်သား ဇေတီကုန်းရွာထဲမှ ထွက်လာကြသည်။ ရွာနှင့် မလှမ်းမကမ်း လယ်ကွင်းထဲရှိ တဲကလေးတစ်လုံးသို့ ရောက်ရှိလာကြသည်။

လယ်တဲဆိုတော့လည်း ကွင်းခေါင်ခေါင်ကြီးထဲတွင် တဲတစ်လုံးတည်း ထီးထီးကြီး တည်ရှိနေသည်မဟုတ်။

တဲ၏ ဘေးပတ်ပတ်လည်တွင် စားပင်သီးပင် နစ်ရှည်ပင်များ ဝိုင်းရံနေသည်။ ယင်းကြောင့် အဝေးမှ လှမ်းကြည့်လျှင် တဲကို မမြင်ရ၊ သစ်ပင်အုပ်ကိုသာ မြင်တွေ့ရသည်။

တဲ၏ ရှေ့တွင် ကွင်းပြင်ကျယ်ကြီး တစ်ခုရှိသည်။ မြေညီသည်။ မြေမာသည်။ စပါးနယ်သော တလင်းပြောင်ကြီးပင်။

ထိုတဲကား ဦးသောမ၏ လယ်တဲဖြစ်သည်။ ဆရာကြီး ဆရာချယ်က ထိုကွင်းပြောင်ကြီးထဲတွင် ခြသေ့ထိုင် အနေအထားရပ်လိုက်သည်။

'ကဲ မောင်သောမနဲ့ မောင်လုံတို့က ဘေးက ကြည့်။ ကျုပ် ဟောဒီ တိုက်ကြက်ကလေးနဲ့ နမူနာကစားပြမယ်'

'ဟုတ်ကဲ့...ဆရာကြီး'

'ဟေ့...တိုက်ကြက်ကလေး'

'ဟုတ်ကဲ့'

မောင်လေးက ရှမ်းဘောင်းဘီကို ဂတ်ထားသည်။ အပေါ်ဂတ် ရုပ်အကျႌကို ချွတ်လိုက်သည်။ စွပ်ကျယ်လက်ပြတ်ကလေး ပေါ်လာသည်။

' ကဲ...မင်းကို ပြောင်းပြန် ပြန်စသင်မပေးခင် ပြောင်းပြန်ရဲ့သဘောကို နည်းနည်းနားလည်အောင် ပြမယ်'

'ဟုတ်ကဲ့'
'မင်းက သျှိုင်းသိုင်းတတ်ပြီးသားဆိုတော့ မင်းနဲ့ ငါချမယ်'
'ဟုတ်ကဲ့'
'ငါက မင်းကို တကယ်မချဘူး၊ ငါ့ကို မကြောက်နဲ့ ကြားလား'
'ဟုတ်ကဲ့'
'အားမနာနဲ့၊ မညှာနဲ့၊ ချသာချ'
'ဟုတ်ကဲ့'
'ကောင်းပြီ၊ ကဲ...ငါနစ်ကွက်နင်းပြီး ရပ်လိုက်ပြီ'
'ဟုတ်ကဲ့'
'ကဲ...အဲဒီတော့ မင်းကို ငါစထိုးမယ်။ ငါကစပြီး တိုက်စစ်ဆင်မယ်။
နောက်တစ်ကြိမ်တော့ မင်းက ငါ့ကို စချ၊ ငါက အမျိုးမျိုးပြန်ချပြမယ်'
'ဟုတ်ကဲ့'
'ကဲ ...အသင့်ပြင်'

မောင်လေး အသင့်ပြင်လိုက်သည်။ ဆရာချယ်က သုံးကွက်ချွန်းတက်နည်းဖြင့် ဖြောင့်လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

မောင်လေးက လျှပ်ပစ်သလို လက်နစ်ဖက်ကို ပူးယှက်ပြီး လေးကွက်တက်နည်းဖြင့် ဆရာချယ်၏ လက်ကို ထိုးခံလိုက်သည်။

မိသွားသည်။ ဆရာချယ်၏ ညာလက်ဖျံသည် မောင်လေး၏ ကြက်ခြေခတ် လက်နစ်ဖက် ခွကြားတွင် ရောက်နေသည်။

မောင်လေးက ဆရာချယ်၏ လက်ကို လိမ်၍ ချိုးရန် ကြိုးစားသည်။ သို့ရာတွင် ထိုအခြေသို့ မရောက်။ ဆရာချယ်၏ လွတ်နေသော ဘယ်လက်က မောင်လေး၏ လက်နစ်ချောင်းကို အောက်ပင့်၍ ရိုက်ဖြုတ်လိုက်သည်။

မောင်လေး၏ လက်နစ်ချောင်း မြောက်တက်သွားသည်။ ဆရာချယ်၏ ညာဘက်လက် လွတ်သွားသည်။ သည်မှာ ဆရာချယ်က ညာလက်သီးရော ဘယ်လက်သီးပါ နစ်လုံးစလုံး ရှေ့ဆင့်နောက်ဆင့် ပစ်သွင်းလိုက်သည်။ မောင်လေး၏ မျက်နှာ အနည်းငယ် ဆင့်၍ ဆင့်၍ ထိသွားသည်။

မောင်လေး အပြုံးမပျက်။ ဆရာချယ်ကို များစွာ သဘောကျသွားသည်။
'ကဲ-ပြန်ရပ်၊ ကဲ -ထိုးပြီ'

ဆရာချယ်က နှစ်ကွက်နင်းပြီး သုံးကွက်ချွန်းနှင့်ပင် မောင်လေးကို ထိုးလိုက်ပြန်သည်။ မောင်လေးက ကျားပါးစပ်နည်းဖြင့် ဖမ်းပြီး ဆရာချယ်၏ လက်ကို လိမ်ချိုးရန် ကြိုးစားပြန်သည်။

သို့ရာတွင် လက်ကိုကိုင်ဒဝ မလိမ်လိုက်ရမီပင် ဆရာချယ်၏ လွတ်နေသော ဘယ်ခြေထောက်က မောင်လေး၏ ညာခြေကို ကန်လိုက်သည်။ တစ်ဆက်တည်း လျှပ်ပစ်သလို ဘယ်လက်ဖြင့် မောင်လေး၏ မျက်နှာကို ရိုက်လိုက်သည်။ ထိသည်ဆိုရုံ ထိသွားသော်လည်း သိပ်တော့ မသက်သာလှ။
'ကဲ- အဲဒါက တစ်မျိုး၊ ကဲ- ပြန်ရပ်၊ ငါကပဲ စထိုးမယ်'

နှစ်ယောက်သား အသင့်အနေအထားတွင် ပြန်ရပ်လိုက်ကြပြန်သည်။ ဆရာချယ်ကပင် စ၍ ထိုးသည်။ မောင်လေးက ဘယ်လက်ကိုဖမ်း၊ ညာလက်ကို ကူကာ ငါးရူးခေါင်းချိုးနည်းဖြင့် ဆရာချယ်၏လက်ကို လိမ်ချိုးရန် ကြိုးစားပြန်သည်။

သို့ရာတွင် ဆရာချယ်၏ နောက်ခြေထောက်ဖြစ်သော ဘယ်ခြေသည် ရှေ့မှ ညာခြေကို လာ၍ပူးပြီး ညာခြေ မြောက်တက်သွားကာ မောင်လေး၏ နားထင်ကို ရိုက်ကန်လိုက်သည်။ အနည်းငယ် ထိသွားသည်။

မောင်လေး လွန်စွာ အံ့သြသွားသည်။ ဆရာချယ်ကို ကြည့်ပြီးဆိုသည်။
' ကြိုက်သွားပြီ ဆရာကြီး'
' အေးချသာချ၊ ပြီးတော့မှ ငါရှင်းပြမယ်။ ကောင်းပြီ။ အခုတစ်ခါ မင်းက ငါ့ကို စထိုး၊ ငါက ရှောင်ရင် ရှောင်မယ်၊ ရှောင်တိုက် တိုက်ချင် တိုက်မယ်။ ရှောင်ပြီးတော့မှ တိုက်ချင်တိုက်မယ်'
'ဟုတ်ကဲ့'
'ကဲ-အသင့်ပြင်၊ ထိုးကွာ-ထိုး-ထိုးဟေ့'

မောင်လေးက ကိုးဆယ်ဒီဂရီ ခြေတစ်လှမ်းတက် ၍ ထိုးလိုက်သည်။ ဆရာချယ်က ဖုတ်ကောက်ဟန်ဖြင့် ဘယ်ဘက်သို့ ကိုယ်ကို ယို့လိုက်သည်။ မောင်လေး၏ လက်သီးချော်ထွက်သွားသည်။ သည်မှာ ဆရာချယ်က ညာခြေစောင်းဖြင့် မောင်လေးကို ကန်လိုက်သည်။ မောင်လေး၏နံကို ထိသွားသည်။

'ဆရာကြီးက သိပ်တော်တာပဲ'
မောင်လေးက ဆရာချယ်ကို ချီးကျူးလိုက်သည်။
'ငါတော်တာ မဟုတ်ဘူး၊ အကွက်ကကို ကောင်းတာ။ ကဲ- ပြန်ရပ်၊
ငါ့ကို ပြန်ထိုး'

နှစ်ယောက်စလုံးမျက်နှာချင်းဆိုင် အကွက်နင်း၍ ရပ်လိုက်ကြသည်။

'ထိုး-ထိုး-ထိုးကွာ - ထိုး'

မောင်လေးက သူ့ညာခြေကို ရှေ့တစ်ကွက်နင်းပြီး ဆရာချယ်ကို ထိုးလိုက်ပြန်သည်။ ဆရာချယ်က မောင်လေး၏ လက်ကို သူ့ဘယ်လက်ဖျံ အပြင်ရိုးနှင့် ခံ၍ ပယ်လိုက်သည်။ ညာလက်ဖြင့် မောင်လေး၏ မျက်နှာကို ထိုးလိုက်သည်။ မောင်လေးကို ထိသွားပြန်သည်။

မောင်လေးတစ်ယောက် ကြာလေကြာလေ ဆရာချယ်ကို အထင်ကြီးလေ ကြီးလာသည်။ သူ ထိုးခြင်းမှာ တကယ်ထိုးခြင်း ဖြစ်သည်။ သူ တတ်သော ပညာကို တကယ် အသုံးချနေခြင်း ဖြစ်သည်။

ဆရာချယ်ကသာ ညာသည်။ မောင်လေး၏ ကိုယ်ခန္ဓာကို ထိရုံမှသာ ထိုးသည်၊ ကန်သည်

'ကဲ - နောက်တစ်နည်း ၊ ထိုး - ထိုးကွာ - ထိုး'

မောင်လေးက ရှေးနည်းအတိုင်း စ၍ ထိုးသည်။ ဆရာချယ်က သူ့ဘယ်လက်ဖျံဖြင့် ပယ်ပြီး ညာခြေဖြင့် ရိုက်ကန်လိုက်သည်။ မောင်လေးကို ထိသွားပြန်သည်။

မိမိသည် အစိမ်းသရဲနှင့် တွေ့နေရခြင်းပေလား။ သေသေချာချာ ထိုးသော်လည်း ဆရာချယ်က လွတ်အောင် ရှောင်နိုင်ခြင်း ရှိနေပါကလား။

'ထိုး - ပြန်ထိုး- ထိုးကွာ- ထိုး'

မောင်လေးက ထပ်မံထိုးလိုက်ပြန်သည်။ ဆရာချယ်က ယို့ရှောင်ရှောင်၊ ရှောင်ခြင်းနှင့် တစ်ပြိုင်တည်း ညာဖြောင့်လက်သီးကို သွင်းလိုက်သည်။ ရှောင်ခြင်းနှင့် ထိုးခြင်းသည် လေကဲ့သို့ လျှင်မြန်လွန်းလှလေရာ တစ်ဆက်တည်းလို ဖြစ်နေသည်။

'ကဲ..မင်းလက်တွေ့မြင်ပြီ မဟုတ်လား'

'ဟုတ်ကဲ့ ဆရာကြီး၊ အံ့သြစရာ သိပ်ကောင်းပါတယ်'

'အေး ၊ ရှမ်းကြီးသိုင်းရဲ့ ပညာက ရန်သူနဲ့တွေ့ရင် ရန်သူရဲ့ လက်တွေ ခြေထောက်တွေကို လိမ်တယ်။ ဖမ်းတယ်။ ချိုးတယ်။ ပြီးတော့ ကိုင်ပေါက်တယ်။ ဒါဟာ သျှိုင်းသိုင်းရဲ့ သဘာဂပဲ မဟုတ်လား၊ ပညာပဲမဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး'

'အေး၊ ပြောင်းပြန်ကတော့ သျှိုင်းသိုင်းလို ရန်သူနဲ့တွေ့ရင် လိမ်လည်း မလိမ် ဖမ်းလည်းမဖမ်း ချိုးလည်း မချိုး၊ ကိုင်လည်း မပေါက်ဘူး ပြောင်းပြန်ကတော့ ထိုးတယ်၊ ကန်တယ်၊ ခုတ်တယ်၊ ရိုက်ခွဲတယ်။ အဲဒီမှာ ဘာကွာခြားမှုရှိသလဲ မင်းသိလား'

'မသိပါဘူး ဆရာကြီး'

'အေး ... မသိရင် မှတ်ထား၊ လိမ်တယ်၊ ဖမ်းတယ်၊ ချိုးတယ် ကိုင်ပေါက်တယ်ဆိုတာ ရန်သူကို ပထမအနေနဲ့ ဂင်ပူးရတယ်။ ဂင်ပူးပြီးမှ ရန်သူရဲ့ လက်၊ ခြေထောက်တွေကို ကိုင်ရ ဖမ်းရတယ်၊ ပြီးတော့မှ တတိယအနေနဲ့ လိမ်နိုင်၊ ချိုးနိုင်၊ ကိုင်ပေါက်နိုင်တယ်'

'ဟုတ်ကဲ့'

'ပြောင်းပြန်ကတော့ ထိုးတယ်၊ ကန်တယ်၊ ခုတ်တယ်၊ ရိုက်ခွဲတယ် ရန်သူနဲ့နီးရင် ထိုးတယ်။ ဝေးရင် ကန်တယ်။ ပူးနေရင် ရိုက်ခွဲတယ်။ ဒါကြောင့် ပြောင်းပြန်ပညာရဲ့ အနှစ်သာရက ရန်သူကို ထိခြင်းဟာ ရန်သူကိုချခြင်းပဲ။ ရန်သူကို ဂင်ပူးဖို့ မကြိုးစားဘူး။ မပူဘဲ ထိုးတယ်၊ ကန်တယ်။ ရန်သူက အတင်းဂင်ပူးရင်လည်း ရန်သူက ဘာမှမလုပ်နိုင်ခင် ထိုးပြီး ကန်ပြီး ခုတ်ပြီး ရိုက်ခွဲပြီး ဖြစ်နေတယ်။ အေး...နောက်တော့ မင်းသိလာမယ်။ ကြိုတင်ပြီး သဘောကို သိအောင်ပြတာ၊ ကဲ..ငါတစ်ခုချင်း ထပ်ရှင်းပြမယ်။ အစက ပြန်လုပ်။ တစ်ဆင့်ချင်း လုပ်ပြမယ်'

'ဟုတ်ကဲ့'

'ကဲ...ရပ်၊ အသင့်ပြင်၊ ငါက စထိုးမယ်။ မင်းက လက်ထုက်ထိုးခံ၊ အဲ့ဒီမှာ ရပ်ထား'

'ဟုတ်ကဲ့'

'ကဲ ၊ ထိုးပြီ၊ ဟော- မင်းက လက်နှစ်ချောင်းနဲ့ ယှက်ခံထားပြီး အဲဒီမှာ ဘာကွာခြားသလဲ၊ ကြည့်စမ်း'

'ကၽြန္ေတာ္ လက္နစ္ေခ်ာင္းနဲ႕ ည ၁ေျခကို သုံးထားရပါတယ္။ ဆရာ ႀကီးမွာက ညာေျခနဲ႕ ညာလက္နစ္မ်ိဳးတည္းကိုပဲ သုံးပါေသးတယ္။

'ဟုတ္တယ္၊ မင္းေျပာတာ မွန္တယ္။ ငါက ညာေျခညာလက္ပဲ သုံးရ ေသးတယ္။ မင္းကေတာ့ ညာေျခ ညာလက္နဲ႕ ဘယ္လက္ကိုပါ သုံးထားရ တယ္။ ဒီေတာ့ ငါက အကြက္သာေနတယ္။ ေဟာ - အဲ ဒါေၾကာင့္ ေဟာ ဒီလို ငါ့ဘယ္လက္ကို သုံးၿပီး မင္းလက္နစ္ေခ်ာင္းကို ေအာက္ကေန ပင့္ရိုက္ ၿပီး ျဖဳတ္ထုတ္လိုက္တယ္။ ေဟာ- အဲဒီလို ျဖဳတ္ထုတ္လိုက္ေတာ့ ငါ့ ညာ လက္ဟာ လြတ္သြားတယ္။ အဲဒီ လြတ္သြားတဲ့ ညာလက္နဲက မင္းကို ထိုးလို႕ ရတယ္'

ဆရာခ်ယ္က ျဖည္းျဖ ည္းကေလး လႈပ္ရွားျပသည္။ ပထမ သူက ေမာင္ေလးကို ထိုးစဥ္၌ ေမာင္ေလးက လက္နစ္ေခ်ာင္း ယွက္၍ သူ႕လက္ဖ်ံကို ထိုးခံလိုက္သည္။ ဤတြင္ ဆရာခ်ယ္က သူ႕ဘယ္လက္ျဖင့္ ေမာင္ေလး၏ လက္နစ္ေခ်ာင္းကို ေအာက္မွ ပင့္ရိုက္လိုက္သည္။

လက္နစ္ေခ်ာင္းသည္ အေပၚသိုကေျမာက္တက္သြားလၽွင္ ဆရာခ်ယ္၏ ညာလက္ လြတ္လပ္သြား၊ အားသြားသည္။ ထိုညာလက္ကို အသုံးျပဳ၍ ေမာင္ ေလးကို ထိုးသည္။

'ရွင္းသလားေဟ့'

'ရွင္းပါတယ္ ဆရာႀကီး'

'ေအး... ငါက ေျပာင္းျပန္ သုံးကြက္ခ်ဳန္းနည္းနဲ႕ ေဖာင့္လက္သီး သုံး ၿပီး တက္ထိုးတယ္။ မင္းက လက္နစ္ေခ်ာင္းနဲ႕ လက္ယွက္ထိုးခံတယ္။ အဲ့ဒီ လို လက္ယွက္ထိုးခံၿပီး မင္းက ငါ့လက္ကို ဖမ္းမယ္၊ လိမ္ခ်ိဳးမယ္။ ဒါမွ မဟုတ္ ကိုင္ေပါက္မယ္။ တစ္မ်ိဳးမ်ိဳးလုပ္မယ္ မဟုတ္လား။

'ဟုတ္ကဲ့၊ ဟုတ္ပါတယ္ ဆရာႀကီး'

'ဒါေပမယ့္ မင္းငါ့ကို လက္ယွက္ထိုး ခံလိုက္တဲ့ အခ်ိန္မွာ ငါ့ဘယ္ လက္က မင္းလက္နစ္ေခ်ာင္းကို ေအာက္က ပင့္ရိုက္ထုတ္လိုက္ၿပီးၿပီ၊ မင္းငါ့လက္ကို ဖမ္းခ်ိန္ မရနိုင္ဘူး၊ လိမ္ခ်ိဳးဖို႕ ကိုင္ေပါက္ဖို႕ဆိုတာ ေဝလာေပးေရာ'

'ဟုတ္ကဲ့'

'အဲဒါဟာ ျဖဳတ္ - ေဖာင့္ထိုး ေဖာင့္ထိုး ဆိုတဲ့ ေျပာင္းျပန္ နည္းတစ္

ခုပဲ၊ ဖြုတ် - ဖြောင့်ထိုး ဖြောင့်ထိုးဆိုတာ လက်အားကိုချည်းသက်သက် သုံးတဲ့နည်း၊ မင်းလက်နှစ်ချောင်းကို ငါ့လယ်လက်နဲ့ အောက်က ပင့်ရိုက်ပြီး ဖြုတ်တယ်၊ ညာလက်သီးနဲ့ ဖြောင့်ထိုးထိုးတယ်၊ ပြီးတော့ ဘယ်လက်သီးပါ ဆင့်ပြီး ဖြောင့်ထိုးထိုးတယ်၊ ဒါကြောင့် ဖြုတ်- ဖြောင့်ထိုး ဖြောင့်ထိုး လို့ခေါ်တယ်၊ ကဲ ပြန်စ၊ ငါကဘဲ စထိုးမယ်'

ရှေးနည်းအတိုင်း ပြန်စသည်။ ဆရာချယ်က သုံးကွက်ချွန်းနည်းဖြင့် ညာဖြောင့်လက်သီးသုံးပြီး တက်ထိုးသည်။ မောင်လေးက ကျားပါးစပ်နည်းဖြင့် ဖမ်းပြီး ဆရာချယ်၏ လက်ကို လိမ်ချိုးရန် ကြိုးစားပြန်သည်။

'အေး ဟုတ်ပြီ၊ ကဲ ကြည့် ပထမတုန်းက လက်အားကိုချည်း သုံးတယ်၊ အခုကျတော့ ဟော ကြည့် ခြေအားကိုချည်း ထည့်သုံးတယ်၊ ငါ့ ဘယ်ခြေနဲ့ မင်းညာခြေကို ဟောဒီလို ကန်တယ်၊ ဟောဒီလို ဘယ်လက်နဲ့ ရိုက်တယ်၊ အဲ့ဒါကို -ခွဲအကွက်၊ ခြေနဲ့ လက်ကို တွဲသုံးတဲ့ မ-ခွဲ အကွက်လို့ ခေါ်တယ်၊ ဟုတ်ပလား'

'ဟုတ်ကဲ့၊ သဘောပေါက်ပါတယ် ဆရာကြီး'

'ကဲ နောက်တနည်း၊ ထိုးပြီ၊ အဲ မင်းက ငါးရှူခေါင်းချိုးနည်းကို သုံးထားပြီး၊ ဒီတစ်ခါ ဖြုတ် - ဖြောင့်ထိုး ဖြောင့်ထိုးလို လက်အားချည်း သက်သက်ကို မသုံးဘူး၊ ခြေနဲ့ လက်တွဲသုံးတဲ့ မ-ခွဲအကွက်ကိုလဲ မသုံးဘူး၊ ခြေအားကိုချည်း သက်သက်သုံးတဲ့ နည်းကိုပြမယ်၊ ကောင်းပြီ ၊ အခုမင်းက ငါ့ ညာလက်ကို မင့်လက်နှစ်ချောင်းနဲ့ ကိုင်ဖို့ ချိုးဖို့ကြိုးစား၊ ငါ့ခြေတစ်ချောင်းဟာ ရှေ့မှာမှာရှိတယ်၊ ဘယ်ခြေက နောက်မှာရှိတယ်၊ ဟောကြည့် ဘယ်ခြေကို ဟောဒီလို ညာခြေနောက်မှာ လာပူးစေတယ်၊ ပြီးတော့ ဘယ်ခြေ အားကိုယူပြီး ညာခြေနဲ့ မင်းကိုကန်တယ်၊ တည့်တည့်ကန်ချင်ကန်၊ ဟောဒီလို စောင်းကန်ချင်ကန်၊ ဒါမှမဟုတ် ဟောဒီလို ဂိုက်ကန်ချင်လဲကန်၊ ကန်ချင်သလို ကန်လို့ရတယ်'

'အဲဒါဟာ ဘာနည်းလို့ ခေါ်ပါသလဲ ဆရာကြီး'

'ခြေထပ်ဖောင်းကန်လို့ ခေါ်တယ်'

'ဟုတ်ကဲ့'

'ကဲ မင်းက ငါ့ကို စထိုး၊ ဖြည်းဖြည်းထိုး တစ်ဆင့်ချင်းပြမယ်၊ ထိုး ဟုတ်ပြီ ရပ်ထား၊ မင်းလက်သီးဟာ ငါ့မျက်နှာဆီကို ဂငလာတယ်၊ ဟော

ငါ့ဘယ္လက္နဲ႔ ခံၿပီး မင္းညာလက္ကို ပယ္လိုက္တယ္၊ ပယ္လိုက္တာဟာ ဖယ္ထုတ္လိုက္တာပဲ၊ အဲ အဲဒီလို ပယ္ၿပီး ငါ့ညာလက္သီးနဲ႔ မင္းကို ေဟာ ဒီလို ထိုးႏိုင္တယ္၊ အဲညာလက္သီးနဲ႔ မထိုးခ်င္ရင္ မင္းကို ေဟာဒီလို ငါ့ညာ ေျခကို ေျမွာက္ၿပီး တည့္တည့္ကန္ ေဖာင္းကန္ ပိုက္ကန္ ႀကိဳက္သလို ကန္ႏိုင္တယ္၊ ဒူးနဲ႔လဲ တိုက္လို႔ရတယ္'

ဆရာခ်ယ္က သူ႔ဘယ္လက္ႏွင့္ ေမာင္ေလး၏ ညာလက္ကို ထိုးခံၿပီး ပယ္ပံု၊ ညာလက္သီးျဖင့္ ထိုးပံု၊ ညာလက္သီးႏွင့္ မထိုးဘဲ သူ႔ ညာေျခကို ေျမွာက္၍ တည့္ကန္၊ ေစာင္းကန္၊ ပိုက္ကန္ပံုမ်ားကို ျဖည္းျဖည္းကေလး ျပသည္။

'နားလည္ရဲ႕လား'

'နားလည္ပါတယ္ ဆရာႀကီး'

'ေကာင္းၿပီ ျပန္စ၊ ထိုး ဟုတ္ၿပီ ၊မင္းလက္သီးဟာ ငါ့မ်က္ႏွာဆီ ဝင္ လာၿပီ၊ ေဟာ့ ငါ့ကိုယ္ကို ဘယ္ဘက္တိမ္းၿပီး ရိွ႕လိုက္တယ္၊ ဖုတ္ေကာက္နည္းလို႔ ေခၚတယ္၊ ငါ့ကိုယ္ကို ဘယ္ဘက္ယို႔လိုက္ေတာ့ မင္းလက္သီးဟာ ညာဘက္ ကို ေခ်ာ္ထြက္သြားတယ္၊ အဲဒီမွာ ေဟာဒီလို မင့္ဂမ္းဗိုက္ကို ငါ့ညာေျခနဲ႔ ပိုက္ကန္ နံေဖာင္းကိုကန္၊ ကန္ခ်င္သလို ကန္လို႔ရတယ္၊ ကဲ ျပန္စမယ္'

ဆရာခ်ယ္က နည္းမ်ိဳးစံုကို တကြက္ခ်င္း ရွင္းျပသည္။ အကြက္ေတြက မ်ားလာသည္။

'အဲ မင္းက ငါ့ကိုစထိုးေတာ့ ငါက ပထမ လက္နဲ႔ပယ္ လက္နဲ႔ ထိုးနည္း၊ လက္နဲ႔ပယ္ ေျခနဲ႔ကန္နည္း၊ ကိုယ္ကို ယို႔တယ္ ေရွာင္တယ္၊ ေျခနဲ႔ကန္နည္း ေတြ ျပခဲ့တယ္၊ အခုဒါက ခံစစ္နဲ႔ခံၿပီး တိုက္စစ္ျပန္ဆင္တဲ့နည္းေတြ ျဖစ္တယ္၊ ရန္သူက စတိုက္တယ္၊ ခံစစ္နဲ႔ ခံတယ္၊ ၿပီးမွ တိုက္စစ္ဆင္တယ္၊ အဲ အခု ျပမယ့္ နည္းက တိုက္စစ္ကို တိုက္စစ္နဲ႔ ျပန္ခ်တဲ့နည္း၊ အားကို အားနဲ႔ ျပန္ တိုက္တဲ့ နည္းပဲ၊ ကဲ၊ စထိုး ဟုတ္ၿပီ'

ဆရာခ်ယ္က ေမာင္ေလး ထိုးလိုက္ေသာ လက္ကို ပယ္လည္း မပယ္၊ ကိုယ္ကို ယို႔ၿပီး အရိွန္ႏွင့္ ဝင္လာေသာလက္ကို သံုးကြက္ခ်ဳန္းနည္းျဖင့္ ေျခာက္ ဆယ္ဒီဂရီ ေရွ႕သို႔ ေရွာင္တက္ တက္လည္းတက္ ညာလက္သီးကိုလည္း သံုး၍ ေျဖာင့္ထိုး ထိုးလိုက္သည္။

ရန်သူကလည်း အားနှင့် ဂင်လာသည်။ သူကလည်း အားနှင့် ရှေ့တက်၍ ထိုးသည်။ အားနှစ်ခု ပြိုင်ထားသောကြောင့် ရန်သူကို ထိလျှင် လွန်စွာ အထိနာသော နည်းဖြစ်သည်။ အရှိန်ပြင်းစွာ ခေါင်းချင်းဆိုင်၍ မောင်းလာသော ကားနှစ်စီး ခေါင်းချင်းဆိုင် တိုက်သည့်ပမာဖြစ်သည်။

ခံစစ်နှင့် ခံပြီးမှ တိုက်ခြင်းကား နက်ဆင့်ဖြစ်နေသည်။ ရန်သူ၏အား ရပ်တန့်သွားသည်။ ပြီးမှ မိမိ၏ အားတစ်အားတည်းကို အသုံးပြုပြီ တိုက်ရခြင်းဖြစ်သည်။ စက်သတ်၍ ရပ်ထားသော ကားကို မိမိကားက အရှိန်သက်သက်ဖြင့် ဂင်တိုက်သလိုဖြစ်သည်။

ယင်းကြောင့် တိုက်စစ်ကို တိုက်စစ်ဖြင့် တိုက်ခိုက်ရခြင်းက ရန်သူကို ပို၍ အထိနာစေပြီး ခံစစ်ခံ၍ တိုက်ရသည်က အားပျော့သည်။

'မောင်လေး'

'ခင်ဗျာ ဆရာကြီး'

'ကဲ ပြောင်းပြန်ကို မင်းဘယ်လိုမြင်သလဲ'

'သိုင်ကြမ်းတယ် ဆရာကြီး၊ သိုင်ကြောက်စရာ ကောင်းတယ်'

'အေး ဟုတ်တယ် ၊ ပြောင်းပြန်ဆိုတာ ကြမ်းတယ်၊ ရမ်းတယ်၊ ပြောင်းပြန်ကို တောင်းပန်ရင် တောင်းပန် မတောင်းပန်ရင် နာခေါင်းလန်မဟော့ လို့ စာချိုးရှိတယ်'

'ဟဲ ဟဲ ဟဲ စာချိုးနဲ့ လက်တွေ့ကလဲ သိုင်ကို ကိုက်ညီလှပါတယ် ဆရာကြီး'

'ကဲ မောင်လုံရော မောင်သောမရော လာကြ၊ ဒီမှာထိုင်ကြ'

မောင်လေးနှင့် ဆရာချာ်တို့ ပြောင်းပြန် သိုင်းကွက်နင်းပုံများကို ဦးလုံနှင့် ဦးသောမတို့က ကြည့်နေကြသည်။ ဆရာချယ်က ခေါ်မှ ကွင်းထဲသို့ ပြန်ဂင်လာကြသည်။

လေးယောက်သား ကွင်းပြင် မြေကြီးပေါ်တွင်ပင် ပယ်ပယ်နယ်နယ် ထိုင်လိုက်ကြသည်။ ဦးလုံယူလာသော ရေနွေးကြမ်းနှင့် ကြံသကာများကို စားကြသည်။

၉

ညှင်းလေပြသည် တသုန်သုန် တမြူးမြူး တိုက်ခတ်လျက်ရှိသည်၊
ဆရာကြီးသည် ရေနွေးကြမ်း နှစ်ခွက်ဆင့် သုံးခွက်ဆင့်၍ သောက်လိုက်သည်၊
ကြံသကာ တစ်ဖဲ့ကိုလည်း ဂါးလိုက်သည်။

ရေနွေးကြမ်းက ခါးသည်။ ရှမ်းအမျိုးသားတို့သည် ရေနွေးကြမ်း
သောက်လျှင် လက်ဖက်ခြောက်ကို အစိမ်းလိုက်ခတ်၍ သောက်လေ့မရှိ။ မီးဖို
ပေါ်တွင် သံပြားဖြင့် ဖြစ်စေ၊ ခွက်တစ်ခုခုဖြင့်ဖြစ်စေ လက်ဖက်ခြောက်ကို
လှော်သည်။

ထိုသို့လှော်ပြီးလျှင် တဖျစ်ဖျစ်မြည်ပြီး လက်ဖက်ခြောက်များ တွန့်လိမ်
သွားသည်။ တူးနဲ့လို အနံ့သင်းသင်း ထွက်လာသည်။ သည်တော့မှ ရေနွေးကြမ်း
အိုးထဲသို့ ထည့်သည်။ ခပ်ကျကျ ခပ်ခါးခါး သောက်လေ့ရှိသည်။

ဦးလုံနှင့် ဦးသောမသည် မောင်လေးထက် အသက်များစွာကြီးသည်။
မောင်လေးကား ဆယ့်ငါးနှစ်ပြည့်၍ ဆယ်ခြောက်နှစ်ထဲသို့ ဂင်ကာစသာရှိသေး
သည်။ ဦးလုံနှင့် ဦးသောမမှာ အသက်သုံးဆယ်အရွယ်တွေ ဖြစ်နေပြီ။

ယင်းကြောင့် မောင်လေးတို့လို လူငယ်တွေက ဦးလုံတို့ ဦးသောမတို့
အရွယ်များကို ဦးလေးဟူ၍ ခေါ်ကြသည်။ အမှန်စင်စစ် ဦးလုံနှင့် ဦးသောမ
တို့သည် ဦးတပ်၍ ခေါ်ရလောက်အောင် အသက်မကြီးကြသေး။ ကိုလုံ
ကိုသောမဟူ၍ ခေါ်ရမည်။ လူလတ်ပိုင်း အရွယ်တွေသာ ဖြစ်သည်။

ယင်းကြောင့် ဆရာကြီးဆရာချယ်က မောင်လုံ မောင်သောမဟူ၍ သုံး
နှုန်း ခေါ်ဝေါ်ခြင်းဖြစ်သည်။

ဦးလုံသည် ရာဘာခြံသူဌေး၏ သားဖြစ်သည်။ ပစ္စည်းဥစ္စာ ပြည့်စုံသည်။ အိမ်ထောင်ကျမှ မိဘများနှင့် အိမ်ခွဲ၍ နေခြင်းဖြစ်သည်။ ယင်းကြောင့် ဆရာကြီး ဆရာချယ်ကို လိုလေသေးမရှိ ပြုစု ကျွေးမွေးထားနိုင်သည်။ ဆရာကြီး ဆရာချယ်အတွက် ဤအရပ် ဤ ဒေသတွင် မည်မျှထိ အချိန်ကြာကြာ နေပါစေ စားဂတ်နေရေး ပူပန်စရာ မလိုချေ။

ယခုကား ဦးလုံကိုယ်တိုင်ပင် ဆရာကြီးထံ၌ တပည့်ခံလေပြီ။ တပည့်ရင်းအဖြစ် ပညာသင်ကြားလေပြီ။

ရေနွေးကြမ်းသောက်ရင်း ဆရာကြီး ဆရာချယ်က စကားစသည်။

'မောင်လေး'

'ခင်ဗျာ ဆရာကြီး'

"အခု ငါသင်ပေးတဲ့ ပညာကို ပြောင်းပြန်လို့ခေါ်တယ်၊ ဒါကို မင်း သိပြီးပြီ။ အဲ အဲဒီလို ပြောင်းပြန်လို့ ခေါ်တာ ဘာကြောင့် ခေါ်တယ်လို့ မင်း ထင်သလဲ"

'ဒါကို ကျွန်တော်ဉာဏ်မှီသ၍ စဉ်းစားကြည့်ပါတယ် ဆရာကြီး'

'အေး ပြောစမ်း'

'ပြောင်းပြန်ဆိုတာ သျှိုင်းသိုင်း အကွက်နဲ့ ဆန့်ကျင်ဘက် တွေချည်း ဖြစ်နေလို့ ထင်ပါတယ်၊ ဥပမာဆိုရင် သျှိုင်းသိုင်းမှာ လေးကွက်စ, နင်း တယ်၊ ပြောင်းပြန်က နှစ်ကွက်စ, နင်းတယ်၊ ဒါကိုက ပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်နေတယ်'

'ဒါ မှန်တယ်'

'ကျွန်တော်တော့ ဒါလောက်ပဲ သိတယ်'

'အေး ငါဆက်ပြောပြမယ် နားထောင်ကြ'

'ဟုတ်ကဲ့ ဆရာကြီး'

ဦးသောမက ဂင်၍ ထောက်ပေးသည်။

သျှိုင်းသိုင်းက လေးကွက်စ,တယ်၊ ပြောင်းပြန်က နှစ်ကွက် စ, နင်းတယ် အဲ့ဒါဟာ ကိုယ်ခန္ဓာသဘောအရ သဘာဂကျတယ်၊ ဘာကြောင့်လဲဆိုတော့ လူ တစ်ယောက်မှ ခြေထောက်နှစ်ချောင်းထဲ ရှိလို့ပဲ၊

ခြေထောက်နစ်ချောင်း ရှိတဲ့လူဟာ ကိုယ့်ခြေထောက်နစ်ချောင်းနဲ့ နစ်ကွက်စ, နင်းပြီး အသင့်အနေအထား ရပ်တာဟာ သဘာဝကျတယ်'

'ဟုတ်ကဲ့၊ ဟုတ်ပါတယ် ဆရာကြီး'

'အဲ သျှိုင်းသိုင်းဟာ လေးကွက်နဲ့ စတယ်၊ ပြီးတော့ အကွက်နင်းပြီး တက်တဲ့အခါ ခြေစုံ လက်စုံနင်းပြီး တက်တယ်'

'ပြောင်းပြန်ကျတော့ရော ဆရာကြီး'

'ပြောင်းပြန်ကျတော့ နစ်ကွက်နင်းပြီး ခြေခွဲ လက်ခွဲနဲ့ တက်တယ်၊ ခြေစုံ လက်စုံဆိုတာ မင်းတို့ သိတဲ့အတိုင်း ညာခြေတက်ရင် ညာလက်ပါ ပူး တွဲပြီး တက်၊ ဘယ်ခြေတက်ရင် ဘယ်လက်ပါ ပူးတွဲပြီး တက်တယ်'

'ပြောင်းပြန်ကျတော့'

'ညာခြေတက်ရင် ဘယ်လက်နဲ့ တွဲတက်တယ်၊ ဘယ်ခြေတက်ရင် ညာ လက်နဲ့ တွဲတက်တယ်၊ အဲဒီလို ညာခြေဘယ်လက်၊ ဘယ်ခြေညာလက် တွဲ တက်တာဟာလဲ ကိုယ်ခန္ဓာနဲ့ သဘာဝကိုက်ညီတယ်၊ ကဲ မောင်လေး ထစမ်း၊ မတ်တပ်ရပ်စမ်း'

'ဟုတ်ကဲ့'

'ကဲ မင်းလမ်းလျှောက်ပြစမ်း'

'လျှောက်ပါပြီ ဆရာကြီး'

မောင်လေးက သုံးလေးငါးလှမ်း လျှောက်လိုက်သည်

'ကဲ ကြည့် မောင်လုံ၊ လူတစ်ယောက်ဟာ လမ်းလျှောက်တဲ့အခါ သဘာဝအားဖြင့် ဘယ်လိုနေသလဲ၊ ခြေနဲ့ လက်တွဲပုံကို သတိထားကြည့်စမ်း'

'ဟုတ်ကဲ့၊ ညာခြေလှမ်းရင် ညာလက်ဟာ ရှေ့မှာ မကျန်ဘဲ နောက် မှာ ကျန်နေခဲ့တယ်၊ ဘယ်ခြေလှမ်းတော့ ဘယ်လက်ဟာ နောက်ဘက်ကို လွှဲပြီးတော့ ညာလက်ကသာ ဘယ်ခြေနဲ့ အတူ ရှေ့ကို သွားတယ်၊ ဒါဟာ လူ့သဘာဝပဲ၊ ညာခြေနဲ့ ညာလက် တွဲမသွားဘူး၊ ညာခြေနဲ့ ဘယ်လက်သာ တွဲသွားတယ်၊ ဘယ်ခြေနဲ့ ဘယ်လက် တွဲမသွားဘူး၊ ဘယ်ခြေနဲ့ ညာလက် သာ တွဲသွားတယ်၊ နားလည်ကြတယ် မဟုတ်လား'

'ဟုတ်ကဲ့ နားလည်ပါတယ် ဆရာကြီး'

'ဒါကြောင့် တိုက်ကွက်ဆင်တဲ့ နေရာမှာ ညာခြေနဲ့ ညာလက်တွဲတက်၊ ဘယ်ခြေနဲ့ ဘယ်လက်တွဲတက်တဲ့ ခြေစုံ လက်စုံနည်းထက် ညာခြေ ဘယ်လက်၊ ဘယ်ခြေ ညာလက်တွဲနည်းက ပိုကောင်းတယ်၊ ဒါကိုကြည့်ပြီး ခြေခွဲ လက်ခွဲနဲ့ စ,ကစားတယ်'

'ဟုတ်ကဲ့'

'ညာခြေမ, ရင် ဘယ်လက်ကို ထောင်တယ်၊ ညာလက်ကို ချထားရင်၊ ဘယ်ခြေမ, ရင် ညာလက်ကို ထောင်တယ်၊ ဘယ်လက်ကို ချထားတယ်၊ ဒါကြောင့် ပြောင်းပြန်မှာ ခြေခွဲ လက်ခွဲကို သုံးတယ်၊ ဒါကြောင့် သျှိုင်းသိုင်းနဲ့ ပြောင်းပြန်ဟာ ဆန့်ကျင်ဘက် ဖြစ်တယ်၊ ခြေစုံလက်စုံနဲ့ ခြေခွဲလက်ခွဲဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တယ်၊ ပြောင်းပြန် ဖြစ်နေတယ်၊ ဟောဒီမှာကြည့်'

ဆရာကြီး ဆရာချယ်က ခြေခွဲလက်ခွဲ ပုံစံကို လက်တွေ့ နမူနာ လုပ်၍ ပြသည်။ မောင်လေးတို့ သုံးယောက်က သေချာစွာ ကြည့်ကြသည်။

'ကြည့် - ကြည့်ကြ၊ ဟောဒီမှာ ညာခြေမ ရင် ဘယ်လက်ထောင်၊ ဘယ်ခြေမရင် ညာလက်ထောင်၊ ညာခြေနဲ့ ညာလက်မတွဲဘူး၊ တနည်းပြောရရင် ညာခြေနဲ့ ညာလက်ကို ခွဲထားတယ်၊ ညာခြေနဲ့ ဘယ်လက်ကိုသာ တွဲသုံးတယ်၊ ဘယ်ခြေဘယ်လက်ကိုလဲ တွဲမသုံးဘူး၊ ဘယ်ခြေ ညာလက်ကိုသာတွဲသုံးတယ်၊ ဒါဟာ ခြေခွဲ လက်ခွဲခေါ်တာ၊ ဒီမှာလဲ သျှိုင်းသိုင်းနဲ့ ပြောင်းပြန်ဖြစ်နေတာ'

'ဟုတ်ကဲ့'

ဆရာချယ်က မြေပြင်တွင် ပြန်၍ ထိုင်သည်။ ရေနွေးကြမ်း တစ်ပန်းကန် သောက်လိုက်ပြန်သည်။ ပြီးမှ ဆက်၍ ပြောသည်။

'ပြောရရင် အရှည်ကြီးဘဲကွ၊ အားလုံးဟာ ပြောင်းပြန်ချည်းဖြစ်နေတယ်။ ဥပမာ ထပ်ပြောရရင် သျှိုင်းသိုင်းမှာ လေးကွက်၊ ခြောက်ကွက်၊ ရှစ်ကွက်၊ ဆယ့်နှစ်ကွက် စသည်ဖြင့် စုံကွက်တွေချည်း တက်လေ့ရှိတယ်၊ ပြောင်းပြန်ကျတော့ ပထမစတာသာ နှစ်ကွက်စပြီး သုံးကွက်၊ ငါးကွက်၊ ခုနစ်ကွက် စသည်ဖြင့် မ-ကွက်တွေချည်း တက်လေ့ရှိတယ်၊ အဲဒီမှာလဲ ပြောင်းပြန်ဖြစ်နေပြန်ရော၊ ဟုတ်ပလား'

'ဟုတ်ကဲ့၊ ဟုတ်ပါတယ် ဆရာကြီး'

'တက်တဲ့နေရာမှာလည်း သျှိုင်းသိုင်းက ကိုးဆယ်ဒီဂရီ ထောင့်မှန်တွေချည်း တက်တယ်၊ ပြောင်းပြန်ကတော့ ခြောက်ဆယ်ဒီဂရီ၊ ကိုးဆယ်ဒီဂရီ၊ တစ်ရာ့ သုံးဆယ့်ငါး ဒီဂရီ စသည်ဖြင့် ရန်သူရဲ့ အနေအထားကို ကြည့်ပြီး ပြောင်းတက် တန်သင့်ရင် တက်တယ်၊ အဲဒီ ဒီဂရီတွေနဲ့ပဲ သင့်လျော်သလို နောက်ကို ဆုတ် တန်သင့်ရင်လဲ ဆုတ်တယ်၊ တက်တဲ့ဆုတ်တဲ့ ထောင့်ဟာ ပုံသေမရှိဘူး၊ အဲဒီ မှာ ဘာကွာခြားချက် ရှိသလဲ'

'ပြောပါ ဆရာကြီး'

'ရန်သူဟာ ကိုယ့်ရှေ့ကနေပြီး ထောင့်ဖြတ်လာရင် ခြောက်ဆယ်ဒီဂရီနဲ့ တက်တယ်၊ ဒါကြောင့် အကွက်ရွှေ့မြန်ပြီး တိုက်ချိန် ပိုမြန်တယ်၊ ရန်သူက ရှေ့တက်တက်ကလာမှ သျှိုင်းသိုင်းလိုပဲ ကိုးဆယ်ဒီဂရီ တက်တယ်၊ ထောင့် ဖြတ်လာတဲ့ ရန်သူကို ကိုးဆယ်ဒီဂရီ ထောင့်မှန်နဲ့ တက်ခုခံရင် အချိန်ကြာတယ်။ တက်ရတဲ့ခရီး နဲနဲပိုဝေးတယ်၊ တိုက်ခိုက်ရတဲ့ အချိန်ဟာ မသိမသာလိုလိုနဲ့ သိသိသာသာကြာတယ်၊ ဟောကြည့် နမူနာ

ဆရာချယ်က ထိုင်ရာမှ ထပြီး ဆုတ်တက် ဒီဂရီသဘော ထောင့်သဘောကို လက်တွေ့ ပြသပြန်သည်။ ခြောက်ဆယ်ဒီဂရီ ထောင့်ဖြတ်ဖြင့်လည်း တက်၍ ဆုတ်၍ ပြသည်။ ကိုးဆယ်ဒီဂရီ၊ တစ်ရာ့ သုံးဆယ့်ငါး ဒီဂရီ၊ တစ်ရာ့ရှစ်ဆယ် ဒီဂရီများဖြင့်လည်း တက်၍ ဆုတ်၍ ပြသည်။

'ဆရာကြီး...တစ်ရာ့ရှစ်ဆယ် ဒီဂရီသုံးတော့ သုံးရာ့ခြောက်ဆယ် ဒီဂရီ ကိုရော မသုံးဘူးလား ဆရာကြီး'

မောင်လေးက ထောက်၍ မေးသည်။ ဆရာချယ် လွန်စွာ သဘောကျ သွားသည်။

ဟား...ဟား...ဟား၊ ကြံကြီးစည်ရာကွာ၊ ဟော သုံးရာ့ခြောက်ဆယ် ဒီဂရီကို ဟောဒီလိုသုံးပြီး စက်ဝိုင်း တစ်ပတ်လုံး လှည့်လိုက်ရင် မင်းဟာ ရန်သူကို ဖင်ပေးသလို ဖြစ်သွားမှာပေါ့ကွာ၊ ရန်သူကို ဖင်ပေးရင် ရန်သူက မင်းဖင်ကို ဘယ်လိုလုပ်မလဲ စဉ်းစားကြည့်ပေါ့ကွာ ဟား....ဟား...ဟား

ဆရာကြီးက သူ့ကိုယ်ကြီးကို စက်ဝိုင်းတစ်ပတ် လျှင်မြန်စွာ လှည့်၍ ပြသည်။ ခန္ဓာကိုယ်သည် ပတ်ချာလည်၍သွားသည်။ တဝါးဝါး တဟားဟား

ရယ်ပြီး ပြန်ထိုင်သည်။ မောင်လေးတို့ သုံးဦးသားလည်း အင်မတန် သဘောကျစွာ ရယ်မောလိုက်ကြသည်။

'အေး မင်းတို့ကို ငါပြောတာက သျှိုင်းသိုင်းနဲ့ ပြောင်းပြန်ရဲ့ ကွာခြားမှုကို ပြောနေတာ၊ အဲဒီလို နှိုင်းယှဉ်ပြီးပြောမှ မင်းတို့ သဘောပေါက်မှာမို့လည်း ပြောနေရတာ၊ ဒီလို နှိုင်းယှဉ်ပြောတာဟာ သျှိုင်းသိုင်းကို နှိမ်ပြီး ပြောတာ မဟုတ်ဘူး၊ သျှိုင်းသိုင်းကို အထင်သေးတာလဲ မဟုတ်ဘူး၊ သျှိုင်းသိုင်းကို နှိမ်ပြောတယ်လို့ ငါ့ကို အထင်မလွဲကြနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သျှိုင်းသိုင်းဟာ ပြောင်းပြန်သိုင်းရဲ့ မိခင်ကြီး ဖြစ်တယ်၊ ဒါကို မေ့မထားနဲ့'

'ဘာကြောင့်ပါလဲ ဆရာကြီး'

'ဘာကြောင့်ရမလဲ မောင်လေးရဲ့၊ ပြောင်းပြန်ထက် အရင်စပေါ်တာက သျှိုင်းသိုင်းဖြစ်တယ်၊ သျှိုင်းသိုင်းကွက်ကို မူတည်ပြီး ပြောင်းပြန်သိုင်း ကွက်တွေကို ထွင်ယူတာဖြစ်တယ်၊ ဒါကြောင့် ပြောင်းပြန်ကို မွေးထုတ်တာ သျှိုင်းသိုင်း၊ သျှိုင်းသိုင်းဟာ ပြောင်းပြန်မိခင်၊ ပြောင်းပြန်က သျှိုင်းသိုင်းရဲ့ သား၊ ပြောင်းပြန်ကွက်တွေ ခေတ်မှီတာဟာ သျှိုင်းသိုင်း ကျေးဇူးတရား နားလည်ကြရဲ့လား'

'နားလည်ပါတယ် ဆရာကြီး'

'ဒါကြောင့်ပြောတာ ပြောင်းပြန်တတ်တဲ့သူဟာ သျှိုင်းသိုင်းကိုလဲ တတ် ထားရတယ်၊ ပြောင်းပြန်ကွက်နဲ့ သျှိုင်းသိုင်းကွက်တွေရောပြီး လှုပ်ရှား တိုက် ခိုက်တဲ့နည်းတွေကိုလည်း တတ်ထားတတ်ရတယ်၊ ပြောင်းပြန်တက်ပြီ ဆိုပြီး သျှိုင်းသိုင်းကို ပစ်ပယ်ထားလို့ မရဘူး။ နှစ်ခုလုံးကိုလည်း တတ်၊ နှစ်ခုလုံးကို ရောပြီး ထွင်ထားတဲ့ အကွက်တွေကိုလည်း တတ်မှ သိုင်းဆရာ သိုင်းပညာ သည်အဖြစ် မှတ်ယူလို့ရတယ်'

'ဟုတ်ကဲ့...သဘောပေါက်ပါတယ်'

'ကောင်းပြီ၊ ကဲ ...သင်တန်းစကြစို့'

ပြောပြောဆိုဆို ဆရာချယ် နေရာမှ ထလိုက်သည်။ ဦးလုံ၊ ဦး သောမနှင့် မောင်လေးတို့ သုံးယောက်လည်း မတ်တတ်ရပ်လိုက်ကြသည်။

'တန်းစီ'

သုံးယောက်လုံးတန်းစီလိုက်ကြသည်။

'အသင့်နေ၊ အသင့်နေဆိုတာ အသင့်အနေအထားကို ဆိုလိုတာဖြစ်တယ်။ မတ်တတ်ရပ်လျက်က ခြေနှစ်ဘက်ကို ခွဲရတယ်။ ဘယ်ခြေနဲ့ ညာခြေဟာ အရွယ်ရောက်တဲ့လူကြီးဆိုရင် တစ်တောင့်ထွာကွာ ခွဲပြီး ရပ်ရတယ်။ အဲဒီလို ခွဲရပ်ပြီး လက်နှစ်ဘက်ကို ရှေ့တည့်တည့်ဆန့်၊ ဆန့်ရင် လက်ဖဝါးကို အပေါ်က၊ လက်ဖမိုးကို အောက်ကထားပြီး ပက်လက်အနေအထားဆန့်။ ပြီး တော့ လက်သီးဆုပ်၊ ဆုပ်ပြီး လက်ဖျံကိုကွေး၊ လက်သီးနှစ်လုံးကို ပေါင်ရင်း ခါးစောင်းမှာ ပက်လက်အနေအထားနဲ့တင်၊ ပြီးတော့ တစ်ဆက်တည်း ခြေ နှစ်ချောင်းကို အနည်းငယ်ကွေး၊ ဟော...ဟောဒီလိုလုပ် အဲဒါအသင့်အနေ အထားပဲ'

ဆရာချယ်က ပါးစပ်မှလည်း ပြော၊ လူကိုယ်တိုင်လည်း တစ်ဆင့်ချင်း လုပ်ပြသည်၊ မောင်လေးတို့က သူပြသည့်အတိုင်း လိုက်လုပ်ကြသည်။

'မောင်လေး...မင်းခြေထောက်နှစ်ချောင်းကို ထပ်ပြီး နည်းနည်းခွဲ၊ တစ် တောင့်ထွာ မရှိသေးဘူး'

မောင်လေးက သူ့ခြေထောက်ကို အနည်းငယ် ထပ်၍ ခွဲလိုက်သည်။

'ဟုတ်ပြီ၊ ဘယ်လက်ထောင်၊ ဟောဒီလိုထောင်၊ လက်မောင်းနဲ့ လက်ဖျံ ၉၀ ဒီဂရီ ထောင့်မှန်ကျအောင်ထောင်၊ လက်သီးဆုပ်ထားမြဲ ဆုပ်ထား၊ အေး ဟုတ်ပြီ၊ လက်သီးနဲ့ နဖူးနဲ့ တစ်ထွာကွာရမယ်။ အဲ့ဒါ ထောင့်မှန်ပဲ'

သုံးယောက်လုံး နေသားတကျ ဖြစ်နေကြသည်။ ဆရာချယ်က ဆိုသည်။

'ဘယ်လက်ကို ထောင်ထားသည့် အချိန်မှာ ညာလက်သီးဟာ ညာဘက် ပေါင်ရင်း ခါးစောင်းမှာ ကင်းစောင့်အနေအထား ရှိနေရတယ်။ အဲဒါကိုလည်း မှတ်ထားကြ'

'ဟုတ်ကဲ့ ဆရာကြီး'

'ညွှတ်'

ဆရာချယ်က သူ့ညာဘက်ဒူးကို ညာဘက်သို့ ညွှတ်လိုက်သည်။ ညာ ဘယ်ခြေ ညွှတ်လိုက်ချိန်တွင် သူထောင်ထားသော ဘယ်လက်သည် လက်သီး ဆုပ်လျက်သားဖြင့် ညာဘက်သို့ ဂိုက်ခုတ် ခုတ်လိုက်ပြီး ဖြစ်နေသည်။ ဘယ် ခြေသည်လည်း နောက်သို့ဆန့်ပြီး ဖြစ်နေသည်။ သုံးမျိုးလုံးကို တစ်ပြိုင်တည်း လှုပ်ရှားလိုက်ခြင်းပင်။

ဒူးလည်းညွတ်၊ ဘယ်လက်ကလည်း ပိုက်ခုတ်ခုတ်၊ ဘယ်ခြေကိုလည်း ဆန့်တစ်ပြိုင်တည်း လှုပ်ရှားလိုက်ခြင်းပင်။

'အဲ....အဲဒီအနေအထားကို ခြသေ့်ထိုင် အနေအထားလို့ ခေါ်တယ်၊ ညာခြေကို ညွတ်ထားတယ်။ ဘယ်ခြေနဲ့ ကျားကန်ထားတယ်။ ဘယ်ခြေဟာ ဖြောင့်တန်းနေရမယ်။ ဟုတ်ပြီ'

အားလုံးသည် ခြသေ့်ထိုင် အနေအထားတွင် ရှိနေကြပြီ။ ဘယ်လက်သည် ထောင်လျက်အဆေနအထားမှ ပိုက်ခုတ်လိုက်ပြီး ထောင်လျက် အနေအထားမှာပင်ရှိနေကြသည်။

'ပယ်...ခုတ်....

ဆရာချယ်က ဘယ်လက်ဖြင့် ပယ်၍ ညာလက်ဖြင့် ပိုက်ခုတ်လိုက်သည်။ ဘယ်လက်ဖြင့် ပယ်ရာတွင် ဘယ်ဘက်ဒူးကို ညွတ်ရသည်။ ညွတ်သောဒူး၊ ပယ်သောလက်၏ တတောင်ဆစ်နှင် ဘယ်ခြေဖဝါး၏ ခြေဖျားများသည် ရေချိန်ညီနေ တစ်တန်းတည်း တည်ရှိနေသည်။

ပယ်ခြင်း၏ နောက်မှ 'ခုတ်' ခြင်းသည် တစ်ဆက်ထဲ လိုက်ပါသွားသည်။ ညာလက်ဖျံ၏ အပြင်ဘက်ဖြင့် ပိုက်ခုတ် ခုတ်လိုက်ခြင်းပေပင်။

ပိုက်ခုတ်သော ညာလက်သည် ဘယ်ဘက်ပုခုံးစွန်းနှင့် တညီတည်းရှိနေသည်။ ခြေမသည် ရှေ့ဘက်သို့ ဖြောင့်တန်းစွာ ထောင့်မှန်ပုံသဏ္ဍာန်ရှိနေသည်။

ညာခြေကို မ, သည်။ ညာလက်ဖြင့် အောက်သို့ ရိုက်ချသည်။ ညာခြေသည် မူလနေရာသို့ ပြန်၍ ကျနေပြီ။ ဤသို့ ညာခြေပြန်ချင်းကို ခွဲသည်ဟု ခေါ်သည်။ သည်အခါ ဘယ်ဘက်သို့ ဒူးညွတ်လိုက် ဘယ်ဘက်သို့ ခြသေ့်ထိုင် အနေအထေား ရောက်ရှိသွားသည်။ ပယ် ခုတ် မ ခွဲ နည်းဖြင့် ပယ်ခုတ် နှစ်ကွက် စတင် လှုပ်ရှားခြင်းပင်။

ဆရာချယ်က နှစ်ကွက် လှုပ်ရှားမှုကို အကြိမ်ကြိမ် အဖန်ဖန် နမူနာ လှုပ်ရှားပြသည်။ မောင်လေးတို့ သုံးယောက်ကလည်း အကြိမ်ကြိမ် လေ့ကျင့်ကြသည်။

တစ်ခဏအတွင်းမှာပင် ပယ်ခုတ် နှစ်ကွက် လှုပ်ရှားမှုကို နားလည်သွားကြသည်။

နစ်ကွက် လှုပ်ရှားမှု အလေ့အကျင့်ရသွားသောအခါ ဆရာချယ်က ပယ်ခုတ် မ ခွဲ သုံးကွက် လှုပ်ရှားမှုကို ဆက်၍ ပြသည်။

ပယ် ခုတ် မ ခွဲ သုံးကွက် လှုပ်ရှားရန် အသင့်အနေအထားတွင် ရှိနေကြသည်။ ဘယ်လက်ကို ထောင်ထားသည်။ ထောင်ထားသော လက်ဖြင့် ပယ်၍ ညာခြေတက်ပြီးလျှင် ညာလက်ဖြင့် ခုတ်သည်

ခုတ်သောအခါ တတောင်ဆစ်၊ ဒူး၊ ခြေဖျား ရေရှိန် တညီတည်း တသားတည်းရှိအောင် ဆရာချယ်က ပြုပြင်သင်ပြပေးသည်။ သို့မှာသာလည်း ရန်သူ၏ တိုက်ခိုက်မှုကို လွတ်ကင်းအောင် ကာကွယ်နိုင်မည်။

တက်ထားသော ညာခြေကို မ သည်။ ညာလက်ဖြင့် အောက်သို့ ရိုက်ချသည်။ ညာခြေကို မူလနေရာသို့ ပြန်ချသည်။ ယင်းသည်ပင် သုံးကွက် လှုပ်ရှားကစားခြင်း ဖြစ်သည်။

သုံးကွက်လှုပ်ရှားမှုကို အကြိမ်ကြိမ် ထပ်မံ လေ့ကျင့်ကြပြသည်။ တော်တော်ပင်ကြအောင် လေ့ကျင့်ကြရသည်။

'ကဲ ....ဒီနေ့ ငါးကွက်အထိ သင်မယ်၊ အသင့်နေ'

အားလုံး အသင့်အနေအထား ပြန်ယူကြသည်။ ဆရာချယ်၏ ဘယ်လက်က အသင့်ထောင်ပြီး ဒူးကလည်း ညာဘက်သို့ ညွှတ်သော အနေအထားတွင် ရှိပြီးဖြစ်နေသည်။

သည်နောက် ဘယ်လက်ဖြင့် ပယ်၊ ညာခြေတက်ပြီး ညာလက်ဖြင့် ခုတ်သည်။

ထိုအခါ အပြင်လေးကွက်၊ အတွင်းတစ်ကွက်၊ ထိုငါးကွက်၏ အလယ်ဗဟိုချက်အကွက်သို့ ရောက်နေသည်။ ၎င်းနောက် ညာခြေကို မ, ခွဲသည်။ ညာခြေကို မ,ခွဲလိုက်သောအခါ နဂိုမူရင်း နေရာသို့ ပြန်ရောက်သွားသည်။

တစ်ဖန် ဘယ်လက်ဖြင့် ပယ်၊ ညာခြေတက်၊ ညာလက်ဖြင့် ခုတ်ပြန်သည်။ ထိုသို့ ခုတ်လိုက်သည်နှင့် ခန္ဓာကိုယ်သည် ငါးကွက်၏ ထိပ်ဆုံးနစ်ကွက်သို့ ရောက်ရှိသွားသည်။

ပြီးနောက် နောက်လှည့်၍ မ, ခွဲပြန်သည်။ မ, ခွဲလိုက်သည်နှင့် မူလအနေအထေားအတိုင်း ဖြစ်သွားပြန်သည်။ ၎င်းအတိုင်း လှုပ်ရှားရင်း ပထမအစနစ်ကွက်သို့ ပြန်လည် ရောက်ရှိသွားသည်။

'ပယ်ရင် လက်ကိုလှည့်ပြီး လက်ကောက်ဝတ်နဲ့ ပယ်ရတယ်။ ခုတ်ရင်လည်း ညာလက် လက်ကောက်ဝတ်နဲ့ ခုတ်ရယတ်။ ပယ်တဲ့အခါ ထောင်နေတဲ့ လက်သီးဟာ ကိုယ့်မျက်နှာနဲ့ မျက်နှာချင်းဆိုင် ရှိနေရတယ်။ ပယ်တိုင်းပယ်တိုင်းလည်း လှည့်ပြီးတော့ ပယ်ရမယ်။ နားလည်ကြသလား'

'ဟုတ်ကဲ့ ဆရာကြီး'

'ခုတ်ရင်တော့ ညာလက်ကို ရိုက်ပြီး ခုတ်ရတယ်။ ခုတ်တဲ့ လက်သီးဟာ ကိုယ့်မျက်နှာနဲ့ ပြန်တွေ့နေရမယ်။ ဘယ်လက်ပယ်ရင် ဘယ်ကို ညွှတ်တယ်။ ညာလက်ပယ်ရင် ညာကို ညွှတ်တယ်။ ခုတ်တဲ့အခါ ခုတ်တဲ့ဘက်ကို ညွှတ်တယ်။ ကဲ ငါးကွက်လှုပ်ရှားတာ ထပ်လေ့ကျင့်ကြမယ်'

တစ်ညနေလုံး နှစ်ကွက်လှုပ်ရှားနည်း၊ သုံးကွက်လှုပ်ရှားနည်း နှင့် ငါးကွက်လှုပ်ရှားနည်းများကို ဆရာချယ်က အစုန်အဆန် လေ့ကျင့်ပေးသည်။ ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးသည်။

ချွေးပြိုက်ပြိုက်ကျကြရသည်။ အမောဆို့ မတတ် ပင်ပန်းကြရသည်။

ဆရာကြီး ဆရာချယ်ကိုယ်တိုင်လည်း တပည့်သုံးဦးနှင့်အတူလိုက်၍ လှုပ်ရှားပြသည်။ ဆရာဆိုပြီး အသက်သာမခို။ ကြည့်ရုံမှ ပြုပြင်ပေးရုံမျှမဟုတ်။ အပင်ပန်းခံ၍ သင်ကြားပေးသည်။

မိုးချုပ်မှ ပထမနေ့သင်တန်းကို ရပ်နားပေးသည်။ မောင်ေးလေတစ်ယောက် ခြေကုန်လက်ပန်းကျမတတ် ဖြစ်သွားသည်။

မစားသာ၊ မစားသာပါတကား။ မလွယ်၊ မလွယ်လှပါတကားဟူ၍ စိတ်ထဲမှ ညည်းလိုက်မိသည်။

'ဟော့ - တိုက်ကြက်ကလေး၊ ဘယ့်နယ် လန့်သွားပလားကွ၊ ဟဲ-ဟဲ-ဟဲ'

ဆရာကြီး ဆရာချယ်က မောင်လေးကို ကြည့်ပြီး ပြောသည်။

'တိုက်ကြက်ပဲ ဆရာကြီးရယ်၊ လူဆိုတာ ချွေးနဲ့ရင်းရတယ် မပြောပလောက်ပါဘူး။ တချို့နေရာတွေမှာ သွေးနဲ့။ တချို့နေရာတွေမှာ အသက်နဲ့တောင် ရင်းကြရသေးတာပဲဟာ'

'အေး-ဟေး-ဟေး၊ အခု ငါပြတာက အကင်းပဲ ရှိသေးတယ်။ နောက်ကျတော့ တစ်ဆင့်ပြီး တစ်ဆင့် လာလိမ့်မယ်။ ချွေးထွက်များမှ သွေးထွက်နည်းတယ်ဟေ့'

'ချွေးရော သွေးရော ထွက်တော့ မြန်မြန်တတ်တာပေါ့ ဆရာကြီး'

မောင်လေးကား ဘယ်တော့မျှ အလျှော့မပေး။ အလျှော့ပေးသော စကားကိုဆိုခြင်းသည် မိန်းမဆန်သည်။ မိန်းမရှာဆန်သည်ဟု ထင်သည်။

သို့ရာတွင် ပါးစပ်ကသာ အညွှံမခံ ပြောရသည်။ စိတ်ထဲတွင်ကား အနည်းငယ်ဖြုံမိသည်။

၆

ပြောင်းပြန်ပညာကို သင်နေသော်လည်း မောင်လေးတစ်ယောက် နေ့စဉ်လုပ်ငန်းကိုကား မလုပ်ဘဲ မနေရ။ ထင်းခွေ ရေခပ် အမြဲလုပ်ရသည်။ နွေကာလဖြစ်သောကြောင့် လယ်ယာလုပ်ငန်းခွင်သို့ကား မဂင်ရသေး။

ယင်းကြောင့် ညနေပိုင်းတွင် အားလပ်ခွင့်ရနေခြင်း၊ သိုင်းသင်ချိန်ရနေခြင်းဖြစ်သည်။

ဒုတိယနေ့တွင် ဆရာကြီးဦးချယ်က ထူးထူးထွေထွေမသင်။ နှစ်ကွက်ကစားကွက်ဖြစ်သော ပယ်-ခုတ်ကိုသာ တညနေလုံး လေ့ကျင့်စေသည်။ ဦးလုံနှင့် ဦးသောမလည်း သည်အတိုင်းပင် လေ့ကျင့်ကြရသည်။

သိုင်းသင်သူဆိုသည် သင်ချိန်တွင်သာ လေ့ကျင့်သည်မဟုတ်။ အားအားရှိတိုင်း လေ့ကျင့်နေတတ်ကြမြဲ ဖြစ်သည်။ ထင်းခွေရင်းလည်း ၊ ရေခပ်ရင်းလည်း ခုန်ပေါက်နေရတတ်ကြသည်သာ ဖြစ်သည်။

တတိယနေ့ နေ့လည်တွင်ကား ဦးလုံအိမ်တွင် ပြထားသော ပွဲကို ပြန်၍ချကြရသည်။

ဦးလုံ ဦးသောမ နှင့်မောင်လေးတို့ သုံးဦးလုံးအား ဆရာချယ်က တင်ထားသောပွဲကို လက်နှစ်ဘက်ဖြင့် ကိုင်ထားရန်ပြောသည်။ ကိုင်ထားကြရသည်။ သည်မှာ ဆရာချယ်က သူ့နှုတ်မှ ရွတ်သည်။

'ခွန် (န်) ဆွန် ၊ခွန် (န်) ဆံ၊ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ၊ ပင့်တလိုင်းမှာ တက်စိုးအုပ်သည့် ကိုးမြို့ရှင်၊ ရွှေနားပေ၊ ရွှေနော်ဇာ၊ တောင်ငူလက် ခြောက်ဖက်၊ ကျစ်ဆံနီနတ်အပေါင်း ၊ ကြားစေရမည်။ သိစေရမည်။ မြင်စေရမည်။ တုတ်၊ ဓား ၊ လှံဘေး၊ ဓားမြှောင်၊ လေးမှ စ၍

စောင့်ရှောက်ကြစေ။ မစောင့်ရှောက်ခဲ့ပါက တစ်စတစ်ကျွန်းနှင့် နတ်ကျွန်း
နတ် ပွဲ ဖြစ်စေသတည်း၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ နတ်အပေါင်းလည်း
ကြားစေရမည်၊ သိစေရမည်၊ မြင်စေရမည်။ စောင့်ရှောက်ကြစေ ၊ဘုရား
ငါးဆူး အမိန့်တော်'

သည်လိုရေတွက်ပြီး ဆရာချယ်က ပွဲကိုချသည်။ ပွဲအတွင်းပါသော ငှက်
ပျောသီးသည် အစက အစိမ်းကိုတင်ထားရခြင်း ဖြစ်သည်။ သုံးရက်မြောက်
နေ့တွင်ကား ငှက်ပျောဖီးများသည် မှည့်ဂင်းစပြုပြီ။ ထို မမှည့်တမှည့် ငှက်
ပျောသီးများကို သုံးယောက်လုံး စားကြရသည်။ အုန်းသီးကို ခွဲ၍လည်း အုန်း
ရည်ကိုသောက် အုန်းဆန်ကို စားကြရသည်။

ညနေပိုင်းတွင် ဦးသောမ၏ လယ်တဲသို့ စုပေးရောက်ရှိကြပြန်သည်။
ယမန်နေ့ကလိုပင် ဆရာကြီးဦးချယ်က နှစ်ကွက်လှုပ်ရှားနည်း။ ပယ်-
ခုတ်- မ-ခွဲကိုပင် လေ့ကျင့်ခိုင်းသည်။

မောင်လေးတို့ သုံးယောက်သား ပယ်- ခုတ်-မ-ခွဲ လေ့ကျင့်ရင်းပင်
တစ်ညနေ ကုန်ဆုံးသွားပြန်သည်။

နောက်တစ်နေ့တွင်လည်း ပယ် ခုတ် မ ခွဲ။

နောက်တစ်နေ့ ထပ်မံ၍ ကူးပြောင်းလာပြန်သည်။ ပယ် ခုတ် မ ခွဲ၊

သည်လိုနှင့် ခြောက်ရက်မြောက်နေ့သို့ ရောက်ရှိလာသည်။ ဦးလုံနှင့်ဦး
သောမတို့ကား မည်သို့သော စိတ်ထားရှိကြလေမည် မသိ။ မောင်လေးကား
စိတ်ပျက်စ ပြုလာသည်။

ဆရာကြီးသည် နည်းနည်းတော့ ကြီးကျယ်လွန်းပြီဟု သူက ထင်သည်။
ဤသုံးယောက်သည် နလဘိန်းတုံးများ မဟုတ်။ သျှိုင်းသိုင်းပညာကို ရေလည်
စွာ တတ်ကျွမ်းထားကြပြီးသူများဖြစ်သည်။

ယခုမှ သိုင်းပညာကို စတင်သင်ကြားသူများ မဟုတ်။ အရိုင်း သက်
သက်များ မဟုတ်။

သို့လျက်နှင့် တစ်နေ့လာလည်း ပယ် ခုတ် မ ခွဲ၊ နှစ်နေ့လာလည်း ပယ်
ခုတ် မ, ခွဲကိုချည်း လေ့ကျင့်နေကြရသည်။

နှစ်ကွက်မှသည် သုံးကွက်သို့ပင် တက်၍ လေ့ကျင့်ခြင်း မပြုရ။ ငါးကွက်
သို့ တက်ရန်ဆိုသည် ဝေလာဝေး။

ဆရာကြီးသည် တစ်ပိုင်းပြည့်ပြီး ငွေပိုရအောင် သက်သက် အချိန်ဆွဲထားခြင်းပေလော။ ဆရာကြီးသည် အသပြာ ဆရာကြီးပေလား။

သိုင်းပညာဆိုလျှင် မည်သည့် သိုင်းပညာမျှ မတတ်ဘူး။ အရိုင်းသက်သက်ဖြစ်နေသူများဆိုလျှင် ထားတော့၊ ယခုတော့ သျှိုင်းသိုင်း ကျွမ်းကျင်ပြီးသူများကို အချိန်ဆွဲ၍ သင်နေခြင်းမှာ အချိန်ဖြုန်းရာလည်းရောက်သည်။

ယခင်းသို့ မောင်လေးက စိတ်ထဲမှ တွေးမိသည်။ စိတ်မပါတပါနှင့်ပင် ဦးသောမ၏ လယ်တဲသို့ ရောက်ရှိသွားသည်။ လူစုံပြီ။ ဆရာကြီးက ပြောသည်။

'ကဲ…ပယ် ခုတ် မ ခွဲ နှစ်ကွက်ပဲ ဆက်လေ့ကျင့်ကြ၊ ကြည့်နေမယ်'

မောင်လေး၏ စိတ်ထဲမှ၊ ရော…လာပြန်ချေပြီဟူ၍ တွက်လိုက်သည်။ သို့ရာတွင် ဘာမျှတော့ နှုတ်ကမပြော။ ဆရာဖြစ်သူ၏ အမိန့်အတိုင်းပင် ပယ် ခုတ် မ ခွဲ လေ့ကျင့်ခန်းကို ဆက်၍ လေ့ကျင့်နေသည်။

လေ့သာလေ့ကျင့်နေရသည်။ စိတ်ထဲကမူ သိပ်မပါလှ။ ဒါကို ဆရာကြီးက သိ၍လားပင်လား။ မသိဘဲနှင့်ပင်လားတော့ ခန်းမှန်းရ မရ။ အတန်ငယ်မျှ ကြာသွားသည်။

သည်မှာ ဆရာကြီးက မောင်လေး တစ်ယောက်တည်းကို ကွက်၍မေးသည်။

'မောင်လေး'

'ခင်ဗျာ…ဆရာကြီး'

'မင်း ပယ် ခုတ် မ ခွဲ ရပြီလားကွ'

'ဟုတ်ကဲ့….ရပါပြီဆရာကြီး'

'အေး….ဒါဆိုရင် ဒီကိုလာခဲ့'

မောင်လေးက ဆရာချယ် ထိုင်နေသော နေရာသို့ လျှောက်သွားသည်။ ဆရာချယ်က ရေနွေးကြမ်းသောက်နေရာမှ ထ၍ ရပ်လိုက်သည်။

'ကဲ …. လုပ်စမ်း၊ ပယ် ခုတ် မ ခွဲ'

မောင်လေးက နှစ်ကွက်လှုပ်ရှားမှု ပယ် ခုတ် မ ခွဲကို ဘယ်လုည့် ညာလှည့် အပြန်ပြန် အလှန်လှန် လုပ်၍ ပြသည်။ ဆရာချယ်က စိုက်၍ ကြည့်နေသည်။

'ရမလားကွာ၊ မောင်လေး'

'ဟုတ်ကဲ့ ...ရပါပြီ ဆရာကြီး'

'မင်းကိုယ်မင်း ယုံကောယုံပြီလားကွ'

'ယုံပါပြီ ဆရာကြီး'

'အေး...ကောင်းတယ်'

မောင်လေးက ဘယ်လှည့် ညာလှည့် ပယ် ခုတ် မ ခွဲ ကစားစဉ် ဆရာချယ်က လှစ်ကနဲ သူ့ ညလက် လက်ခလယ်အဆစ်ဖြင့် မောင်လေး၏ ဦးခေါင်းကို မိုး၍ ခေါက်လိုက်သည်။

'တောက်'

'မောင်လေးက သူ့ဘယ်လက်ဖြင့် ဆရာချယ်၏ ညာလက်ကို ပယ်သည်။ ညာလက်ဖြင့် တစ်ဆက်တည်း ခုတ်သည်။

ပယ်၍လည်းရသည်။ ခုတ်၍လည်း မိသည်။ သို့ရာတွင် သူ့ဦးခေါင်းထိပ်ကိုကား ဆရာချယ်၏ လက်ခလယ် လက်ဆစ်က ထိပြီး ခေါက်မိသွားလေးပြီ။

'ပယ်တယ်ဆိုတာဟာ မျက်နှာရော လုံအောင်ပယ်ရတာ မဟုတ်ဘူးကွ၊ ခေါင်းရော မျက်နှာရော လုံအောင်ပယ်ရတယ်။ မင်းပယ်နေပုံက မျက်နှာတစ်ခုထဲပဲ လုံတယ်။ ခေါင်းပါ မလုံဘူး။ ခေါင်းကို ထိပြီးမှ ပယ်နိုင်ခုတ်နိုင်တယ်ဆိုတာဟာ အလကားပေ့ါကွ။ ကိုယ့်ထိပြီးမှတော့ ဘာလုပ်ဖို့လဲ။ မင်းက မင်းကိုယ်မင်း လုံပြီ၊ ရပြီထင်နေတာ ငါသိတယ်။ ရှေ့ဆက်ပြီး အကွက်သစ်တွေ သင်မပေး၊ တက်မပေးတာကို မင်း မကျေမနပ်ဖြစ်နေတာ ငါသိတယ်။ ပယ်တယ်ဆိုတာ နာရီလက်တံလို သက်တန့်ကိုင်းလို ဖြစ်ရမယ်။ ခေါင်းပါလုံရမယ်။ မင်း ပယ်နေပုံကတော့ စက်ပိုင်းခြမ်းလို မဟုတ်ဘဲ မျဉ်းတပြေးတည်း ဖြစ်နေတယ်။ ဒါကြောင့် ခေါင်းမလုံတာ'

ဆရာချယ်က မျက်နှာထားတင်းတင်းဖြင့် ခပ်မာမာဆိုသည်။ မောင်လေး ငိုင်နေသည်။

'ပြောင်းပြန်ဆိုတာ အမြင်လွယ်တယ်။ အလုပ်ခက်တယ်။ မြင်ကြည့်ရင် လွယ်လွယ်လေးလို့ ထင်ရတယ်။ လက်တွေ့လုပ်ကြည့်တော့မှ ဘယ်လောက်ခက်တယ်ဆိုတာဟာ သိရတယ်။ ကဲ....အခု မင်းစသိပြီ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး'

'ပြောင်းပြန်ကို ပါဋ္ဌိသိုင်းလို့လို့ ခေါ်ရင်လည်းရပါတယ်။ ပါဋ္ဌိဆိုတာ

အနက်အဓိပ္ပါယ် ဖွင့်ဆိုတတ်မှ ဗမာလို ရေရေလည်လည် သဘောပေါက်နိုင်တယ်။ ဂါမာနဆိုတဲ့ စကားကိုကြည့် ဂိဆိုတာ ပါဠိလို အဓိပ္ပါယ်ဖွင့်ရင် ကင်းမဲ့တဲ့သဘော၊ မာနဆိုတာ ထောင်လွှားတဲ့သဘော၊ ဥပမာ ဂိဆိုတဲ့ အက္ခရာ တစ်လုံးထဲကို အနက်အဓိပ္ပါယ်နှစ်မျိုး ဖွင့်ဆိုလို့ရတယ်။ ဒါကြောင့် ဂိမာနဆိုတာဟာ ထောင်လွှားမှုကင်းတဲ့ သဘောလို့ယူတယ်။ အဲဒါ ဂိပဲ။ ဉာဥ်ဆိုတာ အသိဉာဏ်၊ ဂိဉာဥ် ဆိုတာဟာ အသိဉာဏ်ကင်းမဲ့တဲ့ သဘော ယူလို့ရတယ်။ အဲ့...အဲ့ဒီဂိပဲ။ ဂိသုဒ္ဓိကျတော့ ဂိဆိုတာ အထူး၊ သုဒ္ဓိ ကျတော့ အထူး ဖြူစင်သန့်ရှင်းစင်ကြတယ်တဲ့ သဘောလို့ အဓိပ္ပါယ် ဖွင့်ဆို ပြန်တယ်။ မင်းနားလည်ရဲ့လား'

'အဲ....ပြောင်းပြန်ဆိုတာလည်း စောစောက ရှင်းပြတဲ့ ပါဠိလိုပဲ။ ပြောင်းပြန်ရဲ့ အနက်အဓိပ္ပါယ်ကို နားလည်ရင် လိုသလို သုံးလို့ရတယ်။ မင်း အခု သင်နေတဲ့ ပယ် ခုတ် မ ခွဲရဲ့ သဘောကို သေသေချာချာ သဘောပေါက် ပြီဆိုရင် ရှေ့ဆက်သင်မယ့် အဆင့်မြင့် လက်တွေ့ဖြစ်တဲ့ ပယ်ခုတ် အောက် ခတ် ဂိုက်ခုတ်၊ ပယ်ခုတ် ခတ်ရိုးရိုး၊ ပယ်ခုတ်အောက်ခတ် အထက်ခတ် ဂိုက် ခုတ် စတဲ့ လက်သိုင်းကွက်တွေကို ရေရေလည်လည် သဘောပေါက် အသုံးချ နိုင်မယ်။ ပမာဆိုရင် ကကြီးဆိုတဲ့ အက္ခရာကို ပိုင်ပိုင်နိုင်နိုင် ရေတတ်တဲ့ သူဟာ အဲဒီ ကကြီးကို တစ်ချောင်းငယ်ပြီး ကုလုပ်လို့လည်း တယ်။ လုံးကြီး တင်ပြီး ကီလုပ်လို့လည်းရတယ်။ ရေးချ၊ ဝစ္စနစ်လုံးပေါက်ပြီး ကားလုပ်လို့လည်း ရတယ်။ ဉာဏ်ရှိသလို သုံးလိုရရတယ်။ တကယ်တော့ ပယ် ခုတ် မ ခွဲဆို တာ ပြောင်းပြန်ရဲ့ အသက်ပဲကွ။ ကွဲအောင်လုပ်တာလည်း သူပဲ။ လဲအောင် လုပ်တာလည်း သူပဲ။ ကျိုးအောင် လုပ်တာလည်း သူပဲ။ ဟော မင်းရင်ဘက် မှာ ဘာတွေလဲ မောင်လေး'

ဆရာချယ်က စကားပြောရင်း၊ မောင်လေး၏ ဘယ်ဘက်ရင်ဘက်ကို လက်ညှိုးထိုးပြသည်။ မောင်လေးက သူ့ရင်ဘက်ကို ငုံ့ကြည့်သည်။

မောင်လေး အံ့ဩသွားသည်။ ချွေးဖြင့် ရွှဲရွှဲဆိုနေသော သူ့ရင်ဘက်တွင် အနီရောင်ကွက်တွေ စွန်းထင်း၍နေသည်။

'ကွမ်းသွေးတွေလားကွ'

ဆရာချယ်က ထပ်မေးသည်။ မောင်လေး တစ်ချက် တွေသွားပြီး သူ့ဦးခေါင်းထိပ်ကို ဘယ်လက်ဖြင့် စမ်း၍ ပွတ်ကြည့်သည်။ ဖျင်းကနဲ ဖျင်းကနဲ စပ်လာသည်။ သွေးစက်များ အင်္ကျီပေါ်သို့ ထပ်မံ၍ ကျလာသည်။

သူက သူ့လက်ကို ပြန်ရုပ်၍ လက်ဖျားကို ကြည့်သည်။ နီရဲသော သွေးများ စိုရွှဲနေသည်ကို မြင်တွေ့ရသည်။ သည်တော့မှ မောင်လေး မျက်လုံးပြူးသွားသည်။

ဆရာကြီးသည် ဇောတိကုန်းရွာသို့ ရောက်ရှိသောနေ့က အုန်းသီးများကို လက်သီးဖြင့် ထိုးခွဲပြပုံ၊ နာနတ်သီးများကို လက်ညှိုးဖြင့် ထိုးပြပုံ၊ သရက်ပင်ကို ဟောက်ခနဲ ဟောက်ခနဲ ဖြစ်သွားအောင် လက်ထိပ်ဖြင့် ထိုးပြပုံများကို မျက်လုံးအစုံထဲတွင် ပြေး၍ မြင်ယောင်လာသည်။

'ဟာ....ဆရာကြီး ကျွန်တော့်ခေါင်း ပေါက်သွားပြီ'

'အေး- ဟေး-ဟေး- ခေါင်းပေါက်သွားသလား။ ကဲ- ပေါက်သွားရင် အဲ့ပဒီဒဏ်ရာကို သကြားနှစ်ပြားဖိုးလောက် ဂယ်ပြီး သိပ်လိုက်ပေါ့ မကြာခင် ပျောက်သွားမှာပါ။ မင်းဒီနေ့တော့ နားတော့ ပြန်တော့'

ပထမတွင် မောင်လေး ကြောင်နေသည်။ ပြန်လည်း မပြန်၊ ဘာမှုလည်း မပြော။

'ပြန်လေကွာ....သကြားသိပ်လိုက်'

ဆရာကြီးက ထပ်မံ၍ ပြောမှ မောင်လေး သတိဂင်လာသည်။

'ဟုတ်....ဟုတ်ကဲ့ဆရာကြီး'

မောင်လေး လယ်တဲမှ ရွာက်ဘသို့ ထွက်လာသည်။ ရွာသို့ရောက်သော် အိမ်ဈေးဆိုင် တစ်ဆိုင်တွင် သကြားနှစ်ပြားဖိုး ဂယ်သည်။

'ဘာလုပ်ဖို့လည်း သားရဲ့၊ စားမလို့လား'

'ဟုတ်ကဲ့ အမေ၊ သံပရာရည် ဖျော်သောက်မလို့ပါ'

မောင်လေး ဆိုင်ရှင်အဖွားကြီးကို ညာလိုက်သည်။ သူ့ကိုယ်တွင်လည်း သွေးစသွေးန များမရှိတော့ ။ စွပ်ကျယ်ကို ချွတ်ပြီးဖြစ်သည်။ စွပ်ကျယ်ဖြင့်ပင် သူ့ဦးခေါင်းမှ ဒဏ်ရာကို သွေးတိတ်အောင် သုတ်ထားပြီး ဖြစ်သည်။

စွပ်ကျယ်တစ်ထည်လုံး ရွှဲရွှဲနစ်သွားမှ သွေးတိတ်သွားသည်။ စွပ်ကျယ်ကိုလည်း လွှင့်ပစ်ခဲ့ပြီ။

သူက သကြားနစ်ပြားဖိုးဂယ်ပြီး သစ်ပင်ကြီးတစ်ပင်၏ ခြေရင်တွင် သွား၍ထိုင်သည်။ ဦးခေါင်းမှ ဒဏ်ရာကို သကြားဖြင့် သိပ်၍သိပ်၍ ထည့်ပေးသည်။ သကြားနစ်ပြားဖိုး ကုန်သွားသည်။

သည်ဒဏ်ရာသည် သေရာပါမည့် ဒဏ်ရာဖြစ်ကြောင်း မောင်လေး အစက မသိခဲ့။ နောက်အသက်ကြီးလာသောအခါမှ သူ့ဦးခေါင်းတွင် အမာရွတ်သည် ခွက်၍ ကျန်နေကြောင်း မောင်းလေးသိနားလည်လာသည်။

ပညာဆိုသည်မှာ ပညာပင်ဖြစ်ပါလေသည်တကား။ ဆရာဆိုသည်မှာလည်း မိမိထက် တတ်ကျွမ်းသူဖြစ်ခြင်းကြောင့် ဆရာဖြစ်နေခြင်းပါတကား။

ပညာကို ပေါ့ပေါ့ဆဆ သဘောထားမိခြင်းမှာ မိမိ၏အမှားပင်ဖြစ်သည်။ မိမိအမှားကို မိမိမြင်ရသည်။ အလေးအနက်ထား၍ သင်ကြားရမည်။

သည်လို မောင်လေး ဆုံးဖြတ်လိုက်သည်။ အနာမကျက်သေးသော်လည်း သူက နောက်တစ်နေ့တွင် သင်တန်းဆက်၍ တက်သည်။ လေ့ကျင့်မြဲ လေ့ကျင့်သည်။

မသင်တော့လည်း မသင်၊ တက်မပေးတော့လည်း မပေးနှင့် တကယ်တန်း တက်ပေးသောအခါ၌ကား နောက်မှ ကျားလိုက်သည့်ပမာ တစ်ကွက်ပြီးတစ်ကွက် တက်ပေး သင်ပေးတော့သည်။

ရက်အနည်းငယ်အတွင်း ပထမအဆင့် သင်ရိုးပြီးဆုံးသွားသည်။ ပထမအဆင့် သင်ရိုးတွင် နစ်ကွက်၊ သုံးကွက်၊ ငါးကွက် အပိုင်း ၃ နစ်ကွက် အဖြောင့်၊ ရှစ်ကွက်၊ ဆယ်နစ်ကွက် စသည်များ ပါဂင်သည်။

ပထမအဆင့် လက်သိုင်းအဆင့် ပြီးသွားသောအခါ ပထမအဆင့် တုတ်သိုင်းကို သင်ပေးသည်။ ပထမအဆင့် တုတ်သိုင်း တတ်မြောက်သွားမှ ပထမအဆင့် ဓားနစ်လက်သိုင်း ဆက်၍ သင်ပေးသည်။

ပထမအဆင့် တုတ်သိုင်းတွင်လည်း ရှမ်းကြီးသိုင်းသည် လေးကွက်မှ စပြီး ပြောင်းပြန်သည်  နစ်ကွမှပင်စသည်။  လေးကွက်နှင့် နစ်ကွက်ဖြစ်၍ ပြောင်းပြန် ဆန့်ကျင်ဘက်ဖြစ်နေသည်။

တုတ်ကို ကိုင်ရာတွင်လည်း ပြောင်းပြန်ပင်ကိုင်သည်။ ရှမ်းကြီးသိုင်းသမားတို့သည် တုတ်ကို ကိုင်ရာတွင် တုတ်၏ အလယ်၌ လက်နစ်ဖက် တစ်တောင်ကွာခန့် ခွာပြီးကိုင်၍ နစ်ဖက်စ တုတ်ဖြင့်ရိုက်သည်။ ပြောင်းပြန်သမားကား

တုတ်၏ တစ်ဖက်စွန်းကို လက်နှစ်ဖက်ဖြင့် ကိုင်၍ တစ်ဖက်စတုတ်ဖြင့်သာ ရိုက်သည်။

ရှမ်းကြီးတွင် တုတ်သိုင်းစသင်လျှင် နှစ်ယောက်ယှဉ်၍ ရိုက်ရ ကစားရသည်။ ပြောင်းပြန်တွင်ကား တစ်ယောက်တည်း သင်၍ ကစား၍ ရသည်။

ရန်သူတစ်ယောက်သည် ရှမ်းကြီးသိုင်းသမားအား တုတ်ဖြင့် ရိုက်သည်။ ရန်မူသည်ဆိုအံ့။ ရှမ်းကြီး သိုင်းသမားသည် ထိုရိုက်လာသော ရန်သူ၏ တုတ် တစ်ဖက်စဖြင့် ခံသည်။ အားနှင့်လာသော ရိုက်ချက်ကို အားဖြင့်ပင် ပြန်၍ ခံသည်။ တားသည်။ ပြီးမှ ကျန်တစ်ဖက်စ တုတ်ဖြင့် ပြန်၍ ရိုက်သည်။

ရှမ်းကြီး၏ သဘာဝသည် တုတ်ချက်ကို တုတ်ချက်ချင်း ခံရိုက် ရိုက်ခြင်းပင်။ ပြောင်းပြန်သမားကား ထိုသို့မဟုတ်။ တုတ်ကို ဆန်၍ မရိုက်။ တုတ်ကို စုန်၍သာ ရိုက်သည်။

ရန်သူတစ်ယောက်သည် ပြောင်းပြန်သမား တစ်ယောက်ကို တုတ်ဖြင့် အပေါ်မှ မိုး၍ဖြစ်စေ ၊ သို့မဟုတ် စလွယ်ဖြစ်စေ၊ သို့တည်းမဟုတ် ခါးကို ပိုင်း၍ ရိုက်သော သဘောဖြစ်စေ ဝင်ရိုက်သည်ဆိုလျှင် ပြောင်းပြန်သမားသည် ရန်သူ၏ ရိုက်ချက်ကို အားပြိုင်၍ တုတ်နှင့်တုတ်ချင်း ခံမရိုက်၊ ဆန်၍ မရိုက်၊ လမ်းကြောင်းပြောင်းပြီး ရှောင်သည်။ ရှောင်ရင်း လိမ်၍ရိုက်သည်။ ပတ်၍ ရိုက်သည်။ စီး၍ရိုက်သည်။ ပင့်၍ရိုက်သည်။ တုတ်ဖျားဖြင့်လည်း ထိုးလိုက် ထိုးနိုင်သည်။

အားချင်းဆိုင်၍ ခံခြင်းသည် အားချင်းမမျှပါက မိမိထက် ခွန်အားသာသူကိုပင် ယှဉ်ပြိုင်၍ရသည်။ သူ့ရိုက်ချက်ကို ရှောင်၍ ကိုယ့်ရိုက်ချက်ဖြင့် ရိုက်ခြင်းပင်။ ထိုသွားလျှင် အထိနာလောက်သည်ပင်။

ရှမ်းကြီးသိုင်းတွင်လည်း တစ်ဖက်စ တုတ်ရှိသည်။။ တောရိုင်းကြီး တုတ်၊ တောရိုင်းကြီးအကွက်ဟူ၍ ခေါ်သည်။

ထိုတောရိုင်းကြီးကွက်ဖြင့် တုတ်ကို ပေ့ရမ်းသောအခါ တုတ်ချက်သည် အပေါ်မှ အောက်သို့ စုန်၍ ပေ့ရမ်းပြီး တိုက်ခိုက်သည်။ ပြောင်းပြန်တုတ်သိုင်း၏ ညာစုံလိမ်၊ ဘယ်စုံလိမ် ပေ့ရမ်းတိုက်ခိုက်ရာတွင်ကား အောက်မှ အပေါ်သို့သာ ဆန်၍ ရိုက်သည် ။ တိုက်သည်။

ယင်းကဲ့သို့ အစစ အရာရာ၌လိုပင် ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်နေသည်။

ပထမဆင့် လက်သိုင်းနှင့် ပထမဆင့် တုတ်သိုင်း တတ်ကျွမ်းပြီးသော
အခါ ပထမဆင့် ဓားသိုင်းကို ဆရာကြီး ဆရာချယ် က သင်ကြားပြသပေးသည်။

ဓားသိုင်းတွင်လည်း ရှမ်းကြီးနှင့် ပြောင်းပြန်သည် ဆန့်ကျင်ဘက်ဖြစ်
သည်။ ဓားနှစ်လက်ကိုင် ရှမ်းကြီးသိုင်းတွင် ကပ်ကြေးကိုက်ဓားခေါ် ဓားယှက်
သည် ဓားနှစ်ချောင်းကို ကြက်ခြေခတ်၍ ဓားပြားချင်းယှက်ပြီး ခံသည်။

ရှမ်းကြီး၏ ထားထိုးမခေါ်တိုက်ကွက်၌ ထိုးသည့် ဓားသည် ကာသည့်ဓား၏
အောက်မှသွားသည်၊ ထိုးသည်။

ဤနေရာတွင် ရှမ်းကြီး၏ လှုပ်ရှားမှုသည် ထိုးခြင်းနှင့် ခုတ်ခြင်း ဓားနှစ်ချက်
သာရှိပြီး ကျန်ဓားတစ်ချောင်းသည် အသုံးမဝင်၊ အသုံးချ၍မရသော အခြေတွင်
ရှိနေသည်။ ဓားတစ်လက် သေနေသည့်သဘောပင်။ ထိုးသည့်ဓားသည်
ကာသညီ ဓား၏ အပေါ်မှ သွားသောကြောင့် ကာဓားသည် ထိုးဓား၏ အောက်
ဘက်တွင်ရောက်နေပြီး လှုပ်ရှား၍မရသည့်အခြေသို့ ဆိုက်ရောက်သွားခြင်းပင်။

ပြောင်းပြန်တွင်ကား ထိုးဖင့်ဓား သို့မဟုတ် ခြေမတည့်ပွံ့ ဓားကွက်ဟု
ခေါ်သည်။ ထိုဓားသည် ခံဓား သို့မဟုတ် ကားဓား၏ အောက်မှသွားခြင်း
ကြောင့် ထိုးဓားနှင့် ခံဓား သို့မှဟုတ် ကာဓားသည် ဓားချက်လေးချက်ကို
ဆက်တိုက် လှုပ်ရှား၍ရသည်။ ထိုးဓားဖြင့် ဆက်၍ စလွယ်ခုတ် ခုတ်နိုင်သည်။ ရှမ်းကြီးက
တစ်ချက်လှုပ် နှစ်ချက်လှုပ်၍ရပြီး ပြောင်းပြန်က တစ်ချက်လှုပ် လေးချက်
လှုပ်၍ ရသော သဘောပင်။

ရှမ်းကြီးဓားသိုင်းတွင် ရှမ်းကြီး ဓားချက်ဓားကွက်များ ဖြစ်သည့် ရှေ့ဖီး၊
နောက်ဖီး၊ ဓားထိုးမ၊ ခုတ်ဖင်ခုတ်ထွက်၊ မန်ကျည်းရွက်သပ် ၊ပန်းတံချူစသော
ဓားခြောက်မ သို့မဟုတ် ဓားသုံးချောင်းပေါင်းသည် ပြောင်းပြန်၏ ဓားတမ
သို့မဟုတ် ဓားတချင်းနှင့် ညီသည်။ ထိုဓားကွက်ကို ပြောင်းပြန် ဝေါဟာရ
အားဖြင့် 'နှစ်ထပ်ဖင့်ထိုး' ကွက်ဟူ၍ ခေါ်သည်။

၇

ယင်းသို့လျှင် ဆရာကြီး ဆရာချယ်က လက်သိုင်း၊ တုတ်သိုင်း၊ ဓားသိုင်း ပထမဆင့်ကို မောင်လေးတို့ သုံးယောက်အား စနစ်တကျ သင်ကြားပေးသည်။

မြေပြင်ပေါ်တွင် လေ့ကျင့်တတ်ကျွမ်းသွားသည်နှင့် သစ်တုံးများပေါ်တွင် အကွက်နင်းခိုင်းပြီး သင်ကြားပေးပြန်သသည်။

ပေါင်းလုံး ကသစ်လုံးများကို တံတောင်ကျော်ကျော်ခန့် ဖြတ်ရသည်။ သုံးချိုးနှစ်ချိုးကို မြေကြီးထဲတွင် မြှုပ်ရသည်။ မြေပေါ်တွင် သုံးချိုးတစ်ချိုးခန့်ပေါ်နေသည်

ထိုသစ်ငုတ်များပေါ်တွင် အကွက်နင်း၍ လေ့ကျင့်ရသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ ခြေမြဲစေရန်နှင့် ခြေ ချကွက် တိမှန်စေရန်ဖြစ်သည်။ မြေကြီးပေါ်တွင် လေ့ကျင့်ခြင်းမှာ အကွက်နင်းရာ၌ အနည်းငယ် အတိမ်းအစောင်းဖြစ်စေနိုင်သည်။

ပင်ပန်းသော်လည်း မောင်လေးအနေဖြင့် စိတ်အားထက်သန်ပါသည်။ ရှမ်းကြီးသိုင်းကို တတ်ကျွမ်းထားသူဖြစ်ခြင်းကြောင့် ရှမ်းကြီးသိုင်းကွက်များနှင့်ပြောင်းပြန်သိုင်းကွက်များကို အလိုလိုယှဉ်တွဲ၍ ကြည့်ပြီးဖြစ်နေသည်။ ပြောင်းပြန်၏ အကွက်သာခြင်းတန်ဖိုးကို ကြာလေ ပို၍ သိလာသောကြောင့်ဖြစ်သည်။

သိုင်းကွက် လေ့ကျင့်ကစားရခြင်းကား သိပ်ပင်ပမ်းသည်ဟူ၍ မဆိုသာ။ သိုင်းပြောင်းပြန်သမားအနေဖြင့် မိမိ၏ ခန္ဓာကိုယ် သန်မာမှု၊ လျင်မြန်မှု၊

ကြံခိုင်မှု ၊ ပေ့ါပါးသွက်လက်မှုတို့အတွက် လေ့ကျင့်ရသော လေ့ကျင့်ခန်းများ ကို လုပ်ရသောအခါ လျှာထွက်မတတ် ရင်ဂတွင် အလုံးဆို့၍ သေမတတ် ပင်ပန်းလှသည်။

ထိုသို့ လေ့ကျင့်ရာတွင် ရေ- မြေ -လေ - မီး၊ ပစ္စည်းငါးမျိုးဖြင့် လေ့ ကျင့်ရသည်။

လေထဲမှာ လက်သီးထိုး၊ ခြေကန်၊ ဓားခုတ်လေ့ကျင့်ရသည်။

မြေကြီးပေါ်တွင် လက်သီးနှစ်လုံးကို စုံထောက်၍ ဒိုက်(ဗ်) ထိုးခြင်း၊ လက်သီးတစ်လုံးတည်းထောက်၍ ထိုးခြင်း၊ စုံထောက်ပြီး လက်သီးကို ၁၈၀ ဒီဂရီ လှည့်၍ ဒိုက်(ဗ်) ထိုးခြင်း။

ထုလက်သီးပုံစံဖြင့် ထိုးခြင်း၊ တစ်ချောင်းထိုးခြင်း ၊ နှစ်ချောင်းထိုးခြင်း၊ လက်ဂါးနှစ်ခုကို မြေပြင်တွင် ထောက်၍ ခြေနှင့် ကိုယ်ခန္ဓာကို စကောပိုင်းခြင်း၊ လက်ဖဝါးနှစ်ဘက်ကို ကျောဘက်တွင် ထောက်ပြီး ရှေ့သို့ ခြေမထောက်ဘဲ လက်ချည်းသက်သက်ဖြင့် သွားခြင်း စသည်ဖြင့် ဖြစ်သည်။

မီးဖြင့် လေ့ကျင့်ခန်းတွင် လေငြိမ်ရာအရပ်၌ ဖယောင်းတိုင်ကို မီးထွန်း၍ လက်သီးဖြင့် ထိုးရသည်။ မီးနှင့် လက်သုံးလုံးကွာ ထိုးလိုက်သောအခါ ဖယောင်းတိုင်မီးသည် လေဟပ်ခြင်းခံရပြီး ငြိမ်းသေသွားသည်အထိ ထိုးရသည်။

တစ်တိုင်သေသော် နှစ်တိုင်သေအောင်၊ နှစ်တိုင်သေသော် သုံးတိုင်ထိ အောင် ထိုးရသည်။

သုံးတိုင်မျှသော ဖယောင်းတိုင်မီးကို လေဟပ်၍သေအောင် ထိုးနိုင်ပြီ ဆိုလျှင်ကား ထိုလက်သီးသည် မသေးတော့ပေ။ ထိုလက်သီးဖြင့် ထွာဆိုင် ရှိသော ငှက်ပျောပင်ကို ထိုးလျှင် ဖြောင်းခနဲကျိုး၍ ထိုးသူဘက်သို့ ငှက်ပျောပင် ပိုင်ဆင်း ကျိုးကျလာမည် ဖြစ်သည်။

ထိုလေ့ကျင့်ခန်းများသည် ရေ မြေ လေ မီး များဖြင့်ကျင့်သော လေ့ကျင့် ခန်းများဖြစ်သည်။

နောက်တစ်မျိုးကား ပစ္စည်းကိရိယာများဖြင့် လေ့ကျင့်ရသော လေ့ကျင့် ခန်းများဖြစ်သည်။

ဆန်ထောင်းသော ဆုံအတွင်း ၌ သဲထည့်ပြီး လက်ချောင်းများဖြင့် စိုက်ထိုး ထိုးရသည်။ လက်ချောင်းများ သန်မာအောင် ဖြစ်သည်။

ထိုသဲထဲသို့ အနူလက်သီးပုံသဏ္ဍာန်ဖြင့်လည်းထိုး၊ လက်သီးပုံသဏ္ဍာန် ဖြင့်လည်း ထိုးရ လေ့ကျင့်ရသည်။ သဲတစ်တောင်းလုံး သဲပွင့်ဘဂမှ အမှုန့် ဖြစ်သွားလျှင် သဲအဆင့်ကုန်ပြီ။

သဲအဆင့်ပြီးလျှင် ဆန်ကွဲထည့်၍ ရှေးနည်းအတိုင်း ထိုးရသည်။ ဆန် ကွဲများ အမှုန့်ဖြစ်သွားလျှင် ဆန်ကွဲအဆင့်ကုန်ပြီ။ ဆန်ကွဲအစား ဆန်ကိုထည့်၍ ထိုးရပြန်သည်။

ဆန်အမှုန့်ဖြစ်သွားလျှင် လုံးတီးဆန်ထည့်၍ ထိုးရပြန်သည်။ လုံးတီးဆန် အမှုန့်ကြေသွားမှ စပါးထည့်ပြီး ထိုးရသည်။ စပါးကို အမှုန့်ဖြစ်သည့်အထိ ထိုးပြီးလျှင်ကား ထိုလက်ချောင်း ထိုလက်များသည် မာကျောနေပြီ။

ထို့နောက် လက်သီးထိုး ကျင့်ရသည်။ သစ်သားခပ်ထူထူ တစ်ချောင်းကို ထပ်တင်မျှားဦးသဏ္ဍာန် ဖောက်ထွင်းပြီး ခွဲရ မြေတွင် စိုက်ရသည်။ သစ်သား ချောင်းထိပ်၌ ကောက်ရိုးများ ပတ်ရသည်။

သည်နောက် ထိုတိုင်ထိပ်ဖျားကို လက်သီးဖြင့် ဘယ်ပြန် ညာပြန် ထိုး ပြီး လေ့ကျင့်သည်။ အဖျားတွင် စတင်ထိုးပြီးနောက် အောက်အရင်းဘက်သို့ တဖြည်းဖြည်း ရွှေ့၍ထိုးရသည်။

အဖျားပိုင်းသည် ပျော့ပြီး အရင်းပိုင်းရောက်လေ မာလေ ဖြစ်လာသည်။ လက်သီးသည်လည်း ကျွဲပခုံးထကာ မာကျစ်လာသည်။

အခုန်အပျံကောင်းရန်လည်း တိုင်ခုန်လေ့ကျင့်ရသည်။ စတင် လေ့ကျင့် ရာ၌ မိမိ ခါးစောင်းခန့်မြင့်သော တိုင်ကို ခြေတစ်ချောင်းထောက်နည်းဖြင့် ခြေနှစ်ချောင်းလုံး လွတ်အောင် ခုန်သွားရသည်။

လေ့ကျင့်သားရပြီးသားဆိုလျှင် ရင်ဆို့ခန့်အမြင့်ကို ခုန်ရသည်။ ခုန် ၍လွတ်ပြီဆိုလျှင် ခြေတစ်ဖက် တစ်ဖက်တွင် သဲတစ်ဆယ်သားစီ ချည်၍ ခုန်ရမည်။

သဲကိုမူ ခြေကျင်းသဏ္ဍာန် အဂတ်အိတ်ထဲတွင် ထည့်ပြီး ခြေသလုံးတွင် ပတ်၍ စွပ်ထား ချည်ထားရခြင်းဖြစ်သည်။

တစ်ဆယ်သားမှ နှစ်ဆယ်သား ၊ နှစ်ဆယ်သားမှ သုံးဆယ်သား စသည်

ဖြင့် ခြေတစ်ဖက်တွင် တစ်ဖက်တွင်တိုး၍ချည်ပြီး ခုန်ရသည်။ နောက်ဆုံးတွင် ခြေတစ်ဘက် တစ်ဖက်စီတွင် သဲ တစ်ပိဿာစီ ချည်ပြီး ခုန်နိုင်သည်အထိ လေ့ကျင့်ရသည်။

သဲ နှစ်ပိဿာကိုပင် ခြေတွင်ချည်၍ လူရင်ဆို့ခန့် ခုန်နိုင်လျှင်ကားလူ ချည်းသက်သက်ဆိုလျှင် လူတစ်ရပ်လွတ်အောင် ခုန်နိုင်ပြီး ခြောက်ပေလောက် အမြင့်ကို ပေါ့ပေါ့ကလေး လွှားခနဲ ခုန်နိုင်ပြီ။

ဤသို့လေ့ကျင့်ခြင်းကား မြေပြင်ပေါ်တွင် ခြေထောက်၍ ခုန်ခြင်းဖြစ်၍ လွယ်သေးသည်။ မြေပြင်ပေါ်တွင် ခုန်နိုင်ပြီဆိုက ကျင်းတူး၍ ခုန်တက်ရသည်။

ကျင်းကို အဂနစ်တောင် ၊ အနက်နစ်တောင်မှ စ၍တူးရသည်။ ခြေတစ်ချောင်းထောက်နည်းဖြင့် မြေပေါ်သို့ ခုန်တက်ရသည်။ လူချည်းသက်သက် ခုန်နိုင်ပြီဆိုလျှင် သဲတစ်ဆယ်သားစီဖြင့်ခုန်၊ သဲတစ်ဆယ်သားစီဖြင့် ခုန်နိုင်ပြီဆိုလျှင် သဲတစ်ပိဿာစီအထိ တိုးတက်ချည်နှောင်ပြီး ခုန်ရသည်။

သည်နောက် ကျင့်အနက်ကို တဖြည်းဖြည်း တိုး၍ နက်စေသည်။ ခါးစောင်း၊ ရင်စို့၊ လည်ပင်းထိ နက်အောင်တူးပြီး ရှေးနည်းအတိုင်း လေ့ကျင့်ရသည်။ လည်ပင်းလောက်နက်သော ကျင်းထဲမှ သဲတစ်ပိဿာစီဆွဲ၍ ခုန်တက်နိုင်သော အခြေရောက်ပြီဆိုလျှင်တော့ကား ကြောင်ကဲသို့ ပေါ့ပါးနေပြီ။

လူချည်းသက်သက် ခုန်တက်လျှင် လွှားခနဲ လွှားခနဲနေပြီ။

ပေါင်နှင့် ခြေသလုံးများ သန်မာစေရန် စက်သီးဆွဲလည်း လေ့ကျင့်ရသည်။ သံတုံးဖြစ်စေ၊ ကျောက်တုံးဖြစ်စေကို ကြိုးစက်သီးတို့၏ အကူအညီဖြင့် ဆွဲတင်သောနည်း ဖြစ်သည်။ ခြေထောက်ကို ကျားကန်ထားသော အနေအထား ဖြင့် ဆွဲသည်ဖြစ်ရာ ခြေထောက်အစုံရော လက်အစုံများပါ သန်မာလာသည်။

ရေအိုးတင် အနေအထားဖြင့်လည်း ခြေထောက်သန်မာရန် လေ့ကျင့်သည်။ ခြေထောက်ကိုကွေး၍ တင်ပါးကို အောက်ဘက်သို့ ချရသည်။ ပေါင်းနှစ်လုံးသည် ရေအိုးတင်ထား၍ ရလောက်သည်အထိ တန်းရေရမည်။

ထိုအခါကျမှ ထိုရေအိုးတင် အနေအထားဖြင့် သိုင်းကွက်ကစာခြင်း လမ်းလျှောက်ခြင်းများ ပြုလုပ်သည်။

ရေအိုးတင်ထိုင် ထိုင်ခြင်းကား ပင်ပန်းလှသည်။ ခြေဖနောင့် တစ်ခုနှင့် တစ်ခု တစ်တောင့်ထွာခန့် ခြားထားရမည်။ ဒူးညွှတ်ထားရသည်။

ထိုသို့ ရေအိုးတင်ထိုင်ပြီး လက်ဖျံမာကြောအောင်လည်း လေ့ကျင့်ရသည်။ ပေါင်နစ်ချောင်းပေါ်တွင် ဂါးလုံးတင်၍ အပြင်လက်ဖျံဖြင့် ကြိတ်ရလိမ့်ရသည်။ ထိုသို့ အပြင်လက်ဖျံ မာကြောနေမှလည်း ရန်သူ၏ လက်ကိုလက်ဖျံဖြင့် ပယ်ရာတွင် ခံနိုင်ရည်ရှိသည်။

လေ့ကျင့်ခန်းများကား အမျိုးအမည် စုံလှသည်။ သိုင်းသင်ရင်းမှ ကြိုကြား ကြိုကြား တစ်မျိုးပြီးတစ်မျိုး ထိုသို့ လေ့ကျင့်နေခြင်း ဖြစ်သည်။

သိုင်းသင်ရာတွင် ပထမအဆင့် လက်သိုင်း၊ တုတ်သိုင်း၊ ဓားသိုင်းကိုလည်း အကွက်နင်းရ လှုပ်ရှားလေ့ကျင့်ရသည်။

ပထမအဆင့်ပြီးမှ ဒုတိယအဆင့်သို့ တက်ရသည်။ ဒုတိယ အဆင့်တွင်ကား ခြောက်ကွက်၊ ရှစ်ကွက်ကျားဖမ်း၊ ကိုးကွက်လေးဌာန ၊ ငါးကွက်ကောက် စသည့်အကွက်များကိုလည်း လေ့ကျင့်သင်ကြားရသည်။

ဒုတိယအဆင့်ပြီးသော် တတိယအဆင့်သို့ တက်ရသည်။ တတိယအဆင့်တွင် ခြောက်ကွက်၊ ခုနစ်ကွက်ကောက်၊ မြင်းတော်စီးခေါ် ရှစ်ကွက်နစ်ပိုင်းတစ်ပိုင်း၊ ဆယ်ကွက်၊ ဆယ့်တစ်ကွက်၊ ငါးကွက်ဘုကြီး၊ ငါးကွက်လေးမျက်နှာစာသော အကွက်များ ပါဝင်သည်။

စတုတ္ထအဆင့်ကိုကား စတုတ္ထအဆင့်ဟူ၍ မခေါ်တော့။ ဆရာဖြစ်အဆင့်ဟုခေါ်သည်။ ဆရာဖြစ်အဆင့်တွင် ဆယ့်တစ်ကွက် ၊ဆယ့်သုံးကွက်၊ ရှစ်ကွက်နှင့် ဆယ့်နစ်ကွက် ပေါင်းထားသော ကွက်ရော၊ ခြောက်ကွက်ချွန်း ၊ခုနစ်ကွက်ကောက်၊ ကိုးကွက်ပေါင်းကွက်ရော၊ ဆယ်တစ်ကွက်နှင့် ဆယ့်သုံးကွက်ပေါင်းကွက်ရော စသည်ဖြင့် အဆင့်မြင့် ကွက်ရောပေါင်းများ ပါဝင်သည်။

တတ်ထားသော အကွက်များကို သင့်တော်သလို ပေါင်းစပ်၍ လိုအပ်သလို အသုံးချခြင်းပင်။ ဆေးစက်ကျရာ အရုပ်ထင်သည်ပမာ တီထွင်ဉာဏ်ဖြင့် ပေါင်းစပ်အသုံးချနိုင်သည်။ ဉာဏ်ရှိလေ အကွက်ပို၍ စိပ်လေပင်။

ထိုလက်သိုင်းကွက်များ အတိုင်းပင် ဒုတိယ အဆင့် တုတ်၊ ဓား၊တတိယအဆင့် တုတ်၊ ဓား၊ ဆရာဖြစ်ဆင့် တုတ်၊ ဓားသိုင်းများကိုလည်း သင်

ရသည်။ အဆင့်တိုင်း အဆင့်တိုင်းတွင် လက်သိုင်းကွက်၊ တုတ် ၊ ဓားသိုင်းကွက် သုံးမျိုးလုံး ကျွမ်းကျင်မှ ဒုတိယအဆင့် ၊ တတိယအဆင့် ၊ ဆရာဖြစ်ဆင့် လက်၊ တုတ် ၊ ဓားသိုင်းကွက်များကို သင်ကြားပေးခြင်း ဖြစ်သည်။

လက်သိုင်းတွင် ပယ်ခုတ်၊ ပယ်ထိုး၊ အောက်ခတ်ထိုး၊ အဖြုတ်၊ အပုတ်၊ ပယ်ခုတ် အောက်ခတ်ပိုက်ခုတ်၊ ပယ်ခုတ်ခတ် ရို့ထိုး၊ ပယ်ခုတ် ခတ်ခုတ်၊ ပယ်ခုတ် အောက်ခတ်၊ အထက်ခတ် ပိုက်ခုတ်၊ ဖြုတ်ဖြောင့်ထိုး ဖြောင့်ထိုး၊ ဖြုတ် ဖြောင့်ထိုး၊ တံတောင်ရိုက် ၊ခွဲထိုး၊ ခွဲခုတ်၊ လက်ပေါင်း ဒူးတိုက်၊ ဖြုတ် နိုက် ပေါက် စသည်စသည်ဖြင့် ခုခံနည်း သတ်ပုတ်နည်းများ ရှိသည်။

ခြေကွက်တွင် တည့်အနိမ့်ကန်၊ တည့်အမြင့်ကန်သည် အထက်မှာ မေး၊ အောက်မှာ ပေးဆိုသော စာချိုးအတိုင်း ကန်ခြင်းဖြစ်သည်။ တည့် အမြင့်ကန်ဆို လျှင် မေးစေ့သို့ ကန်သည်။ တည့် အနိမ့်ကို ကန်ဆိုလျှင် ပေးကို ကန်သည်။

တည့်ထိုးမှာ ခြေဖျားဖြင့် တည့်တည့် ကန်ခြင်း ထိုးခြင်း ဖြစ်သည်။ ဆီးစပ်၊ အရိုက်၊ လည်မျို စသည့်နေရာများကို ခြေထိပ်ဖြင့် ထိုးခြင်း ကန်ခြင်း ဖြစ်သည်။

ထိုမှတစ်ပါး ခြေကွက်တွင် ဇောင်းကန်၊ ပိုက်ကန်၊ ခြေထပ်မြှောက်ကန် နည်းများလည်း ရှိသေးသည်။

တုတ်ကွက်များကား များပြားလှသည်။ တုတ်ကွက်တွင် တစ်ဖက်စ၊ ညာလိမ် ဘယ်စည်း၊ ညာလိမ် ရိုးရိုးစ၊ ညာလိမ် အောက်စ ထုတ်၊ ညာလိမ် ခုန်ထိုး၊ ညာလိမ် ခုန်ထိုး ပတ်ဆွဲပေါက်၊ မြင်းတော်စီး၊ ကျားဖမ်း၊ နှစ်ပိုင်း တစ်ပိုင်း၊ ခြေမတည့်ရိုက် ၊ စုံလိမ် (ဘယ်စုံလိမ် ညာစုံလိမ်)၊ ဘယ်ဆွဲ ညာဆွဲ၊ ထူးသတ်နည်း (ရှမ်းကြီးသိုင်းတွင် ဂါးကျစ်လိမ်ဟုခေါ်)၊ နှစ်စသိမ်း၊ ဘယ်ချ ညာချ၊ တုတ်ထမ်း ပေါက်နည်း၊ ကျောခွဲသွားနည်း၊ တုတ်ပေါက် စသည် စသည်ဖြင့် အကွက်မျိုးစုံ ပါဝင်သည်။

ဓားရေးတွင် ဓားတစ်လက်ဖြစ်က မိုးဓား၊ စလွယ်ဓား၊ ပိုင်းဓား၊ပက်ဓား၊ ထိုးဓားဟူ၍ အမျိုးမျိုး ရှိသည်။ လက်ပြန်မိုးဓား၊ လက်ပြန်စလွယ်ဓား၊ လက်ပြန်ပိုင်းဓား၊ လက်ပြန်ပက်ဓား၊ လက်ပြန်ထိုးဓားဟူ၍လည်း ရှိသည်။ ဂင့်ဓားနှင့် ဖြတ်ဓားလည်း ပါသည်။

ဓားနှစ်လက်တွင် ပင့်ခုတ် စလွယ်ခုတ်၊ ပင့်ခုတ် ပိုင်းခုတ်၊ ပင့်ခုတ်ထိုး၊

ပင့်ခုတ် စလွယ်ခုတ် အောက်ခုတ် ပက်ခုတ်၊ ပင့်ခုတ် စလွယ်ခုတ် အောက်ခုတ် ပိုင်းခုတ်၊ ပင့်ခုတ် စလွယ်ခုတ် အောက်အခုတ် အထိုးဟူသော ဓားချက်များပါဝင်သည်။

ထိုမှတစ်ပါး အဝင်ရိုးရိုး၊ အဝင့်အပိတ်၊ အဝင့်အဖွင့်၊ ဓားထိုးဝင့်၊ နစ်ထပ်ဝင့်၊ တစ်ပြန်တစ်လှံ၊ အမဲစင်းဓား၊ ဓားညှပ် ၊ ခြေမ တည်ဝင့် စသော ဓားချက်များလည်း ပါဝင်သည်။

ပထမပိုင်း စသင်ကာစဥ် မောင်လေးတစ်ယောက် စိတ်ပျက်စိတ်၊ စိတ်ညစ်စိတ်များ ဝင်ခဲ့သေးသည်။ လေ့ကျင့်ရ ကစားရသည်က ခက်လည်း ခက် ပြင်းလည်း ပြင်းထန်သည်။

ဆရာကြီး ဆရာချယ်က ကိုယ်ခန္ဓာ သန်မာတောင့်တင်းအောင် လေ့ကျင့်သော လေ့ကျင့်နည်းများကိုပါ လေ့ကျင့်ခိုင်းသောအခါ အားပြတ် ခွန်ပြတ် ဖြစ်မတတ် ဆင်းရဲပင်ပန်းရသည်။ စိတ်ကို မနည်းအားပေး၍ သင်ကြားရသည်။

ကြာတော့ ကျင့်သားရလာသည်။ ပြောင်းပြန်၏ တန်ဖိုးကိုလည်း သိနားလည်လာသည်။

ပြောင်းပြန်သည် သူတစ်ပါးကိုလည်း မိမိက ဝင်မပူး၊ မိမိကိုလည်း ဝင်အပူမခံ၊ ရန်သူကို မိမိက ထိခြင်းသည် ရန်သူကို ချလိုက်ခြင်းပင်။ ရန်သူက မိမိကို ဝင်ပူးလျှင်လည်း ဝင်ပူးချိန်ပင် မရ၊ ကန်လာ ထိလာသည်နှင့် အပြတ်ပြန်ချပြီး ချဲပြီး ဖြစ်သွားသည်။

သူတစ်ပါး သင်နေသည်ကို ဘေးမှ ရပ်ကြည့်လျှင် အမြင်ရိုးသည်၊ ဟာကွက်တွေ ရှိနေသည်ဟု ထင်ရသည်။

သို့ရာတွင် အမြင်ရိုးသလောက် အလုပ်ခက်သည်။ အကွဲကျဲသလောက် အလုပ်စိပ်သည်။

မောင်လေးတစ်ယောက် ဆယ့်ငါးနှစ်အပြည့် ဆယ့်ခြောက်နှစ် အဝင်မှ စတင် သင်ကြားလေ့ကျင့်ခဲ့သည်မှာ ယခုသော် ဆယ့်ရှစ်နှစ် တင်းတင်းပင် ပြည့်ပြီ။ ရှေးက တက္ကသိုလ်ကျောင်းမဟာတွင် အဌာရသ ဆယ့်ရှစ်ရပ်ကို သုံးနှစ်သုံးမိုး သင်ကြရသည်ဟူ၍ အဆိုရှိသည် ၊ ကြားဖူးသည်။

ယခု မောင်လေးအဖို့ကား အဌာရသ ဆယ့်ရှစ်ရပ်မဟုတ်၊ အဌာရသ

တစ်မျိုးတည်းကိုပင် သုံးနှစ်သုံးမိုး သင်ကြားရသည်။ ဦးလုံနှင့် ဦးသောမလည်း
သူ့နည်းတူပင် သုံးနှစ်လုံးလုံး လေ့ကျင့်ရ သင်ကြားရသည်။

ယခုတော့ ပညာစုံလောက်ရှိပြီ။ ဆရာဖြစ်အဆင့်ကိုပင် တတ်ကျွမ်းပြီ။
ဆရာကြီး ဆရာချယ် ကိုယ်တိုင်က ပွဲပေးပြီး ဆရာဖြစ် ပြောင်းပြန်သမား
ပြောင်းပြန်သိုင်းဆရာအဖြစ် အသိအမှတ်ပြုပြီ။

ဖယောင်းတိုင်သုံးတိုင်ကိုလည်း မီးသေစေနိုင်ပြီ။ ထွာဆိုင် ငှက်ပျောက်ပင်ကို
လည်း ကျိုးစေနိုင်ပြီ၊ အခုန်အပျံ အကန်အကြောက်တွေလည်း တတ်ပြီ။

လူတစ်ရပ် ကျင်းထဲမှလည်း ကြောင်တစ်ကောင်၏ ပေါ့ပါးခြင်းဖြင့်
ခုန်တက်နိုင်ပြီ။ တစ်ကိုယ်လုံးရှိ အရိုးတွေလည်း မာကြောနေကြပြီ။

khtnetpc.webs.com

# ၈

တွေ့ကြုံဆုံကွဲ ဖြစ်မြဲ ဓမ္မတာဟူ၍ ဆိုကြသည်။ ယခုလည်း မောင်လေး အဖို့ သည်အတိုင်း ဖြစ်နေရသည်။

ဆရာကြီး ဆရာချယ် သူ့နေရပ်သို့ ပြန်ရတော့မည်။ စော်ဘွား၏ တပည့်များက ဆရာကြီး ဆရာချယ်ကို သုံးနှစ်သုံးမိုး စုံစမ်းထောက်လှမ်းကြသည်။ ယခင်က သတင်းမရခဲ့ကြ။

ဆရာကြီး ဆရာချယ်တစ်ယောက် ဘယ်ရောက်၍ ဘယ်ပေါက်နေသည် စုံစမ်း၍ မရကြ။ စော်ဘွား၏ ညာလက်ရုံးကြီး တစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေခြင်းအတွက် ဒေါင်းတောက်အောင် စုံစမ်းကြရသည်။

စော်ဘွားထံတွင် ခစားရသည်က ပျင်းစရာ ငြီးငွေ့စရာကောင်းလှသည်။ အစားအသောက် အနေအထိုင်အတွက်က တစ်ပြားသား တစ်ပြားဖိုးမျှ မပူပန်ရ။ စော်ဘွားက သူ့အား လိုလေးသေးမရှိ မြှောက်စား သူကောင်းပြုထားသည်။

ငွေလိုက ငွေပေးပေ၊ ရွှေလိုက ရွှေပေးပေ ဖြစ်၏။ မိန်းမငယ်ငယ် နုနုထွတ်ထွတ် အရွယ်ကလေး လိုချင်သည်ဆိုလျှင်ပင် ပေးစားမည့်သဘော ရှိနေသည် ထင်ရ၏

သို့ရာတွင် ဆရာကြီး ဆရာချယ်တစ်ယောက် ရွှေဘုံပေါ်မှာ ခံစားရသည်ကို ပျင်းသည်။ ငြီးငွေ့သည်။

ပညာသည်ဆိုသည် လွတ်လွတ်လပ်လပ်နေချင်သည်။ ရသမျှနှင့်ရောင့်ရဲ တင်းတိမ်မည်။ အမိုးအကာလုံလျှင် တော်ပြီ။ အာဟာရ ဖြစ်စေသော အစားအစာကို စားနေရလျှင် ကျေနပ်ပြီ။

နန်းတွင်းမှ ရွှေထမင်း ငွေထမင်းများကို မမက်။ နန်းတွင်းမှ ပိုးလုံချည် ပိုးအင်္ကျီ များကို မခုံမင်။

ဟော်နန်း ဟော်ကြငှန်းတွင်းဂယ်ဆိုတော့ စော်ဘွားကြီးနှင့် လက်တစ်ကမ်း တွင် အမြဲရှိနေသည်။ နန်းတွင်းဂယ် စော်ဘွားကြီးကို တစ်စုံတစ်ယောက်သော အတွင်းရန်သူက တိုက်ခိုက်လျှင် ဆရာကြီး ဆရာချယ်က ကာကွယ်ပေးရ မည်။ ထိုတာဝန်မှာ သူ့တာဝန်ဖြစ်သည်။

သက်တော်စောင့်ရာထူးကို ရထားသူ မဟုတ်ပေလား။ စော်ဘွား ကြီး၏ လူယုံတော် ပညာသည်ကြီး ဖြစ်နေရသည် မဟုတ်ပါလား။

နန်းတွင်းဂယ် စော်ဘွားကြီး ရှိနေလျှင် ဦးချယ်ကိုယ်တိုင်လည်း နန်းတွင်း မှာပင် ရှိနေရသည်။ နန်းတွင်းမှ စော်ဘွားကြီး ထွက်ပြီ ၊ တိုင်းခန်း လှည့်လည် ပြီဆိုလျှင်လည်း ဆရာကြီး ဆရာချယ်မှာ စော်ဘွားကြီး၏ နောက်တော်ပါးမှ တစ်ဖဝါးမှ မခွာ ထက်ကြပ်လိုက်ပါရသည်။

ယင်းကြောင့်ပင် ဆရာကြီး ဆရာချယ်သည် သူ့ဘဝကို ငြီးငွေ့လာ ရသည်။ သူ့ဘဝကိုသူ ထောင်ကျနေသူ တစ်ဦးကဲ့သို့ ထင်မှတ်လာသည်။

စော်ဘွားကြီးထံတွင် အလုပ်ထွက်ခွင့် တောင်းသည်။ မြန်မာပြည်အနှံ့ လည်ပတ်လိုကြောင်း ပြောပြသည်။

သို့ရာတွင် စော်ဘွားကြီးက သူ့ကို ခွင့်မပြုချေ။ သူထံပါးတွင်ပင် ဆက်လက် အမှုထမ်းရန် ချော့မော့သည်။ အားနာအောင် ပြောသည်။

ဆရာကြီး ဆရာချယ်တစ်ယောက် ထိုင်နေရခက် ၊ ထသွားရခက် ဖြစ် နေသည်။

သုံးကြိမ် သုံးခါ ခွင့်တောင်း၍ မရသည့် နောက်ဆုံးတွင်ကား ဆရာကြီး ဆရာချယ် တစ်ယောက် ကိုယ်ဖျောက်၍ နန်းတွင်းမှ ထွက်ခွာလာသည်။

မြေပြန့်သို့ ဆင်းခဲ့သည်။ အောက်ပြည်အောက်ရွာသို့ ရောက်လာသည်။ သန်လျင်ကျွန်းတွင် ခေတ္တခိုအောင်း နေထိုင်ခဲ့သည်။ သည်နောက် ဇေတိကုန်း ရွာသား ကိုမေဓာနှင့် တွေ့သည်။ ဇေတိကုန်းသို့ လိုက်လာသည်။

အမှန်စင်စစ် မောင်လေး ကိုယ်တိုင်လည်း စော်ဘွားမျိုး စော်ဘွားနွယ် ထဲက ဖြစ်သည်။ သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်မျက်နှာဖြူတို့ သည် ရှမ်းပြည်နယ်မှ စော်ဘွားများအား ဖမ်းဆီးရန်ကြိုးစားသည်ဟူ၍ မောင်လေး ၏ မိခင်က ပြောဖူးသည်။

စော်ဘွားများက မျက်နှာဖြူများကို ပုန်ကန်မည် စိုးရိမ်ကြသည် ထင်သည်။ သည်မှာ စော်ဘွားများကိုရော စော်ဘွားမျိုးနွယ်များကိုပါ မျက်နှာဖြူများက ရန်ရှာသည်။ ယင်းကြောင့် စော်ဘွားအနွယ်တော်များဖြစ်သော မောင်လေး၏ အဘိုးအဘွားများသည် သားသမီးမြေးများကို ခေါ်ဆောင်ကာ ရှမ်းပြည်နယ် တောင်တန်းမှ မြေပြန့်သို့ ဆင်းလာခဲ့ကြခြင်း ဖြစ်သည်။

သည်လို မိခင်ဖြစ်သူက ပြောပြဖူးသည်။ ငယ်ရွယ်စဉ်ကာလဖြစ်၍ ထို ထက်လည်း ပိုမိုမမေးဖြစ်ခဲ့။ အဘိုးအဘွား မိခင်တို့ ကိုယ်တိုင်လည်း ထို အကြောင်းနှင့် ပတ်သက်၍ပြောလိုစိတ် ရှိကြပုံမပေါ်။ အင်္ဂလိပ် အုပ်ချုပ်မှုလက် အောက်တွင် နေထိုင်ကြခြင်းကြောင့် လို့လို့ပုက်ပုက်ပင် နေထိုင်လိုကြပုံပေါ် သည်။

စော်ဘွားမျိုး စော်ဘွားနွယ်များဖြစ်ကြောင်း အင်္ဂလိပ် မျက်နှာဖြူများက သိသွားလျှင် မပယ်သင့်ကာ ဖြစ်နိုင်သည်။ အန္တရာယ် မပေးသည့်တိုင် အယုံ အကြည် နည်းပါးသွားနိုင်သည်။

ယင်းကြောင့်လည်း မောင်လေးကိုယ်တိုင် အသက်ကြီးပြင်းလာ၊ ဘိုးဘွား မိဘများ ကွယ်လွန်သွားကြသောအခါ သူ့ဘဂကို သူမသိရ ဖြစ်ရသည်။ မိမိ ၏ ဘိုးဘွားများသည် စော်ဘွားနှင့် မည်မျှထိ ရင်းနီးသော ဆွေမျိုးများနည်း။ လက်ရင်း ဆွေတော်မျိုးတော်ထဲကလော၊ လက်ဖျားလော၊ ဒါတွေကို မောင် လေး မသိချေ။

ယခုသော် မောင်လေးတစ်ယောက် ပြေပြန့်မှာပင် ကြီးပြင်းလာခဲ့ရသည်။ အကြောင်းဆုံသဖြင့် ဆရာကြီး ဆရာချယ်နှင့် တွေ့ဆုံရသည်။ ပြောင်းပြန် သိုင်းပညာကို ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ကြားပြီး တတ်မြောက်ခဲ့ပြီ။

တစ်ရွာလုံးရှိ သိုင်းသမားအများစုကမူ ဆရာကြီး ဆရာချယ်ထံ၌ ပြောင်းပြန်ပညာကို မသင်။ မိမိတို့ တတ်ကျွမ်းပြီးသော ရှမ်းကြီးသိုင်းသမား များအဖြစ်နှင့်သာ နေထိုင်ကြသည်။

ထူးထူးခြားခြား မောင်လေးတို့ သုံးဦးသားသာ ဆရာကြီး ဆရာချယ် ၏ထံတွင် ပညာရည်နို့ သောက်စို့ကြသည်။

ယခု သုံးနှစ်ပင်ကျော်ပြီ။ စော်ဘွား၏ တပည့်များ လိုက်လာကြပြီ။ စော်ဘွားကြီးက ဆရာချယ်ကို လွမ်းသည်။ သူ့ကို ပစ်ပြီး ထွက်ခွာသွားခြင်း

အတွက် စိတ်မဆိုး။ ရှမ်းပြည်နယ်သို့ တစ်ခေါက်ပြန်လိုက်ခဲ့ရန် ပြောကြောင်း တောင်းပန်စကား ဆိုကြသည်။

ဆရာကြီး ဆရာချယ်ကိုယ်တိုင်လည်း စော်ဘွားကြီးပေါ်တွင် သံယောဇဉ် ကြီးမားသည်။ တစ်သက်လုံး သခင်ရင်း ကျွန်ရင်းသဖွယ် နေထိုင်လာခဲ့ကြရ သူများလည်းဖြစ်သည်။ လေးနှစ်သောကာလမျှ ကွဲကွာနေကြရပြီ။ ရှမ်းပြည် နယ်နှင့် ခွဲခွာနေထိုင်ရသောနှစ်များ များပြားလာသောအခါ ရှမ်းပြည်နယ်ကိုလည်း လွမ်းသည်။

ယင်းကြောင့် စော်ဘွားကြီး၏ အထောက်တော် အကြိုတော်များကို ကတိပေးသည်။ ရှမ်းပြည်နယ်သို့ ပြန်လိုက်မည့် အကြောင်း။

ရှမ်းပြည်နယ်သို့ မပြန်ဘဲ ဇောတိကုန်းတွင်ပင် လက်လက်နေထိုင်လိုက မိဘသဖွယ် ပြုစုမြဲ ဆက်၍ ပြုစုမည်ဖြစ်ကြောင်း ဦးလုံက ဆိုသည်။ သို့ ရာတွင် ဆရာကြီးက လက်မခံ။

'ကျုပ်...အခု ပြန်လိုက်သွားပေမယ့် ဇောတိကုန်းကိုတော့ နောက်တစ် ခေါက် ပြန်လာဦးမှာပါ။ မင်းတို့တတွေကိုလည်း ကျုပ်က သားအရင်းတွေလို ချစ်ပါတယ်။ သံယောဇဉ် ရှိပါတယ်။ မင်းတို့ကို ပြောင်းပြန်သိုင်း ကိုယ်ခံ ပညာတွေတော့ ပေးပြီးပြီ။ ဒါပေမယ့် တစ်ခု လိုနေသေးတယ်။ အဲဒါက ဆေးကိုယ်ခံပညာပဲ။ အဲဒါတွေ သင်ပေးရဦးမယ်။ နောက်တစ်ခေါက် ပြန်ရောက် လာတော့ သင်ပေးမယ်။ အခုလည်း အတော်အတန် ဆေးမျိုးတွေ ကိုယ်ခံတွေ တော့ ပေးထားခဲ့ပြီးပါပြီ။

သည်လို ဆရာကြီး ဆရာချယ်က ပြောသည်။ နောက် တစ်ခေါက် ပြန် လာဦးမည် ဆိုခြင်းအတွက်ကား မောင်လေးတို့ သုံးယောက်လုံး ဝမ်းသာကြ ရသည်။

ဆရာကြီး ပြန်တော့မည်ဆိုမှ မောင်လေးက ဆရာကြီးအကြောင်း တစ် နေ့လုံး ထိုင်၍ စဉ်းစားနေမိသည်။

ဆရာကြီးသည် ဆရာ လွန်စွာပီသသော ဆရာကြီးတစ်ယောက်ပင် ဖြစ် သည်။ ပြောင်းပြန်သိုင်းပညာကို သင်ပေးရာ၌ ခြေလက်ကိုယ်ခန္ဓာဖြင့်သာ

နမူနာပြသည် မဟုတ်။ နတ်ဖြင့်လည်း ရှင်းရှင်းလင်းလင်း လွယ်လွယ်ကူကူ ပြောပြ သင်ပြတတ်သူ ဖြစ်သည်။

'တုတ်သိုင်း ပထမအဆင့်မှာလည်း လက်သိုင်းလိုပဲ နှစ်ကွက်က စသင်ရမယ်။ လက်သိုင်းမှာ ပယ်- ခုတ်- မ- ခွဲ လုပ်သလိုပဲ တုတ်သိုင်းမှာလည်း စီး-ရိုက်-မွှေ-ခွဲ တုတ်ကွက်နဲ့ စလေ့ကျင့်ရတယ်။ သဘောက အတူတူပဲ။ အကွက်ချင်း အတူတူပဲ။ လက်သိုင်းက လက်ကိုအားကိုးတယ်။ တုတ်သိုင်းက တုတ်ကို အားကိုးတယ်။

ယင်းကဲ့သို့ ရှင်းပြသည်။ အပြောရော အလုပ်ပါ တွဲ၍ပြသည်။ နှစ်ကွက်မှသည် သုံးကွက်၊ သုံးကွက်မှသည် ငါးကွက် ၊ ခုနစ်ကွက်ထိ တစ်ဘက်စတုတ်ဖြင့် လေ့ကျင့်ကြရသည်။

'တစ်ဖက်စတုတ်ဆိုတာ တုတ်ကို ဟောဒီလို လက်နှစ်ဖက်နဲ့ အရင်းဘက်က ကိုင်ရတယ်။ အဖျားတစ်ဖက်ထဲနဲ့ စီးပြီး စလွယ်ရိုက်တယ်။ အဲဒါကို တစ်ဖက်စတုတ်လို့ ခေါ်တယ်။ မွှေ-ခွဲ ဆိုတာက ဟောဒီလို၊ ကြည့်ကြ၊ တစ်ဖက်စတုတ်နဲ့ ဟောဒီလို စီးရိုက်။ စီးရိုက်ပြီး တုတ်အဖျားစွန်းကို ဟောဒီလို အောက်ဘက်ကိုစိုက်။ ခြေတစ်ဘက်အားကို သုံးပြီးမွှေ။ အဲ...အဲဒီလို မွှေတဲ့ တုတ်စကို ခြေအားရော လက်အားရော သုံးပြီး အပေါ်ထောင်ခွဲတယ်။ ဒါကြောင့် စီးရိုက် မွှေ-ခွဲ လို့ခေါ်တယ်'

စီးရိုက်သည်ဆိုခြင်းမှာ မိမိက စတင် တိုက်စစ်ဆင်ပြီး ရန်သူအား အပေါ်စီးမှ ရိုက်ခြင်းပင်။ သို့တည်းမဟုတ် ရန်သူက စတင်တိုက်ခိုက်သော တိုက်စစ်ရိုက်ချက်တုတ်အား တိုက်စစ်အသွင်ဖြင့် ရှောင်ရိုက် ရိုက်ခြင်းကိုလည်း စီးရိုက်သည်ဟုပင် ခေါ်သည်။ ထိုနှစ်မျိုးမှ တစ်မျိုးမျိုးကို စီးရိုက်သည်။

'မွှေတယ်ဆိုတာက ဟောဒီလို၊ ကဲ- မိမိက ရန်သူကို စီးရိုက်လိုက်တယ်။ တုတ်ကို အပေါ်က မိုးပြီး ရိုက်တယ်။ တုတ်က အပေါ်က မိုးရိုက်ရိုက်လိုက်ချိန်မှာ ကိုယ့် ခန္ဓာကိုယ် အောက်ပိုင်းဟာ အကာအကွယ်မဲ့သွားတယ်။ ဒါကြောင့် ဟာသွားတဲ့ ကိုယ်အောက်ပိုင်းကို မွှေတဲ့နည်းနဲ့ ကာလိုက်တာ ဖြစ်တယ်။ ရန်သူရဲ့ တိုက်ကွက်ဆိုတာ ဟာတဲ့နေရာကို အမြဲ တိုက်စမြဲပဲ။ အပေါ်ပိုင်း ၊ ဟာရင် အပေါ်ပိုင်းကို တိုက်မယ်။ အောက်ပိုင်း ဟာရင်

အောက်ပိုင်းကို တိုက်မယ်။ ဒါဟာ သဘာဝပဲ။ ဒါကြောင့် စီးရိုက်လိုက်တဲ့ အချိန် ဟာသွားတဲ့ ကိုယ်အောက်ပိုင်းကို မွေ့တဲ့အကွက်နဲ့ ရိုက်လည်း ရိုက်၊ ကာလည်း ပြန်ကာရတယ်'

'သည်လို ရှင်းလင်း၍ ပြသည်။'

'အဲ...မွေ့ပြီးတာနဲ့ တစ်ဆက်တည်း ခွဲရတယ်။ ခွဲတယ်ဆိုတာ ခန္ဓာကိုယ် အပေါ်ပိုင်းတစ်ခုလုံးကို ကာကွယ်တာ။ မျက်နှာရော ဦးခေါင်းကိုပါ မကျန် ပြန်ကာတာ။ ဘာကြောင့်လဲဆိုတော့ မွေ့လိုက်တဲ့အချိန်မှာ တုတ်ဟာ ခန္ဓာကိုယ် အောက်ပိုင်းကို ကာကွယ်တယ်။ အောက်ဘက်ကို ကာကွယ်တဲ့အချိန်မှာ အထက်ဘက် ဟာသွားတယ်။ ကိုယ်အထက်ပိုင်းကို ရန်သူက တိုက်ခိုက်နိုင်တယ်။ ဒါကြောင့် အောက်ဘက်ကို ကာကွယ်တဲ့ မွေ့ကွက်ပြီးရင် အထက်ဘက်ကို ကာကွယ်တဲ့ ခွဲနည်းနဲ့ ပြန်ကာကွယ်ရတယ်။ အကွက်ဟာ စေ့နေရမယ်၊ တိုက်စစ်နဲ့ အတူ ခံစစ်ပါ တစ်ခါတည်း ပါနေရမယ်။ ရန်သူက စတိုက်လို့ ကာကွယ်ရင်လည်း ကာတဲ့ ခံစစ်နဲ့ တွဲပြီး တိုက်စစ်ပါ တိုက်ပြီးသား ဖြစ်နေရမယ်'

ရှင်းပါသည်။ ရှင်းလင်းပြတ်သားလွန်းလှပါသည်။ တုတ်သိုင်း ကစားသည်ဆိုခြင်းမှာ ရှီးခနဲ ဂွီးခနဲ မြည်လောက်အောင် ရိုက်ချက် မြန်လှသည်။ ရိုက်ချက်တစ်ချက်နှင့် တစ်ချက်၊ ကွက်ပြောင်းတစ်ကွက်နှင့် တစ်ကွက်သည် တစ်စက္ကန့်၏ အစိတ်အပိုင်း တစ်ပိုင်းမျှသာ ရှိသည်။

'ဟောဒီမှာကြည်.....နစ်ကွက်နင်းလို့ ကျွမ်းကျင်ပြီးဆိုရင် သုံးကွက်တက်ရတယ်။ သုံးကွက်တက်တဲ့အခါ နစ်ကွက်မှာလို ခြေထောက်ကို မပြီး အဆုတ်အတက်လုပ်သလို မလုပ်ရ၊ မတက်ရဘူး၊ ဖနောင့်ကြိတ် လှည့်တဲ့နည်းနဲ့ ဟောဒီလို ဘယ်ဘက်ညာဘက် ခြသေ့်ထိုင် ညွတ်တိမ်းပြီး ရိုက်ရတက်ရတယ်'

သုံးကွက်တွင် ဘယ်ခြေကို ခြောက်ဆယ်ဒီဂရီဒေါင့်ဖြတ်ပြီး ရှေ့တစ်ကွက်ချွန်းတက်နည်းဖြင့် စီး၍ ရိုက်သည်။၎င်းနောက် မူလနစ်ကွက်နေရာသို့ မွေ့၍ ခြေထောက်ကို ခွဲဆင်းပြန်ဆင်းသည်။ ထိုအခါ ထုတ်သည် နစ်ကွက်စီးရိုက်အသွင်သို့ ပြန်လည် ရောက်ရှိသွားသည်။

သုံးကွက် ညာခြေတက်ရိုက်မည်ဆိုလျှင် တုတ်ကို လက်ပြောင်း၍ ညာခြေဖြင့် ခြောက်ဆယ် ဒီဂရီ ချွန်းကွက်တက်မည်။ စီး၍ ရိုက်မည်။ ထို့နောက် ဘယ်ခြေနည်းတူ မွှေခွဲရမည်။

ဤ တစ်ဖက်စ နည်းဖြင့် ငါးကွက်အပိုင်း၊ ခုနစ်ကွက် အဖြောင့်ထိ တက်၍ ရိုက်ရသည်။

'အေး...အဲဒီ အကွက်တွေကို တစ်ဖက်စ တုတ်နဲ့ ကျွမ်းကျင်ပြီဆိုတော့မှ တုတ်ထမ်းကွက်၊ ညာလိမ်ရိုးရိုး၊ ညာလိမ်ခုန်ထိုး၊ ညာလိမ်အောက်စထုတ်၊ ညာလိမ် ပယ်ဆွဲပေါက် စတဲ့ တုတ်သိုင်းပညာကို ဆက်သင်ရတယ်။ ပထမ အဆင့်သင်ရင် နှစ်ကွက်ကနေ ဆယ့်နှစ်ကွက်တိုင်အောင်ပဲ လက်သိုင်းကွက် အတိုင်းပဲ'

သည်လို ရှင်းပြတတ်သောကြောင့် မောင်လေးတို့ သုံးယောက်လုံး လွယ်လွယ်ကူကူ နားလည်ကြရခြင်းဖြစ်သည်။

'ဓားသိုင်းသင်ရင် ဓားနှစ်လက်က စသင်ရတယ်။ တကယ်တမ်းကျတော့ သိုင်းသမားတိုင်းဟာ ခရီးသွားတဲ့အခါ ဓားတစ်လက်တည်း လွယ်ပြီး သွားလေ့ရှိကြတယ်။ နှစ်လက် ဆောင်မသွားကြဘူး။ ဒါပေမယ့် ဓားတစ်လက်ကို ဓားအိမ်က ချွတ်လိုက်တဲ့အခါ ဓားအိမ်ဟာ ဓားတစ်ချောင်းအသွင်ကို ဆောင်သွားတယ်။ ဓားနှစ်လက် ကိုင်ထားသလို ဖြစ်သွားတယ်။ ဓားအိမ်ကိုလည်း ဓားတစ်လက်နီးပါး အသုံးချလို့ရတယ်'

ဆရာကြီး ဆရာချယ်က သည်မျှအထိ အသေးစိတ်၍ ပြောသည်။ ရှုံးသည်။ လူဆတ်သလောက်၊ ပညာဆတ်သလောက် အပြောလည်း ဆတ်သည်၊ ပြတ်သည်။

'ဘာကြောင့်လဲဆိုတော့ ဓားအိမ်ဟာ ပေါ့ပါးတဲ့ ကြောင်လျှာသားလို သစ်သားနဲ့ လုတ်ထားတာဖြစ်ပေမယ့် ကြေးခွေ ၊ သံခွေတွေနဲ့ စွပ်ထားတယ်။ ဒါကြောင့် တောင့်တင်းခိုင်မာတယ်။ တချို့ သိုင်းသမားတွေဆိုရင် ဓားအိမ်ကြိုးမှာ ခဲသီးတပ်ထားလေ့ရှိတယ်။ ရန်သူနဲ့ တိုက်

ခိုက်တဲ့အခါမှာ ဓားလွယ်ကြိုးကို ကြိုးသိုင်းအဖြစ်နဲ့ သုံးလို့ရသလို ဓားအိမ် ကိုလည်း ဓားအဖြစ်နဲ့ သုံးလို့ရတယ်။ တိုက်ခိုက်နိုင်တယ်'

သည်လိုလည်း ရှင်းပြသည်။

'နောက်တစ်ကြောင်းက ဓားသိုင်း သင်တဲ့အခါ ဓားနှစ်လက်နဲ့ စသင်မှ လက်ယူလက်သိမ်း တိကျ မှန်မကန်တယ်။ ဓားတစ်လက်နဲ့သင်ရင် ဥပမာ ညာ သန်တဲ့လူက ညာလက်နဲ့ ဓားကိုကိုင်ပြီ တိုက်ရင် ဘယ်လက်ဟာ လွတ်နေ ဟာနေတတ်တယ်။ ဘယ်လက်ရဲ့ အထားအသို မှားနေ ဟာနေရင် ရန်သူက ဘယ်လက်ကို တိုက်ခိုက်နိုင်တယ်။ ဘယ်သန်မို့ ဘယ်လက်နဲ့ ဓားကို ကိုင်ရင် လည်း ညာလက်ဟာ လွတ်နေ ဟာနေတတ်တယ်။ ဒါကြောင့် ဓားနဂ်လက် သိုင်းနဲ့ စသင်တယ်။ လက်နှစ်လုံး အထားအသို မှန်စေတယ်။ ညာလက်နဲ့ တိုက်ရိုင် ဘယ်လက်၊ ဘယ်လက်နဲ့ တိုက်ရင် ညာလက်ဟာ ပုက်ပြီး သိုပြီး စည်းချက်မိတယ်။ ညီတယ်'

ဓားနှစ်လက်ကို စတင်သင်ကြားရာတွင်လည်း နှစ်ကွက်ကပင် စတင် သင်ကြားရသည်။ အသင့်အနေအထားမှာ ဓားနှစ်လက်ကို ဓားရိုးမှ ကိုင်၍ ခါးစောင်းထိပ် နှစ်ဖက်တွင် ကပ်ထားရသည်။ ဓားသွားနှစ်ခုသည် အောက် ဘက်သို့ မှောက်လျက် အနေအထားမှာပင် ရှိရသည်။ ဓားသွားနှစ်ချောင်းလုံး ယှဉ်လျက် မြေပြင်နှင့် မျဉ်းပြိုင် အနေအထားတွင် ရှိရသည်။

ထိုကနောက် ဒူးကို ညွှတ်လိုက်သည်။ ခြသေ့်ထိုင် အနေအထားဖြစ်သွား သည်။ ခြသေ့်ထိုင် ထိုင်လိုက်ချိန်၌ ဘယ်ဘက်ခါးစောင်းတွင် ကိုင်ထား ကပ် ထားသော ဓားသည် အပေါ်သို့ မြောက်တက်သွားသည်။ ညာခါးစောင်းတွင် ကပ်ထားသော ညာလက်မှ ဓားဖြင့် အပေါ်အောက် တပြေးညီထပ်သော အနေ အထားဖြစ်သွားသည်။

ကွာခြားချက်ကား ဘယ်လက်မှ ဓားသည် အပေါ်သို့ ဓားသွားကို လှည့်ထားပြီး ညာလက်မှာ ဓားမှာ အောက်မြေပြင်ဘက်သို့ ဓားသွား မှောက်ခံ ဖြစ်မြဲ ဖြစ်နေသည်။ ဓားနှစ်လက်သည် အပေါ်အောက် မျဉ်းပြိုင် ရှိနေသော် လည်း ဓားသွားချင်း ဆန့်ကျင်ဘက် ဖြစ်နေသည့် သဘော ဓား၏ ကျောဘက် ချင်းကပ်နေသည့် သဘောပင်။

ထိုအနေအထားသည် နှစ်ကွက် စတင် လှုပ်ရှားရန် ပုံမှန်မူလ အနေအထား ပင်ဖြစ်သည်။

နစ်ကွက် စတင်လှုပ်ရှားပြီ။ ရန်သူကို ဘယ်လက်မှ ဓားဖြင့် ပင့်ခုတ် သို့မဟုတ် လက်ပြန်စလွယ်ခုတ်၍ ညာလက်ဓားဖြင့် စလွယ်ခုတ် ခုတ်လိုက်သည်။ လက်သိုင်၌ ပယ်ခုတ် လှုပ်ရှားနည်းအကွက် အတိုင်းပင် ဖြစ်သည်။

'ကဲ..မြင်ကြပြီလား။ လက်သိုင်းကွက်အတိုင်းပဲ သွားတယ်။ လက်သိုင်းမှာ ပယ် ခုတ် နဲ့ စသလို ဓားသိုင်းမှာလည်း ပင့်ခုတ် စလွယ်ခုတ်နဲ့ စတယ်။ ဟောဒီလို စပြီးခုတ်တယ်။ ပင့်ခုတ် စလွယ်ခုတ် ခုတ်ပြီးတဲ့ အချိန်မှာ ဟောဒီ ဘယ်လက်က ဓားဟာ ဘယ်ခါးစောင်းမှာ ရှိမြဲရှိပြန်တယ်။ ညာလက်က ဓားကတော့ ကိုယ့်ဦးခေါင်းနဲ့ ဓားတကမ်းအကွာမှာ ရှိရတယ်။ ဓားနစ်ချောင်းကိုကြည့်၊ အောက်ဘက် ဘယ်လက်ကဓားနဲ့ အပေါ်ဘက်ရောက်နေတဲ့ ညာလက်က ဓားနစ်ချောင်းလုံးဟာ ဓားနဲ့ ဓားချင်း ဆက်ထားသလို တဖြောင့်တည်း တပြေးတည်း အနေအထားဖြစ်သွားရမယ်။ ဓားနစ်ချောင်းလုံးကို ဆင်ခြေလျှော ထောင်ထားသလို ဖြစ်နေရမယ်'

ဆရာကြီး ဆရာချယ်က ဖြည်းဖြည်းကလေး ပြသည်။ ပြောသည်။ ရှင်းသည်။

ထို့နောက် ညာလက်ဖြင့် အောက်ဘက်သို့ စလွယ်ခုတ် ခုတ်လိုက်သည်။ ဤသည်မှာ ခန္ဓာကိုယ်အောက်ပိုင်းအား တိုက်ခိုက်လာမည့် ရန်သူ၏ ဓားချက်ကို ကာကွယ်လိုက်ခြင်းပင်။ ထိုအချိန်၌ ဘယ်လက်ရှိဓားသည် အသွားပက်လက် အနေအထားဖြင့် ခေါင်းပေါ်သို့ ဂဲတက်သွားပြီး မြေပြင်နှင့်မျဉ်းပြိုင် အနေအထား ဖြစ်သွားသည်။

တဆက်တည်း ညာလက်ရှိဓားဖြင့် အပေါ်ဘက်သို့ ခွဲခုတ် ခုတ်လိုက်သည်။ ဤသည်မှာ ခန္ဓာကိုယ် အပေါ်ပိုင်းအား တိုက်ခိုက်လာမည့် အရေးကို ကာကွယ်ခြင်းဖြစ်သည်။ ထိုသို့က အပေါ်ပိုင်းအား ညာလက်မှဓားဖြင့် ခွဲခုတ်လိုက်ချိန်၌ ဘယ်လက်မှ ဓားသည် ခါးစောင်းတွင် တင်လျက်ရှိနေပြီး ဓားသွားမှာ အောက်ဘက်သို့ မှောက်ခုံ အနေအထားဖြစ်သွားသည်။

'အဲ....အဲဒီ လှုပ်ရှားမှု အားလုံးကို ဆက်စပ်လိုက်တဲ့အခါ လက်သိုင်းမှာ ပယ် ခုတ် မ ခွဲကစားတဲ့ ကစားကွက်အတိုင်း ဖြစ်သွားတယ်။ ထူးခြားချက်က လက်တစ်ဖက်စီမှာ ဓားတစ်ချောင်းစီ ပါလာတာပဲ ထူးခြားတယ်။ တုတ်သိုင်းတုန်းက ပြောခဲ့သလိုပဲ ကိုယ်က ရန်သူကိုစပြီး တိုက်စစ်ဆင်တယ်။

အပေါ်က မိုးခုတ်တယ်။ အပေါ်က မိုးခုတ်တော့ အောက်ဘက်မှာ ဟာသွားတယ်။ ရန်သူက အောက်ဘက်ကို တိုက်ခိုက်လာနိုင်တယ်။ အဲဒီတိုက်ခိုက်မှုကို ခံစစ်နဲ့ ပြန်ကာကွယ်တယ်။ အောက်ပိုင်းကို ကာလိုက်တော့ အထက်ပိုင်းမှာ ဟာသွားပြန်တယ်။ ဒါကြောင့် ရန်သူက ဟာနေတဲ့ ကိုယ့် ကိုယ်ခန္ဓာကိုယ်အပေါ်ပိုင်းကို တိုက်ခိုက်နိုင်တယ်။ ဒါကြောင့် အပေါ်ပိုင်းကို ပြန်ကာကွယ်တယ်။ ပြောင်းပြန်ဆိုတာ သူတစ်ပါးကို ကိုယ်က စတိုက်ရင် ကိုယ့်ကိုယ်ကိုလည်း ပြန်ကာကွယ်ပြီးသား ဖြစ်နေရမယ်။ အကွက်စေ့ရမယ်။ ကိုယ်လုံရမယ်။

ယင်းသို့ပြောပြီး နှစ်ကွက်မှသည် သုံးကွက်၊ သုံးကွက်မှသည် ငါးကွက်၊ တစ်ဆင့်ပြီး တစ်ဆင့် ဆရာဖြစ်အထိ သင်ကြားပေးသည်။

တစ်ခါတွင်ကား ငါးကွက် လေးမျက်နှာသိုင်းကို သင်ပေးသည်။ ထိုအကွက်ကို သင်ရာ၌ ဆရာကြီးက ဟာသနှော၍ သင်သည်။

'ဟောဒီမှာကြည့်ကြ။ ဒါဟာ ငါးကွက် လေးမျက်နှာလို့ ခေါ်တယ်။ အေး...ငါးကွက် လေးမျက်နှာလို့ မခေါ်ဘဲ အပျိုကြည့်သိုင်းလို့လည်း ခေါ်တယ်။ ဘာကြောင့်လဲဆိုတော့ အကွက်ကလည်း ငါးကွက်ထဲ နင်းတယ်။ မဏ္ဍပ်အတွင်း လူပုံအလယ်မှာ နေရာကျဉ်းကျဉ်းနဲ့ ကစားပြလို့ရတယ်။ မျက်နှာကလည်း အရပ်လေးမျက်နှာလုံး လှည့်ကြည့်ပြီး ကစားရတယ်။ ဒါကြောင့် မဏ္ဍပ်ထဲမှာရှိတဲ့ အပျိုအားလုံးကိုကြည့်လို့ရတယ်။ မြင်လည်း မြင်နေရတယ်။ အသားယူလို့ကောင်း ကြွားဝါလို့ကောင်းတဲ့ ကစားကွက်ပေါ့။ မောင်လေးက လူပျိုဆိုတော့ အဲဒီအကွက်ကို မှတ်ထား။ မင်းအတွက် အများကြီး အသုံးဝင်မှာကွ၊ ဟား ဟား ဟား ၊ ပုံကြည့်ရတာကတော့ စွံလည်း စွံမယ့်ကောင် မဟုတ်ပါဘူး၊ ဟား ဟား ဟား ဟား'

'ဆရာကြီးကလဲ ကိုယ့်တပည့်ကို တော်တော်အထင်ကြီးတာကိုး။ ကဲ....မောင်လေး အထင်သေးတော့ မခံနဲ့။ ဆရာကောင်းတပည့် ပန်းကောင်း ပန်ပြလိုက်စမ်း။ ကျောက်ပေါက်ခွက်နဲ့ နှုတ်ခမ်းပဲ ကောင်မလေးသုံးယောက် လောက် ယူပြလိုက်စမ်း'

'ဟင်း ဟင်း ဟင်း ၊ တကယ်လည်းဗျာ ဦးလေးသောမ၊ ကျွန်တော်က ဆရာကြီးကို အားနာလို့ ရှိသေ လေးစားလို့သာပေါ့။ ကျွန်တော့်ကြောင့် ကျွန်

တော့ဆရာ သိက္ခာ ပါ ထိခိုက်သွားမှာ စိုးလို့သာပေါ့။ အဲ့ဒီလိုသာ မဟုတ်ရင် သတ္တိပြရဲပါတယ်။ ဆိုင်းသံဗုံသံကြားရင် ကြွချင် ကချင်တယ်ဆိုတဲ့ သဘင် သည်တွေလိုပဲနော်။ ကျွန်တော့်ကို မြှောက်မပေးနဲ့။ မြှောက်ပေးရင် နဂိုကမှ မြောက်ချင်ချင်ရယ်'

'အမယ် မင်းက ငါတို့ရှေ့မှာ ကြွားလုံးဂါလုံး ထုတ်မနေစမ်းပါနဲ့။ မစွံ ရင် မစွံဘူးပေါ့။ ကိုယ် မစွံတာဟာ မစွံတာပဲပေါ့။ ကိုယ်မစွံတာကို ဆရာ ကြီးနဲ့ ခုတုံးလုပ်ပြီး ကာကွယ်မနေပါနဲ့.'

'မကာကွယ်ပါဘူး ဦးလေးလုံရဲ့။ ကျွန်တော်က နောက်ကို ကာလသား ခေါင်းလုပ်တော့မှာ။ ဦးလေး ဦးအေးရဲ့ ကာလသားခေါင်းနေရာကို အစား ထိုးပြီး ယူတော့မှာ'

'အံမာ၊ ရွာနားမြက် ရွာနွားမစားဘူးတဲ့ပေ့ါ။ တို့ရွာထဲမှာဆိုရင် မင်း ဘယ်တော့မှ စွံမှာမဟုတ်ဘူး။ အဲ....တခြားရွာက ရွာသူတွေဆိုရင်တော့ မသိဘူး။ နွားကျစ်တို့ အကြောင်း မသိသေးတော့ သားရေကို ဖင်ခုထိုင်ချင်ကြ မှာပေါ့။ ဖင်ခုထိုင်ချင်တဲ့သူ ပေါ်ချင်ပေါ်လာနိုင်တာပေါ့။ တို့ရွာမှာတော့ မောင်လေးဆိုတဲ့ နွားကျစ်အကြောင်း သိကြပြီးသား အပျိုတွေချည်းပဲ။ နွား ကျစ်တို့အကြောင်းသိတော့ သားရေကို ဖင်ခုထိုင်ချင်စိတ် ဘယ်ရှိကြတော့ မှာလဲ'

'အား ဟား ဟား....ဦးလေးတို့ကလည်း ဝိုင်းနှိမ်လိုက်ကြတာဗျာ။ အဲဒီလိုမှ မစွံရင်လည်း အိမ်က ခွေးနီမကိုပဲ အမြီးဖြတ်ပြီး မင်္ဂလာဆောင်ရ တော့မှာပေါ့ဗျာ'

လေးယောက်သား တဟါးဟါး ပွဲကျလာကြသည်။ ငယ်ရွယ်သူကို ဝိုင်း ၍စကြ ကျီစယ်ကြသည်။ မောင်လေးကလည်း အောက်ကျို့ခံ၍ ရယ်စရာ ပြန်ပြောသည်။

# ၉

မနက်ဖြန် ဆရာကြီး ပြန်တော့မည်ဆိုခြင်းအတွက် မောင်လေးတစ်ယောက် အိပ်မပျော်။ အိပ်ရာထဲတွင် ဟိုစောင်း သည်လှည့်ဖြင့် အတွေးဝင်နေသည်။ ဒါကို မိခင်ကြီးက သတိထားမိသည်။

'ဟေ့ အရှူး ၊ ခုထက်ထိ အိပ်မပျောသေးဘူးလား'

'မပျော်သေးဘူး အမေ၊ ဆရာကြီး ပြန်တော့မယ်ဆိုလိုက ကျွန်တော် စိတ်မကောင်းဖြစ်နေမိတယ်'

'ဟင်း ဟင်း ဟင်း၊ နင့်ဆရာကြီး ပြန်သွားရင် နင်အရူးထတာ ရော့သွားမှာပေ့ါ'

'အမေကလည်းဗျာ....ဆရာကြီးရဲ့ ပညာက သိပ်ကောင်းတဲ့ ပညာဗျ၊ အမေရ'

'သျှိုင်းသိုင်းထက် မသာဘူးဆိုရင် ကျွန်တော်က ဘာကြောင့် အချိန်ကုန်ခံ အပင်ပန်းခံ သင်နေမှာလဲ အမေရာ'

'ဟဲ့...ဒါက နင်အရူးထနေလို့ သင်တာပေ့ါဟဲ့'

'ကျွန်တော်က ကလေးမို့ ထားပါဦး။ ဒါဆိုရင် လူကြီးဖြစ်တဲ့ ဦးလေးလုံတို့ ဦးသောမတို့လို သိုင်းဆရာကြီးတွေ ကျတော့ကော ဘာလို့ သင်နေကြတာလဲ'

'သူတို့လည်း အရှုံးတွေမို့ပဲပေါ့ဟဲ့။ ကိုဆူးပညာတို့၊ ကိုအေးတို့လို သိုင်းဆရာကြီးတွေကျတော့ ဘာကြောင့် မသင်ကြတာလဲ'

'ဒါက မာနကြောင့်ပါ အမေရာ။ ကိုယ်တတ်တဲ့ ပညာမှာ ကိုယ့်ဟာကိုယ် ဘုရင်ထင်ပြီး တစ်ပါးသူရဲ့ လက်အောက်မှာ အောက်ကျခံ တပည့်ခံ မသင်ချင်ကြလို့များလားမှ မသိတာ။ အမေ-'

'ဟေ..ပြောစမ်း၊ ဘာပြောချင်သလဲ'

'ဗုဒ္ဓ ရှင်တော်ဘုရားရဲ့ ဘဝကို ကြည့်စမ်းပါ အမေ'

'အမယ် နင်က ဘုရားစကား တရားစကားတွေများ ပြောလို့ပါလား။ ကဲ- ပြောစမ်း၊ ဗုဒ္ဓ ကိုယ်တော်မြတ်ကြီးက ဘာဖြစ်လို့လဲ'

'ဗုဒ္ဓရှင်တော်ဘုရား ပွင့်တော်မူတဲ့အချိန်က မက္ခလိဂေါသာတို့ ပူရာဏကဿပတို့ ဆိုတဲ့ အရည်းကြီးတွေ ရှိခဲ့တယ် မဟုတ်လား'

'အေး....အဲဒါ ဘာဖြစ်သလဲ'

'အဲ့ဒီ အရည်းကြီးတွေဟာ ဗုဒ္ဓအကြောင်းကို သိတယ်။ နားလည်တယ်။ ဗုဒ္ဓဟာ သူတို့ အရည်းကြီးတွေထက် ပိုပြီး အသိတရား ရှိတယ်ဆိုတာ နားလည်တယ်။ ဒါပေမယ့် ဗုဒ္ဓကိုတော့ သူတို့ဟာ သွားပြီး တပည့်မခံဘူး။ သူတို့က သူတို့ဂိုဏ်းနဲ့ သူတို့ စားသာနေကြတယ် မဟုတ်လား။ လာဘ်သပကာ ရနေကြတယ် မဟုတ်လား'

'အောင်မယ်....နင်က ဆရာကြီးကို ထိရင် ဆတ်ဆတ်ထိ မခံဘဲ'

'မဟုတ်ပါဘူးအမေ၊ ပညာဆိုတာ ပညာပဲပေါ့။ တစ်မျိုးမကဘဲ နှစ်မျိုး သုံးမျိုး တတ်တော့လည်း ကောင်းတာပဲပေါ့။ တတ်တဲ့ပညာဆိုတာ တစ်နေရာရာမှာ အသုံးချလို့ ရနိုင်တာချည်းပဲပေါ့'

'ဟင်း ဟင်း ဟင်း ၊ ငါ့သားလေးက မဆိုးဘူး။ စကားပြောတွေ ဘာတွေတောင် တက်လာ တိုးတက်လာပြီ။ သွား...အိပ်မပျော်ရင် မီးဖိုထဲမှာ ငှက်ပျောသီးပြုတ်တွေ ရှိတယ်။ သွားယူချေ၊ စား'

'ဟာဗျာ၊ အမေကလဲ၊ ဒီလိုဆိုရင် စောစောထဲက ပြောရောပေါ့။ အမေ့သားက အစားဆို လှည်းနဲ့တိုက်ခဲ့။ အလုပ်ဆို ကျားလောက်ကြောက်တဲ့ သေားမျိုး မဟုတ်လား'

'ဟင်း ဟင်း ဟင်း၊ ငါ့သားက ဒီလိုသားမျိုး မဟုတ်ဘူး ဆိုတာ အမေ

သိပါတယ် သားရယ်။ သားတစ်ယောက် ဆိုဆိုသလောက် အားကိုးရတဲ့ သား။ အလုပ်ဆိုရင် နဖူးက ချွေး ခြေမ ကျတောင် လုပ်တဲ့သား။ ကောက်ရိတ် ပျိုးနုတ် ကောက်စိုက်တဲ့အခါ ခါးတစ်ချက်တောင် မဆန့်ဘဲ လုပ်တဲ့သား ဆို တာ အမေသိပါတယ်။ ရွာထဲက အပျိုမလေးတွေတောင် သားအကြောင်း မကြာခဏ ချီးကျူးစကားပြောတယ်'

'ဟား...ဟား၊ အမေကလဲဗျာ၊ အမေ့စကားတွေကြောင့် ကျွန်တော် ရှက်ရှက်လာပြီဗျ။ ကြက်သီးတွေ ဘာတွေတောင် ထလာပြီ'

'ဘာဆိုင်သလဲ သားရဲ့၊ အလုပ်ကြိုးစားတဲ့ ကာလသားကို ကာလသမီး တွေက မျက်စိကျတာဟာ ဓမ္မတာပေါ့။ သဘာဝပေါ့'

'မိန်းမ မယူချင်သေးပါဘူး အမေရာ။ အမေ အသက်ထင်ရှား ရှိနေတုန်း အမေ့ကို ကျွန်တော် လုပ်ကျွေးချင်သေးတယ်။ အဖေ ဆုံးသွားတော့ ကျွန်တော့် မှာ ကျေးဇူးဆပ်စရာ အမေတစ်ယောက်တည်းပဲ ကျန်တော့တယ် မဟုတ် လား။ မိဘကို ကျေးဇူးဆပ်တယ်ဆိုတာ မြတ်စွာဘုရားတောင် နို့တစ်လုံးဖိုးပဲ ကျေတယ်တဲ့ အမေရ'

'သာဓု...သာဓု...သာဓု၊ အမေ့သားလေး သက်တော် ရာကျော်ရှည် ပါစေတော်။ ကြားရတာနဲ့ စားရတာထက်တောင် အမေ ဝမ်းသာတယ်။ သား အဖေသာ ရှိသေးရင် ဘယ်လောက်ဂုဏ်ယူလိုက်မလဲ မသိဘူး။ ကဲ...သွား၊ သွား၊ ငှက်ပျောသီးပြုတ် ယူချေ။ စဉ့်အိုး အသေးကလေးထဲမှာလည်း ပေါက် ပေါက်ဆုပ်နဲ့ ထန်းလျက်ဖြူခဲတွေ ရှိတယ်'

မိခင်ကြီးသည် သားထွေးဖြစ်သူ မောင်လေးအား အသည်းတုန်အောင် ချစ်ရှာသည်။ မောင်လေး၏ အစ်မနှင့် အစ်ကိုများ အိမ်ထောင်ရက်သားကျ အိမ်ခွဲသွားကြသောအခါ မောင်လေးနှင့် မိခင်ဖြစ်သူသာ အိမ်ကြီးတွင် နှစ် ယောက်တည်း ကျန်ရစ်ခဲ့သည်။

ပြောင်းပြန်ပညာကို စတင်သင်ကြားစဉ်က မိခင်ကြီး မသိအောင် ပုန်း လျှိုး ကွယ် လျှိုး သင်ရသည်။

ကြာသော် မိခင်ဖြစ်သူ သိသွားသည်။ ဆရာကြီး ဆရာချယ်က မိခင် ကြီး မျက်ကွယ်တွင် သင်ကြားပေးသော်လည်း အိမ်ပြန်ရောက်၍ အလေ့အကျင့် ပြုလုပ်ရာမှ မိခင်ဖြစ်သူက ရိပ်စားမိသွားမိခြင်း ဖြစ်သည်။

သည်မှာ မိခင်က သားကို ' အရှူး' ဟု ဆိုသည်။ ပြောင်းပြန် လေ့ကျင့်ခန်းများ လုပ်လျှင် 'အရှူး ထသည်' ဟူ၍ စသည်။

အမှန်စင်စစ် မိခင်ကြီး ကိုယ်တိုင်ကလည်း ပြောင်းပြန်ကို အထင်သေးသည် အမှန်။

အကြောင်းကိုဆိုတော့ သူမ၏ တစ်သက်တာတွင် ပြောင်းပြန်သိုင်းကွက်ကို မမြင်ဖူးခဲ့။ ရိုးရာ သျှိုင်းသိုင်းကိုသာ မျက်စိယဉ် နားယဉ် ဖြစ်နေခဲ့သည်။

သည်ကြားထဲမှာ သိုင်းကွက်ချင်းက လှပပုံချင်း ကွာခြားသည်။ သျှိုင်းသိုင်းကို ကလျှင် လွန်စွာလှသည်။ ပြောင်းပြန်သည်ကား ခြေနတ် လက်နတ် ခြေသိမ်း လက်သိမ်း ကို့ယို့ကားယားနိုင်သည်။ ကြည့်၍ မယဉ်။ လှလည်းမလှ။

ယင်းကြောင့် မျက်မြင်အားဖြင့် ပြောင်းပြန်ကို အထင်မကြီးခြင်း ဖြစ်သည်။ အရူးထသည်ဟူ၍ ပြောခြင်း၊ အရူးဟု ခေါ်ခြင်းဖြစ်သည်။

'အမေရဲ့၊ သိုင်းဆိုတာ သုံးမျိုးရှိတယ်ဗျ။ အကသိုင်း ၊ အပြသိုင်း နဲ့ အချသိုင်းလို့ သုံးမျိုးရှိတယ်။ သျှိုင်းသိုင်းဟာ အကသိုင်း အပြသိုင်းထဲမှာ ပါဝင်မယ်ထင်တယ်။ ပြောင်းပြန်က အချသိုင်းဗျ။ ကြမ်းတယ်၊ ရမ်းတယ်၊ လုပ်ရင် အပြတ်လုပ်တယ်။ အဲ...ကြည့်လို့တော့ မလှဘူး'

'ဟူး...နင့်ပြောင်းပြန်ကို ငါ နားမလည်ပါဘူး။ ကြည့်ရတာ မျက်စိထဲ သိပ်ရိုင်းတယ်၊ ပသာဒ မရှိဘူး'

ယင်းသို့ သားအမိနှစ်ယောက် အပြန်အလှန် ပြောခဲ့ရပေါင်းလည်း များပြီ။ ကြာလာတော့ မိခင်က အပြောလျှော့လာသည်။ တစ်ခါတစ်ခါမှသာ သားဖြစ်သူ မခံချင်အောင် ကျီစပ်သည်။ စသည်။

မောင်လေးကိုယ်တိုင်ကလည်း ပြောင်းပြန်ပညာကို ထိပါးလာလျှင် မခံချင်။ ပညာကိုသာမက ဆရာကြီး ဆရာချယ်ကိုပါ ထိပါးသည်ဟုလည်း သူကထင်သည်။ မိခင်က ပြောချင်းသာ မဟုတ်လျှင် ဆတ်ဆတ်ထိမခံ ပြန်ပြောမိမည်မှာ သေချာသည်။

မောင်လေးက ရှမ်းမဟုတ် ဗမာမကျ ဟာသသီချင်းတစ်ပုဒ်ကို ဆိုငြီးရင်း မီးဖိုဆောင်ထဲသို့ ဝင်သွားသည်။ သူငြီးသော သီးချင်းပိုဒ်မှာ နန်းတော်ရှေ့ ဆရာတင် ရှမ်းပြည်နယ် ဒိုးပင်နယ်သို့ရောက်စဉ် လက်တန်းစပ်သွားသော သီချင်းဖြစ်သည်။

'ရှမ်းတို့စကားဂယ်၊ နားမလည် ၊ မားကနိုက်၊ မားကနိုက်၊ အများကြိုက်စေဖို့ အားစိုက်ဆိုခဲ့မယ်။ ရှမ်းတို့စကား အစမှာတော့ မလကျင်ခေါက်မယ်၊ ပြီနန်းဟန်လီ အပျိုကြီး တကယ်မငြီးရင် ကျုပ်ကို ယူပါကွယ်။ စံမဒီ ညာနမရယ်  ဟန်လီပါလုတယ်။ နိမ့်ပြီဆောင်ပြီပေါင်းရရင်လုပ်အွမ်ကလေးတွေ ဟကော့ရလိမ့်မယ်'

ရှမ်းစကားတွင် မားကနိုက်ဆိုသည်မှာ ဒီကိုလာပါ၊ ကြွပါဆိုသော ခရီးဦးကြိုပြုသည့် သဘော။ မာလကျင်ခေါက် ဆိုသည်မှာ ထမင်း သုံးဆောင်ပါဦးဟူ၍ ဖော်ရွေစွာ ဧည့်ကိုခေါ်သည့် သဘော။

ပြီနန်း ဆိုသည် အပျိုရွယ်၊ ဟန်လီ ဆိုသည်မှာ လှပချောမောသည့်သဘော။

နိမ့်ပြီ ဆိုသည်မှာ နှစ်နှစ်၊ ဆောင်ပြီ ဆိုသည်မှ သုံးနှစ် လုပ်အွမ် ဆိုသည်မှာ သားသမီး၊ ဟကော့ ဆိုသည်မှာ အရေအတွက် ငါးခု ငါးယောက်ဖြစ်သည်။

ယင်းကြောင့် သီချင်းစာပိုဒ်၏ အဓိပ္ပါယ်ကို မြန်မာလိုစကားပြေ ပြန်လိုက်မည်ဆိုပါက ရှမ်းပြည်နယ်ကို ရောက်လာရသော်လည်း ရှမ်းစကားကိုနားမလည်ပါ။

မားကနိုက်၊ မားကနိုက် ၊ ဒီကိုလာကြပါ။ ဒီမှာ ထိုင်ကြပါ။ ခင်ဗျားတို့ရှမ်းအမျိုးသမီးတွေ အမျိုးသားတွေ ကြိုက်အောင် သဘောကျအောင် ကြိုးစားအားထုတ်၍ သီချင်းလက်တန်းစပ်ပြီး သီဆိုပြခဲ့ပါမည်။

ရှမ်းစကားကို စသင်လျှင် မလယ်ကျင်ခေါက်၊ ထမင်းသုံးဆောင်ပါ ဆိုသည့် ယဉ်ကျေးဖွယ်ရာသော စကားကို စတင်သင်ဟု နားလည်ရပါသည်။

ပြီနန်းဟန်လီ အပျိုကြီး...အင်မတန်ချောမောလှပသော နမသယ်လေးရယ်၊ ကျုပ်ကို မမုန်းဘူးဆိုရင် ကျုပ်နဲ့ လက်ထပ်ပါလားကွယ်။ မင်းလို စံပြချောမောလှပတဲ့ မိန်းကလေးက လက်ထပ်လို့သာ နှစ်နှစ်သုံးနှစ် ပေါင်းရမယ်ဆိုရင် သားသမီးတွေ လေးငါးယောက်လောက် မွေးလိမ့်မယ်လို့ ကျုပ်ထင်ပါတယ်....ဟူ၍ ဖြစ်သည်။

မောင်လေးက ငှက်ပျောသီးပြုတ်တွေကိုလည်း စားသည်။ ထန်းလျက်နိုင်နိုင်ဖြင့် ဆုပ်ထားသော ပေါက်ပေါက်ဆုပ်လုံးကြီး သုံးလုံးကိုလည်း ဝါးသည်။ ထန်းလျက်ဖြူခဲ နနဖွေးဖွေးကြီး သုံးလေးခုကိုလည်း ကိုက်သည်။

သည်ကြားထဲတွင် ထမင်းအိုးထဲမှ ထမင်းကြမ်းခဲ တုံးကြီးကိုလည်း စားသေး ဂါးသေးသည်။

ပြောင်းပြန်သင်မှ ထမင်းက ခါတိုင်းထက် စားကောင်းသည်။ ပင်ပန်းဆင်းရဲစွာ ပြင်းပြင်းထန်ထန် လေ့ကျင့်ရသည်ဖြစ်ရာ၊ ဂမ်းမီးအား လွန်စွာကောင်းလာသည် ထင်သည်။

ခဏခဏတော့ ဆာသည်။ ခဏခဏ စားသည်။ စားပြီး မကြာမီ ထပ်မံ၍ ဆာသည်။ ဆာတော့ ထပ်စားပြန်သည်။

အကြောင်းမသိသူဆိုလျှင် အစားအသောက်၌ တော်ကြီးကျလွန်းသည်။ သရဲမရဲ စီးလွန်းသည်။ ပြိတ္တာဘဝမှ လာသူလောဟူ၍ ပြောကြ ထင်ကြ မေးငေါ့ကြလောက်သည်။

သို့ရာတွင် ဆာခြင်းမှာ ဆာခြင်းပင်။ ပြောင်းပြန်သမားအဖို့ အစားစားလျှင်ကား သည်လိုပင် အားပါးတရာ စားကြလေသည်ပင်။ အငမ်းမရ စားနေသည့်ကြားမှပင် ထမင်းတစ်လုပ်နှင့် တစ်လုပ် ဂေးသည်ဟူ၍ ထင်မြင်ကြလေသည်။

ပြင်းထန်သော လေ့ကျင့်မှုက ဆာလောင်စေ၊ အစာတောင်းလေအောင် ပြုလုပ်သည်ကဲ့သို့ ဖြစ်နေရသည်ပင်။

အရိုးတို့သည် သံချောင်းပမာ မာနေကြလေသည်ပင်။ ကြွက်သားတို့သည်လည်း ကျောက်တုံးကျောက်ခဲပမာ မာကြောနေကြလေသည်ပင်။ ပြောင်းပြန်သမားက ရိုးရိုးသာမန် လူတစ်ယောက်အား အသာအရာ ကိုင်တွယ်ဖြစ်ညှစ်၍ နမူနာပြလျှင် ဆင်ကျီစားသည်ကို ဆိတ်မခံနိုင်သည့်ပမာ ဖြစ်ကြရလေသည်ပင်။

မောင်လေးတစ်ယောက် စားသောက်နေစဉ်တွင်ပင် မိခင်ဖြစ်သူ၏ ဘုရားရှိခိုးသံ ထွက်ပေါ်လာသည်။ ဘုရား ရှိခိုးပြီးလျှင် သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကုန်သော ဂေနေယျ သတ္တဂါများအား အမျှအတန်း ပေးဂေပေမည်။

သည်နောက် အိပ်ခန်းသို့ ဂင်မည်။ လဲလျောင်းမည်။ သို့ရာတွင် သက်ကြီးရွယ်အိုဆိုသည် အအိပ်အနေ နည်းပါးကြသည်။ တစ်ရေးအိပ်ပြီးလျှင် အိပ်ရာမှ ပြန်ထမည်။ မီးတစ်ခွက်ဖြင့် တစ်အိမ်လုံး ချွတ်နင်းပြီး သွားမည်။ တောက်တိုမယ်ရ အလုပ်တွေကို တစ်ခုပြီးတစ်ခု လျှောက်လုပ်မည်။

ညောင်းလာညာလာပြီဆိုလျှင် ပြန်၍ အနားယူမည်။ ဆေးလိပ်ဖွာမည်။ လဲလျောင်းမည်။ သည်လို မောင်လေး နာလည်လိုက်ပြီး သိနေပြီဖြစ်သည်။

အိမ်ရှေ့ဧည့်ခန်းသို့ မောင်လေး ပြန်ထွက်လာသောအခါ မိခင်ကြီး အိပ်ခန်းထဲသို့ ဝင်သွားပြီ။ မောင်လေးကိုယ်တိုင်လည်း ခေါင်းအုံးပေါ်တွင် ခေါင်းကို ချ၍ လဲလျောင်းလိုက်သည်။

အိပ်၍ကားမပျော်။ မျက်စိတွေက ကြောင်မြဲ ကြောင်နေသည်။ မနက်ဖြန် နံနက်တွင် ဆရာကြီးကို လိုက်၍ ပို့ရပေမည်။ သည်အသိကလည်း သူ့စိတ်တွင် ဝင်ခိုအောင်းနေသည်။

သူက ဆရာကြီး၏ မျက်နှာကိုပင် မြင်ယောင်နေမိသည်။ အမှန်စင်စစ် ဆရာကြီး ဆရာချယ်သည် မောင်လေးတို့ သုံးယောက်ကို သိုင်းသင်ပေးနေစဉ်၌ အေးအေးချမ်းချမ်း သင်ပေးနေရသည် မဟုတ်။ အချို့သော ပုဂ္ဂိုလ်များ၏ ပညာစမ်းခြင်းကို မကြာခဏ ခံရဖူးသည်သာ ဖြစ်သည်။

တစ်နေ့တွင် ဆရာကြီးက မောင်လေးတို့ သုံးဦးအား ဦးသောမ၏ လယ် ထဲတွင် သိုင်းသင်နေသည်။ တုတ်သိုင်းသင်နေချိန် ဖြစ်သည်။

ထိုအချိန်တွင် ဇောတိကုန်းရွာ၏ သိုင်းဆယ်ရာ ဆယ့်တစ်ယောက်တွင် တစ်ဦးအပါအဝင်ဖြစ်သော ဆရာ ဦးထွန်းမြတ်တစ်ယောက် မြက်ထုံးကြီး နှစ်ထုံးကို ထမ်းပိုးဖြင့်ထမ်းလျက် တလင်းထဲသို့ ရောက်လာသည်။

ထမ်းပိုးသည် ရေထမ်းပိုး မဟုတ်။ ဂါးလုံးထမ်းပိုးဖြစ်သည်။ နွားစာ မြက်များကို ရိတ်၍ ထုံးချည်၍ ဂါးလုံးဖြင့်စွပ်ပြီး ထမ်းလာခြင်းဖြစ်သည်။

ဆရာဦးထွန်းမြတ်က မြက်ထုံးထမ်းသည့် ထမ်းပိုးကို ဖြုတ်သည်။ တုတ်ကိုထောက်ပြီး သိုင်းသင်တန်းကိုကြည့်နေသည်။ ယင်းသို့ ကြည့်နေရင်းပင်။ စိတ်ထဲ၌ မရိုးမရွ ဖြစ်လာပုံ ပေါ်သည်။ ပြောင်းပြန်တုတ်သိုင်းကို စမ်း ကြည့်ချင်လာဟန်ရှိတယ်။

ဆရာဦးထွန်းမြတ်က စ၍ စကားဆိုသည်။

'ဗျို့..ဆရာချယ်၊ ခင်ဗျားကို ဝင်ရိုက်ကြည့်ချင်တယ်ဗျာ'

'ဟား..ဟား..ဝင်ရိုက်ချင်တာများ ပြောနေရသေးသလား၊ ဝင်ရိုက် လိုက်ပါတော့လားဗျ'

ဆရာချယ် မတ်တပ်ရပ်လျက် အနေအထားတွင် ရှိနေသည်။ သူက

သည်လို ပါးစပ်မှပြောပြီး သူ့လက်မှ ဂါးလုံးကို မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်။ သူသည် လက်နက်မဲ့ အနေအထားသို့ ရုတ်ချည်း ရောက်ရှိသွားသည်။

သည်မှာ ဦးထွန်းမြတ် ပြေး၍ ဝင်လာသည်။ မြက်ထမ်းထမ်းပိုးဖြင့် ထိုးဟန်ပြ၍ ဆရာချယ်ကို မိုးပြီး ရိုက်ချလိုက်သည်။ ဆရာချယ်က လျှပ်ပစ်သည့်ပမာ မြေပြင်ပေါ်မှ တုတ်ကို ခြေထောက်ဖြင့် ကောက်၍ ယူလိုက်သည်။

လက်ထဲသို့ တုတ်ရောက်လာချိန်၌ ဆရာချယ်ကို ဖြောင်းခနဲ ရိုက်လိုက်ချိန် ဖြစ်သွားသည်။ မြက်ထမ်းသမားဆရာ၏ ထမ်းပိုးတုတ်သည် ကိုင်ထားသော လက်ရင်းနားမှ ပြတ်ထွက်သွားသည်။ ဆရာ ဦးထွန်းမြတ်၏ လက်မကိုလည်း ထိသွားသည်။ လက်မလက်သဲ ကွာထွက်သွားသည်။ သည်မှာ ဆရာဦးထွန်းမြတ်က ဆိုသည်။

'အားလားလား...ဆရာ့ပညာက အမြင်ကျဲသလောက် အလုပ်ကျတော့ သိပ်စိပ်ပါလားဗျို့'

'အဲဒါမှန်တယ်။ ပြောင်းပြန်ဟာ အမြင်မှာ တကယ်ကျဲတယ်။ လုပ်လို့ရမယ့် လုပ်ကွက် ဟာကွက်တွေ အများကြီးရှိတယ်လို့ ထင်ရတယ်။ ဒါပေမယ့် အဲဒီလို အထင်သေးပြီး သွားမစမ်းနဲ့။ အလုပ်ကျတော့ သိပ်စိပ်တယ်။ ခင်ဗျားကိုယ်တွေ့ပဲ'

ဆရာချယ်၏ အကွက်ကို မောင်လေး မျက်ဂါးထင်ထင် လက်တွေ့မြင်လိုက်ရသည်။ ဆရာချယ်သည် ကိုးကွက်စကြာကို နင်းပြီး လိမ်တုတ်နှင့် တွဲဘက်၍ တိုက်စစ်ကို တိုက်စစ်ဖြင့် ပြန်လည် တိုက်ခိုက်လိုက်ခြင်း ဖြစ်ကြောင်း မောင်လေး သိနားလည်လိုက်ရသည်။

ယခုခေတ် အနေအထားဖြင့် ပြန်ပြောင်းတွေးတော ပြောဆိုရသော် ပို၍ ရှင်းမည်။ ယခုခေတ်တွင် ဟောလီးဟု(ဒ်)မှ ရိုက်ကူးသော ကောင်းဘွိုင်ကားထဲမှ သေနတ်ချင်း ယှဉ်ပြိုင်ပစ်ကြသည့် သဘောပင်။

ဇာတ်လိုက်သည် သူ၏ လက်ထဲတွင်လည်းကောင်း၊ သို့မဟုတ် သူ၏ ခါးပေါ်တွင် အိတ်နှင့်ထည့်လျက်သော်လည်းကောင်း၊ သေနတ် လက်ဂယ်မရှိ၊ တစ်နေရာရာတွင် တင်ထားသည်။ သို့တည်းမဟုတ် ချထားသည်။

ထိုအချိန်တွင် လူကြမ်းဗိုလ် ဝင်လာသည်။ ဇာတ်လိုက်နှင့် ရင်ဆိုင်လိုက်

သည်။ ယှဉ်ပြိုင်ပစ်ခတ်ရန် ချဲလင့်(ချ်) ခေါ်သည်။ သည်မှာ ဇတ်လိုက်က လူကြမ်းကို မထိမဲ့မြင် ပြုံးပြသည်။ တစ်နစ်သုံးဟူ၍ အမှတ်စဉ် ရွတ်သည်။

လူကြမ်းက သူ့ခါးသေနတ်အိတ်ထဲမှ သေနတ်ကို ထုတ်ချိန်တွင် ဇတ်လိုက်က သူ့ကိုယ်ခန္ဓာတွင် မရှိသော ၊ တစ်နေရာရာတွင် ချတင်ထားသော သေနတ်ကို သူ့နည်းသူ့ဟန်ဖြင့် သူယူပြီး ပြန်လည်ပစ်ခတ်သည့် သဘော၊ လူကြမ်းထက် ပို၍ လျင်သည်ကို ပြသည့်သဘောမျိုးဖြစ်သည်။

ဆရာချယ်ကား လက်ရောခြေပါ လေးချောင်းလုံး သန်မာသူ ဖြစ်သည်။ လက်သည်လည်းခြေ၊ ခြေသည်လည်း လက် သဘောလောက်နီးပါး အသုံးချ၍ရသော ဆရာကြီးဖြစ်သည်။

ခြေကို ခြေအနေအထားဖြင့်လည်းသုံး၍ လက်အနေအထား နေရာတွင်လည်း အစားထိုးသုံးနိုင်သူ၊ လက်ကိုလည်း လက်အနေအထားဖြင့်ရော ခြေထောက်အနေအထား နေရာတွင်ပါ အသုံးချနိုင်သူအဖြစ် နာမည်ကြီးသည်။ မြေပြင်တွင် ကျနေသော ချထားသောတုတ်ကို လက်ဖြင့် ကုန်းမကောက်ဘဲ ခြေထောက်ဖြင့် ဆွဲကောက်လိုက်ခြင်းမှာ အံ့တစ်ပါးဟူ၍ ပြောလောက်သည်။

နောက်တစ်ကြိမ်တွင်ကား တပည့်ဖြစ်သူ ဦးလုံကိုယ်တိုင်က စမ်းသပ်ခြင်းဖြစ်သည်။ ဦးလုံ၏ အစမ်းအသပ်ကို ဆရာချယ်အနေဖြင့် ခုခံလိုက်ရခြင်းဖြစ်သည်။

ဦးလုံသည် ရာဘာခြံသူဌေးသား ဖြစ်ခြင်းကြောင့် ဆရာရင်း တပည့်ရင်းလည်း ဖြစ်နေပြီ။ တစ်အိမ်တည်းတွင် နေထိုင်ကြသူများဖြစ်၍ ဆွေရင်းမျိုးရင်း မိတ်ဆွေရင်းလိုလည်း ရင်းနှီးကျွမ်းဝင်နေပြီ။

ဦးလုံဆိုသည့် ဦးလုံကလည်း တော်ရုံတန်ရုံလူစားမျိုးမဟုတ်ချေ။ အရပ်အမောင်း ဒေါက်ကောင်းလှသလောက် လွန်စွာ သန်မာသူလည်း ဖြစ်သည်။

ဥပမာပြောရချေက ဦးလုံသည် မြေပြင်တွင်ထိုင်သည်။ ထိုသို့ ထိုင်လျက်သားဖြင့် သူ၏ လက်မနှစ်ချောင်းကို မြေပြင်တွင် ထောက်သည်။

လက်မနှစ်ချောင်း၏ ထောက်အားဖြင့် သူ၏ ခန္ဓာကိုယ်ကို လေထဲသို့ ကြွတက်စေနိုင်သည်။ ခြေအစုံကို မြေမှလွတ်အောင် မတင်ပြီး လက်မနှစ်ချောင်း ထောက်အားပေါ်တွင် ကိုယ်ခန္ဓာကိုဖိ၍ ရှေ့သို့ ရွေ့လျားနိုင်စေသူဖြစ်သည်။

လက်မနှစ်ချောင်းသည်ပင် သည်မျှ သန်မာသည်။ ကိုယ်ခန္ဓာ အနေဖြင့်ကား ဆိုဖွယ်ပြောဖွယ်ရာ မရှိတော့။

ဤသို့ အနီသို့သော ဦးလုံသည် ဆရာကြီး ဆရာချယ်ကို သူ့အိမ်ပေါ်တွင် တင်ထားပြီး အလစ်အငိုက်ကို အမြဲစောင့်ကြည့်နေသည်။

ရန်မူလို၍ကား မဟုတ်။ ဆရာကြီး၏ စွမ်းရည်နှင့် ပညာကို အပျော်သဘော စမ်းသပ်ကြည့်လိုခြင်း၊ ပညာယူလိုခြင်း ၊ မှတ်တမ်းတင်လိုခြင်း သဘောသာ ဖြစ်သည်။

တစ်နေ့တွင်ကား ဆရာချယ်တစ်ယောက် နေ့လယ်ခင်းတွင် ခြင်ထောင်ထောင်လျက်သား အိပ်ပျော်နေသည်။ ခြင်ထောင်သည် ခပ်ပါးပါးဖြစ်သောကြောင့် ဦးလုံက ဆရာချယ်ကို အပြင်မှ မြင်တွေ့နေရသည်။

ဆရာချယ် တကယ်တမ်း အိပ်ပျော် မပျော် ဦးလုံက အကဲခတ်ကြည့်သည်။ တကယ် အိပ်ပျော်နေကြောင်း သေသေချာချာ သိလိုက်သည်။

သည်မှာ ဦးလုံက ဆရာချယ်၏ ခြေနှစ်ချောင်းကို ဆတ်ခနဲ ဆွဲပြီး လွှင့်ပစ်ရန် စိတ်ကူးရသည်။ ဆရာချယ်၏ ခြေနှစ်ချောင်းကို ဆတ်ခနဲ အဆွဲလိုက် ဆရာချယ်၏ ခြေအစုံက သူ့ကို ခတ်ပြီး ဖြစ်သွားသည်။

'ပုံး....'

ဦးလုံကိုယ်ကြီး လွင့်ထွက်သွားသည်။ ပျဉ်ထရံနှစ်ခုဆုံရာ ဒေါင့်တိုင်တစ်တိုင်နှင့် ဦးခေါင်း သွား၍ ရိုက်မိသည်။ ဦးလုံတစ်ယောက် နာရီဂဏ်ခန့် သတိမေ့သွားသည်။ ဆရာကြီး ဆရာချယ်ကပင် သူ့ဆေးဖြင့် နာနပ်ပေးသည်။

နာရီဂဏ်ခန့်ကြာမှ ဦးလုံ သတိပြန်လည်၍ ရရှိလာသည်။ ဆရာချယ်ကို ကြည့်ပြီး တောင်းပန်စကားဆိုသည်။

'ကျွန်တော် ဆရာကြီးကို ပညာစမ်းတဲ့သဘော၊ အံတုတဲ့သဘော ခြေရာတိုင်းတဲ့ သဘော မဟုတ်ပါဘူး ဆရာကြီး။ ဆရာကြီး စွမ်းရည်ကို သိချင်လို့ လုပ်ကြည့်တာပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ'

'အေးပါကွာ ၊ ငါသိပါတယ်။ မင်းက စမ်းကြည့်တော့ လက်တွေ့ မင်းသိရပြီ မဟုတ်လား၊ ဟား -ဟား- ဟား'

'ကံကောင်းလို့ ခေါင်းကွဲမသွားတာပေါ့ ဆရာကြီးရယ်။ ကျွန်တော်တော့ ဆရာကြီးကို လန့်သွားပြီ'

'မလန့်ပါနဲ့ မောင်လုံရယ်၊ ပညာဆိုတာ လူအနာခံပြီး သင်တဲ့အခါလည်း သင်ယူရတယ်'

'ဟာ...ဆရာကြီးရယ် အခုလိုသာ သုံးလေးခါ ဆက်ပြီးအနာခံရင်တော့ အသက်ပါ ပါသွားလိမ့်မယ် ထင်တယ်။ အင်း တော်သေးတာပေါ့။ လက်ဆစ်နဲ့ အခေါက်ခံရတဲ့ မောင်လေးလိုတော့ ခေါင်းပေါက်မသွားသေးဘူး။ သေရာပါမယ့် အမာရွတ် ထင်မကျန်ဘူးပေါ့ ဆရာကြီး'

ဦးလုံက သူ့ဦးခေါင်းကို စမ်းပွတ်ပွတ်ကြည့်သည်။ သူ့ လက်ချောင်းကလေးများကို ကြည့်သည်။ လက်ဖါးတွင် သွေးစသွေးန ပါလာသည်ကို မတွေ့ရမှ ဆိုခြင်းဖြစ်သည်။

ဆရာချယ်ရော ဦးလုံပါ တဟါးဟါး တဟားဟား ပွဲကျသွားကြသည်။ ဦးလုံ၏ဇနီးဖြစ်သူကလည်း အစက မျက်လုံး မျက်ဆံပြူးနေရာမှ သက်မချပြီး စိတ်အေးသွားသည်။

ပညာသည်တို့ စုဝေးရာနေရာဆိုသည် ယင်းသို့ ပညာစမ်းပွဲများ ရှိလေမည်ပင်။ ရှိပေမည်ပင်။ လူကြမ်းစိတ်ကြမ်း ပညာကြမ်းကြီးတို့၏ ပညာစမ်းပွဲဆိုသည်ကလည်း စိတ်ဝင်စားစရာ အတိပြီးလေသည်ပင်။

နောင်တွင်ကား ဦးလုံသည် ဆရာချယ်ကို မစမ်းရဲတော့ပေ။ သို့ရာတွင် ဆရာချယ်ကို စမ်းသူတစ်ယောက် ထပ်မံ၍ ပေါ်လာသည်။ ထိုသူရဲကောင်းကား ဦးဘိုးလူဖြစ်သည်။

တစ်နေ့သော ညနေခင်း နွားရိုင်းသွင်းချိန်တွင် ဖြစ်သည်။ ဆရာချယ်တစ်ယောက် ရွာလယ်လမ်းအတိုင်း လျှောက်လာသည်။ တစ်ရွာလုံး အသိမိတ်ဆွေချည်း ဖြစ်နေပြီ။ တစ်အိမ်ဝင် တစ်အိမ်ထွက် အပျင်းပြေ စကားပြောရင်း လမ်းလျှောက်နေခြင်း ဖြစ်သည်။

ထိုအချိန်တွင် ကိုဘိုးလူက သူ့နွားများကို မောင်းလာသည်။ ရွာအရှေ့ဘက်ရှိ သူ့ခြံထဲသို့ သွင်းနေရင်းမှ ဆရာချယ်ကို လှမ်း၍ မြင်သည်။ ဆရာချယ်မှာ သူ့လက်ထဲမှ ကြိမ်လုံးကလေးကို မြေတွင်ထောက်လျက် လူတစ်ယောက်နှင့် စကားပြောနေသည်။

ကိုဘိုးလူက ဆရာချယ်၏ နောက်ကျောဘက်သို့ ကပ်သွားသည်။ သူ့လက်ထဲတွင်လည်း နှစ်တောင် သုံးတောင်ခန့် တုတ်တစ်ချောင်း ကိုင်လျက်သား ပါလာသည်။ သူသည်လည်း ရှမ်းကြီးသိုင်းသမားတစ်ယောက် ဖြစ်သည်။

'ဆရာ...ကျွန်တော် ဆရာ့ကို နောက်ကနေ ရိုက်လိုက်ရမလား'
'ဟ...ရိုက်မှာများ ပြောနေရသေးလားကွာ၊ ရိုက်မယ်ဆို ရိုက်ပါတော့လား'

ကိုဘိုးလူက နောက်မှနေ၍ ဆရာချယ်၏ ဦးခေါင်းကို စလွယ်ဖြတ်ဖြတ်၍ ရိုက်လိုက်သည်။ ဆရာချယ်က ဘေးသို့ယိမ်း၍ ကြိမ်လုံးဖြင့် လက်ပြန်စလွယ် တွက်၍ ရိုက်လိုက်သည်။

'ဖျောင်း....အားလားလား'

ကိုဘိုးလိုတစ်ယောက် မချိမဆန့်အော်သံနှင့်အတူ သူ့ညာလက်ကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ထားသည်။

လက်ကျိုးသွားပြီ။ သေရာပါမည့် ဒဏ်ရာ ရရှိသွားပြီ။ မှတ်လောက်သားလောက်ဖြစ်သွားပြီ။ ပညာသည်ကို စမ်းမိသည့် စိမ်ခေါ်မိသည့် အကျိုးခံစားသွားရပြီ။

ဆရာချယ်ကို သူစမ်းသည်မှ ယခုအကြိမ်သည် ဒုတိယအကြိမ် ဖြစ်သည်။ ပထမတစ်ကြိမ်လည်း စမ်းကြည့်ခဲ့ဖူးသည်။

ထိုစဉ်က ဦးလုံ၏ နေအိမ်ပေါ်တွင် ဖြစ်သည်။ ဆရာချယ်၊ ဦးလုံနှင့် ဦးသောမတို့ သုံးဦး အိမ်ပေါ်တွင်ပင် သိုင်းကစားနေကြသည်။ လူငယ်ဖြစ်သော မောင်လေးက ထိုင်၍ ကြည့်နေသည်။

ထိုစဉ် ကိုဘိုးလူ ရောက်ရှိလာသည်။ သိုင်းကစားသည်ကို ကြည့်နေသည်။ ကိုဘိုးလူကား ညစ်ကျယ်ကျယ် သိုင်းသမားတစ်ယောက် ဖြစ်သည်။ အားခွန်ဗလလည်း ကောင်းသည်။ အထူးသဖြင့် လက်ချောင်းများ အလွန်သန်သည်။

အကယ်၍ တစ်စုံတစ်ယောက်က သူ့လက်ကောက်ဝတ်ကို ရုတ်တရက် ဆုပ်ကိုင်ကိုင်သည် ဆိုအံ့။ သူက ကိုင်သူ၏ လက်ကို သိုင်းပညာဖြင့် မဖြုတ် ကျန်လက်မှ လက်ချောင်းထိပ်များဖြင့် ကိုင်သူ၏ လက်မနှင့် လက်ညှိုးခွကြားကို ဆတ်ခနဲ ထိုးတတ်သည်။

အထိုးခံရသူသည် သေမင်းငင်မတတ် စူးစူးဝါးဝါး အော်ဟစ်နာကျင်သွားရသည်။ လက်မနှင့်လက်ညှိုးကြား ခွဆုံမှာ လွန်စွာနာသော နေရာလည်း ဖြစ်သည်။

ထိုနေ့ကဆိုလျှင် ကိုဘိုးလူသည် ဆရာချယ်တို့ သိုင်းကစားနေကြသည်ကိုကြည့်ရင်း ရှိုးတိုးရွတ ဖြစ်လာပုံပေါ်သည်။

သိုင်းကစားခြင်းကို ခေတ္တရပ်နားလိုက်ကြပြီး ရေနွေးကြမ်း ဝိုင်းဖွဲ့နေစကားစမြည် ပြောနေကြသည်။ ဆရာချယ်၊ ဦးလုံ ၊ ဦးသောမ တို့နှင့်အတူ ကိုဘိုးလူလည်း ရေနွေးကြမ်း ဝင်၍သောက်သည်။ ဆရာချယ်နှင့် လက်တစ်ကမ်းတွင် ထိုင်နေပြီး သူ့လက်ထဲတွင် တုတ်တစ်ချောင်းလည်း ကိုင်ထားသည်။

ရေနွေးကြမ်းသောက်နေစဉ် အမေ့လောက်၌ ကိုဘိုးလူက ဆရာချယ်ကို သူ့လက်ထဲမှ တုတ်ဖြင့် သိမ်း၍ ရိုက်လိုက်သည်။

'ဂိုး....'

'ပုံး...ဝွမ်း....ဒိုင်း'

ကိုဘိုးလူက ထိုင်နေရာမှ ဆရာချယ်အား သိမ်းရိုက် ရိုက်လိုက်သည်။ ဆရာချယ်က ရှောင်လည်းရှောင် လက်သီးဖြင့်လည်း ကိုဘိုးလူကို ထိုးလိုက်သည်။

ကိုဘိုးလူ၏ တုတ်ချက်သည် ဆရာချယ်ကို မထိသကဲ့သို့ ဆရာချယ်၏ လက်သီးချက်သည်လည်း ကိုဘိုးလူကို မထိချေ။ ထိသောနေရာမှ ပျဉ်းကတိုး လျှာထိုးထရံ ဖြစ်သည်။ ဝွမ်း....ဒိုင်း ဟူသော အသံနှင့်အတူ ပျဉ်းကတိုးလျှာထိုးထရံ ကွဲသွားသည်။

အားလုံး မျက်လုံးပြူးသွားကြသည်။ ဆရာချယ်၏ လက်သီးပြင်းထန်မှုကို အံ့အားသင့်သွားကြသည်။

ထိုစဉ်ကတည်းက ကိုဘိုးလူကိုယ်တိုင် ဆရာချယ်ကို နားလည်ဖို့ကောင်းသည်။ နားလည်ခြင်းမရှိဘဲ ဒုတိယအကြိမ် ထပ်မံ၍ စမ်းသပ်ခြင်းအတွက် ယခုတော့ လက်ကျိုးသွားပြီ။

ကိုဘိုးလူကဲ့သို့သော လူတစ်ယောက်လည်း ရှိသေးသည်။ သူကား သစ်တိုစမ်း ဦးရေးပင် ဖြစ်သည်။

သစ်တိုစမ်းဦးရေးဟူ၍ ခေါ်ဆိုရခြင်းမှာ ဇောတိကုန်းရွာ၌ ဦးရေးတစ်ယောက် ရှိနေခြင်းကြောင့် ခွဲခြားခေါ်ဆိုကြခြင်းဖြစ်သည်။

ဦးရေးဟူ၍ ပြောဆိုလျှင် ဇောတိကုန်းရွာမှ ဦးရေးဟူ၍ လူတိုင်းနားလည်သည်။ ဒုတိယ ဦးရေးအကြောင်း ပြောလိုလျှင် ဒုတိယဦးရေးမှာ သစ်တိုစမ်း

ရွာတွင် နေထိုင်သောကြောင့် သစ်တိုစမ်းဦးရေးဟူ၍ ခွဲခွဲခြားခြား ပြောဆိုကြသည်။ သစ်တိုစမ်းဦးရေးသည်လည်း ရှမ်းကြီးသိုင်းဆရာ တစ်ဦးဖြစ်သည်။

သစ်တိုစမ်းဦးရေးကား ဆရာချယ်ကို တိုက်ရိုက်စမ်းသည် မဟုတ်။ ဆရာချယ်ထံတွင် ပြောင်းပြန်ပညာ သင်နေသော ဦးလုံကို စမ်းခြင်းဖြစ်သည်။

ဦးလုံသည် ညနေတိုင်း ပြောင်းပြန်တုတ်သိုင်း အမြဲ လေ့ကျင့်လေ့ ရှိသည်။ တစ်နေ့တွင် ဦးလုံတစ်ယောက် တုတ်သိုင်းလေ့ကျင့်နေစဉ် သစ်တိုစမ်း ဦးရေး ရောက်ရှိလာသည်။ ဦးလုံ သိုင်းလေ့ကျင့်နေသည်ကို ရပ်ကြည့်နေသည်။ ရပ်ကြည့်ရင်းမှ စကားဆိုသည်။

'မင်းတုတ်က တယ်ကဲ့ပါလားကွ'

'အေး....ကြိုတယ်ထင်ရင် ဂင်ရိုက်ကြည့်ပါလား မောင်ရေးရ'

ဦးလုံက သိုင်းကစားခြင်းကို ရပ်လိုက်သည်။ လက်ထဲမှ တုတ်ကို ပခုံးပေါ်တွင် ထမ်းလိုက်ပြီး ပြန်ပြောခြင်းဖြစ်သည်။

ဦးရေးက ဆင်ဂင်အောက်တွင် ထောင်ထားသော သိုင်းတုတ်များထဲမှ တစ်ချောင်းကို သွား၍ဆွဲပြီး ဦးလုံကို ဘေးဘက်မှ တုတ်ဖြင့် ထိုးလိုက်သည်။

'ဖျောင်း'

ဦးရေးထိုးလိုက်သော တုတ်ကို ဦးလုံက သူ့ပုခုံးပေါ်တွင် ထမ်းထားသော တုတ်ဖြင့် တစပ်ပတ်လှို ရိုက်ထုတ်လိုက်သည်။ ဖျောင်းဆိုသော အသံနှင့်အတူ ဦးရေး၏ တုတ် လွင့်ထွက်သွားသည်။ ဦးရေး၏ လက်မတစ်ဖက်မှ လက်သည်းလည်း ကျွတ်ထွက်သွားသည်။

'အား....မင်းက အဟုတ်ရိုက်တာကိုးကွ။ကဲ...ဒါဆိုရင် ငါ့ထိလည်း စိတ်မဆိုးဘူး။ မင်းနဲ့ငါနဲ့ ချမယ်'

'ချကြည့်လေ၊ ချပါ'

ဦးရေးက လက်သည်းကျွတ်ထွက်သွားသော သူ့လက်မကို အဂတ်ဖြင့် ပတ်တီးစည်းသည်။ ပြီးလျှင် တုတ်ကို ပြန်၍ကိုင်သည်။ ဦးလုံနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ အသင့်အနေအထား ဖြစ်သွားကြသည်။

ဦးရေးက ရှေ့မှမိုး၍ ရိုက်မည့်ဟန်ပြပြီး တုတ်ဖြင့် ပြေးထိုးသည်။ ဦးလုံက ညာလိမ်တုတ်ဖြင့် ရိုက်လိုက်သည်။ ဦးရေးက နောက်သို့ခုန်၍ ဆုတ်လိုက်သည်။ အဆုတ်တွင် ဦးလုံက ပတ်တုတ်ဖြင့် ဆက်၍ ရိုက်လိုက်သည်။

'ဖျောင်း......အား'

ဦးရေး ဒူးထောက် လဲကျသွားသည်။ ညို့သကြီးကို ထိသွားသောကြောင့် ဖြစ်သည်။

'မင်းက တကယ်ရိုက်တာကိုးကွ'

'ဟ...အဲဒါ ငါလျှော့လျှော့ပေါ့ပေါ့ လုပ်တာကွ'

'မင်းသိုင်းက ကြည့်တော့ ကျဲတယ်။ လုပ်တော့ သိပ်စိပ်ပါလား။ ငါ့ကို နည်းနည်းလောက် ပြစမ်းပါ ကိုလုံးရ'

ဦးလုံးက တစ်ဖက်စတုတ်ဖြင့် နည်းပြ၍ပေးသည်။ လက်ပြောင်း စီးရိုက်၊ လိမ်တုတ် ၊ မွှေတုတ်၊ ခွဲတုတ်၊ တုတ်ထမ်း စသည်ဖြင့် သဘောလောက် ပြပေးခြင်း ဖြစ်သည်။

ထိုအခြေခံသဘောကို သစ်တိုစမ်း ဦးရေး နားလည်သွားသည်။ ရှမ်းကြီးသိုင်းကွက်နှင့်ရောရ၍ 'ရှမ်းတရုတ်သိုင်း' အမည်ဖြင့် သိုင်းဆရာလုပ်သည်။

နောက်သော် သစ်တိုစမ်းဦးရေးသည် သူ၏ တပည့်ဖြစ်သော ဦးကိတ္တိကို ဆရာဖြစ်ပေးသည်။ ဦးကိတ္တိမှာ ဒေးဒနော ညောင်ထောက်မှ ကိုတူး၏ အစ်ကိုဖြစ်သည်။ ထို့နောက် တွံတေးရှမ်းစုမှ ကိုဘိုမင်း၏ ယောက်ဖ ကိုဘိုးကွန်းကိုလည်းကောင်း၊ ပေါက်တောမှ ဦးစိန်ကြီး၊ တရုတ်ထောင်ရွာမှ ဦးမောင်း၊ မမယ်လှ၏ မောင်ဖြစ်သူ ဦးဘကျော် (ကိုရင်ဘကျော်) ကိုလည်းကောင်း ဆရာဖြစ်ပေးခဲ့သည်။

သစ်တိုစမ်းဦးရေး၏ ဆရာအရင်းကား ဇေတကုန်းရွာမှ ဦးဆူးပညာ ဖြစ်သည်။ ဦးဆူးပညာမှာ မောင်လေး၏ အမအရင်းကို ယူထားသော မောင်လေး၏ ယောက်ဖ ဖြစ်သည်။

မောင်လေးသည် ယောက်ဖဖြစ်သူ ဦးဆူးပညာထံမှ ရှမ်းကြီးသိုင်းပညာကို ပြည့်ပြည့်စုံစုံ သင်ကြားခွင့် ရခဲ့သည်။ ငယ်စဉ်အရွယ် ဆယ့်သုံးနှစ်သားမှာပင် ရှမ်းကြီးသိုင်းပညာကို တတ်ကျွမ်းထားခဲ့ပြီး ဖြစ်သည်။

သည်လိုနှင့် ဆရာကြီးဦးချယ် ပြန်မည့်နေ့သို့ ရောက်ရှိလာသည်။ တပည့်ရင်းများဖြစ်ကြသည့် ဦးလုံ၊ ဦးသောမနှင့်မောင်လေးတို့ သုံးဦးစလုံး တွံတေးသို့ ရောက်သည်အထိ လိုက်ပို့ကြသည်။

မြစ်ဆိပ်သို့ ရောက်ရှိလာကြသည်။ လှေပေါ်သို့ တက်ခါနီး တပည့်သုံးဦးက ဆရာကြီးဦးချယ်ကို ရှိခိုးကန်တော့ကြသည်။

'အေး....ငါ့တပည့်များ ကျမ်းမာလို့ ချမ်းသာကြပါစေ။ ဆရာမရှိတဲ့နောက် သင့်သင့်မြတ်မြတ် နေရစ်ကြ။ ဆရာ သင်ပေးခဲ့တဲ့ ပညာကို အလွဲသုံးစား မလုပ်ကြဘဲ ဒီပညာနဲ့ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ကြ'

'တပည့်တို့ သုံးဦးလုံး ပြောင်းပြန်သိုင်းကို တတ်ကျွမ်းကြပေမယ့် ကိုယ်ခံဆေးပညာကိုတော့ ဆရာ သင်မပေးရသေးဘူး။ နောက်တစ်ခေါက် ဆရာပြန်လာခဲ့ဦးမယ်။ အဲဒီအခါကျတော့ အင်းအိုင်လက်ဖွဲ့ ဂါထာမန္တရားနဲ့ပတ်သက်တဲ့ ပညာတွေပါ သင်ကြားပေးမယ်'

'သိုင်းသမားဆိုတာ ပညာချင်းယှဉ်လိုက်ရင် ကိုယ်က သာတိုင်း အနိုင်မရဘူး။ ဓားပြီး တုတ်ပြီးတဲ့သူတွေနဲ့ ယှဉ်ရတဲ့အခါ သူတို့က ဆေးဂါးအခံနဲ့ဆိုတော့ သူတို့ကို ပေါက်ပြဲအောင် ချဖို့ခက်တယ်။ ဒါကြောင့် သိုင်းသမား အများစုဟာ အထူးသဖြင့် နယ်လှည့် သိုင်းဆရာလုပ်စားမယ့် ပညာသည်တွေဟာ ကိုယ်ခံဆေးပညာရအောင် လိုက်စားလေ့ ရှိကြတယ်။ ဒါကြောင့် နောက်တစ်ကြိမ် ဆရာ ပြန်ရောက်လာတဲ့အခါ ဆေးပညာပါ သင်ပေးမယ်'

'ပြောင်းပြန်ကို ပြည်မမှာ လူသိနည်းသေးတယ်။ လူသိများလာတဲ့အခါ ပြောင်းပြန်ကို သိပ်ကြမ်းတယ်။ သူသတ်သိုင်း ဖြစ်တယ်လို့ ပြောကြလိမ့်မယ်။ အဲဒီလို ပြောချင်ပြောကြပစေ။ မတုန်လှုပ်နဲ့။ ပညာဆိုတာ ရန်သူကိုသာ ဒုက္ခပေးတာပဲ။ လူကောင်းသူကောင်းတွေကို ဒုက္ခပေးဖို့မှ မဟုတ်ဘဲ'

'ပြောင်းပြန်ဆိုကတည်းက ကြမ်းရမယ်။ ရန်သူကို တွေ့ရင် အပြတ်ချရမယ်။ ရန်သူဆိုတာ သူငယ်ချင်း မဟုတ်ဘူး။ ကိုယ့်ရှေ့မှာ ရောက်နေ ရပ်နေ ရန်မူနေတဲ့ ရန်သူဟာ ကိုယ့်ကို ကျီစယ်နေတာ မဟုတ်ဘူး။ ကိုယ့်ကို သတ်ဖို့ ရောက်နေ ရန်မူနေတာသာ ဖြစ်တယ်။ ကိုယ့်ကို သတ်ဖို့ ရန်မူနေတဲ့ ရန်သူကို ကိုယ်က မသတ်ရင် သူက သတ်သွားလိမ့်မယ်။ ပြောင်းပြန်ဆိုတာ ရန်သူက ကိုယ့်ကို သတ်နိုင်ရင်သတ်၊ မသတ်နိုင်ရင် ကိုယ်က အပြတ်ချတဲ့ ပညာဖြစ်တယ်။ မညှာဘူး။ ကြမ်းတယ်။ အပြတ်ပဲ။ သေရင်သေ၊ မသေရင် ကျိုး၊ တစ်သက်လုံး လူစဉ်မမီတဲ့ဘဝကို ရောက်စေရမယ်'

ယင်းကဲ့သို့ ဆုံးမသြဝါဒပေးပြီး လှေပေါ်သို့ တက်သွားသည်။ ရှမ်းပြည်နယ်မှ အခေါ်ရောက်ရှိနေသည့် စော်ဘွား၏ တပည့်နှစ်ဦးနှင့်အတူ ဖြစ်သည်။

မောင်လေး၏ မျက်လုံးအစုံတွင် မျက်ရည်များ ဝေ့ဝဲလာသည်။ ရင်ထဲမှာ ဝမ်းနည်းကြေကွဲရသည်။

အပြန်အလှန် လက်ဝှေ့ယမ်းပြရင်း လှေကြီးက ဝေး၍ ဝေး၍ သွားသည်။ သုံးယောက်သား လှည့်၍ ပြန်ခဲ့ကြသည်။

# ၁၀

ဆရာကြီး ဆရာချယ် ဇောတိကုန်းရွာမှ ရှမ်းပြည်နယ်သို့ ပြန်သွားသည်မှာ လပိုင်းမျှ ကြာညောင်းခဲ့လေပြီ။ သည်အချိန်ဂယ် မောင်လေးတစ်ယောက် သောကမီး တောက်လောင်ရတော့သည်။ ကြီးမားစွာ စိတ်ထိခိုက်ရတော့သည်။

မိခင်ဖြစ်သူ ကွယ်လွယ်သွားလေပြီ။ သုသာန်တွင် မြှုပ်နှံလိုက်ရပြီ။ ရက်ပတ်လည်၍ ရက်လည်ဆွမ်းပင် သွတ်ပြီးပြီ။

အိမ်ကြီးတစ်ခုလုံး ခြောက်ကပ်တိတ်ဆိတ်သွားသည်။ မောင်လေး တစ်ယောက်တည်းသာ အိမ်ထဲတွင် ယောင်လည်လည် ကြောင်တောင်တောင် ဖြစ်ကာ ကျန်ရစ်ခဲ့သည်။

အစ်မ အစ်ကိုများမှာ အိုးခွဲအိမ်ခွဲ သားသမီးတွေ တွဲရရှိနှင့်မို့ သူတို့ပိုင် အိမ်မှာပင် သူတို့ နေထိုင်ကြသည်။

မောင်လေး ကြေကွဲရပါပြီ။ မောင်လေး စိတ်နှလုံး ထိခိုက်ရပါပြီ။

အိမ်ကြီးထဲတွင် မိခင်ဖြစ်သူကိုသာ မြင်နေရသည်။ မျက်လုံးအစုံထဲ၌ မိခင်ကြီး ဆေးလိပ်လိပ်နေပုံ၊ နံနက်စောစော ဆွမ်းထ၍ ချက်နေပုံ၊ ဘုရား ရှိခိုးနေပုံ၊ အားအားရှိတိုင်း အဂတ်စုတ် အထည်စုတ်များကို ဖာထေးချုပ်လုပ် နေပုံ။

စသည် စသည်ဖြင့် တစ်နေ့တာ တစ်နေ့တာအတွင်း သမာရိုးကျ အလုပ်များ အဆက်မပြတ် လုပ်ကိုင်နေပုံများကို မြင်ယောင်နေသည်။ သူ့မျက်လုံး အစုံထဲတွင် အမြဲလို မျက်ရည်များ ဝေ့ဂဲနေသည်။

တစ်ရံတစ်ခါ ကျိတ်၍ မျက်ရည်ကျရသည်။ တစ်ယောက်တည်း ရှိပါက မိခင်၏ အမည်ကို ခေါ်နေမိသည်။

အစက အစားအသောက် မီးလိုတောက်ခဲ့သော မောင်လေးသည် ယခုတော့ ထမင်းနှစ်နပ်ကိုပင် မှန်မှန်စားလိုစိတ် မရှိပြီ။

မောင်လေး စိတ်လေပြီ။ စိတ်ထိခိုက်ပြီ။ သည်အိမ်ကြီးမှာ မနေချင်။ သည်ရွာမှာလည်း နေလိုစိတ်မရှိ။

သူက အစ်မနှင့် အစ်ကိုများကိုပင် အသိမပေးဘဲ ဇောတိကုန်းရွာမှ တိတ်တဆိတ် ထွက်ခွာလာသည်။

ဘယ်ကိုရယ်လို့ ရွယ်ရွယ်ချက်ကလည်း မရှိ၊ ဘာလုပ်မည်ဟူ၍လည်း ဆုံးဖြတ်ချက်မရှိ။

ခြေဦးနှင့် ဒူးတည့်ရာသို့ ထွက်ခွာလာသည်။ လမ်းမှာ တစ်ရွာပြီး တစ်ရွာ တွေ့သည်။ သူက ရွာထဲသို့မဝင်။ ထိုရွာများတွင်လည်း မနေလို။ ရွာပြင်မှ ကွင်း၍ကွင်း၍သာ တစ်ရွာပြီးတစ်ရွာ ဖြတ်ကျော်လာခဲ့သည်။ နောက်ဆုံးတွင် ချောင်းကြီးရွာအနီး ရောက်ရှိလာသည်။

သူက ချောင်းကြီးရွာမှ သူငယ်ချင်းဖြစ်သူ လှဖေကို သတိရလာသည်။ လှဖေကို အများစုက ခွေးချီးလှဖေဟူ၍ ပြောင်နောက်၍ ခေါ်ကြသည်။ ခွေးချီးလှဖေအပြင် ရောင်ကြီးဗွေလှဖေ ဟူ၍လည်း နောက်တစ်ယောက် ရှိသေးသည်။

မောင်လေးတစ်ယောက် ခွေးချီးလှဖေအိမ်ရှေ့သို့ ရောက်သွားသည်။ ခွေးချီးလှဖေက သူ့ကို မြင်သွားသည်။

'ဟာ...သူငယ်ချင်း မောင်လေး၊ မင်းဘယ်ကနေ ဘယ်လို စိတ်ကူးပေါက်ပြီး ခြေစကြာ ဖြန့်တော်မူလာတာလဲကွ'

'အမေဆုံးလို့ သူငယ်ချင်းရာ။ စိတ်လေလေနဲ့ ထွက်မိထွက်ရာ ထွက်လာတာ'

'အေး...ငါလည်း မနေ့တစ်နေ့ကမှ ကြားတယ်ကွ။ စောစောကသာ အချိန်မီကြားရင် ငါလာပါတယ်ကွာ။ ငါလည်း မင်းအတွက် စိတ်မကောင်းပါဘူး။ လာ - လာ - လာကွာ အိမ်ပေါ်တက် သူငယ်ချင်း'

ခွေးချီးလှဖေက မောင်လေးကို ဖက်လှဲတကင်း ခရီးဦးကြိုပြုသည်။ သင်ဖြူးတစ်ချပ်ကို ခင်းပေးပြီး ထိုင်စေသည်။ ရေနွေးကြမ်းအိုးနှင့် ပန်းကန်ချပေးသည်။ သူ့မိန်းမကို ဆတ်သားခြောက် တစ်ပန်းကန် ဆီဆမ်း၍ယူခဲ့ရန် လှမ်းပြောသည်။

'ကဲ မောင်လေး မင်းနဲ့ငါဆိုတာက ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ။ မင်း စိတ်လေလေနဲ့ ဟိုသွား ဒီသွား လျှောက်သွားမနေနဲ့။ ငါ့အိမ်မှာပဲနေ။ ပျော် သလောက်နေ။ အားမနာနဲ့၊ မင်းအလုပ်လုပ်ချင်စိတ် ဂင်လာရင်လည်း ပြော၊ ငါရှာပေးမယ်'

'အေးကွာ....အခုလောလောဆယ်တော့ ဘာမှလဲ လုပ်ချင်စိတ် မရှိသေး ပါဘူး။ မင်းတို့ရွာမှာနေလို့ ပျော်များလာမလား။ ငါ ခဏတော့ နေကြည့် ဦးမယ်'

'ပျော်ရမှာပေါ့ကွာ၊ မင်းပျော်အောင် ငါထားပါ့မယ်။ အရက်သောက်ချင် သလား၊ သောက်ချင်ရင် အမြဲတမ်း အိမ်မှာ အသင့်ရှိနေစေရမယ်။ မင်းအိမ် ထောင်ပြုချင်သလား၊ အချောအလှလေးတွေနဲ့ အဆက်ဖြစ်အောင် ငါ ဇာတ် ပို့ပေးမယ်။ အလုပ်လုပ်ချင်သလား။ ကိုညီခင်အိမ်မှာ အလုပ်ရအောင် ပြော ပေးမယ်'

'ဟဲ - ဟဲ - ဟဲ ကောင်းတယ်ဟေ့၊ မင်းနဲ့တွေ့မှ ငါစိတ်နည်းနည်း ရွှင် လာတယ်'

'အစားအသောက်ကိုလည်း မေးဦး။ ခွေးသား စားချင်သလား၊ ခွေးသား ရအောင် ရှာပေးမယ်။ ချက်ကျွေးမယ်။ ခွေးထဲမှာ ချီးစားတဲ့ခွေးမှ ဆူတယ် အရာသာရှိတယ် ထင်ရင် ချီးစားတဲ့ခွေး ရအောင်ရှာပေးမယ်'

'ဟဲ - ဟဲ - ဟဲ...ဟား - ဟား - ဟား'

'ခွေးဂဲစားမှ ဒူလာကောင်းတယ်ဆိုရင်လည်း စိတ်ချ။ ခွေးဂဲစားရအောင် ငါရှာပေးမယ်'

'ဟဲ - ဟဲ - ဟဲ.....တော်ပါတော့၊ တော်ပါတော့'

'မိန်းမလိုချင်ရင်လည်း ပြောဦး။ တစ်ခုလပ်မှ လိုချင်သလား။ တစ်ခု လပ်နဲ့ ပေးစားမယ်။ မုဆိုးမမှ လိုချင်သလား။ မုဆိုးမနဲ့ အဆက်အသွယ် လုပ်ပေးမယ်။ အဲ...တစ်ခုလပ်တစ်လင်ကွာလည်း မလိုချင်ဘူး။ မုဆိုးမလည်း မလိုချင်ဘူး။ အပျိုစင်ကလေး ပြာကညို ပျိုကညာလေးမှ လိုချင်တယ်ဆိုရင်'

'ရအောင် အောင်သွယ်ပေးမယ်လား'

'ဒါကတော့ မင်းကိုယ်စွမ်းကိုယ်စ ဉာဏ်စွမ်းဉာဏ်စနဲ့ စွံအောင်လုပ်ယူ ပေါ့ကွာ၊ ဟား - ဟား - ဟား'

မောင်လေးတစ်ယောက် ကိုလှဖေအိမ်မှာပင် သောင်တင်နေသည်။ကိုလှဖေတို့ လင်မယားက ကြည်ကြည်ဖြူဖြူပင် လက်ခံကျွေးမွေးထားသည်။

ဘာမျှ ပူစရာမလို၊ ဘာမျှ ပူပင်စရာမရှိ။

တကယ်ဆိုတော့ အလုပ်မလုပ်ရလျှင် မနေတတ်သော မောင်လေးလိုလူတစ်ယောက်အတွက် ကျွေးမွေးထားရသည်မှာ အရှုံးမထွက်။ ကိုလှဖေလုပ်ငန်းမှန်သမျှ မောင်လေးက အစစအရာရာ ကူညီလုပ်ကိုင်ပေးသည်။ ကိုလှဖေထက် အားခွန်ကောင်းသူ ဖြစ်ခြင်းကြောင့် အလုပ် တစ်ခုတိုင်း တစ်ခုတိုင်းသည် ခေတ္တခေတ္တ တစ်ခဏ တစ်ခဏအတွင်း ပြီးစီးသွားသည်သာ ဖြစ်သည်။

မောင်လေးတစ်ယောက် စိတ်ပြေလက်ပျောက် ဖြစ်လာသည်။ ဟာသဉာဏ်ရွှင်သော ကိုလှဖေက သူ့ကို အမြဲနောက်ပြောင်သည်။ ရယ်စရာ ရွှင်စရာ ပုံတိုပတ်စကလေးများကိုလည်း ကိုလှဖေက သူ့စကားများထဲတွင် ညှပ်၍ညှပ်၍ သုံးတတ်ပြောတတ်သည်။

ဟာသဆိုသည်မှာ ပင်ပန်းခြင်းကို သက်သာစေသည်။ ညစ်ညူးစိတ်ကို ပျော်ရွှင်စေသည် မဟုတ်လား။

အလုပ်လုပ်စရာရှိလျှင် လုပ်ကြသည်။ အားအားရှိလျှင် ချောင်းရိုးမြောင်းရိုးများထဲသို့ ငါးရှာဖားရှာ ထွက်ကြသည်။ ဟင်းကျွေး ဟင်းလျာ ရရှိသော် အရက်ပုလင်းထောင်ရင်း၊ အမြည်းကလေး စားရင်ဂါးရင်း မြုံရင်း အာရွှင်ရွှင်ဖြင့် စကားပြောကြသည်။

'မောင်လေး.....သူငယ်ချင်း'

'ဆို....ဘာလဲ'

'မင်း စိတ်မြင်ဘူးသလား'

'ဘာစိန်လဲကွ၊ စားတဲ့စိန်လား၊ ငါ့ကို စိန်ကျွေးသတ်မလို့လား'

'မဟုတ်ပါဘူးကွ၊ စိန်နားကပ်လုပ်ဖတ်တဲ့ စိန်မျိုးကို ပြောတာပါ'

'မြင်ဖူးတာပေါ့ကွ'

'အဲ - အဲ ဒီစိန်ကို ဆိတ်သွေးထဲမှာစိမ်ရင် အရည်ပျော်သွားတယ်ဆိုတာ မင်းယုံသလား'

'မယုံဘူး။ ငါတော့ မယုံဘူး။ ဒီလောက်မာတဲ့စိန်ကို ဘယ်လိုလုပ် အရည်ပျော်အောင်လုပ်လို့ ရမလဲ'

'မင်း တကယ် မယုံဘူးပေါ့'

'မယုံဘူး'

'ဒါဆိုရင် ဆိတ်တစ်ကောင်နဲ့ စိန်တစ်လုံး မင်းရှာယူခဲ့'

'ဘာလုပ်ဖို့လဲ'

'မင်းက မယုံဘူးဆိုတော့ လက်တွေ့ စမ်းသပ်ကြည့်မယ်လေ။ ဆိတ်တစ်ကောင်လုံးကို သတ်။ သွေးထုတ်၊ အဲဒီ သွေးထဲမှာ စိန်ကို စိမ်ကြည့်မှာပေါ့'

'ဟာကွာ၊ တကယ်လို့များ အရည်ပျော်သွားရင် ဘယ်နယ့်လုပ်မလဲ'

'မင်း ယုံသွားမှာပေါ့'

'ယုံတာတော့ ဟုတ်ပြီ၊ စိန်နဲ့ ဆိတ် ဆုံးရတော့မှာပေါ့'

'ဒါကတော့ မင်းမယုံလို့ မင်းဆုံးတာပဲကွ၊ ဟား - ဟား - ဟား'

'ဒါဆိုရင် မင်းကော ယုံသလား'

'ယုံတယ်ဗျို့၊ ကျုပ်ကတော့ ယုံတယ်'

နှစ်ယောက်သား၊ တဂါးဂါး တဟားဟား ရယ်မောလိုက်ကြသည်။ မောင်လေးတစ်ယောက် ချောင်းကြီးရွာတွင် အနေကြာလေ နေသားတကျဖြစ်လေ ဖြစ်၍လာသည်။ တစ်လနီးပါးမျှ ကြာလေသည်။ သည်မှ ကိုလှဖေက မောင်လေးကို ဆိုသည်။

'ကဲ...သူငယ်ချင်း၊ မင်းကို ငါ အကြံပေးချင်တယ်'

'ဘာများလဲကွ'

'မင်းအိမ်မှာ အခုလိုနေလို့ မင်းအကျိုးစီးပွား ဘာမှဖြစ်လာစရာ အကြောင်းမရှိဘူး။ ဒ့ါကြောင့် ငါ့အိမ်မှာနေ၊ ငါတို့နဲ့ အတူပဲစား။ ဒါပေမယ့် ဦးညီခင်အိမ်မှာ သွားအလုပ်လုပ်။ ငါ့အလုပ်က သိပ်မများဘူး။ ငါတစ်ယောက်တည်းနဲ့ နိုင်တယ်။ မိုးလည်းကျတော့မယ်။ ဦးညီခင်မှာ အလုပ်လုပ်ရင် မင်းအတွက် အကျိုးစီးပွားဖြစ်မယ်'

'ကောင်းတယ်ကွာ၊ မင်းပြောတဲ့အတိုင်း ငါလုပ်မယ်'

ကိုလှဖေက ဦးညီခင်အိမ်သို့ မောင်လေးကို ခေါ်သွားသည်။ ဦးညီခင်ထံတွင် အပ်ပေးသည်။

ဦးညီခင်က ငွေကြေးချမ်းသာမှုကို အကြောင်းပြု၍သာ ဦးညီခင်ဟူ၍ ဦးတပ်ပြီးခေါ်ကြခြင်းဖြစ်သည်။

သူကိုယ်တိုင်မှာမူ အသက်သုံးဆယ်ကျော်
မျှသာရှိသေးသည်။

သူသည် မြေသူဌေး စပါးသူဌေးဖြစ်သည်။ တစ်နှစ်တစ်နှစ်လျှင် လယ်ကိုးတုံးထွန် အမြဲလုပ်သည်။ နှစ်စဉ်နှစ်တိုင်း စပါးတင်းပေါင်း ခြောက်ထောင်ခန့်အမြဲရသည်။

ဦးညီခင်က မောင်လေး၏ ပုံပန်းသဏ္ဍာန်ကို အကဲခတ်သည်။ အလုပ်တကယ်လုပ်မည့်သူဖြစ်ကြောင်း လူမြင်ရုံဖြင့်သိသည်။ ကိုလုဖေကလည်း အာမခံသောကြောင့် လွယ်လွယ်ကူကူပင် လက်ခံလိုက်သည်။

မိုးမကျမီပင် မောင်လေးက ဦးညီခင်၏ လယ်လုပ်ငန်းအတွက် လိုအပ်သော ထွန်တုံး၊ ထွန်တံ၊ ထွန်သွားများ ကြိုတင်ပြုလုပ်ရာတွင် အကူအညီပေးသည်။ ပိုင်းဂန်းလုပ်ကိုင်သည်။

မိုးကျလာသည်နှင့် ရေသွင်းရေနုတ် ပြုလုပ်ရသည်။ လယ်ထွန်ရ၊ ပျိုးနုတ်ရ၊ ကောက်စိုက်ရသည်။

အလုပ်လုပ်ပြီဆိုလျှင် အများနှင့်မတူ။ မရပ်မနား၊ အားကြိုးမာန်တက်လုပ်ဆောင်တတ်သော မောင်လေးကို ဦးညီခင်က များစွာ သဘောကျသွားသည်။ သူ့ ညာလက်ရုံးသဖွယ် အားထားသည်။

ဦးညီခင်က မောင်လေး၏ အမည်ရင်းကို မခေါ်။ ရှမ်းကြီး ရှမ်းကြီးဟူ၍သာ ခေါ်သည်။

'ဟေ့ ရှမ်းကြီး၊ အလုပ်လုပ်ရင်လည်း နားနားနေနေ လုပ်ပါကွ'

'ဟာ…အစ်ကိုကလဲဗျာ၊ အလုပ်လုပ်ပါတယ်ဆိုမှ နားဖို့လုပ်တာမှမဟုတ်ဘဲ'

'တော်တော်ကြာ အဖျားအနာ ဝင်လာမှာစိုးလို့ ပြောတာပါကွာ'

'အိုဗျာ ကျုပ်က ဒါထက်ပင်ပန်းတဲ့ အလုပ်တွေကို နှစ်ပေါင်းများစွာလုပ်ခဲ့တဲ့သူပါ။ ဒီလောက်က အပျော့ပါဗျာ'

'ဟ…တို့တတွေ လယ်ယာကိုင်းကျွန်းသမားတွေအဖို့ လယ်ယာလုပ်ငန်းထက် ပိုပင်ပန်းတဲ့ အလုပ် ရှိသေးလို့လား ရှမ်းကြီးရ'

'ရှိတာပေါ့ အစ်ကိုရာ၊ ဒါတွေ အစ်ကို နားမလည်ပါဘူး။ ကျွန်တော့်အတွက် ပူမနေပါနဲ့'

လယ်ထွန်လျှင်လည်း နွားတွေကို နေလွန်စွာ ပူလာမှ ထွန်ဖြုတ်သည်။ နွားတွေကို သနား၍သာ ထွန်ဖြုတ်ရသည်။ နွားတွေအနေဖြင့် ဆက်၍ လုပ်နိုင်ဦးမည်ဆိုလျှင် သူကမူ ဆက်၍ ထွန်ဦးမည့် သဘောမျိုး ဖြစ်သည်။

ပျိုးနုတ်ပြီဆိုလျှင်လည်း သူတစ်ပါးထက်မြန်သည်။ ထိုင်လိုက်ပြီဆိုသည်နှင့် ခါးတစ်ချက် ပြန်၍မဆန့်။

စိတ်က မြန်သလောက် လူက သန်သည်။ စိတ်ကဆောင်သလောက် လူက လိုက်နိုင်သည်။

ယင်းကြောင့်လည်း ကိုညီခင်က အခကြေးငွေကို အခြားအလုပ်သမားများနှင့် တန်းတူရည်တူထား၍ မပေး။ သူတစ်ပါးကို တစ်ကျပ်ပေးလျှင် မောင်လေးကို ငါးမတ်ပေးသည်။

'နေ့စားခိုင်းချင်လည်း ခိုင်း၊ ပုတ်ပြတ်ခိုင်းချင်လည်း ရတယ်နော်၊ အစ်ကို'

'လုပ်မှာ လုပ်စမ်းပါ ရှမ်းကြီးရာ။ မင်းကြောင့် ငါ့မှာ မနစ်နာပါဘူး။ ငါ့ကြောင့် မင်းနစ်နာတယ်ထင်ရင်သာ ပြောပါ'

'ကျွန်တော်က တစ်ယောက်တည်းသမား၊ လူပျိုပဲ။ တစ်ဂမ်းတစ်ခါး သမားအတွက် ငွေမလိုပါဘူး အစ်ကိုရ။ ဒါကြောင့် နစ်နာစရာလည်း မရှိပါဘူး'

'ဟ...ငွေဆိုတာ အခုမလိုပေမယ့် နောက်ကျတော့ လိုလာမှာပေါ့ကွာ၊ ရှမ်းကြီးက တစ်သက်လုံး တဂမ်းတခါးဘဝနဲ့ အရိုးထုတ်မှာလား။ နှစ်ဂမ်းနှစ်ခါးဖြစ်အောင် ရည်ရွယ်ထားတဲ့သူ မတွေ့သေးဘူးလား'

'မရှိသေးပါဘူး အစ်ကိုရာ၊ ရှိလည်း မရှိချင်ပါဘူး'

'ဟ...သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရမှာပေါ့ကွ။ ဘာလဲ တစ်ဂမ်းတစ်ခါးကနေ နှစ်ဂမ်းနှစ်ခါး၊ နောက်ကျတော့ သုံးဂမ်းသုံးခါး၊ လေးဂမ်းလေးခါးတွေ ပွားလာပြီး လုပ်ကိုင်ကျွေးမွေးရမှာ လန့်နေလို့လား'

'ဒါကြောင့် မဟုတ်ပါဘူး အစ်ကိုရာ၊ ကျွန်တော်က ယောကျ်ားချင်းသာ

မကြောက်တာဗျ၊ မိန်းကလေးတွေ ဆိုရင် သိပ်ကြောက်တယ်၊ မကပ်ရဲဘူး၊ စကားပြောဖို့ဆိုတာ ဝေလာဝေး’

‘ဘာလဲ မင်းကို ကိုက်စားသွားမှာ စိုးလို့လား’

‘ကျားတစ်ကောင်ကို ဖမ်းဆိုရင်တောင် ကျွန်တော်ဖမ်းရဲတယ်၊ မိန်းကလေး တစ်ယောက် အနားတော့ မကပ်ရဲဘူးဗျ’

‘အေး မင်းကသာ မကပ်ရဲတာ ဟိုဘက်တဲစုက ခင်ဖြိုးကတော့ ရှမ်းကြီး ရှမ်းကြီးနဲ့ မင်းအကြောင်းပဲ တပြောထဲ ပြောနေတယ်’

‘ခင်ဖြိုးဟုတ်လား အစ်ကို၊ ဘယ်ကောင်မလေးဘာလိမ့်’

‘မင်းတို့ ကောက်စိုက်တုန်းက ဂုတစ်တစ် ဖြူဖြူ ဖွေးဖွေး ကောင်မလေး လေကွာ၊ ပါးမှာ ပါးချိုင့်လေးနဲ့’

‘အမယ်လေးလေး အစ်ကိုရာ ကျွန်တော်တော့ မြင်ရုံ သတိထားမိရုံပဲ ထားမိပါတယ်’

‘ဟ သတိထားရာက မျက်စိကစား၊ မျက်စိကစားရာက ညားကြတာပေါ့ ကွ၊ ကောင်မလေးက ငါ့တူမလေးပါ၊ ပြောဆိုရင် ငါပြောပေးပါ့မယ်’

‘ပြောလဲ မပြောပါနဲ့ လိုလဲမလိုချင်ဘူး အစ်ကိုရာ၊ ကျွန်တော်က ခြေ သလုံး အိမ်တိုင်သမားပါ၊ လွင့်ချင်ရာ လွင့်နေဦးမှာ’

‘ဒီလိုတော့ မလုပ်ပါနဲ့ ရှမ်းကြီးရာ ၊ တောင်သူလယ်လုပ်ပဲ ဆက်လုပ် မယ်ဆိုရင်တော့ အစ်ကိုနဲ့ အတူပဲ ဆက်လုပ်ပါ၊ နောက်ကျတော့ မင်းဘာသာ မင်း တစ်စင်ထောင်ချင်တယ်၊ ကိုယ်ပိုင်လုပ်ချင်တယ် ဆိုရင်လဲ အစ်ကိုက အကူအညီပေးမှာပါ’

‘ကျေးဇူးတင်ပါတယ် အစ်ကိုရာ၊ အစ်ကို့ကို ကျွန်တော် အားကိုးပါတယ်၊ အခုလောလောဆယ်တော့ ဘယ်ကိုမှ သွားဖို့လည်း မရည်ရွယ်သေးပါဘူး’

သည်လိုနှင့် စပါးများ စိုက်ပျိုး၍ ပြီးသွားသည်။ မောင်လေးတစ်ယောက် ရေသွင်း ရေနုတ်ချိန်မှစ၍ လုပ်ပေးရသည်။ ကိုးတုံးထွန်မို့ လယ်ကွင်းကြီးက ဟီးနေသည်

ဦးညီခင်ကလည်း မောင်လေးကို နေ့စားငါးမတ် ပေးမြဲပေးထားသည်။ အလုပ်များသည်ဖြစ်စေ၊ ပါးသည်ဖြစ်စေ မောင်လေးကိုပင် လက်စွဲထားသည်။ အားကိုးသည်။

အလုပ်ပါးသွားချိန်၌ မောင်လေး သတိထားမိသည်မှာ ခင်ဖြိုးတစ်ယောက် ကိုလှဖေနေအိမ်နှင့် ဦးညီခင်၏ နေအိမ်သို့ ခဏခဏ ရောက်ရှိလာတတ်ခြင်း ပင်။ မောင်လေးကို တွေ့လျှင်လည်း သူမကပင် နှုတ်ဆက်ခြင်းပင်။

'ဟော အစ်ကိုမောင်လေး လယ်တောက ပြန်လာပြီလား'

'ဟုတ်ကဲ့'

'ကြည့်စမ်း အင်္ကျီတွေကလည်း စုတ်လို့ ပြဲလို့၊ ခင်ဖြိုး အပ်နဲ့ချုပ်ပေး မယ်လေ'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကိစ္စမရှိပါဘူး'

'ကြည့်စမ်း လူကြီးကလဲ ဘယ်လို လူကြီးမှန်းလည်း မသိဘူး၊ ခင်ဖြိုးကို ခင်ဗျာတွေ ဟုတ်ကဲ့တွေနဲ့'

'ခင်ဗျာ'

'ကဲပါ ခင်ဗျာတွေ ဘာတွေ လုပ်မနေပါနဲ့၊ အင်္ကျီလဲပါ၊ ခင်ဖြိုး ချုပ်ပေးထားခဲ့မယ်'

'နေပါစေ ခင်ဗျာ'

'ဟင်း ဟင်း ဟင်း ခစ် ခစ် ခစ် သူ့ကြည့်ရတာ ခင်ဖြိုးကများ ကိုက် စားတော့မယ် ထင်နေသလား မသိဘူး'

'မထင်ပါဘူး ခင်ဗျာ'

မြင်းကမလှုပ် ခုန်က လှုပ်သည်ဟူ၍ ခင်ဖြိုးကို မဆိုသာ။ မောင်လေးလို ရိုးရိုးစင်းစင်းသမား တစ်ယောက်ကိုမူ မိန်းမသားကပင် ရေလာမြောင်းပေး လုပ်ရပေမည်။

သည်လို လုပ်အောင်လည်း ကိုလှဖေနှင့် မနှင်းဖြူရော၊ ဦးညီခင်နှင့် မရွှေမိုးကသော်၎င်း တိုက်တွန်းကြသည်။

အလုပ်အကိုင် ကောင်းသည်။ ရိုးသား ဖြောင့်မတ်သည်။ သည်လို ယောကျ်ားမျိုး ရှားသည်။ ယင်းကြောင့် ရိုးသားသော ရက်သော မောင်လေး တစ်ယောက် မိမိအပေါ်တွင် ရဲရဲတင်းတင်း ရင်းရင်းနှီးနှီး ဆက်ဆံလာအောင် မိမိက စကားပြောသင့်သည်။ အားလုံးကလည်း နှစ်ယောက် နီးစပ်သွားသည် ကို မြင်လိုသည်။

သည်လို သည်လို နားချတိုက်တွန်းကြသောကြောင့် ခင်ဖြိုးက စတင်

ရခြင်း ဖြစ်သည်။ မောင်လေးကို လူစားကလည်း အိမ်ခေါင်မိုးကို ရွှေလရောင် ထိုးချိန်တွင် ပုဆိုးပိုက် စောင်ပိုက် လိုက်ပါရစေရှင်ဟူ၍ ပြောရမည့် လူစား မျိုးပေပင်။ မိန်းကလေးက စတင်ခိုးပြေးမှ လိုက်လာမည့် လူစားမျိုးပင်။

ခင်ဖြိုးက မောင်လေး၏ ပုဆိုးများ အင်္ကျီများကို အပ်ဖြင့် ချုပ်သည်။ လျှော်ဖွပ်ပေးသည်။ မောင်လေး လယ်တောမှ ပြန်လာချိန်တွင် လှလှပပ ဖြီးလိမ်းပြင်ဆင်လျက် ကိုလှဖေတို့အိမ်သို့ ရောက်ရှိနေတတ်သည်။

သို့တိုင်အောင် မောင်လေးမှာ ခင်ဖြိုးနှင့် ရဲရဲတင်းတင်း ရင်မဆိုင်ရဲ၊ မျက်နှာချင်း ဆိုင်မိသည်နှင့် ရင်ထဲတွင် ဒိန်းဒိန်းဒိတ်ဒိတ် ခုန်လာတတ်မြဲ

'ဟေ့ သူငယ်ချင်း မောင်လေး'

'ဆို ဘာလဲဗျ ကိုလှဖေ'

'ဒီနေ့ ကြက်တစ်ကောင် ချက်တယ်ကွာ၊ ခင်ဖြိုးက အစအဆုံး ဟင်းအိုး ပြင်ပြီး ချက်ပေးထားတာ၊ ဒီနေ့ ခင်ဖြိုးရဲ့ လက်ရာနဲ့ မင်းပွဲတော်တည်ရမယ်'

'ကောင်းတာပေ့ါ'

'ဟ သူကတော့ မင့်မျက်နှာနဲ့ ငါ့အိမ်မှာ အိမ်မှုကိစ္စ ဗာဟီရတွေ လာလာလုပ်ပေးတယ်၊ မင်းကတော့ ခင်ဖြိုးကို တစိမ်းဆံဆံ ဆက်ဆံတယ် ဒါကတော့ ဘယ်တရားမလဲကွ၊ စကားလေးဘာလေး ပြောပါ'

'ဟာ ပြောပါတယ်ဗျာ၊ အဲ အဲ....ပြောစရာမှ မရှိဘဲဗျာ'

'အော မင်းကလည်းကွာ၊ လောကဂတ် လောကစကားဆိုတာတော့ လူ တစ်ယောက်အနေနဲ့ ပြောတတ်ရမှာပေ့ါ၊ ဥပမာပေ့ါကွာ'

'အင်း ဆိုပါဦး'

'မခင်ဖြိုးက ကြာလေ၊ လှလေ ဂလေ လှလာ ဂလာလို့ပါလား၊ ဂတ် လာတဲ့ လုံချည်လေးတွေနဲ့ သိပ်လိုက်တယ်၊ အဲဒီလိုမှပေ့ါ'

'ဟာဗျာ လုပြီးသား လူဆိုတာ ဘာပဲဂတ်ဂတ် လှတာပါပဲ၊ သူ့ဟာသူ လှနေတာကို လှပါတယ်သွားပြောတော့ ကြားတဲ့လူရဲ့ နားမှာ ရယ်စရာကြီး ဖြစ်နေမှာပေ့ါ'

'ဟဲ ဟဲ ဟဲ မင်းမဆိုးဘူး၊ အရင်ကနဲ့စာရင် နဲနဲတော့ တိုးတက်လာပြီ၊ ခင်ဖြိုး'

'ရှင် အစ်ကို့'

'နင်တို့နှစ်ယောက် ဘယ်တော့ မင်္ဂလာဆောင်ကြမှာလဲဟ'

'ဟာဗျာ ကိုလှဖေကလဲ'

'ကျွန်မကတော့ မိန်းကလေးပဲ အစ်ကိုလှဖေရယ်၊ သူ့သဘောကို ဘယ်သိပါ့မလဲ'

'ကဲ ဘယ်နှယ့်လဲကွ ရှမ်းကြီး'

'ဟာဗျာ ဟာဗျာ'

'နေ့ကောင်းရက်သာ ရွေးမယ်ဆိုရင်လဲ ဦးညီခင်ကို အရွေးခိုင်းလိုက်မယ်လေ'

'ဟာဗျာ ဟာဗျာ'

အဘယ်လို့သော ကြောက်စိတ်ပေနည်း။ မောင်လေးကိုယ်တိုင်ပင် သူ့ကိုယ်သူ မသိ။ ခင်ဖြိုးနှင့်တွေ့ရတိုင်း ဘာကစ၍ ဘယ်လိုပြောရမည်မသိ အမြဲဖြစ်ရသည်။

ခင်ဖြိုးကို စိတ်မဝင်စား၍ကား မဟုတ်။ ခင်ဖြိုးကဲ့သို့သော ကွမ်းတောင်ပန်းတောင်ကိုင် အလှပဂေး တစ်ယောက်အပေါ်လည်း စိတ်မဝင်စားစရာ အကြောင်းမရှိ။

သို့ရာတွင် နေ့ရက်တွေသာ တဖြည်းဖြည်း ကုန်ဆုံး လွန်မြောက်လာသည်။ သူတို့နှစ်ဦး၏ အခြေအနေမှာ ထူးခြားလာခြင်း မရှိ။

သည်လိုနှင့် စပါးပင်များ ဂင်းမှည့်လာသည်။ ကောက်ရိတ်ကြသည်။ စပါးနယ်ကြသည်။ လယ်ကွင်းပြင်ကြီးတခို စပါးတွေ တောင်လို ပုံလာသည်။

တစ်နှစ်တာအတွက် လယ်လုပ်ငန်း ပြီးဆုံးပေတော့မယ်။ တစ်မိုး တစ်ဆောင်း ကုန်ကာ တစ်နွေသို့ပြောင်းပေတော့မည်။ မောင်လေးအတွက် နားခွင့် အားလပ်ခွင့် ရလုနီးပြီ။ လုပ်ခငွေကြေးကလေးများလည်း စုဆောင်းပြီးဖြစ်နေပြီ။

သည်ရပ်သည်ရွာမှာပင် ဆက်နေရမည်လား။ ခင်ဖြိုးကိုပင် လက်ထပ်ရလေမည်လား။ အခြား တစ်ရပ်တစ်ရွာသို့ပင် ကူးပြောင်း ခြေဆန့်ရလေမည်လား။

သည်လို သည်ကဲ့သို့ မောင်လေး တွေးတော နေမိသည်။ နောက်ထပ်တစ်လလောက် အလုပ်လုပ်ပြီးလျှင် လုပ်ငန်းခွင် သိမ်းရပေတော့မည်။ ယခု

ဆိုလျှင် လယ်နှစ်တုံးထွန်လောက်သာ ကောက်ဆွရန် စပါးနယ်ရန် ကျန် တော့သည်။

ခင်ဖြိုးကို ယူလျှင်ကား ကိုလှဖေကိုဖြစ်စေ၊ ဦးညီခင်ကိုဖြစ်စေ ပြောလိုက် ရုံသာ ရှိသည်။ လက်ထပ်ပြီးပြီ ဆိုလျှင်လည်း သည်ရပ် သည်ရွာတွင်ပင် အခြေချ နေထိုင်၍ရသည်။

ထိုအချိန်မှာပင် ဦးညီခင်က မောင်လေးကို ခေါ်သည်။ ငါးဆားပေါ့ ခြောက်ကို ဆီနိုင်နိုင် ဆမ်းထားသည်။ ကောက်ညှင်းပေါင်းကလည်း တစ်ဇလုံ အပြည့်ကြီး ဖြစ်သည်။

'ရှမ်းကြီး...စားကွာ၊ စားရင်း စကားပြောရအောင်'

'ဟုတ်ကဲ့ အစ်ကို'

မောင်လေးကတော့ ထုံးစံအတိုင်း အစားဆိုလျှင် ဟန်မဆောင်။ ပလုပ် ပလောင်းပင် အားရပါးရ စားသည်။ ဦးညီခင်ကမူ တို့ကဆိတ် တို့ကနန်းသာ စားသည်။ ဦးညီခင်က စ၍ဆိုသည်။

'ရှမ်းကြီး'

'ခင်ဗျာ'

'ငါ့လယ်တွေလဲ ပြီးတော့မယ်'

'ဟုတ်ကဲ့ ကျွန်တော်သိပါတယ်'

'ဒါပေမယ့် လယ်ထဲမှာက ငါ့နွားတွေ အကောင်အစိတ်လောက် ရှိနေ တာ မင်းမြင်တယ် မဟုတ်လား'

'ဟုတ်ကဲ့ မြင်ပါတယ်'

'စပါးတွေကိုလည်း ရွာထဲ မရွှေ့နိုင်သေးဘူး'

'ဟုတ်ကဲ့'

'အဲဒီတော့ ဒီတစ်နွေ မင်းငါ့လယ်တဲကို စောင့်ပေးပါလား'

'စောင့်ဆိုရင်လဲ စောင့်ရတာပေါ့ အစ်ကို၊ စောင့်ခ ဘယ်လောက်ပေး မှာလဲ'

'ရှမ်းကြီးရာ အခကြေးငွေစကား မပြောပါနဲ့၊ သူများတွေကို ဆိုရင် ခြောက်ဆယ့်ငါးတင်း ပေးတယ်၊ ရှမ်းကြီးကိုတော့ ခုနစ်ဆယ့်ငါးတင်း ပေးမယ်၊ ကဲ သဘောကျရဲ့လား'

'ဟာ သိပ်ကျတာပေါ့ အစ်ကိုရာ၊ အဲဒီပေးတဲ့ စပါးတွေကိုလဲ ကျွန်တော် ယူမှာ မဟုတ်ပါဘူး၊ ကိုလှဖေတို့ လင်မယားကို ပေးမှာပါ၊ သူတို့ ကျေးဇူးတွေ ကျွန်တော့်မှာ အများကြီးပဲ'

'ကောင်းပြီ၊ ဒါဆိုရင် ငါ့တဲနဲ့ ငါ့နွား ငါ့စပါးတွေကို ရှမ်းကြီးပဲစောင့်'

'ဟုတ်ကဲ့ စိတ်ချပါ၊ ကျွန်တော် တာဝန်ယူပြီး စောင့်ပေးပါ့မယ်'

လုပ်ငန်းခွင် ပြီးဆုံးတော့မည် ဖြစ်သော်လည်း ဦးညီခင်က မောင်လေးကို လက်မလွှတ်ချင်။ လုပ်ငန်း ကျွမ်းကျင်မှု၊ ရိုးသားမှု၊ ကြိုးစားမှု အပြည့်ရှိသော အလုပ်သမားတစ်ယောက်ကို အဘယ်မှာ လက်လွှတ်ချင်ပါမည်နည်း။

သူ၏ ကိုယ်ကျိုးစီးပွားအတွက် သက်သက်ချည်းတော့ မဟုတ်။ မောင်လေး ကို သူကိုယ်တိုင်ပင် ညီတစ်ယောက်ပမာ ခင်ခြင်လည်း ပါသည်။

မောင်လေးတစ်ယောက် လယ်တဲမှာ စောင့်ရ အိပ်ရသည်။ တစ်ယောက် တည်း စောင့်ရခြင်းဖြစ်သည်။

လယ်တဲဆိုခြင်းထက် နွားတင်းကုပ်တွင် စောင့်ရသည် ဆိုခြင်းက ပို၍ မှန်ကန်ပေသည်။ အကြောင်းမူ လယ်တဲကို လယ်တဲသပ်သပ်၊ နွားတင်းကုပ် ကို နွားတင်းကုပ်သပ်သပ် ဆောက်လုပ်ထားခြင်းကြောင့် ဖြစ်သည်။

ဦးညီခင်၏ လယ်တဲသည် အိမ်ကြီးတစ်လုံးကဲ့သို့ ကြီးသည်။ ရှစ်ပင် ခုနစ်ခန်း တဲကြီးဖြစ်သည်။ မိုးတွင်း လယ်လုပ်ချိန် ဖြစ်စေ၊ ဆောင်းတွင်း စပါး ရိတ်သိမ်းချိန် ဖြစ်စေ၊ များပြားလှသော အလုပ်သမားများ ကျယ်ကျယ် ဝန်းဝန်း နေထိုင် အိပ်စား လုပ်ကိုင်နိုင်ကြစေရန် ရည်ရွယ်၍ ဆောက်လုပ် ထားခြင်း ဖြစ်သည်။

တဲကြီးနှင့် မလှမ်းမကမ်း ငါးဆယ်ရိုက်ခန့် အကွာတွင် နွားတင်းကုပ် နှင့် နွားခြံကို တွဲ၍ ဆောက်လုပ်ထားသည်။

နွားတင်းကုပ် ဆိုသော်လည်း နိမ့်နိမ့်လေး မဟုတ်။ လူတစ်ရပ် လွတ် အောင် ဆောက်လုပ်ထားသော ခြေတံရှည် တဲကြီးတစ်လုံးသာ ဖြစ်သည်။ နွားတဲဖြစ်သဖြင့် နွားတင်းကုပ်ဟု ခေါ်ခြင်းဖြစ်သည်။

နွားများနှင့်အတူကြက်များကိုလည်း မွေးမြူထားသည်။ ဟင်းစားအဖြစ် ရည်ရွယ်၍ မွေးထားခြင်း ဖြစ်သည်။

အစကတော့ ကောင်ရေ တော်တော်ပင် များသည်။ သို့ရာတွင် တမိုးလုံး တဆောင်းလုံး လုပ်ငန်းခွင်မှ အလုပ်သမားများကို ကျွေးမွေးခဲ့သည်ဖြစ်ရာ ယခု ဆောင်းကုန်လု နီးချိန်၌ ဆယ့်လေးငါးကောင်သာ ကျန်တော့သည်။

ထိုလက်ကျန် ကြက်များသည် တဲအောက်ရှိ ဂါးလုံးတန်းများတွင် အိပ်တန်းတက်ကြသည်။

မောင်လေးတွင် တဲနီးပါးချင်းဆို၍ ကိုဘိုးရှင် တစ်ယောက်သာ ရှိသည်။ နွားတင်းကုပ်နှင့် ဂါးဆယ်ရိုက် အကွာတွင် ဖြစ်သည်။

တဲနီးပါးချင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မောင်လေးကား မကြောက်၊ တစ္ဆေလည်း မကြောက်၊ သရဲလည်း မကြောက်။

လူဆိုလျှင် ယောက်ျားကို မကြောက်။ သူကြောက်သည်မှာ မိန်းမပျို လေးများကိုသာ ဖြစ်သည်။ မိန်းမချင်း တူလျှင်ပင် လင်ရှိ မိန်းမအအိုများ ကို မကြောက်။

ယင်းကြောင့် နွားတင်းကုပ်တွင် သူတစ်ယောက်တည်း နေသည်။ နွားနှင့် ကြက်များကို စောင့်သည်။ တလင်းထဲမှ စပါးပုံကြီးတွေကိုလည်း စောင့်ရသည်။

သိုင်းသမားဖြစ်သော မောင်လေးသည် သူအိပ်ပြီဆိုလျှင် သူ့အိပ်ရာဘေး၌ တုတ်တစ်ချောင်း၊ လှံတစ်ချောင်းနှင့် ဓားတစ်ချောင်းကို အမြဲထား၍ အိပ်လေ့ရှိသည်။

မောင်လေးစောင့်၍ အိပ်ခဲ့သည်မှာ ယခုဆိုလျှင် ဆယ်ရက်ခန့်ရှိပြီ။ ထို အတောအတွင်း တစ်စုံတစ်ရာ အနှောက်အယှက် မတွေ့ရ။ နံနက်လင်းလျှင် နွားများကို ခြံထဲမှ လွှတ်သည်။ ညနေပိုင်းတွင် ခြံထဲသို့ ပြန်သွင်းသည်။ သည်လိုနှင့် တစ်ညပြီးတစ်ည ကုန်ဆုံးလာသည်။

သို့ရာတွင် လမိုက်ည တစ်ညတွင်ကား ထူးခြားမှုတစ်ခု ဖြစ်လာသည်။ ညဆယ့်နှစ်နာရီတစ်ချက်ခန့် သန်းကောင်ချိန်တွင် သူအိပ်နေသည့် နွားတင်း ကုပ်သည် ယိမ်းထိုးလှုပ်ယမ်းလာသည်။ မြေငလျင် အချိန်ကြာမြင့်စွာ လှုပ်နေ သည့်ပုံမျိုး ဖြစ်သည်။

ကြက်တွေပင် ကရောက်ကရောက်နှင့် မြည်နေကြသည်။ မောင်လေး၏ မျက်လုံးအစုံ ပွင့်လာသည်။ သူဘေးတွင်း ချထားသော လက်နက်ကို စမ်းကြည့်ပြီးယူသည်။ တုတ်ကို စမ်းမိသည်။

သူက နားကို စွင့်ထောင်သည်။ တဲတစ်ခုလုံး ယိမ်းထိုးနေခြင်းအတွက်လည်း စဉ်းစားကြည့်သည်။

နွားတွေက တိုင်ကို ပွတ်နေခြင်းပေလား။ တစ်ကောင်တလေ ပွတ်ရုံမျှနှင့်တော့ သည်မျှထိ တဲက မလှုပ်နိုင်။

ပြီးတော့ နွားအများစုကလည်း တဲအောက်တွင် မအိပ်စက်ကြ။ မိုးကုန်ပြီးဆောင်းပင် ကျွတ်လုပြီဖြစ်၍ အပြင်ဘက် နွားခြံထဲတွင်သာ အိပ်စက်ကြသည်။

သူက နားစွင့်၍ ထောင်နေစဉ်မှာပင် ကြက်တစ်ကောင်၏ အောမြည်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

'ကောက် ကရောက်'

'ကရောက် ဖလပ်ဖလပ်'

တစ်ကောင်ပြီး တစ်ကောင် ဆက်၍ မြည်သည်။ မောင်လေး နားလည်ပြီ။ ကြက်သူခိုးတွေ ရောက်နေပြီ။ ကြက်တွေကို တစ်ကောင်ပြီး တစ်ကောင် ဖမ်းနေပြီ။

တဲလှုပ်ယမ်းနေသည်မှာလည်း ငြိမ်သွားပြီ။ အစက တဲကုပ် လှုပ်ယမ်းနေခြင်းမှာ ကြက်သူခိုးများကိုယ်တိုင် တဲကိုနန့်၍ ယမ်းနေကြခြင်း ဖြစ်ရမည်။ ထိုသို့ လှုပ်ယမ်းရခြင်းမှာလည်း ကြက်တွေ မည်သည့်နေရာတွင် အိပ်နေကြောင်း သိလို၍ လှုပ်ယမ်းကြခြင်းပင် ဖြစ်ရမည်။

တစ်ယောက်က ကြက်ကို ခိုးမည်။ ဖမ်းမည်။ ကျန်လူများက အစောင့်တာဝန် ယူကြမည်။

စောင့်သူများသည် မည်သည့်နေရာတွင် စောင့်ကြမည်နည်း။

လူပိုတစ်ယောက်သာ ပါလျှင် တဲရှေ့လှေကားရင်းတွင် စောင့်မည်။ လူပို နှစ်ယောက်ပါလျှင် မီးဖိုဆောင်အဆင်းဘက်မှ စောင့်မည်။

သည်လို တွေးလိုက်သည်။ သည်အတွေးကြောင့် မောင်လေးအနေဖြင့် လှေကားဘက်မှလည်း ဆင်း၍ မဖြစ်၊ မီးဖိုဆောင်ဘက်မှလည်း ဆင်း၍ မဖြစ်။

ထိုနစ်နေရာမှ ဆင်းလေက ရန်သူ၏ သတ်ကွင်းထဲသို့ ဂင်သည်နှင့် တူမည်။

သို့ဖြစ်လေရာ မည်သည့်နေရာမှ ဆင်းရမည်နည်း။

ရပြီ။ မောင်လေး အကြံရပြီ။ သူအိပ်နေသော အိပ်ရာဘေးတွင် ကဲလား တပ်ထားသည်။ ထိုကဲလားကို လက်တွင် ကိုင်ထားသော ဂါးလုံးနှင့် ထိုး၍ ဖွင့်ပြီး ခုန်ဆင်းခြင်းသည် အကောင်းဆုံး။

မောင်လေးကလည်း ဆုံးဖြတ်ချက် ချလိုက်ပြီး ကဲလားကို ဂါးလုံးနှင့် ထိုး၍ ဆောင့်လည်းဆောင့်ဖွင့် လူကိုယ်တိုင်လည်း အောက်သို့ ခုန်ဆင်း လိုက်သည်။ 'ဒိုင်း ပုံး ဖုတ်'

ဒိုင်းဟူသော အသံမှာ ကဲလားတံခါးကို ဆောင့်တွန်းသံ၊ ပုံးဆိုသည်မှာ တံခါးအနီးတွင် ကပ်၍ ချထားသော တင်းတောင်း တစ်လုံးကို တိုက်မိသံ၊ ဖုတ်ဆိုသော အသံမှာ မြေပြင်ပေါ်သို့ မှဆိုးဒူးထောက် ကျသွားသံဖြစ်သည်။

မောင်လေးက ညာသန်ဖြစ်သည်။ မြေပြင်ပေါ်သို့ ကျသွားသော အချိန် ၌ သူ့လက်အစုံသည် ဂါလုံး၏ တစ်ဖက်စကိုင်လျက် အသင့်အနေအထား ဖြစ်နေသည်။

မောင်လေးက မတ်တပ်မရပ်။ ညအမှောင်ထုထဲတွင် မတ်တပ်ရပ်၍ ကြည့်ခြင်းထက် ထိုင်၍ကြည့်ခြင်းက ရန်သူကို ပို၍ မြင်နိုင်သည်။ ထိုင်လျက် အနေအထားဖြင့် ရန်သူကို တိုက်ခိုက်ခြင်းသည်လည်း ညအမှောင်ထဲတွင် ဆိုက ပို၍ တိုက်ကွက်သာသည်။

ယင်းသည် အမှောင်တွင်း တိုက်ခိုက်နည်း ပညာတစ်ရပ်ဖြစ်သည်။

တော်ရုံတန်ရုံ သိုင်းသမားဆိုလျှင် အမှောင်တွင်း တိုက်ခိုက်နည်းကို မတတ်။

ပြောင်းပြန်သမားထဲတွင်ပင် အဆင့်မြင့် ပြောင်းပြန်သမားမှသာ အမှောင် တွင်း တိုက်ခိုက်မှုကို ကျွမ်းကျင်သည်။ အကြောင်းကိုဆိုတော့ ပြောင်းပြန် ပညာ၌ အမှောင်တွင်း တိုက်ခိုက်နည်းပညာ ပါရှိနေသောကြောင့်ပင်။

မြေပြင်ပေါ်သို့အကျ သူက လှေခါးရင်းဘက်သို့ မျက်နှာမူပြီး ဖြစ်နေ သည်။ လှေခါးရင်းမှ စဉ့်အိုးကြီးတစ်လုံး အနီးတွင် ရန်သူတစ်ယောက် မတ်တတ်ရပ်နေသည်ကို ကြယ်ရောင်ဖြင့် မြင်ရသည်။

ရန်သူကလည်း သူ့ကို မြင်သွားပြီ။ သူ့ထံသို့ လျှပ်ပစ်သလို ပြေးဝင်လာသည်။ သူ့ကို မိုး၍ ရိုက်လိုက်သည်။

သူက ဘယ်ခြေတစ်ကွက် တက်လိုက်သည်။ ရန်သူ၏ ရိုက်ချက်ကို ရှောင်ခြင်းနှင့်အတူ ရန်သူ၏ ညို့သကြီးကို ဖြတ်တုတ်ဖြင့် ရိုက်ချလိုက်သည်။

'ဖျောင်း၊ အား အမယ်လေးဗျ'

ဖျောင်းခနဲ အသံထွက်လာသည်။ ရန်သူ၏ အမယ်လေးတသံလည်း တစ်ဆက်တည်း ထွက်ပေါ်လာသည်။ ထိုအသံနက်ကြီးနှင့်အတူ ရန်သူသည် မြေပြင်ပေါ်သို့ ခွေ၍ လဲကျသွားသည်။

မောင်လေးက နားကိုစွင့်လိုက်သည်။ မျက်စိကိုလည်း လျင်လျင်ထား၍ ကြည့်သည်။

သူ့နောက်ကျောဘက်မှ တဖျပ်ဖျပ် ခြေသံသဲ့သဲ့ ကြားရသည်။ ရိုးပြတ်များကို ပွတ်တိုက်ပြီး သူ့ထံသို့ ချည်းကပ်လာသော ခြေသံပေပင်။

သိုင်းသမားဆိုသည်မှာ ရှေ့မှာ မျက်စိ၊ နောက်မှာ နား ဟူသော ဆောင်ပုဒ်ကို ကျင့်သုံးရလေသည်ပင်။ ဆရာကြီး ဆရာချယ်ကိုယ်တိုင်က သည်ဆောင်ပုဒ်ကို အကြိမ်ပေါင်းများစွာ နားယဉ်အောင် ပြောကြားသွားခဲ့ဖူးလေသည်ပင်။

သူက ကိုယ်ခန္ဓာကို နောက်ဘက်သို့ လှည့်လိုက်သည်။ သည်တော့ ရန်သူ လာရာဘက်သို့ မျက်နှာမူပြီး ဖြစ်သွားသည်။

ရန်သူကလည်း သူ့ကို မြင်သွားပြီ။ တရှိန်ထိုး ပြေးဝင်လာသည်။ သူ့ကို ဝါးချွန်ဖြင့် ဆောင့်၍ ပြေးထိုးသည်။

သူကလည်း သူကိုင်ထားသော ဝါးလုံး၏ အောက်စတုတ်ဖြင့် ရန်သူ၏ ဝါးလုံးကို ရိုက်ပြီး ဖယ်လိုက်သည်။ တစ်ဆက်တည်း ထိုအောက်စတုတ်ဖြင့်ပင် ရန်သူ၏ နံရိုးများရှိရာ နံဘေးသို့ ဆော့်၍ ထိုးလိုက်သည်။

'ဖျောင်း အား'

ထိုးလိုက်သည်မှာ နံဘေးသို့ ဖြစ်သော်လည်း ရန်သူက သူ့ကိုယ်ကို လှည့်လိုက်သည်နှင့် ကြုံသွားသည်။ သို့ရာတွင် ရန်သူကိုယ်တိုင်ကား မြေပြင်ပေါ်သို့ လဲကျသွားသည်။ သည်မှာ သူက လိမ်တုတ်ဖြင့် ရန်သူကို ရိုက်ချလိုက်သည်။

'ဖျောင်း'

'အမယ်လေးဗျ အား ကျွတ် ကျွတ် ကျွတ်'

ရန်သူသည် ငယ်သံပါအောင် အော်သံနှင့်အတူ မြေပြင်ပေါ်၌ လိမ့်ဆင်း သွားသည်။

'ဟော့ မောင်လေး မောင်လေး ဘာဖြစ်သလဲ'

'သူခိုးတွေ သူခိုးတွေ'

'ရိုက်ကွ သတ်ပြစ်ကွ ငါလာပြီဟေ့'

'ဟော့ ဘိုးရှင် ဘိုးရှင် ငါပါကွ ငါ ငါ ငါပါ ဂေါ်ယာပါ၊ မလုပ်ပါနဲ့ကွ ငါတို့ကို မလုပ်ပါနဲ့'

ပထမအရိုက်ခံထားရသော ရန်သူက ဘိုးရှင်ကို လှမ်း၍ အော်ပြောသည်။ ဘိုးရှင် ခြေလှမ်းတုံ့သွားသည်။

'ဟင် ဂေါ်ယာ ဂေါ်ယာ မင်းတို့ ဘာလာလုပ်တာလဲ'

'ကျွန်တော်တို့ ကြက်လာခိုးကြတာပါ အစ်ကိုရာ'

'ဟေ ကြက်လာခိုးတယ်၊ မင်း တယ်မိုက်ရိုင်းပါလား ၊ ကိုယ့်ဦးလေးရဲ့ ကြက်ကို လာခိုးရသလား'

'အပျော် လာခိုးတာပါ အစ်ကိုရာ ၊ ကျုပ်ခြေထောက်တွေ ကျိုးကုန်ပြီ ထင်တယ်ဗျ၊ ကုလားကြီးရော ဘသော်ပါ ပါတယ်'

'ဟေ သူတို့ကော'

'ကုလားကြီးလဲ အရိုက်ခံထားရတယ်။ ဘသော်တော့ ထွက်ပြေးပြီ ထင်တယ်'

'တောက် ရာဇဝင် ရိုင်းလိုက်လေကွာ၊ ကိုယ့်ဆွေမျိုး ကြက်ကိုမှ လာခိုး ရတယ်လို့'

'လုပ် လုပ်ပါဦး အစ်ကိုရာ၊ ကျွန် ကျွန်တော် မထနိုင်တော့ဘူးဗျ'

'မထနိုင်ရင် သေလိုက်ပေါ့ကွ၊ မင်းမေရိုး သေလိုက်ပေါ့'

'အား ကျွတ် ကျွတ် ကျွတ်'

'ဟော့ အခုမှ စုတ်သပ်မနေနဲ့ကွ'

ကိုဘိုးရှင်တစ်ယောက် ဒေါသ ချောင်းချောင်း ထွက်နေသည်။ မောင် လေးကမူ တိုင်တစ်လုံးကို အကာအကွယ်ယူ၍ ရပ်ကြည့်နေသည်။ ကိုဘိုးရှင် ၏ ဆွေမျိုးဆိုလျှင် ဦးညီခင်၏ ဆွေမျိုးတွေပေပင်။

# ၁၁

'ကျွန်တော် အစ်ကို့ဆီမှာ အလုပ် ဆက်မလုပ်ချင်တော့ဘူး အစ်ကို'

'ဟေ ဘာဖြစ်လို့လဲ ရှမ်းကြီးရ'

'ကျွန်တော် ရိုက်ထားတဲ့ ကောင်တွေက ဓားပြနာမည်ကြီးတွေ'

'ဟ ရှမ်းကြီးရ သူတို့ ရန်ညိုးဖွဲ့မှာကို ကြောက်လို့လား'

'ကြောက်တော့ မကြောက်ပါဘူး အစ်ကို၊ ဒါပေမယ့် သူတို့က အစ်ကို့ ဆွေမျိုးတွေ ဖြစ်နေတယ် မဟုတ်လား'

'အိုး...ဆွေဖြစ်ဖြစ် မျိုးဖြစ်ဖြစ် မကောင်းတဲ့လူဟာ မကောင်းတဲ့ လူပဲ ပေါ့၊ မကောင်းတဲ့လူကို မကောင်းသလို အပြစ်ပေးရမှာဘဲပေါ့၊ ဟေ့ ဘိုးရှင် သူကြီးပါရဲ့လား'

'ဟုတ်ကဲ့ ပါလာပါတယ်'

'အော ကိုရင် ရောက်လာပြီကိုး၊ ကဲ ကိုရင်ရေ့ ဒီကောင်တွေကို အရေး ယူဗျာ၊ မညှာနဲ့ ကိုယ့်ဦးလေး အရင်းခေါက်ခေါက် အိမ်ကိုတောင် စည်းမစောင့် တဲ့ ကောင်တွေဗျ၊ ကျုပ် ဟောဒီ ရှမ်းကြီးကိုလည်း လက်မလွှတ်နိုင်ဘူး'

ဖြစ်ရသည်ကလည်း ဆန်းလေသည်ပင်။ ဂေါ်ယာ၊ ကုလားကြီးနှင့် ဘသော်တို့ သုံးဦးသည် ညီအစ်ကို အရင်းအချာများ ဖြစ်ကြသည်။ တစ်မိမွေး တစ်ဝမ်းထွက်တွေ ဖြစ်သည်။

သူတို့ မိခင်သည် ဦးညီခင်၏ ဇနီးနှင့် ညီအမ အရင်းခေါက်ခေါက် ဖြစ်သည်။ သို့လျက်နှင့်ဦးညီခင်၏ ကြက်ကို လာခိုးကြသည်။

သည်နယ်တစ်ဝိုက်၌ သည်ညီအစ်ကို သုံးယောက်ကလည်း ရာဇဝင်

ပြောင်သည်။ သုံးယောက်စလုံး ခါးပြဗိုလ်တွေချည်း ဖြစ်သည်။ ဂေါ်ယာ ဆို လျှင် ထောင်မှ လွတ်လာသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသည်။

တူအရင်းတွေကို ဦးလေးအရင်းက တိုင်တန်းပြီး။ သူကြီးသည်လည်း ဦးညီခင်၏ ဦးလေးဖြစ်သည်။ ဆွေမျိုးဖြစ်ရုံသာမက သူကြီးအပေါ်တွင်လည်း ဦးညီခင်က ရုပ်ပစ္စည်းအရ သြဇာရှိသည်။

သူကြီးက ဂေါ်ယာတို့ နှစ်ယောက်ကို ဖမ်းသွားသည်။ မိုးမလင်းမီပင် ကျန်တစ်ယောက်ဖြစ်သော ဘသော်ကိုလည်း သွား၍ ဖမ်းသည်။

ဘသော်သည် သူထွက်ပြေးသွားစဉ် ဓားမြှောင်ကြီး တစ်ချောင်း ကျ၍ ကျန်ခဲ့သည်။

သုံးယောက်လုံးကို သူကြီးက ပုလိပ်လက်သို့ အပ်သည်။ ရာဇဝင်လူဆိုး စာရင်းဝင်များ ဖြစ်၍ သုံးယောက်လုံး ထောင်ကျသွားသည်။

ထိုအချိန်မှစပြီး ထိုညီအစ်ကို သုံးယောက်သည် ရပ်ရွာသို့ ပြန်လည်၍ ရောက်မလာတော့ပေ။ ထောင်တွင်းမှာပင် သေလေသည်လား။ ဘယ်သို့ပင် ဖြစ်လေသနည်း။ မည်သူမျှ မသိကြတော့။

ပတ်ဂန်းကျင် ကျေးရွာတစ်ခွင်၌ မောင်လေး၏ သတင်းသည် တောမီး ပမာ ချက်ချင်း ပြန့်နှံ့သွားသည်။ ဓားပြဗိုလ် နှစ်ယောက်ကို အလဲအကွဲ ချလိုက်သည်။ တစ်ယောက်မှာ ကြောက်ချေးပန်းပြီး ထွက်ပြေးသည်။

ဤရှမ်းသည် သိုင်းတတ်သည်။ မောင်လေးသည် သိုင်းသမားဖြစ်သည်။ နေတော့သာ ရိုးရိုးကုတ်ကုတ် ဖြစ်သော်လည်း ပညာကား တစ်ဖက်ကမ်း ခတ်သည်။

ယင်းသို့ယင်းသို့လျှင် လူတကာ၏ နှုတ်ဖျား၌ ပြောစရာစကား ဖြစ် သွားသည်။ ဦးညီခင်ကလည်း မောင်လေးကို ပို၍ အထင်ကြီးသွားသည်။

'ရှမ်းကြီးက သိုင်းတတ်တာကိုးကွ'

'မဟုတ်ပါဘူး အစ်ကိုရာ၊ အဆင်သင့်လို့ ဖြစ်သွားတာပါ၊ တတ်တာက တစ်ပဲတစ်မူးပါ'

'ဟား ဟား ဟား တစ်ပဲ တစ်မူးမို့သာပေါ့ကွာ ၊ ဂေါ်ယာဆိုရင် ခြေထောက် နှစ်ချောင်းလုံး ထက်ပိုင်း ကျိုးသွားတယ်၊ ကုလားကြီးလဲ ဘယ်ဘက်ပုခုံး အဆစ်ပြုတ်သွားတယ်'

'ဒါကတော့ ကြောက်အားလန့်အားနဲ့ အရမ်း တွယ်လိုက်တာကိုး၊ သူတို့ အများ၊ ကိုယ်က တစ်ယောက်တည်းဆိုတော့ သူတို့မလဲရင် ကျွန်တော်ကွဲတော့မယ် မဟုတ်လား'

'အေး ခင်ဖြိုးကတောင် ပြောလိုက်သေးသကွ ရှမ်းကြီးရ'

'ခင်ဖြိုး ဟုတ်လား အစ်ကို'

'အေး သူက ငါ့ကိုပြောတယ်၊ အစ်ကို ကိုမောင်လေးကို လယ်တဲမှာ တစ်ယောက်တည်း မထားပါနဲ့တဲ့၊ သူစိုးရိမ်တယ်၊ စိတ်မချဘူးတဲ့ကွ'

'ဟင်း ဟင်း ဟင်း အစ်ကိုကလဲဗျာ ကြောက်ပါတယ်ဆို ကြောင်နဲ့တို့တို့နေတော့တာကိုး'

'ဘာကြောက်စရာလဲကွ၊ ဓါးပြဗိုလ်တွေကိုတောင် အပြတ် နှံလွှတ်လိုက်တဲ့သူက ခင်ဖြိုးလို မိန်းကလေးကို ဘာကြောက်စရာ ရှိလို့လဲ'

'ဟာ ဒါက မတူဘူးဗျ၊ ဓားပြက ဓားပြမဲ၊ မိန်းကလေးက မိန်းကလေးပဲ'

'ရှမ်းကြီးရာ မင်း အဲဒီကောင်မလေးကို ယူလိုက်ပါကွာ၊ ယူပြီး ဒို့ဆီမှာ အခြေချပါ၊ ဒို့တစ်ရွာလုံးကလဲ မင်းကို ခင်ဖြိုးနဲ့ သဘောတူကြပါတယ်'

'မဖြစ်နိုင်ပါဘူး အစ်ကိုရာ၊ သူ့ကို မကြိုက်လို့လဲ မဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်၌ကိုယ်က မိန်းကလေးဆိုရင် တကယ် ကြောက်လို့ပါဗျာ'

'ဘာလဲကွ ရှမ်းကြီးရ၊ မင်းရွာမှာများ အဆက်ရှိနေလို့လား'

'မရှိပါဘူးဗျာ ဘုရားစူး မိုးကြိုးပစ်ပါ၊ ရည်းစားလဲ မရှိဘူး၊ ရည်းစားဆိုလို့လဲ တစ်ခါမှ မထားဖူးပါဘူး၊ ထားဖူးဖို့ဆိုတာ ဝေလာဝေးရော၊ မိန်းကလေးတွေနဲ့တောင် မျက်နှာချင်း မဆိုင်ရဲဘူး အစ်ကိုရ'

'ဟဲ ဟဲ ဟဲ မင်းကတော့ စံပဲ၊ စံမှ တကယ့်စံပဲ၊ အဲလေ မင်းလိုချင်တဲ့အချိန်ပြောပေါ့၊ ကလေးမလေးကတော့ မင်းကိုပဲ စောင့်နေမှာပါ'

ဂေါ်ယာတို့ ညီအစ်ကိုသုံးယောက် ရပ်ရွာမှာ ပျောက်သွားကြသည်။ မောင်းလေးလည်း ဦးညီခင်နှင့် အတူပင် အလုပ်ဆက်လုပ်မြဲ လုပ်သည်။

များမကြာမီ ရက်ပိုင်းအတွင်းမှာပင် မောင်လေး ဦးညီခင်နှင့် ကိုဘိုးရှင်တို့သုံးဦး သလင်းထဲမှာ ဆုံမိကြသည်။ သုံးယောက်လုံး ကောက်ဆွမ်းများကို ကိုင်၍ အလုပ်လုပ်နေကြသည်။

သည်မှာ ဦးညီခင်က စသည်။

'ဘိုးရှင်'

'ခင်ဗျာ အစ်ကို'

'ရှမ်းက သိုင်းတတ်တယ်ကွ'

'ဟုတ် ဟုတ်ကဲ့အစ်ကို'

'ရှမ်းကို ချရအောင်ကွ၊ ရှမ်းက တကယ်တတ်တာ'

'မတတ်ပါဘူးဗျာ၊ အထင်ကြီးမနေပါနဲ့ နည်းနည်းပါးပါးကို များများ စားစား အထင်ခံရရင် ရန်များတတ်တယ် အစ်ကိုရ'

'ဟေ့ ဘိုးရှင်'

'ရှမ်းကို စမ်းချကြည့်ရအောင်ကွ'

'ဟာ မလုပ်ပါနဲ့ဗျ'

ဦးညီခင်က ပါးစပ်မှပြောရင်း ဘိုးရှင်ကို မျက်စိမှိတ်ပြသည်။ ဒါကို မောင်လေးက မြင်သည်။

အမှန်စင်စစ် ဦးညီခင်သည် ဘိုးရှင်ကို စောစောကတည်းကပင် ပြော ထားသည်။ မောင်လေးကို စမ်းမည်။ စမ်းလျှင် မည်သို့ အကွက်နင်းမည်။ ယင်းသို့ အကြံထုတ် ချိန်ကိုက်ထားကြပြီးသား ဖြစ်သည်။

ဦးညီခင်က မောင်လေး၏ နောက်ကျောဘက်တွင် ရှိသည်။ ဘိုးရှင်က မောင်လေး၏ ရှေ့ဘက်တွင် ရှိသည်။ မောင်လေးကို ရှေ့နှင့်နောက်မှ ညှပ်၍ ပိတ်ထားသည့် ပုံများဖြစ်သည်။

'ဟေ့'

'ဖျောင်း'

'ဂုံး'

ဦးညီခင်က မျက်စိမှတ်အပြ ဘိုးရှင်က မောင်လေးကို သူ့ကောက်ဆွဖြင့် မိုး၍ ရိုက်ရန် မြှောက်လိုက်သည်။ သည်မှာ မောင်လေး၏ ကောက်ဆွက ဘိုးရှင်၏ ကောက်ဆွကို ဖျောင်းကနဲ ရိုက်ပြီး ဖြစ်သွားသည်။

ဦးညီခင်က နောက်ဘက်မှ ဂင်သည်။ သို့ရာတွင် မောင်လေးက ကိုယ်ကိုလှည့်ပြီး ဦးညီခင်ကို ရိုက်ပြီးဖြစ်သွားသည်။

ဦးညီခင်၏ ဦးခေါင်းကို ထိသွားသည်။ ခေါင်းတွင် ဆောင်းထားသော ခမောက်သည် စိစိမွမွ ကြေသွားသည်။ လက်ဆလက်ရမ်းဖြင့် ရိုက်လိုက်ခြင်းပင် ဖြစ်သော်လည်း ဦးညီခင်အနေဖြင့် နာတော့ နာသွားသည်။

မောင်လေးသည် ဘယ်ခြေကို ဆုတ်၍ ညာလိမ်တုတ်ဖြင့် ဘိုးရှင်၏ တုတ်ကို ရိုက်ချလိုက်ခြင်းပင် ဖြစ်သည်။ ဘိုးရှင်၏ ကောက်ဆွ လွတ်ကျ သွားသည်နှင့် ညာခြေတစ်ကွက် ဆုတ်ပြီး ဦးညီခင်ကို မိုးရိုက်လိုက်ခြင်း ဖြစ်သည်။

'အား ပါး ပါး မဖြစ်ဘူး မဖြစ်ဘူးဟေ့'

'အဟုတ်ကွာ ရှမ်းက တကယ်တတ်တာကိုး'

'အဟုတ် အဟုတ် ကျုပ်တော့အံ့ရော'

ဦးညီခင်က ပါးစပ်မှ တဖျစ်တောတော ပြောသည်။ အမှန်စင်စစ် ဘိုးရှင်က ရှေ့မှ ရိုက်ဟန်ပြခိုင်းပြီး ရှေ့သို့ မောင်လေး မဲနေစဉ်တွင် သူက နောက်မှ ဂင်ရိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် မောင်လေး၏ လှုပ်ရှားမှုက မြန်ဆန်လွန်းလှသည်။

နှစ်ယောက်စလုံးကို တစ်ဆက်တည်း တိုက်ခိုက်နိုင်သည်။ ယင်းအတွက် ဦးညီခင် အံ့သြရခြင်းဖြစ်သည်။

ထိုနေ့မှစ၍ ဦးညီခင်၏ နှုတ်ဖျားတွင် မောင်လေးတစ်ယောက် ရေပန်း စားနေတော့သည်။ ရွာထဲတွင် တွေ့သမျှ စကားစပ်မိသမျှ လူများအား မောင်လေးအကြောင်းကိုပင် တဖြစ်တောက်တောက် တအံ့တသြ ပြောနေ တော့သည်။

ဂါဒဖြန့်သကဲ့သို့ဖြစ်သွားသည်။ မောင်လေး ပို၍ နာမည်ထွက်ကာ နာမည်ကြီးလာသည်။ အများစုသာမဟုတ် ၊ အားလုံးက သူ့ကို သိုင်းသမား အဖြစ် အသိအမှတ် ပြုသွားကြသည်။

ထိုအချိန်ထိ မောင်လေးတစ်ယောက် သိုင်းဆရာမလုပ်သေး။ အခကြေး ငွေ ယူ၍သော်လည်းကောင်း ၊ အပျော်တမ်းသဘောဖြင့် သော်လည်းကောင်း မည်သူ့ကိုမျှ သင်ကြားမပေးသေး။

ဦးညီခင်ထံတွင်သာ အလုပ်လုပ်မြဲ လုပ်နေသည်။ တောင်သူလယ်လုပ် ဓားမခုတ်ဘဂနှင့်ပင် အသက်မွေးဂမ်းကြောင်း ပြုသည်။

နောက်တစ်လခန့် ကြာသောအခါ မောင်လေးတစ်ယောက် ဦးညီခင် ထံတွင် ခွင့်တောင်းသည်။

'အစ်ကို ကျွန်တော် အနန်းပင်စုကို သုံးလေးရက် သွားလည်ချင်တယ်'

'ဘယ္သူ႔ဆီကိုလဲ ရွမ္းႀကီးရ'

'ကိုဘခင္ဆီကိုပါ၊ သူက ခဏခဏ အလည္ေခၚလို႔ပါ'

'သြားေလ အလုပ္လဲ ၿပီးသေလာက္ ရွိသြားၿပီပဲ၊ ဘိုးရွင္ကို နြားၿခံမွာ
အေစာင့္ခိုင္းလိုက္မယ္'

'ဟုတ္ကဲ့၊ ကၽြန္ေတာ္ ဒီေန႔ညပဲ သြားမယ္'

အုန္းပင္စုရြာမွာ ေခ်ာင္းႀကီးရြာႏွင့္ မလွမ္းမကမ္းတြင္ပင္ ရွိသည္။

ေမာင္ေလးတစ္ေယာက္ လြယ္အိတ္တစ္လုံး လြယ္လ်က္ အုန္းပင္စု
ရြာထဲ ဝင္သြားသည္။ ရြာသားတစ္ေယာက္ကိုေမးသည္။ ကိုဘခင္၏ ေနအိမ္
သို႔ ေရာက္သြားသည္။

'ကိုဘခင္ ရွိသလား ခင္ဗ်'

'ေဟ့ ရွမ္း ရွမ္းႀကီး၊ ရွိတယ္ ရွိတယ္ လာၿပီ'

ကိုဘခင္က အိမ္ေဘး နြားတင္းကုတ္ထဲမွာ ထြက္လာသည္။ ေလွခါးရင္း
တြင္ ဆုံမိၾကသည္။

'ရွမ္းႀကီး ေမာင္ရင့္ နာမည္ကေတာ့ သတင္းကို ေမႊးေနတာပါပဲလား
ကြ'

'ဘာျဖစ္လို႔လဲကြ'

'ဂ်ဳိယာတို႔ကိုလည္း ခ်လြတ္လိုက္တယ္၊ ဦးညီခင္နဲ႔ ကိုဘိုးရွင္က စမ္း
ၾကည့္ေတာ့လဲ ေမာင္ရင္ကပဲ ေဆာ္ထည့္လိုက္တယ္ဆိုကြ'

'အလကားပါ သူငယ္ခ်င္းရာ၊ သက္သက္မဲ့ နာမည္ႀကီးေနတာပါ'

'ဟ နာမည္ႀကီးတာ ႀကီးခ်င္တိုင္း ႀကီးလို႔ ရတာပဲ မဟုတ္တာ၊ လာကြာ
အိမ္ေပၚတက္'

အိမ္ေပၚသို႔ ႏွစ္ေယာက္သား တက္သြားၾကသည္။ ကိုဘခင္က ေမာင္ေလး
ကို ေနရာထိုင္ခင္း ေပးသည္။

'ေမာင္ရင္လဲ အလည္လာမယ္ လာမယ္နဲ႔ အခုမွပဲ လာျဖစ္ေတာ့တာကိုး'

'အခုမွပဲလာဆို အခုမွပဲ အလုပ္ၿပီးတာကိုး'

'ဒီမွာ အပန္းေျဖဦး၊ ၾကာၾကာေနဦးေပါ့ သူငယ္ခ်င္း'

'ေနေစခ်င္ရင္ မိန္းမေပးစားေပါ့ကြာ'

'ေအာင္မာ ေမာင္ရင္က ဘယ္လိုလဲ၊ တစ္ၿခိဳကြယ္ တစ္မယ္ေမြ႕ခ်င္တဲ့

သဘောလား၊ ဟိုရွာမှာနေတော့ ဟိုရွာမှာ တစ်ယောက်၊ ဒီရွာရောက်တော့ ဒီရွာမှာတစ်ယောက် ထားချင်တဲ့ သဘောလားကွ သူငယ်ချင်း'

'ဘာကို ဆိုလိုတာလဲကွ သူငယ်ချင်း'

'အလို မောင်ရင်ကလဲ အိပ်ချင်ယောင် ဆောင်နေပြန်ပါပြီ'

'မဟုတ်ပါဘူးကွ၊ ငါတကယ် နားမလည်လို့ပါ'

'ခင်ဖြိုးလေ ခင်ဖြိုး'

'ဟော'

'အောင်မယ် ချောင်းကြီးက ခင်ဖြိုးကိုများ မောင်ရင်က မေ့ချင်ယောင် ဆောင်ပြန်ပလား၊ မောင်ရင်တို့ ယူကြတော့မယ်လို့ သတင်းထွက်နေတာ ကြာလှပြီ'

'မြတ်စွာဘုရား'

'ကောင်မလေးကလဲ တစ်နေ့ တစ်နေ့ မောင်ရင့်အကြောင်း ပြောရတာ အမောဆို'

'အလို မြတ်စွာဘုရား'

'မောင်ရင့် အဂတ်အစားတွေ ဖွပ်လျှော်ပေးရတာလဲ အမောဆို'

'ဒုက္ခမှ ဒုက္ခပါပဲကွာ၊ ငါက ချောင်းကြီးသူကို မယူပါဘူး၊ အုန်းပင်စုသူ ကိုမှ ယူမယ်လို့ ဆုံးဖြတ်ထားတာ'

'ဒါဆိုလည်း နှစ်ယောက်ယူပေါ့ကွာ'

'အာဟာ အလကားပြောတာပါကွာ၊ ခင်ဖြိုးနဲ့ ငါနဲ့လဲ ဘာမှ ဖြစ်ကြ သေးတာ မဟုတ်ပါဘူး၊ မင်းတို့ အုန်းပင်စုသူလဲ မယူချင်ပါဘူး၊ အေးလေ ချောင်းကြီးသူကိုရော အုန်းပင်စုသူကိုရော မယူချင်တာတော့ မဟုတ်ပါဘူး၊ ငါ့ကိုယ်နိုက်က မိန်းကလေးဆို သိပ်ကြောက်တတ်တာကွ'

'ရော မိန်းကလေးကျတော့ ကြောက်တယ်၊ ဓားပြတွေကျတော့ ဘာ ကြောင့် မကြောက်တာလဲ'

'ဓားပြရဲ့ လက်နက်က ဓားတုတ်လှံတွေပဲ ရှိတာကွ မိန်းကလေးရဲ့ လက်နက်က မျက်ရည်တဲ့၊ မျက်ရည်ဆိုတာ ဓားတွေတုတ်တွေထက် ကြောက် စရာကောင်းတယ်ကွ'

'ဟဲ ဟဲ ဟဲ ဟား ဟား ဟား ရှမ်းကလဲ စကားအတတ်ကြီးပါလား? ကဲ နေဦး သူငယ်ချင်း၊ တို့ ပျော်ပွဲစားရအောင် ငါစီစဉ်လိုက်ဦးမယ်'

ကိုဘခင်သည် သည်လိုပြောပြီး ထွက်သွားသည်။ သူ့ညီ မောင်သီဟနှင့် တိုးတိုးတိုးတိုး ပြောကြသည်။

မောင်သီဟက ရွာထဲတွင် ထန်းရည်နှစ်မြူ သွားဆွဲသည်။ ကိုဘခင်က အိမ်တွင် မွေးမြူထားသော ကြက်တစ်ကောင်ကို ရိုက်သည်။ ချက်သည်။

အစီအစဉ်အတိုင်း ချက်ပြုတ် လုပ်ကိုင်နေစဉ် ရွာခံကာလသား နှစ်ယောက် ပါ ရောက်လာသည်။ ကိုဘခင်နှင့် ရင်းနှီးသော အပေါင်းအဖော်များပင်။

လေးယောက်သား ဝိုင်းထိုင်မိကြသည်။ လေးယောက် ဆိုသော်လည်း ကိုဘခင်၏ ညီဖြစ်သူ မောင်သီဟကာ းထန်းရည်မသောက်။ ကြက်သားချက် အမြည်းကိုသာ စားသည်။ အနားမှနေ၍ ဆေးပေးမီးယူ လုပ်သည်။

ငှက်ခါးတောင် ထန်းရည်သည် လျှာကြောကို စိမ့်စေသည်။ ကြက်သားနှင့် ဆိုတော့ အလိုက်ဖက်ကြီး လိုက်ဖက်သည့် အတွဲပင်။ ရေနွေးကြမ်းပန်းကန် ဖန်ခွက်စသည်တို့ကို မသုံး၊ အုန်းမှုတ်ခွက် တစ်ခုတည်းဖြင့် သုံးယောက်သား ခွက်လှည့်သောက်ရသည်ကလည်း အရသာ တစ်မျိုးပေပင်။

တစ်မြူကုန်သွားသည်နှင့် သုံးယောက်လုံး အာသွက် လျှာသွက် ဖြစ်လာ ကြသည်။ စကားတွေ ဘယ်သွားကြိုသွားကြား ဘယ်ဦးနောက်ကြို ဦးနောက် ကြားက ထွက်လာသည် မသိ။

အရက်အကြောင်း၊ ထန်းရည်အကြောင်း၊ မိန်းမ အကြောင်း ၊ လယ်ယာ အကြောင်း စုံစုံစေ့၍ စေ့စေ့စုံသည်။ ဟိုက သည်ရောက် သည်က ဟိုရောက် နှင့် လျှာဦးတည့်ရာ စပ်မိစပ်ရာ ပြောဆိုကြသည်။

နောက်ထပ် မြူဂက်ခန့် ကုန်သွားသော အချိန်၌ကား ခင်ဖြိုးအကြောင်း ဂေါ်ယာတို့ ညီအစ်ကိုများအကြောင်း ၊ ခွေးချီးလုဖေ၊ ဦးညီခင်တို့ အကြောင်း ပါ ရောထွေး ပါလာသည်။

'သူငယ်ချင်း ရှမ်းကြီး ၊ မင်းရောက်တုန်း ရောက်ခိုက် သိုင်းကလေး ဘာကလေး သင်ပေးကွာ၊ ငါတို့လဲ ကိုယ်ခံပညာ ရတာပေါ့'

'အလကားပါ ကိုဘခင်ရာ၊ ကျွန်တော် ကိုယ်တိုင်လဲ ဟုတ္တိပတ္တိ ဘာမှ တတ်တာ မဟုတ်ပါဘူး၊ သင်တယ်ဆိုတာ ဆရာလုပ်တာဗျ၊ ဆရာ လုပ်တယ် ဆိုရင်လဲ တကယ်တတ်မှ လုပ်ရတယ်၊ မတောက်တခေါက် ပညာ နဲ့ ဆရာလုပ်ရင် တကယ့် ပညာသည်တွေရဲ့ ဂမ်းထဲပြုံး ပြုံးတာ ခံရတတ်

တယ်၊ ဒါမှမဟုတ် စိန်ခေါ်တာကို ခံရတတ်တယ်၊ အဲဒီမှာ အရှက်တကွဲ ဖြစ်ရတတ်တယ်'

ကိုဘခင်က အလေးအနက် ပြောသော်လည်း မောင်လေးက လျော့ချသည်။ သည်လိုနှင့် အချိန်ကုန်သွားသည်။

'ကိုခင် ထမင်းပြင်ရတော့မလား ဟင်'

'အေး ပြင်တော့ဟေ့ မင်တင်၊ ဒို့လေးယောက်စလုံး အတူတူ စားကြမယ်'

ထန်းရည်ကလေး ထွေထွေနှင့် မောင်လေးအဖို့ ခံတွင်းတွေ့လှ မြိန်ယှက်လှသည်။ ဟင်းမကောင်းဘဲနှင့်ပင် နို့ဆီဘူး တစ်လုံးခွဲချက်ကို အသာကလေး စားနိုင်သည်ဖြစ်ရာ ကြက်သားဟင်း လက်ရာ ကောင်းကောင်းနှင့်ဆိုတော့ ဗိုက်ခွေးနမ်းမတတ် ဖြစ်သွားသည်။

'စားကွာ စား သူငယ်ချင်း အားမနာနဲ့'

'စားပါတယ်ကွ၊ စားတဲ့နေရာမှာတော့ အားမနာနိုင်ဘူးဟေ့'

'မင်းက တော်တော်စားနိုင်တာပဲ၊ ဒါကြောင့်လဲ အလုပ်လုပ်နိုင်တာ၊ မင်းစားတာကို ငါတော့ သိပ်အားကျတာပဲ၊ မင်းအလုပ်လုပ်တာကိုလဲ အားကျတယ်'

'အေး ဒီစားပုံမျိုးနဲ့ သူများအိမ်သွားပြီး ဧည့်သည် လုပ်ရတာတော့ အားနာစရာကောင်းတယ် သူငယ်ချင်း'

'ဟေ့ ဂမ်းအပြင် ပုတ်မပါဘူးကွ၊ အေး ငါတို့က လူတစ်ယောက် ပြောသွားဖူးသလိုဆိုရင်သာ မကြိုက်တာ'

'ဘယ်လိုလဲ ဘယ်လိုပြောသွားသလဲ'

'အဲဒီလူက ဆန်တစ်တင်းချက်နဲ့ ဆိတ်တစ်ကောင်သားကို တစ်နာရီအတွင်း အကုန်စားမယ်တဲ့၊ လောင်းကြေးတဲ့ကွ၊ မစားနိုင်ရင် သူ့အမေရော သူ့နှမရော သူ့ဆွေမျိုးတွေရော ခေါ်ပေးမယ်တဲ့'

'ဟ ဒါကတော့ မလွန်လွန်းလားကွ'

'မလွန်ဘူးမောင်ရေ့ သွားမလောင်းလေနဲ့ ၊ မင်းရှုံးသွားမယ်'

'ရှုံးချင်လဲရှုံးကွာ၊ လောင်းချင်တယ်၊ လောင်းရဲတယ်'

'လောင်းလို့ မရဘူးကွ၊ လောင်းတဲ့သူတိုင်း ရှုံးမှာပဲ၊ သူ့စကားကိုလဲ ကြည့်ဦးလေ'

'သူ့စကားက ရှင်းနေသားပဲ၊ ကုန်အောင်မစားနိုင်ရင် သူ့အမေတွေ သူ့နမတွေ ခေါ်ပေးမယ်တဲ့'

'ခေါ်ပေးရမှာပေါ့ကွ သူမှမစားနိုင်ရင်'

'အေး အဲဒါပေါ့ ခေါ်ပေးလိုက်ရင် မင်းရှုံးရောပေါ့'

'ဘာကြောင့် ရှုံးရမှာလဲကွ၊ သူ့မအေတွေ နမတွေကို ငါရမှာပေါ့'

'မဟုတ်ဘူးလေကွ၊ သူပြောတာက သူစားလို့ မကုန်တဲ့ ထမင်းဟင်း မှန်သမျှ သူ့မအေတွေ နမတွေကို ခေါ်ပြီး ပေးလိုက်မှာကို ပြောတာ'

'ဟား ဟား ဟား ဒါတော့ ဟုတ်တယ်ဟေ့၊ ဒီလိုပေးရင်တော့ တစ်တင်းမကဘူး၊ ဆယ်တင်းလဲ မလောက်ဘူး၊ တင်းတစ်ထောင်လဲ မလောက်ဘူးပေါ့၊ ကားနဲ့ တိုက်ယူသွားမှာပေါ့'

ညဥ့်နက်လာတော့ သန်းဝေလာကြသည်။ ဧည့်သည် နှစ်ယောက်လည်း ပြန်သွားကြပြီ။ ကိုဘခင်၏ ဇနီးကလည်း မောင်လေးအတွက် အိပ်ရာပြင် ပေးပြီးပြီ။

အိပ်ရာပြင်သည်မှာ ထူးထူးထွေထွေတော့ မဟုတ်။ သင်ဖျူးတစ်ချပ် ခေါင်းအုံးနှစ်လုံးနှင့် စောင်တစ်ထည့်ချပေး၊ တစ်ထည်ကို ခင်းပေးရုံသာ ဖြစ်သည်။

ဆောင်းကုန်ကာစ ဖြစ်၍ ခြင်လည်းမကိုက်၊ အိုက်လည်း အိုက်စပြု နေပြီ။

'အိပ်ချင်ပြီလား သူငယ်ချင်း'

'အေးကွာ အိပ်စို့'

'အိမ်ထဲမှာဆိုတော့ အိုက်တယ်ဟေ့၊ ပြတင်းတံခါး နှစ်ချပ်ရော တံခါးမ တစ်ပေါက်ပါ ဖွင့်ပေးထားမယ်၊ အဲ တစ်ခုတော့ သတိထား သူငယ်ချင်းရေ့'

'ဘာကိုလဲဗျ'

'ဘိန်းစား သူခိုးတွေ ကိုယ်တို့ရွာမှာ ထနေတယ်၊ ထဘီစုတ် အကျႌစုတ် တောင် မချန်ဘူး၊ အကုန်ယူတာပဲ'

'လာစမ်းပါစေကွာ အဲဒီသူခိုးတွေ'

'အေးပါ၊ ကြောက်လို့တော့ မဟုတ်ဘူး၊ ဟောဒီမှာ စားပွဲ၊ မီးခွက်ရော မီးခြစ်ရော ဆေးလိပ်ရော ကွမ်းအစ်ရော တင်ထားတယ်'

'ကောင်းပြီသူငယ်ချင်း၊ အိပ်ပြီဟေ့'

မောင်လေးက သူကိုင်ဆောင်လာသော ဓားရှည်နှင့် တုတ်တစ်ချောင်းကို သူ့အိပ်ရာဘေးတွင် ချထားလိုက်သည်။ ကိုဘခင်က သူ့အိမ် ထရံထောင့်တွင် ထောင်ထားသော လှံတစ်ချောင်းကိုပါ မောင်လေး၏ အနီးတွင် ချပေးထားသည်။

ပထမည အိပ်စက်သည်။ တစ်စုံတစ်ရာ အန္တရာယ်မရှိ။ ဒုတိယည အိပ်စက်သည်။ ဘာသူခိုးမျှ မကပ်။

ကိုဘခင် အလေးအပေါ့ သွားလိုလျှင်လည်း မောင်လေး၏ ခြေရင်း စားပွဲပေါ်မှ ရေနံဆီမီးခွက်ကို မီးထွန်းသည်။ ချောင်းဟန့်သည်။ ပြီးမှ အိမ်အောက်သို့ ဆင်းသည်။

တတိယမြောက်ညသို့ ရောက်လာသည်။ ခါတိုင်းလိုပင် ညနေပိုင်း၌ ကြက်ချက်၍ ထန်းရည် သောက်ကြသည်။ ထန်းရည်က သွေးလေးသည်။ မူးလာလျှင် စောစောစီးစီး အိပ်ချင်သည်။

ယင်းကြောင်း စောစောစီးစီးပင် အိပ်ရာဝင်ကြသည်။ သန်းခေါင် ကြက်တွန်ချိန်တွင် မောင်လေး တစ်ရေးနိုးလာသည်။ ခြေရင်းဘက် ဖွင့်ထားသော တံခါးဆီမှ ရှပ်ရှပ်ရှပ်ရှပ်နှင့် ခြေသံသဲ့သဲ့ ကြားရသည်။

အိမ်သည် လေးပင်သုံးခန်းဖြစ်၍ တံခါးမ သုံးပေါက်ရှိရာ မောင်လေး အိပ်သော နေရာ၏ဘေးမှ တံခါးမ နှစ်ချပ်ကိုကား ဖွင့်ထားသည်။

နားပါးသော မောင်လေးသည် ခြေသံလိုလို ကြားသည်နှင့် သူ့ဘေးမှ လက်နက်များကို စမ်းကြည့်သည်။ လှံကို သွား၍ ကိုင်မိသည်။ လက်နစ်ဖက်ဖြင့် လှံကို မိမိရရ ကိုင်ထားသည်။

တံခါးမဆီသို့ လှမ်း၍ကြည့်နေသည်။ လူတစ်ယောက် တံခါးပေါက်မှ တဖြည်းဖြည်းဝင်လာသည်။ အလင်းရောင်သဲ့သဲ့ကြောင့် မည်းမည်းမည်းမည်းနှင့် မြင်နေရသည်။

ဝင်လာသူသည် တဖြည်းဖြည်းနှင့် ရှေ့တိုးလာသည်။ မီးခြစ် မီးခွက်များ တင်ထားသော ထမင်းစားပွဲခုံကလေးအနီးတွင် ထိုင်လိုက်သည်။ စားပွဲပေါ်တွင် ဟိုစမ်း ဒီစမ်း စမ်းသည်။

'ဟေ့ ဘယ်သူလဲ၊ ပုံး'

မောင်လေးက မေးလည်းမေး၊ ပုံးခနဲလည်းထ၊ မှောင်ထဲမှ လူကိုလည်း လှံဖြင့် ထိုးလိုက်သည်။

မှောင်ထဲမှလူ၏ ဂမ်းဗိုက်ကို ထိုးမိသည်။ သို့ရာတွင် ထိုလူက ကိုယ်ကို လှည့်လိုက်သည်။ လှံကို လက်နှစ်ချောင်းဖြင့် ဘေးတိုက် ကိုင်လိုက်သည်။ သေချာစွာ ဆုပ်ထားသည်။

မောင်လေးက လှံကို ဆောင့်ပြီး ဆွဲယူသည်။ လူပါ ပါလာသည်။

'ဖုန်း ဖောင်း ဖျောင်း'

မောင်လေးက သူ့ခြေထောက်ဖြင့် ဘယ်ပြန်ညာပြန် သုံးလေးချက် ကန်သည်။ မှောင်ထဲမှလူသည် အထိနာလှသော်လည်း လှံကိုကား မလွှတ်၊ မြဲမြဲ စွဲစွဲပင် ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားသည်။

'ကိုဘခင် ကိုဘခင် ကိုဘခင်လား'

'အင်း အင့် အင့် အီး'

မောင်လေးက ကိုဘခင် အထင်ဖြင့် မေးသည်။ ပြန်၍ဖြေသံကား ထွက်ပေါ်မလာ။

'ဘာဖြစ်တာလဲ၊ ဘာဖြစ်ကြတာလဲ'

ထိုအချိန်တွင် ကိုဘခင်၏ဇနီး မယ်တင့် အခန်းထဲမှ ထွက်လာသည်။ အိပ်ခန်းထဲတွင် ထွန်းထားသော လက်ဆွဲမှန်အိမ်ကို ကိုင်ထားသည်။ မီးရောင် ဂင်းခနဲလင်းလာသည်။

'ဟိုက်'

မောင်လေး ထိပ်ထိပ်ပျာပျာ ဖြစ်သွားသည်။ ကိုဘခင်မှ ကိုဘခင် အစစ် ဖြစ်နေသည်။ လှံကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားပြီး တဆတ်ဆတ် တုန်ယင်နေသည်။

'အမယ်လေး လှံသွား လှံသွားကြီး'

မယ်တင့်သည် ခင်ပွန်းအနီးသို့ ပြေးကပ်လာသည်။ လှံသွားကို ဂင်၍ တိုက်မိသည်။

'ဟိုက် သွားပြီ သွားပြီ'

မောင်လေးက သေချာစွာ ကြည့်လိုက်သည်။ လှံသွားသည် ကိုဘခင်၏ ကိုယ်တစ်ဖက်တွင် ထွက်နေသည်။ ထုတ်ချင်းခတ် သွားလေပြီ။ ဗိုက်ပေါက် သွားလေပြီ။

သို့ရာတွင် ရုတ်ခြည်းပင် သူသတိထားမိသည်။ ကိုဘခင်၏ ကိုယ်ခန္ဓာမှ သွေးများ ထွက်မလာ ၊ ဒလဟော စီးကျမလာ။

'ကိုဘခင် ကိုဘခင်'

'ဟင်း'

မောင်လေးက ကိုဘခင်၏ ပခုံးကို လှုပ်၍ခေါ်သည်။ ကိုဘခင် သက်မကြီးတစ်ချက် 'ဟင်း' ခနဲ ချလိုက်သည်။ သတိပြန်ဝင်လာသည်။

'အမယ်လေး အမယ်လေးဗျာ၊ ကျုပ်ဘယ်လိုဖြစ်သွားမှန်း မသိဘူး'

'ကိုဘခင် ကိုဘခင်'

မောင်လေးက ထပ်ခေါ်ပြီး လှံကို အသာအယာ ဆွဲကြည့်သည်။ လှံသည် လွယ်လင့်တကူပင် ရှောရှောရှူရှူ ပါလာသည်။

'အမယ်လေး တော်သေးတာပေါ့၊ တော်သေးတာပေါ့'

မောင်လေး၏ ရင်ထဲမှ အသံတိတ်ပြော ပြောလိုက်မိသည်။ စိုးရိမ်မှုလည်း ကွယ်ပျောက်သွားသည်။ သက်မ တစ်ချက်ကို ချလိုက်မိသည်။

အမှန်စင်စစ် လှံသည် ကိုဘခင်၏ဗိုက်ကို ထိုးမိသည်အမှန်။ သို့ရာတွင် ခါးပုံစာ တည့်တည့်သို့ ကျသွားသည်။ ကိုဘခင်က ကြောက်အားလန့်အားဖြင့် အလှည့်လိုက်တွင် ချော်ထွက်သွားသည်။ လှံချည်ကို နှစ်ပေါက်ဖောက်ထွင်းသွားသည်။

သည်မှာ လံကို ကိုဘခင်က ဘေးတိုက် ဆုပ်ကိုင်မိခြင်း ဖြစ်သည်။ သူဆုပ်ကိုင်ထားပုံကို ရုတ်တရက် ကြည့်သော် လှံသွား ထုတ်ချင်း ခတ်နေသည့် ပုံသဏ္ဍာန်မျိုး ဖြစ်နေခြင်း ဖြစ်သည်။

'ကိုဘခင် ကိုဘခင် သတိထားပါ သတိထားပါ'

လှံကို ဆွဲယူပြီးသော်လည်း ကိုဘခင်မှာ မျက်လုံးကြီး အပြူးသား ဖြစ်နေဆဲပင် ရှိသည်။ မောင်လေးက ကိုဘခင်၏ ခန္ဓာကို စစ်ဆေးကြည့်သည်။ ဗိုက်ပေါက်၍ မသွားသော်လည်း ဆီးစပ်တွင် စပါးလုံးတစ်ထောက်ခန့် နက်သော ဒဏ်ရာ ရရှိသွားသည်။ လှံသွားရှသွားခြင်းဖြစ်သည်။

ဘုရားမခြင်းပေပင်။ သေကံမရောက် သက်မပျောက်ခြင်း ပေပင်။

'ဒုက္ခပါပဲ သူငယ်ချင်းရာ၊ လှံမို့သာပေါ့၊ ဓားကိုများ သွားစမ်းမိရင် အခက်ပဲ'

ကိုဘခင် သတိရလာသောအခါ မစင်နဲ့ တထောင်းထောင်း ထွက်နေသည်ကို သတိထားမိသည်။ မောင်လေးက မီးခွက်ထွန်း၍ ဟိုဟိုသည်သည်ကြည့်သည်။

ကြမ်းပြင်ပေါ်တွင် ချေးစိမ်းများ ကျနေသည်။ ကိုဘခင်တစ်ယောက်ကြောက်ချေးပန်းထားခြင်းပင်။

ထိုနေ့မှစ၍ မောင်လေးတစ်ယောက် ကိုဘခင် နေအိမ်တွင် တုတ် ဓားမဆောင်တော့။ သူ့အိပ်ရာဘေးတွင် ဓား လှံ တုတ် များ မထားတော့။

ကိုဘခင် အကြောက်ပြေ၍ မေးမြန်းသောအခါ မောင်လေး လိပ်ပတ်လည်စွာ နားလည်လာရသည်။

ညနေက သောက်ထားသော ထန်းရည်သည် သိပ်မကျလှသေး။ ပုစွန်ဆိတ်ခုန် သာသာမျှသာ ရှိသေးသည်။

ယင်းကြောင့် ကိုဘခင်တစ်ယောက် အိပ်နေရင် ဗိုက်နာလာသည်။ အိမ်အောက်သို့ သုတ်သီးသုတ်ပျာ ဆင်းသွားသည်။

ခါတိုင်းလို မီးလည်းမခြစ်၊ မီးခွက်လည်း မထွန်းဖြစ်။

သည်လို ကိုဘခင် အိမ်အောက်သို့ ဆင်းသွားသည်ကို မောင်လေး မမြင်လိုက်၊ အိပ်ပျော်နေချိန်ဖြစ်၍ မသိလိုက်။

ကံဆိုးချင်တော့ ကိုဘခင် အိမ်ပေါ်ပြန်တက်လာချိန်သည် သန်းခေါင်ကြက် တွန်ချိန်ဖြစ်နေသည်။ မောင်လေး တစ်ရေးနိုးလာ သတိရလာချိန် ဖြစ်နေသည်။

ကိုဘခင်ကလည်း ပြန်တက်လာချိန်တွင် အသံမပေး။ ဗိုက်ထဲမှ ရစ်၍ရစ်၍ နာနေဆဲဖြစ်သောကြောင့် ဗိုက်ကိုနှိပ်ပြီး ကုန်းကုန်းကုန်းကုန်းနှင့် အိမ်ပေါ်သို့ ပြန်တက်လာသည်။ သည်တော့မှ မောင်လေးက မြင်ခြင်းဖြစ်သည်။

ကိုဘခင် စားပွဲပေါ်တွင် မီးခြစ်ရှာခြင်းကို မောင်လေးက ပစ္စည်းခိုးသည်ဟု ထင်သည်။ သို့အတွက် ထ၍ ထိုးခြင်းဖြစ်သည်။

သည်သတင်းသည် အုန်းပင်စု တစ်ရွာလုံးသို့ ပျံ့နှံ့သွားသည်။ ငိုအားထက် ရယ်အားသန်ကြရသည်။ ကိုဘခင် ကြောက်ချေးပါခြင်းကို ပြောမဆုံး ရယ်မဆုံး ဖြစ်နေကြသည်။ မောင်လေးအကြောင်းလဲ တပြောတည်း ပြောနေကြသည်။

မကြာပါ၊ မကြာလှပါ။

ရက်ပိုင်းအတွင်းတွင်ပင် နောက်ထပ် ဖြစ်ရပ်တစ်ခုက ဖြစ်ပွားလာသည်။ ညအချိန်တွင်ကား မဟုတ်။ နေ့လည် လင်းလင်းထိန်ထိန် အချိန်တွင် ဖြစ်ပွားခြင်း ဖြစ်သည်။

သိုင်းသမားဆိုသည် ဆတ်သည်။ သူတို့၏ အသားကို မတော်တဆ ထိ၍မရ၊ လက်ရောခြေရော လှုပ်ရှားပြီး ဖြစ်တတ်သည်။

ထိုနေ့က မောင်လေးတစ်ယောက် ကိုဘခင်အိမ်တွင် အိပ်ပျော်နေသည်။ ထမင်းစားပြီးချိန်တွင် ထမင်းလုံးစီရင်း အိပ်ပျော်သွားခြင်း ဖြစ်သည်။

သည်မှာ ကိုဘခင်၏ ညီ မောင်သီဟ ရောက်လာသည်။ မောင်သီဟကို မရီးဖြစ်သူ မယ်တင့်က ကွမ်းရွက် အယူခိုင်းသည်။

ကွမ်းသီးကွမ်းရွက်များကို ဆွဲခြင်းကလေး တစ်လုံးဖြင့် ဆွဲ၍ တင်ထားသည်။ ထိုဆွဲခြင်း ကလေးမှာ မောင်လေး၏ အပေါ်တည့်တည့်တွင် ဆွဲချိတ်လျက်သာ ရှိနေသည်။

'ကွမ်းအစ်ထဲမှာ ကွမ်းကုန်သွားပြီ မောင်သီဟ၊ ကွမ်းသီးလဲ နည်းနေပြီ၊ ခြင်းထဲက ယူပေးစမ်းပါ'

'ဟုတ်ကဲ့ အစ်မ'

မယ်တင့်ကိုယ်တိုင် မယူခြင်းမှာ ဆွဲထားသော ခြင်းကိုလည်း လက်လှမ်းမမှီ။ မောင်လေး၏ ဘေးနားမှ လှမ်းယူရမည် ဖြစ်ခြင်းကြောင့် မောင်လေး၏ ကိုယ်ပေါ်သို့ မိုးနေမည်။ ငဲကြီးမည်ကိုလည်း စိုးရိမ်သည်။

ယင်းကြောင့် မတ်ဖြစ်သူ မောင်သီဟကို ကွမ်းရွက်နှင့် ကွမ်းသီး နှိုက်၍ အယူခိုင်းခြင်းဖြစ်သည်။

မောင်သီဟက အိပ်ပျော်နေသော မောင်လေး၏ အနီးသို့ ကပ်သွားသည်။ မောင်လေး၏ ကိုယ် အပေါ်တည့်တည့်မှ ခြင်းထဲသို့ လှမ်းနှိုက်သည်။ မမှီ့တမှီ ဖြစ်နေသည်။

ခြေဖျားထောက်လိုက်သည်။ ကွမ်းရွက်နှင့် ကွမ်းသီးများကို စမ်းကြည့်ပြီး ရှာသည်။

ထိုအချိန်တွင် မောင်သီဟ၏ စိတ်ထဲ၌ မောင်လေးကို မေ့သွားသည်။ ခြင်းထဲသို့သာ အာရုံရောက်ရှိနေသည်။ မမှီ့တမီ နှိုက်ရှာရင်းမှ သူ့ခြေဖျားက မောင်လေး၏ ခြေသလုံးကို သွားပြီး ထိသည်။

'ပုံး ပုံး'

မောင်လေး၏ လန့်နိုးလာခြင်းသည် မောင်သီဟကို ထထိုးပြီးသား ဖြစ်သွားသည်။ မောင်သီဟက အလန့်တကြား လွှားကနဲ ခုန်လိုက်သည်။ မောင်လေး၏ လက်သီးက ထရံကိုသွား၍ ထိုးမိသည်။ ထရံကြီး ပေါက်ထွက်သွားသည်။ မောင်သီဟ ကြောက်အားလန့်အားနှင့် ခုန်၍ထွက်ရာ လူကား လွတ်သွားသည်။ သို့ရာတွင် လုံချည်က ကျွတ်၍ ကျန်နေခဲ့သည်။

'ကျွန်တော့်ကို လုံချည်ပေးကြပါ၊ ကျွန်တော့်ကို လုံချည်ပေးကြပါ'

မောင်သီဟက တံခါးထောင့် တစ်ထောင့်တွင် တင်ပျဉ်ခွေလျက် ထိုင်ချလိုက်သည်။ သူ့ပေါင်ရင်းကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားသည်။ မယ်တင့်သည် မတ်တော်မောင်၏ အဖြစ်ကိုကြည့်ပြီး မျက်နှာလွှဲလိုက်သည်။ မျက်လုံးအစုံမှ မျက်ရည်များ ယိုစီးကျလာသည်အထိ အားရပါးရ ရယ်မောတော့သည်။

'အမယ်လေး တော်သေးတာပေါ့ မောင်သီဟရာ၊ မင်းသာမဟုတ်ဘဲ မယ်တင့်သာ မင်းလိုဖြစ်ရင် ငါတော့ မျက်နှာဘယ်လိုထားရမယ် မသိတော့ဘူးဟော့'

ပုံးခနဲအသံကြောင့် ကိုဘခင် အိမ်အောက်မှ အိမ်ပေါ်သို့အပြေးပြန်တက်လာသည်။အခြေအနေ အရပ်ရပ်ကို လိပ်ပတ်လည်စွာ နားလည်သွားသောအခါ သူလည်း မောင်လေးနှင့်အတူ တဝါးဝါး တဟားဟား ရယ်မောတော့သည်။

'ကဲ ရှမ်းကြီး၊ မင်းငါ့ကိုလဲ သေအောင် လုံနဲ့ထိုးပြီးပြီ၊ ငါ့ညီကိုလဲ လူမြင်သူမြင် မကောင်းလောက်အောင် အရှက်ခွဲပြီးပြီ၊ အဲဒီတော့ မင်း ငါ တို့ကို သိုင်းသင်ပေး၊ ကိုယ်ခံပညာတတ်အောင် သင်ပေးထားခဲ့'

# ၁၂

သည်မှာ မောင်လေးတစ်ယောက် သိုင်းဆရာ အဖြစ်သို့ ခံယူသည်။ ဆရာကြီး ဆရာချယ် ကိုယ်တိုင်က ပွဲပေးပြီး ဆရာအဖြစ် သတ်မှတ်ထား ခဲ့သော်လည်း အစက ဆရာမလုပ်ခဲ့။ မည်သူ့ကိုမျှ သင်မပေးခဲ့။ ပြောင်းပြန် ပညာ တတ်ကြောင်းပင် ပြောမပြခဲ့။

ယခုတော့ အုန်းပင်စု တစ်ရွာလုံးတွင် သူ့သတင်းသည် ဟိုးလေးကျော် နေပြီ။ အိမ်ရှင်ကိုဘခင်နှင့် ဖြစ်ခဲ့သောအဖြစ်၊ မောင်သီဟနှင့် ဖြစ်ခဲ့သော အဖြစ်များက သူ သိုင်းတတ်ကြောင်း ဖွင့်ပြသလို ဖြစ်နေပြီ။

တစ်ရွာလုံးမှ ကာလာသားရော အိမ်ထောင်ရှင်ပါ စုစုပေါင်း နှစ်ဆယ်ခန့်က မောင်လေးကို လာရောက် တောင်းပန်ကြသည်။ သိုင်းသင်ပေးရန် ပြောဆို ကြသည်။

သင့်သော အချိန်လည်း ရောက်ပြီ။ သည်လို မောင်လေးကိုယ်တိုင်လည်း ထင်မြင်သည်။

မောင်လေး သိုင်းဆရာ စတင်၍ လုပ်ပြီ။ ရွာလယ်ဇရပ် ကွက်လပ်ကြီး တွင် စုဝေး၍ ပြောင်းပြန်သိုင်းကို သင်ပေးသည်။ အခကြေးငွေလည်း ယူသည်။

အုန်းပင်စုရွာသားတွေ သိုင်းပညာသင်ကြပြီ ဆိုသော သတင်းက ချောင်းကြီးသို့ ချက်ချင်း ပေါက်သွားသည်။ ကိုဘိုးရှင်နှင့် ကာလသားများ အုန်းပင်စုသို့ လိုက်လာကြသည်။ သိုင်းသင်တန်းကို ကြည့်ကြ လေ့လာကြ သည်။ ချောင်းကြီးတွင်လည်း သင်ပေးရန် တောင်းပန်ကြသည်။

သင်ပေးရပါသည်။ ချောင်းကြီးတွင်လည်း တစ်ဝိုင်း၊ ချောင်းကြီးနှင့်

အုန်းပင်စုမှာ အလုမ်း မကွာဝေးလှရာ အုန်းပင်စုတွင် နံနက်ပိုင်း၊ ချောင်းကြီးတွင် ညနေပိုင်း၊ တစ်နေ့လျှင် နှစ်ဆိုင်း နှစ်ဆိုင်း သင်ပေးရသည်။

ထိုရွာများသည် မုတ်ကျွန်းပေါ်တွင် တည်ရှိသည်ဖြစ်ရာ မုတ်ကျွန်းတစ်ကျွန်းလုံးသို့လည်း သတင်း ပြန့်လွင့်သွားသည်။

မောင်လေး နာမည်ကြီးလေပြီ။ သိုင်းပြောင်းပြန် ဆရာအဖြစ် လူတကာ၏နှုတ်ဖျားတွင် ရေပန်းစားလေပြီ။

ပညာကိုကလည်း ပညာဆန်း ဖြစ်နေသည်။ သိုင်းဟူ၍သာ ကြားဖူးခဲ့ကြသော ရပ်သူရွာသားများ အလယ်တွင် သိုင်းပြောင်းပြန်ဟူသော ဝေါဟာရက ပိုမိုထူးခြားနေသည်။

'ဘယ်လိုတဲ့လဲ၊ ပြောင်းပြန် ဆိုပါလား၊ သိုင်းပြောင်းပြန် ဆိုပါလား'

'သိုင်းပြောင်းပြန်ဆိုတော့ သိုင်းပညာကို ပြောင်းပြန်လုပ်ထားတဲ့ သိုင်းလား။ သိုင်းက ရှေ့ကိုတက်ရင် ပြောင်းပြန်က နောက်ကိုဆုတ်၊ သိုင်းက ညာဘက်ကို တက်ရင် ပြောင်းပြန်က ဘယ်ဘက်ကို တက်တဲ့ သဘောလား'

'ဒီလိုဆိုရင် ဘယ်လိုလုပ်ပြီး ရန်သူကို ခုခံမလဲ'

ယင်းသို့ယင်းသို့ တစ်ယောက်တစ်ပေါက်လည်း ဝေဖန်ပြောဆိုကြသည်။ သည်သတင်းကြောင့် မောင်လေးက ရှင်းပြရသည်။ ရှမ်းကြီးသိုင်းနှင့် ပြောင်းပြန်သိုင်း နှစ်မျိုးလုံးကို အကွက်နင်းပြရသည်။ အကွက်၏ ကွာခြားမှု၊ ကွာခြားသော ခံစစ်၊ ကွာခြားသော တိုက်စစ်များကို လက်တွေ့ပြရသည်။

သည်တော့မှ လူများစုက နားလည်သွားကြသည်။ ပြောင်းပြန်သိုင်း၏ သဘောနှင့် တန်ဖိုးကို သိသွားကြသည်။ တစ်နေ့တခြား ပညာသင်လိုသူများ များပြား၍ များပြား၍လာသည်။

သိုင်းဆရာဘဂသို့ ရောက်ရှိလာသော်လည်း မောင်လေးက ရိုးရာစီးပွားရေးလုပ်ငန်းကို စွန့်လွှတ်ရန် စိတ်မကူး။ မိုးတွင်းတွင် လယ်ယာလုပ်ငန်းကို ဆက်၍ လုပ်မည်။ ကောက်ရိတ်ပြီးချိန်၊ စပါးသိမ်းပြီးချိန်မှစ၍ နယ်လှည့်ပြီး သိုင်းပညာ သင်ကြားပေးမည်။

သည်လို ဆုံးဖြတ်ထားသည်။ ချောင်းကြီးနှင့် အုန်းပင်စုတွင် သိုင်းပညာ သင်ကြားပေးစဉ် ကြက်ဆုံရွာမှ လူနှစ်ယောက် ရောက်ရှိလာသည်။ သူတို့ရွာတွင် လာရောက် ပညာသင်ပေးရန် ချဉ်းကပ်ပြောဆိုကြသည်။

မောင်လေးကလည်း လက်ခံလိုက်သည်။ သည်တစ်နေ့လုံး သိုင်းသင်ချိန် ရသည်။ မိုးတွင်းရောက်မှ ချောင်းကြီးသို့ ပြန်လာမည်။ ဦးညီခင်ထံတွင် လယ်ဆက်လုပ်မည်ဆိုသော ဆုံးဖြတ်ချက် ချလိုက်သည်။

ချောင်းကြီးနှင့် အုန်းပင်စုတွင် သင်တန်းပေး၍ ပြီးဆုံးပြီ။ မကြာမီ ကြက်ဆုံရွာသို့ သွားတော့မည်။

သည်အချိန်မှာပင် ခင်ဖြိုးတစ်ယောက် မောင်လေးအိမ်သို့ ရောက်လာသည်။

အိမ်တွင် ကိုလှဖေနှင့် ဇနီးဖြစ်သူမရှိ။ မောင်လေးတစ်ယောက်တည်းသာ ရှိသည်။ ခင်ဖြိုးနှင့် ပက်ပင်းရင်ဆိုင်တိုးတော့သည်။

'ဟော...မခင်ဖြိုးပါလား၊ လာဗျာ....ထိုင်'

ယခုတော့ မောင်လေးအနေဖြင့် ခင်ဖြိုးကို သိပ်မကြောက်တော့။ တွေ့ပါ မြင်ပါများတော့ ယဉ်ပါးလာသည့် သဘောပင်။

'အစ်ကို ကြက်ဆုံရွာကို သွားတော့မလို့ဆို'

ခင်ဖြိုးက ဖျာပေါ်တွင် ကြုံကြုံကလေး ဝင်၍ထိုင်ရင်း ကောက်ခါငင်ခါ မေးသည်။

'ဟုတ်တယ် မခင်ဖြိုး၊ ကြက်ဆုံရွာသား နှစ်ယောက်ကို ကတိပေးလိုက်ပြီ'

'ဒါဆိုရင် အစ်ကိုမောင်လေး ချောင်းကြီးရွာကို စွန့်ခွာသွားတော့မှာပေါ့ နော်'

ခင်ဖြိုးက ပြောရင်းပြောရင်း မျက်နှာကလေး ညှိုးငယ်လာသည်။ မျက်လုံး အစုံတွင် မျက်ရည်များ ဝေ့ဝဲလာသည်။

'အပြီးအပိုင် စွန့်ခွာသွားမှာ မဟုတ်ပါဘူး မခင်ဖြိုးရယ်၊ မိုးကျကာနီး ရင် ပြန်လာမှာပါ။ ဦးညီခင်နဲ့ အလုပ်ပြန်လုပ်မှာပါ'

'မခင်ဖြိုးတော့ မထင်ပါဘူး။ အစ်ကို ပြန်လာတော့မယ် မဟုတ်ဘူးလို့ပဲ စိတ်ထဲမှာ စွဲနေမှတ်ထင်နေတယ်'

'ချောင်းကြီးဟာ ကျွန်တော့်ရပ် ကျွန်တော့်ရွာလို ဖြစ်နေပါပြီဗျာ။ ချောင်းကြီးကစပြီး ကျွန်တော် သိုင်းဆရာ စဖြစ်လာတာပါ။ ဒါကြောင့်လည်း ချောင်းကြီးကို သံယောဇဉ်ရှိပါတယ်။ ကိုလှဖေကိုလည်း အစ်ကိုလို ခင်တယ်။ ဦးညီခင်ကိုလည်း အစ်ကိုအရင်း မိဘအရင်းလို လေးစားကြည်ညိုပါတယ်'

'သိုင်းဆရာ လုပ်နေမှတော့ လယ်လုပ်ဖို့ လိုသေးလို့လား အစ်ကို'

'လိုတာပေါ့ မခင်ဖြိုးရယ်၊ လယ်ယာဆိုတာ ရိုးရာလုပ်ငန်းပါ။ ဒီအလုပ်နဲ့ပဲ လုပ်ကိုင်စားသောက်ပြီး ကြီးပြင်းလာခဲ့ကြတာပါ။ မိုးတွင်းကျတော့ ခြေခင်းလက်ခင်း သိပ်မကောင်းဘူး မခင်ဖြိုး၊ သိုင်းသင်လို့ သိပ်မကောင်းဘူး။ ပြီးတော့ မိုးတွင်းမှာ လယ်ယာလုပ်ငန်းခွင် ကိုယ်စီဝင်နေကြ၊ အလုပ်ရှုပ်နေကြတော့ သိုင်းပညာ သင်မယ့်လူလည်း သိပ်မရှိနိုင်ပါဘူး'

နှစ်ဦးသား တိတ်ဆိပ်ငြိမ်သက်သွားကြပြန်သည်။ တစ်ယောက်ကို တစ်ယောက်ကား ကြည့်နေကြသည်။ နှုတ်ကမူ စကားဆက်၍ မဆိုကြ။

ခင်ဖြိုး၏ မျက်နှာကလေးက ညိုးငယ်မြဲ ညိုးငယ်နေသည်။ မောင်လေး၏ ရင်ထဲစိတ်ထဲတွင်လည်း အမျိုးအမည် ခွဲခြားပြောဆိုရင် ခက်ခဲသော ဝေဒနာ တစ်ရပ် ဝင်နေကြောင်း သူ့ကိုယ်သူ သိနေသည်။

သူက အတန်ငယ်ကြာမျှ တွေးငေးနေပြီး ရုတ်ခြည်း ဆုံးဖြတ်ချက် တစ်ရပ် ချမှတ်လိုက်သည်။

တံတွေးကို မျိုလိုက်သည်။ ခင်ဖြိုးကို စိုက်၍ ကြည့်လိုက်သည်။ ခင်ဖြိုးက မျက်လွှာကိုချမသွား။ မျက်လုံးချင်းဆိုင်၍ပင် ကြည့်နေသည်။

'မခင်ဖြိုး'

'ရှင်...အစ်ကို'

'ကျွန်တော် မခင်ဖြိုးကို ပြောစရာ ရှိပါတယ်'

'ပြောပါ အစ်ကို၊ အစ်ကိုပြောမယ့်စကားကို ခင်ဖြိုး သိပါတယ်။ အစ်ကို့ နှုတ်က ထွက်မလာသေးပေမယ့် ခင်ဖြိုး ကြိုပြီးသိနေပါတယ်'

'ဒါဆိုရင် ဘာများလဲ မခင်ဖြိုး'

'ခင်ဖြိုးကို နှုတ်ဆက်စကားပြောမလို့ နှုတ်ဆက်စကားဆိုခဲ့မလို့ မဟုတ်လား အစ်ကို'

'နှုတ်ဆက်စကား တစ်ပိုင်းလို့ ခေါ်ချင်လည်း ခေါ်လို့ရပါတယ် မခင်ဖြိုး။ ဒါပေမယ့် နှုတ်ဆက်စကား သက်သက်ချည်းတော့ မဟုတ်ဘူးလို့လည်း ဆိုရပါမယ်'

'ပြောပါ အစ်ကို၊ ခင်ဖြိုး နားထောင်နေပါတယ်'

'မခင်ဖြိုးကို ကျွန်တော် မေတ္တာရှိနေတာ ကြာခဲ့ပါပြီ မခင်ဖြိုး'

မျှော်လင့်မထားသော စကားပေမို့ ထင်သည်။ သူမအပေါ်တွင် ချစ်ပါ ကြိုက်ပါသည်ဟူ၍ မောင်လေးအနေဖြင့် ဘယ်တော့မျှ ပြောလိမ့်မည်အထင် မရှိခဲ့သောကြောင့် ထင်သည်။

ခင်ဖြိုး၏ မျက်နှာပေါ်တွင် အံ့ဩသော၊ ဂမ်းသာသောအရိပ်များ ထင်ဟပ် လာသည်။ ခင်ဖြိုးက ဘာမျှပြန်၍ မပြော။ မျက်နှာကလေးသာ ငုံ့သွားသည်။

ရင်ထဲမှာ မေတ္တာရှိနေသော်လည်း တကယ်တမ်း နဖူးတွေ့ဒူးတွေ့ ချစ် ရေးဆိုခြင်း ခံလာရသောအခါ ရှက်စိတ်က ဂင်လာသည်။ ရင်ထဲမှာလည်း ဒိတ်ဒိတ်ခုတ်လာသည်။

'ကျွန်တော်ဟာ အစက မိန်းကလေးဆိုရင် အင်မတန် ကြောက်တတ်ခဲ့ ပါတယ်။ ဘယ်မိန်းကလေးတစ်ယောက်ကို ဘယ်တုန်းကမှ ချစ်ရေးမဆိုခဲ့ဖူး တာ အမှန်ပါ'

'ခင်ဖြိုး ယုံပါတယ် အစ်ကို'

'ပြီးတော့ ကျွန်တော်ဟာ သိုင်းသမား ဖြစ်တယ်။ သိုင်းသမားဖြစ်လို့ သိုင်းပညာမှာပဲ စိတ်တစ်ခုလုံး နစ်နေခဲ့တယ်။ ကျွန်တော့်စိတ်ကို ဘယ်အရာကမှ နေရာဂင်ပြီး မယူနိုင်အောင် ဖြစ်ခဲ့ရတယ်။ သိုင်းပညာမှာ ဘုရင်တစ်ဆူလို ဖြစ်ချင်တယ်။ ပညာသင်နေစဉ်ကလည်း သုံးနှစ်သုံးမိုး နေ့ရောညပါဆိုသလို လေ့ကျင့်ခဲ့တယ်'

'ဒါ့ကြောင့်လည်း အစ်ကို့ပညာကို လေးစားကြ၊ အထင်ကြီးကြ၊ တန်ဖိုး ထားကြတာပေါ့ အစ်ကို'

'မခင်ဖြိုးနဲ့ ကျွန်တော့်ကို ဦးညီခင်တို့ ဇနီးမောင်နှံကရော၊ ကိုလှဖေတို့ ဇနီးမောင်နှံကရော သဘောတူကြပါတယ်။ တိုက်လည်း တိုက်တွန်းကြပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း မခင်ဖြိုးလို မိန်းမလှ မိန်းမလိမ္မာလေး တစ်ယောက် ကို ငြင်းပယ်စရာ လုံးဂမရှိခဲ့ပါဘူး။ ဒါပေမယ့် ကျွန်တော်က ရှမ်း၊ ကိုယ့်ရှမ်း ရွာမှာပဲ ကြီးပြင်းခဲ့ရတဲ့ သူဆိုတော့ ဗမာမိန်းကလေးတွေနဲ့ အကျွမ်းမဂင်ခဲ့ပါ ဘူး။ ဒါကြောင့် ဗမာမိန်းကလေးဆိုရင် ကြောက်စိတ်ဂင်နေမိတာပါ။ ကဲ..... ကျွန်တော့်ကို အဖြေပေးပါဦး မခင်ဖြိုး'

နှစ်ယောက်သား တိတ်ဆိတ် ငြိမ်သက်သွားကြပြန်သည်။ မောင်လေးက ထပ်ဆင့်၍ ပြောသည်။

'ဖြေပါဦး မခင်ဖြိုး၊ မခင်ဖြိုးရဲ့ အဖြေကို ကြားပါရစေ'

မခင်ဖြိုး၏ မျက်နှာက ငုံ့မြဲပင် ငုံ့နေသည်။ မော်မလာ မော့်မလာ၊ ခေါင်းငုံ့လျက်ကပင် ဖြေသည်။

'ခင်ဖြိုး ဖြေနေစရာ လိုသေးလို့လား အစ်ကိုရယ်'

'ဒါဆိုရင် ကျွန်တော့်ကို မေတ္တာရှိတယ်ပေါ့နော်။ ကျွန်တော့်မေတ္တာကို လက်ခံတယ်ပေါ့နော်'

'ပုဆိုးစဆွဲပြီး အခုလိုက်ခဲ့လို့ ခေါ်ပါလား အစ်ကို'

'အမလေးဗျာ ဂမ်းသာလိုက်တာ။ ဒါပေမယ့် မခင်ဖြိုးရယ်'

'ဘာလဲအစ်ကို၊ ဒါပေမယ့် ဆိုတာက....'

'ဘာမှ ထူးထူးထွေထွေတော့ မဟုတ်ပါဘူး။ အဲ...ထူးထူးထွေထွေလို့ပြောရင်လည်း ဖြစ်တယ်ပေါ့လေ။ ကျွန်တော် မခင်ဖြိုးကို တင့်တောင့်တင့်တယ် တောင်းယူချင်တယ်။ ခမ်းခမ်းနားနားကြီး မဟုတ်တောင်မှ မိသားဖသား ပီပီသသ တောင်းချင်တယ်'

'ဒါကတော့ အကောင်းဆုံးပေါ့ အစ်ကိုရာ'

'ဒါကြောင့် ကျွန်တော် သိုင်းဆရာလုပ်ပြီး နယ်လှည့်သိုင်းသင်မယ်။ ပိုက်ဆံစုမယ်။ စုပြီးရှိပြီးသားနဲ့ဆိုရင် များလာမယ်။ ကျွန်တော့်မှာ အဖေအမေ မရှိတော့ဘူး။ အဖေအမေတွေကိုယ်စား အစ်ကိုနဲ့ အမတွေကို ခေါ်လာမယ်။ တစ်ခါတည်း နားဖောက် တစ်ခါတည်း တောင်းမယ်'

'ခင်ဖြိုး ဂမ်းသာပါတယ် အစ်ကို'

'ဒါကြောင့် မခင်ဖြိုးနဲ့ကျွန်တော် နောက်ထပ် သုံးလလောက် ခွဲခွာနေကြရဦးမယ်။ မိုးဦးကျခါနီးတော့ ကျွန်တော်ပြန်လာမယ်။ မခင်ဖြိုး စိတ်ချလက်ချနေပါ။ သစ္စာရှိရှိ စောင့်ပါ'

'ခင်ဖြိုး စောင့်ပါမယ် အစ်ကို။ သုံးလေးလမဟုတ်ဘူး။ သုံးလေးနှစ်ဆိုရင်လည်း စောင့်မယ်။ သုံးလေးသက် သုံးလေးကမ္ဘာ သုံးလေးသံသရာ ဆိုရင်လည်း စောင့်မယ်'

'ကျွန်တော့်ဘက်ကတော့ စိတ်ချပါ။ ကျွန်တော်ဟာ သိုင်းသမားပါ' သိုင်းသင်တဲ့နေရာမှာတောင် ကတိတွေ သစ္စာတွေ ဆိုပြီးမှ သင်ခဲ့ရတာပါ။ အချစ်ရေး အိမ်ထောင်ရေးဆိုရင်တော့ ပိုပြီး သစ္စာကတိ တည်လိမ့်မယ်လို့ မခင်ဖြိုး မှတ်ယူထားပါ'

'မှတ်ယူပါသတဲ့ဗျာ၊ မှတ်ယူပါသတဲ့။ ဟဲ ဟဲ ဟဲ လက်သစပ်တော့၊ အဲ…လက်စသတ်တော့ အခုမှ ရင်ဖွင့်ဖြစ်ကြတော့တာကိုး။ ငါ့အိမ်အောက်ကို ရောက်နေတာ ကြာလှပြီကွ ရှမ်းကြီးရ။ မင်းတို့ပြောတာတွေ နားထောင်နေတာ။ အားလုံး ငါကြားတယ်'

'ကြားတော့လည်း ကောင်းတာပေါ့ ကိုလှဖေရာ။ သက်သေရသွားတာပေါ့။ လူသိရှင်ကြား ကြေညာပြီးသား ဖြစ်သွားတာပေါ့'

'ဟား ဟား ဟား ရှမ်းက အလာကြီးပါလားကွာ၊ မပြောတော့လည်း မပြော၊ မပြောနဲ့။ ပြောမယ့်ပြောတော့လည်း ပေြလို့ပြစ်လို့ ချောလို့မောလို့၊ အထစ်အငေါ့တောင် တစ်ချက်မှ မရှိဘူး'

'အဲဒီလို ပြောနိုင်အောင် လပေါင်းများစွာ လေ့ကျင့်ခဲ့ရတော့ မင်းမှ မသိဘဲကွ'

'ဟဲ ဟဲ ဟဲ….ကဲ၊ မိခင်ဖြိုး ညည်းလည်း အခုချိန်ကစပြီး သိုင်းသင်ပေတော့။ ရှမ်း သိပ်ကြမ်း၊ အားကြီးကြမ်းတယ်။ ရှောင်တတ် တိမ်းတတ် ရှောင်နိုင် တိမ်းနိုင်မှ နောင် ညည်းသက်သာမယ်'

'အို ကိုလှဖေကလဲ'

'ဟုတ်သားပဲ၊ ရှင် ဘာတွေ လျှောက်ပြောနေတာလဲ'

'ဟောဗျ၊ နင်က အိပ်ခမ်းထဲမှာကိုး၊ ငါက အပြင်သွားတယ် ထင်တာ'

'ဘယ်က သွားရမှာလဲ ကိုလှဖေရယ်၊ အိပ်ပျော်နေတာ။ ခင်ဖြိုးရောက်လာမှ နိုးလာတာ။ သူတို့နှစ်ယောက် ပြောနေကြတာတွေ နားထောင်ကောင်းကောင်းနဲ့ ငြိမ်နားထောင်နေတာ။ ရှင်ရောက်လာမှ သူတို့စကားဝိုင်း ပျက်သွားတော့တာပဲ။ ရှင်ဟာ သာသနာဖျက်'

'အမယ်….ဒါဆိုရင် နင်လည်း သက်သေတစ်ယောက်ပေါ့။ ရှမ်းကြီးကပဲ ကတိဖျက်ဖျက်၊ ခင်ဖြိုးကပဲ ကတိပျက်ပျက်၊ အဲဒီလို ဖြစ်ရင်တော့ တို့က နှစ်ယောက်လုံးကို ရည်းစားပျက် စာရင်းထဲထည့်ပြီး လူသိရှင်ကြား ကြေညာမှာပေါ့'

ခင်ဖြိုးတစ်ယောက် ကြာလေ ရှက်သွေးဖြန်းလေး ဖြစ်လာသည်။ မိန်းကလေးဆိုတော့ ရှက်တတ်လေသည်ပင်။ မျက်နှာပူတတ်လေသည်ပင်။

ဒါကို ကိုလှဖေက သတိထားမိဟန် ရှိသည်။ လေပြေထိုးသော အနေဖြင့် စကားဆိုသည်။

'ဂမ်းသာပါတယ်ကွာ၊ ညည်းတို့ချင်း အခုလို နီးစပ်သွားကြတာ။ အစကတည်းကလည်း ညည်းတို့ချင်း တို့က နီးစပ်စေချင်တာပါ။ ကဲ၊ ဟော့ ရှမ်းကြီး မောင်ရင်လည်း ခရီးထွက်ခါနီးနေပြီ။ ချစ်သူလည်း ရပြီ။ ဂမ်းသာခြင်း အထိမ်းအမှတ်အဖြစ်နဲ့ ငါ့ကို ထန်းရည်တိုက်ကွာ'

'တိုက်ပါတယ်ဗျာ၊ တိုက်ပါတယ်။ အပြန်အလှန်သဘောနဲ့ မင်းကလည်း မင်းအိမ်မှာ မွေးထားတဲ့ ဂက်ကလေးကိုသတ်ပြီး အမြည်းလုပ်ကျွေးမှာ မဟုတ်လား'

'ဟ - ဒါက ငါ့ဂက်မှ မဟုတ်ဘဲကွ၊ ငါ့မိန်းမရဲ့ ဂက်ပဲ'

'ဒါဆိုရင် မင်းမိန်းမပစ္စည်း မင်းမပိုင်ဘူးပေါ့'

'မပိုင်ဘူးကွာ မပိုင်ဘူး'

'တော်တို့နော်....တော်တို့ မကြီးမငယ်နဲ့'

ညနေပိုင်းတွင် ထန်းရေသောက်ကြသည်။ ငှသုံးကောင် ရထားခြင်းကြောင့် ငှသားနှင့် ထန်းရည်မြည်းကြသည်။

မောင်လေးကား အလွန်တရာ အရက်သောက်ခဲလှသည်။ မလွှဲသာမှ

တစ်ခွက်တစ်ဖလား သောက်သည်။ ထန်းရည်ကိုပင် အမူးလွန်အောင် သောက်ခဲသည်။

အရက်သည် မှားတတ်သည်။ ပညာသည်တစ်ယောက် အနေဖြင့် အရက်မူးချိန် ပညာအစမ်းခံရလျှင်ဖြစ်စေ၊ ရန်သူနှင့်တွေ့လျှင် ဖြစ်စေ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတတ်သည်။

အရက်သည် သတိကို မေ့စေသည်။ သွေးကိုဆူစေသည်။ သွေးဆူလျှင် သွေးကြွတတ်သည်။ မှားတတ်သည်။ သတိမေ့လျှင်လည်း ခံရတတ်သည်။

ဆရာကြီး ဆရာချယ်ထံတွင် အရက်မသောက်ပါဟူ၍ကား ကတိခံမထား။ သို့ရာတွင် ကိုယ့်အသိနှင့်ကိုယ် ရှောင်နိုင်သမျှ ရှောင်ရသည်။

သည်လိုနှင့် တစ်ညကုန်လွန်ပြီး နောက်တစ်ရက်၊ နောက်တစ်ရက် ကုန်လွန်ပြီး နောက်တစ်နေ့သို့ ဆိုက်ရောက်လာသည်။

မောင်လေးတစ်ယောက် ပစ္စည်းများ ထုပ်ပိုးပြင်ဆင်သည်။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးက လွယ်အိတ်တစ်လုံး၊ အဝတ်အစားနှင့် ထွေရာကမာ ပစ္စည်းတွေက လွယ်အိပ်တစ်လုံး။

ဘယ်ဘက်ပခုံးတွင် ဓားရှည်ကို လွယ်ချိတ်ထားသည်။ လက်တစ်ဖက်က တုတ်တစ်ချောင်းကို ကိုင်ထားသည်။

'သွားတော့မယ် မခင်ဖြိုး'

'ဟုတ်....ဟုတ်ကဲ့....အစ်ကို'

မောင်လေး၏ အသံက ခြောက်ကပ်ကပ်ကြီး ဖြစ်နေသည်။ ခင်ဖြိုး၏ အဖြေကလည်း ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

မလွယ် အလွယ်ပါတကား။ သံယောဇဉ်ဆိုသည် တကယ်ပင် ကြီးမားသော အရာပါပေတကား။

မခင်ဖြိုး၏ မျက်လုံးရွဲကြီးအစုံဝယ် မျက်ရည်များဝေ့ဂဲလာသည်။ မောင်လေး၏ ရင်ထဲတွင်လည်း လှပ်လှပ်လှပ်လှပ် ဖြစ်လာသည်။

ခက်လေသည်ပဲ။ အခက်ကြီး ခက်လှလေသည်ပဲ။

နောက်ဆံငင်နေပြီဆိုတော့ လှမ်းမည့်ခြေကို တုံ့ဆွဲခံထားရသလို ဖြစ်နေသည်။ လှမ်းလိုက်ပြန်တော့လည်း လေထဲမှာ လမ်းလျှောက်ရသလို ဖြစ်နေသည်။

ဂက်သားအပြင် ထူးထူးခြားခြား ရေလိပ်သားပါ ပါလာသည်။ ရေလိပ်မှာ လိပ်ကျောက်မဟုတ်၊ ကမ္ဘာလိပ်ခေါ် အနားပြောက်လိပ် ဖြစ်သည်။ လွန်စွာ ဆူသည်။

ထိုကမ္ဘာလိပ်သားကား ဂက်သားကဲ့သို့ပင် သုံးထပ်သား ဖြစ်သည်။ အသီးမှာ သရက် အသားမှာ ဂက်ဆိုသော စကားသည် ရေလိပ်သားကို စားရသူ အတွက် အလင်္ကာစကား ရေစကားဖြစ်သွားသည်။ ကမ္ဘာလိပ်သားက ဂက်သား ထက် လျှာကိုစိမ့်စေသည်။

မောင်လေးက ထမင်းလုပ်ကြီးများကို တစ်လုပ်ပြီးတစ်လုပ် လွေးပြ စားပြသည်။ ဟင်းကိုကား တို့ကနန်း ဆိတ်ကနန်းမျှသာ စားသည်။ တမင် သက်သက် ဟန်ဆောင်ခြင်းပင်။

ပါလာသော ထမင်းအားလုံး၏ တစ်ဂက်ကျော်ကျော်ကို သူက စားပစ် လိုက်သည်။ ကြက်ဆုံရွာသားနှစ်ယောက်က မောင်လေးကို ကြည့်ပြီး အံ့သြ သွားသည်။ သို့ရာတွင် အံ့သြရိပ်သာ ပေါ်လာသည်။ အံ့သြစိတ်ကိုကား လှစ်၍ မပြ။

'မင်းတို့ယူလာတဲ့ ထမင်းက နည်းတာကိုးကွ။ အေး...ဒါပေမယ့် ကိစ္စမရှိပါဘူး။ ရွာကိုရောက်ရင်တော့ ဒီလောက်နဲ့ မရဘူးဟေ့။ တို့ဆရာ တပည့်နှစ်ယောက်အတွက် သုံးလုံးခွဲလောက်တော့ ချက်မှ'

'ဟာ.....ကုန်ပါ့မလား ဆရာကြီး'

'ကုန်သလား မကုန်သလားဆိုတာ မင်းတို့ ချက်ကျွေးကြတော့ သိ မှာပေါ့ကွာ'

ညနေပိုင်းတွင် ရွာတစ်ရွာသို့ ဝင်လိုက်ကြသည်။ အိမ်တစ်အိမ်ပေါ်သို့ တက်လိုက်ကြသည်။

သည်မှာ ကြက်ဆုံရွာသားနှစ်ယောက်ကို မောင်လေးက စိတ်ထဲမှ ထပ် မံ၍ ချီးကျူးမိသည်။

ထိုရွာတွင် ညနေစာစားရန် ကြိုတင်မှာထားခဲ့ကြောင်း မောင်လေး သိ နားလည်လာသည်။ လေးယောက်သား ရောက်ရှိသွားသည်နှင့် အိမ်ရှင်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

အရက်ပုလင်းများ ရောက်လာသည်။ အမြည်းဟင်းလျာတွေကိုလည်း တိုက်ပန်းကန်စောက်ကြီးများနှင့်အပြည့် တစ်ပွဲပြီး တစ်ပွဲ လာ၍ ချပေးသည်။

'ဟော့ .... မောင်ထွန်းနဲ့ မောင်လွန်း'

မောင်လေးက ကြက်ဆုံသား နှစ်ယောက်ကို ခေါ်သည်။

'ဟုတ်ကဲ့.....ဆရာကြီး'

'ကျုပ်တော့ အရက်သိပ်မကြိုက်ဘူး။ ထန်းရည်ခါးလေး ဘာလေးရှိရင်တော့ သောက်ချင်တယ်'

'သြော် ဟုတ်ကဲ့ဆရာကြီး၊ ရပါတယ် ရပါတယ်'

မောင်ထွန်းဆိုသူက အိမ်ရှင်ကို တိုးတိုး သွား၍ ပြောသည်။ အိမ်ရှင်၏ သားကလေး အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ မိနစ်ပိုင်းအတွင်း ထန်းရည်မြူကို လက်ဖြင့်ဆွဲ၍ ယူလာသည်။

'မောင်းထောင်ခွက်ထဲမှာ စစ်ပြီး ထည့်ပေးကြဗျာ'

မောင်လွန်းက ကိုယ်တိုင်ကိုယ်ကျပင် ထန်းရည်များကို စစ်သည်။ မောင်လေးရှေ့တွင် ဖန်ခွက်နှင့် မောင်းထောင်ခွက်ကို လာ၍ ချပေးသည်။

မောင်လေးက ထန်းရည်ကိုပင် ထိန်းထိန်း သိမ်းသိမ်းသာ သောက်သည်။ ဆရာတစ်ယောက် အနေအထားတွင်လည်း ရှိနေရ၊ လူစိမ်း သူစိမ်းများ အလယ်တွင်လည်း ရောက်နေသည်သာမက ထိုလူစိမ်းများထဲတွင် နှစ်ယောက်မှာ မိမိ၏ ပညာကို သင်ယူလိုသည့် တပည့်လောင်းများ ဖြစ်နေသည်။

ယင်းကြောင့် လူရောစိတ်ပါ ထိန်းထိန်းသိမ်းသိမ်း နေထိုင်ရသည်။

ထန်းရည် နှစ်ပုလင်းမျှ သောက်ပြီးသည်နှင့် ထန်းရည်ပိုင်းကို သိမ်းခိုင်းသည်။ မောင်လေး အသောက်ရပ်ပြီဆိုလျှင် ထမင်းစားပွဲကို ပြင်ကြတော့သည်။

ဆန်ကလည်းဗျတ်၊ ဟင်းလျာတွေကလည်း စားပွဲတစ်လုံး အပြည့် အယ်အောနေသည်။ ဘုန်းကြီးဆွမ်းပွဲနှယ် ဖြစ်နေသည်။ မောင်ထွန်းရော မောင်လွန်းပါ ဝင်၍ စားကြသည်။ စားရင်း မောင်လေးကို မေးသည်။

'ဆရာကြီး ထမင်းစာပြီးရင် ခရီးဆက် နိုင်ပါဦးမလား၊ မဆက်ချင်ရင်လဲ ဒီရွာမှာပဲ အိပ်လို့ရတယ်'

'ကျုပ်အတွက် ပင်ပန်းတယ်ဆိုတာ မရှိပါဘူး၊ ခင်ဗျားတို့ ဆက်ချင်ရင် ဆက်ပါ'

'ဆက်ချင်ရင် ညကိုးနာရီလောက်မှ ကြက်ဆုံကို ရောက်မှာ ဆရာကြီး'

'တစ်ညလုံးပဲ ဆက်ရဆက်ရ အရေးမကြီးပါဘူး၊ ဒီခရီးလောက် လမ်းလျှောက်ရတာ ကျုပ်အတွက် ထမင်းစား ရေသောက်ပါ'

'ဒါဆိုရင်လဲ ဆက်ကြတာ ကောင်းပါတယ် ဆရာကြီး'

'ရောက်မယ့်နေရာ မြန်မြန်ရောက်ရတော့ ကောင်းတာပေါ့၊ အချိန်ကုန်သက်သာတာပေါ့'

နစ်ထပ်တိုက် စံအိမ်ကြီးထဲထဲသို့ ဝင်လိုက်ကြသည်။

'ထိုင်ပါ ထိုင်ပါ ဆရာကြီး'

မောင်ထွန်းက ဧည့်ခံကုလားထိုင်ကို ညွှန်ပြပြီး ဆိုသည်။ မောင်လေးက ထိပ်ဆုံးမှ ကုလားထိုင်တွင် ဝင်၍ ထိုင်သည်။

တစ်မုဟုတ်ချင်း စားပွဲသောက်ပွဲများ ရောက်ရှိလာပြန်သည်။ တွေ့ပြန်ပြီ ပွဲတော်ကြီး။ ဂမ်းဟာဟာနှင့် အတော်ပင်။

သည်လိုတွေးပြီး မောင်လေး ငါးရှုပြုံး ပြုံးလိုက်သည်။ ပြုံးမိပြီးမှ ပြန်၍ သတိရသည်။ မျက်နှာကို ခပ်တည်တည် ပြန်၍ ထားလိုက်သည်။

ဆရာကြီး မဟုတ်ပေလား။ အသက်မှာ နစ်ဆယ်ဂန်းကျင်တွင်သာ ရှိသေးသော်လည်း အလုပ်သဘော ပညာသဘောအရ ဆရာတစ်ဆူ ဖြစ်နေသည် မဟုတ်လား။

ကလေးအရွယ်ဆိုတော့ ကလေးအတွေး တွေးမိတတ်မြဲ။ တွေးမိပြီးကာမှ မှင်မောင်းကို ပြန်ပြင်ရပြီ။

တစ်ခါတစ်ခါတော့ သူ့ကိုယ်သူ ပြန်တွေးပြီး ရယ်ချင်စိတ် ဝင်လာသည်။ ဆရာ ဆရာဟူ၍ ဆရာကြီး ဆရာကြီးဟူ၍ အခေါ်ခံနေရခြင်း အတွက် ဖြစ်သည်။

ဆရာချင်း တူသည်ပင်ထားဦး သိုင်းဆရာ ဖြစ်နေရပြန်သည်။ သိုင်းဆရာချင်း တူသည်ပင်ထားဦး။ ပြောင်းပြန်ဆရာ ဖြစ်နေရပြန်သည်။

သည်တော့ သိုင်းသမား သိုင်းဆရာနှင့်တူအောင် မျက်နှာပေးကို ခပ်တည်တည် ခပ်တင်းတင်းထားမှ တော်ကာကျမည်။ လူရှိသေ ရှင်ရှိသေ ရှိမည်။ အဟန့်ကောင်းမည်။

ပထမ ချပေးသော စားစရာများမှာ ထမင်းပွဲမဟုတ်။ အရက်ပုလင်း၊ ဖန်ခွက်၊ သစ်သီးဂလံမျိုးစုံနှင့် အရက်၊ အမြည်း၊ ဟင်းပန်းကန်များ ဖြစ်သည်။

မောင်လေးနှင့် ထွန်းအုံ၏ ဘေးပတ်လည်တွင် လူစုနှစ်ယောက် ဝိုင်း၍ ထိုင်ကြသည်။ ထိုအထဲမှ ဒေါင်ကောင်းကောင်း ဗလကောင်းကောင်းနှင့် တစ်ယောက်က စ၍ ဆိုသည်။ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းသည့် စကားပင်။

'ကျွန်တော်တို့ ဆရာကြီး စမ်းကြည့်ပြီးမှ သင်ချင်တာ ဆရာကြီး၊ စမ်းကြည့်လို့ သဘောမကျရင် မသင်ချင်ဘူး၊ ဒါပေမယ့် မသင်ဖြစ်ရင်လဲ ဆရာကြီး၊ မနစ်နာစေရပါဘူး။ လမ်းစရိတ်ရော ထမင်းစရိတ်ပါ ပင်ပန်းရတဲ့ ပင်ပန်းခပါ ပေးလိုက်မှာပါ'

'မကြိုက်ရင် မသင်ပါနဲ့၊ မသင်ဘဲပေးတဲ့ ပိုက်ဆံဆိုတာ ဉာဏ်ပူဇော်ခ မမည်ဘူး၊ သနားလို့ပေးတဲ့ သဘောဆန်တယ်၊ ဒီလို ပိုက်ဆံမျိုး ကျုပ်မစားဘူး၊ အေး တစ်ခုတော့ ရှိတယ်'

'စမ်းပြီးမှ သင်ရင်တော့ တစ်ယောက်ကို ငါးဆယ်ပဲ၊ မစမ်းဘဲ သင်ရင်တော့ အစိတ်ပဲ ယူတယ်၊ အေး မင်းတို့အားလုံး နားလည်ထားဖို့က ငါဟာ သူများလို ပါးစပ်ပါချဲ့ ဆရာမဟုတ်ဘူး၊ မင်းတို့ ကြားနေကျ ရှမ်းကြီးဆိုတာ ငါပဲကွ၊ ကဲ စမ်းရင်လဲ အခုပဲစမ်း၊ ရော့ ဓား ငါ့ကိုခုတ်စမ်း'

မောင်လေး၏ အမူအရာကြောင့် ထောင်ထောင်မောင်းမောင်းလူလည်း အနည်းငယ် ဟန့်သွားသည်။

'ဟာ ဒီလိုတော့ ဓားနဲ့ခုတ်ပြီး မစမ်းလိုပါဘူး ဆရာကြီး'

'ဒါဆိုရင် တုတ်နဲ့ စမ်းမလား'

'လက်နဲ့ လက်ချင်းပဲ စမ်းကြည့်ပါရစေ ဆရာကြီး'

'ကဲ စမ်းကွာ၊ ကဲ ငါ့လက်ကိုကိုင်၊ လက်ကို အကိုင်ခံတယ်ဆိုတာ တစ်ကွက် အရှုံးခံထားရတဲ့ သဘောပဲ၊ ကဲ ကိုင်း၊ လက်နှစ်ဖက်နဲ့ မြဲမြဲ ကိုင်၊ ချ ချကွာ၊ ငါ့ကို လုပ်ချင်သလို လုပ်'

ကိုင်ထား၊ ချ ချင်သလိုချကွာ ဟူ၍သာ ပါးစပ်က ပြောသည်။ ပြောခြင်းသည်ပင် လုပ်ပြီးသား ဖြစ်သွားသည်။ စိမ်ခေါ်သူသည် ပက်လက်လန်ကာ လဲကျသွားသည်။ ခပ်ကြမ်းကြမ်း လုပ်ပြလိုက်ခြင်းကြောင့် တော်တော်လည်း အထိနာသွားပုံ ပေါ်သည်။

'ကဲ ပြန်ထ ပြန်ထ ငါ့လက်ကို'

'အား တော်ပါပြီဆရာကြီးရာ၊ ထပ်မစမ်းရဲတော့ပါဘူး'

'မင်းမစမ်းရဲရင် နောက်တစ်ယောက် ထွက်ကွာ၊ အို တစ်ယောက်မကဘူး အကုန်လုံး ထွက်ကွာ'

'ဟာ တော်ပါပြီဆရာကြီး၊ ကျွန်တော်တို့ သဘောကျသွားပါပြီ။ ယုံပါပြီ'

'အေး အခုပြတာ အကင်းပဲ ရှိသေးတယ်ကွ'

# ၁၃

လူပုံတွေက ခပ်ကြမ်းကြမ်း ဖြစ်သောကြောင့် မောင်လေးက ပို၍ ကြမ်းပြရသည်။ မိုက်ဂိုက်ဖမ်း၍ မိုက်ကြည့်ကြည့်ကာ မိုက်ကန်းကန်း ကြွတ်ဆတ်ဆတ်ပုံစံများ လျှော့ပါးသွားသည်။

လေ့ကျင့်ထားသော မောင်လေး၏ လက်ဖျံရိုးများသည် သံချောင်းပမာ မာကျောနေသည် မဟုတ်လား။ သဲအိတ် ဖွဲအိတ် ဆန်ကွဲအိတ်များကို ထိုးထားသည့် သူ့လက်သီးဆုပ်ကြီးတွေကလည်း ကျွဲပခုံးထနေသည်။တစ်ချက်ထိုးလိုက်လျှင် တင်းပုတ်ကြီးနှင့် ထုသည့်ပမာ ဖြစ်နေသည် မဟုတ်လား။

နဂိုထဲက ကိုယ်ခန္ဓာ တောင့်တင်းသန်မာသည်။ လယ်ယာလုပ်ငန်း အလုပ်ကြမ်းများကို လုပ်ကိုင်ရင်း အသက်အရွယ် ကြီးပြင်းလာသည်။ ရှမ်းကြီးသိုင်းကို သင်ရင်း ခုန်ပျံကျော်လွှား ကစားခဲ့သည်။ ပြောင်းပြန် လေ့ကျင့်ခန်းများကို သုံးနှစ်သုံးမိုး ပြင်းပြင်းထန်ထန် လုပ်ကိုင်ခဲ့သည်။

သည်တော့ ကျောက်ခဲ စိန်ခဲ ကျောက်သွား စိန်သွားပမာ သူ့အရိုးတွေက မာကျောနေပြီလား ထင်မှတ်ရသည်။

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်လာသူသည် သန်းဖေဖြစ်ကြောင်း သိရသည်။ ဒေါင်ကောင်းကောင်းနှင့် ဗလကောင်းကောင်း ကြွက်သား အပြိုင်းပြိုင်းနှင့်ဆိုတော့ သူ့ခွန်အားကို တော်တော်ပင် အထင်ကြီးပုံရသည်။

မောင်လေးက သန်းဖေ၏ လက်ဖျံရိုးမှ အကြောကို ခပ်နာနာ ညှစ်လိုက်သောအခါ သန်းဖေ ဆတ်ဆတ်ခါသွားသည်။

ပြောင်းပြန် တိုက်ခိုက်မှုတွင် အကြောပညာလည်း ပါသည်။ မည်သည့်

အကြောကို မည်သို့ ထောက်လျှင် မည်မျှထိ ခံသွားရမည်။ မည်သည့်သေကွင်းကို ပစ်သွင်းလျှင် မည်သို့ အသက်ပျောက်သွားနိုင်သည်။

ယင်းသို့လည်း သင်ကြားထားရသည်။ ပြောင်းပြန်သည် အကသိုင်း မဟုတ်။ အပြသိုင်းလည်း မဟုတ်။ အချသိုင်း ဖြစ်သည်။

အကသိုင်း ဆိုသည်မှာ သိုင်းကစားပြလျှင် ကြည့်၍ လှသည်။ လက်ချိုးခြေချိုး ကျနသည်။ မင်းသားကနေသည့်ပမာ မင်းသားဟန် ပေါက်သည်။ အကသိုင်းဖြင့် ဓားနစ်လက်ကို ကိုင်ကာ ဓားရေးပြလျှင်ကား ကြည့်လျှင် မငြီးတော့။ လူပြိန်းတို့၏ စိတ်အာရုံကို ဆွဲဆောင်နိုင်စွမ်း ရှိသည်။

အပြသိုင်း ဆိုသည်ကား တကယ်တမ်းချသော တိုက်ကွက်ရှောင်ကွက်များကို တစ်ယောက်နှင့်တစ်ယောက် ဇာတ်တိုက်၍ပြသော အကွက်များဖြစ်သည်။ တစ်ယောက် တစ်ယောက်ချင်း ချမည်။ တစ်ယောက်နှင့် နှစ်ယောက် တစ်ယောက်နှင့် သုံးယောက်လည်း ချမည်။ လက်သမားနှင့် တုတ်သမား တုတ်သမားနှင့် ဓားသမားလည်း ချပြမည်။ သို့ရာတွင် ဇာတ်တိုက်ထားခြင်းဖြစ်သောကြောင့် ချကွက်ကို ကြိုတင်သိနေကြသည်။ သူက ချလျှင် ကိုယ်က ရှောင်၊ ကိုယ်က ချလျှင် သူက ရှောင်မည်။ ယင်းကို အပြသိုင်းဟု ခေါ်သည်။ တကယ့်ရန်သူနှင့် တိုက်ခိုက်လျှင်ကား သူ့အကွက်ကိုလည်း ကိုယ်မသိ၊ ကိုယ့်အကွက်ကိုလည်း သူက သိသည် မဟုတ်ချေ။ ယင်းကြောင့် အချသိုင်းလောက် မကြမ်းချေ။

အချသိုင်းကား ယင်းသို့မဟုတ်၊ ကြမ်းသည်၊ ရမ်းသည်၊ ခြေနတ် လက်နတ် ခြေသိမ်း လက်သိမ်း ကြမ်းတမ်းသည်။ တစ်ယောက်နှင့် တစ်ယောက် အသေသတ်မည်။ အပြတ်ချမည်။ ယင်းကြောင့် ဒေါသမာန်ပါသည်။ မှင်မောင်းတွေကိုက ကြောက်စရာ ကောင်းသည်။

စားရင်းသောက်ရင်း ညတွင်းချင်းပင် မောင်လွန်းက သန်းဖေတို့လူစုနှင့် မိတ်ဆက်ပေးသည်။ မောင်လွန်း၊ မောင်ထွန်း၊ သန်းဖေ၊ ငတေ၊ ထွန်းရှိန်၊ စံမြင့်နှင့် အခြားတစ်ယောက် ဖြစ်သည်။ စုစုပေါင်း ခုနစ်ယောက်ဖြစ်သည်။

အားလုံးသည် ဆွေမျိုး မျိုးတွေချည်း။ ညီအစ်ကို သမီးယောက်ဖတွေချည်း ဖြစ်သည်။

သူတို့အထဲတွင် အထူးခြားဆုံးလူမှာ ငတေဆိုသူ။ နာမည်နှင့် လိုက်

အောင် တေပုံပေါ်သည်။ အရက်ကို ရေလိုသောက်သည်။ မောင်လေးရှေ့တွင်ပင် အရက် သုံးလေးပုလင်းကို ဆက်တိုက်သောက်သည်။ သောက်လုံး တော်တော် ကြီးပုံ ပေါ်သည်။

မောင်လေး နားလည်ပါသည်။ သည်ပွဲတွင် ခပ်ကြမ်းကြမ်းနွဲမှ ဖြစ်မည်။ သာမန် အရပ်သားတွေကို သင်သလို သင်၍မဖြစ်။

သည်လို ဆုံးဖြတ်လိုက်သည်။ နောက်တစ်နေ့နံနက်တွင် စားအိုးစားခွက် များယူ၍ ရွာအပြင်သို့ ထွက်လာခဲ့ကြသည်။ ရွာနှင့် ခပ်လှမ်းလှမ်း လေး ဖာလုံခန့်တွင် ကျိတ်တောကြီး တစ်တောရှိသည်။ ထိုကျိတ်တောကြီးထဲတွင် စတည်းချကြသည်။ စတည်းချပြီးလျှင် ချပြီးချင်း မောင်လေးက ခေါ်သည်။

'လာဟေ့ လာကြ၊ အချိန်ဆိုတာ အဖိုးတန်တယ်၊ မြန်မြန်သင်တော့ မြန်မြန်တတ်၊ မြန်မြန်တတ်တော့ မင်းတို့ဆန္ဒ မြန်မြန်ပြည့်မယ်'

အညာသားထွန်းအုံး အပါအဝင် ငတေတို့လူသိုက် တန်းစီ၍ ရပ်လိုက် ကြသည်။

'ဟောဒီမှာ ကြည့်၊ ရှေ့ကိုဒူးညွတ် နောက်ခြေကို ဆန့်ပြီး ကျားကန်ထား၊ ညာလက်ကို ထောင်၊ ခေါင်းနဲ့ လက်ဖျံတစ်ထွာ ဝေးကွာရမယ်၊ ဘယ်လက်ကို လက်သီးဆုပ်၊ ဆုပ်ထားတဲ့ လက်သီးကို ပက်လက်အနေအထားနဲ့ ဘယ်ဘက် ခါးစောင်းမှာ ကင်းစောင့်အဖြစ် ကပ်ထား'

'ဟုတ် ဟုတ်ကဲ့ ဆရာကြီး'

'အေး ဟုတ်ပြီ၊ အဲဒီလိုနေ၊ အဲဒီလိုလုပ်၊ ဟောဒီလိုချတယ်'

'အား လား လား လား ဆရာရယ်၊ ဖြေးဖြေး လုပ်ပါဗျာ၊ ဖြေးဖြေး လုပ်ဗျာ'

'မဖြေးနိုင်ဘူးကွ၊ ပညာဆိုတာ အနာခံသင်ယူမှပေါ့'

'နာရုံတင်မကဘူး ကျိုးကုန်တော့မယ်ဗျ၊ အမယ်လေး ကျွတ် ကျွတ် ကျွတ်'

'ကဲ ဒီလိုလုပ်၊ ရှေ့ကိုတိုး၊ ထိုးကွာ၊ ငါ့ကိုထိုး ထိုးဟေ့ ထိုးစမ်း ထိုင်း ပုန်း'

'အား အမယ်လေး လေးလေး အား လား လား လား ဆရာရယ် ကျွတ် ကျွတ် ကျွတ်'

'မင်းတို့ကွာ ဒါလောက်လေးများ နာသလား'

'နာတာပေါ့ဗျ၊ ဘယ့်နယ့်ပြောပါလိမ့် ဆရာရယ်'

'ဟ ငါပြတာက ဒီလောက်ပဲပြတာ၊ ရန်သူနဲ့ဆိုရင် မင်းတို့ကို အသေချ မှာကွ၊ မင်းတို့ဟာက ယောက်ျား မဟုတ်သလိုဘဲ၊ ကဲ ဟိုကောင် ရှေ့တက်စမ်း'

မောင်လေးက နောက်တစ်ယောက်ကို ခေါ်ပြန်သည်။

'အဲ ဟောဒီလိုနေ ဟောဒီလိုလုပ်၊ ချစမ်း၊ ချ ငါ့ကိုချစမ်း၊ ချကွာ ရဲရဲချပါကွ၊ ထိုင်း ပုန်း'

အိုး ဟိုးဟိုး အား လား လား ဆရာကြီးရယ် ဆရာကြီးက သိပ်ကြမ်း တာကိုး'

'သြော် ခက်တော့နေပါပြီ၊ သိုင်းကစားတယ်ဆိုတာ ရည်းစားစကား ပြောတာမှ မဟုတ်ဘဲကွ၊ ဘယ်နယ့် ပျော့ခွေခွေ လုပ်လို့ ဖြစ်မလဲ'

မောင်လေးက သင်လည်းသင် တကယ်လည်း နာအောင် ချသည်။ တစ် ယောက်ပြီး တစ်ယောက် ပုန်းခနဲ ပုန်းခနဲ ပစ်၍ ပစ်၍ လဲကျသွားအောင်။

ခါးနာသူနာ၊ ဘေးအောင့်သူအောင့် ဖြစ်ကုန်ကြသည်။ မောင်လေးကို တော်တော်ပင် ကြောက်ရွံ့ရှိသေ ဖြစ်သွားကြသည်။

ရယ်ချင်စိတ်ကို မနည်း အောင့်အည်းထားရသူကား အညာသား ထွန်းအုံ ဖြစ်သည်။ လူကြမ်းကြီး ခုနစ်ယောက်ကို ဆရာဖြစ်သူ မောင်လေးက ပယ် ပယ်နယ်နယ် လက်စွမ်းပြ နိမ်နင်းနေပုံကို ကြည့်ပြီး ဂမ်းထဲက ကလိကလိ ဖြစ်နေသည်။ စိတ်ကို မနည်းပင် ချုပ်တည်းထားရသည်။

မိမိ၏ ဆရာတစ်ယောက် စကတည်းယည်သကို ဇာတ်ခင်းနေပြီ။ လူ ကြမ်းကြီး ခုနစ်ယောက် ဦးကျိုးသွားပြီ။

'ကဲ၊ မင်းတို့ခုနစ်ယောက်လုံး ငါ့ကို ဝိုင်းကြစမ်း ဝိုင်း၊ ရှေ့ကရော နောက်ကရော ဝိုင်းချကွာ၊ ငါ့ကို ဝိုင်းချကွာ၊ ဟော့၊ ချပါကွ၊ မကြောက်ပါနဲ့၊ မင်းတို့ကို ငါ အသေသတ်နေတာမှ မဟုတ်ဘဲ၊ ချ ချကွာ၊ မချဘူးလား၊ ချပြီကွာ'

'ဘုန်း၊ ဖုန်း၊ ပုံး၊ အား၊ အင့်၊ အီး၊ အားလားလား၊ အမေရေ အမေရဲ့ အမေ့သားတော့ သေပါပြီဗျ'

'ဘာအမေ တ နေတာလဲကွ၊ သည်းခြေကိုက ကမြင်းနီ သည်ခြေမျိုးတွေ'

မောင်လေးက ခုနစ်ယောက်လုံးကို အကပ်ခိုင်း အထိုးခိုင်းသည်။ နှစ်ယောက်က စတင်၍ ဂင်ထိုးသည်။ ဘေးဘက်မှ တစ်ယောက်၊ နောက်ဘက်မှ တစ်ယောက်၊ သည်မှာ မောင်လေး၏ ခြေထောက်များ ၊ ဒူးများ၊ တံတောင်ဆစ်များ၊ လက်သီးများ၊ ဆက်တိုက် လှုပ်ရှားသွားသည်။ လေးယောက် မြေပြင်ပေါ်သို့ ပစ်ပြီး လဲကျသွားသည်။ သုံးယောက်ကား မောင်လေးနားမှခွာ၍ ခုန်ထွက်ပြေးသည်။

သည်လိုနှင့် လေးငါးရက်လုံး ခပ်ကြမ်းကြမ်းပင် သင်ပြပေးသည်။ အပြင်းအထန်လည်း လေ့ကျင့်ခိုင်းသည်။ မောင်လေးကိုယ်တိုင်လည်း အသက်သာ မခို၊ အားကြိုးမာန်တက် လှုပ်ရှားပြသည်။

ဤဆရာကား အလကား ဆရာ မဟုတ်။ ပါချီပါချဲ့ ဆရာ မဟုတ်။ တကယ်ပင် ကိုယ်ခံပညာ ကောင်းလှသူ၊ ကြံ့ခိုင် သန်မာလှသူဖြစ်ကြောင်း မျက်မြင် နားလည်သွားကြသည်။

လေးငါးရက်ကြာသော် စကားစမြည်ပြောရင်း လူချင်း ခင်မင်သွားကြသည်။ ဆရာရင်း တပည့်ရင်း အသွင်ကို ဆောင်သွားကြသည်။

နှစ်ဆယ့်လေးနာရီလုံးလုံး အရက်ကို တစွက်စွက် သောက်တတ်သော ငတေသည်ပင် အနည်းငယ် လျော့လာသည်။ အရက်သောက်သည်ကို ထိန်းထိန်းသိမ်းသိမ်း သောက်လာသည်။

ခုနစ်ရက်တစ်ပိုင်း ပြီးသောအခါ ရွာထဲသို့ ပြန်ကြပြန်သည်။ နှစ်ရက်လုံးလုံး အနားယူပြီး စားစရာ သောက်စရာ ရိက္ခာများ စုဆောင်းကြပြန်သည်။

တစ်ရွာလုံးက မောင်လေးကို ဂရုတစိုက်ကြည့်ကြသည်။ ထွန်းအုံသည်လည်း ရွာကို ပတ်၍ ကြည့်သည်။ ရွာသူရွာသားများနှင့် စကားပြောသည်။ မိတ်ဆက်သည်။

ရပ်သူရပ်သားများက မောင်လေးအကြောင်းကို တစ်ဘက်မှမေးရင် ကျန်တစ်ဘက်မှလည်း ငတေ သန်းဖေတို့အကြောင်း တီးတိုး ပြောကြသည်။

ထွန်းအုံ အံ့အားသင့်သွားသည်။ မျက်လုံးမပြူးမိရန်၊ ဣန္ဒြေမပျက်မိရန် သတိထားရသည်။ ဟန်ကိုယ်ဖို့ သဘောဖြင့် မှင်မောင်းမပျက်အောင် ပြောဆိုရ သတိထားရသည်။

အိမ်သို့ပြန်ရောက်သည်နှင့် ထွန်းအုံက မောင်လေးကို တိုးတိုးပြောသည်။

'ဆရာ၊ ဆရာ၊ ဆရာ၊ သူတို့ညီအစ်ကိုတွေအကြောင်း ဘာမှ မကြားဘူးလား ဆရာ'

'ဟော၊ ဘာဖြစ်လို့လဲ၊ ဘာမှ မကြားပါလား'

'ငတေနဲ့ သန်းဖေက ဓားပြဗိုလ်တွေတဲ့ ဆရာရဲ့'

'ဟော'

' 'ငတေကို သူတို့ရပ် သူတို့ဂန်းကျင်က နှုတ်ခမ်းရွဲ့ကြီး၊ နှုတ်ခမ်းရွဲ့ကြီးလို့ ခေါ်ကြသတဲ့'

'ဘာကြောင့်လဲဟ၊ သူ့ကြည့်တော့လဲ သူ့နှုတ်ခမ်းက မရွဲ့ပါလား'

'ဓားပြတိုက်တဲ့အခါကျမှ ရွဲ့ထားတာတဲ့ ဆရာရဲ့၊ သူ့မျက်နှာကို လူမမှတ်မိအောင် ရွဲ့ထားတာတဲ့၊ တကယ့် ပါးရွဲ့ကြီးနဲ့တူအောင် ဟန်ဆောင်သရုပ်ဖျက်တတ်သတဲ့၊ ပြီးတော့ ဆရာ'

'အင်း'

'သန်းဖေကလဲ မကြာခင်ကမှ ထောင်ကထွက်လာတာတဲ့ ဆရာ၊ ဓားပြမှုနဲ့ ထောင်ကျသွားရာက အခုမှ လွတ်လာတာတဲ့'

'ကောင်းကွာ၊ တကယ့် လူဆိုးလူမိုက်တွေကိုမှ ပညာသင်ပေးမိရက်သားဖြစ်နေပါပကော၊ ဒါမျိုးတော့ ငါမကြိုက်ဘူးဟေ့၊ ငါ့ပညာဟာ လူတွေကိုဒုက္ခပေးတဲ့နေရာမှာ သုံးဖို့မဟုတ်ဘူး၊ အစကသာ ငါ ကြိုတင်သိရင် ဒီကိုလိုက်မလာဘူး၊ ဒီကောင်တွေကိုလဲ သင်မပေးဘူး'

'အဲ၊ သူတို့ ညီအစ်ကိုတွေ ခုနစ်ယောက်လုံး ဓားပြတွေချည်းပဲတဲ့၊ သူတို့ကြောက်တဲ့လူဆိုလို့ ဒီရွာမှာ တစ်ယောက်တည်းပဲရှိသတဲ့'

'ဘယ်သူတဲ့လဲ'

'ထွန်းအိတဲ့ ဆရာ၊ ကျွန်တော့်နာမည် ထွန်းအုံနဲ့ ခပ်ဆင်ဆင်ပဲ'

'ထွန်းအိကို သူတို့က ဘာကြောင့် ကြောက်တာတဲ့လဲ'

'ထွန်းအိက ရှမ်းကြီးသိုင်း တတ်တယ်တဲ့၊ ကိုယ်ခန္ဓာလဲ အင်မတန်ကြံ့ခိုင်တယ်တဲ့'

'သြော်...ဒါကြောင့်လား'

'ထွန်းအိ ဆိုတဲ့ကောင်က တစ်သက်လုံး ဘာအလုပ်မှ မလုပ်ဘူးတဲ့ဆရာ၊ ရွာထဲကို မိုက်ကြေးခွဲပြီး စားနေတဲ့လူတဲ့'

'ဩ....ဒီလိုကိုး'

'ငတေတို့က ထွန်းအိကိုတော့ မလှန်ရဲကြဘူး၊ ထွန်းအိကလဲ ငတေတို့ကို အန္တရာယ်မပေးဘူး၊ ငတေတို့က ဓားပြတိုက်တယ်၊ သူက မိုက်ကြေးခွဲစားတယ်၊ ဓားပြတိုက်တဲ့ ငတေတို့ကိုလဲ သူက အနှောက်အယှက်မပေးဘူး၊ ငတေတို့ကလဲ ထွန်းအိ မိုက်ကြေးခွဲခွဲနေတာကို ဂင်မစွက်ဘူးတဲ့'

'ဟင်း ဟင်း ဟင်း၊ ဟဲ ဟဲ ဟဲ ၊ ကောင်းကြရောကွာ'

'ထွန်းအိက တစ်ရွာလုံးကို အနိုင်ကျင့်နေတာတဲ့ ဆရာ၊ အိမ်တစ်အိမ်ပေါ် တက်ပြီး ငါးကျပ်တောင်း၊ တစ်ဆယ်တောင်းတောင်းရင် သူတောင်းတဲ့အတိုင်း ပေးကြရသတဲ့၊ ငါးကျပ်တောင်းတာကို လေးကျပ်၊ တစ်ဆယ်တောင်းတာကို ငါးကျပ်ပေးရင် ချက်ချင်း ရန်ရှာတော့တာပဲတဲ့'

'ကိစ္စမရှိပါဘူးကွာ၊ ထွန်းအိကိစ္စက သူ့အလိုလို ရှင်းသွားမှာပါ၊ ငတေတို့ ပြောင်းပြန်ပညာ အခြေခံရသွားရင် ထွန်းအိကို နှိမ်ပြီးသား ဖြစ်သွားမှာပါ၊ အရေးကြီးတာက တစ်ခုပဲ ရှိတယ်'

'ဘာများလဲ ဆရာ'

'ဒီကောင်တွေက ဓားပြတွေဆိုတော့ သူတို့ကို ပညာကောင်းကောင်းသင်ပေးလို့မဖြစ်ဘူး၊ ပညာကို အလွဲသုံးစားလုပ်မယ့်ကောင်တွေ၊ ဒါကြောင့်အသင့်အတင့်လောက်ပဲ ဂတ်ကျေဂတ်ကုန် သင်ပေးထားခဲ့မယ်'

'ဆရာလဲ သတိထားပါဆရာ၊ ဒီကောင်တွေက လူမိုက်တွေဆိုတော့သိပ်ယုံရတာမဟုတ်ဘူး'

'ဟဲ ဟဲ ဟဲ၊ မင်းက ကြောက်သလား'

'ကြောက်တာပေါ့ ဆရာရဲ့၊ သူတို့ရပ် သူတို့ရွာမှာ မဟုတ်လား'

'ကြောက်မနေစမ်းပါနဲ့ တပည့်ရာ၊ ငါ ရှေ့ကရှိပါတယ်၊ အသေခံသားခံရင် ငါအရင် အသေခံမယ်၊ ငါ မသေသေးသရွေ့ မင်းကို မထိစေရဘူး၊ စိတ်ချ'

'ဟုတ်ကဲ့ဆရာ'

'ပြီးတော့ ဒီကောင်တွေ ဦးလျှိုးသွားပါပြီကွ၊ အစက သူတို့ ငါ့ကို ခပ်ကြမ်းကြမ်း မိုက်ကမ်းကမ်း စဆက်ဆံတာက သူတို့ကိုယ်တိုင် ဓါးပြတွေဖြစ်နေလို့ကိုး၊ ဒီနယ်မှာ သူတို့က နာမည်ကြီးတွေ၊ သူတို့လက် သူတို့ခြေရာချည်း ဖြစ်နေတဲ့သူတွေကိုး'

'ဟုတ်တယ် ဆရာ'

'အေး....ဒါကြောင့် စကတည်းက ငါသူတို့ကို ကျောင်းမှန်းကန်မှန်း သိအောင် ဦးချိုးထားလိုက်တာ ကောင်းတယ်'

'ဆရာချထည့်လိုက်ရင် ဒီကောင်တွေ တစ်ယောက်ပြီးတစ်ယောက် ဖင်ထိုင်ကျသွားတာကို ကြည့်ကြည့်ပြီး ရယ်ချင်လိုက်တာ ဆရာရယ်၊ ကျွန်တော်တော့ တော်တော့်ကို အောင့်ထားရတယ်'

'ဒီကောင်တွေကို ဒီလိုလုပ်ထားမှကွ၊ ဒီလိုမှမလုပ်ရင် တို့ကို သူတို့က ပြန်မျိုသွားနိုင်တယ်'

ဆရာတပည့်နှစ်ယောက် တီးတိုးစကား ပြောနေကြစဉ်တွင်ပင် သန်းဖေနှင့် စံမြင့် ရေးကြီးသုတ်ပျာ ဆိုက်ရောက်လာသည်။

'ဆရာကြီး၊ ဆရာကြီး'

'ဟေ၊ ဘာလဲကွ၊ ဘာဖြစ်လာကြတာလဲ၊ ရေးကြီးသုတ်ပျာနဲ့'

'ဆရာကြီး၊ ဆရာကြီး'

'ဟ စံမြင့်၊ ငါထူးနေပါတယ်ဟ'

'ကျွန် ကျွန် ကျွန်တော်တို့ နိုင်လာပြီဆရာကြီး၊ ကျွန်တော်တို့ နိုင်လာခဲ့ပြီ'

'ဟေ၊ ဘာကို နိုင်တာလဲကွ၊ ဘယ်သူ့ကိုလဲ'

'ထွန်းအိ ဆရာကြီး၊ ထွန်းအိကို ကျွန်တော်တို့ ချထားခဲ့ပြီ'

'ဟေ၊ ထွန်းအိ ဟုတ်လား၊ ထွန်းအိ ဆိုတာ ဘယ်သူလဲ'

'လူမိုက် ဆရာကြီး၊ ထွန်းအိဆိုတာ လူမိုက်'

'ဟေ၊ လူမိုက် ၊ ဟုတ်လား'

မောင်လေးက မသိချင်ယောင်ဆောင်၍ မေးခြင်းဖြစ်သည်။ နိုင်လာပြီဆိုသော သဘောမှာ ထွန်းအိနှင့် ရင်ဆိုင်တိုးကြခဲ့ပြီ၊ ပညာချင်း ပြိုင်ခဲ့ကြပြီဆိုသော သဘော၊ ဒါကို မောင်လေး နားလည်သည်။

စံမြင့်၏ အပြောကို သန်းဖေက ဂင်၍ထောက်ပြီး ပြောသည်။

'ထွန်းအိ ဆိုတာ ကျွန်တော်တို့ရွာမှာ မိုက်ကြေးခွဲစားနေတဲ့ လူမိုက်ကြီးဗျ၊ ဆရာရဲ့'

'အော် ဟော် ဟော် ဒီကောင်နဲ့ မင်းတို့နဲ့ တွေ့ခဲ့ကြပြီ ဆိုပါတော့'

'ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်တို့ ရွာထဲက အိမ်တစ်အိမ်မှာ ကြက် သွားဂယ်ကြတာ'

'အော် အင်း၊ ဆက်ပါဦး'

'ကြက်တွေဖမ်းနေတုန်း၊ ထွန်းအိ ရောက်လာတယ်'

'အဲ၊ ထိပ်တိုက် တိုးကြပြီပေါ့'

'သူက အိမ်ရှင်တွေဆီမှာ ငွေတစ်ဆယ်တောင်းတယ်၊ ကျွန်တော်တို့ ကြက်ဖိုးပေးထားတာကလဲ ဆယ်တန်တစ်ရွက်ပဲ'

'အဲဒီတော့'

'ကျွန်တော်တို့နှစ်ယောက် အိမ်ရှင်ကို သနားသွားတယ်၊ အခုပဲ ကြက် ရောင်း၊အခုပဲ ရတဲ့ ငွေကလေးတစ်ဆယ်ကို ချက်ချင်း ပေးလိုက်ရမယ် ဆို တော့ အိမ်ရှင်ရဲ့ ကိုယ်စား မခံချင်စိတ် ဂင်သွားတယ်'

'အင်း၊ အင်း'

'ကျွန်တော်က ထွန်းအိကို စပြောတယ်၊ ခင်ဗျား အခုလို လုပ်တာ ကျုပ်တို့မျက်ကွယ်မှာ သွားလုပ်ဖို့ကောင်းတယ်၊ ကျုပ်တို့ရှေ့မှာ လာလုပ် တာကတော့ ကျုပ်တို့ကို စော်ကားတာနဲ့ တူတယ်လို့'

'ဟား၊ ဟား ၊ ဒီတော့ ထွန်းအိက ဘာပြောသလဲ'

'ငါက မင်းတို့နဲ့ ထိပ်တိုက်တွေ့ချင်နေတာ ကြာပြီတဲ့၊ မင်းတို့က ရှောင်ရှောင်နေလို့ ငါကလဲ တမင် ဂင်မတိုးခဲ့တာတဲ့'

'အခုတော့ တိုးကြပြီပေါ့'

'ကျွန်တော်က ထပ်ပြောတယ်၊ မင်းက ဒီရွာထဲ လိုက်လိုက်ပြီး သူ တောင်းစားလို လိုက်တောင်းနေတာ ဒီရွာထဲကအိမ်တွေမှာ မင်းလုပ်စာ တစ် ပြားဖိုးရှိလို့လား၊ ကဲ...လာကွာ၊ ချ....ချစမ်း၊ သူတောင်းစားကို သုသာန် အရောက်ပို့လိုက်မယ်လို့ ပြောတော့ ထွန်းအိ ကျွန်တော့်ဆီ ထောင့်ဖြတ်ဂင် လာတယ်၊ ကျွန်တော်က သုံးကွက်ချွန်းနည်းကိုသုံးပြီး ယို့ရှောင် ရှောင်တယ်၊ တိုက်စစ်ကို တိုက်စစ်ချင်း အားကုအားချင်းပြိုင်ပြီး ညာဖြောင့်လက်သီးပစ် သွင်းလိုက်တယ်၊ ဖုံးဆို သူ့အရှိုက်ကို ထိတယ်၊ သူ့ကိုယ်ကြီး ရှေ့ကိုငိုက် ဆင်းလာတယ်၊ ကျွန်တော့်ညာဒူးနဲ့ သူ့အရှိုက်ကို ထပ်ဆင့်ပြီး တိုက်လိုက် တယ်'

'ထွန်းအိ နောက်ဘက်ကို လန်အကျမှာ ကျွန်တော်ကပါ ထပ်ဆင့်ပြီး နံဘေးကို ပိုက်ကန်ရော ဖောင်းကန်ရော ကန်ထည့်လိုက်တယ်၊ ထွန်းအိ ပစ်လဲကျသွားတယ်၊ ဒါပေမယ့် ပြန်ထတယ်၊ ရေအိုးစင်နားမှာထောင်ထားတဲ့ ထမ်းပိုးကို ပြေးဆွဲတယ်၊ ကျွန်တော့်ဆီ လှည့်ပြေးလာပြီး ကျွန်တော့ခါးကို ပိုင်းရိုက်တယ်၊ ကျွန်တော်က ငါးကွက်အပိုင်း ခြေထပ်ခုန်ဆုတ်နည်းနဲ့ ခုန်ဆုတ်လိုက်တယ်၊ သူ့တုတ်ချက်ဟာ ကျွန်တော့ကိုမထိဘဲ ဂိုးခနဲ လည်ထွက်သွားတယ်၊ သူက ရှေ့တစ်ကွက်တက်ပြီး ကျွန်တော့ခါးကို လက်ပြန်ထပ်ပိုင်းတယ်၊ ကျွန်တော်က ရှေ့ကို ညာခြေတက် ညာလက်နဲ့ ထွန်းအိရဲ့လက်ရင်းကို အောက်ခတ်နဲ့ ရိုက်တားထား၊ ညာပင်လက်သီးကိုသုံး ဘယ်ခြေပြောင်း ဘယ်လက်ဝါးဖောင်းနဲ့ လည်မျိုကို ခုတ်လိုက်တော့ ထွန်းအိ ရှေ့ကို ငိုက်ကျလာတယ်၊ အဲဒီမှာ ကျွန်တော်က လက်နစ်ဖက်နဲ့ သူ့လည်ကုပ်ကိုချုပ်ပြီး ချုပ်ဒူးနှစ်ချက်ဆင့်တိုက်လိုက်တယ်၊ တစ်ချက်က ရင်ညွန့်ကိုထိပြီး နောက်တစ်ချက်က မေးကို ထိသွားတယ်၊ အဲဒီမှာ ဖုန်းခနဲ ပစ်လဲသွားတယ်၊ မရှုမလှဘဲ ဆရာကြီး'

'မင်းတို့ကလဲ မဆိုးပါကလားကွ သန်းဖေရ'

'ဆရာကြီးတပည့်ပဲ ဆရာကြီးရာ၊ ဘယ်ဆိုးပါ့မလဲ'

'အဲ....ဆက်ပြောစမ်းပါဦး'

'အဲဒီလိုလဲပြီး သတိမေ့သွားတော့ စံမြင့်က ရေအိုးတစ်လုံး သွားမ,ယူပြီး ထွန်းအိအပေါ် လောင်းချလိုက်တယ်၊ ထွန်းအိဟာ အိပ်ရာက လန့်နိုးလာတဲ့လူလို စူးစူးရှားရှားအော်ပြီး သတိပြန်ရလာတယ်၊ ကျွန်တော်တို့နှစ်ယောက်က ခြသေ့်ထိုင် အနေအထားနဲ့ သူ့ကို စိုက်ကြည့်နေကြတယ်၊ ထွန်းအိဟာ မျက်စိကလေး ပေကလတ်ပေကလတ်နဲ့ဖြစ်နေတယ်၊ ကျွန်တော်က အော်လိုက်တယ်၊ မင်း အခုထွက်သွား၊ နောက်ကို မိုက်ကြေးမခွဲနဲ့၊ ရွာထဲမှာ မိုက်ကြေးခွဲတာမြင်ရင် ငါတို့နဲ့ကအတွေ့ပဲလို့ဆိုတော့ ထွန်းအိ တစ်ချိုးတည်း အိမ်ပေါ်က ပြေးဆင်းသွားတယ် ဆရာကြီး'

'ဒီကောင် တစ်သက်လုံးစွာလာတာ အခုမှ ကျောင်းမှန်းကန်းမှန်း သိသွားတော့တာပေ့ါ၊ ဟုတ်လားကွ စံမြင့်'

'ဟုတ်ကဲ့၊ ဟုတ်ပါတယ် ဆရာကြီး၊ ဒီကောင်က ပြောင်းပြန်သာ မတတ်

သာ၊ ရှမ်းကြီးသိုင်းတော့ တတ်ထားတယ်၊ ဒါပေမယ့် ရှမ်းကြီးသိုင်းလည်း၊ များများစားစား တတ်ပုံမရပါဘူး၊ တော်ရုံတန်ရုံ ကကြီးခခွေးလောက်ပဲ တတ်ပုံပေါ်ပါတယ်'

'အေး....ဒီတစ်ချက်တော့ ကျုပ် ဝမ်းသာတယ်၊ ကျုပ်တတ်ထားတဲ့ပညာ ဟာ ကြက်ဆုံရွာကို အကျိုးပြုသွားပြီ၊ ရွာထဲမှာ မိုက်ကြေးခွဲနေတဲ့ လူမိုက် တစ်ယောက်ကို နှိမ်မိသွားပြီ၊ နောက်ကို ရွာသူရွာသားတွေ စိတ်မချမ်းမသာ မဖြစ်ရတော့ဘူး၊ ထွန်းအိကို ပိုက်ဆံပေးစရာ မလိုတော့ဘူးပေါ့'

'ဟုတ်ကဲ့....ဟုတ်ပါတယ် ဆရာကြီး၊ အခုတောင် တစ်ရွာလုံး ဝမ်းသာ နေကြတယ်'

# ၁၄

မောင်လေးက ငတေ၊ သန်းဖေတို့ အုပ်စုကို တစ်လလုံးလုံး သင်၍ပေးသည်။ ပညာကား များများမပေး။ အခြေခံလောက်သာ သင်၍ ပေးသည်။

မကောင်းမှုဒုစရိုက်သမားကို ပညာများများ သင်ပေးခြင်းသည် အဆိပ်အတောက်ဖြစ်ချေသည်။ အမျိုးဘာသာ၊ သာသာနာကို ပညာဖြင့်ကာကွယ်ရမည့်အစား အမျိုးဘာသာ သာသနာကို ပညာဖြင့် ဖျက်ဆီးမည့်သူများ ဖြစ်သောကြောင့်ဖြစ်သည်။

တစ်လသင်တန်း ပေးပြီးသောအခါ ပွဲတင်၍ သစ္စာဆိုခိုင်းသည်။ ငတေတို့အားလုံးကလည်း ကတိပေးကြ သစ္စာဆိုကြသည်။

ထူးခြားချက်ကား ရှိပါသည်။ ငတေတို့အားလုံး အပြောအဆို အမူအရာများ ပြောင်းလဲသွားကြခြင်းပင် ဖြစ်သည်။

ယခင်ကလို ဆောင့်ကြွားကြွား ကြွတ်ဆတ်ဆတ် အမူအရာများ ကွယ်ပျောက်သွားကြသည်။ မိုက်ဂိုက်ဖမ်း၍ မိုက်ကြည့်ကြည့်တတ်သော မျက်လုံးမျိုးလည်း မရှိကြတော့။

မောင်လေးကို ရိုရိုသေသေ လေးလေးစားစားပင် ဆက်ဆံသည်။ တပည့်ရင်းကဲ့သို့ ကျိုးနွံကြသည်။

'အေး....အမှန်ပြောရရင်တော့ မင်းတို့အကြောင်း အစက ငါမသိလို့ မင်းတို့ဆီလိုက်လာတာ၊ ငါ့ပညာဟာ ခါးပြတိုက်ဖို့မဟုတ်ဘူး၊ လူတွေကို ဒုက္ခပေးဖို့ မဟုတ်ဘူး၊ အမျိုးဘာသာသာသနာကို စော်ကားဖို့ မဟုတ်ဘူး၊ တစ်ဖက်သားက ကိုယ့်ကို မျက်ရည်ပေါက်ကြီးငယ် သုံးခါကျအောင်မလုပ်ရင်

ပညာကို အသုံးမချရဘူး၊ ကိုယ့်ကိုစိမ်မခေါ်ဘဲနဲ့ ကိုယ်ကစပြီး စိမ်မခေါ်ရဘူး၊ ငါ မင်းတို့ကို ပညာစသင်ပေးတဲ့နောက်ပိုင်းကျမှ မင်းတို့အကြောင်း ငါသိလာတယ်၊ ငါ မင်းတို့ကိုမသင်ဘဲ ထွက်သွားရင် မင်းတို့ကိုကြောက်လို့ ရှောင်ပြေးတဲ့သဘော အထင်ခံရမှာစိုးလို့ ဆက်သင်ပေးတာသာ ဖြစ်တယ်၊ တစ်ခုတော့ ငါဝမ်းသာတယ်၊ ပညာသဘောကို မင်းတို့သိလာတဲ့အချိန်မှာ မင်းတို့ရဲ့ အမူအရာတွေဟာ ပျော့ပျောင်းလာတယ်'

'ကျွန်တော် ဆရာကြီးရဲ့ ပညာကို လေးစားပါတယ်၊ ဆရာကြီးရဲ့ စိတ်ထားကိုလည်း လေးစားပါတယ်၊ ကျွန်တော် ပညာဆက်သင်ချင်ပါတယ်၊ ဆရာကြီးနောက်ကို လိုက်ပါရစေ ဆရာကြီး'

မောင်လေးကို ငတေက တောင်းပန်သည်။ မောင်လေး ပို၍ အံ့သြသွားသည်။ ဝမ်းလည်း ဝမ်းသာသွားသည်။

'မင်း နောက်ကို မကောင်းမှုတွေ မလုပ်တော့ပါဘူးလို့ ကတိပေးရင် လိုက်နိုင်တယ်'

'ပေးပါတယ် ဆရာကြီး၊ ကျွန်တော် နောက်ကို ဓားပြမတိုက်တော့ပါဘူး၊ ကောင်းရှောင်းကောင်းဂယ် လုပ်စားပါတော့မယ်'

'အေး...သာဓု...သာဓု...သာဓု၊ မင်းအတွက် ဆရာ ဝမ်းသာတယ်၊ ဂုဏ်လဲယူတယ်၊ မင်းလိုက်ချင်ရင် ငါ့နောက်ကို လိုက်ခဲ့နိုင်တယ်'

မောင်လေး၊ ထွန်းအုံနှင့် ငတေတို့သုံးဦး ကြက်ဆုံရွာမှ ထွက်ခဲ့ကြသည်။ ကျိုက်လတ်သို့ ကူးခဲ့ကြသည်။

ကျိုက်လတ်တွင် မောင်လေး၏တပည့် မြစိန်ရှိသည်။ မြစိန်သည် လူငယ်ပင်ဖြစ်သော်လည်း ချမ်းသာကြွယ်ဝသူဖြစ်သည်။ သမ္ဗာန်ဆိပ်တွင် သစ်ဆိုင်နှစ်ဆိုင် ထောင်ထားသည်။ ပွဲရုံတ် မော်တော်နှစ်ဆင်းလည်း ရှိသည်။

မောင်လေးတို့စီးလာသော မော်တော်ယဉ်သည် မြစိန်ရှိရာ သမ္ဗာန်ဆိပ်သို့ ညနေသုံးနာရီတွင် ဆိုက်ရောက်လာသည်။ မြစိန်နှင့် အဆင်သင့်ပင် တွေ့သည်။

'ဟာ... ဆရာ... ဆရာပါလား၊ ကြွပါ....ကြွပါဆရာ'

'အေး...မင်းနေကောင်းတယ် မဟုတ်လား၊ မိန်းမတွေ ကလေးတွေကော'

'နေကောင်းကြပါတယ် ဆရာ၊ အားလုံး နေကောင်းကြပါတယ်၊ ကလေးတွေလည်း ရှိပါတယ်၊ ဟော့.....မချောရေ ဆရာကြီးလာတယ်ဟေ့'

မြစိန်၏ဇနီး မချောက နို့စို့ကလေးကိုချီပြီး သစ်ဆိုင်ထဲမှ ထွက်လာသည်။

'ဟော ဆရာကြီး ရောက်လာပြီကိုး၊ ဆရာကြီး လာမယ်ဆိုလို့ ကျွန်မတို့ မျှော်နေကြတာ၊ ကိုမြကလည်း ဆရာကြီးအကြောင်းပဲ တတွတ်တွတ်ပြောနေတာ'

မြစိန်နှင့် ဇနီးဖြစ်သူက မောင်လေးတို့သုံးဦးကို သစ်ဆိုင်ထဲသို့ ခေါ်သွားသည်။ဧည့်ခန်းကုလားထိုင်များတွင် ထိုင်လိုက်ကြသည်။

ထိုအချိန်တွင်ပင် ပဲ့ချိတ်တစ်စီးက ဆိပ်ကမ်းမှာ လာ၍ဆိုက်သည်။ စက်သံကြောင့် မြစိန်က ဆိပ်ကမ်းဘက်သို့ လှမ်းကြည့်လိုက်သည်။ ပဲ့ချိတ်ဦးပိုင်းမှ တရုတ်တစ်ယောက် ဆင်းလာသည်။

'အင်း....အတော်ပဲ ဆရာကြီးရေ့၊ ကျွန်တော်တို့ကသာ ဆရာ့ကို စောင့်နေကြတာမဟုတ်ဘူး၊ ဆရာ့ကို စောင့်နေတဲ့လူတစ်ယောက်လည်း ရှိနေသေးတယ် ဆရာရဲ့'

'ဘယ်သူလဲ မောင်မြစိန်ရဲ့'

'သူလေ၊ ဟောဟိုမှာ ပဲ့ချိတ်ပေါ်က ဆင်းလာတဲ့ တရုတ်လေဆရာရဲ့'

'သူက ဘာကိစ္စ စောင့်နေတာတဲ့လဲ'

'သူက ဆရာကြီးရဲ့ပညာကို အကဲစမ်းချင်လို့တဲ့'

'ဩော်....ဒီတရုတ်ကလည်း ပညာသည်တစ်ယောက်လား'

'ဟုတ်ကဲ့ဆရာကြီး၊ သူက တရုတ်သိုင်းတတ်တယ်၊ ပြည်ကြီးက ရောက်လာတာ နှစ်နှစ်လောက်ပဲ ရှိသေးတယ်တဲ့'

'ဩ...သူက ပြည်ကြီးသားကိုး'

'ဟုတ်ကဲ့၊ ပြည်ကြီးမှာတုန်းက တရုတ်သိုင်းဆရာတွေနဲ့ချတာ သိုင်းဆရာသုံးယောက်ဗိုက်ကို သူ့လက်ချောင်းတွေနဲ့ နှိုက်ပြီး သတ်ပစ်ခဲ့တယ်တဲ့'

'ဩ....သူကလည်း မခေပါလား'

'သူက သူ့ပညာအကြောင်းပြောတော့ ကျွန်တော်ကလည်း ဆရာကြီးအကြောင်းကို ပြောပြတယ်၊ သူက မခံချင်ဘူး၊ လာပါစေ ဘယ်တော့လာမလဲတဲ့၊ လာတဲ့အချိန် တွေ့ချင်တယ်တဲ့'

'ဟား ဟား ဟား၊ ရောက်ရောက်ချင်း အခုပဲ ပက်ပင်းတွေ့နေရပြီပေါ့'

တရုတ်သိုင်းသမားက သစ်ဆိုင်ထဲသို့ပင် တန်းတန်းမတ်မတ် ဝင်လာ

သည်။ မြစိန်သည် တရုတ်ကပြားဖြစ်သောကြောင့် တရုတ်စကားတတ်သည်။ ဆိုင်ထဲသို့ဝင်လာသော တရုတ်ကို လှမ်း၍ပြောလိုက်သည်။ မောင်လေးကို လည်း လက်ညှိုးထိုးပြလိုက်သည်။

တရုတ်၏ခြေလှမ်းများ ရပ်တန့်သွားသည်။ မောင်လေးကို တစ်ချက် စိုက်ကြည့်လိုက်သည်။

'ကွာစိ...ကွာစိ...ကွာစိကွာ...ကွာစိ...ကွာစိကွာစိကွာ'

တရုတ်က ပါးစပ်ဖြင့် ပွစိပွစိပြောသည်။ မောင်လေးကို ကြည့်ပြီး ပြော နေခြင်းဖြစ်သည်။ တရုတ်စကားနားမလည်သော မောင်လေး၏ နားထဲတွင် မူ ကွာ....ကွာစိကွာ ဟူ၍သာ ကြားရသည်။

'ဘာလဲကွ၊ တရုတ်က ဘာပြောတာလဲ'

'သူ့လက်ဟာ ဆန်အိပ်ကိုတောင် ပေါက်အောင်ထိုးနိုင်တယ်တဲ့ဆရာ ကြီးရဲ့၊ ဆရာကြီးနဲ့ ပညာစမ်းချင်ပါတယ်တဲ့၊ တရုတ်သိုင်းဆိုတာ အင်မတန် ကောင်းတယ်တဲ့'

'အေး...ပြန်ပြောလိုက်ပါ၊ တရုတ်သိုင်းလည်း တရုတ်သိုင်းအလျောက် ကောင်းမှာပေ့ါ၊ ကုလားသိုင်းလည်း ကုလားသိုင်းအလျောက် ကောင်းတာ ပေ့ါ၊ ရှမ်းသိုင်းလည်း ရှမ်းသိုင်းအလျောက်တော့ ကောင်းတာပေ့ါလို့'

မြစိန်က မောင်လေး၏စကားကို တရုတ်လို ဘာသာပြန်၍ ပြောလိုက် သည်။

'ကွာစိ....ကွာစိကွာစိကွာ...ကွာစိ...ကွာစိကွာစိကွာ'

'တရုတ်က ပါးစပ်မှ ပွစိပွစိနှင့်ပြောပြန်သည်။ ပြောရင်း ပြောရင်း လည်း သူ၏ လက်နှစ်ချောင်းက သိုင်းရေးပြလာသည်။ ပါးစပ်မှ 'အီး... အက်...အီး....အက်'ဟူ၍ အားယူအသံပြုပြီး လက်ဝါးနှစ်ဖက်ဖြင့် ဘယ်ပြန် ညာပြန် ထိုးပြသည်။

'တောက်...ဒီတရုတ် တယ်လူပါးဝပါလားဟေ့၊ ဒီကောင်ပြောတဲ့စကား တွေဟာ ငါ့ကို စိမ်ခေါ်တဲ့စကား၊ ငါ့ကို စော်ကားတဲ့စကားတွေပဲ ဖြစ်ရမယ်၊ ပုန်း'

မောင်လေး ဒေါသထွက်လာသည်။ ကုလားထိုင်တွင် ထိုင်နေရာမှ ပုန်းခနဲ ထ၍ရပ်လိုက်သည်။

တရုတ်က ရှေ့သို့တိုးလာသည်။ တရုတ်နှင့် မောင်လေး၏ကြားတွင် စားပွဲပြာစ်လုံးသာ ခြားတော့သည်။

မြစိန်က ဒေ့ခံစားပွဲကို မ၍ ဆွဲပြီး ဘေးသို့ဖယ်လိုက်သည်။ ငတေ၊ ထွန်းအိနှင့် မြစိန်၏ဇနီး မချောတို့လည်း နောက်သို့ဆုတ်ပြီးဖြစ်နေကြသည်။

ညနေပိုင်းဖြစ်၍ သမ္မာန်ဆိပ်တွင် လူစည်နေသည်။ ရေချိုးသူများ၊ အဂတ်လျှော်သူများ ရှိနေသည်။

သစ်ဆိုင်သည် ရှေ့မှ ကဲလားတံခါးများကို မ,တင်ထားသည်ဖြစ်ရာ ဟာလာဟင်းလင်း ပွင့်နေသည်။ ရေချိုးသူများသည် သစ်ဆိုင်ထဲတွင် ရင်ဆိုင်နေကြသော မောင်လေးနှင့် တရုတ်ကြီးကို ကြည့်နေကြသည်။ လမ်းပေါ်မှ လှမ်းကြည့်လျှင် ဂါးတစ်ရိုက်လောက်မျှသာသေးသဖြင့် သဲကွဲစွာမြင်နေကြရသည်။

'ကဲ...တရုတ် ချစမ်းကွ၊ ချ...ချစမ်း...ချကွာ'

မောင်လေးက ညာခြေကို ရှေ့သို့ညွှတ်၊ ဘယ်ခြေ နောက်သို့ဆန့်ပြီး ခြသေ့်ထိုင်အနေအထားဖြင့် ရင်ဆိုင်သည်။ တရုတ်ကမူ မြင်းထိုင်အနေအထား ဖြင့် သူ့လက်ချောင်းများကို ရှုပ်ယှက်ခတ်အောင်ထိုးပြီး မာန်သွင်းနေ လေ့ကျင့် ခန်း ယူနေသည်။

လူကိုမတိုက်ခိုက်မီ မချမီ လေထဲတွင် လက်ချောင်း လက်ထိပ်ဖျားဖြင့် ထိုး၍ သွေးပူလေ့ကျင့်ခန်း လုပ်နေခြင်းပင်။

မောင်လေးက သူ့ကိုယ်ကို ရှေ့သို့ငိုက်လိုက် ညွှတ်လိုက်သည်။

'ဟေ့....အိစံကွမ်း၊ ချကွာ၊ ချကွာ...တရုတ်'

မောင်လေးက ရှေ့သို့ ကိုယ်ကိုငိုက်လိုက်သည်နှင့် တရုတ်က သူ့ညာ လက်ထိပ်ဖြင့် ပြေးထိုးလိုက်သည်။ မောင်လေးက ဘယ်ခြေကို နောက်သို့ ညွှတ်ပြီး နောက်ဘက်သို့ ရှို့ရှောင်လိုက်သည်။ တရုတ်၏ထိုးချက် လွတ်ထွက် သွားသည်။ တရုတ်က သူ့လက်ကို နောက်ဘက်သို့ ပြန်ဆုတ် ပြန်သိမ်းလိုက် သည်။

မောင်လေးက ခြသေ့်ထိုင် အနေအထားမှ သူ့ခြေကို ရှေ့သို့ ခြေထပ် ခုန်တက်နည်းဖြင့် တစ်လှမ်းခုန်၍ တက်လိုက်သည်။

'ချ...ချကွာ...အိစံကွမ်း'

တရုတ်နှင့်မောင်လေးတို့၏ တိုက်ပွဲကို မိခင်ရော သားငယ်ပါ ငေးကြည့်နေကြသည်။

မိခင်သည် လုံချည်ရင်ရှားနှင့် ကလေးကို ပွေ့ချီထားသည်။ မောင်လေးက တရုတ်အား ဆင့်၍ ဆင့်၍ ရိုက်လိုက်သောအခါ ကလေးငယ်က လန့်ဖျန့်သွားသည်။ သည်မှာ ကလေးငယ်က ခြေလက်များ လှုပ်ရှားသွားသည်။ မိခင်ဖြစ်သူ၏ လုံချည် ကျွတ်သွားသည်။

မိခင်ဖြစ်သူလည်း ယောင်ယမ်းပြီး ကျွတ်ကျသွားသောလုံချည်ကို ဖမ်းဆွဲလိုက်သည်။ သည်မှာ ကလေးငယ်ကို လွတ်ကျသွားခြင်းဖြစ်သည်။

ကလေးငယ်သည် ဘာမဆိုင်ညာမဆိုင် သူ့အသက်နှင့် တရုတ်အသက်ကို လဲပေးသွားခြင်းပင်။ ကလေးငယ်သာ ယင်းသို့ဖြစ်မသွားက မောင်လေးသည် တရုတ်ကို အသေရိုက်သတ်မိမည် ဧကန်ပင်။

မြစိန်က ပြန်ဆွဲ ဆွဲသည်ကို တရုတ်က မှိန်းရိုးဖြင့် ရိုက်ချလိုက်ကတည်းက မောင်လေးဒေါသ ချောင်းချောင်းထွက်သွားသည်။

မြစိန်သည် မောင်လေးအကြောင်းကို သိသည်။ မောင်လေး ဆက်လုပ်လျှင် တရုတ်သေတော့မည်ကို နားလည်သည်။

ယင်းကြောင့် ပြန်ဆွဲ,ဆွဲသည်ကို တရုတ်က မှိန်းရိုးဖြင့်ရိုက်သည်။ မောင်လေး ဒေါသထွက်ပြီ၊ အကွက်နင်းပြီ အပြတ်ရှင်းပြီ၊ တရုတ် အလူးအလိမ့်ခံရပြီ။

သည်အချိန်မှာပင် ကလေးငယ်၏ ငယ်သံပါအောင်အော်လိုက်သံက စူးစူးဝါးဝါး ပေါ်ထွက်လာသည်။ တစ်ဆက်တည်းမှာပင် မိခင်ဖြစ်သူ၏ ရင်ထုမနာဖြစ်သံပါ ပေါ်ထွက်လာသည်။

ထိုအသံများသည် တရုတ်၏အသက်ကို ကယ်လိုက်သည်။ သို့ရာတွင် ကလေးငယ်ကား အသက်ဆုံးပါးသွားရလေပြီ။

မောင်လေး ကြီးစွာ စိတ်မချမ်းမြေ့ဖြစ်သွားရသည်။ ကလေးငယ်၏ မရှုမလှဖြစ်စဉ်ကိုကြည့်ပြီး ရင်ကျိုးရတော့သည်။

မိမိတို့နှစ်ဦး၏ ပယောဂသည် ကလေးငယ်တစ်ယောက်ကို သတ်မိလျက်သား ဖြစ်သွားရပြီကော။

ဒေါသစိတ်ဖြင့် သူက သစ်ဆိုင်ထဲသို့ ပြန်ဝင်လာသည်။ တရုတ်သည်

ထိုင်လျက်သားဖြင့် သူ့ညို့သကြီးများကို ဆုပ်ကိုင်နေသည်။ မောင်လေးက ဂက်ထိုးမှိန်းကို ဆွဲ၍ ကိုင်လိုက်သည်။

'ဆရာကြီး....ဆရာကြီး...လွန်မယ်...လွန်မယ်'

ထွန်းအုံနှင့် ငတေ ပြေးဝင်လာသည်။ မောင်လေး၏ လက်မောင်းရင်း နှစ်ဖက်ကို ပြေးဖက်ကြသည်။

'ဆရာကြီး...ဆရာကြီး...သတိထားပါ...သတိထားပါ'

မောင်လေး သစ်ဆိုင်ထဲသို့ ပြန်ဝင်သည်ကို ထွန်းအုံနှင့် ဘေကမြင် သည်။ ယင်းကြောင့် နောက်မှ ထက်ကြပ်မကွာ လိုက်လာကြခြင်းဖြစ်သည်။ မောင်လေးက မှိန်းကိုပြေးဆွဲသောအခါ လျင်မြန်ဖျက်လတ်စွာဝင်၍ ဆွဲကြ သည်။

အဆွဲကောင်း၍သာ အထောင်းသက်သာရခြင်းပင်။ တရုတ်ကို ဂက်ထိုး မှိန်းဖြင့် မထိုးမိလေခြင်းပင်။ ဂက်သားကြိုက်သော တရုတ်သည် ဂက်ထိုးမှိန်း ၏ အသွားတွင် အသက်ပါမသွားရလေခြင်းပင်။

တရုတ်ကလည်း မောင်လေးကိုကြည့်ပြီး မျက်လုံးပြူးနေသည်။ မျက် ကလဲဆန်ပျာဖြင့် လက်ဝါးနှစ်ဖက်ကိုပူးယှက်ပြီး အထပ်ထပ် ရှိခိုးနေသည်။ ပါးစပ်မှလည်း ပွစိပွစိဖြင့် ပြောနေသည်။

သည်တစ်ခါတွင်ကား မောင်လေးကို ရန်ထောင်ခြင်းမဟုတ်။ တောင်း ပန်စကား အသနားခံစကား ဆိုနေခြင်းဖြစ်ကြောင်း မျက်နှာအမူအရာကိုကြည့် ရုံဖြင့် မောင်လေး နားလည်သည်။

'ခွေးမသားတရုတ်၊ မလောက်လေး မလောက်စားပညာနဲ့ ငါ့ကို အနိုင်တု တယ်၊ ငါ့ကို အနိုင်တုတာ ငါခံနိုင်တယ်၊ အိမ်ရှင်ကိုပါ စော်ကားတယ်'

မောင်လေးက အခဲမကြေ ကြိမ်းလိုက်သည်။

'အခုတော့ ဒီမြို့မှာတောင် ဆက်မနေရဲရှာတော့ဘူး၊ ဒီကောင် ကြောက်ချေးပန်းသွားပြီ'

'ရှက်လဲရှက် ကြောက်လဲကြောက်သွားရှာမှာပေါ့၊ ဆရာကြီးသတင်းလည်း တစ်မြို့လုံး ပြန့်သွားတယ်၊ သတင်းကြားပြီး စိတ်ဝင်စားတဲ့လူတွေက ဆရာကြီးကိုသာ လာလာပြီး ကြည့်ကြတာမဟုတ်ဘူး၊ ဆေးရုံကိုသွားပြီးလဲ တရုတ်ကို သွား သွားကြည့်ကြတယ်တဲ့'

'သူက သူ့လက်ချောင်းလောက်ကိုပဲ အားကိုးတတ်တဲ့ အကောင်ပါ၊ ပြောင်းပြန်ဆိုတာ လူကို အထိခံတဲ့ပညာ မဟုတ်ဘူး၊ တော်ရုံတန်ရုံထိတာကိုလည်း ဂရုမစိုက်ဘူး'

'နာလိုက်တာဆရာကြီးရာ၊ ဒီကောင့်ညို့သကြီးကို ထိသွားတာနဲ့ သူ့ကျောကုန်းကို ဆရာကြီးရိုက်ချလိုက်တာ ကျွန်တော်ကိုယ်တိုင် လက်တွေ့ ကြည့်ချင်တာ၊ အခုတော့ ကျွန်တော့်မိန်းမပြောပြတာကိုပဲ နားထောင်နေရတယ်'

ကျိုက်လတ်တွင် တစ်လခန့် ပညာသင်ပေးရသည်။ သင်တန်းသားများကို ပထမဆင့် လက်သိုင်း၊ တုတ်သိုင်းနှင့် ဓားသိုင်း သုံးမျိုးသင်ပေးခဲ့သည်။ နှစ်ကွက်မှသည် ဆယ့်နှစ်ကွက်ထိ ပထမဆင့်ဖြစ်သည်။

ထိုသို့ ကျိုက်လတ်တွင် သင်တန်းပေးနေစဉ်မှာပင် ကျုံဒတ်မှ လာ၍ခေါ်သည်။ မောင်လေးနှင့် တရုတ်၏ သတင်းသည် ကျုံဒတ်သို့ပင် ပေါက်ကြား သတင်းပြန့်သွားသည်။

မောင်လေး၊ ထွန်းအုံနှင့် ငတေပါ ကျုံဒတ်သို့ ကူးသွားကြသည်။ ကျုံဒတ်သား လူငယ်နှစ်ဦးနှင့်အတူ ဖြစ်သည်။

မော်တော်စီးရင်း မောင်လေးတစ်ယောက် ခင်ဖြိုးကို သတိရနေသည်။ မိမိပြန်အလာကို ချစ်သူ ခင်ဖြိုးသည် လက်ရေချိုး၍ စောင့်ကြိုနေပေလိမ့်မည်။ ရက်တွေက ကုန်နိုင်ခဲလှသည်။ မိုးကလည်း ကျပဲ ကျနိုင်ခဲလှသည် ဟူ၍ တွေးတောနေမိသည်။

အမှန်စင်စစ် မောင်လေးအနေဖြင့် ကျိုက်လတ်တွင် သင်ကြားပေးပြီးလျှင် ချောင်းကြီးသို့ပြန်ရန် အစက ရည်ရွယ်ခဲ့သည်။ ဇောတိကုန်းသို့ဝင်မည်၊ အစ်မနှစ်ယောက်နှင့် အစ်ကိုဖြစ်သူကိုခေါ်မည်။ အစ်မသုံးယောက်လုံး လိုက်နိုင်လျှင်လည်း ခေါ်မည်။

သည္လိုေခၚၿပီး ေခ်ာင္းႀကီးသို႔ေရာက္လွ်င္ ခင္ၿဖိဳး၏ မိဘမ်ားအား နား
ေဖာက္မည္။ မဂၤလာေဆာင္အခမ္းအနားအတြက္ စီစဥ္မည္။ လက္ထပ္မည္။

ေငြေၾကးလည္း လံုေလာက္ၿပီ။ ေခ်ာင္းႀကီးတြင္ သန္းေဖတို႔အုပ္စုက
ေငြေလးရာ ကန္ေတာ့လိုက္ၾကသည္။ တစ္ေယာက္လွ်င္ ငါးဆယ္နႈန္းျဖင့္သင္
ၾကားေပးေသာေၾကာင့္ ခုနစ္ေယာက္အတြက္ သံုးရာ့ငါးဆယ္သာက်ေသာ္လည္း
ငါးဆယ္ အပိုေဆာင္း၍ ကန္ေတာ့လိုက္ၾကသည္။ ကန္ေတာ့ပြဲမွ ပိတ္စမ်ား
လည္း ရရွိသည္။

ယခု ကၽြက္လတ္တြင္လည္း လူနစ္ဆယ့္တစ္ေယာက္အတြက္ တစ္ေယာက္
လွ်င္ နစ္ဆယ့္ငါးက်ပ္နႈန္းျဖင့္ ေငြငါးရာေက်ာ္ ရရွိခဲ့ၿပီ။ ဦးညီခင္ထံမွ လယ္
လုပ္ခစုေငြမ်ားႏွင့္ေပါင္းလွ်င္ မဂၤလာပြဲအတြက္ ေကာင္းေကာင္းႀကီးလံုေလာက္
ၿပီ။ လုလုပပ ခမ္းခမ္းနားနားပင္ က်င္းပနိုင္ၿပီ။

ၾကက္ဆံုတြင္ေရာ ကၽြက္လတ္တြင္ပါ အစားအေသာက္ အခမဲ့ ကြမ္းေဆး
လက္ဖက္ပါ အခမဲ့ စရိတ္ၿငိမ္း သင္ခဲ့ရသည္မို႔ ရရွိေသာေငြမ်ားသည္ အသား
တင္ျဖစ္ေနသည္။ ထြန္းအံုကိုသာ ေငြငါးဆယ္ေပးထားသည္။

ငေတအတြက္ကား တစ္ျပားမွ် ေပးစရာမလို။ သူကိုယ္တိုင္ ေငြရွင္သူ
ျဖစ္ျခင္းေၾကာင့္ ေပးေသာ္လည္း မယူ။ ငေတကိုလည္း ေမာင္ေလးက တျဖည္း
ျဖည္း ခင္မင္လာသည္။ နစ္ဆယ့္ေလးနာရီ အရက္ေသာက္ေသာ ဓားျပဗိုလ္
ႀကီးသည္ ယခုေတာ့ အရက္ျပတ္သေလာက္ျဖစ္ေနၿပီ။ တပည့္ပီသစြာ ကၽြိဳး
ကၽြိဳးႏြံႏြံ ေဆးေပးမီးယူလုပ္ေနသည္။

ပညာကို လိုလိုလားလားရွိေၾကာင္းလည္း ထင္ရွားေနၿပီ။ ကၽြက္လတ္
တြင္ သူကိုယ္တိုင္ ဆရာလုပ္၍ ျပသည္။ သူကိုယ္တိုင္ အပင္ပန္းခံ၍ ထြန္းအံု
ႏွင့္အတူ ေလ့က်င့္သည္။ ျပင္းျပင္းထန္ထန္ ေလ့က်င့္သည္။

ပညာစံုလွ်င္ ထိုပညာကိုသံုး၍ ဓားျပတိုက္ဦးမည္လားေတာ့ မသိ။
အဖိုးတန္ေတာ့ ေျပာင္းျပန္ပညာကို တတ္ေျမာက္ရန္၊ တတ္ေျမာက္ၿပီးကာမွ
ဒုစရိုက္လုပ္ငန္းအတြက္သံုးရန္ ရည္ရြယ္ၿပီး ဟန္ေဆာင္ေကာင္းေကာင္းေန
ျခင္းေလလားေတာ့မသိ။

ေမာင္ေလး၏ မ်က္ေမွာက္တြင္မူ တကယ္ပင္ လူေကာင္းပကတိ ျဖစ္
ေနသည္။ ေက်ာင္းသားငယ္ကေလး တစ္ေယာက္ပမာ အေနအထိုင္ သိမ္ေမြ႕
လွပါဘိသည္။

'မရမ်းသီးတို့ပါလားဟေ့၊ လာကြ...ထိုင်ကြ'

'ဟုတ်ကဲ့ သူကြီး၊ ကျေးဇူးတင်းပါသည်'

ခင်းထားသော သင်ဖြူးများပေါ်တွင် ကုလားအားလုံးမှ ဝင်၍ထိုင်ကြသည်။ သိုင်းဆရာတစ်ယောက် ရောက်ရှိလာခြင်းအတွက် စိန်ခေါ်ရန်လာကြကြောင်း သကြီးကသိသော်လည်း မသိချင်ယောင်ဆောင်၍ မေးသည်။

'ကိစ္စရှိလို့လားကွ...မရမ်းသီး'

'ဟုတ်ပါတယ်သူကြီး၊ ထူးထူးထွေထွေတော့ မဟုတ်ပါဘူး၊ သူကြီးအိမ်မှာ သိုင်းဆရာကြီးတစ်ယောက် ရောက်နေတယ် ကြားလို့ပါ'

'အေး...အခုတင်ပဲရောက်တယ်၊ ဟောဒီဆရာကြီးပဲ၊ သူ့နာမည်က ဦးမောင်လေးတဲ့၊ ပြောင်းပြန်မောင်လေးလို့ ခေါ်ကြတယ်'

'ပြောင်းပြန်မောင်လေး...ဟုတ်လားသူကြီး၊ ပြောင်းပြန်ဆိုတာ ဘာအဓိပ္ပာယ်လဲ'

'သိချင်ရင် ဆရာကြီးကို မေးကြပေါ့'

မောင်လေးက မရမ်းသီးကိုကြည့်ပြီးပြောသည်။

'ပြောင်းပြန်ဆိုတာ သိုင်းပြောင်းပြန်ပဲ၊ ရိုးရိုးသိုင်းမဟုတ်ဘူး၊ နန်းတွင်းသိုင်း'

'ဩ....ဆရာကြီးက နန်းတွင်းသိုင်းလား၊ နန်းတွင်းသိုင်းဆိုရင် နန်းတွင်းသိုင်း ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ ကျွန်တော်တို့ ကုလားသိုင်းနဲ့ မှတ်ကျောက်တင်ကြည့်စမ်းချင်လှသဗျာ'

'ဟား ဟား ဟား မှတ်ကျောက်တင်ရင် မှတ်ကျောက်ကတော့ မပွန်းဘူး၊ မှတ်ကျောက်နဲ့ အတိုင်ခံရတဲ့ရွှေပဲ ပွန်းသွားမှာပေါ့ကွ'

'ကောင်းပါပြီလေ၊ ဘယ်သူက ရွှေ ဘယ်သူက မှတ်ကျောက်ဆိုတာ သိကြရမှာပေါ့၊ ကြေးပဲစကားပြောပါ'

'သြော်...ကြေးတမ်းစမ်းချင်တဲ့ သဘောလား၊ ဒါဆို ပိုကောင်းတာပေါ့၊ ကဲ....ခင်ဗျားကပဲ ကြေးစပြောပါ၊ ကြိုက်သလောက်ပြောဗျာ'

'နှစ်ရာ့နှစ်ဆယ်တမ်းပေါ့ဗျာ၊ တစ်ရာ တစ်ဆယ်နှုန်းနဲ့ သူကြီးကို အကောက်နှစ်ဆယ်ပေးမယ်'

'မနည်းလွန်းဘူးလား၊ တော်ပလားဗျ၊ ငါးရာ တစ်ထောင်တမ်းလောက်ဆိုရင် ပိုမကောင်းဘူးလား'

'ညှော့သည်ရဲ့ပိုက်ဆံကို ဒ့ါထက်ပိုပြီး မလိုချင်ပါဘူးလေ'

'ညှော့သည်ဆိုတာ အိမ်ခံတွေကိုမကြောက်လို့ ညှော့လာလုပ်တာပေ့ါဗျာ၊ နရီးဘနန်း…နရီးဘနန်းနဲ့ ရပ်ရွာတခို ဟိုးလေးတစ်ကျော် နာမည်ကြီးနေတာကို မကြောက်လို့ ဒီကိုလာပြီး ဆရာလုပ်တာပေ့ါ'

'ကြိုက်ပါတယ်ဗျာ၊ ဒါပေမယ့် ပါလာတဲ့အထုပ်အပိုးဈာလေး၊ လွယ်အိတ်ကလေးတွေတော့ အသင့်ပြင်ထားပေ့ါ'

'ပြောင်းပြန်ဆိုတာ အထုပ်အပိုးထမ်းပြီးပြန်တဲ့ ပညာမျိုး မဟုတ်ဘူး၊ သူသေရင်သေ သူမသေရင် ကိုယ်သေ ချတဲ့ ပညာပဲ၊ သေနတ်မှာ မောင်းပြန်သိုင်းမှာ ပြောင်းပြန်၊ တောင်းပန်ရင် တောင်းပန် မတောင်းပန်ရင် နာခေါင်းလန်သွားမယ်၊ အဲဒါ ပြောင်းပြန်ရဲ့ ဆောင်ပုဒ်ပဲ'

'ပြောင်းပြန်မကလို့ ပြန်ပြောင်းပဲဖြစ်ဖြစ်ပေ့ါဗျာ၊ ရှမ်းသိုင်းဟာ ရှမ်းသိုင်းပါပဲ၊ ရှမ်းသိုင်းနဲ့ ကုလားသိုင်းကို ယှဉ်လို့မရပါဘူး၊ ယှဉ်ရင် ခင်ဗျားခံသွားရမယ်'

'ပြောင်းပြန်မှာ တစ်ကျပ်တစ်မတ်ပဲရင်တယ်၊ ဒါထက် ရှင်းစရာမလိုဘူး၊ တစ်ကျပ်ဆိုတာ ခင်ဗျာ့အသက်ကိုပြောတာ၊ ခင်ဗျားသေရင် ကျုပ်အတွက် အများဆုံး တစ်မတ်ဖိုးလောက်ပဲ အထိခံချင် ခံရမယ်၊ ပွန်းရုံ ပဲ့ရုံလောက်ပဲ ထိချင်ထိမယ်၊ တစ်မတ်နဲ့ တစ်ကျပ် ကျုပ်က ဘာကြောင့် မရင်းရဲရမလဲ'

'ကဲ….ဒါဆိုရင် စာချုပ်ဗျာ၊ လက်မှတ်ထိုးမယ် သူကြီးရှေ့မှာ'

'ကြိုက်သလိုသာချုပ်ဗျာ၊ ဓားချင်းယှဉ်ရင် ပိုကောင်းမယ် လက်နဲ့ တုတ်နဲ့ ယှဉ်ရတာထက် ပိုပြတ်တယ်'

'ညှော့သည်ကို အပြတ် လုပ်မလွှတ်ချင်ပါဘူးဗျာ၊ တုတ်ချင်းပဲယှဉ်ကြတာ ကောင်းပါတယ်'

'သဘောပါပဲ အလင်းရောင်ထဲမှာမကြိုက်ရင် အမှောင်ထဲမှာ ချချင်လဲချလို့ရပါတယ်၊ ပြောင်းပြန်သမားဆိုတာ အလင်းအမှောင်တောင် မရွေးဘူးဗျ'

'အမှာင်ထဲမှာဆိုတော့ လူတွေကြည့်လို့ မရဘူးပေ့ါဗျာ၊ ပရိတ်သတ်ကလည်း မျက်စိအရာသာတော့ ခံချင်ကြမှာပေ့ါ'

'သဘောပါ၊ ကဲ….သူကြီး စာချုပ်ရေးဗျာ'

ကျံုဒတ်သူကြီးက စာချုပ်ခေါင်းတစ်ရွက်ပေါ်တွင် စာချုပ်ရေးသည်။

တစ်ရွာလုံးမှ လူထုပရိတ်သတ်များ ရွာလယ်ကို ထွက်လာကြသည်။ အုတ်အုတ် အုတ်အုတ်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ မောင်လေးနှင့် နဂျီးဘနန်းတို့နှစ်ယောက်ကို စိတ်ဝင်တစား ကြည့်နေကြသည်။

'ကဲ…ကိုင်မယ့်တုတ်ကို ဘယ်လိုစည်းကမ်းချက် ထားချင်သလဲကွ မရမ်းသီး'

'တုတ်ကိုတော့ လုံးပတ်ရော အစို အခြောက်ရော ကြိုက်သလိုရွေးပါ၊ အရှည်ကိုတော့ အတူတူပဲထားကြတာပေ့ါ'

'ကောင်းပြီ၊ မင်းကိုင်ချင်တဲ့ အရှည်အတိုင်းပဲ ငါကိုင်မယ်'

မောင်လေးက သူ့ဂါးလုံးနှင့် မရမ်းသီး၏ ဂါးလုံးကို တိုင်းသည်။ တုတ်အရှည်သည် မတိမ်းမယိမ်းကလေးပင် ဖြစ်နေသည်။

'ငါ့တုတ်က တစ်လက်မလောက်ရှည်သည်၊ ဖြတ်ပစ်ရဦးမလား'

'မလိုပါဘူး၊ ဒီအတိုင်းပဲ ကိုင်နိုင်ပါတယ်'

'ဒါဖြင့်ရင် ကောင်းပြီ'

မရမ်းသီး၏တုတ်သည် ဂါးလုံးခြောက်ဖြစ်သည်။ ပေ့ါပါးသည်။ မောင်လေး၏တုတ်မှာ အနည်းငယ်စိမ်းသည်။ အနည်းငယ် ပို၍လေးသည်။

သူတို့နှစ်ဦး၏ တုတ်များသည် သူတို့အရပ်ထက်လည်း ရှည်သည်။ လက်ခုပ်တစ်ဖောင်လည်း မရှိ။

အရပ်ချင်းယှဉ်လျှင်တော့ နရီးဘနန်းခေါ် မရမ်းသီးက ဒေါင်ကောင်းသည်။ခြေတံ လက်တံရှည်သည်။ မောင်လေးက သူ့ထက် ပုသည်။ ဂင်တိုဖြစ်သည်။

နရီဘနန်းက ကုလားဒိုတီကို ဂတ်ထားသည်။ ခါးတွင် ကျစ်နေအောင် လိမ်ထားသည်။ အပေါ်ကလည်း အင်္ကျီ အဖြူကို ဂတ်ထားသည်။ မျက်နှာနှင့် အသားကမူ မည်းချိတ်နေသည်။ မီးသွေးခဲပမာ ဖြစ်နေသည်။

မောင်လေးက အောက်ခံဘောင်းဘီတိုကိုခံပြီး အပေါ်မှ လုံချည်ဂတ်ထားသည်။ လုံချည်ကို ဗမာလက်ဝှေ့သမားများ လက်ဝှေ့ထိုးစဉ် ဂတ်ထားသည့် အတိုင်း ခါးတွင်ပတ်ချည်ထားသည်။

မရမ်းသီးသည် တတွတ်တွတ်ဖြင့် ဘာတွေရွတ်ဆိုနေသည်မသိ။ ရွတ်ဆိုနေသည်။ မောင်လေးကလည်း အနန္တောအနန္တ ငါးပါးကို ရှိခိုးဦးတိုက်သည်။ ဆရာသမားဖြစ်သူ၏အားသည် မိမိထံသို့ ရောက်နေရမည်ဟူ၍ စိတ်ကို အာရုံပြုလိုက်သည်။

သည်နောက် ဒိုင်လူကြီးဖြစ်သူက အချက်ပေးသည်။ နှစ်ယောက်သား ဂါးတစ်ရိုက်ခန့်အကွာတွင် မျက်နှာချင်းဆိုင်၍ ရပ်လိုက်ကြသည်။

မော်ငလေးက သူ့တုတ်ကို ညာလိမ် ဘယ်စီးကိုင်ပြီး ခြသေ့်ထိုင်အနေ အထားဖြင့် ရပ်နေသည်။ တုတ်စသည် ကုလားဆီသို့ ဦးတည်နေသည်။

မလှုပ်၊ သူက တစ်စုံတစ်ရာ ခုန်ပျံခြင်း၊ လှုပ်ရှားခြင်း အလျင်းမပြု။

မရမ်းသီးခေါ် နရီးဘနန်းကမူ သူ့တုတ်ကို ဂီခေါ်အောင် ပိတုန်းသံ ပေါက်အောင် လှည့်နေသည်။ သူ့တုတ်သည် ပန်ကာကဲ့သို့ မွှတ်နေသည်။ လူကလည်း အငြိမ်မနေ။ ဟိုခုန် သည်ခုန်ဖြင့် ရှေ့သို့ တိုး၍တိုး၍လာသည်။

မောင်လေးအနီးသို့ ရောက်လာသည်။ မောင်လေးက ယခင် သူတွေ့ခဲ့ဖူးသော ကုလားသိုင်းသမားတွေကို ပြန်၍သတိရသည်။

ယခင်တွေ့ဖူးခဲ့သော ကုလားသိုင်းသမားတို့သည်လည်း နရီဘန်းကဲ့သို့ပင် တုတ်ကို ဂီခေါ်အောင်လှည့်သည်။ ထိုတုတ်ကြားထဲသို့ မောင်လေးက သူ့တုတ်ကို ထိုးထည့်လိုက်လျှင် လည်နေသာတုတ်သည် မောင်လေး၏တုတ်

နှင့် ကလန့်ပြီး ရပ်သွားသည်။ သည်တော့မှ မောင်လေးက ဆက်၍ရိုက်သည်။

ယခုလည်း သည်အတိုင်းပင် တိုက်ရန် စိတ်ကူးလိုက်သည်။ နရီးဘနန်း၏ ပန်ကာတုတ်ထဲသို့ သူ့တုတ်စကို ထိုးထည့်လိုက်သည်။ ခြေထပ်ကုန်ထိုးနည်းဖြင့် ထိုးထည့်လိုက်ခြင်းဖြစ်သည်။

'ဒေါင်း'

ပြင်းထန်သော ထိခတ်သံကြီး ထွက်ပေါ်လာသည်။ မောင်လေး၏ တုတ်စသည် နောက်ဘက်သို့ လန်ထွက်သွားသည်။ လက်နှစ်ဖက်ဖြင့် ကိုင်ထားလျက်မှ လက်တစ်ဖက် လွတ်ထွက်သွားသည်။ သူ့ဘယ်ဘက်လက်ဖြင့် သူ့မျက်နှာကို ပြင်းထန်စွာ ရိုက်မိလျက်သား ဖြစ်သွားသည်။

မောင်လေး မျက်စိပြာဝေသွားသည်။ သူ၏ ကိုယ်သည်လည်း နောက်ဘက်သို့ ခြေထပ်ခုန်ဆုတ်နည်းဖြင့် ဆုတ်ပြီးဖြစ်သည်။ ကုလားကို ကြည့်လိုက်သောအခါ သည်မျှ မီးသွေးရောင်ပေါက်နေသောကုလားသည် ဘုန်းကြီးရောင်နနွင်းရောင်ထနေပြီ။ မိမိလက်ဖြင့် မိမိမျက်နှာကိုရိုက်မိခြင်းဖြစ်သော်လည်း ကုလား၏ တုတ်လှည်းအားက ကြီးမားပြင်းထန်လွန်းလှရာ လက်အားသည်လည်း အလိုလို ပြင်းထန်သွားသောကြောင့်ဖြစ်သည်။

မြင်ကွင်းဂါးသည်ကဲ့သို့ နားထဲတွင်လည်း ဂီခေါ်သွားသည်။ မောင်လေးနားသွားသည်ဆိုသည်နှင့် မရမ်းသီးက ဖိလိုက်လာသည်။ မောင်လေးကို ဖိ၍ရိုက်သည်။

မောင်လေးက ကိုးကွက်စကြာနည်းဖြင့် ခုန်လိုက်သည်။ လိမ်တုတ်ကို တအားကုန်ပစ်သွင်းလိုက်သည်။

'ဒေါင်....ဖျောင်း'

တုတ်နှစ်ချောင်း၏ ပြင်းထန်လှသော ရိုက်မိသံပေါ်ထွက်လာသည်။ မောင်လေး၏ တုတ်အဖျားပိုင်းသည် တစ်ထွာခန့် ပြတ်ထွက်သွားသည်။ မရမ်းသီးလည်း ပက်လက်လန် လဲကျသွားသည်။

'ဖျောင်း...ဖျောင်း...ဒေါင်း....ဖျောင်း'

မရမ်းသီးကလည်း လျင်သည်။ သူက သူ့တုတ်ကို သူ့ရင်ဘတ်ရှေ့တွင် ထောက်လျက်ခံထားသည်။ သုံးလေးချက် ဖိ၍ စီး၍ ရိုက်သော မောင်လေး၏ ရိုက်ချက်များသည် မရမ်းသီး၏ ကိုယ်ကိုမထိဘဲ တုတ်ကိုသာထိသည်။

သည်မှာ ဒိုင်လူကြီးနှင့်အဖွဲ့က မောင်လေးကို လာ၍ ချုပ်ကိုင်လိုက်ကြသည်။ ဆက်ရိုက်၍ထိလျှင် မရမ်းသီး သေသွားနိုင်သည်။

မောင်လေး ဒေါသကြီးလွန်းသွားသည်။ တစ်ကွက်မှားသွားသည်။ သူသည် ကိုးကွက်စကြာနည်းကိုသုံး၍ လိမ်တုတ်ဖြင့်ရိုက်ပြီးနောက် ယခုကဲ့သို့ မရမ်းသီးကို စီး၍မရိုက်ဘဲ အောက်စတုတ်နှင့် ထိုးလိုက်လျှင် မရမ်းသီး၏ နံရိုးများ အပိုင်းပိုင်းကျိုးသွားမည် ဖြစ်သည်။

အောက်စတုတ်ဖြင့် မထိုးဘဲ ပတ်တုတ်ဖြင့် ဆွဲရိုက်လျှင်ကား မရမ်းသီး၏အသက်သည် ထိုင်လျက်ပင် ပွဲချင်းပြီးသွားနိုင်သည်။ အသက်ထွက်သွားနိုင်သည်။

ယခုမူ မိမိကိုထိထားသဖြင့် မွန်ထူနေ ဒေါသကြီးနေသော မောင်လေးသည် သုံးသင့်သော တုတ်ချက်များကို မသုံးမိဘဲ ဖြစ်နေသည်။

ပွဲပြီးသွားသည်။ မောင်လေး အနိုင်ရသည်။ သို့ရာတွင် မောင်လေးတစ်ယောက် ရှုံးရှုံးရှဲရှဲ ဖြစ်နေသည်။ မရမ်းသီးကို ကျိုးပဲ့သွားအောင် မလုပ်လိုက်ရသည့်အတွက် ဒေါသထွက်နေသည်။

'တောက် ကျုပ် တစ်ကွက်လိုသွားတယ်ဗျာ၊ ဒီခွေးလက်က ဘာကြောင့်များ ပတ်ရိုက်တုတ်ကို မသုံးမသလဲ မသိဘူး'

'ဆရာကြီး ဆရာကြီး၊ တော်လောက်ပါပြီဗျာ၊ တစ်ဖက်လူ လူစဉ် သူစဉ် မမှီဖြစ်သွားရင် မကောင်းပါဘူး၊ သူလည်း တော်တော်တော့ နာသွားပါတယ်၊ ဒီအတိုင်းသာထပ်ပြီး စက္ကန့်ပိုင်းလောက် လွှတ်ပေးထားလိုက်ရင် ဒီကောင် အရိုးနဲ့အသား တကွဲတပြားစီဖြစ်သွားမှာ'

မည်သို့ပင်ဖြစ်စေ မောင်လေး၏သတင်းသည် ကျုံးဒတ်နယ်တစ်ခွင်၌ ဟိုးဟိုးကျော်သွားသည်။ မရမ်းသီးကို မောင်လေးက ဆာတို့နှင့် တို့စားလိုက်ပြီ။ နွားချီးကို မြေသြဇာဖြစ်သွားစေပြီဟူ၍ ပြောစမှတ်ပြုနေကြပြီ။

ကျုံးဒတ်တွင် ကုလားတွေ ငြိမ်ကျသွားသည်။ လူလတ်ပိုင်းနှင့် လူငယ်ပိုင်းနှစ်ဆယ်ကျော်မျှ မောင်လေးထံတွင် ပညာလာသင်ကြသည်။ ပထမဆင့် လက်သိုင်း၊ တုတ်သိုင်းနှင့် ဓားသိုင်းကို မောင်လေးက သင်ပေးသည်။

ရက်နှစ်ဆယ်မျှ သင်ပေးပြီး မောင်လေးတစ်ယောက် ငွေထုပ်ပိုက်၍ ဇောတိကုန်းသို့ ပြန်လာခဲ့သည်။ အစ်ကိုဖြစ်သူ ကိုချစ်ထွေးနှင့် အစ်မများကို အကျိုးအကြောင်းပြောပြသည်။ ခင်ဖြိုးနှင့်ပတ်သက်သည့်အကြောင်း။

အစ်မအကြီးဆုံးဖြစ်သူနှင့် ကိုချစ်ထွေး နှစ်ယောက်သား မိဘအနေအထား ဖြင့် လိုက်ပါလာကြသည်။

ချောင်းကြီးသို့ရောက်လျှင် ရွာအဝင်ပေါက်မှ ကိုလှဖေအိမ်ဆီသို့ လျှောက် လာကြသည်။ မောင်လေး၏ စိတ်ထဲတွင် မြူးကြွသည်။ မိန်းမရတော့မည် ဖြစ်၍ ရင်ထဲတွင် ချစ်တီးဘုရားပွဲ လှည့်နေသည်။

'အဲဒီအိမ်ပဲအစ်ကို ကိုလှဖေရဲ့အိမ်'

အစ်ကိုဖြစ်သူကို မောင်လေးကဆိုသည်။ ကိုချစ်ထွေးရော အစ်မဖြစ်သူ ပါ အိမ်ရှေ့တွင်ရပ်လိုက်ကြသည်။

'ကိုလှဖေ…ဗျို့….ကိုလှဖေ'

မောင်လေးက လှေကားမှ အိမ်ပေါ်သို့တက်သွားသည်။ တံခါးများသည် ပွင့်လျက်ပင်ရှိနေသည်။ သို့ရာတွင် အိမ်ထဲ၌ကား ကိုလှဖေရော ဇနီးဖြစ်သူပါ တစ်ယောက်မျှမရှိ။ တစ်ယောက်မျှ မတွေ့ရ။

မောင်လေးက လသာဆောင်သို့ ပြန်ထွက်လာသည်။ လှေကားထိပ်မှနေ၍ ရွာထဲသို့ ဟိုဟိုသည်သည် လှမ်းကြည့်သည်။ လူတစ်ယောက် ပြေးလာနေသည် ကို တွေ့ရသည်။

မကြာမီ အနီးသို့ရောက်လာသည်။ ကိုလှဖေပင် ဖြစ်သည်။ အိမ်ရှေ့တွင် လူရောက်နေသည်ကိုတွေ့၍ ပြေးလာခြင်းပင်ဖြစ်သည်။

'ကိုလှဖေ ကိုလှဖေ အရေးထဲဗျာ၊ ခင်ဗျားက ဘယ်များသွားနေရတာလဲ'

'ဟင်…မောင်လေး….မောင်လေး…လာ၊ လာ ငါ့နောက်လိုက်ခဲ့…. လာ'

'ခင်ဗျား ဘယ်လိုဖြစ်နေတာလဲဗျ၊ မောကြီးပန်းကြီးနဲ့၊ ဒီမှာ ကျွန်တော့် အစ်ကိုတွေ အစ်မတွေပါ ပါလာတယ်လေ'

'သူတို့ကို အိမ်မှာ ခဏနေဖို့ ပြောထားခဲ့ပါကွာ၊ လာစမ်းပါ၊ မြန်မြန် ဆင်းခဲ့၊ မြန်မြန် လိုက်ခဲ့စမ်းပါ၊ မြန်မြန်လုပ်ကွာ၊ မြန်မြန်လုပ်'

ကိုလှဖေ ပြာယာခတ်နေသောကြောင့် မောင်လေးလည်း အိမ်ပေါ်မှ ပြေးဆင်းလိုက်သည်။

'အစ်မတို့ ခဏလောက်နေကြပါဦး၊ အိမ်ပေါ်တက်ကြပါ'

သူက ဒရောသောပါးပြောပြီး ကိုလှဖေနောက်သို့ လိုက်သွားသည်။ ကိုလှဖေက ပြေးနေသောကြောင့် သူလည်း ပြေး၍ဝင်လိုက်ရသည်။

'ဘာဖြစ်လို့လဲဗျ ကိုလှဖေ'

'ခင်ဖြိုးပေ့ါကွ၊ ခင်ဖြိုး....ခင်ဖြိုး'

'ဗျာ....ခင်ဖြိုး ဘာဖြစ်လို့လဲ၊ ခင်ဖြိုး ဘာဖြစ်လို့လဲ'

ခင်ဖြိုးဟူသောအသံ ကိုလှဖေထံမှ ထွက်လာသောကြောင့် မောင်လေး အလန့်တကြားဖြစ်သွားသည်။ စိုးရိမ်စိတ်ဝင်သွားသည်။ ဘာဖြစ်၍ ဘာဖြစ်နေမှန်း မသိသောကြောင့်လည်း အတွေးရ ပို၍ခက်သွားသည်။

တစ်စုံတစ်ခုသော ရေးကြီးခွင်ကျယ်ဖြစ်နေပြီ။ ကိုလှဖေ၏ အမူအရာကို မြင်ရခြင်းဖြင့် သည်လို မောင်လေး၊ နားလည်လိုက်သည်။

လမ်းတစ်ဆစ်ချိုး ကွေ့လိုက်ကြသော် ခင်ဖြိုး၏ အိမ်ရှေ့သို့ ရောက်သွားသည်။ အိမ်ဝိုင်းထဲသို့ ပြေးဝင်၊ အိမ်ပေါ်သို့ ပြေးတက်လိုက်ကြသောအခါ အိမ်ပေါ်၌ လူတွေ တပြုံကြီးရောက်နေသည်ကို တွေ့ရသည်။

'ဖယ်ကြ ဖယ်ကြစမ်း၊ လမ်းဖယ်ပေးကြ၊ မောင်လေးရောက်လာပြီ၊ မောင်လေး ရောက်လာပြီ'

ကိုလှဖေက ရှေ့မှ သည်လိုပြောပြီး လူတွေကို လမ်းဖယ်ခိုင်းသည်။ အိမ်ပြိုကျမတတ် ပြည့်ကြပ်နေသော်လည်း အားလုံးက တိတ်ဆိတ်ငြိမ်သက်နေသည်။ အလွယ်တကူပင် လမ်းဖယ်ပေးကြသည်။

မောင်လေးလည်း ကိုလှဖေနောက်မှကပ်၍ လိုက်သွားသည်။ အိမ်ထဲသို့ ရောက်သော် အိပ်ခန်းဆီသို့ သွားနေပြန်သည်။ ကိုလှဖေရော မောင်လေးပါ အိပ်ခန်းထဲသို့ ဝင်လိုက်ကြသည်။

မောင်လေး မျက်လုံးပြူးသွားသည်။ ရင်ထဲတွင် ထိတ်သွားသည်။ ရုတ်တရက် ရင်ဆို့သွားမတတ် ခံစားလိုက်ရသည်။

ခင်ဖြိုးသည် အိပ်ရာပေါ်တွင် ပက်လက်ကလေးလန်နေသည်။ မျက်တွင်း ဟောက်ပက်၊ မျက်နှာ ဖြူဖတ်ဖြူရော်ဖြင့် အရိုးပေါ် အရေတင်ဖြစ်နေသည်။ အစက ဂဂကစ်ကစ် တုတ်တုတ်ခဲ ခဲကလေးဖြစ်သော်လည်း ယခုသော် ဂါး ခြမ်းပြားကလေးပမာသာ ပါးပါးလှပ်လှပ်ကလေး ဖြစ်နေပြီ။

'ခင်ဖြိုး ခင်ဖြိုး မောင်လေး လာပြီ၊ မောင်လေး ရောက်လာပြီလေ'

ကိုလှဖေရော မောင်လေးပါ ခင်ဖြိုးအနီးတွင်ဂင်၍ ဒူးထောက်ထိုင်လိုက်ကြသည်။ ကိုလှဖေက ခေါ်သော်လည်း မှိတ်ထားသော ခင်ဖြိုး၏ မျက်လုံးများက ပွင့်မလာ။

'ခင်ဖြိုး ခင်ဖြိုး မောင်လေး ရောက်လာပြီ၊ မောင်လေး ရောက်လာပြီ'

ကိုလှဖေက သည်လို ထပ်ခါထပ်ခါ ခေါ်လိုက်မှ ခင်ဖြိုး၏ မျက်ခွံများ တဖြည်းဖြည်းလှုပ်လာသည်။ တော်တော်ပင်ကြာကာမှ မျက်လုံးအစုံ ပွင့်လာသည်။

'မခင်ဖြိုး မခင်ဖြိုး အစ်ကိုရောက်လာပြီလေ၊ ဘာမှ အားမငယ်နဲ့'

ခင်ဖြိုး၏မျက်လုံးအစုံတွင် ဂမ်းသာရပ်ကလေး ရုတ်တရက်သမ်းလာလျှမ်းလာသော်လည်း ရုတ်ခြည်းပင် ပြန်လည်ပျောက်ကွယ်သွားသည်။ မျက်လုံးထဲ၌ မျက်ရည်များ ချက်ချင်းပြည့်လျှံလာသည်။

'အစ်ကို…အစ်ကို'

သူမက အားတင်း အားခဲ၍ ခေါ်ပါသည်။ သို့ရာတွင် အသံကား ထွက်မလာတော့။ ပါးစပ်ကလေးသာ လှုပ်လာသည်။

ခင်ဖြိုးအနေဖြင့် မောင်လေးကို လွန်စွာစကားပြောချင်ပုံရသည်။ အားခဲ၍လည်းပြောသည်။ သို့သော်လည်း အားခွန်က ပြတ်နေပြီ။ နှုတ်ခမ်းကလေး အစုံသာ လှုပ်ရှုံမှု လှုပ်နိုင်တော့သည်။

မောင်လေးက ခင်ဖြိုး၏လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။ ခင်ဖြိုး၏မျက်နှာပေါ်တွင် အပြုံးရိပ်ကလေး ပေါ်လာပြန်သည်။ ထိုအပြုံးရိပ်သည် သူမ၏ နောက်ဆုံးအပြုံးရိပ်ကလေးပင်ဖြစ်သည်။ ထိုသို့ပြုံးပြီး မျက်လွှာနှစ်ခု ပြန်လည်ပိတ်သွားသောအခါ လည်ပင်းကလေးလည်း စောင်းသွားတော့သည်။ မျက်နှာသည် ဘယ်ဘက်သို့ လည်ဆင်းသွားတော့သည်။

အသက်ထွက်သွားခြင်းပေပင်။ လူ့လောကထဲမှ နောက်ဆုံး ထွက်ခွာသွားခြင်းပေပင်။

'မခင်ဖြိုး…မခင်ဖြိုး'

မောင်လေးက ဆင့်၍ဆင့်၍ ခေါ်သည်။ ခေါ်ရင်းခေါ်ရင်း ငိုသံပါလာသည်။ ကြေကွဲသံ၊ ယူကြုံးမရသံကြီး လွှမ်းလာသည်။

သိုင်းဆရာ သိုင်းသမား ပြောင်းပြန်သမားကြီး၏ မျက်လုံးအစုံမှ မျက်ရည်ပူများ တတွေတွေ စီးဆင်းလာသည်။

ရင်ထဲမှာဆို့ရပြီ။ အသည်းနှလုံးကို ဆွဲ၍ အကုတ်အဆွဲခံရသည့်ပမာ ခံစားရပြီ။

'ဘယ်လိုဖြစ်တာလဲဗျာ၊ ဘယ်လိုဖြစ်ကြတာလဲ ကိုလှဖေ'

သူက ဆို့နင့်အက်ကွဲသံကြီးဖြင့် ကိုလှဖေကိုမေးသည်။ ကိုလှဖေလည်း ဘာမှမဖြေနိုင်။ မောင်လေးကိုသာ ငိုင်ငိုင်ကြီး ငေး၍ကြည့်နေသည်။

'ပြောပါဦးဗျ၊ ပြောစမ်းပါ ကိုလှဖေ၊ ဘယ်လိုဖြစ်တာလဲဗျာ၊ကျုပ် ခရီးထွက်နေတဲ့ သုံးလအတွင်းမှာ အဖြစ်က မြန်လှချည်လားဗျာ'

မောင်လေးအနေဖြင့်သာ ဘာမျှ ဘာတစ်ခုမျှ မသိသေးသော်လည်း တစ်ရွာလုံးကမူ ခင်ဖြိုး၏အဖြစ်ကို သိပြီး နားလည်ပြီးဖြစ်နေကြသည်။

မောင်လေးက ကိုလှဖေကို မေးနေချိန်တွင် တစ်အိမ်လုံး ကြွက်ကြွက်ဆူကာ သောသောညံနေပါလေပြီ။ ခင်ဖြိုးမိခင်၏ အော်ဟစ်ငိုယိုသံ၊ ခင်ဖြိုးဖခင်၏ တောက်ခေါက်သံ၊ အခဲမကြေသံ၊ ခင်ဖြိုးဆွေမျိုးများ၏ ဂိုင်းအုံငိုကြွေးသံများ ဘဂင်လျှံမျှ ထွက်ပေါ်နေပါလေပြီ။

'အမလေး သမီးရဲ့၊ ရေတိမ်နစ်ပါပေါ့လား'

'တောက်...ကျုပ် အသည်းနာလိုက်တာဗျာ'

'တူမကြီးရေ၊ တူမကြီးရဲ့၊ မင်းရည်းစား မောင်လေးရောက်လာပြီလေ၊ သိုင်းဆရာကြီး ရောက်လာပြီကွဲ့ တူမကြီးရဲ့၊ ထနုတ်ဆက်ဦးလေ'

မောင်လေးက သူ့ခေါင်းကို ဖြစ်ဖြစ်ပါအောင် ကုတ်လိုက်သည်။ ယခု အချိန်ထိ သူဘာမျှ နားမလည်သေး။

'ကဲ၊ ထ...သူငယ်ချင်း၊ ခင်ဖြိုးအဖြစ်က ဒီမှာ ထပ်ပြောလို့ မသင့်တော်ဘူး'

ကိုလှဖေက မောင်လေး၏လက်ကိုဆွဲ၍ အပြင်သို့ခေါ်သည်။ မောင်လေး ယက်ကန်ယက်ကန်ဖြင့် ပါလာသည်။

အိမ်အောက်သို့ ဆင်းခဲ့ကြသည်။ လူရှင်းသော ခြံထောက့် တစ်နေရာတွင် ထိုက်လိုက်ကြသည်။

ကိုလှဖေဆင်း၍သာ လိုက်ဆင်းလာရသည်။ ကိုလှဖေ ထိုင်လိုက်သော

ကြောင့်သာ မောင်လေး ထိုင်လိုက်ရသည်။ သူကိုယ်တိုင်ကား သူ့ကိုယ်သူ ဘာတွေလုပ်၍ ဘာတွေဖြစ်နေမှန်းမသိ။ သူ့စိတ်အစဉ်က ခင်ဖြိုး၏ အလောင်းနားတွင် ကျန်နေရစ်ခဲ့ပြီ။ သူ့ကိုယ်ထဲတွင် ဝိညာဉ်မဲ့နေပြီ။ ကျောက်ဆစ်ရုပ်လို ဖြစ်နေပြီ။

'မောင်လေး.....သူငယ်ချင်း'

'ဟင်'

ကိုလှဖေက လက်ကိုဆွဲ၍ လှုပ်လိုက်မှ မောင်လေး သတိပြန်၍ဝင်လာသည်။ ကိုလှဖေကို ကြောင်ကြောင်ပြူးပြူးကြီး ကြည့်နေသည်။

'သတိထားပါ သူငယ်ချင်း၊ ငါပြောတာကို နားလည်အောင် ထောင်ပါ'

'အင်း'

'အတိုချုံးပြောရရင်တော့ ရင်ကျိုးစရာပဲကွာ၊ မင်း ထွက်သွားတော့ ခင်ဖြိုးကို ငါတို့လင်မယားက မင်းနဲ့စကြ၊ ပြောင်ကြတယ်၊ နောက်တော့ မင်းတို့နှစ်ယောက် သစ္စာကတိထားကြတာကို တစ်ရွာလုံးသိသွားတယ်၊ ကြားရဲ့လား သူငယ်ချင်း'

'အင်း'

'အဲဒီမှာ အဲ့ဒီအကြောင်းကို ကြက်ခိုးမှု ရာဇဝင်လူဆိုးဖြစ်မှုနဲ့ ထောင်ကျသွားတဲ့ ဂေါ်ယာတို့ညီအစ်ကို သုံးယောက်ရဲ့ အထွေးဆုံးညီ မောင်ဂျမ်းကပါ သိသွားတယ်၊ မင်းတို့ချင်း ချစ်ကြိုက်သွားကြပြီ၊ မင်းတို့ချင်း မကြာခင် မင်္ဂလာဆောင်ကြတော့မယ်ဆိုတဲ့ အကြောင်းပေါ့ သူငယ်ချင်း'

'အင်း'

'သူက မင်းကို စိတ်ထဲက နာကြည်းနေတယ်၊ သူ့အစ်ကိုတွေ ထောင်နန်းစံသွားရတာဟာ မင်းကြောင့်၊ မင်းပယောဂကြောင့် ထောင်ကျသွားကြရတယ်၊ ဒါကြောင့် မင်းကို လက်စားချေချင်စိတ်ဝင်နေတယ်'

'ဘယ်သူကွာ၊ ဘယ်သူ ဒီကောင့်နာမည်'

မောင်လေး ဆတ်ခနဲ လူးလွန့်လာသည်။ လည်လိမ်ခံထားရသော လဒကြီးပမာ ဝေါင်စင်းစင်းကြီး ဖြစ်နေရာမှ အလန့်တကြားပုံမျိုး ဖြစ်သွားသည်။

ဤပြဿနာ၊ ခင်ဖြိုး၏ ပြဿနာသည် မည်သို့မည်ပုံ ဖြစ်သွားခဲ့ကြောင်း မသိရသေးသော်လည်း၊ ဤပြဿနာ၌ တရားခံဖြစ်သူမှာ မောင်ဂျမ်းဖြစ်ကြောင်း နားလည်ခန့်မှန်းနိုင်ပြီဖြစ်သောကြောင့် ဖြစ်သည်။

'သူ့နာမည်က မောင်ဂျမ်းတဲ့'

'မောင်ဂျမ်း....မောင်ဂျမ်း'

မောင်လေးက မောင်ဂျမ်း၏အမည်ကို ရွတ်ဆိုကြည့်သည်။ စိတ်ထဲမှ သေချာအောင် မှတ်ထားလိုက်ခြင်းပင်။

'သူက အခုမှ အသက်နှစ်ဆယ်ပဲ ရှိသေးတယ်'

'တိုတိုပြောစမ်းပါ ကိုလှဖေရာ၊ မောင်ဂျမ်းက ခင်ဖြိုးကို ဘာလုပ်သလဲ'

'ထင်းခွေအပြန် တောစပ်မှာ ဓားထောက်ပြီး ခေါ်သွားတယ်'

'ကျုပ်ကို လက်စားချေချင်လို့ ကျုပ်ချစ်သူကို စော်ကားဖို့ ခေါ်သွားတယ် ဆိုပါစို့'

'ဟုတ်တယ်သူငယ်ချင်း၊ ခေါ်သွားပြီး ရက်ပေါင်းနှစ်ဆယ်လောက် ပျောက်နေကြတယ်၊ ဘယ်ကိုခေါ်သွားမှန်း ဘယ်သူမှ မသိကြဘူး၊ အမှန်က တော့ တောင်ပေါ်တဲတစ်တဲကို ခေါ်သွားတာ၊ အဲ့ဒီမှာ အဲဒီမှာ-'

'မယားတော်တယ် ဆိုပါတော့ဗျာ၊ ခင်ဖြိုးက အလိုမတူဘဲ ဘလက် ကာယ လုပ်တယ် ဆိုပါတော့ဗျာ'

'ဟုတ်တယ်သူငယ်ချင်း၊အဲ...အဲဒီလိုနဲ့ ပျောက်နေရာက တစ်နေ့ကျတော့ ခင်ဖြိုးကို ရွာစည်းရိုးနားမှာ တွေ့ကြရတယ်'

'အဆီကိုစား၊ အသားကိုမျိုလို့ ဆို့လို့ဂတော့ ပြန်ပို့လာတယ် ဆိုပါတော့'

ဒါကြောင့်တောင် မဟုတ်ဘူး သူငယ်ချင်း၊ ခင်ဖြိုးဟာ တောထဲက တဲ မှာ အပြင်းအထန်ဖျားနေတယ်၊ ငန်းဖမ်းတဲ့အဆင့် ရောက်နေတယ်၊ ဒါကြောင့် ဟိုကောင်က ညအချိန်မှာ လာပို့သွားတာ'

'ဒီကောင် ဘယ်မှာလဲ၊ ဒီကောင် အခု ဘယ်မှာလဲ'

'မရှိတော့ဘူး သူငယ်ချင်း၊ တစ်နေရာရာကို ထွက်သွားပြီ၊ ဒီမှာ သူမနေပံ့တော့ဘူး'

'ဒီကောင်မရှိရင် ဒီကောင့်မိဘတွေကို သတ်ရမယ်၊ လက်စားချေရမယ်'

'သူ့မိဘတွေလည်း သူငယ်ချင်းရန်ကိုရော ခင်ဖြိုးရဲ့မိဘ ဆွေမျိုးသား ချင်းတွေရဲ့ ရန်ကိုပါကြောက်လို့ ထွက်ပြေးသွားကြပြီ၊ ဒီရွာကို စွန့်ခွာသွားကြပြီ'

'တောက် ရာဇဝင်ရိုင်းလိုက်လေဗျာ'

မောင်လေးက နေရာမှ ပုန်းခနဲ ထလိုက်သည်။ အိမ်ဆီသို့ ပြေးသွား

သည်။ အိမ်တိုင်တစ်တိုင်နှင့် ပြေး၍ဆောင့်လိုက်သည်။ ပုန်းခနဲ ဦးခေါင်းနှင့်တိုင် ဆောင့်မိသွားသည်။ အိမ်တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားသည်။

'ပုန်း...ပုန်း...ပုန်း'

'ဟဲ့...ဆွဲကြပါဟ၊ ဆွဲကြပါ'

အိမ်ဝင်းအဝင်တွင် ထိုင်နေကြသော ယောကျ်ားများ အပြေးအလွှား ရောက်လာကြသည်။ မောင်လေးကို ဝိုင်း၍တွဲကြ ထူကြသည်။ မောင်လေးကား မြေပြင်တွင် မျက်နှာကိုအပ်ခါ တအစ်အစ် ငိုကြွေးတော့သည်။ ရှိုက်ကြီးတငင် ငိုကြွေးတော့သည်။

မိမိချစ်သူသည် မိမိအတွက် ဓားစာခံသွားရပါကော။ အပြစ်မရှိသော အားနွဲ့သောမိန်းကလေးတစ်ယောက်ကို မောင်ဂျမ်းသည် စော်ကားမော်ကား လုပ်သွားခဲ့ပါပကော။

ရက်စက်လိုက်သည်ဖြစ်ခြင်း၊ ယုတ်မာ ရိုင်းစိုင်းလိုက်သည်ဖြစ်ခြင်း မိန်းမဆံလွှန်းလိုက်သည့်ဖြစ်ခြင်း။

မောင်လေးက သူ့အံကိုသူ ကြိတ်ထား ခဲထားသည်။ ရှိသမျှအံသွားများ မှုန့်မှုန့်ညက်ညက် ကြေသွားတော့မည်လား ထင်မှားလောက်သည်။

'မောင်လေး မောင်လေး၊ သတိထား၊ သတိထားပါ သူငယ်ချင်း'

ကိုလှဖေက ဝင်၍တွဲသည်။ ထူသည်။ ရင်ထဲတွင် မီးတောက်ရပါပြီ။ အသည်းနှလုံးကို ငရဲမီးနှင့် အစားခံနေရပါပြီ။ အသည်းနှလုံးထဲတွင် ခံစားချက်တွေ ကျောက်သားကျောက်ဆောင်၊ စိန်သွား စိန်တောင်လို အမတေ တည်သွားရပါပြီ။

ကိုလှဖေက မောင်လေးကိုတွဲ၍ခေါ်သည်။ အခြားယောကျ်ားနှစ်ယောက် နှင့်အတူဖြစ်သည်။ ကိုလှဖေ၏နေအိမ်သို့ ပြန်ရောက်သည်အထိ ဖြစ်သည်။

မောင်လေး၏အဖြစ်ကို မြင်ရသောအခါ အမဖြစ်သူနှင့် အစ်ကိုဖြစ်သူ မျက်လုံးမျက်ဆံ ပြူးသွားကြရသည်။ အံ့အားသင့်ကာ ကြက်သေသေသွားကြ ရသည်။

မောင်လေးကမူ အသည်းလှိုက်အူလှိုက် ရှိုက်၍ရှိုက်၍ ငိုနေသည်။ ကိုလှဖေကသာ မောင်လေး၏ အစ်ကိုနှင့်အစ်မကို ကျိုးကြောင်းစုံလင် ရှင်းပြရသည်။

အစ်မရော အစ်ကိုပါ ငိုင်ဆင်းသွားကြသည်။ ဘာပြော၍ ဘာဆိုကာ ဘာလုပ်၍ ဘာကိုင်ရမည်မသိ ဖြစ်သွားကြသည်။

နောက်ပိုင်းတွင်မူ မောင်လေး ပို၍ပို၍ စိတ်ထိခိုက်ရသည်။ အံကြိတ်ရ ယူကြုံးမရ ဖြစ်ရသည်။

ငန်းဖမ်းနေသော ခင်ဖြိုး၏ငြီးသံကို ကြားရသောအခါ မိခင်ဖြစ်သူက သွားကြည့်သည်။ သမီးဖြစ်ကြောင်း တွေ့ရသောအခါ ငယ်သံပါအောင် အော်လိုက်သည်။

ငန်းဖမ်းခြင်းကာ ပျောက်သွားပါသည်။ သို့ရာတွင် ခင်ဖြိုး အားမရှိတော့ပြီ။ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေပြီ။

ငန်းဖမ်းနေစဉ်တွင်လည်း မောင်လေးကိုပင် ယောင်ယမ်း၍ တတွတ်တွတ်ခေါ်သည်။ ပြန်လည်သတိရလာသောအခါ၌လည်း မောင်လေးကိုပင် ခေါ်ပေးရန် တတွတ်တွတ်ပြောသည်။

မောင်လေးကို တမ်းတရင်း ရောဂါ ပို၍ပို၍ဆိုးလာသည်။ မောင်လေး နာမည်ကို ရွတ်ဆိုရင်းပင် အားခွန် ပို၍ပို၍ပြတ်လာသည်။ နောက်ဆုံးတွင် စကားပင် မပြောနိုင်တော့ပြီ။

အသည်းမကွဲဘဲ မောင်လေး ပသို့နေနိုင်ချေမည်နည်း။ ရင်မကျိုးဘဲ မောင်လေး ဘယ်သို့ရှိရချေမည်နည်း။

# ၁၆

အလေ့အကျင့်မလုပ်လျှင် အတတ်ပညာသည် အဆိပ်ဖြစ်၏ မကြေ
ညက်လျှင် အစာသည် အဆိပ်ဖြစ်၏။ ပညာမဲ့သူအတွက် ပွဲလယ်သဘင်
သည် အဆိပ်ဖြစ်၏။ လူအိုအတွက် မိန်းမပျိုသည် အဆိပ်ဖြစ်၏

သည်ကဲ့သို့ ဆိုစကားရှိ၏။ ပညာရှိ ရှေးသူဟောင်းတို့က မိန့်ဆိုခဲ့ကြ
၏။

အဆိပ်ဖြစ်ရုံမျှမက အဆိပ်တက်၍ သေလိုလျှင်သေ၊ မောင်လေးကား
သိုင်းကစားချင်စိတ်လည်း မရှိတော့။ သိုင်းဆရာဘဂဖြင့် သိုင်းပညာ ဖြန့်ဖြူး
ပေးလိုစိတ်လည်း မရှိတော့။ အလေ့အကျင့်ပင် ဆက်၍မလုပ်တော့။

သူ့မျက်လုံးအစုံသည် ခင်ဖြိုးကိုသာ မြင်ယောင်နေသည်။ သူ့စိတ်
နလုံးထဲမှာ ခင်ဖြိုးသာ ကိန်းအောင်းနေသည်။

သွားလေရာနှင့် ရောက်လေရာတွင် ခင်ဖြိုးသည် သူနှင့် ထက်ကြပ်မကွာ
လိုက်ပါနေသည်ဟု သူထင်သည်။

ခင်ဖြိုး မသေ။ ခင်ဖြိုးသည် လူ့လောကထဲတွင် အသက်ထင်ရှားရှိလျက်
ပင်ရှိနေသည်။ ခင်ဖြိုးကို မတွေ့တွေ့အောင်ရှာမည်။

သည်လို သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသည်။ ခင်ဖြိုးသည် သူ့မျက်မှောက်
သူ့ရှေ့တွင်ပင် အသက်ထွက်သွားခဲ့ခြင်း ဖြစ်သော်လည်း ခင်ဖြိုးသေပြီဟူ၍
သူ့နလုံးသားက အသိအမှတ်မပြု။

လွင့်မည်...လွင့်မည်။ ခြေဦးနှင့် ဒူးတည့်ရာကို သွားမည်။ ခင်ဖြိုးကို
လိုက်၍ရှာမည်။ သည်လို သူက ဆုံးဖြတ်ထားသည်။

တစ်နှစ်ကျော်ကာလက မိခင်ကြီး ဆုံးပါးခဲ့သည်။ ယခု ချစ်သူပါ ကွယ်လွန်သွားပြန်ပြီ။

သိုင်းသမား လူကြမ်းကြီးသည် နှစ်ကြိမ်နှစ်ခါ မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရပြီ။

လူက ကြမ်းသော်လည်း နှလုံးသားကမူ နုပါသည်။ ခန္ဓာကိုယ်သည် ခန္ဓာကိုယ်သာဖြစ်ပြီး နှလုံးသားမှာမူ နှလုံးသားသာ ဖြစ်လေသည် မဟုတ်လား။

အစ်မနှင့် အစ်ကိုဖြစ်သူက ချော့မော့၍ ခေါ်သောကြောင့် ဇောတိကုန်းသို့ ပြန်လည်လိုက်ပါလာရသည်။ စိတ်အစဉ်ကမူ အဝေးသို့သာ လွင့်ချင် လွင့်ချင်နေသည်။

ခင်ဖြိုး၏ရုပ်အလောင်းကိုကား မောင်လေးကိုယ်တိုင်ပင် ငွေကုန်ကြေးကျခံ၍ သဂြိုဟ်ခဲ့သည်။ ရွာနီးချုပ်စပ်မှ သံဃာအားလုံးကိုပင့်ဖိတ်သည်။ လှူဖွယ် ပစ္စည်းများဝယ်၍ အလှူပယ်လှူသည်။

အသုဘသို့ လာရောက်ကြသော ပရိသတ်များကိုလည်း ဂက်သား၊ အမဲသားဟင်းများဖြင့် အလှူပယ်ကျွေးသည်။ ပရိသတ်ကလည်း စည်ကားလှသည်။ ချောင်းကြီးရွာ၏ အသုဘအခမ်းအနားများတွင် အစည်ကားဆုံး အသိုက်မြိုက်ဆုံး ဖြစ်သွားသည်။

မောင်လေးတစ်ယောက် အရက်တစ်ပုလင်းပြီး တစ်ပုလင်းသောက်သည်။ မူးပြီး လဲသွား သတိမေ့သွားအောင် သောက်သည်။

သို့ရာတွင် မူးခြင်းမှာ မူခြင်းသာဖြစ်ပြီး ခံစာရချက်မှာ ခံစားရချက်သာဖြစ်သည်။

မူးသောကြောင့် ခံစားရသောဝေဒနာသည် ပျောက်ကွယ်မသွားချေ။ မူးခြင်းက တခြား၊ ခံစားရခြင်းက တခြား ဖြစ်နေသည်။

ခင်ဖြိုးကို သဂြိုဟ်ပြီး နောက်တစ်နေ့တွင်ပင် ဇောတိကုန်းသို့ ပြန်လာခဲ့ရသည်။

အစ်ကို အစ်မများအိမ်တွင် မနေ။ ရွာစပ်ရှိ မိမိ၏ အိမ်ကြီးတွင်သာ တစ်ယောက်တည်းနေသည်။

အရက်ပုလင်းတွေကို တောင်လိုပုံထားသည်။ နေ့ရောညရော နှစ်ဆယ့်

လေးနာရီကာလပတ်လုံး သောက်သည်။ အဆက်မပြတ် သောက်သည်။ အဆက်မပြတ်မူးသည်။

ထမင်းမုန်း ဟင်းမုန်းပင် မသိ။ အစ်မများကသာ ထမင်းဟင်းချက်၍ လာမပို့လျှင် ထမင်းပင် စားမိမည်မဟုတ်။

ရပ်သူရွာသားတွေက မောင်လေး၏အဖြစ်ကို တစေ့တစောင်းကြည့်ကာ အံ့သြကြသည်။ မောင်လေး၏အဖြစ်ကို မသိကြ။ မောင်လေးတစ်ယောက် ပျက်စီးပြီး လေလွင့်ရာမှ ပျက်စီးခြင်းမလှ ပျက်စီးခဲ့ပြီ။

အဖတ်ဆည်၍ မရနိုင်တော့ပြီ။ ပြုပြင်ပေး၍လည်း မရနိုင်တော့ပြီ။ သည်လို ထင်မှတ်လာကြသည်။

ရွာမှထွက်သွားရန် မောင်လေးကြိုးစားသည်။ သို့ရာတွင် အစ်ကိုဖြစ်သူက မောင်လေးတွင်ရှိသမျှ ငွေကြေးနှင့် အဝတ်အစားများကို ယူသွားသည်။ ထိန်း သိမ်းထားသည်။ မောင်လေး ထွက်သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

ဇောတိကုန်းသို့ ရောက်ရှိပြီး တတိယမြောက်နေ့တွင်ကား သူကြီးနှင့် မောင်ဆင်တို့နှစ်ယောက် မောင်လေးအိမ်သို့ တိတ်တဆိတ် ရောက်လာကြသည်။ ည ဆယ်နာရီခန့်တွင်ဖြစ်သည်။

'မောင်လေး...မောင်လေး...ထ....ထ.. ထပါဦးကွ'

အရက်မူးမူးဖြင့် အိပ်ပျော်နေသည့် မောင်လေးကို သူကြီးက နှိုးသည်။ လူကိုကိုင်၍ ဆွဲ၍လည်း မနိုးရဲ။ သိုင်းသမားဆိုသည် သူ၏အသားကို အထိခံရလျှင် ပုန်းခနဲ ထတတ်သည်။ သို့မဟုတ် ခြေလက်ဖြင့် ကန်တတ်ကျောက်တတ်သည်။

အခွန်းပေါင်းများစွာနှိုးမှ မောင်လေး နိုးလာသည်။ ဆတ်ခနဲ ထ၍ထိုင်သည်။ အိပ်မှုန်စုံမွှားဖြင့် ကြည့်သည်။

'ဟင်........သူကြီး.....သူကြီးပါလား'

'အေး....တိုးတိုးပြောပါကွ၊ လူကြားကုန်ပါ့မယ်'

'ဘာဖြစ်လို့၊ ဘာဖြစ်လို့လဲ သူကြီး'

'ထွန်းရှင်....ထွန်းရှင်ပျေါကွ'

'ဘယ်ထွန်းရှင်လဲ၊ တောင်ပိုင်းက ထွန်းရှင်လား'

'ဟုတ်တယ်၊ ဒီကောင် သိပ်ဆိုးနေပြီကွ မောင်လေးရ'

'ဘယ်လိုဆိုးတာလဲ သူကြီး'

'ဓားပြတိုက်တယ်၊ ပြန်ပေးဆွဲတယ်၊ မုဒိန်းကျင့်တယ်ကွာ၊ မကောင်းတာမှန်သမျှ အကုန်လုပ်တယ်'

'အို....ဒီလူ အရင်က လူကောင်းပါ'

'အခုတလောမှ ထပြီး သောင်းကျန်းနေတာကွ၊ ဒါပေမယ့် တို့ရွာကိုတော့ မနှောက်ယှက်ပါဘူး'

'နှောက်ယှက်လို့ကော ရမလားဗျ'

'အေး တခြားရွာတွေကိုသွားပြီး ဓားပြတိုက် ပြန်ပေးဆွဲလုပ်လုပ်နေတော့ ငါ့မှာ နာမည်ပျက်နေတယ်၊ မြို့အုပ်က ထွန်းရှင်ကို အမိဖမ်းပေးဖို့ ပြောနေတယ်၊ ပုလိပ်တွေကရောပေါ့ကွာ'

'ဒီတော့ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ'

'ထွန်းရှင်ကို ဖမ်းတဲ့နေရာမှာ အကူအညီပေးပါ မောင်လေးရာ၊ အသေရရ၊ အရှင်ရရ ဆုငွေ ငါးရာတောင် ထုတ်ထားတယ်'

'ဆုငွေကြောင့်တော့ လူတစ်ယောက်ကို မဖမ်းချင်ပါဘူး သူကြီးရာ'

'ဘာပဲဖြစ်ဖြစ်ကွာ၊ ငါ့မှာ အားကိုးစရာဆိုလို့ မင်းပဲရှိပါတယ်၊ ငါ့ကိုကူညီပါကွာ'

'ကူညီပါဆိုတော့ ထွန်းရှင်က ဘယ်မှာနေလို့ ဘယ်ကိုလိုက်ပြီး ဘယ်လိုဖမ်းရမှာလဲဗျ'

'သူ့မိန်းမက ယာတဲမှာ နေတယ်လေ၊ အနောက်ဘက်က သူတို့ယာတဲပေါ့၊ အဲဒီကိုတော့ ဒီကောင် လာလာနေတာ အမှန်ပဲကွ'

'လာမှန်းသိရဲ့နဲ့ သူကြီးတို့က သွားမဖမ်းကြဘူးလား'

'သွားချောင်းကြတာ နှစ်ခါရှိပြီကွ၊ လာမှန်းရှိနေမှန်း သိရဲ့နဲ့ ရှာလို့မရဘဲဖြစ်နေတယ်၊ အခုလဲ ငါလွှတ်ထားတဲ့လူတစ်ယောက်က လာပြောတယ်'

'ဘာတဲ့လဲ'

'ထွန်းရှင် သူ့တဲကို ပြန်ရောက်နေတယ်တဲ့'

'ကဲ...ဒါဆိုရင် ဘယ်တော့ သွားဖမ်းကြမလဲ'

'မနက်ပေလီပေလင်းမှာ သွားချောင်းချင်လို့ မင်းကို အကူအညီ လာတောင်းတာ'

'လိုက်မယ်ဗျာ၊ မနက်ကျတော့ လာခေါ်'

'ကျေးဇူးပဲပေါ့ မောင်လေး'

သူကြီးနှင့် မောင်ဆင် ပြန်သွားကြသည်။ မောင်လေးလည်း အရက်မူး ပြေသွားသည်။

ပြေသွားတော့ ပြန်သောက်သည်။ ပြန်သောက်တော့ ပြန်မူးသည်။ ပြန် မူးတော့ ပြန်အိပ်သည်။ တစ်ရှိ အိပ်ပျော်သွားပြန်သည်။

လေးနာရီထိုးတွင် သူကြီးနှင့် မောင်ဆင် ပြန်ရောက်လာသည်။ သည် တော့မှ မောင်လေး ပြန်၍ နိုးလာသည်။ ကမန်းကတန်း မျက်နှာသစ်သည်။

'ကဲ....သွားကြစို့ သူကြီး'

မောင်လေးက ဓားရှည်ကိုဆွဲယူပြီး ပြောသည်။ ဓားအိမ်ကား မပါ။ ဓား ချည်းသက်သက်ဖြစ်သည်။

သူကြီးနှင့် မောင်ဆင်အပြင် အခြားနှစ်ယောက်လည်း ပါသည်။ စုစု ပေါင်း ငါးယောက်ဖြစ်သည်။

တစ်နာရီခန့် လမ်းလျှောက်ကြရသည်။ ငါးနာရီကျော်ကျော်တွင် ထွန်း ရှင်၏ ယာတဲအနီးသို့ ချဉ်းကပ်မိကြသည်။

ပုန်းလျှိုးကွယ်လျှိုးဖြင့် တစ်လှမ်းချင်း ရှေ့သို့တိုးကြသည်။ သည်လို ချဉ်းကပ်ရတာသည်မှာ နာရီဝက်ခန့်ပင် ကြာသည်။

ထွန်းရှင်က ကြိုတင်မြင်သွား၍ မဖြစ်။ ထွန်းရှင်မှာက သေနတ်ရှိနေ သည်။ ဓားသမားနှင့် သေနတ်သမား၊ သေနတ်သမားက စတင်မြင်တွေ့သွား လျှင် မစားသာ။ မစားသာရေးချ မစားသာ ဖြစ်သွားနိုင်သည်။

ယာတဲဝန်းကျင်သည် ငြိမ်သက်တိတ်ဆိတ်၍နေသည်။ ခပ်လှမ်းလှမ်းမှ တောကြက်ဖတွန်သံ၊ ခါတွန်သံ၊ ချိုးကူသံများသာ ထွက်ပေါ်နေသည်။

တဲကို အာရုံစိုက်၍ ကြည့်နေကြသည်။ လူရိပ်လူယောင် မမြင်ရ။ တဲ တံခါးသည်လည်း အနည်းငယ်ဟ၍ နေသည်။

'ကျွန်တော် နောက်ဘက်က လှည့်ကြည့်မယ်'

မောင်လေးက သူကြီးကို ခြေဟန် လက်ဟန်ဖြင့် ပြောသည်။ သူကြီးက ခေါင်းညိတ်ပြသည်။

မောင်လေး တဲနောက်ဘက်သို့ တဖြည်းဖြည်းရွေ့သွားသည်။ တဲနောက် ဘက်သို့ ရောက်ရှိသွားသည်။ တဲနှင့် ဂါးတစ်ရိုက်ခန့်သာ ကွာသည်။

မုဆိုးဒူးထောက်ထိုင်၍ တဲဆိုသို့ မျက်ခြည်မပြတ် ကြည့်နေသည်။ တဲသည် တိတ်ဆိတ်မြဲ ငြိမ်သက်မြဲပင်။ လှုပ်သံ ရှားသံ တစ်စုံတစ်ရာ ထွက်ပေါ်လာခြင်းမရှိ။

သူက တဲမြောက်ဘက်စပ်ဆီသို့ လေးဖက်ထောက်၍ ရွေ့လျားသွားပြန်သည်။ ဟိုဟိုဒီဒီ ကြည့်လိုက်ပြန်သည်။

'ဟိုက်'

မောင်လေး ရင်ထဲတွင် ထိတ်သွားသည်။ ထွန်းရှင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ထွန်းရှင်သည် သူ့ရှေ့ဘက် ဆယ့်ငါးပေအကွာလောက်တွင် ရှိနေသည်။ သူ့ကို နောက်ကျောပေးထားသည်။ လုံချည်ကို ခြုံထားသည်။

သူ့ဘေးတွင် သူ့မိန်းမပါ ထိုင်နေသည်။ တွတ်တွတ်တွတ်တွတ်နှင့် တီးတိုးစကားပြောနေကြသည်။ ထွန်းရှင်၏ဘေးတွင် သေနတ်ကိုချထားသည်။

ထွန်းရှင် အာရုံစိုက်သည်မှာ တဲရှေ့ဘက်သို့သာဖြစ်သည်။ တဲရှေ့ဘက်သို့ မျက်နှာမူပြီး ထိုင်နေကြခြင်းဖြစ်သည်။

မောင်လေးက သူ့စိတ်ကို ဆုံးဖြတ်လိုက်သည်။ လွှားခနဲ ခုန်လိုက်သည်။ ဆူးတွေ ညောင့်တွေကို ဂရုမထား သတိမထားမိ၊ လျှပ်ပစ်သလို ခုန်လျက် ထွန်းရှင်ရှိရာသို့ ရောက်သွားသည်။ သေနတ်ကို ခြေတစ်ဖက်ဖြင့် နင်းလိုက်သည်။ ဓားဖြင့် ထွန်းရှင်ကို မိုးလိုက်သည်။

'ဟေ့...ထွန်းရှင် မင်းမလှုပ်နဲ့၊ လှုပ်ရင် အသက်ပျောက်သွားမယ်'

ထွန်းရှင် လန့်သွား ကြောင်သွားသည်။ အံ့သြသွားပုံလည်း ရသည်။

'ထ...မတ်တတ်ရပ်....မလှုပ်နဲ့'

မောင်လေးက သူ့ဘယ်လက်ဖြင့် ထွန်းရှင်၏ သေနတ်ကို ကောက်ကိုင်လိုက်သည်။ ဘယ်ဘက်ပခုံးတွင် လွယ်လိုက်သည်။ ဘယ်ဘက်လက်ဖြင့်ပင် ထွန်းရှင်လုံချည်စကို ဆွဲလိုက်သည်။

'သွား...မင်းရှေ့က သွား'

ထွန်းရှင် လုံချည် ကျွတ်လျက်ပင် ရှေ့မှသွားသည်။ လုံချည်ကို ဆွဲကိုင်လျက် မောင်လေးက နောက်မှလိုက်သည်။

ထွန်းရှင်တို့လင်မယားသည် အစက ပဲပင်များစိုက်ပျိုးသော 'ဂုတ်'တစ်ခု၏အောက်တွင် ခိုနေကြခြင်းဖြစ်သည်။

ယာတဲ၌ ပဲပင်စိုက်လျှင် မြောင်းဖော်၍ ဘောင်တင်ရသည်။ ဘောင်၏ တစ်ဖက်တစ်ချက်တွင်မှ သစ်ခက် ဝါးခက်များကို ထိုးစိုက်ရသည်။ သစ်ခက် ဝါးခက်များ၏ အဖျားများသည် တဲခေါင်မိုးပမာ အဖျားချင်းယှက်နေကြသည်။ ထိုသို့ပြုလုပ်ခြင်းကို 'ဂုတ်' လုပ်သည်ဟု ခေါ်သည်။

ပဲတုံးချိန်၌ ပဲခင်းထဲတွင် ပေါင်းပင် နွယ်ပင်များ ပေါက်နေကြပြီး 'ဂုတ်' ပေါ်တွင် ပဲပင်များ အစားယှက်မိုးနွယ်လိမ်၍နေကြသည်။ ထို 'ဂုတ်' အောက်တွင် လင်မယားနှစ်ယောက် ဂင်၍ ခိုနေကြခြင်းဖြစ်သည်။

ယခုတော့ ထွန်းရှင်ကိုမိပြီ။ သေနတ်လည်းရပြီ။ မောင်လေးက ထွန်းရှင် ကို ဓားမိုး၍ခေါ်လာပြီ။

'သူကြီး....သူကြီး...ထွန်းရှင်ကို မိပြီ၊ လာ....လာ ဒီကိုလာ'

မောင်လေးက လှမ်းအော်၍ပြောသည်။ သူကြီးပါ သူတို့နှစ်ယောက် အနီးသို့ ရောက်လာသည်။

လှည်းလမ်းကြောင်းသို့ ရောက်လာကြသည်။

'ကျုပ် လုံချည်ဂတ်ချင်တယ်ဗျာ ကိုမောင်လေး'

'ဂတ်....ဂတ်ချင်ရင်ဂတ်'

မောင်လေးက ခွင့်ပြုသည်။ ထွန်းရှင်က လုံချည်ဂတ်ချင်ယောင်ဆောင် ပြီး လှအားခနဲ ရှေ့သို့ခုန်လိုက်သည်။

'ဂိုး....ပြန်း'

ထွန်းရှင် ခုန်ထွက်အပြေးတွင် မောင်လေးက ဓားနင့်လှမ်းခုတ်လိုက်သည်။ လူကိုမထိ၊ လုံချည်ကိုသာထိသည်။ လုံချည် ပြန်ခနဲ ကွဲသွားသည်။ ထွန်းရှင် နောက်သို့ တန်းလန်းတန်းလန်းဖြင့် ပါသွားသည်။

'လိုက်ဟေ့....လိုက်လိုက်...ထွက်ပြေးသွားပြီ...ထွက်ပြေးပြီ'

ထွန်းရှင်က ရှေ့သို့ထွက်ပြေးသည်။ မောင်လေးရော သူကြီးရော မောင်ဆင်ပါ ပြေး၍လိုက်ကြသည်။ မောင်လေး ထွန်းရှင်ကို မမိနိုင်ဖြစ်နေ သည်။ သူ့ပခုံးတွင် သေနတ်ကို လွယ်ထားရသောကြောင့် ဖြစ်သည်။

နောက်မှ ပြေးလိုက်နေသူမှာ မောင်ဆင်ဖြစ်သည်။ ထွန်းရှင်တစ်ယောက် သေပြေးရှင်ပြေး ပြေးနေသည်။ပြေးရင်း ပြေးရင်း လုံချည်စကို တက်နင်းမိသည်။ မြေပြင်ပေါ်သို့ ထွေးခနဲ လဲကျသွားသည်။

သည်မှာ မောင်လေး မိသွားသည်။ ထွန်ရှင်ကို ဓားဖြင့် ထပ်မံ၍ မိုးလိုက်သည်။

'ဟော့ကောင် ထ တစ်ရွာတည်းသားဆိုပြီး မင်းကို မသတ်ချင်လို့ ညှာနေတာ။ မင်းကို အသေမိမိ အရှင်မိမိ ဆုငွေက ငါးရာပဲ၊ မင်းကို သတ်ပြီး ယူသွားလည်း ငါးရာပဲ၊ မင်းတော်တော် သေချင်နေပြီနဲ့တူတယ်'

ထွန်းရှင် လုံချည်စကို နင်းပြီး လဲအကျ၌ မောင်ဆင်သည် အရှိန်ဖြင့် ရှေ့သို့ ကျော်တက်သွားသည်။ သူ့ကိုယ်ရှိန်ကို သူသတ်၍ မရဖြစ်နေသည်။ သည်မှာ မောင်လေးက မီသွားခြင်းဖြင့်သည်။ သူကြီးကား ခပ်လှမ်းလှမ်းတွင် ကျန်ရစ်ခဲ့သည်။

ထွန်းရှင် ပြန်အထတွင် မောင်လေးက ထွန်းရှင်၏ လုံချည်စကို ဆွဲလိုက်သည်။ ထွန်ရှင်က မောင်လေး၏ ဓားကိုလုသည်။ ရှမ်းကြီးသိုင်း တတ်ထားသူဖြစ်သောကြောင့် ရဲတင်းစွာပင်လုသည်။

ထွန်းရှင်၏လက်က မောင်လေး ဓားကိုင်ထားသော ညာလက်ကို လာ၍ကိုင်သည်။ မောင်လေးက သူ့ဘယ်လက်ဖြင့် ထွန်းရှင်၏ လက်ကို ခုတ်ချလိုက်သောအခါ မောင်လေး၏ ညာလက် လွပ်လပ်သွားသည်။ ညာလက်တွင် ကိုင်ထားသောဓားဖြင့် ထွန်းရှင်ကို ခုတ်ချလိုက်သည်။

'ဒုတ်'

ဓားသွားထိသံ ထွက်ပေါ်လာသည်။ သို့ရာတွင် ထွန်းရှင်က မောင်လေး၏ ဓားကို ထပ်မံလုသည်။ မောင်လေးက ဆက်ခုတ်သည်။ ထပ်မံထိ၍ သွားသည်။ ထွန်းရှင် လဲကျသွားသည်။

မောင်လေး ထွန်းရှင်၏ ဇက်ကို အားယူပြီးအခုတ်။

'မသတ်နဲ့ သေအောင်မသတ်နဲ့ သေအောင်မသတ်နဲ့'

နောက်ဘက်မှ သူကြီး၏ အော်သံကြီး ထွက်ပေါ်လာသည်။ မောင်လေးက လက်ကိုပြန်ဆပြီး မနည်းပင် တုံ့လိုက် တန့်လိုက်ရသည်။ ထွန်းရှင်၏ လည်ပင်းနှင့် လက်လေးသစ်ခန့်အကွာတွင် ဓားသည် ရပ်တန့်သွားသည်။

မောင်လေး စိတ်မကောင်း ဖြစ်ရသည်။ ထွန်းရှင်၏ ပခုံးတွင်လည်း ဒုတိယဓားချက်က ထိသွားပြီ။ ဟက်တက်ကြီးဖြစ်နေသည်။ သွေးတွေ ဒလဟော စီးကျနေသည်။

ထွန်းရှင်ကို ရွာထဲသို့ ခေါ်သွားကြသည်။ တစ်ရွာလုံး ဝိုင်း၍ ကြည့်ကြသည်။ အကြောင်းစုံကို သိရလေသော် မောင်လေး၏ သတ္တိကို ချီးကျူးကြသည်။ အရှင်ဖမ်းပါလျက် အာခံ အံတုသောကြောင့် ယခုလို ဖြစ်ရခြင်း အတွက် ထွန်းရှင်ကို ဘယ်သူမျှ မသနားကြ။

မောင်လေး၏ သတင်းသည် ဂန်းကျင်တစ်ခိုသို့ ပြန့်လွင့်သွားသည်။ မောင်လေးကား နယ်နယ်ရရမဟုတ်။ သတ္တိရှိသူ၊ ထက်မြက်သူအဖြစ် အားလုံးက အသိအမှတ်ပြုသွားကြရသည်။

ထွန်းရှင်ကို ဖမ်းမိသည့်အတွက် ဌာနအုပ်က ဆုငွေခြောက်ရာ ထုတ်ပေးသည်။ သတ်မှတ်ထားသည်ထက် တစ်ရာပိုပေးခြင်း ဖြစ်သည်။ နာမည်ကောင်း လက်မှတ်တစ်ခုလည်း ပေးသည်။

အမျိုးဘာသာ သာသနာကို မိမိ၏ ပညာဖြင့် ကာကွယ်ရမည်။ ဤသည်မှာ မောင်လေး၏ ရည်ရွယ်ချက် ဖြစ်သည်။ ဆရာကြီး ဆရာချယ်က လည်း သည်အတိုင်းပင် မိန့်ကြားသွားခဲ့သည်။

တကယ်တမ်း တွေးကြည့်တော့ သေနတ်သမားကို ဓားဖြင့် အနိုင်ယူရခြင်းကား မလွယ်ကူလှသော အလုပ်ပင် ဖြစ်သည်။ သေနတ်သမားကိုယ်တိုင်ကလည်း ခေသူမဟုတ်။ သိုင်းပါတတ်ထားသူ မဟုတ်လား။

တစ်ရွာလုံးက မောင်လေး၏ သတ္တိကို ချီးကျူးကြသော်လည်း မောင်လေး၏ သတ္တိကို အသိအမှတ်မပြုသူ တစ်ယောက်လည်း ရှိနေသည်။ သူကား ဇောတိကုန်းရွာ၏ ကွမ်းတောင်ကိုင် အလှပဂေးမလေး အေးရွှေပင်ဖြစ်သည်။

'ဟော့ မိုက်ရူးရဲ မိုက်ရူးရဲ'

မောင်လေးနှင့် ရေချပ်ဆိပ်တွင် တွေ့လျှင် အေးရွှေက မောင်လေးကို ဆိုသည်။ ရေချပ်ဆိပ် ရေချိုးဆိပ်တွင် အခြား မိန်းကလေးများ ကာလသာ များကလည်း ရှိနေသည်။

'အေး မိုက်ရူးရဲက နင့်ကိုပါ ရအောင်ယူပြမယ်'

'ဟင်း ဟင်း ဟင်း ဟင်း ခစ် ခစ် ခစ် ခစ် နင့်ကို မိုက်ရူးရဲကိုလား ငါက ကြိုက်မှာ'

'နင်က ငါ့ကို ကြိုက်တာမကြိုက်တာက ငါ့အလုပ်မဟုတ်ဘူး၊ နင့်ကို ရအောင် ယူရမှာသာ ငါ့အလုပ်'

မောင်လေး၏ စကားကြောင့် ကာလသား ကာလသမီးများ ဂါးခနဲ ရယ်မောလိုက်ကြသည်။

'ငါ့ကို မတရားလုပ်ရင် နင့်ပါး ကျိုးသွားမှာပေါ့'

'ငါ့ပါးပဲ ကျိုးမလား နင့်ပါးကိုပဲ ငါနမ်းရမလားဆိုတာ စောင့်ကြည့်ဦး ပေါ့ အေးရွှေရ'

'အမယ်လေးလေး ကြားရရုံနဲ့ ငါ့ပါး သနလိုက်တာ'

'ဟ နင့်ပါးက အနမ်းခံဖို့ကလွဲရင် ဘာများ အသုံးကျမှာမို့လဲ အေးရွှေ'

'နင့်လို မိုက်ရူးရဲရဲ့ အနမ်းကို ခံမယ့်အစားတော့ ဓားနဲ့ ငါ့မျက်နှာကို မွှန်းပစ်လိုက်မယ်ဟေ့ မိုက်ရူးရဲရဲ့'

'နင်ဟာ လူလဲမိုက်ရိုင်းတယ်၊ စကားပြောလည်း မိုက်ရိုင်းတယ်၊ စိတ်နေ စိတ်ထားလဲ မိုက်ရိုင်းတယ်၊ နင့်လိုကောင်မျိုးကို မှန်းဖို့ဆိုတာ ဂေလာဂေး စိတ်ကူးထဲတောင် မထည့်ဘူး၊ အိပ်မက်ထဲတောင် မမက်ဘူး'

'နင်က မမက်ပေမယ့် ငါက မက်တယ်ဟာ၊ နင်က မချစ်ပေမယ့် ငါက ချစ်တယ်ဟာ၊ အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ မရှိဘူး၊ စစ်မှာနိုင်ဖို့၊ အချစ်ရေးမှာ ကိုယ်ချစ်တဲ့လူကို ရဖို့ပဲ အရေးကြီးတယ်'

'ဒါဆိုရင် စမ်းကြည့်လေ၊ အခုစမ်းကြည့်ပါလား'

'နင့်ကို စမ်းကြည့်လို့ ဘယ်ရမလဲ၊ နင်က ခြင်ထောင်အပြင်ဘက် ရောက်နေတာကိုး'

'သေချင်းဆိုး၊ လူက မိုက်ရူးရဲဆန်သလောက် စကားကျတော့ ငါ့စကား နွားရ အမြဲပြောတယ်'

'ဟဲ့ အေးရွှေ နင်ကိုတွေ့တိုင်း ငါဘယ်တုန်းကများ စကားစပြောဖူး သလဲ၊ နင်ကသာ ငါ့ကို အမြဲတမ်းစပြီး ပြောတယ်မဟုတ်လား၊ ဒါဟာ သက်သေ တစ်ခုပဲ'

'ဘာသက်သေလဲ'

'ငါက စကာစ မပြောတာဟာ နင့်ကို ငါက စိတ်မဝင်စားလို့၊ ငါ့ကို နင်ကစပြီး ပြောတာဟာ နင်က ငါ့ကို စိတ်ဝင်စားနေလို့'

'အလိုလေးတော် အမဲရိုးနယ် ဟင်းအိုးမှ အားမနာ'

'ဘာအားနာစရာ ရှိသလဲဟ၊ ဟင်းအိုးဆိုတာ အသားချည်းချက်ဖို့မှ မဟုတ်တာ၊ အရိုးပြုတ်လို့လဲ ရတာပဲ၊ အရိုးမှာက ချဉ်ဆီရှိတယ်၊ စားကြည့်ရင် အသားထက် အရသာရှိတယ်၊ ကဲ ကောင်မ လိုက်ခဲ့တော့မလား ငါ့နောက် ကို အခုပဲ'

'ကဲ ပြောဦး ပြောဦး'

အေးရွှေ ဒေါသထွက်လာသည်။ အနားတွင်ရှိသော ဂါးလုံးခြောက်ဖြင့် မောင်လေးကို ရိုက်သည်။

'ဟား ဟား ဟား ဟား ဟဲ ဟဲ ဟဲ ဟဲ'

မောင်လေးက သဘောကျစွာ ရယ်မောရင်း အေးရွှေ၏ တုတ်ကို သိုင်းကွက်ဖြင့် ရှောင်သည်။ ရှမ်းကြီးသိုင်းကွက်ဖြင့် မဟုတ်။ ပြောင်းပြန်သိုင်း ကွက်ဖြင့် ရှောင်တိမ်းနေခြင်း ဖြစ်သည်။

ကာလသား ကာလသမီးတွေ တဝါးဝါး တဟားဟား ပွဲကျနေကြ သည်။ အေးရွှေ၏ တုတ်တချက်များက မောင်လေးကို တစ်ချက်မျှ မထိ။ အေး ရွှေ၏ မျက်လုံးအစုံတွင် မျက်ရည်ကလေးများပင် စို့လာသည်။ ရှက်စိတ် ဝင်လာသည်။ မောဟိုက်လာသည်။

'ကဲ အေးရွှေ နင်ငါ့ကို ရိုက်နေလို့ အချည်းနှီးပဲ၊ နင် ငါ့ကို တကယ် မုန်းသလား ပြော'

'မုန်းတယ် မုန်းတယ်'

'ကဲ မုန်းရင်လဲ ရိုက်ဟာ၊ ကဲ သေအောင်ရိုက် ငါမရှောင်ဘူး'

မောင်လေးက အေးရွှေအနီးသို့ ကပ်ပြီးနောက် ကျောပေး၍ ရပ်နေသည်။ အေးရွှေက တကယ်ပင် ရိုက်သည်။ ဂါးလုံးခြောက်ဖြင့် ဆင့်၍ ဆင့်၍ ရိုက်သည်။

'ဖျောင်း ဖျောင်း ဖျောင်း ဖျောင်း'

ရိုက်သူသာ မောလာသည်။ မောင်လေးကား မလှုပ်။ ကြိုက်သလောက် ရိုက်နေသည်ကို ငြိမ်ခံနေသည်။ တော်တော်ပင်ကြာမှ အသံသြသြကြီးဖြင့် ရယ်သည်။

'ဟား ဟား ဟား ဟား အေးရွှေ နင့် ဂါးလုံးခြောက်က ပေါ့ပေါ့လေးဟ၊ ဒီလိုဂါးလုံးမျိုးနဲ့ ရိုက်လို့ကတော့ ငါ့ကိုယ်ခန္ဓာဟာ ဂါဝွမ်းကလေးနဲ့ အပေါက်ခံရသလိုပဲ ရှိမှာပေါ့'

'နွားလိုကျွဲလို လူမျိုးကိုး၊ နွားကန်နဲ့ ရိုက်တာတောင် ဘယ်ဖြုန်မလဲ'

'အေးပါဟာ တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့၊ နင်က ငါ့ကို အခြောက်တိုက် မုန်းနေသလိုပါပဲ၊ ငါကလည်း နင့်ကို မေတ္တာမရှိပါဘူး။ ငါ့မေတ္တာဟာ ရုပ်ရည် လှပမှုပေါ်မှာ မငြိတွယ်ဘူး၊ စိတ်သဘောထား လှပမှုပေါ်မှာသာ ငြိတွယ် ချင် ငြိတွယ်မယ်၊ နင်က လှတော့လှပါတယ်၊ လှသလောက် အလှမာန် ဂင့်တယ်၊ သွေးကြီးတယ်၊ ဘဂင်လေဟပ်တယ်၊ စိတ်နလုံးပုပ်တယ်၊ အဲဒီလို မိန်းကလေးမျိုးကို ငါ ဘယ်တော့မှ စိတ်မဂင်စားဘူး၊ ရေချိုးတော့မယ်ဟေ့ စိတ်ပုပ်မရဲ့'

မောင်လေးက သည်လိုပြောပြီး စမ်းချောင်းထဲသို့ ပြေးဆင်းသွားသည်။

# ၁၇

မောင်လေးက ရေချိုးရင်း ပြုံးမိသည်။ ကွမ်းတောင်ကိုင်မလေးသည် ရေအိုးကိုရွက်ပြီး ဖောင့်ခနဲ ဖောင့်ခနဲ နင်း၍ ထွက်သွားသည်ကို မြင်ရသောကြောင့် ဖြစ်သည်။

ဘယ်လိုပါရမီလဲ မသိ။ ဤကလေးမသည် တွေ့တိုင်း၊ မျက်နှာချင်းဆိုင်တိုင်း မိမိကိုပင် ရန်လုပ်လေ့ရှိသည်။ ရန်လုပ်တိုင်းလည်း သူမသည်ပင် ရှုံးနိမ့်သွားရမြဲ၊ စိတ်ဆိုးပြီး ထွက်သွားရမြဲ ဖြစ်သည်။

သို့လျက်နှင့် နောက်တစ်ကြိမ် တွေ့လျှင်လည်း သည်ကဲ့သို့ပင် ရန်လုပ်ပြန်သည်။ ငယ်ငယ်ကတည်းကပင် မျက်နှာကြော မတည့်ခဲ့ကြ။

တစ်ရွာလုံးတွင် မိန်းမပျိုကလေးများ တစ်ထမ်းကြီး တစ်ပြုံကြီးရှိသည်။

သို့သော်လည်း သူ့အနေဖြင့် ဘယ်သူ့ကိုမှ ဟက်ဟက်ပက်ပက် စကားပြောဖူးခြင်းမရှိ၊ သူနှင့် စကားပြောဖက်မှာ အေးရွှေတစ်ယောက်သာ ရှိသည်။

ပြောကြတိုင်းလည်း အကောင်းစကား တစ်ခွန်းမှမပါ။ စကားနာထိုးခြင်း၊ မို့ချိုးမျှစ်ချိုး ပြောကြခြင်းသာ ဖြစ်သည်။

ငယ်ငယ်ကတည်းက ပြောခဲ့ကြသည်မှာ ယခု လူပျိုကြီး အပျိုကြီးဖားဖား ဖြစ်လာကြချိန်ထိပင် ဖြစ်သည်။

အေးရွှေနှင့် ခွန်းတုံ့ ခွန်းလှယ် ပြောလိုက်ရခြင်းကြောင့် မောင်လေး ပျော်သလိုလို ရှိလာသည်။ ရုတ်တရက် အတောအတွင်း ခင်ဖြိုးကိုပင် မေ့လျော့သွားသည်။ ရင်ထဲအသည်းနှလုံးထဲတွင် အမြဲခိုအောင်းနေသော သောကဗျာပါဒများကို မေ့လျော့သွားသည်။

လေကလေး တချွန်ချွန်ဖြင့် ပြန်လာသည်။ အစ်မကြီး၏ နေအိမ်တွင် ဝင်၍ ထမင်းစားသည်။ အစ်မကြီးဖြစ်သူက သူ့ကို ယခင် ငယ်စဉ်ကလိုပင် တယုတယ ထမင်းပြင်၍ ကျွေးသည်။

'ဟဲ ဟဲ ဟဲ မမကြီး ကျွန်တော် အေးရွှေကို စလွှတ်လိုက်တယ်'

'ဟင် အေးရွှေကို ဟုတ်လား၊ မောင်လေး'

'ဟုတ်တယ်'

'အေး နင်တို့လင်မယားကတော့ အခုထက်ထိ ရန်ဖြစ်နေကြတုန်းပဲလား၊ ယူရင်လဲ ယူလိုက်ကြပါလား'

'အမယ်လေးလေး မလုပ်ပါနဲ့ မမကြီးရာ၊ ဒီလိုကောင်မ ကတ်ကတ်လန် ဇတ်ဇတ်ကြဲမျိုးလေးကို မယူချင်ပါဘူး၊ သူကလဲ မကြိုက်ပါဘူး'

'သူက ကြိုက်ရင်ရော မောင်လေးက ယူမှာလား'

'မယူရဲပါဘူးဗျာ စုန်းမကို အိမ်ပေါ်တင်ထားရသလို ဖြစ်မှာပေါ့'

'ကောင်မလေးက မဆိုးပါဘူးဟယ်၊ လှလဲလှ၊ စိတ်သဘောထားလဲ ကောင်းပါတယ်၊ သူ့ကို ကြိုက်တဲ့လူတွေ ဂိုင်းဂိုင်းလည်နေကြတာ'

'အဲဒီအထဲမှာ ကျွန်တော်မပါပါဘူးဗျာ၊ ကဲ ထမင်းဝပြီ၊ ကျွန်တော် သွားတော့မယ်'

'ဟဲ့ ထမင်းစားတာကလဲ နည်းလှချေလား မောင်လေးရဲ့'

'မနည်းပါဘူး မမကြီးရာ၊ အဲဒါ အခု တော်တော်များများ ပြန်စား လာနိုင်တာ၊ သွားမယ် သွားတော့မယ် မမကြီး'

'အေး အေး ညနေစာလဲ ဒီမှာလာစားနော်၊ ဟဲ့ မောင်လေး'

'ဘာလဲ မမကြီး'

'နင့်အစ်ကို ချစ်ထွေးတောင် နွားတွေသွားဂယ်တယ်၊ နင်ဆုရတဲ့ ငွေ တွေနဲ့ပေါ့'

'သူ့ဟာသူ လုပ်ချင်တာလုပ်ပါစေ မမကြီးရယ်၊ ကျွန်တော် စိတ်မ ဝင်စားပါဘူး'

'နင်စိတ်လေလေနဲ့ ရမ်းကားမှာ သုံးဖြုန်းမှာစိုးလို့၊ အရင်က နင့်မှာပါ လာတဲ့ ငွေတွေလဲ ကျွဲတွေနွားတွေပဲ အကုန်ဂယ်ထားတာ'

'ကျွန်တော်သိပါတယ်၊ အစ်ကိုက ကျွန်တော် လေလွင့်သွားမှာ စိုးတယ်'

ဒါပေမယ့် ကျွန်တော်ကလဲ လေလွင့်ဦးမှာပါပဲ၊ ကျွန်တော် ဒီမှာမနေချင်ဘူး'

'ဒီလိုမလုပ်ပါနဲ့ မောင်လေးရယ်၊ ဖြစ်ပြီးခဲ့တာတွေ မေ့လိုက်ပါ'

'မေ့ချင်တာပေါ့ မမကြီးရယ်၊ ဒါပေမယ့် မေ့ချင်တိုင်းမေ့လို့ မရတဲ့ ကိစ္စမျိုးကျတော့ မေ့ပစ်လိုက်ချင်ပေမယ့် ဘယ်မှာ မေ့လို့ရပ့ါမလဲ'

မောင်လေးတစ်ယောက် အစ်မဖြစ်သူ၏ နေအိမ်မှ ဆင်း၍လာသည်။ ရွာစွန်ရှိ မိမိနေအိမ်သို့ ရောက်ရှိလာသည်။

အရက်တစ်ပုလင်း ထောင်၍ သောက်ပြန်သည်။ မကြာမီ ရီဝေရီဝေ ဖြစ်လာသည်။

ခင်ဖြိုးကို သတိရပြန်သည်။ သည်မှာ သူက သူ့လွယ်အိတ်ကို ဆွဲ၍ ယူသည်။ လွယ်အိတ်ထဲသို့ အဂတ်အစား နစ်စုံ ထည့်သည်။ အိတ်ကပ်ထဲ မှ ပိုက်ဆံကို ထုတ်၍ ကြည့်သည်။ တစ်ဆယ်သာ ကျန်တော့သည်။

သူက ဘုရားစင်ရှေ့တွင် ထိုင်ပြီး ဘုရားကို ဂတ်ပြုသည်။ ဆရာကြီး ဆရာချယ်၏ အမည်နာမကိုလည်း ထည့်သွင်း ရွတ်ဆိုသည်။

ပြီးနောက် အိမ်ပေါ်မှ ဆင်း၍လာသည်။ သူ့ခြေလှမ်းများသည် တွံတေး ဘက်သို့ ဦးတည်နေသည်။

ဇောတိကုန်းမှ ဒုတိယအကြိမ် ထွက်ခွာလာခြင်းပင်။

ရွာအထွက်တွင် တိုက်တိုက်ဆိုင်ဆိုင် အေးရွှေနှင့် သွား၍တွေ့သည်။ မောင်လေးကိုမြင်လျှင် မျက်နာကို တစ်ဖက်သို့ လှည့်လိုက်သည်။ နှုတ်ခမ်းအစုံ လည်း စူသွားသည်။

သည်တစ်ခါတော့ မောင်လေးကပင် စ၍ စကားပြောသည်။

'အေးရွှေ...'

အေးရွှေက မထူး၊ မောင်လေးကို နောက်ကျောပေးမြဲ ပေးထားသည်။ မထူး။

'နင်က ငါ့ကိုမုန်းပေမယ့် ငါကတော့ နင့်ကို မမုန်းပါဘူးဟာ၊နင် ငါ့ ကို မကြည့်ချင် မမြင်ချင်ဘူးဆိုတာ ငါသိပါတယ်၊ ငါလည်း ဇောတိကုန်း မှာ မနေတော့ပါဘူး၊ ငါ အခု တွံတေးကိုသွားတော့မလို့'

'သွားပါလား၊ နင့်ဟာနင်သွားတာ ငါ့ကို ဘာပြောစရာလိုလို့လဲ'

'ဟဲ ဟဲ ဟဲ သွားမှာပါဟာ၊ ကဲ.....သွားပြီဟာ၊ သွားပြီ'

မောင်လေးက သည်လိုပြောပြီး ဆက်၍ ထွက်လာခဲ့သည်။ အေးရွှေကို တွေ့လျှင် နောက်ချင်ပြောင်ချင်သည်။ ကသိကအောင် တစ်ခုခုတော့ လုပ်ထားခဲ့ချင်သည်။

သည်လိုနှင့် မောင်လေး တံ့တေးသို့ရောက်လာသည်။ တံ့တေးတွင် ငသော်နှင့်တွေ့ရသည်။ ငသော်သည် မောင်လေးနှင့် ဘုန်းကြီးကျောင်းတွင် ကျောင်းနေဘက်ဖြစ်ခဲ့သည်။ တံ့တေးဈေးတွင် သွား၍ တွေ့ခြင်းဖြစ်သည်။

'ဟေး....မောင်လေး....မောင်လေး'

မောင်လေးကိုမြင်လျှင် ငသော်က လှမ်းအော်ပြီး ခေါ်သည်။ မောင်လေးဆီသို့ အပြေးအလွှားရောက်ရှိလာသည်။

'ဟ...ငသော်...ငယော်ကြီး၊ လာကွာ....မုန့်ဟင်းခါးစား'

'အေး...အတော်ပဲကွ၊ ငါဘိုင်ကျနေတာနဲ့ ဘာမှမစားရသေးဘူး'

'စားစမ်းပါကွာ၊ စားပိုးနင့်အောင်စား၊ အမေကြီးရေ့ မုန့်ဟင်းခါးနှစ်ပွဲထပ်လုပ်ပါ'

ဆိုင်ရှင်အဘွားကြီးက မောင်လေးကို ထူးဆန်းစွာ ကြည့်သည်။

'လုပ်ပါ အမေကြီးရဲ့၊ သူ့အတွက်တစ်ပွဲ ကျွန်တော့်အတွက်တစ်ပွဲ'

ဆိုင်ရှင်အဘွားကြီး အံ့အားသင့်သွားသည်။ မောင်လေးသည် သူတစ်ယောက်တည်း မုန့်ဟင်းခါး သုံးပွဲတိတိ စားပြီးပြီ။ စတုတ္ထတစ်ပွဲကို စားနေစဉ်ထပ်၍မှာခြင်းဖြစ်သည်။

'မင်း ဘယ်တုန်းက ရောက်တာလဲကွ မောင်လေး'

'အခုပဲရောက်လာတာ၊ ဆာလို့ မုန့်ဟင်းခါး ဂင်စားနေတာ'

'ဘယ်တော့ပြန်မလဲ'

'မသိသေးဘူးကွ၊ ပြန်ဖို့ထွက်လာတာ မဟုတ်ဘူး'

'မပြန်ရင် ဘယ်ကိုသွားမလို့လဲ'

'အဲဒါလဲ မသိဘူး'

'ဟ.....မင်းဟာက ဘယ်လိုလဲကွ'

'ဘယ်လိုမှ မလဲဘူး၊ စိတ်ညစ်လို့ ထွက်လာတာ'

'ဒါဆိုရင် ငါနဲ့အတူနေကွာ'

'အေး...နေကြည့်တာပေါ့'

'ငါ့အိမ်မှာ ထမင်းတော့ မပူရပါဘူးကွ၊ အပိုဆာဒါးသုံးဖို့သာ ငါ့အမေက မရှာနိုင်တာပါ၊ ထမင်းတော့ နပ်မှန်ပါတယ်'

'အေးပါကွာ၊ ဒါတွေဘေးချိတ်ထားလိုက်ပါ၊ စားကွာ ဂအောင်စား'

မောင်လေးက ငါးပွဲ၊ ငသော်က သုံးပွဲစားပြီး မောင်လေးက ပိုက်ဆံထုတ်ပေးလိုက်သည်။

'ကဲ...လာကွာ၊ လက်ဖက်ရည်အချို သွားသောက်ရအောင်'

'ဟကောင်ရ၊ မလွန်လွန်းဘူးလားကွ'

'မလွန်ပါဘူးကွ၊ ငါလက်ဖက်ရည်အချို မသောက်ရတာကြာပြီ'

'ငါတော့ ခွေး ဘုရားပွဲတွေ့တာပဲကွ၊ မင်းမှာ ပိုက်ဆံဘယ်လောက်ပါသလဲ'

'တစ်ဆယ်ပဲပါတယ် သူငယ်ချင်း'

'ဒါဆိုလဲ ချွေချွေတာတာလုပ်ကွာ၊ အကြံအဖန်လုပ်လို့ ပိုက်ဆံမရခင် ပိုက်ဆံပြတ်သွားဦးမယ်'

'နောက်ခါလာ နောင်ခါရေးပေါ့ ငသော်ရာ၊ ဒါတွေ ပူမနေစမ်းပါနဲ့'

နစ်ယောက်သား စားကြ သောက်ကြ လည်ကြ ပတ်ကြနှင့် သုံးရက်မြောက်နေ့တွင် မောင်လေး၏ ငွေတစ်ဆယ် ကုန်သွားသည်။

နစ်ယောက်လုံးကလည်း အစားပုပ်တွေ မဟုတ်လား။ ညနေပိုင်းတွင် ယမကာလေးပါ တည်းကြ ဖြည့်ကြလေ့ရှိသောကြောင့် သည်မျှ မြန်မြန်ကုန်သွားခြင်းဖြစ်သည်။ ငသော်အပြင် ငသော်၏ သူငယ်ချင်းတစ်ယောက်ကလည်း တတွဲလောင်းလောင်း ကပ်၍ပါနေသည်။

'ပိုက်ဆံတော့ ပြတ်သွားပြီကွ'

'ပြတ်ရင် ဒီလိုလုပ်ကွာ၊ မင်းက လက်ပှေ့ထိုးတတ်တဲ့ကောင်ပဲ၊ လက်ပှေ့သွားထိုးရအောင်ကွာ'

'အေး ကောင်းတယ်၊ ဘယ်ရုံကိုသွားမလဲ၊ ဈေးဟောင်းရုံလား၊ ဈေးသစ်ရုံလား'

'ဈေးသစ်ရုံမှာက ပွဲပိုကောင်းတယ်ကွ၊ ဂက်ချောင်း ဖိုးမှင်ကြီးက ဦးစီးတယ်၊ လူမိုက်ကြီးလေကွာ'

'ဟုတ်လား၊ ဂက်ချောင်းဖိုးမှင်ကို ငါလဲသိပါတယ်'

'အေး...မအူပင်က မျှားကြီးလည်းပဲရှိတယ်၊ သူလဲ ဒိုင်ပဲ'

'သြော.....သူတို့က တွဲမနေကြသလား'

'ဟုတ်တယ်ကွ၊ တွဲမိနေကြတယ်'

ဂက်ချောင်းဖိုးမှုင်က နာမည်ကြီး လူမိုက်တစ်ယောက်ဖြစ်သည်။ တွံတေး နယ်တစ်နယ်လုံးက သူ့ကိုသိကြသည်။ ဂက်ချောင်းဖိုးမှင်ဆိုလျှင် ကြောက် လည်းကြောက်ကြသည်။

ဂက်ချောင်းဖိုးမှင်ဆိုလျှင် ဓားပြဗိုလ်တစ်ယောက်ဖြစ်ကြောင်း လူတိုင်း သိကြသည်။ အကြိမ်ပေါင်းများစွာ ဓားပြတိုက်ဖူးသည်။ အကြိမ်ပေါင်းများ စွာ ထောင်ကျခဲ့ဖူးသည်။

ထောင်ကျသည်ဆိုရာ၌ တစ်မှုတည်းအတွက် ကျသည်မဟုတ်။ အမှုပေါင်း များစွာအတွက် စုပြုံ၍ကျခံရခြင်းဖြစ်သည်။ ထောင်တစ်သက် လွတ်ရက်မရှိ ကျခြင်းပင်။ တစ်ကျွန်း သုံးခါပြန် လေးခါ ပြန်ကျသည့်နယ်ဖြစ်သည်။

အင်္ဂလိပ်အစိုးရသည် ဖိုးမှင်အား လက်မြောက်ရသည်။ ထောင်တစ်သက် လွတ်ရက်မရှိ ထောင်ကျနေရာမှ မဲပေါက်၍ လွတ်လာခြင်းဖြစ်သည်။

ဘယ်ကဲ့သို့ မဲပေါက်သည်ကား မသိ။ နယ်ချဲ့တို့သည် အင်္ဂလန်မှ ဘုရင်မလို၊ ဂေလမင်းသားလို ပုဂ္ဂိုလ်ကြီးများ မြန်မာပြည်သို့လာလျှင် အကျဉ်း သားများကို လွှတ်ပေးခြင်း၊ ကံစမ်းမဲဖောက်၍ ပေါက်သူကို လွှတ်ပစ်ခြင်းများပြု လုပ်ကြသည်။

ဖိုးမှင်သည်လည်း ယင်းသဘောမျိုး မဲပေါက်ခဲ့ခြင်းဖြစ်သည်။ သူ့ကို လွှတ်လိုက်သောအခါ အုပ်ချုပ်ရေးအရာရှိများက ဓားပြတိုက်မစားရန်၊ တိုက် မစားဘဲ တောင်းစားရန် ပြောလိုက်ကြသည်။

တောင်းစားဟူ၍ ပြောလိုက်ခြင်းမှာ သူတောင်းစားကဲ့သို့ ခွက်ဖြင့်တောင်း စားခိုင်းခြင်းမဟုတ်၊ မိမိအတွက် စားနိုင်သောက်နိုင်ရုံ မိုက်ကြေးခွဲစားခိုင်း ခြင်းဖြစ်သည်။

ထောင်ထဲတွင်လည်း သူက မိုက်သည်။ ပြင်ပတွင်သာ ဓားပြတိုက်သည်၊ လူသတ်သည်မဟုတ်၊ ထောင်ထဲတွင်လည်း ရိုက်သည်။ နှက်သည်။ သတ်သည်။ ဖြတ်သည်။

တစ်ခါက ထောင်ထဲတွင် လူမိုက်ရွေးပွဲကျင်းပသည်။ ထောင်အာဏာပိုင်များက ဦးစီး၍ ရွေးချယ်ခြင်း ဖြစ်သည်။

ရှိသမျှ ထောင်ကျ အကျဉ်းသားများကို တန်းစီစေသည်။ ထောင်မှူးတစ်ယောက်က အော်၍ ပြောသည်။

'မင်းတို့အထဲမှာ မိုက်တဲ့သူတွေ လက်ညှိုးထောင်'

ကိုယ့်ကိုကိုယ် မိုက်သည်ဟုထင်သော လူတစ်ရာနီးပါးမျှ လက်ညှိုးထောင်ကြသည်။

'ထွက်....၊ မိုက်တဲ့သူတွေ ရှေ့ကိုထွက်'

လက်ညှိုးထောင်သူများ ရှေ့သို့ထွက်၍ သီးခြားရပ်လိုက်ကြသည်။ ဖိုးမှင်က ထိုလူမိုက်များ၏ ထိပ်ဆုံးမှသွား၍ စီပြီး လက်ညှိုးထောင်သည်။

ထောင်ကြပ် ထောင်မှူးများ ထွက်လာသည်။ ကြိမ်လုံးဖြင့် လူမိုက်ဗိုလ်တွေကို လိုက်၍ ရိုက်သည်။ ရက်ရက်စက်စက် ရိုက်ခြင်းဖြစ်သည်။စိတ်ကြိုက်ရိုက်ပြီးသော် ထောင်မှူးက အောင်ပြန်သည်။

'မိုက်တဲ့သူတွေ ကျန်သေးသလား၊ မိုက်တဲ့သူရှိသေးရင် လက်ညှိုးထောင်'

လူတစ်ရာထဲမှ နှစ်ဆယ် အစိတ်သာ လက်ညှိုးထောင်တော့သည်။ ဖိုးမှင်သည် ထိုကျန်လူများ၏ ထိပ်ဆုံးမှ သွား၍ ထောင်သည်။

ထိုလူများကို ကြိမ်စာကျွေးပြန်သည်။ စိတ်ကြိုက်ရိုက်နှက်ပြီးနောက် ထပ်မံ၍ အော်ပြန်သည်။

'မိုက်တဲ့သူ ကျန်သေးသလားကွ၊ ကျန်သေးရင် လက်ညှိုးထောင်'

လေးငါးယောက်သာ လက်ညှိုးထောင်ကြတော့သည်။ ထိုအထဲ၌ ဖိုးမှင်လည်းပါသည်။

ထပ်မံရိုက်သည်။ နောက်ဆုံးတွင် ဖိုးမှင်တစ်ယောက်တည်းသာ ကျန်တော့သည်။ သည်မှာ ဖိုးမှင်ကို ဖိ၍ရိုက်သည်။ ကားစင်ပေါ်တင်၍ ရိုက်သည်။ သို့ရာတွင် ဖိုးမှင်ကား လက်ညှိုးကိုထောင်မြဲ ထောင်ထားသည်။ လူသာ ဇက်ကျိုးမတတ်ဖြစ်နေသည်။ လက်ညှိုးထောင်ကား မပျက်။

ရိုက်သူက အရှုံးပေးရသည်။ ပြီးလည်းပြီးသူ ဖြစ်သည်။

သည်မှာ ထောင်မှူးက ဆိုသည်။

'ဖိုးမှင်.....မင်းတော်တော်မိုက်သလား'

'နည်းနည်းပါးပါးလောက်ပါဘုရား'

ကိုဖိုးမှင်၊ ဂက်ချောင်းဖိုမှင်သည် ထောင်မှလွတ်လာသောအခါ ထိုင်မသိမ်းအကျီကို ဂုတ်ပြီး မိုက်ကြေးခွဲစားသည်။လူဆင်းရဲများကိုကား ဒုက္ခမပေး လူချမ်းသာများထံတွင်သာ သူလိုသလောက်တောင်းခြင်းဖြစ်သည်။ယခုလက်ဖွေ့ပွဲတွင် ဒိုင်လုပ်နေပြီ။ ဖိုးမှင်ဦးစီးသော ပွဲဖြစ်၍ မောင်လေးက ပိုသဘောကျသည်။

'ကဲ....သွားကြမယ်ဟေ့၊ ဈေးသစ်ရုံကိုပဲ သွားကြမယ်'

သုံးယောက်သား ဈေးသစ် လက်ဖွေ့ပွဲရုံဘက်သို့ ထွက်လာခဲ့ကြသည်။

ယနေ့ည ပွဲကလည်း ကောင်းသည်။ နာမည်ကြီး ဇတ်အဖွဲ့ လာမည်။ ပွဲလည်း ကြည့်ချင်သည်၊ စျေးသုံးလည်း မရှိ။

ယင်းကြောင့် အကြံကုန် ဂဠုန်ဆားချက်ကြခြင်း ဖြစ်သည်။ လက်ပေ့ ထိုး၍ ငွေရှာလိုကြခြင်း ဖြစ်သည်။

လက်ပေ့ထိုး၍ နိုင်လျှင် နိုင်သူသည် ငါးကျပ် ရှုံးလျှင် ရှုံးသူသည် နှစ်ကျပ်ခွဲရသည်။

ထိုခေတ် ထိုကာလကဆိုတော့ ရွှေဒင်္ဂါးတစ်ပြားမှ ဆယ့်လေးကျပ် ဆယ့်ငါးကျပ်သာရှိရာ ထိုမျှသောဆုငွေကို နည်းသည်ဟု မဆိုနိုင်။

ရုံသွင်းထားပြီး ဖြစ်ခြင်းကြောင့် လက်ပံ့ရုံထဲတွင် လူတွေ ပြွတ်သိပ် ခဲနေသည်။ မောင်လေးတို့ သုံးယောက်က ရုံအဝင်တွင် ပြောဆိုပြီး ရုံထဲသို့ ဝင်လိုက်ကြသည်။ ဂက်ချောင်းဖိုးမှင်နှင့် သွား၍ တွေ့ကြသည်။

'ဟောဒီမှာ ပိုလိုရှိတယ်။ ပိုလိုနဲ့ ထိုးမလား'

'ထိုးမယ်'

'သူက ကျားသစ်၊ ကျားသစ်နဲ့ကော ထိုးရဲသလား'

'ထိုးတယ်၊ ထိုးရဲတယ်'

ကောင်းပြီ၊ ကျားသစ်က မင်းထက် အလုံးအရပ်ငယ်တယ်။ ပိုလိုနဲ့ပဲ စပြီးထိုး။ ပိုလိုက မင်းအရပ်ထက် လက်နှစ်လုံး ပိုမြင့်တယ်။ မင်းက ပိုလို ထက် ရင်အုပ် လက်တစ်လုံးကြီးတယ်'

'ဟုတ်ကဲ့ ထိုးမယ်'

'ဟောဒီမှာ ဒါက တို့မြို့ပိုင်ကြီး၊ ဒီရုံဟာ အစိုးရက ဦးစီးတဲ့ရုံ ဖြစ် တယ်'

'ဟုတ်ကဲ့ ကျွန်တော် သိပါတယ်'

'ကျားသစ်နဲ့ ပိုလိုဟာ မြို့အုပ်ကြီးတို့က မွေးထားတဲ့လူတွေ ဖြစ်တယ် ဆိုတာကိုကော မင်းသိသလား'

'မသိပါဘူး။ သိဖို့လည်း မလိုပါဘူး။ ချဖို့ပဲလိုပါတယ်။ ကျုပ် ဘိုင် ပြတ်နေတယ်။ ပွဲကြည့်စရာ ငွေမရှိဘူး'

'ဟဲ ဟဲ ဟဲ ဟဲ...ကောင်းတယ်၊ ကောင်းတယ်၊ ပွဲစမယ်။ မင်းတို့ နှစ်ယောက်ကို စပြီး ပွဲထုတ်မယ်'

'ကောင်းပါတယ်။ မြန်မြန်ချတော့ မြန်မြန်ကိစ္စပြီးတာပေါ့'

မောင်လေးကား သူ့ကိုယ်သူ ယုံကြည်ပြီးသူ ဖြစ်သည်။ ယခင်က တွံတေးရွှေဆံတော်ဘုရားပွဲတော်တွင် အကြိမ်များစွာ လက်ဝှေ့ထိုးဖူးခဲ့သည်။ သူများတကာတွေက မြှောက်ပေးရာမှ တကယ်တက်၍ ထိုးခဲ့ခြင်းသာ ဖြစ်သည်။ အမှန်စင်စစ် သူကား လက်ဝှေ့သမားမဟုတ်။ သိုင်းသမားသာ ဖြစ်သည်။

သို့ရာတွင် ထိုးသည့်ပွဲတိုင်း၌ မောင်လေး နိုင်သည်။ ပထမအချီတွင် မကွဲမလဲလျှင် ဒုတိယအချီ၌ ကွဲသွား လဲသွားသည်သာ ဖြစ်သည်။ နှစ်ချီလား ထက် ပိုမထိုး။ သုံးချီလားအထိ ကူးရသောပွဲဟူ၍ မရှိ။

ကြည့်မြင်တိုင်နတ်စက်၊ ပြည်ဘိုးလှ၊ ငွေရ စသည်တို့နှင့်လည်း ထိုးဖူးခဲ့ပြီ။ နိုင်ခဲ့ပြီ။ တွေ့မရှောင်၊ ကြက်တိန်ညင်၊ အာနီဘိုလုံး စသောလက်ဝှေ့ သမားများကိုလည်း လဲစေကွဲစေခဲ့ပြီး ဖြစ်သည်။

ပွဲစပြီ။

စပြီဆိုသည်နှင့် ပိုလိုက စ၍ချသည်။ တိုက်စစ်ဆင်သည်။

သူသည် အစိုးရက မွေးထားသော လက်ဝှေ့သမားဖြစ်သည်။ သည် အသိက သူ့စိတ်ထဲမှာ ဂင်နေဟန်ရှိသည်။

ပြီးတော့ ပွဲတိုင်းကျော်။ ပိုလိုဆိုလျှင် တွံတေးနယ်တစ်ဝိုက် လက်ဝှေ့ သမားများရော လက်ဝှေ့ပရိသတ်ကပါ မျက်စိယဉ်ပြီး သိကြပြီး ဖြစ်သည်။

အစိုးရက မွေးထားသည် ဆိုခြင်းမှာ အရပ်ထဲတွင် ပြောကြသော စကားသာဖြစ်သည်။ အမှန်စင်စစ် တွံတေးနယ်ရှိ အုပ်ချုပ်ရေးအရာရှိများက လက်သပ်မွေးထားခြင်းသာ ဖြစ်သည်။

ပရိသတ်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ပိုလိုက လိုက်၍ထိုးသည်။ ကြိတ်သည်။ ကန်သည်။ ကျောက်သည်။

သို့ရာတွင် မောင်လေးကိုမထိ။ မောင်လေးက ရှောင်သည်။ အကွက်ဝင် လာသည်နှင့် မောင်လေးသည် ခံစစ်အသွင် ရှောင်တိမ်းနေရာမှ တိုက်စစ် အသွင်သို့ ကူးပြောင်းလိုက်သည်။ ပိုလိုကို တရှိန်ထိုးလိုက်၍ တိုက်စစ်ဆင် သည်။

ပိုလိုကလည်း အရှောင်အတိမ်း ကောင်းသည်။

ပထမတစ်ချီ ပြီးဆုံးလုနီးမှ ဘတစ်ပြန်ကျားတစ်ပြန် ထိုးသတ်ကြသည်။ ကိုယ်ထိသူထိ အထိခံ၍ အနာခံ၍ ထိုးသတ်ကြသည်။ ထိုစဉ်တွင် ပထမ တစ်ချီ ပြီးဆုံးသွားသည်။

ဒုတိယချီ။

တတိယချီ။

စတုတ္ထချီ။

နောက်ထပ် သုံးချီသုံးလား ဆက်၍ ထိုးကြပြန်သည်။ မောင်လေးကသာ အကြိမ်များစွာ တိုက်စစ်ဆင်နိုင်သည်။ ပိုလို၏ တစ်ကိုယ်လုံးရော မျက်နှာ ကိုပါ အချက်ပေါင်းများစွာ ထိသည်။

ပရိသတ်သည် မောင်လေးဘက်မှာ ရှိနေသည်။ ပိုလိုကို တစ်ချက် တစ် ချက်ထိသွားတိုင်း လက်ခုပ်သံများ တဖျောင်းဖျောင်း ထွက်ပေါ်လာသည်။

မောင်လေးကိုလည်း ထိပါသည်။ သို့ရာတွင် ပိုလိုကို တစ်ကျပ်ဖိုးထိလျှင် မောင်လေးကို တစ်မတ်ဖိုးသာ ထိသည်။

သည်လိုနှင့် စတုတ္ထအချီ ပြီးဆုံးသွားသည်။

ပိုလို၏ မျက်နှာတွင် အသီးကြီးတွေ ထနေပြီ။ ဖူးယောင်နေပြီ။ ပြီးသူ ဖြစ်ခြင်းကြောင့်သာ သည်မျှ ခံနိုင်ခြင်း ဖြစ်သည်။ မပြီးသူ သာမာန်လူ ဆိုလျှင်ကား အရိုးတခြား အသားတခြား ဖြစ်လောက်ပြီ။

ကြည့်။ ပိုလို၏ မျက်စိပေါက်များသည် ကျဉ်းကျဉ်းကလေးသာ ရှိတော့ သည်။ မောင်လေးကား ပေါ့ပါးတက်ကြွဆဲ အခြေအနေမှာပင် ရှိမြဲရှိနေသည်။

'ကဲ၊ ဒီပွဲကို သရေပွဲအဖြစ် ထားလိုက်မယ်။ ပိုက်ဆံကိုလည်း တစ် ယောက်တစ်ဝက်ဆီ ခွဲယူကြပေါ့'

သူတို့လူ၏ အခြေအနေကို မြို့အုပ်က ကြည့်သည်။ သိသည်။ ဆက်၍ ထိုးလျှင် သူတို့လက်သပ်မွေးထားသောလူ ပို၍ အထိနာတော့မည်။ ယင်းသို့ နားလည်သွားသောကြောင့် ဖြစ်သည်။

မောင်လေးက အုန်းဆံကြိုးများ ကားထားသော လက်ဗွေ့ပိုင်းထဲမှနေ၍ ငသော်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ငသော်က မျက်စိမှိတ်ပြသည်။ သရေပေးသည်ကို လက်မခံနှင့်။ မင်းက သာနေသည်။ အရှုံးပေးမှသာ လက်ခံဆိုသော သဘောဖြစ်သည်။

မြို့အုပ်က မောင်လေးဘက်သို့ ကြည့်၍ မေးသည်။

'မောင်မင်းနဲ့ ပိုလိုရဲ့ပွဲကို သရေပွဲအဖြစ် သတ်မှတ်ပေးမယ်။ မောင်မင်း သဘောတူရဲ့လား'

'ကျွန်တော်မျိုး သဘောမတူပါ ဘုရား။ သရေဆိုသာ နွားမှာသာ ရှိပါတယ်။ အနိုင်အရှုံးပဲ ထိုးချင်ပါတယ်။ ကျွန်တော်မျိုးဟာ လက်ပွေ့သမား မဟုတ်ပါ။ ဂါသနာကြောင့် ဂင်ထိုးတဲ့သူ ဖြစ်ပါတယ်။ ပိုက်ဆံကို လိုချင်လို့ ဂင်ထိုးတာလည်း ဖြစ်ပါတယ်'

'ကဲ ပိုလို မောင်မင်း ဆက်ထိုးနိုင်ဦးမလား'

'ထိုးနိုင်ပါတယ် ဘုရား။ အရှုံးအနိုင် အဖြေပေါ်တဲ့အထိ ထိုးပါ့မယ်'

'ဒါဆိုရင် ကောင်းပြီ မောင်မင်း၊ ကဲ....ဖိုးမှင်နှင့် မျှားကြီး ပြန်စ

မောင်လေးနှင့် ပိုလိုတို့နှစ်ဦး ကြိုးဝိုင်းထဲတွင် ပြန်၍ နေရာယူကြသည်။ ဖိုးမှင်နှင့် မျှားကြီးက လက်တစ်ဖက်ချင်း ယုက်၍ ထားကြသည်။

'အသင့်ဖြစ်ကြပလားဟေ့'

'ဖြစ်ပါပြီ'

မောင်လေးက သည်သို့ပြောလိုက်သည်။ ဖိုးမှင်နှင့် မျှားကြီးသည် ယုက်ထားသော လက်နှစ်ချောင်းကို ဖြုတ်လိုက်ကြသည်။ ယင်းသည်ပင် ထိုးခွင့်စ၍ ပေးသော အထိမ်းအမှတ်ဖြစ်သည်။

နှစ်ယောက်သား စောင်ကြရပြန်ပြီ။ သည်တစ်ပွဲတွင် အပြတ်နွှဲမည်။ အခြားလက်ပွေ့သမားများနှင့် ထိုးခဲ့စဉ်က သုံးချီသုံးလာအထိ မကူးခဲ့သော်လည်း ပိုလိုနှင့်မူ ငါးချီငါးလားသို့ပင် ကူးခဲ့ပြီ ယခုထိ မကွဲသေး။ မလဲသေး။

ထိုစဉ်မှာပင် ပိုလိုက မြေပြင်ကို ခြေဦးနှင့် ကော်၍ထိုးလိုက်ပြီး ခြေဦးနှင့်ပင် ဖုတ်များကိုကော်ပြီး မောင်လေး၏ မျက်နှာဆီသို့ ပက်ထည့်လိုက်သည်။

မောင်လေးက မျက်နှာကိုစောင်းငဲ့ပြီး တိမ်းလိုက်သည်။ မောင်လေး၏ မျက်နှာ တိမ်အသွားတွင် ပိုလိုက သူ့ညာလက်ဖြင့် တစ်လုံးထိုး ဂင်ထိုးသည်။ ထိုးလာသောလက်ကို မောင်လေးက ပယ်ထုတ်လိုက်သည်။ ခြေပြောင်းပြီး ပိုလို၏ နံဘေးကို ခြေဖဝါးဖြင့် စလွယ်ရိုက်ထည့်လိုက်သည်။

ပိုလိုက  သူ့တံတောင်ဆစ်ဖြင့် သူ့နံဘေးကို ကာလိုက်သည်။

'ဖျောင်း'

မောင်လေး၏ ခြေဖမိုးသည် ပိုလို၏ တံတောင်ဆစ်နှင့် ပြင်းထန်စွာ ထိသွားသည်။ ပူခနဲ ဖြစ်သွားသည်။ မောင်လေး၏ ခြေထောက်သည် ပိုလို၏ တံတောင်ဆစ်ကိုထိပြီး ဘေးသို့ချော်ကာ ပိုလို၏နံဘေးကိုပါ တဆက်တည်း ထိသွားသည်။

မောင်လေးက ဆက်၍ ပိုလို၏ ပခုံးဆစ်ကို ထိုးလိုက်သည်။ လက်သီးသည် ပုခုံးဆစ်ကို တည့်တည့်မတ်မတ် မထိဘဲ အတွင်းဘက်ကျကျသို့ ထိသွားသည်။ ပိုလို၏ ကိုယ်ခန္ဓာသည် လည်ဆင်းသွားပြီး မှောက်လျက်လဲကျသွားသည်။

မောင်လေးက သူ့ ဘယ်ခြေစောင်းဖြင့် ပိုလို၏ မျက်နှာကို တက်၍ ကန်ချလိုက်သည်။ သို့သော် မထိ၊ မထိချေ။

အကြောင်းမူ ဒိုင်လုပ်သူ ဖိုးမှင်နှင့် မျှားကြီးက သူ့ကိုညှပ်၍ဆွဲမ,မ ထားလိုက်သောကြောင့် ဖြစ်သည်။ မောင်လေး၏ ခြေစောင်းသည် ပိုလို၏ လည်မျိုနှင့် လက်လေးသစ်လောက် အကွာတွင် ရပ်သွားသည်။

ထိလျှင်ကား မသက်သာ။ ပိုလိုသည် ဤနေရာတွင်ပင် လျှာထွက်ပြီး ပွဲချင်းပြီးသွားမည် ဖြစ်သည်။ လည်ဆစ်လည်း ပြုတ်ထွက်သွားမည်။

'တစ်....နှစ်....သုံး......လေး.....ငါး'

'ခြောက်....ခုနစ်....ရှစ်....ကိုး....တစ်ဆယ်'

'တစ်....နှစ်....သုံး....လေး.....ငါး'

ဂက်ချောင်းဖိုးမှင်သည် တစ်နှစ်သုံးလေးခေါ်ကာ အမှတ်ခေါ်နေသည်။ တစ်ဆယ်သို့ရောက်လျှင် ရပ်ရမည်။ မောင်လေးကို အနိုင်ပေးရမည် ဖြစ်သော်လည်း ဆက်၍ပင် ခေါ်နေသည်။ ပိုလိုသည် သူတို့လူဖြစ်၍ သက်သက်ညစ်ပတ်ခြင်း၊ ဘက်လိုက်ခြင်းပင်။ ဒါကို မောင်လေးရော ပရိတ်သက်များကပါ နားလည်သည်။

တစ်မှတစ်ဆယ်ထိ သုံးကြိမ်တိုင်တိုင် အမှတ်စဉ်မှတ်နေသော်လည်း ပိုလို ပြန်မထနိုင်တော့။ အရုပ်ကြိုးပြတ်ပင် လဲကျနေသည်။ မောင်လေးအတွက်လည်း အငြင်းပွားစရာ မလိုပြီ။ နိုင်ပြီ။

ဖိုးမှင်နှင့် မျှားကြီးက ပိုလို၏ကျောကို ရေနင့်လောင်းသည်။ နိပ်၍ ပေးသည်။ သည်တော့မှ ပိုလို သတိပြန်ဝင်လာသည်။

သည်အခြေအနေဆိုက်နေသည့်အထိပင် မြို့အုပ်မင်းဝင်လာပြီး ပိုလိုကို မေး သေးသည်။

'ပိုလို မင်း ဆက်ထိုးနိုင်ဦးမလား၊ ဆက်ထိုးချင်သေးသလား'

'ဆက်ထိုးရင် ကျွန်တော်မျိုး အသက်ပါ ပျောက်သွားပါလိမ့်မယ် ဘုရား'

သည်တော့မှ မှူးကြီးက မောင်လေးကို တရားဝင် အနိုင်ပေးသည်။ ဆုငွေငါးကျပ်လည်း ထုတ်ပေးသည်။

မောင်လေး၊ ငသော်နှင့် ငသော်၏ သူငယ်ချင်းဖြစ်သူ သုံးယောက်သား ရုံထဲမှ ထွက်လာကြသည်။ ပိုလိုကို ရင်ဘတ်တွင် ကြပ်စည်း၍ ဆေးရုံသို့ လိုက်ပို့ကြသည်ကိုလည်း မြင်တွေ့ကြရသည်။

'သူတို့လူသူတို့ လက်သပ်မွေးတဲ့လူဘက်က ဘက်လိုက်ကြတယ်'

'ဟုတ်တယ်ကွ၊ အမှတ်စဉ်ကို သုံးကြိမ်သုံးခါခေါ်လို့ မထနိုင်တာတောင် မောင်လေးကို အနိုင်မပေးသေးဘူး။ ပိုလို ပြန်သတိရလာတော့ မြို့အုပ်က ပြန်ထိုးနိုင်သလားလို့ မေးသေးတယ်။ ထိုးများ ဆက်ထိုးနိုင်ရင် တစ်ဖက်သတ် ညစ်ပတ်ပြီး ဆက်အထိုးခိုင်းနေဦးမှာ သေချာတယ်'

'ဟဲ ဟဲ ဟဲ ဟား ဟား ဟား ... ညစ်ပတ်ကြစမ်းပါစေကွာ၊ ဘယ် လောက် ညစ်ပတ်နိုင်ကြမလဲ။ တောက်.....ငါ့ဘယ်ခြေစောင်းနဲ့ ခုတ်နင်း နင်းတာ ဖိုးမှင်တို့ ဆွဲလိုက်လို့။ ဖိုးမှင်တို့သာ မလျင်ရင် ဒီကောင့်ကို သေ သေချာချာနင်းမိတယ်။ ဒီကောင် တစ်ခါတည်း ဇတ်ပြုတ် လျှာထွက်ပြီး ပွဲချင်းပြီး အသက်ထွက်သွားမှာ'

'ငါတောင် အသည်းယားသွားတယ်ကွာ မောင်လေး၊ ရင်ထဲမှာ အသည် လှပ်လှပ် ဖြစ်နေတယ်'

သုံးယောက်သား ပွဲဈေးတန်းတွင် စားကြသောက်ကြသည်။ ပြီးပွဲဝင်ကြည့် ကြသည်။

ညဥ့်ဦးပိုင်းပွဲကြည့်ပြီး ခေတ္တအနားပေးချိန်၌ ရုံထဲမှ ပြန်၍ ထွက်လာကြ သည်။ အပေါ့သွားကြပြီး ဘူးသီးကြော်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ကြသည်။ အရက်လည်း ရသည်။

ဘူးသီးကြော်စား အရက်သောက်နေကြစဉ်မှာပင် အခြားပွဲကြည့်ပရိသတ်လူငယ်များ ဆိုင်ထဲသို့ ဝင်လာကြသည်။ မောင်လေးကိုကြည့်ပြီး သူတို့ချင်းတီးတိုးပြောနေကြသည်။

'ဟော့....ဟောဒီဘက်ကကောင်ပေါ့ကွ၊ ညက ပိုလိုနဲ့ ထိုးတာ'

'ဟုတ်လား၊ ပိုလို အလူးအလဲခံသွားရတယ်ဆို'

'ကောင်းတယ်၊ ဒါဆိုရင် ကျားသစ်တစ်ကောင်ပဲကျန်တော့တာပေါ့'

'ကျားသစ်က အလကားပါ။ မောင်လေးနဲ့သာထိုးရင် ပထမတစ်ချီတည်းနဲ့ သေသွားမယ်။ လူက ပုရတဲ့အထဲ ညှက်ညှက်ကလေးပဲ'

တစ်ဖက်ပိုင်းတွင် တီးတိုးပြောဆိုနေကြခြင်း ဖြစ်သော်လည်း မောင်လေးတို့က သဲကွဲစွာပင် ကြားနေရသည်။

# ၁၈

'ခေတ်ပျက်ပေပြီ'

နယ်ချဲ့အင်္ဂလိပ်တို့ အရေးနိမ့်ပေပြီ။ စစ်ရှုံးပေပြီ။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့ မြန်မာပြည်တွင်းသို့ ဝင်လာကြပေပြီ။ ဗမာ့တော်လှန်ရေးတပ်မတော်နှင့် မဟာမိတ်ဂျပန်တို့သည် တနင်္သာရီတိုင်းကို စီးမိကြပြီ။

တစ်မြို့ပြီးတစ်မြို့ တိုက်ခိုက်သိမ်းပိုက်ကြပြီ။ ထားဝယ်၊ မြိတ်၊ ရေးမြို့များမှသည် မော်လမြိုင်သို့ ချီတက်လာကြသည်။ မော်လမြိုင်ကို စီးမိကြသော် မော်လမြိုင်မှ ဆုတ်ခွာလကြသည်။ နယ်ချဲ့တပ်များကို ခွေးရူးလိုက်သည့်ပမာ နောက်မှ လိုက်၍တိုက်ကြသည်။

နယ်ချဲ့တို့ မစားသာပြီ။ သွေးရူးသွေးတမ်း ပြေးကြရပြီ။ စစ်တောင်းမြစ်ကို ဖြတ်ကူးနိုင်ရန် ကြိုးပမ်းကြသည်။ စစ်တောင်းတံတားကို ချိုးဖျက်လိုက်ကြရပြီ။

ပဲခူးကို ဂျပန်တို့သိမ်းပြီ။ ရန်ကုန်မှ နယ်ချဲ့အုပ်ချုပ်ရေး အရာရှိကြီးများ အထက်မြန်မာပြည်သို့ ဆုတ်ခွာကြပြီ။ ရန်ကုန်ကို ဗမာ့တော်လှန်ရေးတပ်မတော်နှင့် ဂျပန်တို့က လွယ်လင့်တကူပင် သိမ်းပိုက်ကြပြီ။

သည်သတင်းက တောမီးလို ပြန့်နှံ့လာသည်။ မောင်လေး စိတ်ထဲတွင် ယားကျိယားကျိ ဖြစ်လာသည်။ ရန်ကုန်သို့ သွားလိုစိတ် ပြင်းထန်လာသည်။ ငသော်နှင့် တိုင်ပင်သည်။

'ငသော် သူငယ်ချင်း......ငါတော့ ရန်ကုန်ကို လိုက်သွားချင်တယ်ကွာ'

'ဟ.....ဒီလောက်ဆိုးနေတဲ့အချိန် မင်းပြောင်းမင်းလွဲဖြစ်နေတဲ့ အချိန် မျိုးမှာ သွားလို့ ဖြစ်ပါ့မလားကွ'

'အိုး.....ယောက်ျားပဲကွ၊ သေတစ်နေ့ မွေးတစ်နေ့ပေါ့'

'အသက်ကို ဉာဏ်စောင့်သတဲ့ကွ၊ မတွေးမတော မဆင်မခြင်ပဲ ဘာကိုမှ မလုပ်သင့်ဘူး။ ငါ ကြားရသလောက်တော့ ဂျပန်တွေ သိပ်ဆိုး သိပ်ရမ်းတယ်တဲ့။ စည်းမဲ့ကမ်းမဲ့တွေဆိုပဲ'

'စစ်ဦးဘီလူးဆိုတော့ ဒီအတိုင်းပဲ ရှိမှာပေါ့ကွာ'

'ဒါကြောင့် ငါပြောတာပဲ့။ ဒီလို စစ်ဦးဘီလူးအချိန် အုပ်ချုပ်ရေး စနစ်တကျ မဖြစ်သေးတဲ့အချိန်မှာ ဘာကြောင့် ရန်ကုန်သွားမလဲ။ သွားလို့ ဘာအကျိုးရှိမှာလဲ'

'မင်းမလိုက်ချင်ဘူးလား'

'ငါတော့ မလိုက်ချင်ဘူး သူငယ်ချင်း၊ ငါ့မှာက အမေတစ်ယောက်၊ သားတစ်ယောက်ရယ်၊ ငါ့အမေ စိတ်ဆင်းရဲမှာ ငါ စိုးရိမ်တယ်'

'အေး .... ဒါတော့ဟုတ်တယ်။ ငါလက်ခံတယ်။ ကဲ....ဒါဆိုရင် ငါ တစ်ယောက်တည်းပဲ သွားမယ်'

'ဟာ....မသွားပါနဲ့ သူငယ်ချင်းရာ'

'သွားမယ်ကွာ၊ ငါတစ်နေရာတည်းမှာ ကြာကြာမနေချင်ဘူး။ ငါ့စိတ် တွေ လေနေတယ်'

'ဒါဆိုလည်း ဇာတိကုန်းကိုပဲ ပြန်ပေါ့ သူငယ်ချင်းရာ'

'ဇာတိကုန်းကိုပြန်လည်း ဘာအဓိပ္ပာယ်မှ မရှိပါဘူးကွ။ ငါ့အမေလည်း သေပြီ။ ငါ့အမတွေ အစ်ကိုတွေကလည်း သူတိုကဘဂနဲ့သူတို့ အေးချမ်းနေ ကြပြီ။ ရွာပြန်ရောက်ရင် ငါ့မှာ ဘာလုပ်စရာမှ မရှိဘူး။ ငါ့တဂမ်းတခါး အတွက် ပူစရာလည်း မရှိဘူး။ ဒါကြောင့် ရွာကို မပြန်ချင်ဘူး'

'ဒါဖြင့်လည်း မင်းသဘောပဲ သူငယ်ချင်း၊ စိတ်ရင်းအတိုင်း ပြောရရင် ငါတော့ မင်းရန်ကုန်သွားမှာ သဘောမတူဘူး'

'ငါ့အတွက် မပူပါနဲ့ကွာ၊ ကဲ.....ဒါဆို ငါသွားမယ်ဟေ့'

'ဟ....မြန်လှချေလားကွ၊ သွားမယ်ဆိုတော့လဲ'

'မြန်မြန်ပဲကွ၊ ငါ့စိတ်က ဒီအတိုင်းပဲ။ စိတ်ကကူးလိုက်ရင် ကိုယ်ခန္ဓာ ပါ တပါတည်း ပါသွားမှ ကျေနပ်တာ'

'ကဲ....တားမရလည်း သွားကွာ၊ သဗ္ဗာန်ဆိပ်အထိ ငါ လိုက်ပို့မယ်'

ကောက်ခါင်ကာပင် ဖြစ်သည်။ မောင်လေးက သူ့လွယ်အိတ်ထဲ သို့ သူ့အဝတ်အစားများထည့်သည်။ သူခြုံသော တစ်ထည်တည်းသော စောင်ကလေးကို ခေါက်သည်။ လွယ်အိတ်ပေါ်တွင် တင်လိုက်သည်။ လွယ်အိတ်ကို ကြိုးတိုတစ်ချောင်းဖြင့် ပတ်၍စည်းလိုက်သည်။

နှစ်ယောက်သား ငသော်၏ တဲကလေးမှ ထွက်လာကြသည်။ ဈေးအနီး သို့ရောက်လာကြသည်။ သည်အချိန်တွင် မမျှော်လင့်သော အသံတစ်သံက ထွက်ပေါ်လာသည်။

'မောင်လေး.....မောင်လေး'

မိန်းမရွယ်တစ်ယောက်က ဈေးဂမှနေ၍ လှမ်းခေါ်သည်။ ခေါ်ရင်းလည်း မောင်လေးဆီသို့ အမောတကော ပြေးလာ ရောက်ရှိလာသည်။

မောင်လေး ခြေလှမ်းတုန့်သွား တန့်သွားသည်။ ကြီးမားစွာ အံ့သြသွားရသည်။

လှမ်းခေါ်သော မိန်းမပျိုမှာ တခြားသူမဟုတ်။ သူနှင့် အမြဲ ရန်ဖြစ်လေ့ရှိသော အေးရွှေကိုယ်တိုင် ဖြစ်နေသောကြောင့်ပင်။

'မောင်လေး.....မောင်လေး'

'ဟင်.....အေးရွှေပါလား၊ နင် ဘယ်တုန်းက ရောက်သလဲ'

'ဘယ်တော့ ပြန်မှာလဲ'

'နင့်ကို ငါလိုက်ရှာနေတာ'

'ဟင်....ငါ့ကိုလိုက်ရှာတယ်'

'အေးလေ'

'ဘာကြောင့် ရှာတာလဲ၊ ဘာကိစ္စရှိလို့လဲ'

'ရွာကိုပြန်ခေါ်မလို့ပေါ့'

'အိုး.....မလိုက်ပါဘူး။ ငါ ရန်ကုန်ကို အခု သွားမလို့ ထွက်လာတာ'

'ဟင်....ရန်ကုန်ကို သွားမလို့'

'အေးလေ'

'ဟင်....နင်...နင်၊ ရူးများ ရူးနေသလားဟယ်'

'ဟေ….၊ နင် ငါ့ကို ဒီလိုတော့ မပြောနဲ့၊ ရွာမှာ ရန်ဖြစ်ရတာ အားမရလို့ ဒီကိုလိုက်ပြီး ရန်တွေ့နေတာလား'

'မ…..မဟုတ်ပါဘူး မောင်လေးရယ်၊ နင်….နင် ငါ့ကို ဒီလို မပြောသင့်ပါဘူး'

ပြောရင်းပြောရင်း အေးရွှေ၏ မျက်လုံးအစုံတွင် မျက်ရည်များ ဝေ့ဝဲလာသည်။

မောင်လေး ပို၍ အံ့သြလာသည်။ အေးရွှေကို ကြောင်၍ ကြည့်နေသည်။

သည်မိန်းကလေး ဘယ်လို ဖြစ်လာသနည်း။ ဘယ်သို့ ဖြစ်နေသနည်း။

ရုတ်တရက် စဉ်းစား၍မရ ဖြစ်နေသည်။ နားမလည်နိုင်အောင် ဖြစ်နေသည်။

'မောင်လေး'

'ဟင်'

'ငါ နင်နဲ့ စကားပြောချင်တယ်'

'ဟ….အခု ပြောနေကြတာ စကားတွေပဲ မဟုတ်လား။ စကားဆိုလို့ မာဂဓစကားလည်း မဟုတ်ပါဘူး။ ဗမာစကားပဲ'

'ငါ့ကို နင်ဂမ်းနည်းအောင် မလုပ်နဲ့နော်။ ငါ ငိုပစ်လိုက်မယ် သိလား'

'ဟေ'

ထိုနောက်ဆုံးစကားကိုမူအေးရွှေက ရှမ်းလိုပြောခြင်း ဖြစ်သည်။ ရှမ်းစကားမတတ်သော ငသော် နားမလည်အောင် ပြောခြင်းဖြစ်သည်။ အေးရွှေက ရှမ်းလိုပင် ဆက်ပြောသည်။

'ငါ နင်နဲ့ နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောစရာတွေ ရှိတယ်။ ငါနောက်ကို လိုက်ခဲ့ပါ။ နင့်သူငယ်ချင်းကိုလည်း ပြန်လွှတ်လိုက်ပါ။ မောင်လေး တွေးသည်။ နင်လွှတ်တာ မဟုတ်ဘူးနော်။ သူ့ကို ကျွန်မခေါ်သွားမယ်။ သူစိတ်လေနေတယ်'

'ဟုတ်ကဲ့ပါဗျာ။ သူ ရန်ကုန်သွားမယ်ဆိုတာ ကျွန်တော်ကလည်း ကန့်ကွက်ပါတယ်။ တားမရလို့ သဗ္ဗာန်ဆိပ်ကို လိုက်ပို့တာပါ'

'ကျေးဇူးပါပဲရှင်၊ ကဲ…ရှင်လည်း ပြန်တော့။ ကျွန်မတို့လည်း သွားတော့မယ်။ လာ….မောင်လေး'

အေးရွှေက မောင်လေး၏လက်ကို ဆွဲ၍ ခေါ်သည်။ မောင်လေး ဘုမသိဘမသိဖြင့် ယက်ကန်ယက်ကန် ပါ၍သွားသည်။ ငသော် မောင်လေးကို ပြုံးပြုံးကြီး ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

မောင်လေးက ငသော်ကို လှည့်ကြည့်လိုက်သောအခါ ငသော်က ကလေးငယ်တစ်ယောက်၏ ဟန်ဖြင့် လက်ညှိုးကလေးထောင်ပြီး ကရော်ကရော်လုပ်ပြသည်။

ထိပြီ။ ကောင်မ ချောချောလေး၏ အထိန်းအသိမ်းကို ခံလိုက်ရပြီ ဆိုသောသဘော။

အတန်ငယ် လျှောက်သွားကြပြီးနောက် အေးရွှေက ရုတ်တရက် လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်ထဲသို့ မောင်လေးကို ဆွဲခေါ်သွားသည်။ ထောင့်အကျဆုံး စားပွဲတစ်လုံးတွင် ဂင်ထိုင်လိုက်ကြသည်။

အေးရွှေကပင် လက်ဖက်ရည်နှစ်ခွက် မှာလိုက်သည်။ မောင်လေးက အေးရွှေ၏ လှုပ်ရှားမှုများကို ကြည့်၍နေသည်။ စိတ်ထဲတွင်လည်း ထူးဆန်းနေသည်။

လက်ဖက်ရည် ရောက်မလာမီ အေးရွှေက ဘာစကားမျှ မပြော။ စားပွဲကို စိုက်၍ကြည့်ပြီးသာ စဉ်းစားနေသည်။

မကြာမီ လက်ဖက်ရည်နှစ်ခွက် ရောက်လာသည်။ မုန့်ပန်းကန်များလည်း ချ၍ပေးလာသည်။

'စား....မောင်လေး၊ ဂအောင်စား နင်က ဝော်ကြီးကျတတ်တဲ့ကောင်'

'ဟေ့.....ငါ့ကို ဒီလိုတော့ အပုပ်မချနဲ့။ လက်ဖက်ရည်လေး တစ်ခွက် တိုက်ပြီး'

'ဒါဆိုရင် ငါကျွေးတာ နင် မစားချင်ဘူးပေါ့'

'ဟားဟားဟား....စားမှာပေါ့ဟ၊ အစားနဲ့ ခေါ်တောင်နေဖို့မလိုပါဘူး၊ ငါလဲ တော်တော်ဘိုင်ကျနေတာ'

'ငါသိသားဘဲ၊ နင်ရ, ထားတဲ့ပိုက်ဆံတွေကို ကိုချစ်ထွေးက အားလုံး သိမ်းထားလိုက်တယ် မဟုတ်လား'

'အောင်မယ်....နင်က ဒါတွေတောင် သိနေပါလား'

'ဒါတွေတင် ဘယ်ကမလဲ၊ အားလုံးသိတယ်...နင့်အကြောင်း'

'အောင်မယ်....နင်မသိတာတွေအများကြီးရှိပါသေးတယ် အေးရွှေရာ'

'အိုး အားလုံးသိပါတယ် ဆိုမှ၊ အားလုံးသိလို့ ပြောတာပေါ့'

'ကဲ နင်ဘာတွေ သိလဲ'

'ပိုလို ဆိုတဲ့ကောင်ကို နင်ထိုးပစ်လိုက်တာလဲ ငါသိတယ်'

'ဟေ ဒါကို နင်တို့တောင် သိနေပလား၊ တွံတေးရောက်မှ သိတာလား'

'ဘယ်ဟုတ်မလဲ ရွာကို သတင်းရောက်လာတာ တစ်ပတ်လောက်ရှိပြီ'

'ဟေ'

'နင်ဟာ သိပ်ရမ်းကားနေပါလားဟင် မောင်လေး'

'မရမ်းကားပါဘူးဟာ၊ ပိုက်ဆံမရှိလို့ လက်ပေ့ ဂင်ထိုးမိတာပါ'

'ထိုးတာ ထိုးတာပေါ့၊ လူတစ်ယောက်ကို တော်ရုံတန်ရုံ ထိုးရင်လဲ ရတာပဲ'

'သူက လူတော်ပါ အေးရွှေရ၊ ပီးလဲ ပီးတယ်၊ အစိုးရက လက်သပ်မွေးထားတဲ့ ပွဲတိုင်းကျော်လဲ ဖြစ်တယ်'

'ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ဟယ်၊ လူတစ်ယောက်ကိုတော့ ဒီလောက်ထိ လုပ်လိုက်ဖို့ မကောင်းပါဘူး'

'ငါ့ကို သူကမှ အရှုံးမပေးပဲ၊ ငါ့လောက်မတော်ပဲ သူက ငါ့ကိုအံတုဖို့ ကြံတာကိုး၊ ဒီတော့ ငါက ဆုံးမလိုက်ရတာပေါ့'

'အေး အဲဒီသတင်းလဲကြားရော နင့်အမကြီး မလှ အကြီးအကျယ် စိတ်ထိခိုက်သွားတယ်၊ နင့်အတွက် စိတ်ပူပန်သွားတယ်၊ အဲဒီမှာ ငါ့ကို လာခေါ်တယ်၊ အကျိုးအကြောင်း ပြောပြတယ်၊ နင့်ကို လိုက်ရှာပြီး မရရ အောင် ပြန်ခေါ်ခဲ့ပါတဲ့၊ ငါမှ မခေါ်ရင် နင်လိုက်လာမှာ မဟုတ်ဘူးတဲ့၊ နင့်ကို ခေါ်လို့ရမယ့်လူ ငါတစ်ယောက်ပဲ ရှိတယ်တဲ့'

မောင်လေး တွေသွားငိုင်သွားပြန်သည်။ အစ်မကြီးမလှသည် အဘယ်ကြောင့် အေးရွှေကိုမှ အကူအညီတောင်းလေသနည်း။ အေးရွှေကိုယ်တိုင်ကရော အစ်မကြီး၏ တောင်းပန်ချက်ကို လက်ခံကာ အဘယ်ကြောင့် မိမိကို လိုက်၍ ခေါ်ရသနည်း။

ဒါကို သူတွေးတောစဉ်းစား၍ မရနိုင်အောင် ဖြစ်နေသည်။

'မောင်လေး'

'ဟင်'

'နင် နင် ခင်ဖြိုးအတွက် ဘယ်လောက် ခံစားနေရတယ်ဆိုတာ ငါ နားလည်ပါတယ် မောင်လေးရယ်'

'ဟင်'

ခင်ဖြိုးဆိုသောနာမည် အေးရွှေ၏ နှုတ်ဖျားမှ ထွက်ပေါ်လာသောကြောင့် မောင်လေး ပိုမို အံ့အားသင့်သွားရသည်။ အေးရွှေကို စိုက်၍ ကြည့်လိုက်သည်။ အေးရွှေကလည်း သူ့ကို မျက်လုံးချင်းဆိုင်၍ပင် ကြည့်နေသည်။

အေးရွှေ၏ မျက်နှာကလေးများက ညှိုးနွမ်းနေသည်။ ဖမ်းနည်းရိပ်များ လျှမ်းနေသမ်းနေသည်။

'မမလှက အဲဒီအကြောင်းတွေ ပြောပြတော့ ငါ့ရင်ထဲမှာ အသဲခိုက် သွားတယ်၊ ခင်ဖြိုးအတွက်ရော နင့်အတွက်ပါ ငါ စိတ်ထိခိုက်ရ ခံစားရတယ်'

'ဟင် မမကြီးက ဒီအကြောင်းတွေ အားလုံးကို နင့်ကို ဖွင့်ပြောပြ တယ်'

'ဟုတ်တယ်၊ ဒါကြောင့် နင့်ကိုလိုက်ရှာဖို့ ငါ သဘောတူ လက်ခံ လိုက်တာ'

'ဟင်'

နှစ်ယောက်သား တိတ်ဆိတ် ငြိမ်သက် သွားကြပြန်သည်။ အတွေးကိုယ်စီ ဝင်သွားကြပြန်သည်။ စကားဆက် ပြတ်သွားကြရပြန်သည်။ အတန်ငယ် ကြာမှ အေးရွှေကပင် စ၍ဆိုသည်။

'ခင်ဖြိုးအကြောင်းသိရလို့ စိတ်မကောင်းဖြစ်နေတုန်း ပိုလိုသေသွား တဲ့သတင်း ထွက်လာပြန်တယ်၊ နင် စိတ်လေလေနဲ့ ထင်ရာစိုင်းနေပြီဆိုတာ ငါ သဘောပေါက်လာတယ်၊ နင့်ဘဝဟာ ဒီလိုနဲ့ ပျက်စီးသွားမှာလည်း ငါ စိုးရိမ်လာတယ်'

မောင်လေးက အေးရွှေကို စိုက်၍ကြည့်နေသည်။ အေးရွှေ၏ မျက်လုံး အစုံထဲတွင် မျက်ရည်များ ဝေ့ဝဲလာပြန်သည်။ သူမက တိုးတိုးကလေး ထပ်မံ၍ ဆိုသည်။

'ငါဟာ ငါတို့ရွာမှာ အချောဆုံး အလှဆုံး မိန်းကလေးတစ်ယောက်

ပါ မောင်လေး၊ ငါ့အနားမှာ ကာလသားတွေ ပိုင်းပိုင်းလည်နေကြတယ် ဆိုတာ နင်သိပါတယ်၊ ဒါပေမယ့် အဲဒီ ကာလသားတွေကြားမှာ နင်တစ် ယောက်ပဲ ထူးထူးခြားခြား ငါ့ကို ဂရုမစိုက်ဘူး၊ ဒါကို ငါမခံချင်စိတ် ဖြင်ခဲ့ တယ်၊ ဒါကြောင့် နင့်ကို ငါကစပြီး စကားနာထိုးခဲ့တယ်၊ နောက်တော့ ငါစဉ်းစားကြည့်တယ်၊ ငါ တကယ်ကြိုက်တဲ့ ယောကျ်ားဟာ နင်ပဲဖြစ်နေတယ်၊ အခုလို နင် လေလွင့်နေတယ်ဆိုတာ သိရတော့ ငါ ပိုလို့ စိတ်ဆင်းရဲတယ်၊ ခင်ဖြိုးအတွက်ပါ ခံစားနေရတယ်ဆိုတော့ ပိုစိတ်ထိခိုက်တယ်၊ ဒါကြောင့် နင့်ကို ငါလာခေါ်တာ ၊ နင် ပြန်လိုက်ခဲ့ပါ'

'ဟင် အေးရွှေ အေးရွှေ မငိုနဲ့လေ၊ လက်ဖက်ရည်ဆိုင်ထဲမှာ ဆိုတာ လဲ သတိထားဦးမှပေါ့'

'နင်ငါ့ကို အထင်သေးချင်သေး၊ ငါတော့ ငါ့ရင်ထဲမှာ ရှိတာတွေကို အကုန်ပြောပြတာပဲ'

'မသေးပါဘူး အေးရွှေရယ်၊ ငါကလည်း နင့်ကို စိတ်မဝင်စားခဲ့တာ မဟုတ်ပါဘူး၊ နင် မာနကြီးသလို ငါကလဲ မာနသိပ်ကြီးတယ် ၊ ကာလသား တွေ ပိုင်းပိုင်းလည်နေတဲ့ နင့်အနားကို ငါမကပ်တာက နင်ကိုယ်တိုင် ငါက စိတ်ဝင်စားလိမ့်မယ် မထင်လို့ မကပ်ခဲ့တာပါ၊ အခုလို ငါစိတ်လေလွင့်နေတဲ့ အချိန်မှာ နင်က ကယ်တင်တဲ့အတွက် ငါနင့်ကို အများကြီး ကျေးဇူးတင် ပါတယ်၊ နင့်ဆန္ဒအတိုင်း ငါရွာကို ပြန်လိုက်ပါ့မယ်၊ ရွာရောက်ရင် ငါ့ကို လက်ထပ်မယ်ဆိုတဲ့ ကတိတော့ပေးပါ'

'ကတိပေးနေဖို့ လိုသေးလို့လား၊ ဒီက မိန်းကလေးတန်မယ့် စပြီး ပြောနေပြီပဲ မဟုတ်လား'

'ဂမ်းသာလိုက်တာ အေးရွှေရယ်၊ သဲကန္တာရထဲ ရောက်နေတဲ့ လူ တစ်ယောက် အိုအေစစ်ကို တွေ့ရသလိုပါပဲ၊ ငါ့ကို ထိန်းပေးပါ အေးရွှေ၊ နင် ထိန်းမပေးရင် ငါတော့ ပျက်စီးတော့မှာ အမှန်ပဲ'

'ကဲ သောက် မောင်လေး သွားကြစို့၊ ဈေးဝယ်စရာတွေလဲ ရှိသေး တယ်'

ယခုမှ အေးရွှေ၏ ရင်ထဲတွင် ရှက်စိတ်တွေ ဝင်လာသည်။ မျက်နှာပေါ် တွင်လည်း ရှက်သွေးတွေ ဖျန်းလာ လျှမ်းလာသည်။

'ငါ လက်ဖက်ရည်တောင် မသောက်ချင်တော့ပါဘူး အေးရွှေရယ်၊ နင့်မျက်နှာလေးကို ကြည့်နေရတာနဲ့ပဲ ငါ ဂနေပါပြီ'

'ကဲ ကဲ .... အခုမှ သဲတော်မူမနေပါနဲ့၊ တမလွန်ဘဝကနေ ခင်ဖြိုးကြား သွားရင် မိရွှေကို ပါးလာရိုက်နေပါဦးမယ်'

'ဟင်း ဟင်း ဟင်း....မိရွှေရယ်၊ တို့နှစ်ယောက်ဟာ အခု အခြေအနေ မှာ တစ်ယောက်ကိုတစ်ယောက် စကားနာထိုးရမယ့်သူ ရန်ဖြစ်ရမယ့်သူတွေ မဟုတ်တော့ပါဘူး'

'ကဲပါ သောက်သောက် စားတော်မူစမ်းပါ၊ နောက်ကို သွားချင်ရာသွား၊ လွင့်ချင်ရာ လွင့်မနေနဲ့ လက်ပေ့မထိုးနဲ့ လူမသတ်နဲ့'

'မသွားတော့ပါဘူး၊ မထိုးတော့ပါဘူး၊ မသတတ်တော့ပါဘူးတဲ့ဗျာ၊ မိရွှေဆိုတဲ့ ကွမ်းတောင်ကိုင် အလုပဂေးမလေးအတွက် မိုးတွင်းမှာ လယ်လုပ် မယ်၊ နွေရောက်တော့ သိုင်းဆရာလုပ်မယ်၊ စီးပွားရှာမယ်၊ ကြီးပွားအောင် လုပ်မယ်'

'မိရွှေကလည်း ကိုယ်ချစ်သူ ကိုလူကြမ်းကြီးနဲ့အတူ မောင်တစ်ထမ်း မယ်တစ်ရွက် ဒိုးတူဘောင်ဘက် လုပ်မယ်၊ ကိုယ့်ချစ်သူနောက်က တဖဝါး မကွာလိုက်မယ်၊ ရေပူရေချမ်း ကမ်းလှမ်းမယ်'

'ကဲ ပိုက်ဆံ ရှင်းလိုက်တော့၊ သွားကြစို့၊ ရွာကို မြန်မြန် ရောက်ချင် ပြီ၊ မြန်မြန် မင်္ဂလာဆောင်ချင်ပြီ၊ မင်္ဂလာလဲဆောင် မှောင်လဲမှောင် လာစေ ချင်ပြီ'

'ဟွန်း သူ ဘာတွေ လျှောက်ပြောနေမှန်းလဲ မသိဘူး'

'ရင်ထဲမှာရှိတာတွေ ပြောနေတာပေ့ါ၊ အသည်းနှလုံးထဲမှာ ဖြစ်နေတဲ့ ဆန္ဒတွေကို ပြောနေတာပေ့ါ'

'မပြောပါနဲ့ နားခါးပါတယ်၊ ရှက်ပါတယ်'

'နောက်တော့ ချိုလာမှာပါ၊ သကြားရည် သကာရည်ထက် ချိုလာရ ပါစေမယ်'

အေးရွှေက တခစ်ခစ်နှင့် ရက်စနီးကလေးရယ်သည်။ မောင်လေးက အေးရွှေ၏ လက်ကိုဆွဲ၍ ခေါ်သည်။

ကြည်နူးရပါဘိခြင်း၊ ရွှင်မြူးရပါဘိခြင်း။

ဘဂသစ်သည် အသစ်တဖန် သာယာစိုပြေ၍ လာပြန်သည်။ ခြောက်သွေ့နေသော မြင်ကွင်းများသည် အသစ်တဖန် စိမ်းလန်းစိုပြေ လာပြန်သည်။

ဈေးထဲသို့ ဝင်ခဲ့ကြသည်။ လိုအပ်သော ပစ္စည်းများ ဝယ်ကြသည်။ ဝယ်ခြမ်းပြီးသော် အသိဆိုင်တစ်ဆိုင်တွင် ပစ္စည်းများ အပ်နှံ၍ ထားခဲ့သည်။

ဈေးအပြင်သို့ ထွက်လာကြသည်။ တရုတ် ခေါက်ဆွဲဆိုင် တစ်ဆိုင်ထဲသို့ ဝင်သွားကြသည်။ နံနက်စာအတွက် ထမင်းဟင်းများ မှာကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မြိန်ယှက်စွာ စားကြသောက်ကြသည်။

သည်မှာ ငသော် ရောက်လာသည်။ အဂတွင် ရပ်၍ မောင်လေးတို့ နှစ်ယောကို ပြုံးပြုံးကြီး လှမ်းကြည့်နေသည်။ အေးရွှေက မောင်လေး လက်ကို ကုတ်၍ အဂင်ဂဆီသို့ စောင်းငဲ့ပြသည်။ မောင်လေးက လှမ်းကြည့်လိုက်သည်။ ငသော်ကို မြင်ရသည်။

'ဟာ....သူငယ်ချင်း လာ လာကွာ ထမင်းစား'

ငသော်က မောင်လေးတို့ နှစ်ဦးရှိရာသို့ လျှောက်သွားသည်။ ကုလားထိုင်တွင် ဝင်ထိုင်ပြီး ဆိုသည်။

'ငါက မင်းတော့ အခုလောက်ဆို ရန်ကုန်ရောက်လောက်ပြီ ထင်နေတာကွ၊ ဟား ဟား ....'

'ရန်ကုန်မရောက်ဘဲ ထမင်းဆိုင်ထဲ ရောက်နေတာမြင်တယ် မဟုတ်လားကွ၊ မင်းမျက်စိ ကန်းနေလို့လား၊ ဟား ဟား ဟား....၊ ကဲ...ဘာစားမလဲ'

'ခေါက်ဆွဲပဲ စားမယ်ကွာ'

'ပေါက်ဖော်ကြီး ခေါက်ဆွဲကြော် တစ်ပွဲဗျာ၊ ခွေးသားနဲ့ ကြော်ပေးပါ'

'ကဲ ညီမ ဒီကောင့်ကို မျက်ခြေပြတ်မခံဘဲ ရွာအရောက် ပြန်ခေါ်သွားပေတော့'

'စိတ်ချပါရှင် သူ့ကို ခေါ်မသွားရင် တွံတေးက လက်ပေ့သမားတွေ မျိုးပြုတ်ကုန်လိမ့်မယ်'

ထမင်းစားပြီးသည်နှင့် ငသော်ကို နှုတ်ဆက်ပြီး အေးရွှေ၏ တည်းခိုအိမ်သို့ ပြန်ခဲ့ကြသည်။ ပစ္စည်းပစ္စယများယူ၍ ဇေတိကုန်းရွာသို့ ထွက်လာသည်။

ရောက်သည့်ညတွင်ပင် အေးရွှေ၏ မိဘများအိမ်သို့ သွား၍ နားဖောက်ကြသည်။ မင်္ဂလာရက် သတ်မှတ်ကြသည်။ မင်္ဂလာပွဲ ကျင်းပကြသည်။

သည်တစ်ခါ မောင်လေး စွံပြီ။ အိမ်ထောင်ကျပြီ။ သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့ခြင်း ခံရပြီ။

ဘဂသည် အေးချမ်းသာယာပြီ၊ ဇနီးဖြစ်သူကို အိမ်တစ်ဆောင် မီးတစ်ပြောင် ထားနိုင်ရန် ကြိုးပမ်းရပြီ။

khtnetpc.webs.com

# ၁၉

ဖက်ဆစ်တို့သည် ဖက်ဆစ်ဇာတိရုပ်ကို ပြသကြသည်။ ဘီလူးစွယ်သည် ငေါငေါကြီး ပေါ်ထွက်လာပြီ။

နေရာတကာ၌ ပတ်ကြမ်းတိုက်ကြပြီ။ ဗမာပြည်ကို လွတ်လပ်ရေး အတု ပေးပြီ။ ကင်ပေတိုင် စစ်ပုလိပ်တို့ ဇာတ်ကြမ်းကပြပြီ။

ဂျပန်တို့၏ ရက်စက်မှု၊ ကြမ်းကြုတ်မှုသတင်းများ ထွက်ပေါ်နေချိန်မို့ မောင်လေးက သူ့တွင်ရှိသော ကျွဲများ နွားများအတွက် စိုးရိမ်ပူပန်လာသည်။

ဂျပန်တို့ကား စည်းကမ်းရှိသူများ မဟုတ်။ ဂက်ကိုတွေ့လျှင် ဂက်၊ နွားကို တွေ့လျှင်ကား နွားကို ပစ်သတ်ကြသည်။ သူတို့၏ ရိက္ခာအဖြစ် စားသောက်ကြသည်။ မောင်လေးက ဇနီးဖြစ်သူကို ပြောသည်။

'မရွှေ'

'ရှင် ကိုမောင်လေး'

'အဖွသူရေးဂ၊ ပရသူရေးဂတဲ့ကွ၊ ခေတ်ကြီးက ပျက်နေတော့ တို့တတွေ ဒီနေ့သေမလား၊ နက်ဖြန်သေမလား မပြောနိုင်ဘူး'

'အဲဒီတော့ ဘာဖြစ်သလဲ'

'ငါတို့မှာရှိတဲ့ ကျွဲတွေ နွားတွေက များလွန်းတယ်၊ တချို့ကို ရောင်းပြီး အလှူအတန်း ပြုချင်တယ်၊ ပစ္စည်းဆိုတာ ဒီအတိုင်းထားရင် သေရာမပါနိုင်ဘူး၊ အလှူဒါနသာ သေရာပါနိုင်တယ်'

'ရှင့်သဘောလေ'

'အေး၊ မင်းသဘောတူရင် ကျွဲတွေနွားတွေ ရောင်းရအောင်ကွာ'

မောင်လေးက သူ့ကျွဲများ နွားများကို နစ်ကောင်တစ်တွဲ သုံးကောင်တစ်တွဲ ရောင်းသည်။ ရက်ရက်ရောရော အလှူအတန်း ပြုလုပ်သည်။ ခုနစ်ရက် တစ်ပတ်တွင် တစ်ကြိမ် ဆွမ်းကျွေးသည်။

သည်လိုနှင့် တစ်လပြီးတစ်လ ကုန်လွန်လာသည်။ခုနစ်ရက်တစ်ပတ် ဆွမ်းကျွေးချိန် ရောက်လာပြန်သည်။ ရွာဦးထိပ်မှ ဘုန်းတော်ကြီးကို ဆွမ်းပင့်ကျွေးသည်။ သင်္ကန်းတစ်စုံလည်း ကပ်လှူသည်။ ဆရာတော်က ရေစက်ချ အမျှပေးဝေသည်။ ဆွမ်းဘုန်းပေးပြီးနောက် ဆရာတော်က ဆိုသည်။

'ဒကာလေး'

'မှန်ပါ၊ အမိန့်ရှိပါ ဘုရား'

'ဘုန်းကြီး ပျဉ်းမကုန်းကို ကြွစရာရှိတယ်၊ ဒကာလေးလှူတဲ့ သင်္ကန်းကို ဒကာလေးပဲ ကျောင်းရောက်အောင် သွားပို့လိုက်ပါ'

'မှန်ပါ့ဘုရား တပည့်တော် သွားပို့လိုက်ပါ့မယ် ဘုရား'

သည်လိုပြောပြီး ဘုန်းကြီး ကြွသွားသည်။ မောင်လေးက သင်္ကန်းကို ယူပြီး အိမ်မှ ထွက်လာသည်။ ဘားမား ရော်ဘာခြံကို ဖြတ်လာသည်။ ဘုန်းကြီးကျောင်းမှာ ဘားမားရော်ဘာခြံ၏ တစ်ဖက်တွင် ရှိသည်။

ရော်ဘာခြံထဲ၌ ဂိုထောင်တစ်လုံး ရှိသည်။ ဂိုထောင်စောင့်ကား ဖဲသမား ဘိုးညွန့်ဖြစ်သည်။ ဖဲရိုက် လွန်စွာ ဝါသနာထုံသူဖြစ်သည်။

'ဟေ့ ကိုမောင်လေး ဘယ်လဲဗျ'

'ဩ ဘိုးညွန့်၊ ငါ ဘုန်းကြီးကျောင်းကို သင်္ကန်း သွားပို့မလို့ကွ'

'အဲ ခင်ဗျားကိုတွေ့တာနဲ့ အတော်ပဲ၊ ဟောဒီက မိတ်ဆွေက အပ်ချုပ်စက်တစ်လုံး ဝယ်ချင်လို့တဲ့ဗျ၊ ရွာထဲမှာ အပ်ချုပ်စက် ရောင်းမယ့်လူများ ရှိသလား'

'ရှိတယ် ဦးလုံအိမ်မှာ ရောင်းမယ်လို့လည်းကြားတယ်၊ နစ်ရာ့ငါးဆယ်တဲ့'

'ဟုတ်လား.....ဒါဖြင့် ကျွန်တော်တို့ သွားမေးကြည့်ဦးမယ်'

'အေး.....မေးကြည့်ကြပေါ့'

မောင်လေးက လူစိမ်းဧည့်သည်ကို ကြည့်ပြီး ဘုန်းကြီးကျောင်းဘက်သို့ ထွက်သွားသည်။ ဘုန်းကြီးကျောင်းတွင် ကျောင်းသားကလေးများအား သင်္ကန်းကိုပေးထားခဲ့ပြီး ပြန်လာသည်။

နာရီပြန်သုံးချက်ထိုးခန့်တွင် အပ်ချုပ်စက်ဂယ်သော ညွှန့်သည် မောင်လေး၏ နေအိမ်သို့ ရောက်လာသည်။ စက်ကိုပါ ယူလာသည်။

'ဒီစက်ကို ဒီမှာ ခဏထားပါရစေ ခင်ဗျာ'

'ထားပါ ရပါတယ်၊ အားနာစရာ မရှိပါဘူး'

မောင်လေးက ညွှန့်သည်ကို ခရီးဦးကြိုပြုသည်။ ကွမ်းဆေးလက်ဖက် ရေနွေးကြမ်းများဖြင့် ညွှန့်ခံသည်။

'ကျွန်တော့်နာမည် ဘစောလို့ ခေါ်ပါတယ်၊ ဂျပန်စစ်တပ်မှာ အဂယ် တော်လဲလုပ်၊ ဂျပန်စကားပြန်လဲ လုပ်ပါတယ်'

'အော်....ဟုတ်ကဲ့ ဟုတ်ကဲ့'

ကျွန်တော်က ကျွန်တော့်စီးပွားရေး အရသာ လုပ်တာပါနော်၊ ဂျပန်ရဲ့ အလိုတော်ရိတော့ မဟုတ်ပါဘူး၊ ဂျပန့်လူဆိုပြီး ရပ်သူရွာသားတွေကို ဒုက္ခ ပေးတဲ့လူ မဟုတ်ပါဘူး'

'ဟုတ်ကဲ့ခင်ဗျာ၊ ဟုတ်ကဲ့'

'နောင်ကြီးကျေးဇူးကြောင့် အပ်ချုပ်စက်တော့ ရပါပြီ၊ နောက်တစ်မျိုး ရရင် ထပ်လိုချင်ပါသေးတယ်'

'ဘာများလဲ ခင်ဗျာ'

'ကဒက်ဥပါ နောင်ကြီး၊ ကဒက်ဥရရင် များများလိုချင်ပါတယ်'

'ကဒက်ဥ ဟုတ်လားဗျ၊ ဘာလုပ်ဖို့လဲ'

စက္ကူလုပ်မလို့ပါ၊ ဂျပန်တွေက စက္ကူကို ကောက်ရိုး ငှက်ပျောတုံး တွေနဲ့ လုပ်ပါတယ်၊ စက္ကူပိုချောလာအောင် ကဒက်ဥပြုတ်ရေနဲ့ ရောရပါ တယ်'

'ဩော်'

'အဲဒီစက္ကူတွေက ငွေစက္ကူလုပ်တဲ့ စက္ကူပါ၊ စက္ကူချောကို သူတို့မှာ ပါတဲ့ စက်ထဲထည့်လိုက်ရင် ငွေစက္ကူတွေ ပုံနှိပ်ပြီးသား ထွက်လာပါတယ်'

'ဩော်'

'အဲဒါ ကဒက်ဥဂယ်လို့ ရနိုင်ပဲ့မလား ခင်ဗျာ'

'ရတော့ ရနိုင်ပါတယ်၊ ဒါပေမယ့် ညအိပ်မှပဲ ရမယ်ဗျ၊ ကိုဘစောရဲ့'

'ဒါဆိုလဲ အိပ်ရမှာပေ့ါခင်ဗျာ၊ ရော့ စရံငွေငါးရာ ယူထားပါ နောင်ကြီး'

'ဟုတ်ကဲ့'

'ကဲ ဒါဆိုရင် နောင်ကြီးအိမ်မှာပဲ ကျွန်တော် အိပ်ပါရစေ၊ ဟောဒီ ငွေအိတ်ကိုလည်း သိမ်းထားပေး စေချင်ပါတယ်'

'ကိုဘစောက ငွေစက္ကူတွေ အပြည့်အသိပ် ထည့်ထားသော သူ့လွယ် အိတ်ကို မောင်လေးလက်သို့အပ်သည်။ မအေးရွှေက အိမ်ခန်းထဲတွင် သွား၍ သိမ်းလိုက်သည်။

'ပြီးတော့ ကျွန်တော့် ငွေအိတ် တစ်အိတ်လဲ ရော်ဘာခြံထဲက ဂိုထောင် မှာ ထားခဲ့ပါတယ်၊ ထီးတစ်လက်ရော ဆိုပါတော့၊ အဲဒါ ကျွန်တော် သွားယူ ချင်ပါတယ်'

'သြော် ဟုတ်လား၊ ဟိုမှာလည်း ငွေအိတ် ထားခဲ့သေးသလား'

'ဟုတ်ကဲ့ အဲဒါသွားယူဖို့ နောင်ကြီးပါ တဆိတ်လိုက်ခဲ့ပါလားဗျာ'

'ရပါတယ်၊ ရပါတယ် ၊ ကဲ သွားကြရအောင်'

မောင်လေးက နေရာမှထသည်။ ဧည့်ခန်းနှင့် အိပ်ခန်းအဝင်ထောင့်တွင် ထောင်ထားသော လှံကို ဆွဲ၍ ယူလိုက်သည်။ လှံမှာ သံလှမဟုတ်၊ ကြေးလှံ ဖြစ်သည်။ ဂက်အူရစ်ပါသည်။

နှစ်ယောက်သား အိမ်ပေါ်မှ ဆင်းလာခဲ့ကြသည်။ ဂိုထောင်ရှိရာ ရော်ဘာ ခြံဆီသို့ လျှောက်လာကြသည်။

ရောက်ပြီ။ ရော်ဘာခြံထဲသို့ ရောက်ပြီ။ ဂင်မိကြပြီ။

ညနေ လေးနာရီပင် မထိုးသေးသော်လည်း ရော်ဘာခြံတဲတွင်မူ ရော် ဘာပင်ရိပ်များ အုပ်မိုးထားသောကြောင့် ညနေ ခြောက်နာရီထိုးခန့် ပမာ ထင်မှတ်ရသည်။ မှောင်ရိပ် အနည်းငယ် သမ်းနေပြီ။

သည်ရော်ဘာခြံကြီးကား ဘားမား ရော်ဘာခြံပင်။ ခြံကြီးထဲတွင် ကျင်း များ၊ ချောက် များ၊ စမ်းချောင်းများ နေရာအနှံ့ရှိသည်။

သည်နေရာ သည်ပတ်ဝန်းကျင်တွင် ဘားမား ရော်ဘာခြံနှင့် ဦးလုံ ရော်ဘာခြံ နှစ်ခြံသာ ရှိသည်။ တမျှော်တခေါ်ကြီး ရော်ဘာပင်များကို စိုက် ပျိုးထားသည်။

နှစ်ယောက်သား ရော်ဘာခြံကြီးကို ဖြတ်၍ ဂိုထောင်ရှိရာသို့ လျှောက်လာ ရောက်လာကြသည်။

'ဟိုက်'

မောင်လေး၏ ရင်ထဲတွင် အသံတိတ် အာမေဋိတ်လိုက်မိသည်။ ရော်ဘာပင်တစ်ပင်တွင် မှီလျက်ရပ်နေသော လူပါးကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

လူပါးကားနာမည်ကြီး လူမိုက်တစ်ယောက်ဖြစ်သည်။ ဖလိပ်ကြီး အညာချောင်မှာ နေသည်။ မောင်လေးနှင့် ကျောင်းနေဖက်၊ ဆော့ဖက်၊ ကစားဖက်၊ နပမ်းသတ်ဖက် ငယ်ပေါင်းတစ်ယောက် ဖြစ်သည်။

လူပါး၏ ဖအေသည် တရုတ်၊ မအေက ကရင်၊ ကရင် တရုတ်စပ်ဖြစ်သည်။ အသားနီစပ်စပ် ၊ အရုပ်အမောင်း ကောင်းကောင်းနှင့် ဗလကြီးကြီး ဖြစ်သည်။ သူ့တကိုယ်လုံး အမွေးတွေက ဖြူနေသည်။ ဦးခေါင်းမှ ဆံပင်သာ နီကြောင်ကြောင် ရှိနေသည်။

မောင်လေး နားလည်လိုက်ပါပြီ။ ဂိုထောင်စောင့် ဘိုးညွန့်သည် ဖဲသမား ဖြစ်သည်။ ကိုဘစော၌ ငွေများပါလာသည်ကို သိထားရာ လူပါးကို သွား၍ ခေါ်ခြင်းပင်။

လူပါးအပြင် အခြားနှစ်ယောက်လည်း ပါသည်။ ကိုဘစောကို သတ်၍ ငွေကိုယူရန် အကောက်ကြံကြခြင်းပင်။

လူပါးက ရော်ဘာခြံကိုမှိုရင်း ပုဆိုးကို ခြုံထားသည်။ မောင်လေးတို့ကို မြင်သည်နှင့် ပုဆိုးခြုံထဲမှ ပုက်ထားသော မြက်ရိတ်ဓားကို ထုတ်လိုက်သည်။

'ဟေ့ကောင်လူပါး မင်းဒီကို ဘာလာလုပ်တာလဲ'

မောင်လေးက ခပ်ဆတ်ဆတ် ခက်ထန်ထန်လေသံဖြင့် မေးလိုက်သည်။

'ဘာလုပ်လုပ် မင်းအပူတစ်ပြားသား မပါပါဘူးကွ'

'ဟေ့ကောင် မင်းအကြံကို ငါမသိဘူးထင်သလား၊ ဘိုးညွန့်နဲ့ပေါင်းပြီး ငါ့လူကို ရှင်းကြမလို့ မဟုတ်လား'

လူပါးက ဘာမှဆက်မပြော ရော်ဘာပင်ကိုမှီလျက် မောင်လေးနှင့် ကိုဘစောကိုသာ စူးစိုက်ကြည့်နေသည်။

'ရှင်းချင်ရင် ငါ့ကို အရင်ရှင်းကြ၊ ငါ့ကိုရှင်းပြီးမှ ငါ့ညီ့သည်ကို ထိလို့ရမယ်'

'မင်းက မင်းနဲ့မဆိုင်ဘဲ ဂင်စွက်စရာ မလိုပါဘူးကွ'

လူပါးက သည်လိုပြောပြီး သူ့မြက်ခုတ်ဓားဖြင့် ရော်ဘာပင်ကို ဆက်ကာဆက်ကာ ခုတ်လိုက်သည်။

'ဟော့လူပါး၊ မင်းနဲ့ငါက ငယ်ပေါင်းတွေ အကြောင်းသိတွေပါကွာ၊ ခုတ်ချင်ရင် ငါ့ကို လာခုတ်စမ်းပါ၊ ရော်ဘာပင်ကို ခုတ်တော့ မောရုံရှိတော့မပေါ့'

'မောင်လေး မင်းဒီနေရာက ထွက်သွားဖို့ ငါသတိပေးတယ်'

'ဟား ဟား ဟား ....ဟော့ လူပါး၊ ငယ်ငယ်တည်းက ငါ့လက်စောင်း ဘယ်လောက်ထက်တယ်ဆိုတာ မင်း သိပြီးသားပါကွာ၊ ခေါင်းတစ်လုံးကို ငါးမူးနဲ့ အငှားရိုက်လာတဲ့ ကောင်ပါကွ၊ တစ်လက်မကွဲလား၊ နှစ်လက်မကွဲလား၊ သုံးလက်မကွဲထိ လိုချင်လား၊ ငါ့လက်ရမ်းလက်ဆ ဘယ်လောက် ကောင်းတယ်ဆိုတာ မင်းသတယ် မဟုတ်လား၊ ကဲ ကြာတယ်ကွာ ငါ့ရှေ့ လာရပ်စမ်းပါ၊ ငါ့ကို စိမ်ခေါ်ကြည့်စမ်းပါ၊ မင်းတို့က လေးယောက် ငါက တစ်ယောက်ထဲပါကွ'

သည်လိုပြောပြီး မောင်လေးက ကိုဘစောကို ကြည့်လိုက်သည်။ ဂျပန်စကားပြန်လည်းဖြစ်၊ အဂယ်တော်လည်းဖြစ်သော ကိုဘစောမှာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေပြီ၊ ကြောက်စိတ် ကြီးမားစွာ ဂင်နေပြီ။

'ကိုဘစော သွား ဂိုထောင်ပေါ်တက် ခင်ဗျား ပိုက်ဆံအိတ်ကို ယူခဲ့'

ကိုဘစော မသွားရဲ၊ မျက်နှာငယ်လေးဖြင့်သာ မောင်လေးကို ကြည့်နေသည်။

မျက်နှာတွင် သွေးမရှိတော့ပြီ၊ ဂျပန်၏ လူဖြစ်သော်လည်း တကယ်တမ်း သေဘေးနှင့် တွေ့ကြုံရင်ဆိုင်ရသောအခါ ဒူးခွေ၍ မူးလဲသွားတော့မတတ် တဆတ်ဆတ် တုန်လှုပ်နေပြီ။

ကိုဘစော သွားဗျာ သွားစမ်းပါ၊ ဒီနယ်တစ်ပိုက်မှာ မောင်လေးက တကယ့်နာမည်ကြီးပါဗျ၊ တော်ရုံတန်ရုံ ကောင်တွေမပြောနဲ့ တကယ့်ဒိတ်ဒိတ်ကြဲတွေတောင် မကပ်ပံ့တဲ့လူဆိုတာ ခင်ဗျား သိထားပါ၊ သွား...ရဲရဲသွား'

သည်တစ်ခါ မောင်လေးက ခပ်ထန်ထန် ခပ်ဆတ်ဆတ် ပြောသည်။ ငေါက်၍ အမိန့်ပေးသည့်နယ်ပင် ဖြစ်သွားသည်။

ကိုဘစော ဂိုထောင်ထဲသို့ ဝင်သွားသည်။ မကြာချေ။ ငွေအိတ်ကိုယူ၍ ပြန်ထွက်လာသည်။

'ခင်ဗျားထီးရော၊ ထီးပါ ကျန်ခဲ့တယ်ဆို'

'နေ နေပါစေတော့ဗျာ'

သည်အချိန်မှာပင် လူပါးက ရှေ့သို့ တိုးလာသည်။ မြန်မြန်တိုးလာခြင်းကား မဟုတ်။ တုန့်ဆိုင်း တုန့်ဆိုင်းဖြင့် တိုးလာခြင်း ဖြစ်သည်။

'ခင်ဗျား နောက်ကိုဆုတ်၊ ကိုဘစော မကြောက်နဲ့ ကျုပ်မသေမချင်း ခင်ဗျားကို လက်ဖျားနဲ့ တစ်ချက်မထိစေရဘူး'

ကိုဘစောပို၍ ထိတ်လန့်လာသည်။ မောင်လေးက သူ့လက်ထဲမှ လှံကို အသင့်ကိုင်ပြီး လူပါးနှင့် ရင်ဆိုင်လိုက်သည်။

'ဟော့.....ဟော့ကောင်တွေ ဘာလုပ်နေကြတာလဲ၊ တက်ခဲ့ကြပါလားကွ'

လူပါး၏ လူနစ်ယောက်လည်း မရဲတရဲ မပွံ့တပွံ့နှင့် ရှေ့သို့တိုးလာကြသည်။

'ဟား ဟား ဟား မင်းဟာ တကယ့် အရေးအကြောင်းကျတော့ အင်မတန် သတ္တိခေါင်တဲ့ ကောင်ပါလားကွ၊ တစ်ယောက်ချင်း ရင်ဆိုင်ရမှာ မင်း ကြောက်နေတယ် မဟုတ်လား၊ ကဲ....ကြာတယ်ကွာ'

မောင်လေးက လှံကို အသင့်ပြင်ပြီး ရှေ့သို့ခုန်၍ တိုးလိုက်သည်။ လူပါးက နောက်သို့ လွှားကနဲခုန်လိုက်သည်။ မောင်လေးက လူပါးနှင့်အတူ ပါလာသော လူနစ်ယောက်ဘက်သို့ ခုန်ပြီး တက်လိုက်ပြန်သည်။

'ဖျောင်း ဖျန်း အား'

မောင်လေးကား လှံဖြင့် မထိုးသေး။ ခြေဦးဖြင့် မြေကို ထိုးလိုက်ပြီး လူပါး၏ လူတစ်ယောက်ဆီသို့ သဲဖြင့် ပက်လိုက်သည်။ မျက်နှာတည့်တည့်သို့ မြေမှုန့်များ ပက်မိသွားသည်။

ထိုလူသည် သူ့မျက်နှာကို လက်ဝါးနစ်ဘက်ဖြင့် အုပ်လိုက်ပြီး နောက်ဘက်သို့ လှည့်၍ ပြေးသွားသည်။

'ပုံး...အား'

မျက်စိမမြင်ရသောအခါ ရော်ဘာပင် တစ်ပင်နှင့် သွား၍ ဆောင့်တိုက် တိုက်မိသည်။ ဂုံးကနဲ လဲကျသွားသည်။

'မြင်လားကွ လူပါး၊ ဒါဟာ ခြေဦးပဲ ရှိသေးတယ်'

'ဖျောင်း ဖျန်း ဖျောင်း ဖျန်း'

မောင်လေးက သူ့ခြေဖဗင်းဖြင့် မြေပင်ကို ခတ်လိုက်သည်။ မြေကြီး သည် ဖွာခနဲ ဖွာခနဲ ဖြစ်သွားပြီး မြေမှုန်များလည်း မြောက်၍ မြောက်၍ တက်သွားသည်။

လူပါးရော ကျန်တစ်ယောက်ပါ နောက်ဆုတ် နောက်ဆုတ် ဖြစ်နေကြ သည်။

'ဟေ့ မကြောက်ပါနဲ့ကွ သူများပိုက်ဆံ အလကား အချောင်လိုချင်ရင် ဒီလောက်သတ္တိ၊ ကမြင်းနီသည်းခြေလောက်နဲ့ ဘယ်ဖြစ်မလဲ'

လူပါး ရှေ့သို့ တိုးလာပြန်သည်။ မခံချင်စိတ်ဂင်လာ ဒေါသထွက်လာ ဟန်ရှိသည်။

မောင်လေးက ရှေ့သို့ တိုးလိုက်သည်။ လူပါး တွန့်သွား တန့်သွား ပြန်သည်။

'ဟေ့ ဟိုကောင် မလောက်လေး မလောက်စား မိုက်ဂုဏ်လောက်နဲ့ အနားမကပ်နဲ့နော်၊ သေနတ်သမား ဓားပြထွန်းရှင်ကို ဓားနဲ့လိုက်ဖမ်းတဲ့ မောင်လေးဆိုတာ ငါပဲကွ'

မောင်လေးက သည်လိုပြောပြီး ခြိမ်းခြောက်လိုက်သည်နှင့် လူပါး၏ တပည့်ဖြစ်သူ နောက်သို့ ဆုတ်သွားသည်။

'ဟေ့ ချက္ကာ ၊ မြန်မြန်ချ၊ စိတ်မရှည်ဘူးဟေ့'

မောင်လေးက လွှားကနဲ ရှေ့သို့ ခုန်လိုက်သည်။ လူပါးက နောက်သို့ လှည့်အဆုတ် မောင်လေးက သူ့လှံဖြင့် ပြေးထိုးလိုက်သည်။

'စွပ် အား'

လှံက လူပါး၏ ပေါင်ကို ထိသွားသည်။ စိုက်ဂင်သွားသည်လည်း မဆိုနိုင်။ ရှပ်ထိသွားသည်ဟုလည်း မဆိုသာ။

လူပါး၏ ပေါင်မှ အသားဖတ်ကြီးတစ်ဖတ် ပဲ့ထွက်သွားသည်။ တချိုး တည်း သုတ်ခြေတင်တော့သည်။ သူ့တပည့်လည်း ပြေးပြီ။ သဲပက်ခံရသူ လည်း မမြင်မစမ်းနှင့် နောက်မှ ပြေး၍ လိုက်သွားပြီ။

'လာ ကိုဘစော ဘာမှ မကြောက်နဲ့'

ကိုဘစောကား ယခုအချိန်ထိ နတ်ပူးသလို တုန်ယင်နေဆဲပင် ရှိသေးသည်။

'ဆရာ ဆရာကြီးရယ်၊ ကျွန်တော့်မှာ အမေမွေးတဲ့အသက် မရှိတော့ပါဘူး၊ ဆရာကြီးရဲ့ အသက်ပဲ ရှိပါတော့တယ်'

'မကြောက်ပါနဲ့ဗျာ၊ ဒီကောင်လောက်က အသေးအမွှားပါ၊ တကယ်တမ်းကျတော့ ဒီကောင်မှာက သတ္တိရှိတာ မဟုတ်ဘူး၊ မိုက်လဲ လူချင်းယှဉ်ပြီး မမိုက်ရဲဘူး၊ ဒါပေမယ့် ဒီကောင်ကလဲ ကြောက်စရာတော့ အတော်ကောင်းတဲ့ အကောင်တစ်ကောင်ပဲဗျ'

'ဘာဖြစ်လို့လဲ ခင်ဗျာ'

'ဒီကောင်က မိန်းမညာဏ် သုံးတတ်တယ်၊ အမေ့လောက်မှာ ဂင်ရိုက်တယ်၊ ညအချိန် အိမ်ကို ကပ်ချောင်းပြီး သတ်တတ်တယ်'

နစ်ယောက်သား ရော်ဘာခြံကိုဖြတ်၍ ပြန်လာခဲ့ကြသည်။ မောင်လေး၏နေအိမ်သို့ ပြန်ရောက်မှ ကိုဘစော ကြောက်စိတ်ပြေသွားသည်။

မအေးရွှေက မောင်လေးနှင့်ကိုဘစောကို ကြည့်ပြီး အကဲခတ်သည်။

သင်္ကာယနံ့ မကောင်းစိတ် ဂင်သွားသည်။

'ကိုမောင်လေး....ရှင်တို့ တစ်ခုခု ဖြစ်လာခဲ့ကြတယ် မဟုတ်လား'

'အစစ်ပေါ့မယ်ရွှေရာ၊ လူပါးနဲ့ သွားတိုးနေလို့'

'ဟင် လူပါး ဟုတ်လား၊ သူက ဘာလာလုပ်တာလဲ'

'ဘာလုပ်ရမလဲဟ၊ ဖဲသမားဘိုးညွှန့်က သွားခေါ်တာပေါ့၊ လူသတ်ပြီး ငွေထုပ်ကို ယူမလို့ပေါ့'

'အလိုတော်....အကြံပက်စက်လိုက်ကြတာ'

'ငါလိုက်သွားမိလို့ တော်သေးတာပေါ့၊ ငါ့သာလိုက်မသွားရင် ကိုဘစောတော့ အလောင်းဘဂ ရောက်နေပြီပေါ့'

'လူပါးက ရှင့်ကို ရန်မူသေးလား'

'မူတာပေါ့ မယ်ရွှေရ၊ ရန်မူတော့လည်း သူ့ပေါင်က အသားတစ် ထွက်သွားရုံ ရှိတာပေါ့'

'ရှင်က လုပ်ပစ်ခဲ့သေးတယ်'

'မလုပ်လို့ ဘယ်ဖြစ်မလဲကွ မိန်းမရ၊ သူက ရန်မူနေမှ မှတ်လောက်သား လောက်ရုံတော့ လုပ်ခဲ့ရသေးတာပေါ့၊ ကိုယ်လုံးကိုမထိုးဘဲ ပေါင်ကို ထိုးလိုက် တာ၊ တည့်တည့် မထိုးမိဘူး၊ ရှုပ်ပြီးတော့ ထိမိတယ်'

'အင်း ကာလက မကောင်းရတဲ့အထဲ ဒုက္ခပါပဲတော်'

'ကဲ ဆရာကြီးရယ် ဆရာကြီးကျေးဇူးက ကြီးမားလှပါတယ်၊ ဆရာ ကြီးကိုလည်း ကျေးဇူးဆပ်ရာရောက်၊ ကျွန်တော်လည်း တာဝန်ကျေအောင် ကဒက်ဥကိစ္စ ဆောင်ရွက်ပေးပါ ခင်ဗျာ'

'ကဲ မယ်ရွှေ၊ မောင်ဒေါင်းကို သွားခေါ်၊ အရိုးတော်ရွာကို လွှတ်မယ်၊ ငါ့မိတ်ဆွေတွေကို ကဒက်ဥ အတူးခိုင်းမယ်၊ မနက်ကျတော့ လှည်းနဲ့ ဒီကို လာပို့ခိုင်းရမယ်'

မောင်ဒေါင်း ရောက်လာသည်နှင့် မောင်လေး သေချာစွာ စကားပြောပြီး အရိုးတော်ရွာသို့ လွှတ်လိုက်သည်။

အရိုးတော်ရွာကား ကရင်အမျိုးသား ကျေးရွာဖြစ်သည်။ မောင်လေး အနေဖြင့် သိုင်းသင်ပေးထားသော တပည့်များရှိသည်။ သူတို့ကို အကူအညီ တောင်းခြင်း ဖြစ်သည်။

တစ်မိုးချုပ်၍ တစ်ညကုန်လွန်လာသည်။ မနက်သို့ ကူးပြောင်း ရောက်ရှိ လာသည်။ ဆွမ်းခံဝင်ချိန်လောက်တွင် လှည်းသုံးစီး ဇေတိကုန်းရွာထဲသို့ ဝင်လာသည်။ မောင်လေး၏ အိမ်ရှေ့တွင် လှည်းများကို ရပ်တန့်လိုက်ကြ သည်။

'ဟေး ဖထီး ..... ကျေးဇူးပဲဂေး'

'ဆရာကြီး....ဆရာကြီးခိုင်းရင် လုပ်ပေးရမှာပေါ့ဂေး'

'အလကားခိုင်းတာ မဟုတ်ပါဘူးဗျ ဖထီးရဲ့ လုပ်အားခ ပေးမှာပါ'

'မပေးလဲ အရေးမကြီးပါဘူးဂေး ငါ့သားတွေကို နင်ပညာသင်ပေးထား တယ် မဟုတ်လားဂေး'

'ပညာသင်တာက သင်တာပဲပေါ့ ဖထီးရဲ့၊ အခုကိစ္စက ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး၊ ကျွန်တော့် မိတ်ဆွေရဲ့ ကိစ္စကို ကျွန်တော်က ကူညီပေးတာပါ၊ ကဲ.....လာ အိမ်ပေါ်ကို တက်ကြ၊ အနားယူကြပါဦး'

မိတ်ဆွေများကို အိမ်ပေါ်သို့ခေါ်၍ မောင်လေးက ဧည့်ဝတ်ပြုသည်။

ကိုဘစောပေးထားသော ငွေငါးရာကို ဇနီးဖြစ်သူထဲမှ တောင်း၍ ကရင်အဘိုးကြီးကို ပေးလိုက်သည်။

ကရင်အဘိုးကြီး ငွေစက္ကူများကို ရေတွက်ပြီး မျက်လုံးပြူးသွားသည်။

'ဂေး အများကြီးပါလားဂေး၊ ဘယ်လောက် ပြန်ပေးရမလဲ ဂေး'

'မပေးပါနဲ့ ဖထီးရဲ့၊ ဖထီးအတွက် ပေးတာပါ၊ တူးပေးတဲ့လူတွေကိုပါ ဂေပေးလိုက်ပါ'

'အား များလွန်းတယ်ဂေး၊ ဆရာကြီး နစ်ရာဆို တော်ပါပြီဂေး'

'နောက်ကိုလည်း ဆက်ပြီးတူးကြပါ၊ ရသလောက် ကျွန်တော့် မိတ်ဆွေက ယူပါလိမ့်မယ်'

'ဂေး ကျေးဇူးတင်တယ်ဂေး ၊ နောက်ကိုလည်း တူးပေးမယ် ဂေး၊ ငါတို့ ရွာနားမှာ သိပ်ပေါတယ်ဂေး'

ကရင်အဘိုးကြီး များစွာ ဂမ်းသာသွားကြသည်။ ကွမ်းဆေးလက်ဘက်များ စားသောက်ပြီး ပြန်သွားကြသည်။

မောင်လေးက ကဒက်ဥများတင်ရန် လှည်းနှစ်စီး ထပ်၍ ငှားသည်။ ငှားသည်ဟူ၍သာ ဆိုရသည်။ အစ်ကို အစ်မများ၏ လှည်းများကို သွားခေါ်ခြင်းသာ ဖြစ်သည်။ သူ့ကိုယ်ပိုင်လှည်းနှင့်ဆိုသော် လှည်းသုံးစီး ဖြစ်သည်။

သမ္ဘာန်ဆိပ်သို့ ကဒက်ဥများကို တိုက်သည်။ လှည်းပေါ်မှ သမ္ဘာန်ပေါ်သို့ တင်ကြသည်။ ယောက်ဖနှစ်ယောက် သမ္ဘာန်များနှင့်အတူး ရန်ကုန်သို့ ထွက်ခဲ့ကြသည်။

လမ်းတွင် ဂျပန်များက စစ်ဆေးသည်။ ကိုဘစောက ဂျပန်ပန်စကားဖြင့် ပြောလျှင် ပြဿနာ တစ်စုံတရာမရှိ။ သည်လိုနှင့် ဗားဂရာ ဆိပ်ကမ်းသို့ ရောက်ရှိသွားကြသည်။ ဗားဂရာ ဆိပ်ကမ်းမှာ သမ္ဘာန်ကို ကပ်သည်။

ရန်ကုန်ဆိပ်ကမ်းတွင်လည်း ကဒက်ဥများကို လှည်းဖြင့်ပင် တိုက်၍ ယူရသည်။ ဗားကရာဆိပ်ကမ်းမှသည် ရွှေဂုံတိုင် ဂါတ်တဲကွေ့အထိ ဖြစ်သည်။

ဂျပန်တွေက ကဒက်ဥတွေကို ကြိတ်စက်များထဲတွင် ထည့်၍ကြိတ်သည်။ ကြေသွားသောအခါ ကဒက်ဥရည်များသည် ကော်ရည်ဘဂသို့ ပြောင်းသွားသည်။ စေးထန်းထန်း အရည်များ ဖြစ်သွားသည်။

ငှက်ပျောတုံးများကို အပိုင်းပိုင်းဖြတ်သည်။ သံပုရာ ဒယ်အိုးကြီးများထဲတွင် ထည့်၍ ပြုတ်သည်။ ဘွမ်းဘွမ်း ဘွမ်းဘွမ်းနှင့် အရမ်းကာရော ဆူသည်အထိ ပြုတ်ကြသည်။

အကြာကြီး ပြုတ်ပြီးနောက် ပြုတ်ထားသော ငှက်ပျောတုံးပိုင်းများကို အုတ်ကန်ထဲသို့ ထည့်လိုက်သောအခါ ဆွတ်ဆွတ်ဖွေးဖွေး ဖြူသွားသည်။ ရေနှင့် အကြိမ်ကြိမ်ဆေးရင်း တဖြည်းဖြည်း ဖြူ၍ ဖြူ၍လာခြင်း ဖြစ်သည်။

ငှက်ပျောတုံးများကို ကြိတ်စက်ဖြင့် ကြိတ်သည်။ အရည်ဘဂသို့ ရောက်သွားသည်။ သည်အခါ ကဒက်ဥရည်ဖြင့် ရောသည်။ ရောစပ်ထားသော အရည်ကို စက္ကူစက်ထဲသို့ ထည့်သည်။

စက္ကူစက်ကို အမြဲတမ်း အထက်အောက် ပတ်ချာလည်နေသော အလုံးကြီးတစ်လုံးရှိသည်။ ထိုအလုံးပေါ်တွင် ငွေငါး ဂွမ်းစောင်များ ပတ်ထားသည်။

ထိုပတ်ထားသော ဂွမ်းစောင်က ငှက်ပျောရည်နှင့် ကဒက်ဥရည်ရောထားသော အရည်ကို စုတ်သည်။ အထက်အောက် လည်ပတ်နေသော အလုံးကြီး၏ အပေါ်ဘက်တွင် လျှပ်စစ်ဖြင့် အပူဓာတ် ပေးထားသည်။

ကဒက်ဥရည်များသည် ဂွမ်းစောင်မှတစ်ဆင့် အပေါ်ဘက်သို့ ရောက်လာသောအခါ အပူဓာတ်ကြောင့် ခြောက်သွေ့သွားပြီး စက္ကူချောများ အဖြစ်သို့ ပြောင်းလဲသွားသည်။ ဂွမ်းစောင်နှင့် ကွာထွက်သွားသည်။

ကဒက်ဥရည်သည် စက္ကူကို ပို၍ မာစေ၊ ပို၍ ချောစေသည်။ ကော်တင်ပေးလိုက်သည့်ပမာ ဖြစ်သည်။ ယင်းကြောင့် ငွေစက္ကူအဖြစ် အသုံးပြုတွင် ငွေစက္ကူ တာရှည်ခံနိုင်သည်။

ယင်းသို့ မောင်လေး နားလည်သည်။ စက္ကူလုပ်ပုံကို ကြည့်ပြီးသည်နှင့် ကိုဘစောက မောင်လေးကို ခေါ်သည်။ ဂျပန်စစ်ဗိုလ်များနှင့် သွား၍ တွေ့ဆုံရသည်။

ဂျပန်စစ်ဗိုလ်က မောင်လေးကို ငွေငါးထောင် ထုတ်ပေးသည်။ ကျေးဇူးတင်စကား ပြောသည်။ နောက်ထပ် ရသလောက် လိုချင်ကြောင်းလည်း ပြောသည်။ ဆယ်ရက်တစ်ကြိမ် ကဒက်ဥများ ပို့ပေးနိုင်အောင် စီစဉ်ရန်လည်း မှာသည်။

သည်မှာ မောင်လေးက ကိုဘစောကို ပြောသည်။

'ဆယ်ရက်တစ်ကြိမ်တော့ ပို့ပေးနိုင်ဖို့ မလွယ်ဘူးထင်တယ်၊ ကျွန်တော်တို့မှာ ပေါက်တူး ပေါက်ပြား များများရှိကြတာ မဟုတ်ဘူး၊ ကိရိယာ နည်းတော့ တူးရတာ မတွင်ကျယ်ဘူး၊ ဒါကြောင့် ဆယ်ရက်တစ်ကြိမ် ပို့နိုင်အောင် ပေါက်တူး ပေါက်ပြားတွေ ကျွန်တော်တို့ကို ပေးမလား ပိုက်ဆံနဲ့ ဝယ်ပဲ့မယ်'

ကိုဘစောက ဂျပန်လို ဂျပန်စစ်ဗိုလ်ကို မေးပြီး ပြန်ပြောသည်။

'သူတို့မှာလည်း ပေါက်တူး ပေါက်ပြား မရှိဘူးတဲ့ဗျ ဆရာကြီးရဲ့၊ ဝယ်လို့လဲ ခက်တယ်တဲ့၊ ဒါကြောင့် ဆယ့်ငါးရက် တစ်ကြိမ်ပဲ ပို့ပါတဲ့'

'ကောင်းပြီလေ ကျွန်တော်တို့ ကြိုးစားပါ့မယ်၊ ကိုဘစော စိတ်ချသာနေပါ၊ ကဲ....ကျွန်တော်တို့ ပြန်တော့မယ်'

'နေဦးဗျ နေဦး၊ ဆရာကြီးတို့ အနေနဲ့ ဟောဒီ လက်မှတ်တွေ ယူထား၊ ဆရာကြီးရဲ့ လူတွေကိုလည်း ပေးထား၊ အဲဒီ လက်မှတ်တွေကိုပြရင် ဘယ်ဂျပန်စစ်သားကမဆို ကူညီလိမ့်မယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

မောင်လေးတို့ ပြန်လာခဲ့ကြသည်။ သမ္ဗာန်ဖြင့် ဖြစ်သည်။

ဇေတိကုန်းသို့ရောက်သည်နှင့် ကဒက်ဥများ တူးခိုင်းပြန်သည်။ လှည်းဆယ်စီးတိုက်ခန့်ရလျှင် ရန်ကုန်သို့ ပို့ကြပြန်သည်။

ဒုတိယအခေါက်၌ ငွေလေးသောင်းတိတိ ပေးလိုက်သည်။ မောင်လေးတို့ ဂမ်းမြောက်ဂမ်းသာ ဖြစ်ကြရသည်။ တတိယ အခေါက်တွင် သုံးသောင်းငါးထောင် ရရှိသည်။ ကဒက်ဥ အနည်းငယ် နည်းသောကြောင့် ဖြစ်သည်။

မောင်လေးလက်တွင် ငွေရွှင်လာသည်။ အရိုးတောင် ရွာသားများလည်း လက်ဖျားတွင် ငွေသီးနေပြီ။

မောင်လေး၏ တန်ခိုးကလည်း ဇေတိကုန်းနှင့် အရိုးတော်ရွာ နှစ်ရွာတွင် ဘုန်းမီးနေလ တောက်ပနေသည်။

အကြောင်းမူဂျပန်တို့သည် တောရောမြို့ပါ ချွေးတပ် သွေးတပ်များ ဆွဲနေသည်။ ဇေတိကုန်းနှင့် အရိုးတော် ရွာသို့လည်း လာ၍ ဆွဲကြသည်။

သည်မှာ မောင်လေးက ဂျပန်စစ်ဗိုလ် ပေးထားသော လက်မှတ်များကို

ထုတ်ပြသည်။ ဂျပန်စစ်သားများ နှုတ်ဆိတ်သွားကြသည်။ အနောင်အယှက် တစ်စုံတစ်ရာ မပေးဘဲ ပြန်သွားကြသည်။

'ဆရာကြီး သိပ်ပါဂါရှိပါလားဗျေး၊ ဂျပန်တွေက ဆရာကြီးကို ကြောက် ကြတယ်ဗျေး'

'မဟုတ်ပါဘူး ဖထီးရဲ့၊ ကျုပ်ကို ကြောက်ကြတာ မဟုတ်ပါဘူး၊ သူတို့ လိုချင်တဲ့ ပစ္စည်းကို ရှာပေးနေတဲ့သူဆိုတော့ သူတို့လူပဲ မဟုတ်လား ဒါကြောင့် ချွေးတပ် အဆွဲမခံရတာပါ'

'တခြားရွာတွေမှာနော် ယောက်ျားတွေ ချွေးတပ် အများကြီး အဆွဲခံရ တယ်ဗျေး'

'တခြားရွာမှာ ဆွဲပေမယ့်၊ ဖထီးတို့ရွာကိုတော့ လာပြီး မဆွဲစေရပါဘူး၊ ကျုပ် အာမခံပါတယ်'

'ဆရာကြီးနော် အားကြီးတော်တယ်ဗျေး၊ ကျုပ်တို့ ရွာသားတွေ အများ ကြီး အံ့သြရတယ်၊ အများကြီး ကျေးဇူးတင်တယ် ဗျေး'

အရိုးတော်ရွာသာ မဟုတ်၊ ဇောတိကုန်း တစ်ရွာလုံးကလဲ မောင်လေးကို ကျေးဇူးတင်ကြသည်။

မောင်လေးတစ်ယောက် တတိယအခေါက် ရန်ကုန်မှ ပြန်လာခဲ့သည်။ ညအချိန်ရောက်လျှင် ကွပ်ပျစ်ဖြင့် ထွက်၍ အိပ်သည်။ ညတိုင်း သည်လိုပင် အိပ်သည်။

'ကိုမောင်လေး ရှင်ဘာကြောင့် အိမ်ထဲမှာ မအိပ်တာလဲ ဟင်၊ အိုက်လို့ မအိပ်တာလား၊ ရှင် ကျွန်မကိုများ စိတ်ဆိုးနေသလား'

'မဟုတ်ပါဘူး မယ်ရွှေရယ် နင့်ကို ငါ ဘာများ စိတ်ဆိုးစရာရှိလို့လဲ၊ အဲ နောက်တော့ နင်သိလိမ့်မယ်၊ ငါ ဒီလိုအိပ်တာ အဓိပ္ပာယ်ရှိတယ်၊'

'ဘာအဓိပ္ပာယ်လဲ ဟင်'

'သြော် နောက်တော့သိလာမှာပေါ့ မယ်ရွှေရယ်၊ နင် အေးအေး နေစမ်းပါ၊ ငါ့မှာ အကြံတစ်ခု ရှိလို့ပါ'

'အကြံကလည်းတော် အိမ်ထဲမှာမထုတ်ဘဲ အိမ်ပြင်ထွက် ကွပ်ပျစ်နဲ့ အိပ်မှ ထုပ်လို့ရတဲ့ အကြံတဲ့လား၊ ရှားတယ်တော်၊ ရှိတော့ရှိတယ် ရှားတယ် ဆိုတာ ရှင်ပဲ ရှင်ပဲ'

'ကဲပါဟာ...နင့်ဟာနင် သွားအိပ်နေစမ်းပါ'

မောင်လေးက တုတ်တစ်ချောင်းနှင့် ဓားတစ်လက်ကို သူ့ဘယ်ဘက်ဘေးတွင်ထားပြီး ကွပ်ပျစ်ပေါ်တွင် လှဲ၍ လဲလျောင်းလိုက်သည်။ အိမ်စောင့်ခွေးသည် ကွပ်ပျစ် ကုတင်ခြေရင်းတွင် ဝပ်လျက်ခွေနေသည်။ အိမ်အဝင်ဂိတွင် ဂါးရှာက်များကို ကြဲဖြန့်ထားသည်။

တဖြည်းဖြည်းနှင့် ညဥ့်နက်လာသည်။ ဆယ့်တစ်နာရီ ထိုးပြီ၊ လူခြေတိတ်ပြီ၊ လမ်းသွားလမ်းလာများ မရှိတော့ပြီ။

ထိုအချိန်တွင် မှောင်ရိပ်ကိုခို၍ လူတစ်ယောက်က ခြံစည်းရိုးနားတွင် လာ၍ကပ်သည်။ ခြံစည်းရိုးအပြင်မှနေ၍ ခြံဝင်းထဲသို့ လှမ်းပြီး ချောင်းကြည့်သည်။

လရောင်မှိန်မှိန်အောက်တွင် ကွပ်ပျစ်ပေါ်၌ လဲလျောင်း အိပ်ပျော်နေသော မောင်လေးကို မြင်တွေ့ရသည်။

မောင်လေး အိပ်မောကျနေပြီ။ ဟောက်သံများပင် ကျယ်လောင်စွာ ဟောက်နေလိုက်သေးသည်။

ဒါကိုကြည့်ပြီး လူစိမ်းက တစ်ချက်ပြုံးလိုက်သည်။ ခြံစည်းရိုးတံခါးကို အသာအယာ တွန်းကြည့်သည်။ အတွင်းမှ ဂလန့်ထိုးမထား။ ယင်းကြောင့် လွယ်လင့်တကူပင် ညင်ညင်သာသာ ဖွင့်ပြီး လူစိမ်းက ဝင်လိုက်သည်။

လက်ထဲတွင် ကိုင်ထားသော လှံကို ပို၍ သေချာအောင် လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်သည်။ ထိုးရန် အသင့်အနေအထား ဖြစ်သွားသည်။

လူစိမ်းက မှောင်ရိပ်ခိုပြီး သတိကြီးစွာဖြင့် ကွပ်ပျစ်အနီးသို့ တဖြည်းဖြည်း ကပ်သွားသည်။ ဂါးရွက်များကို နင်းမိသည်ဖြစ်ရာ တရှပ်ရှပ် သဲ့သဲ့ကလေး အသံမြည်နေသည်။

ကွပ်ပျစ်နှင့် ဂါးတစ်ရိုက်အကွာသို့ ရောက်သွားပြီးသည်မှာ ခွေးက ထ၍ ဟောင်သည်။

'ဟုတ် ဟုတ် ဟုတ် ဂေါ်'

သည်မှာ လူစိမ်းက ကွပ်ပျစ်အနီးသို့ ပြေးကပ်သည်။ မလှမ်းမကမ်းမှနေ၍ ညာခြေတက်ပြီး မောင်လေး၏နောက်ကျောကို လှံဖြင့် ထိုးလိုက်သည်။

'ပုံး ဒိုင်း ဖျောင်း'

လူဆိုးက လှံနှင့်အထိုး မောင်လေးက အသင့်ကိုင်ထားသော ဓားကိုဆွဲလျက် ကွပ်ပျစ်ပေါ်မှ လိမ့်ချလိုက်သည်။ လူဆိုး၏လှံသည် ကွပ်ပျစ်မှာ ထိုးစိုက်၍ ဝင်သွားသည်။

'ဖျောင်း'

'ဂိုး'

မောင်လေးက သူ့လက်ထဲမှဓားဖြင့် ကွပ်ပျစ်ပေါ်တွင် စိုက်နေ စူးဝင်နေသော လူဆိုး၏ လှံကို လက်ပြန်ပိုင်း၍ ခုတ်လိုက်သည်။ ဖျောင်းဆိုသော အသံနှင့်အတူ လူဆိုး၏ လှံရိုး ပြတ်ထွက်သွားသည်။ လှံသွားနှင့် လှံရိုး တစ်တောင်ခန့်သည် ကွပ်ပျစ်ပေါ်သို့ စိုက်ကျန်မြဲ ကျန်နေခဲ့ပြီး လူဆိုး၏ လက်ထဲတွင် လှံရိုးသာ ရှိတော့သည်။

ထိုလှံရိုးဖြင့် လူဆိုးက မောင်လေးကို မိုး၍ ရိုက်လိုက်သည်။ မောင်လေးနှင့် လူဆိုး၏ အကြားတွင် ကွပ်ပျစ်က ခံနေသည်။ မောင်လေးက ညာခြေတစ်ကွက် ဆုတ်၍ လက်မှဓားဖြင့် စလွယ်ခုတ် ခုတ်လိုက်သည်။ လူဆိုး၏ လက်မှတုတ် လန်ထွက်သွားပြီး ဘယ်လက်မှ ပက်တုတ်ဝင်လာပြန်သည်။

လူဆိုး နောက်ကျသွားပြီ။ ပက်တုတ် ဝင်အလာတွင် မောင်လေးက ညာခြေတစ်ကွက် ခုန်တက်ပြီး လူဆိုး၏ခါးကို ပိုင်းလိုက်သည်။

လူဆိုးက နောက်သို့ ခုန်ဆုတ်လိုက်သည်။ မောင်လေးကလည်း ပိုင်းဓား နှင့်အတူ သူ့ခန္ဓာကိုယ်က ကွပ်ပျစ်ပေါ်သို့ ခုန်တက်ပြီး ဖြစ်သွားသည်။

လူဆိုးက မောင်လေး၏ ရှေ့ခြေကို သိမ်းရိုက်လိုက်သည်။ မောင်လေးက ရှေ့ခြေကို မ၍ ပေးလိုက်ရာ တုတ်သည် ဂိုးကနဲ ပက်ထွက်သွားပြီး နောက် တစ်ဖန် ဘယ်ဘက်မှ ပက်တုတ်ဝင်လာပြန်သည်။

သို့ရာတွင် နောက်ကျသွားပြီ။ မောင်လေးက ညာခြေတက်၍ လူဆိုး၏ လက်ရင်းကို ပက်ဓားဖြင့် ခုတ်လိုက်သည်။

'ဒုတ်'

ဓားသွားနှင့် အရိုးထိသံကြီး ထွက်ပေါ်လာသည်။ လူဆိုး၏ ညာလက်ကို ထိသွားချိန်၌ မောင်လေးက တစ်ဆက်တည်း ခြေပြောင်း၍ ဓားရိုးဖြင့် လူဆိုး၏ ဦးခေါင်းကို ထုလိုက်သည်။

'ဒုတ် အား'

ငယ်သံပါအောင် အော်သံနက်ကြီး ထွက်ပေါ်လာပြီး မှောက်လျားထိုး လဲကျသွားသည်။ ကွပ်ပျစ်ပေါ်မှာ ကိုယ်တစ်ပိုင်း တင်နေသည်။

'ဟင် ကိုမောင်လေး၊ ကိုမောင်လေး ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ'

ဒေါ်အေးရွှေက မှန်အိမ်ကိုကိုင်ပြီး တံခါးဖွင့်၍ ထွက်လာသည်။

ဘာမှမဟုတ်ဘူး မယ်ရွှေရေ၊ ဒီကောင် လူပါးဟာ ဒီလိုပဲ မိန်းမဥာဏ် သုံးပြီး သတ်တတ်တယ်ဆိုတာ ငါသိလို့ တမင် အပြင်ထွက်အိပ်တာ၊ ခြေသံကြားအောင် ပါးရွက်တွေ ခင်းထားတာ၊ ခွေးဟောင်ရင် ဒီကောင် လာပြီဆိုတာ ငါသိအောင် လုပ်ထားတာ၊ ဟိုတစ်နေ့က ရော်ဘာခြံထဲမှာ ဖြစ်ခဲ့တာကို သူမကျေနပ်ဘူး၊ ဒီတော့ ငါ့ကို အကောက်ကြံမယ်ဆိုတာ ငါသိတယ်၊ ငါထင်တဲ့အတိုင်း သူလာတယ်၊ ငါ့ကိုလှံနဲ့ထိုးတယ်၊ ငါက အိပ်မှ မအိပ်ဘဲ၊ သူ့ကို ငါမြင်နေတာပဲ၊ ငါ့ဆင်ကွက်ကို ဂင်လာတဲ့ကောင် အခုတော့ ထိပြီ။ အစက ငါသို့ကို အသေသတ်မလို့ဟာ စိတ်ကောင်းကလေး ဂင်လာလို့ ငါ သူ့ကို သေအောင် မသတ်လိုက်တာ'

'အမယ်လေး ကိုမောင်လေးရယ် မထိတ်သာ မလန့်သာ ရှိလိုက်တာ၊ ဒီလူကလည်း ကျောင်းနေဘက် သူငယ်ချင်းတောင် ဒီလို ကြံစည်ရတယ်လို့'

'ဒီကောင့် သောက်ကျင့် ဒီအတိုင်းပဲ၊ ဘယ်တော့မှ ပြောင်ရင်မဆိုင်ဘူး အမေ့လောက်မှာ ဂင်လုပ်တတ်တာဟာ သူ့မိန်းမဥာဏ်ပဲ၊ သူများကိုသာ လုပ်လို့ ရချင်ရမယ်၊ ငါ့ကိုတော့ မရဘူး'

'ကဲ ကဲ ၊ သူကြီးအိမ်ကို သွားအကြောင်းကြားပါဦး၊ သွေးလွန်ပြီး၊ သေတော့မယ်'

'သေလည်း မတတ်နိုင်ဘူး၊ ခွေးမသား လူပါး၊ အခု ပါးနိုင်သေးရဲ့ လားကွ'

ညတွင်းချင်းပင် တစ်အိမ်နီး နှစ်အိမ်နီးဖြင့် တစ်ရွာလုံး နိုးလာကြသည်။ လူပါးကို လာ၍ ပိုင်းကြည့်ကြသည်။

တွဲလောင်းကြီး ဖြစ်နေသည့် လက်တစ်ဘက်ကိုကား သစ်သားဖြင့်ပိုး၍ ပတ်တီးစည်းပေးလိုက်ကြသည်။

# ၂၀

အများပြည်သူတွေအတွက် ခရီးသွားရသည်မှာ မလွယ်ကူ။ မြို့ပေါ် ရွာပေါ်တွင်သာ ဂျပန်က ချေးတပ် သွေးတပ် ဆွဲသည်မဟုတ်။ ခရီးသွား ခရီးလာများကိုလည်း ကြုံတွေ့ရာတွင် ချေးတပ်ဆွဲ၍ ဆွဲ၍ သွားကြသောကြောင့် ဖြစ်သည်။

သို့ရာတွင် မောင်လေးအဖို့ကား သွားချင်ရာ သွားနိုင်၏။ လာချင်ရာ လာနိုင်၏။

ဘယ်ဂျပန်ကိုမျှ ကြောက်စရာမရှိ။ ဘယ်ဂျပန်ကိုမျှ မှုစရာမလို။

လမ်းခရီးတွင်တွေ့လျှင် သူတို့ပေးထားသော ကတ်ပြားများကို ထုတ်၍ ပြလိုက်ရုံသာရှိသည်။ တစ်ခါတစ်ခါများတွင် သူ့အနီးအနားပတ်ဝန်းကျင်မှ ယောက်ျားများကိုပင် ကယ်တင်လိုက်သေးသည်။

'မာစတာ မာစတာ၊ ဟင်း ဟူး ဟူး ဟား'

'အား အားအား အိုး အော'

သူက ပါးစပ်မှ ဟင်းတွေ ဟူးတွေ ပြောပြီး သူ့အနားမှ ယောက်ျားများကို လက်ညှိုးထိုး၍ ပြသည်။ ဤလူများ ဤ ယောက်ျားများသည် မိမိ၏ လူများ ဖြစ်သည်။ မိမိအလုပ်တွင် ဂင်ရောက်လုပ်ကိုင်နေသူများ ဖြစ်သည်။

ယင်းသို့ ဆိုခြင်းဖြစ်သည်။ သို့ပြောလိုက်လျှင် ဂျပန်တွေကလည်း အ အစကားပြောသည့်ပမာ အား အိုး အော ဟူ၍ ပြောပြီး နားလည်ကြောင်း ခေါင်းညိတ်ပြသည်။ မောင်လေး ညွှန်ပြသော လူမှန်သမျှ ချေးတပ်ဆွဲ မသွားတော့။

အထူးသျဖင့္ ရန္ကုန္ ဗားဂရာဆိပ္ကမ္းတြင္ အႀကဳံေတြ႕ရဆုံး ျဖစ္သည္။ ထိုဆိပ္ကမ္းသို႔ ဂ်ပန္စစ္သားမ်ား ခဏခဏ ေရာက္လာေပါက္လာသည္။ ဆိပ္ကမ္းတြင္ ဆိပ္ကမ္း ကုန္တင္ကုန္ခ် အလုပ္သမားမ်ားရွိရာ ေတြ႕ရာ အလုပ္သမားေတြကို ေရြးတပ္ဆြဲသြားတတ္သည္။

ေမာင္ေလး၏ သမွာန္ဆိုက္လာၿပီဆိုလွ်င္ ဆိပ္ကမ္း အလုပ္သမ်ား ဝိုင္းအုံ၍ ေနေလ့ရွိသည္။ ကဒက္ဥမ်ားကို အခမဲ့ သယ္ပိုး၍ ခ်ေပးၾကသည္။

အေၾကာင္းမူ ထိုကဒက္ဥမ်ားအေၾကာင္း ဂ်ပန္စစ္သားေတြက သိထား နားလည္ထားၾကသည္။ ကဒက္ဥသယ္ေပးေသာ အလုပ္သမ်ားကို ေမာင္ေလး၏ လူမ်ားအျဖစ္ ဂ်ပန္စစ္သားေတြက ထင္မွတ္ၾကေသာေၾကာင့္ ျဖစ္သည္။

ထိုဆိပ္ကမ္းသို႔ ေရာက္လွ်င္ကား ေမာင္ေလးက သူ႕လက္ျဖင့္ စည္း ဝိုင္းလိုဝိုင္းၿပီး အလုပ္သမားေတြအားလုံးေလာက္နီးနီးကို ၿခဳံမိေအာင္ လုပ္ျပရသည္။ သို႔မွသာ အလုပ္သမ်ား ေရြးတပ္ဆြဲျခင္းမွ သက္သာသည္။

ေမာင္ေလးသည္ ကဒက္ဥမ်ားကို ေရႊဂုံတိုင္ ဂတ္တဲကြၽ႕သို႔ သြား၍ ပို႔ရေသာ္လည္း ေငြကိုမူ ကန္ေတာ္ႀကီးတြင္သာ လာ၍ ထုတ္ရသည္။ ကန္ ေတာ္ႀကီး (ယခု ဗိုလ္ခ်ဳပ္ပန္းၿခံ၊ ေျမပဒေသာကၽြန္း) တြင္ ဂ်ပန္စစ္တပ္တစ္တပ္ စခန္းခ်ထားသည္။

ေမာင္ေလး ေရာက္သြားၿပီဆိုလွ်င္ ကန္ေတာ္ႀကီး၌ ျမင္ကြင္းႏွစ္မ်ိဳး အၿမဲျမင္ရသည္။

တစ္မ်ိဳးကား ကန္ေတာ္ႀကီးတြင္ ေဆာက္ထားေသာ ျပဇာတ္႐ုံႏွစ္႐ုံႏွင့္ အုတ္အုတ္သဲသဲ စည္ကားေနေသာ ပရိသတ္မ်ား ျဖစ္သည္။

က်န္တစ္မ်ိဳးကား အနိ႒ာ႐ုံျမင္ကြင္း၊ လူဆိုး သူခိုးဟူ၍ ဖမ္းဆီးၿပီး လူျမင္ကြင္း ေနပူက်ဲက်ဲတြင္ ေနလွမ္းခံထားရေသာ အက်ဥ္းသမားမ်ား ျဖစ္ သည္။

ဂ်ပန္တို႔၏ စိတ္ဓာတ္စစ္ဆင္ေရး လုပ္ျခင္းပင္။ လူစည္ကားရာ ေနရာ တြင္ အက်ဥ္းသားမ်ားကို နိပ္စက္ျပျခင္းပင္။ ခိုးလွ်င္ ဆိုးလွ်င္ သူတို႔ကို ဆန္႔က်င္လွ်င္ ယခုကဲ့သို႔ ျပစ္ဒဏ္ေပးျခင္း ခံရမည္ဆိုေသာ သေဘာကို လူ ျမင္ေအာင္ ျပသထားျခင္းပင္။

အနိဌာရုံမြင်ကွင်းကိုကြည့်ကာ ကြက်သီးထကြပါ။ ကြောက်လန့်ကြပါ၏။ သို့ရာတွင် ဂျပန်တွေကိုကား အော့နလုံးနာလာကြသည်။ ဖက်ဆစ်စစ်သားတွေအဖြစ် မြင်လာကြသည်။

အံကြိတ်သူကြိတ် စိတ်ထဲမှ ဆဲရေးသူ ဆဲရေး၊ မေတ္တာပို့သူပို့ ဖြစ်သွားကြသည်ကသာ များသည်။

ယခုတစ်ခါ မော်ငလေးရောက်လာခြင်းမှာ ခြောက်ခေါက်မြောက် ကဒက်ဥလာ၍ပို့ခြင်းပင် ဖြစ်သည်။

ကတ်ပြားကိုပြ၍ စစ်တပ်ဂင်းထဲသို့ ဂင်သွားသည်။ အဆင့်ဆင့်သောကင်းစောင့် စစ်သားများကလည်း မောင်လေးကို မျက်စိယဉ်ပြီး သိပြီးဖြစ်နေကြပြီ။ တွေ့လိုက် မြင်လိုက်လျှင် ခေါင်းညိတ်၍ပြပြီး ဂင်ခွင့်ပြုသည်။

သွားနေကျ ရောက်နေကျဖြစ်၍ ငွေထုတ်ပေးသော တဲထဲသို့ ဂင်သွားသည်။ ငွေစာရင်းကိုင် စာရေးမှာ ကုလားဖြစ်သည်။ ကုလား၏ စားပွဲပေါ်သို့ ငွေစာရင်စာရွက်ကို တင်ပေးလိုက်သည်။

ပြီး ညှော့ခံကုလားထိုင်တွင် ထိုင်နေသည်။ ငွေစာရင်းကိုင် ကုလားကငွေများကို ရေတွက်သည်။ သူနှင့်အတူ တွဲဖက် လုပ်ကိုင်သော ဂျပန်တစ်ယောက်ကို ငွေထုတ်ပေးလိုက်သည်။ ဂျပန်က မောင်လေးကို လာ၍ ပေးသည်။

ယခုတစ်ခေါက် ရရှိမည့်ငွေမှာ သုံးသောင်းခုနစ်ထောင် ဖြစ်သည်။ မောင်လေးက ငွေများကို ရေတွက်ကြည့်သည်။ စုစုပေါင်း နှစ်သောင်းခုနစ်ထောင်သာ ရှိသည်။

မှားပြီ။ မတော်တဆ မှားယွင်းရေတွက်ပြီး ပေးခြင်း ဖြစ်ပေမည်။ သူကသည်လို ရိုးရိုးသားသားပင် တွက်ကိန်းချသည်။

'မာစတာ မာစတာ၊ ပူး ဟူး ပူး အား'

သူက ငွေထုတ်ပေးသော ဂျပန်၏ စားပွဲရှေ့သို့ သွားရပ်ပြီး ခြေဟန်လက်ဟန်ဖြင့် ပြောသည်။ ငွေရော့နေသည်။ တစ်သောင်းလိုနေသည် ဆိုသော သဘော။ စာရင်းမှား၍ တွက်ပြီး ပေးသည်ဆိုသော သဘော။

သည်မှာ ဂျပန်က ပြူးတူးပြဲတဲလုပ်၍ ထအော်သည်။

'ခူးဒကား ခူးဒကား၊ ဘိမ္မော ခူးဒကား'

'ဘာခူးဒကားလဲကွ မင်းတို့က ဘာသဘောလဲ'

'ခူးဒကား ဘိမ္မာ ခူးဒကား'

ဂျပန်က ငေါက်ငန်းပြီး အပြင်သို့ ထွက်သွားရန် လက်ဟန်ခြေဟန်ဖြင့် နှင်ထုတ်သည်။ မောင်လေးက မသွား။

'ဟေ့ မသွားနိုင်ဘူးကွ၊ ဒီအတိုင်းပြန်သွားရင် ငါ အရော်ပေးနေရမှာပေါ့၊ မသွားဘူး မသွားနိုင်ဘူး၊ ကြည့်စမ်း မင်းတို့ပေးတဲ့ ပိုက်ဆံ ဆယ်တန်နဲ့ ရာတန်တွေချည်းပဲ၊ ငါ ရေတွက်ကြည့်တယ်၊ ငါ မမှားဘူး၊ မင်းတို့ တစ်သောင်းထပ်ပေး။

'ခူးဒကား၊ ခူးဒကား'

'ဟေ့ မသွားဘူးဆို မသွားဘူးကွာ'

မောင်လေး ဒေါသထွက်လာသည်။ သူ့အသံက ကြာလေ ကျယ်လောင်လေ ကျယ်လောင်လာသည်။ ဂျပန်နှင့် ဘတစ်ပြန် ကျားတစ်ပြန် ငေါက်နေကြသည်။

ဆူဆူဆူဆူအသံကြောင့် ဂျပန်စစ်ဗိုလ်နှင့် စကားပြန် ကိုဘစော ရောက်ရှိလာသည်။

'ဆရာကြီး ဆရာကြီး ဘယ်လိုဖြစ်လို့လဲ'

ကိုဘစောက ဗမာလို ပြောမေးမေးသည်။

'ဒီကောင်တွေ ကျုပ်ကို မတရားလုပ်တယ်'

'ဘာလုပ်လို့လဲ ဆရာကြီး'

'သုံးသောင်း ခုနစ်ထောင် ပေးရမယ့်အစား နှစ်သောင်းခုနစ်ထောင်ပဲ ပေးတယ်၊ ပြီးတော့ ကျုပ်ကို ဆဲလွှတ်တယ်၊ နှင်လွှတ်တယ်၊ သွားတဲ့'

ဂျပန်စစ်ဗိုလ်က ကိုဘစောကို မေးသည်။ ကိုဘစောက အကျိုးအကြောင်း ရှင်းပြသည်။

ဂျပန်စစ်ဗိုလ် မျက်နှာ နီမြန်းသွားသည်။ ငွေစာရင်းကိုင် ကုလားနှင့် သူ့တပည့် ဂျပန်ကိုခေါ်သည်။ ဂျပန်လိုပြောပြီး စစ်ဆေးသည်။ သည်မှာ ဖူးပေါ်သလို ပေါ်လာသည်။

'ဖျန်း ဖျန်း ဖျန်း ဖျန်း'

'ဖုန်း ထိုင်း ပုံး ဝွမ်း'

ကုလားကိုရော ဂျပန်ကိုပါ ဂျပန်စစ်ဗိုလ်က ပါးရိုက်တော့သည်။ ပါးရိုက်ရုံသာမက ခြေထောက်နှင့်လည်း ကန်သည်။ လက်သီးနှင့်လည်း ထိုးသည်။

ကုလားရော ဂျပန်ပါ အလူးအလဲ ခံကြရသည်။ မှောက်၍လဲပြီး ခွေကျသွားသည်အထိ ဖြစ်သည်။

ဆဲလိုက်သည့်ဖြစ်ခြင်းကလည်း မိုးမွှန်နေသည်။ ဆဲသည်ဟူ၍ပင် မောင်လေးက ထင်သည်။ ဂျပန်စစ်ဗိုလ်သည် လွန်စွာ ဒေါသထွက်သွားပုံရသည်။

စိတ်ကြိုက် ထိုးကြိတ်ပြီးမှ စစ်ဗိုလ်က ကုလား၏ ရင်ဘတ်ကို ဆွဲပြီး ထူသည်။ ဂျပန်လို အော်ငေါက်၍ ပြောသည်။

ကုလားသည် ပါးစပ်တွင် သွေးများ ထွက်နေပြီ။ ယိုင်ထိုး ယိုင်ထိုးဖြင့် စားပွဲဆီကို လျှောက်သွားသည်။ အံဆွဲထဲမှာ ရာတန် စက္ကူတစ်ထုပ်ကို ယူလာသည်။ စစ်ဗိုလ်က ထပ်၍ ဟောက်သည်။ ဂျပန်လို ပြောသည်။

ကုလားက မောင်လေးဆီသို့ ယိုင်ထိုး ယိုင်ထိုးဖြင့် လျှောက်သွားသည်။ ငွေတစ်သောင်းထုပ်ကို ကိုယ်တိုင်ပေးသည်။

မောင်လေးက သေချာစွာ ထပ်မံ၍ရေတွက်သည်။ တစ်သောင်းစေ့ကြောင့် သေချာမှ ဂျပန်စစ်ဗိုလ်ကို ကြည့်ပြီးဆိုသည်။

'ဟား ဟား ဘိမ္မော၊ အားကြီးကောင်းတယ်'

'ကဒက်ဥ ကဒက်ဥ၊ အများကြီး လာပို့ဦးမယ်'

မောင်လေးက သူ့လက်နှစ်ချောင်းဖြင့် ဝိုင်း၍ပြသည်

'ကောင်းတယ် ကောင်းတယ်၊ အားကြီးကောင်းတယ်'

'ကဲ....ကိုဘစော ကျုပ်ပြန်တော့မယ်'

'ဟုတ်ကဲ့ ဟုတ်ကဲ့ ဆရာကြီး၊ ပြဿနာဖြစ်ရင် ကျွန်တော့်ကိုပြောပါ'

'ဟုတ်ကဲ့ ကောင်းပါပြီ'

မောင်လေးက သူ့ဂမ်းကွဲယောက်ဖနှင့်အတူ စစ်တပ် အဆောက်အဦးထဲမှ ထွက်လာသည်။ လမ်းကြီးဘေး ပလက်ဖောင်းပေါ်မှ နှစ်ယောက်သား မြောက်ဘက်သို့ လျှောက်လာကြသည်။ ရည်ရွယ်ချက်မှာ ငါးထပ်ကြီးဘက်သို့ ဂင်္ဘာလမ်းထဲမှ ဖြတ်သွားရန် ဖြစ်သည်။

'တော်တော် လူလည်ကျတဲ့ ကုလားဗျ၊ အစ်ကိုရ'

'ဟိုဂျပန်နဲ့ တစ်ကြိတ်ထဲ တစ်ဥာဏ်ထဲပေါ့ကွာ၊ သူတို့က ငါ့တို့ဗမာတွေကို အထင်သေးတယ် မဟုတ်လား'

'အောက်က ညစ်ပတ်ရင် အထက်ကို မတိုင်ရဲဘူး ထင်လို့ပေါ့ အစ်ကို'

'အေး တခြားလူဆိုရင်တော့ ခေါင်းငုံ့ပြီး ခံချင်ခံသွားမှာပေါ့၊ ငါ့ကိုတော့ ဘယ်ရမလဲ'

'ဒါပေမယ့် ဒီကောင်တွေက ကြောက်စရာကောင်းတာ အမှန်ပဲ အစ်ကိုရ'

'ဘာကြောင့် ကြောက်ရမှာလဲကွ၊ ကြောက်သင့်မှ ကြောက်မှာပေါ့၊ မကြောက်သင့်ဘဲ ဘာကြောင့် ကြောက်ရမလဲ'

'ဟာဗျာ ဒီငပုတွေက ထင်ရာစိုင်းပြီး ထင်တိုင်းကျဲနေကြတာဗျ'

'ဟေ့ ဟေ့ ဟေ့....ဟိုမှာ ဂျပန်တစ်ယောက်နဲ့ ဗမာတစ်ယောက် ချနေကြတယ်ဟေ့'

' လာ လာ အစ်ကို ဂင်္ဘာလမ်းထဲက မဖြတ်နဲ့ လမ်းမကြီးအတိုင်းပဲ သွားရအောင်'

'ဟာ လာစမ်းပါကွာ၊ မကြောက်စမ်းပါနဲ့ ၊ ဟော့ ဗမာက လက်ရည် သာတယ်၊ ဟော့ ဂျပန် မှောက်လဲသွားပြီ'

ပြောရင်း ပြောရင်းပင် ဘတပြန် ကျားတပြန် ထိုးကြိတ်နေကြသော ဂျပန်နှင့် ဗမာအနီးသို့ ရောက်ရှိသွားကြသည်။

ဗမာသည် ဗမာ့လက်ပေ့ တတ်ပုံရသည်။ အရှောင်အတိမ်း ကောင်းသကဲသို့ လျှင်မြန်သည်။

ဂျပန်က ပို၍ ခံနေရသည်။ ဗမာလည်း အထိနာသင့်သလောက်တော့ နာနေပြီ။ နှစ်ယောက်စလုံး ဟောဟဲ ဟောဟဲ ဖြစ်နေကြပြီ။ မျက်နှာတွေမှာလည်း ဖူးယောင်နေကြပြီ။

'ဖောင်း'

ကြည့်နေစဉ်မှာပင် ဗမာ့လက်သီးတစ်လုံး ဂျပန်၏ပါးချိတ်သို့ တည့်တည့်ကြီး ဝင်သွား ထိသွားပြန်သည်။ ဂျပန်သည် ယက်ကန်ယက်ကန် လည်ဆင်းပြီး လဲကျသွားသည်။

'ပူး ဂီး ကျီ'

သည်အချိန်မှာပင် ဂျစ်ကားတစ်စီး ထိုးဆိုက်လာသည်။ ရန်ပွဲအနီးတွင် ဘရိတ်အုပ်၍ ရပ်လိုက်သည်။

ဂျပန်စစ်ကားတစ်စီး ဖြစ်နေသည်။ ကားပေါ်မှ ဂျပန်စစ်ဗိုလ်တစ်ယောက်နှင့် စစ်သားတစ်ယောက် ဆင်းလာသည်။

'ဟေး ဟေး ဘိရုမာ၊ ဟော ဟော ဟူး'

ဂျပန်စစ်ဗိုလ်က အူးအူးအားအား အသံရော ခြေဟန်လက်ဟန်နှင့်ပါ ဗမာကို လှမ်းပြောသည်။

သူ့အဓိပ္ပါယ်ကို လွယ်လွယ်ကူကူပင် နားလည်သည်။ သူပြောသည့်သဘောမှာ ပထမ အထိုးအကြိတ်ခံရသော ဂျပန်နှင့် ဆက်မချရန်၊ သူနှင့်အတူပါလာသော စစ်သားသစ်ဖြင့် ဆက်၍ ထိုးကြိတ်ရန် ခိုင်းခြင်းဖြစ်သည်။

မောင်လေး ဒေါသထွက်သွားသည်။ ဂျပန်စစ်ဗိုလ်သည် သက်သက်လူပါးဝခြင်း ဖြစ်သည်။ သူ့စစ်သားဟောင်း အလူးအလဲ ခံနေရသောကြောင့် စစ်သားသစ်နှင့် အချနိုင်းခြင်းမှာ မတရား။

စစ်သားဟောင်းနှင့် အကြိတ်အနယ် ဆင်နွှဲလိုက်ရသောကြောင့် ဗမာကိုယ်တိုင်လဲ မောဟိုက်နေပြီ။ အထိလည်း ခံထားရသည်။

'ဟေ့ ကိုယ့်လူ၊ အခုချိန်ကျမှ မထူးတော့ဘူး၊ သေချင် သေသွားပလေ့စေ၊ ဆက်သာချကွာ'

မောင်လေးက ဗမာကို အားပေးလိုက်သည်။ မောင်လေး၏ အသံကိုကြားလျှင် ဂျပန်စစ်ဗိုလ်က မောင်လေးဘက်ကို လှည့်ကြည့်ပြီး ဆိုသည်။

'အား ဟား ဘိရုမာ ဘီရုမာ ၊အား အား ဂါးဂါး'

ဂျပန်စစ်ဗိုလ်က ကိုမောင်လေးကို လက်ညှိုးထိုးပြသည်။ သူ့ကိုယ်သူလည်း ပြန်၍ လက်ညှိုးထိုးပြီ ဆိုသည်။

ချမလားဆိုသော သဘော၊ စိန်ခေါ်သောသဘော၊ 'မင်းက မင်းနဲ့ဘာဆိုင်လို့ ဝင်စွက်ရသလဲ' ဆိုသောသဘော၊ ဝင်စွက်လျှင် ငါနှင့်ချမည် ဆိုသောသဘော။

'အား မင်းနဲ့ ချရမှလြား ချတယ်ကွ၊ ချတယ်'

မောင်လေးက ရှေ့သို့ တိုးသွားသည်။ ဂျပန်စစ်ဗိုလ်နှင့် လက်တစ်ကမ်းသာသာတွင် မျက်နှာချင်းဆိုင်၍ ရပ်လိုက်သည်။

'အစ်ကို အစ်ကို၊ မချပါနဲ့ဗျာ၊ ဒီကောင်တွေကို သွားမချပါနဲ့'

'နေစမ်းပါကွာ၊ ဒီလောက် လှုပ်ရှားတဲ့ကောင်တွေကို ဘာကြောင့် မချ ရမှာလဲ'

'မလုပ်ပါနဲ့ အစ်ကိုရာ ဟီး ဟီး သွားမလုပ်ပါနဲ့၊ အန္တရာယ်များလှတယ်'

'ဟော့ကောင် အသာနေစမ်း၊ ငါ့ပညာဟာ အမျိုးဘာသာ သာသနာကို ကာကွယ်ဖို့ သင်ထားတာ'

ယောက်ဖဖြစ်သူ ဘဆင်က တဟီးဟီးငိုသည်။ တောင်းပန်သည်။ မောင်လေးက နားမထောင်ဘဲ ဂျပန်စစ်ဗိုလ်နှင့် ရင်ဆိုင်လိုက်သည်။

'ပူး ပူး ဘီရှမာ၊ ပူးပူး'

'ဟော့ ငါ ဗမာမဟုတ်ဘူးကွ၊ ရှမ်း ရှမ်း'

ဂျပန်စစ်ဗိုလ်က သူ့ဘောင်းဘီခါးကြားမှ တစ်စုံတရာကို လက်ညှိုး ထိုး၍ ပြသည်။ မောင်လေးက ဂျပန်၏ ခါးကြားထဲတွင် ဓားရှိသည်ဟု ထင်သည်။

'ထုတ်ကွာ၊ ထုတ် မင်းဓားကိုလဲ ငါမကြောက်ဘူး'

ဂျပန်စစ်ဗိုလ်က ထုတ်လိုက်သည်။ ဓားမဟုတ်၊ နံပါတ်တုတ် ဖြစ်နေသည်။ နစ်တောင် နီးပါးမျှ ဖြစ်သည်။

အမှန်စင်စစ် ဂျပန်စစ်ဗိုလ်တို့သည် ဓားရှည်ကိုင်လေ့ ရှိကြသော်လည်း ယခုစစ်ဗိုလ်မှာမူ စစ်ပုလိပ်ဖြစ်နေသောကြောင့် နံပါတ်တုတ် ကိုင်ခြင်းဖြစ် မည်ဟု မောင်လေးခန့်မှန်းလိုက်သည်။

ဂျပန်စစ်ဗိုလ်က သူ့နံပါတ်တုတ်ကို ဂျပန် ကင်ဒိုဓားသိုင်း ကိုင်နည်း အတိုင်း အရင်းမှ နစ်ဘက်စုံကိုင်ထားသည်။

မောင်လေးကမူ သူ့ခါးမှ ခါးပတ်ကြားထဲမှ လုံချည်စ နစ်ဖက်ကို မ, ၍ ညှပ်သွင်းလိုက်သည်။ ခြသေ့်ထိုင် အနေအထားဖြင့်ပင် ရင်ဆိုင်သည်။ ဘယ်ခြေရှေ့တက်၍ ညာခြေကို နောက်ဘက်သို့ ကျားကန်ထားသည်။

'ဟော့ ဟော့ကောင်၊ ချ ချာကွာ ချ'

ဂျပန်က မောင်လေးကို နံပါတ်တုတ်ဖြင့် မိုး၍ ရိုက်ဟန်ပြပြီး ခါးကို ပိုင်း၍ ရိုက်ချလိုက်သည်။

ဖုံး ထိုင်း ပုံး အား

မောင်လေးက ဂျပန်၏ တုတ်ချက်ကို နောက်ဘက်သို့ ရုတ်တရက်

ရှို့၍ ရှောင်လိုက်သည်။ ဂျပန်၏ တုတ်ချက် ဗိုခနဲ လွတ်ပြီး လွန်အသွား မောင်လေးက ညာခြေစုံဖြင့် စလွယ်ပိုက်ခတ် ခတ်ထည့်လိုက်သည်။ ဂျပန်၏ ကိုယ်အနေအထားသည် တစောင်းဖြစ်နေရာ မောင်လေး၏ ခြေခုံက ဂျပန်၏ အရှိုက်ကို ပြင်းစွာသွား၍ ထိသည်။

ဂျပန် လည်ဆင်းပြီး ရင်ဘတ်ကို လက်နှစ်ဘက်ဖြင့်ဖိရင်း လဲကျသွားသည်။

'ခူဒကား ခူဒကား'

ဂျပန်စစ်ဗိုလ် လဲကျသွားသည်နှင့် အဂကာ ရပ်လျက်ကြည့်နေသော စစ်စား ပြေးဝင်လာပြန်သည်။ နံပါတ်တုတ်ကို ကိုင်လျက်သား ဖြစ်သည်။

'ခူဒကား ခူဒကား'

'ဟာ....ခုတစ်ခါတွေ နောက်တစ်ခါတွေ လုပ်မနေနဲ့၊ အခုလဲ ချတယ်၊ နောက်လဲ ချတယ်ကွာ'

မောင်လေးက လူသစ်နှင့် မျက်နှာချင်း ဆိုင်လိုက်ပြန်သည်။ မောင်လေးကား ခြသေ့်ထိုင် အနေအထားနှင့်ပင်။ ဂျပန်စစ်သားဖြစ်သော တပ်ကြပ်ကြီးလည်း သူ့ဆရာစစ်ဗိုလ် ကိုင်သလိုပင် ကင်ဒိုကိုင်နည်းဖြင့် နံပါတ်တုတ်ကို ကိုင်ထားသည်။

'ဟော့ ချ ချကွာ ချ၊ မြန်မြန်ချကွ'

မောင်လေးက တပ်ကြပ်ကြီးကို ပြုံးပြုံပြသည်။ တပ်ကြပ်ကြီးသည် သူ့ နံပါတ်တုတ်ဖြင့် မောင်လေး၏ရင်ဂကို ဆောင့်ထိုးမည့်ဟန်ပြပြီး တအားမိုး၍ ရိုက်ချလိုက်သည်

'ဖုံး ထိုင်း ပုံး အား'

ဂျပန်က တုတ်ဖြင့် ဆောင့်အထိုးတွင် မောင်လေးက တိမ်းရှို့ရှို့ပြီး ရှောင်လိုက်သည်။ သည်မှာ ဂျပန်က ထိုးသောတုတ်ကို လျှပ်ပစ်သလို အနေအထားပြောင်းပြီး မိုး၍ ရိုက်ချလိုက်ခြင်း ဖြစ်သည်။

မောင်လေးက တပ်ကြပ်ကြီး၏လက်ကို သူ့ ဘယ်လက်ဖျံဖြင့် ခတ်၍ပယ်ထုတ်လိုက်သည်။ ဂျပန်၏လက် မြောက်တက်အသွား ညာခြေခုံဖြင့် ဆီးစပ်ကိုကန်၊ ညာလက်ဖြင့် မျက်နှာကို ထိုးလိုက်သည်။

ထိုးခြင်းတိုက်ခြင်းနှင့် ကန်ခြင်းတိုက်ကွက်သည် တပြိုင်တည်းဖြစ်ရာ

ဂျပန်စစ်သား၏ ဆီးစပ်နှင့်မျက်နှာကို တပြိုင်တည်း ထိသွားသည်။ ငယ်သံပါအောင် အော်ပြီး တပ်ကြပ်ကြီး ပုံလျက်သား လဲကျသွားသည်။

'အာ့ ဂါး ဂါး၊ ဘီရုမာ ဘီရုမာ'

'ဟော့ ငါ ဗမာမဟုတ်ဘူး၊ ရှမ်းကွ ရှမ်း'

'အား.....ရှမ်း ရှမ်း ရှမ်းနော် အားကြီး ကောင်းတယ်၊ ဟူ ပူး ပူး'

တပ်ကြပ်ကြီး လဲကျသွားချိန်တွင် ဂျပန်စစ်ဗိုလ် ပြန်၍ထသည်။ မချိမဆံ့ နာကျင်နေသောကြားမှ မောင်လေးကို လက်ဆွဲ၍ နှုတ်ဆက်သည်။ လက်ဟန် ခြေဟန်ဖြင့် ကားပေါ်သို့ အတက်ခိုင်းသည်။

သည်မှာ ယောက်ဖဖြစ်သူ ဘဆင်က မျက်ရည်လည်ရွှဲဖြင့် ငိုသည်။

'အီး ဟီး ဟီး ဒါကြောင့် မပြောလား၊ သူတို့အထဲသွားပြီး ဂင်မစွက်ပါနဲ့လို့ ပြောတယ်၊ အခုတော့ အဖမ်းခံရပြီ'

'ဟော့ ဘဆင် ယောက်ျားပဲကွ၊ သေတစ်နေ့ မွေးတစ်နေ့ပဲ၊ နစ်ခါပြန်သေတဲ့ မသာ မရှိပါဘူး၊ မင်းပြန်တော့၊ ငါမသေရင် ပြန်လာမှာပေါ့၊ ငါ့ကိုသတ်ရင် ငါမသေခင် ဒင်းတို့ သုံးလေးယောက်တော့ သေရစေ့မယ်'

သည်လိုပြောပြီး မောင်လေးက ဂျပန်စစ်ကားပေါ်သို့ တက်လိုက်သည်။

ကားက ပူးကနဲ ထွက်လာသည်။

ဂျပန်စစ်ဗိုလ်က မောင်လေးကို မင်္ဂလာဒုံသို့ ခေါ်သွားသည်။ မင်္ဂလာဒုံ စစ်တပ်သို့ ရောက်သွားသည်နှင့် ဂျပန်စစ်ဗိုလ် အသစ်တစ်ယောက် မောင်လေး ရှိရာသို့ ရောက်လာသည်။ ထိုဂျပန်မှာ ရှမ်းစကားအနည်းငယ် တတ်ထားသူဖြစ်သည်။ မောင်လေးကို ရှမ်းစကားဖြင့်ပင် မေးသည်။

'ခင်ဗျား၊ ဗမာ မဟုတ်ဘူးလား'

'မဟုတ်ဘူး ရှမ်း'

'သြော်....ရှမ်းလူမျိုးကိုး၊ ခင်ဗျား ပညာ တော်တော်တတ်သလား'

'မတတ်ပါဘူး၊ နဲနဲပါးပါး သဘောလောက်ပဲ တတ်တာပါ'

'ဒါမဖြစ်နိုင်ဘူး၊ ကျုပ်တို့လူနှစ်ယောက်ကို ခင်ဗျား အပြတ်ချနိုင်ခဲ့တာပဲ'

'သူတို့ထက်တော့ နဲနဲပိုတတ်လို့ ဖြစ်မှာပေါ့'

'သူတို့ထက်တတ်ရင် ခင်ဗျားဟာ ဆရာတစ်ယောက်အဆင့်ထိ တတ်တဲ့ ဆရာတစ်ယောက်ပဲ ဖြစ်ရမယ်'

'ဟာ.....ဒီလောက်ထိ မတတ်ပါဘူး'

'ခင်ဗျားတတ်ပါတယ်၊ ငြင်းမနေပါနဲ့၊ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့လူအားလုံး ကိုယ်ခံပညာ တတ်ကြပါတယ်၊ ဂျပန် ကိုယ်ခံပညာပေါ့'

'အော သူတို့လည်း ကိုယ်ခံပညာ တတ်သလား'

'ဟုတ်တယ် ခင်ဗျားက သူတို့ထက်တတ်တယ်၊ ခင်ဗျား ကျုပ်တို့စစ်တပ်မှာ နည်းပြဆရာ လုပ်ပါ၊ စစ်ဗိုလ်တွေ စစ်သားတွေကို ပညာသင်ပေးပါ'

'ဟာ ကျုပ် ဒီလောက်မတတ်ပါဘူး၊ သင်ပေးလောက်အောင် မတတ်ပါဘူး'

'မရဘူး ခင်ဗျား သင်ကိုသင်ပေးရမယ်၊ ပထမဆုံး ဖျာပုံတပ်မှာ သွားသင်ပေးပါ'

မတ်ကရောလထွတ် ဆိုသော စကားအတိုင်းပဲ ဖြစ်သည်။ ဂျပန်တွေကို ချမိခြင်းမှာ မှားပြီ။ ဂျပန်စစ်တပ်တွင် သင်တန်းဆရာ လုပ်ခိုင်းပြီ။ ဖက်ဆစ်တွေကို ပညာမပေးချင်၊ သင်မပေးချင်။

သင်ပေးခဲ့သော် လူမိုက်အားပေး ဖြစ်ချေတော့မည်။ ဓါးပြ သူခိုး လူဆိုးတွေကို ပို၍တိုက်ရဲ ပို၍ဆိုးရဲအောင် သိုင်းပညာသင်ပေးသည့်နယ် ရှိတော့မည်။

သို့ရာတွင် မတတ်နိုင်၊ ခိုင်းသည်ကိုမှ မလုပ်လျှင် ပြဿနာ တက်တော့မည်။ အသက်ကို ရန်ရှာတော့မည်။

နောက်တစ်နေ့တွင် ဂျပန်တွေကို သူ့ကို ဖျာပုံစစ်တပ်သို့ ပို့ပေးကြသည်။ မောင်လေးတစ်ယောက် မော်တော်ဖြင့် လိုက်ပါသွားရသည်။

ရောက်ပြီ။ ဂျပန်စစ်သားတွေနှင့် တွေ့ပြီ။ သိုင်းသင်မည့် ဂျပန်စစ်သားတွေအားလုံး လန်ကွတ်တီကလေးများကို ဆင်တူ ဝတ်ဆင်ထားကြသည်။

'ကဲကွာ သင်ဆိုလဲသင်ရမှာပေါ့၊ ငါးပြား ဆယ်ပြားဖိုးတော့ သင်ပေးရမှာပေါ့၊ အေး.....မင်းတို့က ဗမာပြည်လာပြီး ဗမာတွေအပေါ်မှာ လူပါးဝတယ်၊ နှိပ်စက်တယ် ညှင်းဆဲတယ်၊ ရမ်းကားတယ်၊ အဲဒီအတွက် လက်စားချေခွင့်ရတယ်လို့ပဲ သဘောထားရတော့မှာပေါ့'

မောင်လေးသည် ယခင်က မောင်လေးအရွယ် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်သားအရွယ် လူငယ်ပမာသာ ဖြစ်ခဲ့သည်။ ထိုစဉ်က ကလေး

စိတ်သာ ရှိသေးသည်။ ကလေးစိတ် မကုန့်တကုန်အရွယ်နှင့်ပင် ပညာသင်ယူခဲ့သည်။

ယခုကား အသက်နှစ်ဆယ်ကျော်ပြီ။ နှစ်တွေပင် စွန်းလာပြီ။ မောင်လေးဘ၊ မောင်လေးအရွယ်မှ ကိုမောင်လေးဘ၊ ကိုမောင်လေးအရွယ်သို့ ရောက်လာပြီ။

သည်တော့ တိုင်းရေး ပြည်ရေး အကြောင်းလည်း သိလာပြီ။ ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်လူမျိုးများသည် ဖက်ဆစ် သံဖနောင့်အောက်တွင် ပြားပြားဝပ်ကိန်းဆိုက်နေရပြီ။ တိုင်းရင်းသားထုက ပြန်လည် တော်လှန်တိုက်ထုတ်ရန်ပင် တာစူနေကြပြီ။

ဒါတွေကိုလည်း သိနေ ကြားနေ နားလည်တတ်နေပြီ။ ယင်းကြောင့် ဂျပန်တွေကို သင်ကြားပေးလိုစိတ် မရှိခြင်းလည်းဖြစ်သည်။

သူ့လက်ရှိ အနေအထားမှာ သူ့သဘောထားနှင့် မတိုက်ဆိုင်။ သူက မသင်လိုပါဘဲလျက် အာဏာဖြင့် အတင်းအကြပ် သင်ခိုင်းသည်။ သူ့ထံတွင် သင်ရမည့် စစ်သားတွေကိုယ်တိုင်လည်း အတင်းအကြပ် အသင်ခိုင်းသောကြောင့်သာ သင်ကြားရသူတွေသာ များမည်။

မိမိကိုယ်တိုင် ပညာတတ်လို၍ ပညာကိုတန်ဖိုးထား၍ သင်လိုသူရှိချင်မှရှိမည်။ အထက်ကိုကြောက်၍ အထက်လူ၏ အမိန့်အာဏာကို မလွန်ဆန်ရဲ၍ သင်ကြားရသူတွေသာ များမည်။

ကဲ......ရှိစေတော့။ အလှည့်က ကျလာပေပြီပဲ။ အလှည့်ကျတော့ မနွဲ့ရဆိုသော ပွဲထဲက လူပျက်စကားအတိုင်းပင် ကျင့်သုံးရပေမည်။

'ဟော့ လာ လာကြ၊ တန်းစီ'

မောင်လေးက ဂျပန်စစ်သားတွေကို တန်းစီခိုင်းသည်။ ဂျပန်စစ်သားများကို တန်းစီလိုက်ကြသည်။

'ကြည့်....ဒီမှာ ရှေ့ခြေကိုကွေး၊ နောက်ခြေကိုဆန့်၊ ဘယ်လက်ကို ဘယ်ခါးစောင်းမှာတင်၊ ညာလက်ကို ကွေးထောင်'

ပါးစပ်ကပြောသော စကားများကိုကား ဂျပန်တွေက နားလည်ခြင်း မရှိ။ သူ၏ ခြေချိုး လက်ချိုးများကို ကြည့်၍သာ လိုက်လုပ်ကြရခြင်း ဖြစ်သည်။

ဂျပန်စစ်သားများ မစားသာပြီ။ သံချောင်းကဲ့သို့ မာကျောသော သူ့လက်ဂါးဒဏ်ကို ခံရသည်က မသက်သာ။ သူ့လက်ဂါးကြီးများက ကြမ်းတမ်းလှသည်။ ကျားလျှာပမာ ဖြစ်နေပြီဟူ၍ မဆိုရရုံတမယ်။ လက်ပြန်ရိုက်လိုက်သောအခါ သူ့လက်ဖမိုးမှ အဆစ်ကြီးများက ကျောက်ဆောင် ကျောက်သွားပမာ ဖြစ်နေသည်။ ကျွဲပခုံးထနေသည်။ ပြင်းပြင်းထန်ထန်လေ့ကျင့်ထားသည့်ကြားမှ အရွယ်ကလည်း အားကောင်းတုန်း သန်မာတုန်းအရွယ်။

ဂျပန်စစ်သားတို့သည် ဂံပုလွေနှင့် သိုးငယ်ပမာ သူ့လက်အောက်တွင် ပြားပြားဝပ် နေကြရသည်။ မျက်ကလဲဆန်ပြာ ဖြစ်နကြရသည်။ သူ့လက်သံအဘယ်မျှ ပြောင်ကြောင်း တစ်ယောက်ကို တစ်ယောက် ပြောထားကြသည်။ ခံရသူတွေက ပြောခြင်းဖြစ်သည်။

'ပယ် ခုတ် မ ခွဲ.... ပယ် ခုတ် မ ခွဲ'

ပယ် ခုတ် မ ခွဲ ရသည့် အချိန်က ဆယ်ရက်လောက် ဖြစ်သည်။ သုံးကွက်ချွန်း တက်နည်းသင်ရသည်က ဆယ်ရက်လောက် ဖြစ်သည်။

သူကိုယ်တိုင်ကလည်း သင်ပြရာတွင် အပင်ပန်းခံ၍ သင်သည်။ သူကိုယ်တိုင်လည်း လှုပ်ရှားပြသသည်။

သူကိုယ်တိုင် လှုပ်ရှားရသည်မှာ သူ့အတွက် ဘာမျှ မထောင်းတာ။ သူက နှစ်ပေါင်းများစွာ လေ့ကျင့်ထားသူ၊ နဂိုကတဲကလည်း အလုပ်ကြမ်းသမား ခန္ဓာကိုယ်ကလည်း မွေးရာပါ ကြံ့ခိုင်သူ။

သည်တော့ သူလုပ်သလို မနေမနား လိုက်၍ လုပ်ကြသော စစ်သားများမှာ တနေ့တနေ့ သင်တန်းပြီးသွားလျှင် အားပြတ်ခွန်ပြတ် ဖြစ်မတတ်၊ အမောဆို့၍ လဲသေသွားမတတ် ခံစားကြရသည်။

'ဟော့ကောင်တွေ၊ မင်း....မင်းတို့က ငါတို့ဗမာတွေကို ချွေးတပ်ဆွဲတယ်၊ အေး မင်းတို့ကိုလဲ ငါက ချွေးခန်းသွားအောင် နောက်တစ်ခါ ချွေးထွက်စရာ မရှိအောင် လုပ်မယ်၊ ကဲ လုပ်စမ်း၊ သဲအိတ်ကို ထိုးစမ်း၊ တိုင် ထိုးစမ်း၊ တိုင်ကို ထိုး'

သူက စိတ်အချဉ်ပေါက်ပေါက်ဖြင့် ကိုယ်ကာယ ကျမ်းမာသန်စွမ်းရေး လေ့ကျင့်ခန်းများပါ တွဲဘက်လေ့ကျင့်စေသည်။ ဂျပန်စစ်သားများမှာ ဖတ်ဖတ်ဆာမျှ မောပန်းကြရသည်။

စစ်လေ့ကျင့်ခန်းဆင်းစဉ်က ကြမ်းလှပြီ၊ ပင်ပန်းလှပြီ ထင်ကြမည်။ ယခုလို မောင်လေးနှင့် တွေ့သောအခါ၌ကား လျှာထွက်မတတ် ဟောဟဲလိုက်နေကြရပြီ။

'ဟိုကောင် ဘာအသက်သာ ခိုနေတာလဲ'

'အား ဟား ဟား အီး အား ကျွတ် ကျွတ် ကျွတ်'

'အောင်မယ် မင်းက စစ်သားမဟုတ်သလို ဒီလောက်ကလေး လုပ်ရတာ

များ မောနေရသလား၊ ကြည့်စမ်း ငါလုပ်တာ ဟေ ဟောဒီလို လုပ်တယ်၊ ငါတောင်ရသေးတာ မင်းက ဘာကြောင့်မရမှာလဲ၊ လုပ် ရအောင်လုပ်’

ချွေးတပ်စခန်းထက် သာသည်မှာ အစားကောင်းကောင်း စားရခြင်း တစ်ခုသာ ရှိချေမည်။ အစားစားပြီဆိုလျှင် သင်တန်းသားများသည် ကျွဲစား၊ နွားစား စားကြသည်။ ခါတိုင်းထက် နှစ်ဆဆိုသည်မှာ အနည်းဆုံး အရေ အတွက်သာ ဖြစ်ချေမည်ထင်သည်။ သုံးလေးဆပင် စားနိုင်သူများ ရှိချေမည်။

အိပ်လိုက်လျှင်လည်း ကုလားသေ ကုလားမောမဟုတ်။ ဂျပန်သေ ဂျပန်မောဟူ၍ ပြောယူရလောက်အောင် အိပ်ပျော်ကြပေမည်။

ဂန်နှင့်အား မြှားနှင့်လေး မမျှအောင် ရက်ရက်စက်စက် ခိုင်းထားသည် မဟုတ်လား။ ခွေးမောင်း၊ နွားမောင်း၊ မောင်းခြင်းမဟုတ်၊ ကျားမောင်း၊ မောင်းထားသည် မဟုတ်လား။

ထမင်းစားချိန်တွင် သင်တန်းသား ဂျပန်စစ်သားများအနေဖြင့် ပလုတ်ပလောင်း အားပါးတရမြိန်ရေရှက်ရေ စားကြသော်လည်း မောင်လေး မှာမူ နှုတ်ခမ်းတမဲ့မဲ့ မျက်နှာ တရှုံ့ရှုံ့ဖြစ်ရသည်။ စား၍ ကောင်းကောင်းမရ။

ကြည့်ပါဦး။ ချက်ထားသောဟင်းတွေက ဖရုံသီးနှင့် သကြားနှင့် ထန်းလျက် နှင့် ခရမ်းသီးနှင့်။

‘တောက်..... ပြိတ္တာမျိုးတွေ ဘယ်လောက်များ ဘယ်ဘဂက အချို ဝတ်လာကြသလဲ မသိဘူး၊ ထန်းလျက်တို့ ကြံသကာတို့ သကြားတို့ဆိုတာ မြင်မှ မြင်ဘူးကြရဲ့လား မသိဘူး၊ ဟိုဟင်းထဲလည်း သကြား၊ ဒီဟင်းထဲကျ တော့ ကြံသကာ၊ ဒီဟင်းထဲလဲ ထန်းလျက်၊ ဘယ်လိုလျှာတွေများပါလိမ့်၊ ပုရွက်ဆိတ်ဘဂက ဂင်စားလာတဲ့ကောင်တွေလား’

သည်လို သူက စိတ်ထဲမှ အမြဲ ကျိန်ဆဲမိ ဆဲရေးမိသည်။ ဘယ်ဟင်း နှိုက်လိုက် နှိုက်လိုက် ဘယ်ဟင်းကို စားလိုက် စားလိုက် ချိုရဲရဲအရသာကိုချည်း တွေ့နေရာသည် မဟုတ်လား။

‘ဒုက္ခပါပဲ၊ ဒုက္ခပါပဲ၊ ဒီဂျင်္ဂက ဘယ်တော့များ ကျွတ်မလဲမသိဘူး၊ ထွက်ပြေးရအောင်လဲ ရေပြင်က ခံနေတယ်၊

တစ်ခုကောင်းသည်မှာ သူ့အနေဖြင့် ရိုက်ချင်သလိုရိုက်၊ မည်သည့် အထက်ကလူ တစ်စုံတစ်ယောက်မျှ လာရောက် ဟန့်တားခြင်း ကန့်ကွက် ခြင်းမရှိ။

သင်တန်းကို သင်တန်းလိုပင် သဘောထားကြသည်။ ဆရာ ဂင်မလုပ်။ ပျော့ပျော့ပျောင်းပျောင်း အသင်မခိုင်း၊ ဂင်၍မစွက်။

သည်လိုနှင့် တစ်လခန့်ကြာမြင့်လာသည်။ မောင်လေးအတွက် ထူးဆန်း ရသည်။ သူ့ကို ဖျာပုံမှ ပြန်၍ခေါ်သောကြောင့်ဖြစ်သည်။

'အင်း- ဒီကောင်တွေ ငါ့ကို နောက်ထပ် စစ်တပ်တစ်တပ် ပို့ကြပြန်ပြီ

သည်အတွေးဖြင့် မော်တော် စီးရင်း လိုက်ပါလာသည်။ မော်တော်ပေါ် တွင် စစ်သား လေးငါးယောက်သာ ပါသည်။

ယင်းကိုထောက်၍ ဤမော်တော်သည် သူ့ကိုပို့ရန် သက်သက်အတွက် သာဖြစ်ကြောင်း မောင်လေး နားလည်သည်။

တွံတေးဆိပ်ကမ်းသို့ ရောက်သည်နှင့် ဂျပန်စစ်သားတွေက မော်တော်ကို ကမ်းသို့ ကပ်ပေးသည်။ ခြေဟန်လက်ဟန်ဖြင့် ကမ်းပေါ်သို့ ဆင်းရန် ပြော သည်။

မောင်လေးပို၍ထူးဆန်းရသည်။ စိတ်ထဲ ရင်ထဲတွင်လည်း ကြီးမားစွာ ဂမ်းသာသွားသည်။

ဇောတိကုန်းသို့ ပြန်လာခဲ့သည်။ ရွာရောက်ဆေတာ့မှ အခြေအနေမှန်ကို လိပ်ပတ်လည်စွာ သိရသည်။ ဇနီးဖြစ်သူက ပြန်၍ ပြောပြသောကြောင့် ဖြစ်သည်။

စကားပြန် ကိုဘစောတစ်ယောက် ရွာသို့ ရောက်လာသည်။ ကဒက်ဥများ အဘယ်ကြောင့် ဆက်မပို့ကြောင်း မေးသည်။

သည်မှာ ဇနီးဖြစ်သူက ကိုဘိုးဆင်နှင့် တွေ့ပေးသည်။ ဘိုးဆင်က ဂျပန်နှစ်ယောက်နှင့် ရန်ဖြစ်ပုံ၊ ကားပေါ် တင်ခေါ်သွားပုံများကို ပြန်ပြောင်းပြောပြသည်။

သည်မှာ ကိုဘစောက သူ့ကို မပြောရကောင်းလား ဆိုသည့်သဘောအပြစ်တင်သည်။ တွံတေးမှနေပြီး တယ်လီဖုန်းဆက်ပြီး စစ်တပ်ပေါင်းများစွာသို့ စုံစမ်းသည်။ ဖျာပုံရောက်နေကြောင်း သတင်းရသည်၊ အထက်အမိန့်ဖြင့် ပြန်၍ အလွှတ်ခိုင်းသည်။

ယင်းကြောင့် မိမိတစ်ယောက် ဂျပန်စစ်တပ်မှ ပြန်ထွက်လာရကြောင်းကို မောင်လေး နားလည်လိုက်သည်။

တော်ပေါသေးသည်။ ကိုဘစောကျေးဇူး ကြီးမားလှပါဘိသည်။ စစ်တပ်တွင်သာ ဆက်နေရချေက ဗမာဟင်း စားရမည် မဟုတ်သေး။ ကြံသကာဟင်း၊ ထန်းလျက်ဟင်း၊ သကြားဟင်းများကို ဆက်၍ စားနေရပေဦးမည်။

ယခုကား ဗမာထမင်း စားရပြီ။ ခံတွင်းတွေ့ပြီ။ ဗိုက် ခွေးနမ်းချင် နမ်း၊ အရမ်းကာရော စား၍ ရပြီ။

ကိုဘစောက မှာထားခဲ့သောကြောင့် မောင်လေး တစ်ယောက် အရိုးတောင် ရွာနှင့် ပြန်၍ ဆက်ရသည်။ ကဒက်ဥများ တူးခိုင်းရသည်။

ဤကဒက်ဥများသည် အလေ့ကျပင်များ ဖြစ်သည်။ တော်ထဲ တောင်ထဲမှာ ဗုန်းပေါလအော ပေါက်နေကြသည်။ ဂေါ်ပြား ပေါက်တူးများသာ ဖေါဖေါသီသီရှိလျှင် အများကြီး တူး၍ ရမည်။

သည်အလေ့ကျ ဥများက မိမိကို အကျိုးကျေးဇူး အများကြီး ရနေသည်။

အမှန်စင်စစ် ငွေစက္ကူ ထုတ်လုပ်ရန် စက္ကူလိုနေသောကြောင့်လည်း ဂျပန်စစ်တပ်သည် မိမိကို အားကိုးနေခြင်း ဖြစ်ပေမည်။ သည်လို မောင်လေး တွေးမိသည်။

ကဒက်ဥ လှည်းသုံးစီးတိုက် ရပြီ ဆိုသည်နှင့် ရန်ကုန်သို့ ဆင်းသွားပြန်သည်။ နဂိုနေရာ နဂိုစစ်တပ်မှာပင် မောင်လေးက ကိုဘစောကို တွေ့ရှိရသည်။

'ဟာ- ဆရာကြီး ပြန်လာပြီကိုး'

'ဟဲ ဟဲ ဟဲ- ခင်ဗျားကျေးဇူးကြောင့် ပြန်လွတ်လာတာဗျ ကိုဘစောရဲ့'

'ဆရာကြီးကလည်း ဒေါ်သကြီးပဲကိုး၊ ဟိုစစ်သား နှစ်ယောက်ကို ဘာကြောင့် သွားချရတာလဲ'

'မတရားဘဲကိုးဗျ၊ ကျုပ်က မတရားတာမြင်ရင် နည်းနည်းမှ စိတ်ထိန်းလို့ရတဲ့လူ မဟုတ်ဘူး၊ ကျုပ်နဲ့ တစ်ရွာတည်းသား လူပါးကိုတောင် ကျုပ်ချလွှတ်သေးတာပဲ'

'ဟဲ ဟဲ ဟဲ- နောက်ကို ဂျပန်တွေနဲ့ ဘာဖြစ်ဖြစ် ကျွန်တော့်ဆီ သတင်းရောက်အောင် ပို့ပါ၊ ဆရာကြီးသတင်းကတော့ စစ်တပ်ထဲမှာ မွှေးနေတာပဲ ဆရာကြီးရဲ့'

'ဘာဖြစ်လို့လဲဗျ'

'ဘာမှ မဖြစ်ပါဘူး၊ ဆရာကြီးက သိပ်ကြမ်းတယ်တဲ့၊ ပညာခံလည်း သိပ်ကောင်းတယ်တဲ့၊ ဒေါ်သလည်း သိပ်ကြီးဆိုကိုး'

'ဟား ဟား ဟား ဟား - မဟုတ်ပါဘူးဗျာ၊ တစ်ခါတလေ စိတ်ဆိုးလာမှပါ'

'ကျွန်တော်တောင် အထက်လူကြီးတွေကို မနည်းပြောရတယ်၊ ဆရာကြီးမရှိရင် စက္ကူမရဘူးဆိုတဲ့ အကြောင်းပေါ့၊ သူတို့က ဆရာကြီးကို သင်တန်းဆရာ အဖြစ် ဆက်ခိုင်းချင်နေကြတာ၊ မပေးနိုင်ပါဘူး တကဲကဲ လုပ်နေလို့'

'အမယ်လေးဗျာ- သင်တန်းဆရာ လုပ်ရတာတော့ အပန်းမကြီးပါဘူး၊ သကြားဟင်း၊ ကြံသကာဟင်းတွေ စားရတာတော့ တကယ်စိတ်ညစ်စရာကောင်းတယ်ဗျာ'

'ကဲ- လာ လာ ကျွန်တော့်စစ်ဗိုလ် အကြီးဆုံးက ဆရာကြီးကို လက်မှတ် တစ်စောင် ပေးလိမ့်မယ်'

'ဘာလက်မှတ်လဲ'

'သိုင်းဆရာကြီးအဖြစ် အသိအမှတ်ပြုတဲ့ လက်မှတ်လဲဖြစ်၊ ဂျပန်စစ်တပ်ကို အကူအညီပေးတဲ့ ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုတဲ့ လက်မှတ်လဲ မည်တာပေါ့'

ကိုဘစောက မောင်လေးကို စစ်ဗိုလ်ကြီးတစ်ယောက်၏ ရုံးခန်းထဲသို့

ခေါ်သွားသည်။ စစ်ဗိုလ်ကြီးသည် မည်ကဲ့သို့သော အဆင့်အတန်း ရှိသည် ကိုကား မောင်လေး နားမလည်။ စစ်ဗိုလ်ကြီးက သူ့ကို ထူးဆန်းသော လူအဖြစ် သေသေချာချာ ကြည့်သည်။

သူ့လက်မောင်းတွေ ပေါင်တွေကို ကိုင်ကြည့်သည်။ ပြုံးရွှင်သော မျက်နှာထားဖြင့် ကိုဘစောကို ဂျပန်လို မေးသည်။ ပြောသည်။ ကိုဘစောက ပြန်ဖြေလျှင် ခေါင်းတဆတ်ဆတ် ညိတ်သည်။ တဂါးဂါး တဟားဟားလည်း ရယ်မောသည်။

သည့်နောက် တစ်တောင်ပတ်လည်ခန့် ကြီးသော စက္ကူချော ထူထူ တစ်ရွက်ကို ထုတ်ပေးသည်။ စက္ကူသည် ဂုဏ်ထူးဆောင် လက်မှတ်သဘော စာတန်းများ ရိုက်နှိပ်ထားသော စက္ကူဖြစ်သည်။

စက္ကူ၏ အလယ်တည့်တည့်တွင် ဘူးသီးငါးပေါင်းကြော် သဏ္ဌာန်ရှိသော ဂျပန်စာလုံးကြီး တစ်လုံးကို ရွှေမင်ဖြင့် ရိုက်နှိပ်ထားသည်။ ထိုရွှေစာလုံး ကြီး၏ အထက်၊ အောက်၊ ဘေးနှစ်ဘက်တွင်လည်း ဂျပန်စာလုံးတွေ အများ ကြီး ရိုက်နှိပ်ထားသည်။

လက်မှတ်စက္ကူ၏ အောက်ဆုံးဘက်တွင်သာ အင်္ဂလိပ်လို စာတန်းလေး နှစ်တန်း ပုံနှိပ်ထားသည်။ လက်မှတ်ကို ပေးပြီးသည်နှင့် ကိုဘစောက မောင် လေးကို ပြောသည်။

'အဲဒီ လက်မှတ်ဟာ ဆရာကြီးအတွက် အန္တရာယ်ကင်း လက်မှတ်ပဲ၊ သွားလေရာမှာ ဆောင်ထားပါ၊ ဂျပန်တစ်စုံတစ်ယောက်က တစ်စုံတစ်ရာ ပြောရင် ဒီလက်မှတ်ကို ထုတ်ပြပါ။ ဘယ်သူမှ ဆရာကြီးကို မနှောင့်ယှက် ဘူး'

'ဟုတ်ကဲ့'

'အဲ အဲဒီလက်မှတ် ဆောင်မထားတဲ့ အချိန်မှာ အနှောင့်အယှက်တွေ့ ရင်လဲ ကိစ္စမရှိပါဘူး၊ ပါးစပ်နဲ့သာ ပြောပါ'

'ဘယ်လို ပြောရမလဲ'

'ဂိုရှီ ဂီရှီ ဂိုင်းရှား လို့ပြောပါ'

'ဂိုရှီ ဂီရှီ ဂိုင်းရှား ဟုတ်လားဗျ'

'ဟုတ်ပါတယ် ဆရာကြီး'

မောင်လေးက 'ဂိုရှီ ဂီရှီ ဂိုင်းရှား' ဆိုသော အသံထွက်ကို မှတ်မိအောင် ထပ်ခါတလဲလဲရွတ်သည်။ ကိုဘစောကပင် ကဒက်ဥဖိုး ငွေလေးသောင်း ကိုလည်း ငွေစာရင်းကိုင် စာရေးထံမှ ကိုယ်တိုင်လိုက်၍ ထုတ်ပေးသည်။

'ကဲ ကျုပ်ပြန်တော့မယ်၊ နောက် ဆယ့်လေးငါးရက်ကြာမှ တစ်ခေါက် လာပို့ပေးမယ်'

'ကောင်းပါပြီ ဆရာကြီး၊ ကဲ သွားပေတော့'

အမှန်စင်စစ်တွင် ကိုဘစောသည် မောင်လေးထက် အသက်ကြီးသည်။

သို့ရာတွင် အသက်ငယ်သော မောင်လေးကို ကိုဘစောက ဆရာကြီး ဟုသာ အမြဲခေါ်သည်။ လူပါး၏ ဘေးရန်မှ ကာကွယ်လိုက်ကတည်းက နှုတ်ကျိုးသွားခြင်း ဖြစ်သည်။ အသက်သခင်လည်း ဖြစ်သွား၊ မောင်လေး၏ ပညာကိုပါ လေးစားသွားသောကြောင့် ဖြစ်ပုံပေါ်သည်။

မောင်လေးက ဂျပန်စစ်တပ်ဂင်းထဲမှ ထွက်လာသည်။ အဂင်အထွက် ဂိတ်တွင် ဂျပန်နှစ်ယောက် ကင်းစောင့်နေသည်။ သူ့လက်မှတ်အကြောင်း စမ်းသပ်လို၍ ရှေးဦးစွာ အော်လိုက်သည်။

'ဂိုရှီ ဂီရှီ ဂိုင်းရှား'

'ဂိုရှီ ဂီရှီ ဂိုင်းရှား'

'အား - ဩ ဖျောင်း ဖျောင်း'

'ဟိုက်- တယ်ဟန်ကျပါလား၊ တယ်နိပ်ပါကလားဟေ့'

သူက အောက်လိုက်သည်နှင့် ကင်းစောင့် ဂျပန်နှစ်ယောက် မျက်လုံး ပြူးသွားသည်။ ချက်ချင်း သတိဂင်လာပြီး သူ့ကို သတိအနေအထားဖြင့် အရိုအသေ ပေးကြသည်။

မောင်လေး ဂမ်းသာသွားသည်။ တော်တော်ထိရောက်သော လက်မှတ် ပါပေတကား ဟူ၍ နားလည်သွားသည်။ ဂျပန်နှစ်ယောက်သည် လွန်စွာမှ အံ့အားသင့်သွားဟန်ဖြင့် 'ဩ--အား ဩ' ဟူ၍ အံ့အားသင့်သံများ ဖြစ်ပေါ် ပြီး ကျန်ရစ်ခဲ့သည်။

သူက ကန်တော်ကြီးမှ ထွက်လာခဲ့သည်။ ကြက်တောင် အချောင်းပေါင်း များစွာ စိုက်ထားသည့်ပမာ စည်ကားသိုက်မြိုက်နေသော ပြဇာတ်ကြည့်ကြ မည့် ပရိတ်သတ်များထဲတွင် လူတွေကို လိုက်၍ကြည့်သည်။

တုတ်ကောက် တစ်ချောင်းကိုင်၍ လျှောက်လာသော လူကြီးတစ်ယောက်ကို တွေ့သည်။ အသက်ခြောက်ဆယ်ခန့် ရှိပြီး သားသားနားနား သပ်သပ်ရပ်ရပ် ဂတ်ဆင်ထားသည်။

အသားဖြူသည်။ ဥပဓိရုပ် ကောင်းသည်။ ရွှေကိုင်း မျက်မှန်ကြီး တဂင်းဂင်းနှင့် ဖြစ်သည်။

ယင်းကြောင့် လူပုံကိုကြည့်ပြီး ခေတ်ပညာတတ် တစ်ယောက် ဖြစ်မည်ဟူ၍ သူက သတ်မှတ်လိုက်သည်။ ဂျပန်စစ်ဗိုလ်ကြီး ပေးလိုက်သော လက်မှတ်ကို ထုတ်ပြသည်။

'ဆရာကြီး ဆရာကြီး- ကျွန်တော့်ကို ဒီစာကလေး ဖတ်ပြပါ ခင်ဗျာ တဆိတ်လောက်'

သူက လက်မှတ်ကို ထုတ်ပြသည်။ လက်မှတ် အောက်ဆုံးမှ ရိုက်နှိပ်ထားသော အင်္ဂလိပ်စာတန်း နှစ်တန်းကို လက်ညှိုးထိုးပြသည်။

လူကြီးက ဖတ်လိုက်သည်။ ဖတ်ပြီး မောင်လေးကို စူးစိုက်ကြည့်သည်။

'ဘာအဓိပ္ပာယ်များလဲ ခင်ဗျ'

'အဓိပ္ပာယ်က ခင်ဗျားအနားမှာ လူသုံးဆယ် အမြဲတမ်း ရှိနေတယ်တဲ့ ခင်ဗျ'

'ခင်ဗျာ....လူသုံးဆယ်.....ဟုတ်လား'

'ဟုတ်တယ် ငါ့တူရဲ့'

'လူသုံးဆယ်.....လူသုံးဆယ်'

မောင်လေး ဘာမျှ နားမလည်ဟန်ဖြင့် တွေဝေငေးမောသွားသည်။ အဓိပ္ပာယ်၏ အဖြေကို ရှာကြည့်ခြင်းပင်။ သည်မှာ လူကြီးကပင် ဆက်၍ မေးသည်။

'ဒါနဲ့ ငါ့တူက ဘာအလုပ်လုပ်သလဲ'

'ကျွန်တော်က သိုင်းဆရာပါ ခင်ဗျာ'

'ဩော်.....ဒါကြောင့်ကိုး၊ ကျုပ်လဲ ခုမှ အဖြေပေါ်လာတော့တယ်'

'ဘာအဓိပ္ပာယ်များလည်း ခင်ဗျာ'

'ငါ့တူက သိုင်းဆရာဆိုတော့ ငါ့တူရဲ့ပညာနဲ့ ငါ့တူရဲ့ ကိုယ်ခန္ဓာဟာ လူသုံးဆယ်အားနဲ့ ညီမျှတယ်လို့ ဆိုလိုတဲ့သဘောပေါ့၊ ဒါပဲ ဖြစ်ရမယ်'

'ဩော်....ဒီလိုကိုး၊ ကဲ၊ ကျေးဇူးတင်လှပါတယ်ခင်ဗျား၊ ကျွန်တော့်ကို ခွင့်ပြုပါ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကောင်းပါပြီ'

'စစ်ဖြစ်နေချိန် စစ်အတွင်းကာလဖြစ်၍ ဘတ်(စ်) ကားမရှိ။ ဘတ်(စ်) ကားများ မပြေးဆွဲ။

သည်တော့ သူက တောသားပီပီ ခြေဦးတည့်ရာ စွတ်သွားသည်။ ဘယ်မှာ စစ်တပ်ရှိမှန်းလည်း မသိ။ ဘယ်နေရာမှာ ဘယ်သို့ ဖြတ်သွားရမည်လည်း မသိ။

မောင်လေးက ကန်တော်ကြီးစောင်းအတိုင်း အရှေ့ဘက်သို့ လျှောက် လာသည်။ တိရစ္ဆာန်ရုံဘေးမှ ဖြစ်သည်။

လျှောက်ပါများချေသော် ဘီလူးမဈေးဘက်သို့ ရောက်လာသည်။ ဂျပန်စစ်တပ် ဂိတ်တစ်ခုနှင့် သွားတိုးသည်။

'ဟေး ဟေး .... ဘိရုမာ ဘိရုမာ၊ ခူးဒကား ခူးဒကား'

အော်ဝေါက်ဆဲဆိုပြီး ဂျပန်စစ်သားက သူ့အနီးသို့ ပြေးကပ်လာသည်။ ဘဲနက်တပ်ထားသော သေနတ်ဖြင့် သူ့ရင်ဝ တည့်တည့်ကို ချိန်လိုက်သည်။

'အောင်မာ၊ မင်းကဘာလဲကွ၊ ဂိုရှီ ဂီရှီ ဂိုင်းရှား ဂိုရှီ ဂီရှီ ဂိုင်းရှား

'အား ဩ ဩ ဩ'

'ကြည့်ကွ၊ ဒီမှာကြည့်'

သူက ဂျပန်နိုင်ဆေးဖြစ်သော လက်မှတ်ကို ထုတ်ပြသည်။ ဂျပန်စစ်သားက စိုက်ကြည့်ပြီး ပါစပ်အဟောင်းသား ဖြစ်သွားသည်။ တော်တော်ပင် အံ့အား သင့်သွားပုံရသည်။

'ဖျောင်း အား ..... မာစတာ မာစတာ'

ဂျပန်က ခြေစုံကပ်၍ အရိုအသေပေးပြီး မာစတာ၊ မာစတာ ဟူ၍ပင် ခေါ်နေသေးသည်။ နိုင်မှန်းသိသည့်အတွက် သူက ထပ်၍ ဟောက်သည်။

'မင်း ငါ့အကြောင်းသိပြီ မဟုတ်လား၊ ဂိုရှီ ဂီရှီ ဂိုင်းရှား'

'အား...ဩ ဩ ဩ'

သူက သည်လိုပြောပြီး ထွက်လာသည်။ ဂျပန်သည် ပါးစပ်အဟောင်း သားဖြင့် အံ့အားကြီးသင့်ကာ ကျန်ခဲ့သည်။

ရန်ကုန်တစ်မြို့လုံးတွင် ဂျပန်တပ်များ အနံ့အပြား ချထားသည်။ မောင်လေးကလည်း ဘယ်မှာ ဘာရှိ၍ရှိကြောင်း ဘာမျှမသိ။ တောသားပီပီ သည်သို့ပင် တွေ့ရာလျှောက်သွားလေ့ရှိသည်။ ဂျပန်တပ်များနှင့် ခဏခဏ သွား၍ တိုးသည်။ တိုးတိုင်းလည်း သူက ပါးစပ်မှ သည်လိုပင် ရွတ်သည်။ သူ့ကို သွားခွင့်ပြုရသည်သာ ဖြစ်သည်။

ကုန်းကြောင်းကုန်းလမ်းမှာသာ ဤလက်မှတ်က တာစားသည်မဟုတ် သေး။ ရေကြောင်းမှာလည်း တာစားသည်။

ဗားဂရာ သမ္မာန်ဆိပ်ကမ်းတွင် ဆိုလျှင် ကုန်တင်ကုန်ချ အလုပ်သမားတိုင်း လိုလို သူ့ကိုသိကြသည်။ ဂျပန်များ ဆိပ်ကမ်းသို့ ဆင်းလာသည်ကို မြင်ရ လျှင် သူ့အနီးသို့ ပြေး၍ကပ်ကြသည်။ သူက သူ့လူတွေဖြစ်ကြောင်း ပြောပြ လျှင် ဂျပန်များ ပြန်၍သွားကြသည်။ ကြာသော် ဗားဂရာဆိပ်ကမ်းသို့ ဂျပန် များ အလာကျဲသွားသည်။ သည်ဆိပ်ကမ်းကို မောင်လေး ဦးစီးသည်။ သည်ဆိပ်ကမ်းမှ လူများသည် မောင်လေး၏ လူတွေချည်း ဖြစ်သည်ဟူ၍ ထင်သွားကြဟန်ရှိသည်။

တွံတေးမှ ကဒက်ဥများကို သမ္မာန်ဖြင့် တင်၍ မျောလာလျှင်လည်း လမ်းတွင် ဂျပန်ကင်းများ ရှိသည်။ ရေကြောင်းစောင့် ကင်းများ ဖြစ်သည်။

အဆိုးဆုံးကား တွံတေးတူးမြောင်းဂမှ လက်ပံကုန်း ကင်းစခန်းဖြစ်သည်။ ထိုကင်းစခန်းသည် လှေသမ္မာန်များကို အခွန်ကောက်သော စခန်းလည်း ဖြစ်သည်။

မောင်လေးက ကဒက်ဥများတင်၍ စုန်ဆင်းလာသည်။ သူ့ရှေ့မှလည်း ကုန်တင်လှေများ၊ သမ္မာန်များ စုန်ဆင်းနေသည်။

'ဟေး…ဘိရှမာ ဘိရှမာ ဒိုင်း ဒိုင်း'

ဂျပန်တွေက လှေကပ်နေးလျှင် သေနတ်ဖြင့် အရမ်းပစ်တတ်သည်။ ဆိပ်ကမ်းသို့ ကပ်ခိုင်းသည်။ မောင်လေး၏ သမ္မာန်များလည်းကင်းစခန်း အနီးသို့ ရောက်ရှိလာသည်။ သူက ဆိပ်ကမ်းနှင့် ဝေးဝေးမှ မျှောသွားသည်။

'ဟေး ဘိရှမာ ဘိရှမာ''

'ဂိုရှိ ဂီရှိ ဂိုင်းရှား ဂိုရှိ ဂီရှိ ဂိုင်းရှား'

'အား…သြ သြ သြ'

ဂျပန်ကင်းသမားက ဆိပ်ကမ်းသို့ အကပ်မခိုင်းတော့။

# ၂၂

ဗမာပြည်တစ်ပြည်လုံး ဂျပန်ကို တော်လှန်ကြပြီ။ ဖက်ဆစ်တို့ သံဖနောင့်ကို ရိုက်ချိုးကြပြီ။ ဂျပန်တို့ ခွေးပြေး ဂက်ပြေး ပြေးကြရပြီ။ ဖက်ဆစ် ဘီလူး စွယ် ငေါငေါကြီးသည် အပိုင်းပိုင်း ကျိုးပြတ်၍ ကျသွားရပြီ။

အင်္ဂလိပ်များ ပြန်၍ ဝင်လာသည်။ လွတ်လပ်ရေး ရပြီ။ နယ်ချဲ့အစိုးရသည် ဗမာပြည်ကို လက်မလွှတ်ချင်သော်လည်း မနိုင်၍ သည်းခံရပြီ။ လုံး၀ လွတ်လပ်ရေးရပြီ။

လွတ်လပ်ရေးရချိန်တွင် ပြည်တွင်းစစ်ပွဲက စလာသည်။ လွတ်လပ်ရေး မရမီကပင် ကွန်မြူနစ်တို့ တော်ခိုကြသည်။ သည်နောက် ရဲဘော်များကပါ တောခိုကြပြီ။

ကွန်မြူနစ်ချင်းလည်း ကွဲ၊ အလံဖြူ အလံနီတွေ ဖြစ်ကြ။ ပြည်သူ့ရဲ ဘော်ချင်းလည်း ကွဲ၊ ရဲဘော်ဖြူ ရဲဘော်ဝါဖြစ်ကြနှင့် ပြဿနာတွေ ရှုပ်တွေး လာသည်။

ဇောတိကုန်းသည် ရောင်စုံသောင်းကျမ်းသူတို့ ဝင်ထွက်ကျက်စားရာ ရွာတစ်ရွာဖြစ်ရပြီ။ သည်ရွာတွင် ကင်းအုပ်မှာ မောင်လေး၊ ရွာခေါင်း ဆောင်လည်း မောင်လေး။

ကာလပျက်သည့်ပမာ တိုက်ပွဲတွေက ဆက်လက်ဖြစ်ပေါ်နေဆဲပင်။ အစိုးရတပ်တွေ ဝင်လာလျှင်လည်း မောင်လေးကပင် တွေ့ဆုံ ဧည့်ခံရသည်။ အလံနီ အလံဖြူများ ဝင်လာလျှင်လည်း မောင်လေး။ ရဲဘော်ဖြူ ရဲဘော်ဝါ တွေ ဆိုလျှင်လည်း မောင်လေး။

နေရာတကာတွင် သူပင် ခေါင်းဆောင်၍ ဖြေရှင်းရသည်။ ယခင်က ကျေးရွာလူကြီးများမှာ ကြောက်စိတ် ဝင်နေသောကြောင့် ကုပ်နေကြပြီ။ မောင်လေးကိုပင် ရှေ့တန်းတင် ထားကြပြီ။

မောင်လေး စိတ်ညစ်ပြီ။ အချိန်မတော် အချိန်တော် တိုက်ပွဲဖြစ်ကြသည်။ အစိုးရနှင့် သောင်းကျန်းသူ၊ အလံဖြူနှင့် အလံနီ၊ အလံနီ နှင့် ရဲဘော်ဖြူ၊ သောင်းကျန်းသူတွေချင်းလည်း တိုက်ကြခိုက်ကြသည်။

မသေမရှိ လူနာတွေကို တင်စရာ သယ်ဆောင်စရာ ရှိလျှင် မောင်လေးပင် လှည်းနှင့် လိုက်သယ်ရသည်။ သူတို့၏ တောတွင်းစခန်းသို့ ပို့ပေးရသည်။ ထမင်းထုတ်ဆင့်လျှင်လည်း သူပင်။ ဆက်ကြေးတောင်းလျှင်လည်း သူ။ နေရာတကာ သူချည်း ခေါင်းခံနေရသည်။

အလုပ်လည်း ကောင်းကောင်းမလုပ်ရ။ အလုပ်မလုပ်ရသည်က ထားဦး။ ရှိသမျှနှင့် စား၍ရသည်။ အခက်ဆုံးက အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ ဖြစ်နေသည့် ကိစ္စပင်။

သန်းခေါင်လည်း လာ၍နိုးသည်။ သလွဲလည်း မရှောင်။ ကြက်ဦးတွန်ချိန်တွင် တံခါးလာ၍ ခေါက်တတ်ကြသည်။

သည်အချိန်မှာပင် ဇေတိကုန်းသို့ လူကြီးတစ်ယောက် ရောက်လာသည်။ မောင်လေး၏ အသိအကျွမ်း ဦးကွမ်းဇော် ဖြစ်သည်။ ရန်ကုန်၊ ကုက္ကိုင်းလမ်းဆုံအနီးတွင် နေထိုင်သည်။

သူ့တွင် တူနှစ်ယောက်ရှိသည်။ အောင်ဘန်းနှင့် အောင်ချမ်းဖြစ်သည်။ ထိုတူနှစ်ယောက်က သိုင်းသင်လိုလှသည်။ ယင်းကြောင့် လာ၍ ခေါ်ခြင်းဖြစ်ကြောင်း ဦးကွမ်းဇော်က ပြောပြသည်။

ရေငတ်တုန်း ရေတွင်ထဲကျခြင်းပင်။ ဇေတိကုန်းမှ ထွက်ခွာချင်နေသော မောင်လေးအတွက် အခွင့်ကောင်းတစ်ခုပင်။

မထွက်ခွာ၍မဖြစ်သော အခြေအနေသို့လည်း ဆိုက်ရောက်နေပြီ။ သောင်းကျန်းနေသူတွေက သူတို့ တောတွင်းတပ်ဖွဲ့ဝင်များတွင် သူတို့လူတွေကို သိုင်းအသင်ခိုင်းနေကြပြီ။ မောင်လေး တတ်ကျွမ်းထားသော သိုင်းပညာသည် သာမန် ရိုးရိုးသိုင်းပညာမဟုတ်။ ထူးခြားထက်မြတ်လှသော သိုင်း၊ ပြောင်းပြန် သိုင်းဖြစ်ကြောင်း သောင်းကျန်းသူတွေက သိသွားကြပြီ။

ဇနီးဖြစ်သူကိုခေါ်၍ ရန်ကုန်သို့ သုတ်ခြေတင်လာခဲ့သည်။ ဦးကွမ်းဇော်နှင့်အတူ ကုက္ကိုင်းလမ်းဆုံ တရုတ်ဘုံကျောင်းအနီး ကွက်လပ်တွင် အိမ်ဆောက်၍ နေထိုင်သည်။

သည်တုန်းက မြေကွက်တွေ ပေါသေးသည်။ ကြိုက်သလို ဆောက် ကြိုက်သလို နေ၍ ရသည်။

ရန်ကုန်တွင် အောင်ဘန်းနှင့် အောင်ချမ်းကို သိုင်းပညာသင်ပေးရသည်။ သန်းရွှေနှင့် လှသိန်းတို့ကလည်း လာ၍ သင်ကြသည်။

တပည့်ကား မများသေး။ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲသာ သင်ပေးရသည်။ တပည့်များပေးသော ဥာဏ်ပူဇော်ခဖြင့် စား၍မလောက်။ ယင်းကြောင့် ရန်ကင်း ဥယျာဉ်စုသို့ ပြောင်းရွှေ့ရသည်။

ဥယျာဉ်စုတွင် စိုက်ခင်းပျိုးခင်းများ လုပ်ကိုင်သည်။ ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား စသည်ဖြင့် ရာသီပင်များ စိုက်ပျိုးရောင်းချသည်။ တစ်ဘက်မှလည်း သိုင်းဆရာ လုပ်မြဲလုပ်သည်။

တစ်နေ့တွင် မောင်လေး၏ တပည့်တစ်ယောက် ရောက်လာသည်။ သူကား ပြောင်းပြန်ပညာကို ဆရာဖြစ်အဆင့်အထိ တတ်မြောက်ထားသူဖြစ်သည်။ တဘက်မှာလည်း လိုင်ချင်းသိုင်းပညာကို သင်ကြား တတ်မြောက်ထားသည်။

လိုင်ချင်းသိုင်းကား ရှမ်းကြီးသိုင်းနှင့် ကွာခြားမှုများစွာမရှိလှချေ။ လိုင်ချင်းသိုင်းကို ဆရာကြီးဦးစန္ဒာထံမှ သင်ကြားထားခြင်းပင်။

ဆရာကြီးဆရာချယ်သည် မောင်လေးကို ပညာသင်ပေးပြီး ရှမ်းပြည်နယ်သို့ ပြန်သွားစဉ်က စကားတစ်ခွန်း မှာထားခဲ့သည်။

'ငါမရှိတဲ့နောက်၊ ငါနဲ့အတူ ရှမ်းပြည်က ဆင်းလာတဲ့ ဦးစန္ဒာကို ဆရာအဖြစ် သတ်မှတ်ကိုးကွယ်ပါ၊ သူနဲ့ ငါနဲ့ သိုင်းပညာချင်း ကွဲပြားပေမယ့် အသက်အရွယ် တူတယ်၊ သူတော့ ဗမာပြည်မှာပဲ နေနေခဲ့မယ်လို့ ပြောတယ်'

'ဟုတ်ကဲ့ ဆရာကြီး'

ထိုစကားကြောင့် မောင်လေးက ဆရာ ဦးစန္ဒာကို သတိရသည်။ တိုက်ကြီးဘက်တွင်နေကြောင်း စုံစမ်းသိရှိရသည်။ တပည့်တစ်ယောက်ဖြစ်သော ပုဇွန်တော်မှ အုန်းခင်ကို မှာ၍ခေါ်ယူသည်။ အုန်းခင်မှာက မော်တော်ဆိုင်ကယ် ရှိသည်။

အုန်းခင်နှင့်အတူ တိုက်ကြီးသို့ လိုက်သွားသည်။ တိုက်ကြီးတွင် ဆေးဆရာ ဆရာကော၊ ဆရာစောတို့ ရှိသည်။ ဇနီးဖြစ်သူ မအေးရွှေ၏ ဦးလေး ဂမ်းကွဲများဖြစ်သည်။

ဆရာကော၊ ဆရာစောတို့က ဦးစန္ဒာတစ်ယောက် သနပ်ချောင်းတွင် ရှိသည်ဟူ၍ ကြားသိကြောင်း ထပ်မံညွှန်ကြားသည်။ သနပ်ချောင်းသို့ လိုက်သွားသည်။

ဦးစန္ဒာသည် သနပ်ချောင်းတွင် မနေ၊ တောင်ယာလေးတွင်နေကြောင်း ထပ်မံသိရှိရပြန်သည်။ တောင်ယာလေးသို့ လိုက်သွားကြပြန်သည်။ ဦးစန္ဒာနှင့် ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့ရသည်။

ရန်ကုန်သို့ ပင့်ခေါ်လာသည်။ ဆရာအဖြစ် သတ်မှတ်ကိုးကွယ်သည်။ တပည့်သိုင်းသမားများထံမှ ငွေကြေးကောက်ခံ၍ ပူဇော်သည်။ ကုက္ကိုင်းရှိ တေဇိန္ဒာရာမကျောင်းတိုက်တွင် ဆိုင်းဘုတ်တင်၍ သိုင်းသင်တန်းပေးရန် စီစဉ်ကြသည်။

သည်မှာ ပြဿနာတက်လာသည်။ ပြောင်းပြန်တစ်ပိုင်း၊ လိုင်းချင်းတစ်ပိုင်းတတ်ထားသော မောင်လေး၏ တပည့်လည်းဖြစ်၊ ဦးစန္ဒာ၏ တပည့်လည်းဖြစ်သည့် နစ်ခွတပည့်က ပြောင်းပြန်လိုင်းချင်းသိုင်းအဖွဲ့ဟူ၍ ဆိုင်းဘုတ်ထိုးရန် အကြံပေးသည်။

ဒါကို မောင်လေးက သဘောမတူ။ လိုင်းချင်းသင်လိုလျှင် လိုင်းချင်းသိုင်းသက်သက် သင်ရမည်။ ပြောင်းပြန်သင်လိုလျှင် ပြောင်းပြန်သပ်သပ် သင်ရမည်။. ပညာနစ်ခုသည် တစ်ခုနှင့်တစ်ခု မတူသောကြောင့် ပူတွဲမသင်အပ်။ ယင်းသို့ဆိုသည်။

အခြားအကြောင်းများလည်း ရှိသေးသည်။ ယင်းကြောင့် မောင်လေးက သိုင်းအဖွဲ့မှခွဲထွက်သည်။ ဦးစန္ဒာလည်း ပြန်သွားသည်။ သိုင်းပညာသင်ယူရန် စာရင်းပေးလာကြသော စိန်ဂျွန်း၊ စိန်ပေါ၊ တက္ကသိုလ်မှကျောင်းသားများ၊ စစ်ဘက်ရဲဘက်မှ ဂန်ထမ်းများကို ပညာသင်မပေးတော့။

ထိုအချိန်တွင် တပည့်တစ်ယောက်ဖြစ်သူ ကံထွန်း မောင်လေးအိမ်သို့ ရောက်လာ ပေါက်လာပြန်သည်။ ဘောက်ထော်ဘက်မှ လူငယ်များ သိုင်းပညာ သင်ကြားလိုသည်။ တစ်လလျှင် လေးရာပေးပါမည်ဟူ၍ ဆိုသည်။

ချက်ချင်းပင် မောင်လေး လိုက်ပါသွားသည်။ ကံထွန်းသည် တရုတ်ကြီး ဦးချဲယား၏ဘဲခြံတွင် အလုပ်လုပ်သည်။ ဦးချဲယားက ဘဲမွေးသည်။ ကံထွန်းက ဘဲကျောင်းပေးရသည်။ ထိုဘဲခြံမှာပင် ကံထွန်းနေသည်။ ယင်းကြောင့် နှစ်ယောက်သား ဘဲခြံထဲသို့ ရောက်ရှိသွားကြသည်။

ဘဲတဲမှာ ခပ်နိမ့်နိမ့်ပင်။ ဓနိမိုးထားသည်။ ရောက်လျှင် ရောက်ခြင်း မောင်လေးက ဟိုဟိုသည်သည်ကြည့်သည်။ ဦးချဲယားနှင့် တရုတ်တစ်ယောက် စကားပြောနေသည်ကို တွေ့ရသည်

တရုတ်သည် အကျႌအနက်၊ ဘောင်းဘီအနက် ဝတ်ထားသည်။ မိခင်ဖြစ်သူ သေဆုံးသွားသောကြောင့် တရုတ်တို့၏ ထုံးစံအရ အနက်ရောင်ဝတ်ထားခြင်းဖြစ်သည်။ သူတို့နှစ်ဦးနှင့် ခပ်လှမ်းလှမ်းတွင် ခွေးကြားကြီးတစ်ကောင်ကို ကြိုးနှင့်ချည်ထားသည်။

] ဘဲခြံဆိုတော့ ဘဲအောင်သံတွေက ဆူညံနေသည်။ ထိုဘဲသံတွေကြားထဲမှပင် ကံထွန်းက မောင်လေးကို ဦးချဲယားနှင့် မိတ်ဆက်ပေးသည်။

] 'ဦးချဲယား ဒါက ကျွန်တော့်ဆရာ ဦးမောင်လေးပါ၊ ကျွန်တော် သိုင်းသင်တာ ဒီဆရာ့ဆီမှာ သင်ခဲ့ တတ်ခဲ့တာပါ'

'သြော်.....ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ အဲ...ဒါနဲ့ အတော်ပဲဗျ၊ ဟောဒီ ကျွန်တော့မိတ်ဆွေကလည်း တရုတ်သိုင်းဆရာပါပဲ၊ ပြည်ကြီးကရောက်လာတာ သုံးလပဲရှိပါသေးတယ်၊ သူလည်း သိုင်းတတ်တယ်၊ မျောက်သိုင်းနဲ့ ဖျိုင်းသိုင်းလို့ ပြောတာပါပဲ'

'သြော်.....ဒီဆရာကလည်း သိုင်းဆရာပဲကိုး၊ ကောင်းတာပေါ့ဗျာ၊ ပညာဆိုတာ ကောင်းတာချည်းပါပဲ'

မောင်လေး၏စကားကို ဦးချဲယားက ဘာသာပြန်၍ တရုတ်သိုင်းသမားကို ပြောသည်။ တရုတ်သိုင်းသမားက ဦးချဲယားကိုတစ်လှည့် မောင်လေးကိုတစ်လှည့်ကြည့်ပြီး တရုတ်လိုပြောသည်။ ဦးချဲယားက မြန်မာဘာသာပြန်ပေးသည်။

'တရုတ်သိုင်းဆရာက ခင်ဗျားနဲ့ စမ်းကြည့်ချင်ပါသတဲ့၊ တရုတ်သိုင်းနဲ့ သိုင်းပြောင်းပြန် ဘယ်ပညာက ထိရောက်သလဲ သိရအောင် စမ်းကြည့်ချင်ပါသတဲ့'

'ဟုတ်ကဲ့၊ စမ်းချင်လဲ စမ်းကြည့်လို့ရပါတယ်'

ဦးခဲ့ယားက တရုတ်လိုပြန်ပြောပြလိုက်သည်နှင့် တရုတ်သိုင်းသမားက နေရာမှထလိုက်သည်။ ဘဲတဲနံရံတွင်ချိတ်ထားသော တစ်ထွာသာသာ ဓားမြှောင်တစ်ချောင်းကို ဆွဲ၍ယူလိုက်သည်။ ထိုဓားမြှောင်မှာ မုန်လာဥ၊ မုန်ညင်းဥစသော ဟင်းသီးဟင်းရွက်များကို လှီးသည်၊ ခွာသည့် ဓားမြှောင်ဖြစ်သည်။ တစ်ထွာလည်းမက တောင်ဆုပ်လောက်လည်းမရှည်၊ သံချေးလည်း အတန်ငယ် တက်နေပြီ။

'အင်း....ဒီတစ်ခါလည်း ပညာသည်တစ်ယောက်နဲ့ လာတိုးနေပြန်ပြီကိုး'

မောင်လေးက သည်လို စိတ်ထဲမှ ရေရွတ်လိုက်သည်။ တရုတ်က အသင့်ပြင်လိုက်သောကြောင့် သူကိုယ်တိုင်လည်း အသင့်ပြင်လိုက်ရသည်။

ရန်ဆိုင်မိကြပြီ။ ရင်ဆိုင်တွေ့ကြပြီ။

တရုတ်သည် သူ၏ဒူးဆစ်ကို ညွှတ်လိုက် ကွေးလိုက်သည်။ ဟိုခုန်လိုက် သည်ခုန်လိုက်လုပ်သည်။ ခုန်ဆွ ခုန်ဆွနှင့် မျောက်တစ်ကောင်အလားရှေ့နောက်ဝဲယာ ခုန်နေသည်။

လူသာမန်သာဆိုလျှင် ဓားကိုကိုင်ထားလျှင် မတ်တတ်ရပ်၍ပင် နေမည် အမှန်။ ထိုးလျှင်လည်း ဒူးဆစ်ကို အတော်အတန်သာ ကွေး၍ ထိုးမည် တိုက်မည် အမှန်။

တရုတ်ကား သည်လိုမဟုတ်၊ ဒူးဆစ်ကို သိသိသာသာပင် ကွေးထားသည်။ သူ့အရပ်သည် တစ်ဖက်လောက်ပုသွားသည်။

ဘေထိဆို ပေတိုးတို့ကွဲဖို့ အရေးကြီးသည်၊ မင်းလည်း ကွဲတော့မှာပဲကွ၊ သိုင်းသမားဆိုတာ မတ်တတ်အနေအထားနဲ့မှ တိုက်ရခက်တာ၊ အခုလို ဒူးကွေးထားရင် ပိုနိမ့်သွား၊ ပိုခံသွားရမှာပေါ့'

မောင်လေးက စိတ်ထဲမှ သည်လို တွေးလိုက်၊ အသံတိတ်ပြော ပြောလိုက်သည်။ အသံထွက်၍ပြောလျှင်လည်း တရုတ်က နားလည်မည်မဟုတ်။

မောင်လေးတွင် ဘာလက်နက်မျှမရှိ၊ ကိုင်မထား၊ တရုတ်၏ ကိုယ်နေဟန်ထားကိုကြည့်၍လည်း ကြောက်စရာမလိုကြောင်း နားလည်လိုက်သည်။

တရုတ်က ခုန်ဆွခုန်ဆွလုပ်၍ ထိုးကွက်ရှာသည်။ အကွက်တွေ့သည်နှင့် တစ်ရှိန်ထိုးပြေးဝင်ပြီး ဓားဖြင့်ထိုးလိုက်သည်။

'ဖျောင်း.....ဖောက်'

တရုတ်က ဂင်ထိုးသည်နှင့် မောင်လေးက ယို့လိုက်ပြီး ဘယ်ခြေဖြင့် တရုတ်၏လက်ကို ပင့်ခတ်ထုတ်လိုက်သည်။ တရုတ်၏လက်ဖျံကို ဖျောင်း ခနဲထိသွားသည်။ တရုတ်၏လက်မှဓားသည် အပေါ်သို့ မြောက်တက်လွင့် စင်သွားသည်။ မောင်လေး၏ ညာခြေဖျားက တရုတ်၏နားအုံကို ဝိုက် ကန်လိုက်သည်။

'ဖောင်း...ပုန်း....အား'

ဆူညံနေသောအသံများ၊ တပုတ်ပုတ် တပုန်းပုန်းဟောင်နေသော ခွေး ကြားကြီး၏ အသံများထဲမှ ငယ်သံပါအောင်အော်လိုက်သော တရုတ်၏အသံ ကြီး ထွက်ပေါ်လာသည်။ လူသည်လည်း မြေကြီးပေါ်တွင် မှောက်လျက်လဲ ကျနေပြီ။

ဦးချဲယားက တရုတ်၏လက်ကိုဆွဲ၍ ထူသည်။

'အား....ဂါးဂါး...အား...ပူးပူး'

တရုတ် ငယ်သံပါအောင် ထပ်၍အော်ပြန်သည်။ ဦးချဲယားက သူဆွဲ ထားသော တရုတ်၏ညာလက်ကို ပြန်လွှတ်ပေးလိုက်သည်။

တရုတ်၏လက်သည် ထက်ပိုင်းကျိုးသွားပြီ။ လက်ကို လွှတ်လိုက်သော အခါ လက်ဖျံ၏ရှေ့ပိုင်းနှင့် လက်ဖဝါးသည် ရှေ့သို့ငိုက်ဆင်းနေပြီ။

မောင်လေးက သူခတ်တင်လိုက်သောဓားကို လှမ်းကြည့်သည်။ ဓား မြှောင်သည် တဲခေါင်မိုး ခနီတွင် သွား၍ စိုက်နေသည်။

ဤအခြင်းအရာကိုကြည့်၍ မှင်သက်မိ ကြက်သေသေနေသူကား ကံထွန်း ပင်။ ဆရာဖြစ်သူ မောင်လေးအပေါ် ပို၍ အထင်ကြီးသွား လေးစားသွားရ လေသည်ပင်။

ဘဲခြံတွင်ဖြစ်ပွားသော တရုတ်သိုင်းဆရာနှင့် မောင်လေး၏ သတင်းသည် ကံထွန်းနှင့် ဦးချဲယား၏ပါးစပ်မှတစ်ဆင့် ဘောက်ထောက် ဂန်းကျင်တစ်ခို ပြန့်လွင့်သွားသည်။

ဘောက်ထော်မှလူငယ်များ သိုင်းသင်ကြသည်။ စုစုပေါင်း ဆယ့်ခြောက် ယောက်ဖြစ်သည်။ ထိုဆယ့်ခြောက်ယောက်က သူ့အတွက်ကျငွေထည့်ပြီး တစ်လ လျှင် လေးရာ မောင်လေးကို ကန်တော့ကြ၊ ဥာဏ်ပူဇော်ခပေးကြသည်။

မောင်လေးက ရန်ကင်းဥယျာဉ်စုမှနေ၍ ဘောက်ထော်သို့ နေ့တိုင်း သွားရသည်။ သိုင်းသင်ပြီးသည်နှင့် အိမ်သို့ပြန်လာသည်။ နေ့စဉ်နေ့တိုင်း သွားလိုက်ပြန်လိုက် ဖြစ်နေသည်။

တစ်လခန့်အကြာ နေ့တစ်နေ့တွင် မောင်လေး ဘောက်ထော်မှ ရန်ကင်းသို့ ပြန်လာသည်။ နေဝင်နေပြီ၊ မှောင်နေပြီ။

နေအိမ်သို့ပြန်ရောက်သည်နှင့် ဇနီးဖြစ်သူက ထမင်းပြင်၍ ကျွေးသည်။ ထမင်းပွဲတွင်ထိုင်၍ မြိန်ရည်ယှက်ရည်စားသည်။ ငါးပန်းကန်ကုန်မှဂသည်။

ထမင်းစားပြီးသော် အချိုတည်းပြန်သည်။ သရက်သီးငါးလုံးကို တစ်လုံးပြီး တစ်လုံး စားသည်။

ထိုသို့ စားနေစဉ်၌ပင် တပည့်သုံးယောက် အိမ်သို့ရောက်လာသည်။ အိမ်နီးနားချင်းမှ တပည့်များဖြစ်သည်။

'လာကွ၊ သရက်သီးစားကြ'

'မစားတော့ပါဘူး ဆရာကြီး၊ ကျွန်တော်တို့ ရေနွေးကြမ်းပဲ သောက်ပါ့မယ်'

ဆရာက သရက်သီးစား၊ တပည့်များက ရေနွေးကြမ်းသော်နေစဉ် မောင်လေး၏ နေအိမ်တောင်ဘက် အိမ်တစ်အိမ်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။

'ကိုအောင်ဘန်း ကိုအောင်ဘန်း၊ ရှင် ဒီလိုမရမ်းကားနဲ့နော်'

'ရမ်းတယ်ကွာ၊ ရမ်းတယ်ကွာ၊ ပုန်း...ဒိုင်း...ဂွမ်း...ချလောင်'

'အမယ်လေး ကုန်ပါပြီ၊ ကုန်ပါပြီတော့၊ ကျုပ်ရှာထားတဲ့ပစ္စည်းတွေ ကုန်ပါပြီတော့....ဟီးဟီးဟီး'

'ကုန်ပါစေကွာ၊ ကုန်ပါစေ၊ ကုန်တော့ အေးတယ်ဟေ့၊ အောင်ဘန်းတို့က ဂရုမစိုက်ဘူးဟေ့၊ ပုန်း...ဒိုင်း....ဂွမ်း...ချလွမ်....ပုန်း'

'အရပ်ကတို့ရေ လာကြပါဦး၊ ကယ်ကြပါဦးတော့၊ ဒီမှာ ကျုပ်ပစ္စည်းတွေကို ဖြန်းတီးနေပါတယ်တော့'

'ဟေ့...မယ်ကြူ၊ တော် တန် တိတ်၊ တိတ်စမ်း၊ ပါးစပ်ကိုပိတ်လိုက်စမ်း၊ ငါ့လက်ဂါးနဲ့တွေ့သွားရင် နင့်ပါးကွဲသွားမယ်'

'ကိုမောင်...ကိုမောင်လေး....ကိုမောင်လေး၊ ရှင့်တပည့်ကို သွားဆွဲလိုက်ပါဦးတော်၊ ကောင်မလေး ဒုက္ခရောက်နေပြီ'

'ဒီကောင် အရက်မူးနေပြန်ပြီထင်တယ်ကွ မယ်ရွှေရ၊ တော်တော်ခက်တဲ့ ကောင်ပါလား၊ တော်တော်တော့ ခက်နေပြီ'

'မူးဆို နေ့တိုင်းပဲတော့၊ တစ်ခါတစ်ခါ မိကြူကို ရိုက်လိုက်ရင်လည်း လေးငါးရက် မထနိုင်ဘူး၊ ကောင်မလေးက သူကိုယ်တိုင်လည်း ရှားကျွေးရ သေး၊ သူရှာတဲ့ ပစ္စည်းတွေလည်း ရိုက်အခွဲခံရသေးဖြစ်နေတာ'

'ဒါနဲ့ တစ်လောက မိကြူ အိမ်ပေါ်က ဆင်းသွားတယ်ဆို'

'ဆင်းသွားတော့လဲ ပြန်လိုက်ခေါ်တယ်လေ၊ ရှင့်တပည့်က အရှက်ရှိတဲ့ ကောင်မှ မဟုတ်ဘဲ၊ မျက်ရည်ခံထိုးပြီး ခေါ်တယ်၊ နောက်ကို အရက်မသောက် တော့ပါဘူး၊ မရိုက်တော့ပါဘူးလို့ ကတိခံတယ်'

'နောက်တော့ဆိုတာက ရှေ့တော့မှ မဟုတ်ဘဲကွ၊ အခုတော့ ပြန်သောက် နေပြန်ပြီ ဆိုပါတော့'

'အစစ်ပေါ့၊ သူက ရှင့်ပညာတတ်ထားတဲ့လူ မဟုတ်လား၊ ဒီပညာနဲ့ သူ့မိန်းမအပေါ်မှာရော သူ့မိန်းမ ဆွေမျိုးတွေအပေါ်မှာရော စွာကျယ်စွာကယ် လုပ်နေတာ'

မောင်လေးက တပည့်ဖြစ်သူ အောင်ဘန်းအကြောင်း ဇနီးနှင့်ပြောဆို နေစဉ်မှာပင် မိကြူနှင့် အောင်ဘန်း၏ ဆူဆူညံညံအသံများ ဆက်လက် ထွက်ပေါ်နေသည်။ မောင်လေး မနေသာတော့။ ထိုင်ရာမှ ထလိုက် ရသည်။

အိမ်ပေါ်မှ ဆင်းသွားသည်။ တပည့်ဖြစ်သူ အောင်ဘန်းအိမ်ရှေ့တွင် သွား၍ရပ်သည်။ အိမ်တွင် စောစောကရောက်နေသော တပည့်သုံးယောက် လည်း မောင်လေးနောက်မှ လိုက်လာကြသည်။ မောင်လေးက အိမ်အောက်မှ လှမ်းပြောသည်။

'အောင်ဘန်း၊ တပည့်၊ တော်ပါတော့ကွာ၊ မင်းမရှက်ဘူးလား၊ ဘေးအိမ် တွေ ကြားလို့လည်းမကောင်း၊ ငါလည်း သိက္ခာကျတယ်ကွ'

ပြောပြောဆိုဆို မောင်လေးက အောင်ဘန်း၏ တဲပေါ်သို့ တက် လိုက်သည်။ တဲသည် အမိုးနိမ့်နိမ့်ကလေးဖြစ်သော်လည်း ကျယ်တော့ အနည်း ငယ်ကျယ်တယ်။ နှစ်ဆောင်ပြိုင်ကလေး ဖြစ်သည်။ နှစ်ဆောင်ပြိုင်ကြားက တံစက်မြိတ်အဆုံတွင် ရေတံလျှောက်ရှိသည်။

ပစ္စည်းတွေ ခွဲပစ် လှင်ပစ်တော့လည်း ကိုယ့်ပစ္စည်းပဲ ကုန်တာမဟုတ်လားကွ၊ သောက်ရင်လည်း လျော့လျော့ပေါ့ပေါ့သောက်ဖို့ ကောင်းပါတယ်ကွာ၊ ဆရာ့စကားကို နားထောင်ပါ'

သည်လို ပါးစပ်မှ ဆုံးမစကားလည်းပြော၊ အိမ်မဘက်သို့ အဆောင်ငယ်ကလေးဘက်သို့လည်း ရေတံလျှောက်ကို ခေါင်းငုံ့၍ဂင်လိုက်သည်။

'ဂိုး...ဒိုင်း....ဂွမ်း....ဟိုက်'

မောင်လေးက ရေတံလျှောက်ကို ခေါင်းငုံ၍ အဆောင်ငယ်ဘက်သို့အဂင်၊ အောင်ဘန်းက တစ်လုံးထိုးမှိန်းဖြင့် တအားကုန်လှမ်း၍ ထိုးလိုက်သည်။ မောင်လေးက လျှပ်ပစ်သလို တိမ်းလိုက်သည်။ တည့်တည့်အနေအထားမှ ဘေးစောင်းတိုက်ဖြစ်သွားသည်။

မှိန်းသွားသည် သူ့ကိုယ်ကို လွတ်သည်ဆိုရုံမှ ဖြတ်၍သွားသည်။ ထရံတွင် ကပ်ထားသော သွပ်ပြားနှင့် ပျဉ်ချပ်ကို သွား၍ထိသည်။ ဒိုင်းခနဲမြည်သံနှင့်အတူ သွပ်ပြားရော ထရံပါ ပေါက်ထွက်သွားသည်။ မှိန်းရိုးတွင်ပေနေသော ရွှံ့များသည် မောင်လေး၏လုံချည်တွင် ပေကျံနေခဲ့သည်။

'ပုန်း...ဒိုင်း....ဂွမ်း'

မောင်လေးက အောင်ဘန်းဆီသို့ ခုန်ဂင်လိုက်သည်။ နားသယ်ကို ညာခြေဖြင့် ခတ်ထည့်လိုက်သည်။ မီးခွက်ကလေးဘေးတွင် ထိုင်နေသောအောင်ဘန်း လဲကျသွားသည်။

'ကြောက်ပါပြီခင်ဗျ ဆရာကြီး၊ ကြောက်ပါပြီခင်ဗျ၊ တမင်ကျီစားတာပါခင်ဗျ၊ ဆရာကြီးပညာကို စမ်းကြည့်တာပါခင်ဗျ'

'ဟင်....ဟင်...ငါ့ကိုစမ်းကြည့်တယ်၊ နင်က ငါ့ကို စမ်းကြည့်တယ်၊ တယ်...ငါလေ...လုပ်လိုက်ရ၊ အောင်ဘန်း နင့်အသက် ထွက်သွားတော့မယ်'

မောင်လေး၏ အသားများ တဆတ်ဆတ်တုန်နေသည်။ ဒေါသယမ်းအိုးသည် ပေါက်ကွဲလုနီးပါး ဖြစ်သွားသည်။ အောင်ဘန်း၏ လည်မျိုကိုကိုင်ထားသော လက်နှစ်ချောင်းသည် လှုပ်ရှားတော့မည့်ဆဲဆဲ၊ လည်ပင်းကို လိမ်ချိုးလိုက်တော့မည့်ဆဲဆဲ စိတ်ကို မနည်းကြီးထိန်းထားလိုက်ရသည်။

'ကြောက်ပါပြီခင်ဗျ ဆရာကြီး၊ ကြောက်ပါပြီခင်ဗျ'

'နင်က ငါ့ကို အသေသတ်တာပေါ့လေ၊ ဟင်....အောင်ဘန်း၊ နင်တယ် မိုက်ရိုင်းတဲ့ကောင်ပါလား၊ မှောင်ထဲကနေ အငိုက်လှမ်းထိုးတာဟာ ပညာ စမ်းတာလား၊ ကျီစားတာလား ဟင်'

'ကြောက်ပါပြီခင်ဗျ၊ ကြောက်ပါပြီ ဆရာကြီးခင်ဗျ'

'ကဲ...ပြောစမ်း၊ နင်....နောက်တစ်ခါ အရက်သောက်ဦးမလား'

'မသောက်တော့ပါဘူးခင်ဗျ၊ ကျွန်တော် မသောက်တော့ပါဘူးခင်ဗျ'

'မယုံဘူးကွ၊ မယုံဘူး၊ နင့်ပါးစပ်က ဖာခေါင်းပါးစပ်၊ နင့်ကတိဟာ ဖာခေါင်းကတိ'

'မ...မဟုတ်ပါဘူး ဆရာကြီးခင်ဗျ၊ တကယ်မသောက်တော့ပါဘူးခင်ဗျ'

'အေး သောက်ရဲရင် သောက်ကြည့်စမ်း၊ နင်သောက်လို့မှ နင့်ကို ငါ မသတ်ရဲရင် ငါ လူ့ပြည်မှာ မနေတော့ဘူး'

မောင်လေးက ဒေါသတကြီးဖြင့် ကြမ်းကိုဆောင့်ပြီးပြန်အထွက်၊ စောစောက နောက်မှလိုက်ကြသူ တပည့်သုံးယောက်သည် ဓားတွေ တုတ် တွေဖြင့် အိမ်ပေါ်သို့ပြေးတက်လာကြသည်။ အောင်ဘန်းကို သတ်ရန်ဖြစ်သည်။

'ဟေ့...ဟေ့...ဟေ့...ဟေ့ကောင်တွေ၊ ဟေ့ကောင်တွေ- မလုပ်နဲ့ မလုပ်နဲ့၊ မလုပ်ကြနဲ့'

'ဒီကောင် သိပ်မိုက်ရိုင်းတာ ဆရာကြီး၊ ဒီကောင့်ကို သတ်မှဖြစ်မယ်'

'ဟေ့...ဟေ့ မလုပ်ကြနဲ့၊ မလုပ်ကြနဲ့'

'မဟုတ်ဘူး ဆရာကြီး၊ ဆရာကြီးဖယ်ပါ၊ ဖယ်ပေးစမ်းပါ၊ ဆရာကြီး ကို စော်ကားတဲ့ကောင်၊ ဆရာရင်းကို အသေသတ်တဲ့ကောင်၊ ဒီကောင့်ကို အပြတ်ရှင်းပစ်မှအေးမယ်'

မောင်လေးက မနည်းပင် တောင်းပန်ရသည်။ တပည့်သုံးယောက် ၏ဒေါသပြေသွားရန် ရှေ့မှပိတ်ဆီးပြီး ဖျောင်းဖျရသည်။ တပည့်တစ်ယောက် ကား ဒေါသကြီးလွန်းနေ၍ မျက်ရည်ပင် ကျသသည်။ တဟီးဟီးဖြင့် ထိုင်၍ ငိုသည်။

သုံးယောက်စလုံးကို ချော့၍ အိမ်သို့ခေါ်သွားရသည်။ အောင်ဘန်းလည်း ကုတ်ကုတ်ကလေး ကျန်နေရစ်ခဲ့သည်။ အရက်မူးလည်း ချက်ချင်းပင် ပြေ သွားမည်ထင်သည်။

အိမ်သို့ရောက်သော် ဇနီးဖြစ်သူက မေးသည်။ အကျိုးအကြောင်း ပြောပြသည်။ မအေးရွှေလည်း ကြီးစွာသော ဒေါသ ထွက်လာတော့သည်။ မောင်လေးကပင် ဖျောင်းဖျရသည်။

ကံသီပေလို့ပင်၊ ကံကောင်းထောက်မ၍ပင်၊ မီးခွက်အရောင်ဖြင့် အောင်ဘန်း၏ လက်လှုပ်ရှားမှု၊ မှိန်းဝင်လာသောအသံများကို ရိပ်ခနဲမြင်ရ၊ ဂိုခနဲကြားလိုက်ရ၍သာဖြစ်သည်။

သို့မဟုတ်ပါက ဗိုက်ပေါက်သွားမည်ကေန်၊ ကိုယ်ခန္ဓာကို ထုတ်ချင်းခတ်သွားမည်အမှန်။

တွေးကြည့်ရင်း ဒေါသာထွက်လာသည်။ ဒေါသကို မနည်းပင် ချုပ်တည်းဖြေဖျောက်ရသည်။

ကွမ်းတစ်ယာ ယာ၍စားလိုက်သည်။ ကွမ်းယာကို မည်သို့ သဲကြီးမဲကြီးဝါးမိသည်မသိ။ ခဏချက်ချင်း ကွမ်းယာတစ်ယာလုံး ကြေသွား ညက်သွားသည်။

တော်တော်ပင်ကြာအောင် စဉ်းစားနေ တွေးနေမိသည်။ စကားမပြောဘဲ တိတ်ဆိတ်နေသည်။ စိတ်ပြေသွားမှ စကားစသည်။ တပည့်သုံးယောက်ကို ပြောခြင်းဖြစ်သည်။

'အေး....တပည့်တို့၊ ဆရာ့တစ်သက်မှာ အရင်က သေကိန်း နှစ်ခါပဲ ကြုံဖူးတယ်၊ အခုတော့ သုံးခါရှိပြီပေါ့ကွာ'

သည်လို သူက တစ်လုံးချင်းပြောသည်။ ကွမ်းမြုံရင်း ပြောခြင်းဖြစ်သည်။ တပည့်တွေက ဘာမျှမမေး၊ ဘာမျှမပြော၊ ဘာမျှ ဝင်မထောက်။ သူကပင် ဆက်၍ ပြောသည်။

'အရင်က သေကိန်းကြုံခဲ့တဲ့ နှစ်ကြိမ်က သက်ရှိနဲ့မဟုတ်ဘူး၊ သက်မဲ့နဲ့ ကြုံရတာ၊ ငါးတွေက ငါ့အသက်ကို ရန်ရှာခဲ့တာ၊ အခုကတော့ သက်ရှိက ငါ့ကိုသတ်တာ၊ ငါ့အသက်ကို ရန်ရှာတာပေါ့ကွာ'

သူ့သက်တမ်းတွင် ရန်သူနှင့် တိုက်ခိုက်ရသောကြောင့်ဖြစ်စေ၊ ပညာသည်ချင်း အစမ်းခံရ၊ တိုက်ခိုက်ရသောကြောင့်ဖြစ်စေ သေကိန်းမကြုံခဲ့။ ရန်သူ၏ အန္တရာယ်ပေးမှုကို ကြောက်စရာကောင်းလောက်အောင် တစ်ကြိမ်မျှ မခံရခဲ့။

မိမိကသာ အဆွေရာယ်ပေးနိုင် တိုက်ခိုက်နိုင်ခဲ့သည်။ မိမိသာ အပေါ်စီး အနေအထားမှ အမြဲရခဲ့သည်။

ယခုတော့ တပည့်ရင်း၊ အိမ်နီးနားချင်းတစ်ယောက်က မှောင်ရိပ်မှ အပိုင် သတ်သည်။ အပိုင် မိုန်းနှင့်ထိုးသည်။ မီးခွက်ရောင်ဖြင့်သာ မမြင်ရလျှင် မုချ သေရမည် ဧကံ၊ မသေသော်မှ လူစဉ်မမီ သူစဉ်မမီ ဖြစ်ရတော့မည် ဧကန်။

ယခုလိုပင် ယခင်ကလည်း သေကိန်းနှစ်ခါ ကြုံခဲ့ရသည်။ ခြံစည်းရိုး တွင် ဂါးခုတ်စဉ်က ဖြစ်သည်။

ဇေတိကုန်းတွင် နေထိုင်စဉ်က တောင်ယာ ပဲခင်းလုပ်၍ အသက်မွေး ဝမ်းကြောင်းပြုရသည်။ မိန်းမ ရခါစအချိန်ဖြစ်၏။

ယာခင်းထဲမှာ စင်များ ထိုးသည်။ ဘူးပင်၊ ခရဲပင်၊ ပဲလင်းမြွေပင်များ စိုက်ရန် စင်တင်ရန်ဖြစ်သည်။ ကွမ်းခြံအတွက် ကွမ်းပင်များ တွယ်တက်ရန် ဂါးလုံးများလည်း ထောင်ပေး စိုက်ပေးရသည်။

တစ်နေ့တွင် ယာခြံစည်းရိုးမှ ဂါးရုံတစ်ခုကို ရောက်သွားသည်။ ဂါးနက် တစ်လုံးကို ခုတ်လိုက်သည်။ ဂါးနက်သည် တစ်စတစ်စနှင့် ပြတ်လုနီးပါး အခြေသို့ ရောက်ရှိနေပြီ။

သည်မှာ ဂါးအဖျားပိုင်း အနည်းငယ် ငိုက်ဆင်း၍ ကျလာသည်။

သူက ဂါး၏ အပေါ်ပိုင်းကို မော်၍ကြည့်သည်။ ဂါးရုံအပေါ်ပိုင်းသည် နွယ်ပင်များဖြင့် ယှက်လိမ်ရှုပ်ထွေးနေသည်။

ပြတ်အောင်ဖြတ်လိုက်လျှင် ဂါး၏အရင်းသည် မိမိကိုလာ၍ ထိုးနိုင် သည်။ ရှောင်ရမည့်နေရာကလည်း ကျဉ်းသည်။ ရှောင်ရမည့်ဘက်တွင် သစ် ပင်ကြီးများ ကပ်၍ပေါက်နေသည်။

ပြတ်လုနီးနေပြီဖြစ်သော ဂါးသည် ဖြစ်ဖြစ်ဖြစ်ဖြစ်နှင့် မြည်နေပြီ။ စိတ် ကလည်း သည်ဂါးကိုမှ လိုချင်နေသည်။ လိုချင်စရာကောင်းလောက်အောင် လည်း ဂါးက ကောင်းသည်။ ပြောင်ချောနေသည်။ အလုံးလည်းကြီးသည်။ စင်တိုင်လုပ်၍ကောင်းမည်။

သူက ပြတ်လုတဲတဲ ဂါးပင်ကို ခုတ်ထစ်ထားသော အပေါ်ဘက်နားမှ ဘယ်လက်ဖြင့် တွန်းကိုင်၍ အပြတ်ခုန်ရန် စဉ်းစားကြည့်သည်။

မဖြစ်။ သည်လိုလုပ်၍မဖြစ်။ သည်လိုလုပ်လျှင် ဘယ်လက်အားသည်

မိမိဘက်သို့ ကန်ထွက်လာမည့်အားကို နိုင်အောင်ထိန်း၍ရမည်မဟုတ်။ သို့ဖြစ်က မေးကိုပါ ရိုက်ခတ်သွားနိုင်သည်။ ယင်းကြောင့် ထိုအကြံအစည်ကို လက်လျှော့လိုက်ရသည်။

'အိုး....ဖြစ်ချင်ရာဖြစ်ကွာ'

သူက သည်လိုတွေးပြီး ဓားဖြင့် ဂါးလုံးကို ခုတ်လိုက်သည်။

'ဒေါက်...ပုန်း...အမယ်လေး မြတ်စွာဘုရား'

'အမှန်စင်စစ် ဘုရားပင် မတလိုက်နိုင်ရှာ။ ဒေါက်ခနဲ ခုတ်လိုက်သည်နှင့် ပြတ်အသွား ဂါးလုံးက ပုန်းခနဲ ဝေါဆို စိုက်ထိုး၍ကျလာသည်။ မောင်လေးက တစ်ကွက်တိမ်း၍ ရှောင်လိုက်၏။

ဂါးလုံးသည်ဂမ်းဗိုက်တည့်တည့်ဆီသို့ ထိုးကျလာရာမှ လုစ်ခနဲရှောင်လိုက်သောကြောင့် မီးခြစ်ဆံတစ်ချောင်းစာမျှ သူ့ကိုယ်ကိုပွတ်ပြီး မြေကြီးထဲသို့ စိုက်ဆင်းလာသည်။

ကြည့်။

ဂါးအရင်းသည် မြေထဲသို့ တစ်တောင်ခန့်ဂင်သွားသည်။ ဒါကို မြင်ရတော့မှ ဘုရားတနိုင်ခြင်းဖြစ်သည်။

ပညာတတ်ထား၍ပါတကား။ ဆရာသမား မိဘဂုဏ်ကျေးဇူးကြောင့် အသက်မသေရ၊ အူထွက်မသွားရခြင်းပါတကား။ သိုင်းပညာ၏ ကျေးဇူးသည် ကြီးမားလှပါပေ၏။ ဇက်ခနဲခုတ်၊ ရုတ်ခနဲ ထိုးကျလာသည်ကို ရှောင်၊ လက်တစ်လုံးခြား ရှောင်လိုက်နိုင်ခြင်းမှာ သိုင်းပညာတတ်ထား၍ပင် မဟုတ်ပါလား။

နောက်တစ်ကြိမ်လည်း သည်လိုပင် ကြုံရသည်။ ယာခင်းထဲမှာပင်ဖြစ်သည်။

ထိုတစ်ကြိမ်ကား စင်ပေါ်သို့ ဂါးခက်များကို တင်နေရင်း ဖြစ်ရ ကြုံရခြင်းဖြစ်သည်။

ကြက်ဟင်းခါးပင်၊ ဘူးပင်များ စင်ပေါ်တွင် သွားနိုင်ရန် ဂါးဆစ်မြစ်များ မသင်ရသေးသည့် ဂါးအဖျားပိုင်းများကို စင်ပေါ်သို့တင်သည်။

နေကလည်းပူလာပြီ။ ထမင်းကလည်း ဆာလာပြီ။ သည်တော့ မြန်မြန်ပြီးချင်ပြီ။ တင်ရန် ဂါးအဖျားပိုင်းကလည်း သုံးလေးခုသာ ကျန်တော့သည်။

တင်ရင်း တင်ရင်းမှ ငါးအဖျားပိုင်းတစ်ခုသည် စင်ပေါ်မှ ငါးနှင့် သွား ၍ငြိသည်။ ဆွဲချသည် မရ။ ငြိမြဲငြိနေသည်။

သူက ငါးကို အပေါ်သို့ ဆောင့်တင်လိုက်သည်။ သည်မှာ ငါး၏ အလယ်ပိုင်းလောက်မှ ဆတ်ပိုင်းကျိုးသွားသည်။ အရင်းပိုင်းသည် သူ့လက်ထဲ တွင် ရောက်နေသည်။ ငါးအဖျားပိုင်းက သူ့မျက်နှာတည့်တည့်သို့ ထိုးကျလာ သည်။

'ဒိုင်း....ဂုန်း'

သူက သူ့လက်ထဲမှငါးလုံးဖြင့် ထိုးကျလာသော အဖျားပိုင်းကို ရိုက်ထုတ် လိုက်သည်။ ငါးအဖျားပိုင်းသည် ဘေးသို့လွင့်စဉ်ကျသွားသည်။

'အားပါးပါး ဒုက္ခပါလား၊ မျက်လုံးတည့်တည့်ပေါ်များ ကျလာရင် မကာန်းနိုင်ပါလား၊ မျက်နှာတစ်ခုလုံး စုတ်ပြတ်ထွက်မသွားနိုင်ပါလား၊ ပညာ ခံသာမရှိလျှင် ရေရေလည်လည် ခံရမည့် ကိန်းပါကလား'

သည်လို သည်လို သူကတွေးမိသည်။ သည်လိုတွေးရင်း ဆရာသမား၊ မိဘ အနန္တောအနန္တငါးပါးကို စိတ်ထဲမှ အာရုံပြုလိုက် ဦးတိုက်လိုက်သည်။

ဒါတွေကို သူက တပည့်သုံးယောက်အား ပြန်ပြောင်းပြောပြသည်။ အောင်ဘန်း၏အဖြစ်နှင့် ယှဉ်၍ပြောပြခြင်းဖြစ်သည်။

# ၂၂

ပညာသည်ဆိုလျှင်တော့ ပညာအစမ်းခံရပေမည်။ ပညာအစမ်းခံနိုင်မှ လည်း ပညာသည် မည်ပေမည်။ ပညာသည်ဟူ၍ အခေါ်ခံထိုက်ပေမည်။

အမြို့မြို့အနယ်နယ်သို့ မောင်လေး ရောက်ခဲ့သည်။ လှည့်ခဲ့သည်။

ထိုအမြို့မြို့အနယ်နယ်တို့တွင် ပညာသည်မျိုးစုံဖြင့် တွေ့ခဲ့ကြုံ ခဲ့ရသည်။

တွေ့လိုက်ကြပြီဆိုလျှင်တော့ နောက်မဆုတ်စတမ်းပင်။ မငြင်းတမ်း မရှောင်တမ်းပင်။

ယခုလည်း မောင်လေး၏နေအိမ်သို့ ပညာသည်တစ်ယောက် ရောက်ရှိ လာသည်။ မောင်လေးမရှိခိုက် ရောက်ရှိလာခြင်းဖြစ်၍ စာရေးပြီး အကြောင်း ကြားသွား ချိန်းချက်ထားခဲ့သည်။

သူသည် တပ်မတော်မှ တပ်ကြပ်ကြီးတစ်ယောက် ဖြစ်ပါသည်။ ရှမ်း ပြည်တောင်ပိုင်း မြောက်ပိုင်းတစ်ခွင် ပြပြစ်အောင် ရောက်ခဲ့ကျင်လည်ခဲ့ပါ သည်။ ရှမ်းပြည့်၌သိုင်းပညာမျိုးစုံ သင်ကြားခဲ့ပါသည်။

ရှမ်းကြီးသိုင်းကိုလည်း အကွက်ကုန်သင်ကြားလေ့ကျင့်ခဲ့ပါသည်။ ကြိုး ကြာသိုင်း၊ မျောက်သိုင်း စသော သိုင်းပညာများကိုလည်း ဆရာ့ ဆရာများ ထံတွင် ကြုံသလို သင်ခဲ့ပါသည်။ အသက်အားဖြင့် သုံးဆယ်နီးပါးရှိပြီး အမည်နာမမှာ မောင်ငွေစန်း ဖြစ်ပါသည်။

အရပ် ငါးပေ ရှစ်လက်မရှိသည်။ ကိုယ်အလေးချိန် ပေါင်တစ်ရာ့ငါး ဆယ်ရှိသည်။ သုံးတင်းဂင်ဆန်အိတ် တစ်အိတ်ကို ခါးတွင် ခါးစောင်းတင်၍ လက်တစ်ဖက်တည်းဖြင့် မ,ယူသွားနင်သော ခွန်အားမျိုးလည်း ရှိပါသည်။

အရပ်ရပ် အရှာရှာတွင် ပညာသည်မျိုးစုံနှင့်လည်း တွေ့ခဲ့၊ စမ်းသပ်ခဲ့၊ ပညာဖလှယ်ခဲ့၊ ဆွေးနွေးခဲ့၊ တပည့်ခံခဲ့၊ ဆရာလုပ်ခဲ့ဖြင့် အတွေ့အကြုံ အသင့် အတင့်ရှိထားသူ ဖြစ်သည်။

ယခု မင်္ဂလာဒုံတပ်သို့ ပြောင်းရွှေ့အမှုထမ်းရန် ရောက်ရှိနေပါပြီ။ ဆရာကြီး၏သတင်းကို ရန်ကုန်ရောက်မှ ကြားရပါသည်။ ပြောင်းပြန် ဦးမောင်လေးမည်သော ဆရာကြီး၏ သတင်းသည်လည်း လွန်စွာ သင်းပျံ့လှပါသည်။ သတင်းကြားရုံဖြင့်ပင် ကြည်ညိုလေးစားပြီး ဖြစ်နေပါသည်။

အထက်တွင် ဖော်ပြခဲ့သော ကျွန်တော်၏ အရည်အချင်းများသည် အစစ် အမှန်တွေချည်း ဖြစ်ပါသည်။ ထိုသို့ ဖော်ပြခြင်းမှာ ကြွားဝါလို၍ မဟုတ်ပါ။ ဆရာကြီး ကြိုတင်သိထားနိုင်စေရန် ဖော်ပြထားခဲ့ခြင်း ဖြစ်ပါသည်။ ဆရာကြီးကို စိန်ခေါ်လို၍မဟုတ်ပါ။ ဆရာကြီးကို အန်တုလိုသောစိတ်လည်း မရှိပါ။ ကျွန်တော်ကိုယ်တိုင်လည်း ဆရာကြီးကဲ့သို့သော ဆရာ့ ဆရာကြီးများထံတွင် ပညာရည်နို့ သောက်စို့ခဲ့ရသောကြောင့် ယခုလောက် အရည်အချင်းမျိုး ရှိလာခဲ့ခြင်းသာ ဖြစ်ပါသည်။

သို့ရာတွင် ဆရာကြီးအား တစ်ခုတော့ အစီရင်ခံလိုပါသည်။ ကျွန်တော်သည် ဆရာကြီးထံတွင် တပည့်မခံမီ ဆရာကြီးနှင့် တွေ့ဆုံလိုပါသည်။ ဆရာကြီး၏ ပညာကို လက်တွေ့ကြည့်မြင်လိုပါသည်။ ထိုသို့ ကြည့်မြင်ရခြင်းအားဖြင့် ဆရာကြီး၏ ပညာကို တိတိပပသိပြီး ပြတ်ပြတ်သားသား တပည့်ခံလိုပါသည်။

သို့ဖြစ်ပါ၍ ဆရာကြီး အားလပ်မည်ဆိုပါလျှင် ကျွန်တော်တာဝန်ထမ်းဆောင်ရာ တပ်ရင်းသို့ အောက်ပါနေ့ရက်များတွင် ခေတ္တကြွရောက်ပါရန် ပန်ကြားပါသည်။ အသွားအပြန် တက္ကစီကာစရိတ်၊ ကွမ်းဖိုး၊ ဆေးဖိုး၊ ထမင်းဖိုး အားလုံးကို ကျွန်တော့်အနေဖြင့် ဂတ်ပြုပါမည်။ ယခု ငွေတစ်ရာ ကန်တော့ထားခဲ့ပါသည်။

သည်လိုရေးပြီး အောက်ဘက်တွင် 'ငွေစန်း' ဟူ၍ လက်မှတ်ရေးထိုးထားသည်။ တပ်ရင်း တပ်ခွဲလိပ်စာကိုလည်း ရှင်းလင်းစွာ ဖော်ပြထားသည်။

ဦးမောင်လေးက စာကိုဖတ်ပြီး တစ်ချက်ပြုံးလိုက်သည်။ လာပြန်ပြီကော တစ်ယောက် ဟူ၍လည်း စိတ်ထဲမှ ရေရွတ်လိုက်သည်။

လာလည်း လာပေမည်ပင်။ တစ်ယောက်ပြီးတစ်ယောက် သည်သို့ပင် အမြဲလာနေပေမည်ပင်။

ပညာသည် မဟုတ်ပေလား။ ပညာသည်ဟူ၍ မိမိကိုယ်မိမိ သတ်မှတ်ရုံသာမက ဤပညာဖြင့်ပင် အသက်မွေးဝမ်းကြောင်းပြုခဲ့၊ ဤပညာဖြင့်ပင် အသက်မွေးဝမ်းကြောင်းပြုနေသူ မဟုတ်ပါလား။

ငွေစန်းသည် စာရေးကောင်းသူ၊ စာရေးပါးနပ်သူဖြစ်ကြောင်းကို ဦးမောင်လေး နားလည်ပါသည်။ စိမ်ခေါ်ခြင်းမဟုတ်သော်လည်း စမ်းသပ်လိုသော သဘောထားကို ယဉ်ကျေးစွာ ရေးသားဖော်ပြသွားခြင်းပင် ဖြစ်သည်။

အစမ်းသပ်ခံရပေမည်။ အထူးသဖြင့် ငွေစန်းကိုယ်တိုင် ပညာရည် ဂုဏ်သင့်သလောက် ဂုဏ်နေခြင်းကြောင့်လည်း စမ်းသပ်၍ ကြည့်လိုပေမည်။ သည်လိုပညာသည်မျိုးသည် စမ်းသပ်ကြည့်ပြီးမှ ယုံကြည်လေးစားလေ့ရှိသည်။ စမ်းသပ်လိုပါသည် ပြောဆိုလျက်နှင့် အစမ်းသပ်မခံလျှင်လည်း အထင်သေး၍ သွားတတ်သည်။

ဦးမောင်လေးက တက္ကစီတစ်စီးငှားသည်။ ချိန်းချက်ထားသည့်အတိုင်း ချိန်းချက်ထားသောနေ့တွင် ချိန်းချက်သောနေရာသို့ သွားသည်။

ရောက်ပြီ။ ရောက်ပါပြီ။ ကားသမားကို အစောင့်ခိုင်းထားပြီး ကားပေါ်မှ ဆင်းလိုက်သည်။ တပ်မတော်အားကစားရုံရှေ့သို့ လျှောက်သွားသည်။ ထိုအားကစားရုံထဲမှ စောင့်ပါမည်ဟူ၍လည်း စာထဲတွင် ဖော်ပြထားသည်မဟုတ်လား။

အားကစားရုံထဲသို့ ရောက်သွားပြီဆိုလျှင်ပင် လူသုံးယောက်နှင့် ဓားနှစ်ချောင်းကို တွေ့ရသည်။

ဓားနှစ်ချောင်းသည် စားပွဲတစ်လုံးပေါ်တွင် ကြက်ခြေခတ်ယှက်၍ တင်လျက်ရှိနေပြီ။ လူသုံးယောက်ကား ထိုစားပွဲနှင့် မလှမ်းမကမ်းပင် ထိုင်နေကြသည်။

တစ်ယောက်သည် ထောင်ထောင်မောင်းမောင်း ဇလကောင်းကောင်းဖြစ်၍ ငွေစန်းကိုယ်တိုင်ဖြစ်သည်။ ကျန်နှစ်ယောက်ကား လူလုံးလူဖန် သေးသေးတွေသာ ဖြစ်သည်။

'ကျုပ် ပြောင်းပြန်မောင်လေးပဲ၊ တပ်ကြပ်ကြီး မောင်ငွေစန်းက လာချိန်းသွားလို့ ရောက်လာတာပါ၊ မောင်ငွေစန်း ရောက်လာပလား'

ဦးမောင်လေးက လူသုံးယောက်ထိုင်နေရာသို့ကြည့်ပြီး မေးလိုက်သည်။

ထိုစဉ်မှာပင် သုံးယောက်လုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ ရုတ်ခြည်း မတ်တတ်ရပ်လိုက်ကြသည်။ ထောင်ထောင်မောင်းမောင်းနှင့် လူကပင် ရှေ့သို့ မြန်မြန်လျှောက်လာရောက်လာသည်။ အပြုံးရွှမ်းရွှမ်းဖြင့် ယဉ်ကျေးဖွယ်ရာ ဆိုသည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီးခင်ဗျား၊ ကျွန်တော် စောင့်သာစောင့်နေရပေမယ့် ဆရာကြီး ဒီနေ့ ရောက်လာလိမ့်မယ် မျှော်လင့်မထားမိတဲ့အတွက် ခရီးဦး မကြိုမိတာ ဖြစ်ပါတယ်၊ လူချင်းကလည်း မမြင်ဖူးတော့ ဆရာကြီးကို ကျွန်တော်ကလည်း မသိ၊ ဆရာကြီးကလည်း ကျွန်တော့်ကို မသိ ဖြစ်နေရပါတယ်'

'ကိစ္စမရှိပါဘူး မောင်ငွေစန်း၊ မောင်ငွေစန်းမှာ ဘာအပြစ်မှ မရှိပါဘူး၊ အလုပ်အကြောင်း ပညာအကြောင်းပဲ ပြောကြပါစို့'

'ဟုတ်ကဲ့၊ ကျေးဇူးတင်လှပါတယ် ဆရာကြီး'

'ကဲ...ကျုပ်ကပဲ စပြောမယ်'

'ဟုတ်ကဲ့'

'မောင်ငွေစန်းအနေနဲ့ ကျုပ်ကို စမ်းချင်တဲ့သဘော ရှိနေတယ်'

စမ်းကြည့်ချင်တဲ့သဘောတော့ မဟုတ်ပါဘူး ဆရာကြီး၊ မျက်မြင်လက်တွေ့ ကြည့်ချင် မြင်ချင်တဲ့ သဘောပါခင်ဗျာ'

'ကဲလေ၊ မျက်မြင်လက်တွေ့ပဲ ထားပါတော့၊ ကဲ...ဒါဆိုရင် ဓားနဲ့ ဓားချင်းပဲ လက်တွေ့လုပ်ကြည့်ချင်သလား'

'ဓားနဲ့မစခင် လက်,လက်ချင်းပဲ စကြည့်ချင်ပါတယ် ဆရာကြီး'

'ကောင်းပြီ၊ မောင်ငွေစန်း သဘောပဲ၊ ကဲ....ဒါဆိုရင် စကြရအောင် အသင့်ပြင်'

နှစ်ယောက်သား အသင့်အနေအထား ပြင်လိုက်ကြသည်။ မောင်လေးက သူ့ပညာ၏ အခြေခံအတိုင်း ခြသေ့်ထိုင် အနေအထားဖြင့် ရပ်လိုက်သည်။ သူ့ညာလက်မောင်းကို အပေါ်သို့ ကွေးထောင်ထားသည်။ ဘယ်လက်ကလည်း လက်သီးဆုပ်လျက် ပက်လက်အနေအထားဖြင့် သူ့ဘယ်လက်ခါးစောင်းတွင် တင်ထားသည်။

'ကဲ....စမ်းမယ်ဆိုတော့ မင်းက ငါ့ကို စတိုက်မလား၊ ငါက မင်းကို

စတိုက်ရမလား၊ မင်းက ငါ့ကို စတိုက်တာ ပိုကောင်းပါတယ်၊ ပြီးတော့မှ ငါက စတိုက်ပြမယ်'

'ဟုတ်ကဲ့ ဆရာကြီး'

'ကောင်းပြီ၊ ကဲ…မင်းက ငါ့ကို စတိုက်မယ်ဆိုရင် ငါ့ညာလက်ကို မင်းကြိုက်သလို ပိုင်ပိုင်နိုင်နိုင် ကိုင်ထားနိုင်တယ်၊ ကိုင်ခွင့်ပေးတယ်၊ အဲ… စိတ်ကြိုက်ကိုင်ပြီးပြီဆိုရင် ပြော၊ ကိုင်ပြီးပြီဆိုတာနဲ့ ငါ့ကို မင်းကြိုက်သလို လုပ်နိုင်တယ်၊ လိမ်ပဲချိုးချိုး၊ ဆွဲပဲ လွှင့်ပစ် လွှင့်ပစ်၊ ကိုင်ပဲ ပေါက်ပေါက်၊ ကြိုက်သလိုပေါ့၊ မင်းတတ်သမျှ ပညာနဲ့ပေါ့'

'ဟုတ်ကဲ့ ဆရာကြီး'

'ကဲ….စကိုင်'

'ကိုင်ပါပြီ ဆရာကြီး'

တပ်ကြပ်ကြီးငွေစန်းက သူ့ညာခြေကို ရှေ့သို့ တစ်လှမ်းတက်ပြီးမောင်လေး၏ညာလက်ကို ပယ်ပယ်နယ်နယ် ကိုင်ထားသည်။ သူ့ညာလက်ဖြင့် မောင်လေး၏ လက်ကောက်ဝတ်နားမှကိုင်ထားပြီး ကျန်တစ်ဖက်မှာ မောင်လေး၏ တံတောင်ဆစ်ကွေး လက်မောင်းအဖျားတွင် ကပ်၍ ကိုင်ထားသည်။

'ကဲ…ကိုင်ပြီးရင် အမှတ်စဉ်ခေါ်မယ်၊ တစ်၊ နှစ်၊ သုံး'

သုံးဆိုသည်နှင့် တပ်ကြပ်ကြီးငွေစန်းက မောင်လေး၏ ညာလက်ကို လိမ်ချိုးရန် ကြိုးစားလိုက်သည်။ ညာလက်ကို ဂင်အထမ်း ဂင်၍အချိုး မောင်လေးက ညာခြေကိုမ ငွေစန်းရှေ့သို့ တက်ထားသော ညာခြေကို မ, ခွဲပြီး ရိုက်လှဲလိုက်သည်။ ညာခြေကို မိမိ၏ ညာခြေဖြင့် အပြင်ဘက်သို့ကန်ပြီး လက်က ငွေစန်း၏ နားအုံသို့ ရိုက်ချလိုက်ခြင်းဖြစ်သည်။

ငွေစန်း အရုပ်ကြီးပြုတ် လဲကျသွားသည်။ တမံတလင်းပေါ်၌ ဖွဲအိတ်သာ ခင်းမထားလျှင် တမံသလင်းနှင့် ဦးခေါင်း ဆောင့်မိပြီး ကွဲသွားနိုင်သည်။ ထောင်ထားသော တုတ်တစ်ချောင်း၏ အောက်ခြေကို ညာခြေဆောင်းဖြင့် အပြင်သို့ကန်ချလိုက်ပြီး ညာလက်ဝါးဖြင့် တိုင်အပေါ်ပိုင်းကို အပေါ်ဘက်မှ ရိုက်ချလိုက်ခြင်းမျိုး ဖြစ်သည်။ တိုင်အောက်ခြေသည် မြေမှလွတ်၍ လေထဲသို့ပျံတက်သွားပြီး တိုင်အပေါ်ပိုင်းကား လက်၏ ရိုက်ချက်ကြောင့် မြေကြီးသို့ ကျွမ်းစိုက်သွားပြီး ကိုင်ရိုက်သည့်ပမာ ဖြစ်သွားသည်နှင့်တူသည်။

'ကဲ....ပြန်ထ မတ်တတ်ရပ်၊ အသင့်ပြန်ပြင်'

ငွေစန်း ပြန်ထသည်။ မတ်တတ်ရပ်သည်။ အသင့်ပြန်ပြင်သည်။

'အခု ပထမဆုံးပြတဲ့နည်းက မင်းက ငါ့လက်ကို အပိုင်ကိုင်ပြီးမှ ငါက လုပ်တဲ့နည်းဖြစ်တယ်၊ အခုတစ်ခါ မင်းက ငါ့လက်ကို မကိုင်မိခင် လာထိရုံ ထိတာနဲ့ ချပြတဲ့နည်းကိုပြမယ်'

'ဟုတ်ကဲ့ ဆရာကြီး'

'ကဲ....ချ...ချကွာ...ချ'

ငွေစန်းက မောင်လေး၏ လက်ကိုကိုင်ပြီး ခြေဖြင့် ကလန့်၍ ဆွဲပေါက်ပစ်ရန် ကြိုးစားလိုက်သည်။

ငွေစန်း၏လက် မောင်လေး၏ လက်ကို ထိပြီဆိုသည်နှင့် မောင်လေးက သူ့ဘယ်ဘက်ခါးစောင်းတွင် တင်ထားသော ကင်းစောင့်လက်ဖြင့် ငွေစန်း၏ ညာလက်ကို အောက်မှ အပေါ်သို့ ပင့်ရိုက်ပြီး ဖြုတ်ထုတ်လိုက်သည်။ ငွေစန်း၏ လက်အပေါ်သို့ မြောက်တက်သွားလျှင် မောင်လေး၏ ညာလက် လွတ်လပ်သွားသည်။

ထိုညာလက်ဖြင့် မောင်လေးက ငွေစန်းလည်မျိုကို ချိန်ပြ ရွယ်ပြသည်။

'အဲဒါ အပြတ်ပဲကွ၊ မင်းလည်ပင်း၊ မျက်နှာ ၊ ရင်ဘတ်၊ အရိုက် ကြိုက်ရာကို ထိုးနိုင်တယ်၊ အရိုးကို ချိုးနိုင်တယ်၊ အဆစ်ကို ဖြုတ်နိုင်တယ်၊ အမျိုးမျိုး ဒုက္ခပေးလို့ရတယ် မြင်ရဲ့လား'

'ဟုတ်ကဲ့ ဆရာကြီး'

'ကဲ...ပြန်လုပ်၊ အသင့်အနေအထားပြန်နေ'

နှစ်ယောက်သား အသင့်အနေအထားအသွင်သို့ ပြန်၍ရောက်သွားကြပြန်သည်။

'ကဲ ဒီတစ်ခါ တစ်မျိုးပြမယ်၊ မင်းဟာ ငါ့လက်ကို ကိုင်လဲ မကိုင်ရသေးဘူး၊ ထိတောင် မထိရသေးဘူး၊ မင်းက ငါ့ကို လုပ်တော့မယ်ဟန် ပြင်လိုက်တာနဲ့ ငါက စတိုက်မယ်၊ ဟုတ်လား'

'ဟုတ်ကဲ့'

'ကဲ ....စတိုက် တစ်၊ နှစ်၊ သုံး'

ငွေစန်းက တတိယအချီ အကွက်ဖင်လာပြန်သည်။ မောင်လေး၏

ညာလက်ကို ဂင်ဖမ်းသည်။ မောင်လေးက ရှေ့တွင်ထောင်ထားသော သူ့ညာလက်ကို နောက်သို့ဆုတ်လိုက်ပြီး သူ့ဘယ်ဘက်လက်ဖျံဖြင့် ငွေစန်း၏ ညာလက်ကို အပေါ်ဘက်သို့ ဖြတ်ခုတ်လိုက်သည်။

ငွေစန်း၏ ညာလက် အောက်ဘက်သို့ကျအသွား မောင်လေးက သူ့ညာခြေခံဖြင့် ငွေစန်းကို တည့်တည့်ကန်လိုက်သည်။ ဤတွင် ငွေစန်းက မောင်လေး၏ ညာခြေသလုံးကို လက်နစ်ဖက်ဖြင့် ဆီးဖမ်းလိုက်သည်။ သည်မှာ မောင်လေးက သူ့ညာခြေကို သူ့ကိုယ်ဘက်သို့ ကွေးဆွဲဆွဲလိုက်ရာ ငွေစမ်း၏ကိုယ် ရှေ့သို့တိုးလာသည်။ မောင်လေး၏ ရင်ဘတ်ဆီသို့ ရောက်လာသည်။

သည်မှာ မောင်လေးက လွတ်နေသောဘယ်လက်ဖြင့် ငွေစန်း၏နားအုံကို ရိုက်ဖမ်းဖမ်းလိုက်သည်။ ငွေစန်း၏ဦးခေါင်း ရှေ့သို့ ငိုက်ဆင်းအသွား မောင်လေးက သူ့ညာလက်သီးဖြင့် ဆောင့်ထိုးထိုးလိုက်သည်။ နားအုံနှင့် မျက်နှာ နစ်နေရာလုံးကို လက်ချောင်းဖြင့် တစ်ပြိုင်တည်း ညှပ်ထိုး ညှပ်ရိုက်သည့်ပမာ ဖြစ်သွားခြင်းပင်။

တပ်ကြပ်ကြီးငွေစန်း လက်ဖျားခါသွားသည်။ ပြောင်းပြန်ပညာကို အထင်ကြီးသွားသည်။ မောင်လေးကိုလည်း ကြည်ညိုလေးစားသွားသည်။

'ကဲ မင်းက ငါ့ကို စတိုက်တာတော့ နမူနာပြပြီးသွားပြီ၊ ငါက မင်းကို စတိုက်ပြရဦးမလား'

'အားပါးပါး တော်ပါပြီ ဆရာကြီးရယ်၊ ဆရာကြီးအကြောင်းကို သိပါပြီ'

'အေး မင်းစာထဲမှာပါတာ တစ်ခုရှိတယ်'

'ဘာများလဲ ဆရာကြီး'

'မင်းက ဆန်အိတ်တစ်အိတ်ကို ခါးစောင်းတင်ပြီး လက်တစ်ဖက်တည်းနဲ့ သယ်ယူသွားနိုင်တယ်ဆို'

'ဟုတ်ကဲ့ ဆရာကြီး'

'ကောင်းပြီ၊ မင်းနဲ့ငါ ယှဉ်ကြည့်စမ်း၊ မင်းက ငါ့ထက် ဗလကောင်းတယ်၊ အရပ်လဲ ပိုမြင့် အသက်လဲ အများကြီးငယ်တယ်'

'ဟုတ်ကဲ့'

'ဒီတော့ မင်းလက်ဖျံနဲ့ ငါ့လက်ဖျံကို ခုတ်ကြည့် ခေါက်ကြည့်စမ်း'

မောင်လေးက သူ့လက်ဖျံကို တန်း၍ပေးသည်။ ငွေစန်းက သူ့လက်ဖျံ အပြင်ရိုးဖြင့် မောင်လေး၏ လက်ဖျံကို ခုတ်ချလိုက်သည်။

ငွေစန်းမျက်နှာကြီး ရှုံ့မဲ့သွားသည်။

'အားပါးပါး ဆရာကြီးအရိုးက သိပ်မာတာကိုး'

'အဲဒါ အလေ့အကျင့်သဘော အများကြီးပါတယ်၊ အရိုး အရိုးချင်းရိုက်မိရင် ကိုယ့်အရိုးတွေ မာကျောနေအောင် ခံနိုင်ရည်ရှိအောင် လေ့ကျင့်ထားရတယ်၊ အားရှိတိုင်း မဟုတ်ဘူး၊ အားရှိတာနဲ့ သန်မာတာဟာ အတူတူလို့ထင်ရပေမယ့် မတူဘူး၊ ပြောင်းပြန်သမားဆိုတာ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုချင်း သန်မာအောင် လေ့ကျင့်ထားလေ ပိုကောင်လေပဲ၊ လက်ချောင်း၊ လက်ထိပ်၊ လက်ဆစ်၊ လက်ဝါးစောင်း၊ လက်ကောက်ဝတ်၊ လက်ဖျံ၊ လက်မောင်း စသဖြင့် တစ်ကိုယ်လုံးပဲ'

အကင်းမျှလောက်သာ မောင်လေးက ပြရသေးသည်။ ငွေစန်းတစ်ယောက် အလိုလို တပည့်ခံပြီးဖြစ်သွားသည်။ လက်မြှောက်သွားသည်။ ဆရာကြီးထံတွင် ပြောင်းပြန်ပညာကို သင်ကြားသည်။

ထိုအကျိုးဆက်သည် နောက်တစ်ယောက်ကို ကူးစက်သွားသည်။ ထိုနောက်တစ်ယောက်ကား ငွေစန်း၏တပည့် မောင်ခင်ပင်ဖြစ်သည်။

မောင်ခင်ကား နှစ်ရစ် တပ်ကြပ်ဖြစ်သည်။ သူ့ဆရာဖြစ်သူ မင်္ဂလာဒုံမှ နယ်ပြောင်းအသွား၌ သူက မင်္ဂလာဒုံသို့ ရွှေ့ပြောင်းလာရသည်။

ငွေစန်းလို မောင်ခင်က စာရေးမသွား၊ မောင်လေး ပြန်လာသည်အထိ အိမ်တွင်စောင့်နေသည်။ ငွေစန်းလိုလည်း မောင်လေးကို စမ်းသပ်ခြင်းမရှိ။ တန်း၍ပင် တပည့်ခံသည်။ ပညာသင်လိုကြောင်း ပြောသည်။

ဆရာဖြစ်သူ တပ်ကြပ်ကြီးငွေစန်းက ဆရာကြီးအကြောင်းပြောပြ၍ သိရပါပြီ။ ယုံကြည့်ပါသည်။ ပညာကိုရော လူကိုရော လေးစားအထင်ကြီးပါသည်။ ယင်းသို့ဆိုပြီး ပညာသင်သည်။ ပညာယူသည်။

သူကလည်း သူကလေးပေပင်။ သူကလည်း တစ်မျိုးကလေးပေပင်။

သူ့တွင်လည်း ပညာခံကလေး ရှိလေသည်ပင်။ စစ်တပ်တွင် ဘဲနက်ဖိုက်တင်၊ လုံစွပ်ထိုး လေ့ကျင့်ခန်း၌ ဆုတံဆိပ်ရရှိထားသူ၊ ပညာခံရှိထားသူပေပင်။

လက်သိုင်း ပထမဆင့် သင်ပေးရာတွင် သူက ဘာမျှမပြော။ သင်ပေးသမျှ လေးလေးစားစား လိုက်၍လုပ်သည်။

လက်သိုင်း ပထမဆင့်ပြီးသွားသည်နှင့် တုတ်သိုင်း ပထမဆင့်သို့ ကူးပြောင်းသိုင်ပေးရသည်။

သည်မှာ မောင်လေးက တုတ်ချက် တုတ်ကွက်များကို သင်ကြားပြသသည်။

'ဒီမှာကြည့်ကွ မောင်ခင်၊ တကယ်လို့ ရန်သူက ကိုယ့်ကိုယ်ခန္ဓာကို သူ့တုတ်နဲ့ ကိုယ့်ရှေ့တည့်တည့်က ဂင်ထိုးတယ် ဆိုပါစို့၊ အဲဒီလို ဂင်ထိုးရင် ဟောဒီလို ခြေကိုမြှောက်ပြီး ရန်သူ့တုတ်ကို ကလော်ထုတ်ရတယ်၊တစ်ဆက်တည်း လိမ်တုတ်နဲ့ ဟောဒီလို တိုက်စစ်ဆင်လို့ရတယ်'

'အဲ....ဒါမှမဟုတ် ရန်သူက ကိုယ်ခန္ဓာကိုယ် အပေါ်ပိုင်းရင်ညွှန့် ရင်အုံကိုမထိုးဘဲ ကိုယ်အောက်ဘက် ဗိုက်လို ဆီးစပ်လို အနိမ့်ပိုင်းနေရာကို ထိုးတယ်ဆိုပါစို့၊ အဲဒီလို အနိမ့်ပိုင်းကို ထိုးလာရင် ဟောဒီလို ကိုယ့်တုတ်နဲ့ ပင့်ဖြတ် ရိုက်တင်ပြီး ရန်သူ့တုတ်လွန်အသွား ဖေ့ဂဲအသွားမှာ ဟောဒီလို လိမ်တုတ်နဲ့ တစ်ဆက်တည်း တိုက်စစ်ဆင်လို့ရတယ်'

'အဲ....ဒါမှမဟုတ်သေးလို့ရှိရင်လဲ၊ ထိုးလာတဲ့ တုတ်ချက်ကို ဘယ်ခြေဆုတ်ပြီးရှောင်၊ ညာလိမ်တုတ်နဲ့ ဖြတ်ရိုက်၊ ဟောဒီလိုရှောင်၊ ဟောဒီလိုဖြတ်ရိုက်၊ ရန်သူရဲ့တုတ် ဘေးကို လွင့်ထွက်သွားမယ်၊ အဲဒီအချိန်မှာ ကိုယ်က ဆက်ပြီး ရန်သူ့ကို ပင့်တုတ်နဲ့ လိုက်ရိုက်ရင်လဲရိုက်၊ ပတ်တုတ်နဲ့ စီးတုတ်နဲ့ လိုက်ရိုက်ရင်လဲရိုက်၊ ရိုက်ချင်သလို ရိုက်လို့ရတယ်၊ အောက်စနဲ့ ထိုးလို့လဲ ရသေးတယ်၊ ဒါမှမဟုတ် ခြေထပ် နှစ်ထပ်လိမ်နည်းနဲ့ လိုက်ရိုက်ရင်လဲ ရတယ်၊ ကြည့်...ငါလုပ်ပြမယ်'

မောင်လေးက တုတ်ကွက်များကို တစ်ကွက်ချင်း ဖြည်းဖြည်းကလေး လုပ်ပြ အကွက်နင်းပြသည်။ ဆရာက တပည့်ကို သင်ကြားပြသနေခြင်းဖြစ်၍ မောင်ခင် ရှင်းလင်းစွာ နားလည်စေရန် ဖြည်းဖြည်းသာသာ လုပ်ပြနေခြင်းဖြစ်သည်။

မောင်ခင်ကမူ မောင်လေးလှုပ်ရှားပြသည်ကို အေးစက်စက် ကြည့်၍သာ နေသည်။ စိတ်မပါ့တပါ ဖြစ်နေပုံရသည်။

အမုန်စင်စစ် မောင်ခင်သည် မောင်လေး၏ တုတ်ချက်များကို အယုံ အကြည်မဲ့သလို ဖြစ်နေသည်။ အကယ်၍သာ ရန်သူက လုံ့စွပ်ထိုးနည်းဖြင့် ပြင်းပြင်းထန်ထန် ဝင်ထိုးခြင်းခံရလျှင် ယခုသင်နေသော တုတ်ချက်ဖြင့် ကာ ကွယ်၍ မရနိုင်၊ သည်လို ထင်မှတ်ယုံကြည်နေသောကြောင့်ဖြစ်သည်။

ဒါကိုလည်း သူ့ပြောစကားအရ မောင်လေးက ချက်ချင်း သိနား လည်လိုက်သည်။ မောင်ခင်က ဆိုသည်။

'ဆရာ ဒါက ဖြည်းဖြည်းကလေး ထိုးဝင်လာတဲ့ တုတ်ကိုသာ ပြန်ကာ ပြန်ရိုက်လို့ရမှာ၊ တကယ်တမ်း သဲကြီးမဲကြီး ထိုးဝင်လာရင် ကာလို့ရပ့ါမလား ဆရာ၊ ကျွန်တော်လည်း တပ်ထဲမှာ ဘက်နက်ဖိုက်တင် လေ့ကျင့်ခန်း ဆင်း ခဲ့ဖူးပါတယ်၊ တံဆိပ်တောင် ရခဲ့တယ်။ ဒါကြောင့် ဘက်နက်ဖိုက်တင်နည်း နဲ့ ဆရာ့ကို ထိုးကြည့်ချင်ပါတယ်'

'သြော…ဟောဟော…ဒီလိုလား'

မောင်လေးက ဘေးသို့ စောင်းငဲ့ကြည့်လိုက်သည်။ ဘူးစင်ကို မြင်ရ သည်။ သူတို့နှစ်ဦးသည် ဘူးစင်အောက်၌ တုတ်သိုင်းကစားနေကြခြင်း ဖြစ် သည်။

ဘူးစင်ကို အမြင့်ကြီး ခြေတံရှည်ရှည်ဖြင့် ထိုးထားသည်။ နေပူဒဏ်လည်း ခံ၊ သိုင်းကစား၍လည်းရအောင် ထိုးထားခြင်းဖြစ်သည်။

မောင်လေးက မောင်ခင်ကို ကြည့်ပြီး ပြုံး၍ပြောသည်။

'အေး….မင်းက ထိုးကြည့်ချင်စိတ် ရှိနေတာကိုး၊ ထိုးချင်စိတ်ရှိလည်း ထိုးကွာ၊ မင်းထိုးမယ်ဆိုရင် ငါ့အနေအထားကို ခြသေ့်ထိုင် ထိုင်ပြီး ကိုယ် ကို စောင်းမထားဘူး၊ ကိုယ်ကို စောင်းထားတော့ တိုက်ကွက်ကျဉ်းတယ်၊ မင်း ငါ့ကိုထိုးရတာ နေရာရှားသွားမယ်၊ ဟုတ်လား'

'ဟုတ်ကဲ့'

'ဒါကြောင့် ငါက ငါ့ခြေနှစ်ချောင်းကို ဘေးတိုက်မျဉ်းပြိုင် ခွဲရပ်ပြီးနေ မယ်၊ မင်းအတွက် တိုက်ကွက်ကျယ်တာပေ့ါ'

'ဟုတ်ကဲ့ ဆရာကြီး'

'ပြီးတော့ မင်းကို ငါထပ်ပြီးပြောထားမယ်၊ ငါ့အနေနဲ့ ခြေကိုခွဲပြီး ရပ် တဲ့အနေအထားကနေ တခြားအကွက်ကို မပြောင်းဘူး၊ ခြေထောက်ကို အကွက်

မရွေ့ဘူး၊ မရှောင်ဘူး၊ ပထမရပ်နေတဲ့ အနေအထားနဲ့ပဲ မင်းကို ပြန်ချမယ်၊ ဘေးကို ခုန်မရှောင်ဘူး၊ နောက်ကို ခုန်မဆုတ်ဘူး၊ ရှေ့ကိုလည်း ခုန်မတက်ဘူး၊ ခြေသေအနေအထားနဲ့ ပြန်ချမယ်၊ ကြိုက်ပလား'

'ဟုတ်ကဲ့'

'ကဲ....ငါအသင့်ဖြစ်ပြီ၊ ထိုးပေတော့၊ ထိုးကွာ....ထိုး'

မောင်ခင်က လုံစွပ်ထိုးနည်းဖြင့် ဇပ်ခနဲ ဇပ်ခနဲ နှစ်ချက်ဆင့် ထိုးလိုက်သည်။ ပထမ ဇပ်ခနဲထိုးခြင်းမှာ အားယူခြင်းသဘောဖြစ်ပြီး ဒုတိယဆင့်၍ ဇပ်ခနဲထိုးခြင်းမှာ တကယ်ထိုးခြင်း၊ အားရှိအားကုန်ထိုးလိုက်ခြင်းဖြစ်သည်။

မောင်လေးက လျှပ်ပစ်သကဲ့သို့ တစ်ပတ်လျှိုရိုက်ခွဲနည်းဖြင့် အပေါ်စီးမှ စက်ဝိုင်းပြတ်လိမ်ပြီး ရိုက်ထုတ်လိုက်သည်။

တုတ်ချက်က ပြင်းထန်လှသည်။ မောင်ခင်ကိုင်ထားသောတုတ်ကို ဒေါင်းခနဲထိသွားသည်။ မောင်ခင်၏ တုတ်သည် သူကိုင်ထားသော လက်နှစ်ဖက်၏ ရှေ့တစ်ထွာခန့်မှ ပြတ်ထွက်သွားပြီး ဂွီးခနဲ ဘူးစင်ဘက်သို့ ဖောက်ထွက်လွင့်စင်သွားသည်။

မောင်လေးကား နေရာမရွေ့၊ ခြေမရွေ့။ မူလအတိုင်းပင် ရှိမြဲရှိနေသည်။

အားလားလား ဆရာကြီးရာ၊ ဆရာကြီး ရိုက်ချက်က သိပ်ပြင်းတာကိုး'

'အေး....မင်းအများကြီး ကံကောင်းသွားတယ်၊ မင်းသာ ရှေ့ကိုများများတိုးပြီး ငါ့ကိုထိုးရင် ငါ့တုတ်ချက်ထဲမှာ မင်းလက်နှစ်ချောင်း ပါသွားနိုင်တယ်၊ ဒါမှမဟုတ် မင်းလည်ပင်းကို ဘေးတိုက် ထိသွားနိုင်တယ်၊ အဲဒါဆိုရင်တော့ သေကိန်းလား ကျိုးကိန်းလားပဲပေ့'

'အမယ်လေးဗျာ၊ ဆရာကြီးပြောမှ ကျွန်တော် ကြက်သီးတွေ ထလာလိုက်တာ'

'အေး မင်းစဉ်းစားကြည့်၊ အားချင်းကို ယှဉ်ကြည့်၊ တုတ်နဲ့ ရှေ့က ထိုးတဲ့သူရဲ့အားဟာ သူ့နောက် လက်တံတောင်ဆစ်နဲ့ ရှေ့လက်ဖျား အကွာအဝေး အတွင်းမှာသာ ရှိတယ်၊ တုတ်ကို ရှေ့တိုးနောက်ငင် လုပ်လို့ရတဲ့အားဟာ ပျော့တယ်၊ အဲဒီထိုးတဲ့တုတ်အားကို လွင့်စဉ်သွားအောင် ရိုက်ထုတ်တဲ့ လိမ်ရိုက်တုတ်အားကတော့ သုံးရာ့ခြောက်ဆယ်ဒီဂရီအထိ ဖေ့ယမ်းလို့ရတယ်၊

khtnetpc.webs.com

ထိုးအားထက် ပေ့အား ပိုက်အားက အဆပေါင်းများစွာသာတယ်၊ ဒါကြောင့် ထိုးအားကို ပေ့အား ယမ်းအားနဲ့ ပယ်ထုတ်ပစ်လို့ရတယ်'

'ကျွန်တော် နားလည်ပါပြီ သဘောပေါက်ပါပြီ ဆရာကြီး၊ ကျွန်တော့ တုတ်ကလေးတော့ ပြတ်လဲပြတ်၊ ဘူးစင်ထဲလည်း ရောက်သွားပြီ'

'ကဲ.....နားကြဦးစို့၊ ရေနွေးလေး ဘာလေး သောက်ကြဦးစို့'

'ပြောင်းပြန်က အစစအရာရာ သိပ်ကြမ်းတယ် ဆရာကြီး၊ ကြောက်ဖို့ သိပ်ကောင်းတယ်၊ ကြာလေ ကြာလေ ကျွန်တော်တောင် ကြောက်လေ ဖြစ်လာပြီ'

khtnetpc.webs.com

# ၂၄

ငယ်စဉ်ကတော့ မောင်လေးပဲဖြစ်သည်။ မောင်လေး၊ မောင်လေးဟူ၍ ခေါ်ကြသည်။

အရွယ်ရောက်လာပြီး သိုင်းဆရာကြီး ဖြစ်လာပြီဆိုတော့ ကိုမောင်လေး ဟူ၍ အမည်နာမရှေ့မှ 'ကို' တပ်လာကြသည်။ အမည်နာမကို မခေါ်ဆိုလို လျှင် 'ဆရာ' ဟူ၍ ခေါ်ကြသည်။ သို့မဟုတ် 'ဆရာ' ရော 'ကို' ရောတပ်ပြီး 'ဆရာ ကိုမောင်လေး' ဟူ၍ သုံးနှုန်း ခေါ်ဝေါ်လာကြသည်။

ယခုသော် သိုင်းဆရာဘဝဖြင့် မြန်မာပြည်အနှံ့ ခြေဆန့်ခဲ့ပြီ။ ခြေရာ ချင်းထပ်ခဲ့ပြီ။ မြန်မာပြည်တစ်ခွင် ပြံပြံစင်ခဲ့ပြီ၊ အသက်အရွယ်က ကြီးလာပြီ။

သည်တော့ မောင်လေး၊ မောင်လေးဟု ခေါ်သူများ ကွယ်ပျောက်သွားသည်။

ကိုမောင်လေး၊ ဆရာမောင်လေး၊ ဆရာကိုမောင်လေးဟူ၍ ခေါ်ဝေါ်သုံးနှုန်း ခြင်းလည်း မရှိကြတော့။

ဆရာကြီးဟူ၍ ခေါ်သူခေါ်၊ ဦးမောင်လေးဟူ၍ ခေါ်သူခေါ် ဖြစ်လာကြပြီ။

အချို့ ငယ်ရွယ်လွန်းသော တပည့်များက ဆိုလျှင် အဘဟူ၍ပင် ခေါ်နေကြပြီ။

အနယ်နယ်အရပ်ရပ်တွင် တပည့်တွေလည်း ထောင်ပေါင်းများစွာရှိနေပြီ။ ပထမဆင့် တက်သူတွေ၊ ဒုတိယဆင့်၊ တတိယဆင့်၊ ဆရာဖြစ် တက်သူတွေ မနည်းတော့ပြီ။

တပည့်တွေသာ များသည်မဟုတ်၊ သားသမီးတွေလည်း တထမ်းကြီးမွေးခဲ့ပြီ။ သုံးယောက်၊ လေးယောက်မဟုတ်၊ ငါးယောက် ခြောက်ယောက်မဟုတ်၊ တစ်ဒါဇင်တိတိ၊ ဆယ့်နှစ်ယောက်တိတိဖြစ်သည်။ ဒါတောင်မှ ဇနီးဖြစ်သူ သွေးဆုံးသွားသောကြောင့်ဖြစ်သည်။

မိန်းမသားတို့သည် သွေးမဆုံးသောသဘာဝ၊ အသက်ရှည်သမျှ သားသမီးမွေးနိုင်သော သဘာဝသာရှိခဲ့လျှင် နောက်ထပ် ဒါဇင်ပေါင်း မည်မျှမွေးလေမည်မသိ။

တစ်ဒါဇင်လုံးလုံး မွေးသော်လည်း ဒါဇင်ပြည့်ကား အဖတ်တင်သည် မဟုတ်ပါချေ။ ဒါဇင်ဂဏ်သာ အသက်ရှင်လျက် တင်ကျန်ရစ်သည်။

အကြီးဆုံးကား သားတည်း။ သူ့ကို ဘလွန်း၊ မောင်ဘလွန်းဟု နာမသညာပေးထားသည်။ ညောင်လေးပင်မြို့တွင် နေထိုင်၏။

ဒုတိယသည်လည်း သားပင်။ မောင်သန်းမောင်ဟု အမည်တွင်သည်။ တွံတေးမြို့နယ် ကျိုက်ထော်မှာ နေသည်။

တတိယကား သမီးကညာရတနာ၊ မကြည်လှိုင်ဟူ၍ ကင်ပွန်းတပ်ထားသည်။ မိဘနှစ်ပါးနှင့်ပင် အတူတကွ နေထိုင်သည်။

စတုတ္ထသားကား အမည်နှစ်မျိုးရှိသည်။ အချို့က မောင်လှမောင်၊ အချို့က မောင်စံမောင်ဟူ၍ ခေါ်ကြသည်။ အင်းစိန် ကြို့ကုန်းမှာ နေထိုင်သည်။

ပဥ္စမသမီးကား မညွန့်ရီတည်း။

ဆဌမ အထွေးဆုံးမှာ ဂျစ်တူးတူး ဂျစ်ကန်ကန်ကလေးဖြစ်သည်။ ဖအေတူသား ဟူ၍ ဆိုကြ ပြောစမှတ်ပြုကြသည်။ အနွတ္တသညာကား မောင်မြသောင်းတည်း။ မြန်မာ့တပ်မတော်တွင် အမှုထမ်းသည်။

သားတွေ သမီးတွေ ကြီးလာကြပြီ။ အိမ်ထောင်ကျကြပြီဆိုတော့ မြေးတွေပါ တစ်ထမ်းကြီး တစ်လှေကြီးရလာပြီ တစ်နှစ်တစ်နှစ် သားတွေ၊ သမီးတွေ၊ မြေးတွေ လာရောက်ကန်တော့ကြတိုင်း တစ်နှစ်တစ်နှစ် ပို၍ ပို၍ အသက်ကြီးလာကြောင်း သတိထားမိသည်။

လူက ငယ်နေချင်သော်လည်း အသက်က မနေပါတကား။ ဖြတ်သန်းလာရသော ဘဂဝခရီးနှင့်အတူ လူသည်လည်း အရွယ်ထောက်၍ ထောက်၍ လာပါကလား။

အသက်ကြီးလာသော်လည်း သိုင်းဆရာသည် သိုင်းဆရာအလုပ်နှင့်ပင် အသက်မွေးဝမ်းကြောင်းပြုရသည်။ တစ်နပ် တစ်နပ် နို့ဆီဘူး နှစ်လုံးချက်၊ သုံးလုံးချက် စားခဲ့ခြင်းသည်။ အသက်အရွယ်ထောက်လာသည်အထိ လူကို ကျမ်းမာမြဲ ကျမ်းမာစေသည်။ သန်စွမ်းမြဲ သန်စွမ်းစေသည်။

သည်တော့ သိုင်းလည်း ကစားမြဲ ကစားနိုင်သေးသည်။ ငယ်ချစ်ဇနီး ချောအနားလည်း ကပ်မြဲကပ်နေနိုင်သေးသည်။ အတွင်းသိ ဓာတ်သိတွေကမူ နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်သာ ရှိသည်ဟူ၍ ပြောကြ မေးငေ့ါ ကြလေမည်ထင်သည်။ အိမ်က အဘွားကြီးကပင်လျှင် သံပရာသီးလို ကြီး လေ ချဉ်လေ၊ အရိုး လေတိုက်လေ မာလေဟူ၍ ဖြစ်တောက်ဖြစ်တောက်နှင့် ခဏခဏ အပြောခံရသည်။

အသက်ကြီးလာသော်လည်း ပညာသည်ဆိုသည်ကား ပညာသည်ပေပင်။ ပညာသည်တစ်ယောက်တွင် ပညာမာနကား ရှိလေသည်ပင်။

တပည့်တပန်း များလာသည်နှင့်အမျှ ပညာသတင်းကလည်း ထွက်၍ ထွက်၍သွားသည်။ ထိုသတင်းသည် ဖဆပလခေါင်းဆောင်ကြီးတစ်ယောက် ၏ နားသို့ ပေါက်ကြားသွားသည်။ ရပ်ကွက်ထဲ မြို့နယ်ထဲမှ ရပ်ကွက်ခေါင်း ဆောင်၊ မြို့နယ်ခေါင်းဆောင်များက စကားစပ်မိ ပြောဆိုမိရာမှ ပေါက်ကြား သွား သတင်းရောက်သွားခြင်းဖြစ်သည်။

တစ်နေ့တွင် မြို့နယ်ခေါင်းဆောင်နှစ်ယောက် ဦးမောင်လေးအိမ်သို့ ပေါက်လာ ရောက်လာသည်။

'အဘကို ပြောစရာရှိပါတယ်၊ ကျွန်တော်တို့ကို စိတ်မဆိုးဖို့ ကြိုတင် တောင်းပန်ပါတယ်'

'ဟောဗျာ၊ ဘယ့်နယ် စောစောစီးစီးလာပြီး ရန်စကားတွေ ပြောနေတာ လဲ၊ စကားကောင်းကောင်းပြောတဲ့သူကို ကျုပ်က ဘာကြောင့် စိတ်ဆိုးရမှာလဲဗျာ၊ ဟား ဟား ဟား'

'ဒီလိုအဘရဲ့၊ အခုပြောမှာက ပညာနဲ့ ပတ်သက်နေလို့ပါ၊ အဘတတ် ထားတဲ့ပညာနဲ့ သက်ဆိုင်နေလို့ပါ'

'ပြောပါဗျာ ပြောပါ၊ ပညာသည်ဆိုတာ ပညာစကားပြောရရင် ပျော် စရာပိုကောင်းတာပဲပေါ့'

'ဒီလိုဗျအဘရဲ့၊ အခု အစိုးရက ဂျပန်တွေ ငှားထားတယ်၊ တစ်လ ငါး ထောင်တောင် ပေးငှားထားရတာ'

'ကျုပ်သိပါတယ်ဗျာ၊ ဂျူဒိုကရာတေးဆရာတွေ ငှားထားတယ်ဆိုတာ'

'အဲဒါ ဟိုတစ်နေ့က ကျွန်တော်တို့ခေါင်းဆောင်ကြီးနဲ့ စကားစပ်မိကြ တယ်၊ ကျွန်တော်တို့က အဘအကြောင်း အစီအရင်ခံကြတယ် ဆိုပါတော့'

'အဲ...အဲ...ဆိုပါဦး၊ ဆက်ပါဦး'

'နိုင်ငံခြားသားတွေမှသာ ကိုယ်ခံပညာ တတ်ကြတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ မြန်မာပြည်မှာလဲ အစမ်းသပ်ခံနိုင်တဲ့ ကိုယ်ခံပညာသည်ကြီး တစ်ဦး ရှိပါတယ်၊ အဲဒီပုဂ္ဂိုလ်က သိုင်းပြောင်းပြန်တတ်တယ်၊ နာမည်က ဦးမောင်လေးလို့ခေါ်တယ်၊ ကျွန်တော်တို့ ရန်ကင်းမှာပဲနေတယ်၊ အဲဒီပုဂ္ဂိုလ်က သိပ်နာမည်ကြီးတယ်၊ သူ့ပညာကို အစိုးရအနေနဲ့ အသိအမှတ်ပြုသင့်တယ်၊ သူ့ပညာကိုလည်း စမ်းသပ်ကြည့်ချင်ကြည့်ပါလို့ အစီရင်ခံတယ်'

'အဲဒီတော့ ခင်ဗျားတို့ ခေါင်းဆောင်ကြီးက ဘာပြောသလဲဗျ'

'ပညာတော်ရင် အခုငှားထားတဲ့ ဂျပန် ဂျူဒိုကရာတေးသမားတွေနဲ့ချ ရဲသလား၊ ပြိုင်ရဲသလားတဲ့၊ ပြိုင်လဲပြိုင် ချလည်းချရဲတယ်၊ အနိုင်လဲရမယ်ဆို ရင်တော့ တကယ်ကောင်းတဲ့ပညာ ဖြစ်ရမယ်၊ ကိုယ့်တိုင်းရင်းသားထဲက ပညာစွမ်းပြနိုင်တာဖြစ်လို့ မြန်မာပြည်အနေနဲ့လဲ ဂုဏ်ယူနိုင်တယ်၊ အဲဒီလို ပြောပါတယ်အဘ'

'ကောင်းပြီ၊ အဲဒီတော့ ကျုပ်ပြောမယ်'

'ဟုတ်ကဲ့အဘ'

'ကျုပ်အနေနဲ့ ဘယ်ပညာကိုမှလည်း အထင်မသေးဘူး၊ ဘယ်ပညာကို မှလည်း နှိမ်လိုတဲ့စိတ် ကျုပ်မှာမရှိဘူး'

'ဟုတ်ကဲ့'

'ဒါကြောင့် ဂျူဒိုကရာတေးသမားတွေအကြောင်းလဲ ဘာမှ မပြောချင် ဘူး၊ ဒါပေမယ့် ပညာသည် ပညာသည်ချင်း တစ်ခုတော့ ပြောရလိမ့်မယ်'

'ဟုတ်ကဲ့၊ ပြောပါအဘ'

'သူကောင်းသလား၊ ကိုယ်ကောင်းသလားဆိုတာ သိရအောင် စင်မြင့်မြင့် တစ်ခုထိုး၊ စင်အောက်မှာ ဓားတွေ လှံတွေ ညှောင့်တော် ထောင်ထား စိုက်ထား

'ဟုတ်ကဲ့'

'စင်ပေါ်မှာ ဒိုင်မထားဘဲချမယ်၊ လက်ချင်းလား၊ တုတ်ချင်းလား၊ ဓား ချင်းလား၊ ဓားချင်းက ပိုပြတ်တယ်'

'ဟုတ်ကဲ့'

'တစ်ယောက်ကိုတစ်ယောက် အသေချမယ်၊ ကြောက်လို့ရှောင်ပြေးရင် စင်ပေါ်က လိမ့်ကျရင်လည်း အောက်မှစိုက်ထားတဲ့ ဓား၊ လှံတွေပေါ်ကျ သေ၊ စင်ပေါ်မှာ တစ်ယောက်ကိုတစ်ယောက်ချရင်း သေချင်လဲသေ၊ အဲဒီလို ကျုပ်က စိမ်ခေါ်တယ်'

'ကြိုက်ပြီအဘ၊ ကျွန်တော်တို့ ကြိုက်သွားပြီ'

'ဒီလိုစိမ်ခေါ်တယ်ဆိုတာ စိမ်ခေါ်ရဲလို့ ခေါ်တာလဲဖြစ်တယ်၊ အမေ ကျော် ဒွေးတော်လွမ်းတယ်လို့ မပြောချင်ပေမယ့် ကျုပ်တို့မြန်မာတွေကလည်း နိုင်ငံခြားဆို နိုင်ငံခြားမှ အထင်ကြီးလေ့ရှိကြတယ်၊ ကိုယ့်တိုင်းပြည်ထဲက တိုင်းရင်းသားပညာသည်ဆိုရင် သိပ်အထင်မကြီးချင်ကြဘူး၊ တိုင်းရင်းသား တွေ တတ်ထားတဲ့ပညာကျတော့ ဖော်ထုတ် မြှင့်တင်မပေးချင်ကြဘူး၊ အဲ... ဒီလိုပြောတော့ လွန်ကဲရာကျတယ်၊ တစ်ခုတော့ရှိတယ်နော်'

'ဘာများလဲအဘ'

'ဂျူဒိုကရာတေး ဆရာတွေနဲ့ ချတဲ့ပွဲမှာ ကျုပ်နိုင်မယ်လို့ မာနနဲ့ ကြို ပြောမထားချင်ဘူး၊ သူကျိုးရင် ကျိုးမယ်၊ သူ မကျိုးရင် ကိုယ်ကျိုး။ သူသေ ရင် သေမယ်၊ သူမသေရင် ကိုယ်သေဆိုတဲ့သဘောသာ ပြောတာဖြစ်တယ်၊ သူနိုင်ချင်လဲနိုင်မယ်၊ ကိုယ်နိုင်ချင်လဲနိုင်မယ်'

'ဟုတ်ကဲ့'

'ကျုပ်အနေနဲ့ ကြိုပြောရဲတာ တစ်ခုပဲရှိတယ်'

'ဘာများလဲ အဘ'

'ပြိုင်ပွဲမှာ သူက စပင်ရင်ပင်၊ မပင်ရင် ကျုပ်က စပင်မယ်၊ အချိန် သိပ်ဆွဲမနေဘူး၊ ငါးစက္ကန့်အတွင်း ပင်ပြီး ချပြီး ဖြစ်ရစေ့မယ်'

'ဟာ...ကြိုက်ပြီ ကြိုက်သွားပြီဗျာ၊ အဘပြောတာတွေကို ကျွန်တော်တို့ ထပ်ပြီး အစီရင်ခံလိုက်ပါ့မယ်'

'ကောင်းပြီဗျာ၊ လက်မှတ်ထိုးဆို အခုပဲ ထိုးပေးလိုက်မယ်'

မောင်လေးက အလေးအနက် ပြောလိုက်သကဲ့သို့ မြို့နယ်ခေါင်းဆောင်နှစ်ဦးကလည်း တကယ်ပင်သွား၍ အစီရင်ခံသည်။ ပြည်မြို့တွင် ယှဉ်ပြိုင်ရန်သတ်မှတ်ကြသည်။ မောင်လေး ပျော်သွားသည်။

သို့ရာတွင် ယှဉ်ပြိုင်ပွဲသည် မဖြစ်မြောက်ပါ။ ဖြစ်မြောက်မလာပါ။

အကြောင်းကိုဆိုတော့ ဖဆပလ နှစ်ခြမ်းကွဲသွားသောကြောင့် ဖြစ်သည်၊ တည်မြဲနှင့် သန့်ရှင်း ကွဲသွားသောကြောင့်ဖြစ်သည်။

သန့်ရှင်း အနိုင်ရလာသည်။ ဦးနု ခေါင်းဆောင်၍ တက်လာသည်။

သည်အခါ အောင်ဆန်းဘောလုံးကွင်းတွင် ယှဉ်ပြိုင်ရန် စီစဉ်ကြပြန်သည်။ ဒုတိယအကြိမ် ချိန်းကြပြန်သည်။

ထိုဒုတိယအကြိမ်တွင်လည်း အထမမြောက် ယှဉ်ပြိုင်ခြင်းမပြုရ။

အကြောင်းကိုဆိုတော့ သန့်ရှင်းအစိုးရထဲတွင်လည်း ဦး၊ ဗိုလ်၊ သခင်များ ကွဲကြပြန်သည်။ နိုင်ငံရေး အရှုပ်အထွေးများ ပေါ်လာပြန်သောကြောင့် ဖြစ်သည်။

သည်နောက် တော်လှန်ရေးအစိုးရ တက်လာသည်။ မြန်မာပြည်ကို ဆိုရှယ်လစ်စနစ်ဖြင့် တည်ထောင်ပြန်သည်။ သို့နှင့် ချိန်းပွဲပျက်သွားသည်။

မောင်လေး စိတ်ဓာတ်ကျဆင်းသွားသည်။ ခဲလေသမျှ သဲရေကျဖြစ်ရသည်။ နိုင်ငံရေးအပြောင်းအလဲများကြားတွင် ချိန်းပွဲပျက်သွားရခြင်းအတွက် စိတ်မကောင်းဖြစ်နေမိသည်။

သည်အချိန်မှာပင် တပည့်တစ်ဦးလည်းဖြစ်၊ စစ်သားတစ်ယောက်လည်း ဖြစ်သည့် မကွေးမှ မြင့်ဆွေက စာရေး၍ခေါ်သည်။ မကွေးမှလူငယ်များအား သိုင်းပညာ လာရောက်သင်ပေးရန် ခေါ်ခြင်းဖြစ်သည်။

စိတ်ပြေလက်ပျောက်သဘောဖြင့် မောင်လေး ခရီးထွက်သွားသည်။ ခရီးမထွက်မီ မြန်မာပြည်သိုင်းအဖွဲ့ချုပ်မှ နာယကတစ်ဦးက ဆိုသည်။

မကွေးမြို့တွင် သိုင်းဆရာ ဦးသိန်းဖံရှိသည်။ မကွေးမြို့ သိုင်းဆပ်ကော်မတီဥက္ကဌဖြစ်သည်။ လိုအပ်သောအကူအညီရိုက တောင်းပါဟူ၍။

မိမိကိုယ်တိုင်လည်း မြန်မာပြည် သိုင်းအဖွဲ့ချုပ်တွင် နာယက တစ်ဦးဖြစ်ခြင်းကြောင့် ဦးသိန်းဖံတွင် အကူအညီတောင်းလျှင် ပေးမည်ဟု မောင်လေး ယုံကြည်သည်။

ရန်ကုန်မှ ပြည်မြို့သို့ ရထား၊ ပြည်မြို့မှ မကွေးသို့ ကားဖြင့် လိုက်လာသည်။ မကွေး ဟသ်ာကားဆိပ်တွင် ဦးသိန်းဇံအကြောင်း မေးသည်။ ကားဆိပ်နှင့်မလှမ်းမကမ်းတွင်ပင် နေထိုင်သောကြောင့် အလွယ်တကူရောက်သွားသည်။

ဦးသိန်းဇံနှင့် မိတ်ဆက်သည်။ ဦးသိန်းဇံကလည်း လိုက်လှဲစွာ ခရီးဦးကြိုသည်။ ထမင်းကျွေးသည်။ ထမင်းစားပြီးသော် ထွာဆိုင်ခန့်ရှိသော ဩဇာသီးခြောက်လုံး ချပေးလာသည်။ မောင်လေးကလည်း ခြောက်လုံးစလုံးကို စားပစ်လိုက်သည်။

ထမင်းစားစဉ်ကလည်း လေးငါးပန်းကန်ပြား၊ ဩဇာသီးကို ခြောက်လုံးစလုံးကုန်အောင် စားပစ်လိုက်သောအခါ ဦးသိန်းဇံရော ဇနီးဖြစ်သူပါ အံ့သြသွားကြသည်။

'ဆရာကြီးက အသက်ကြီးလာပေမယ့် စားနိုင် သောက်နိုင်တုန်းပါလား၊ ကျွန်တော်တောင် ဆရာကြီးကိုကြည့်ပြီး အားကျမိတယ်'

'စားတဲ့နေရာမှာ ကျုပ်က အရှက်မရှိဘူးဗျ၊ စားတိုင်း စားတိုင်းလဲ ခံတွင်း မတွေ့တဲ့အခါရယ်လို့ သိပ်မရှိဘူးဗျ'

'ဟင်းဟင်းဟင်း....ကျွန်တော့်အိမ်မှာတော့ အားနာစရာမရှိပါဘူး ဆရာကြီး၊ ကြိုက်သလိုနေပါ၊ ကြိုက်သလိုစားပါ'

'စားရမှာပဲ ဦးသိန်းဇံရေ့၊ ငယ်ငယ်ကတည်းက အားနာတတ်တဲ့ ဂါသနာလည်း နည်းနည်းမှမရှိဘူးဗျ.....ဟားဟားဟား'

'ဟဲ ဟဲ ဟဲ'

သည်လို ရယ်စရာ မောစရာစကား ပြောနေစဉ်မှာပင် အသားညိုညိုဂင်တိုတိုလူတစ်ယောက် အိမ်ပေါ်သို့ တက်လာသည်။ ခေါင်းတုံးကို ပြောင်အောင်ရိတ်ထားသည်။

'ဟော....ကိုယ်တော် ဘယ်တုန်းက သိက္ခာချလာတာလဲ ကိုယ်တော်ရဲ့'

'သုံးရက်ရှိပြီလေဗျာ'

'သြော်.....ဒါကြောင့် အိမ်ကို ဆွမ်းခံကြွမလာတာကိုး'

'ကျုပ်....လူဖြစ်နပြီဗျ၊ ကိုယ်တော်တွေ ဘာတွေ လုပ်မနေပါနဲ့တော့.....ဟဲ ဟဲ ဟဲ'

'နှုတ်က ကျိုးနေပြီကိုး ကိုယ်တော်ရဲ့'

'ဟောဗျာ၊ လုပ်ပြန်ပြီ ကိုယ်တော်'

'အဲ....အဲ....ခင်ဗျားရောက်လာတာ အတော်ပဲ၊ ခင်ဗျားက ဘုန်းကြီးဝတ်နေပေမယ့် သိုင်းတတ်ထားတယ်၊ ဟောဒီပုဂ္ဂိုလ်ကလည်း သိုင်းဆရာကြီး၊ သိုင်းအဖွဲ့ချုပ်မှာ နာယကတစ်ယောက်၊ ကျွန်တော်တို့ဆီ အလည်ရောက်လာတာ'

'ဩော်...ဟုတ်လား၊ ရန်ကုန်သိုင်းအဖွဲ့ချုပ်က နာယကဆရာကြီးလား'

'ဟုတ်ကဲ့ဗျာ၊ ဟုတ်ပါတယ်'

'နာယကကြီး ရောက်လာတယ်ဆိုရင်တော့ ကျွန်တော်တို့လည်း ပညာယူရမယ်၊ ဆရာကြီးခင်ဗျား ကျွန်တော့်ကို ခွင့်ပြုပါ၊ ဆရာကြီးဘေးနားမှာ ကပ်ထိုင်ပါရစေ'

'ထိုင်ပါ၊ ထိုင်ပါဗျာ၊ ထိုင်နိုင်ပါတယ်'

ပြောပြောဆိုဆိုပင် ဘုန်းကြီးလူထွက်က မောင်လေး၏ ဘယ်ဘက်ဘေးတွင် ကပ်၍ထိုင်သည်။ မောင်လေးက ရေနွေးကြမ်းတစ်ခွက်ပြီးတစ်ခွက် သောက်နေသည်။

ဘုန်းကြီးလူထွက်က မောင်လေး၏ ဘယ်ဘက်လက်ဖျံကို သူ့ညာလက်ဖြင့် ကိုင်ကြည့်သည်။

'အားပါးပါး ဆရာကြီးက အသက်သာရလာတယ် သန်တုန်း မာတုန်းပဲကိုး'

'အခုပဲ ထမင်းလေးပန်းကန်နဲ့ ဩဇာသီးခြောက်လုံး စားထားလို့ပါဗျာ'

အားလုံးက တသောသော ရယ်မောလိုက်ကြသည်။ ဘုန်းကြီးလူထွက်က မောင်လေး၏ ဘယ်လက်ကို လက်ကောက်ဝတ်အထက်နားမှ ဆုပ်၍ကိုင်လိုက်သည်။

'ဆရာကြီး ဆရာကြီးကို အခုလိုကိုင်ထားရင် ဘယ်နယ်လုပ်မလဲ'

'ဟဲ ဟဲ ဟဲ....ဘယ်နယ်မှ မလုပ်တတ်ပါဘူးဗျာ'

'လုပ်ပါ၊ လုပ်စမ်းပါ ဆရာကြီးရဲ့'

'ဟဲဟဲဟဲ ရိုးရိုးပြောနေတာလား၊ စမ်းတဲ့သဘောလားဗျ၊ ရိုးရိုးပြောတာဆိုရင် ရိုးရိုးလုပ်ရတယ်၊ စမ်းတဲ့သဘောဆိုရင်တော့ ပညာဟာ ပညာပဲ

နော်၊ ပညာမှာ ညှာတယ်ဆိုတာ မရှိဘူးဗျ၊ မညှာပြန်တော့လဲ စိတ်ဆိုးခံရ
တတ်တယ်'

'မဆိုးပါဘူးခင်ဗျ၊ မဆိုးပါဘူး၊ လုပ်သာလုပ်ပါ'

'ဖုန်း....ပုန်း'

မောင်လေးက သူ့ဘယ်လက်ကို သူ့ကိုယ်ဘက်သို့ ဆောင့်ဆွဲလိုက်သည်။ သည်အခါ သူ့ဘယ်လက်ကို ဆုပ်ကိုင်ထားသော ဘုန်းကြီးလူထွက်၏ကိုယ်သည် သူ့ဘက်ကို ရွေ့လာသည်။ သည်မှာ မောင်လေးက ထိုင်လျက်မှ သူ့ဘယ်ခြေကိုမြှောက်ပြီး ဘေးတိုက်ကန်ချလိုက်သည်။ ဖုန်းခနဲ ရင်ဘတ်ကိုထိပြီး ပုန်းခနဲ ဘုန်းကြီးလူထွက် လဲကျသွားသည်။

နာသွားသော်လည်း ဘုန်းကြီးလူထွက်က ပြန်ထ၍ ထိုင်သည်။ ဒုတိယအကြိမ် မောင်လေး၏ ဘယ်လက်ကို ရှေးနည်းအတူ ကိုင်လိုက်ပြန်သည်။ ကိုင်ရုံသာ ကိုင်သည်မဟုတ်။ လက်ကို မောင်လေး၏ ကိုယ်ဘက်သို့လည်း တွန်းထားသည်။

'ကဲ....ဆက်လုပ်ပါဦး ဆရာကြီး'

မောင်လေးက သူ့တံတောင်ဆစ်ကို ဘုန်းကြီးလူထွက်ဘက်သို့ အားစမ်းသည့်သဘော တွန်းကြည့်သည်။ သည်လိုတွန်းလျှင် ဘုန်းကြီးလူထွက်ကလည်း တံတောင်ဆစ် ဂင်မလာနိုင်အောင် မောင်လေး၏ လက်ကို မောင်လေးဘက်သို့ အတင်းတွန်းထားသည်။

မောင်လေးသည် ဘယ်လက်ကိုသာ လှုပ်ရှားနေသော်လည်း ညာလက်ကမူ ရေနွေးကြမ်းပန်းကန်ကိုကိုင်လျက် အသောက်မပျက်။

'ဟဲ ဟဲ ဟဲ ....ဖုန်း.....ဖျန်း'

မောင်လေးက သူ့တံတောင်ဖြင့် တွန်းကြည့်ရာမှ တံတောင်ဖြင့်ပင် ဘုန်းကြီးလူထွက်၏ လက်မောင်းကို လိမ်ညှပ်ပြီး ညှပ်ရိုက် ရိုက်လိုက်သည်။ ဘယ်လက်ခုံကလည်း တစ်ဆက်တည်း ဘုန်းကြီးလူထွက်၏ မျက်နှာကို ရိုက်ပြီး ထိပြီး ဖြစ်သွားသည်။ ဘုန်းကြီးလူထွက်၏ ကိုယ်နှင့်မျက်နှာကို တံတောင်ဆစ်နှင့် လက်ခုံနှစ်ချက် ထိသွားသည်။

ဘုန်းကြီးလူထွက် လဲကျသွားပြန်သည်။ မျက်နှာကို အမှော့လိုက်နှင့် မောင်လေးက လက်ခုံဖြင့် အရိုက်လိုက် ဆုံသွားသောကြောင့် နှာနကို

khtnetpc.webs.com

ထိသွားသည်။ နာခေါင်းမှ သွေးများကျလာသည်။

ဘုန်းကြီးလူထွက် စိတ်ဆိုးလာသည်။ အလျှော့ပေးချင်စိတ် မရှိသေး၊ မောင်လေး၏လက်ကို ရှေးနည်းအတူ ကိုင်လိုက်ပြန်သည်။

'ကိုင်ပြန်ပလား၊ ကဲကွာ...ပုန်း....ဒုတ်...ဖျန်း'

သည်တစ်ခါ မောင်လေးက လက်ကို လက်ချင်းမဖြုတ်။ ဘုန်းကြီးလူထွက်၏ ညာလက်ကို သူ့ဘယ်ခြေမြှောက်၍ ခြေစောင်းဖြင့် ခုတ်ဖြတ်လိုက်သည်။ ပုန်းခနဲ မြည်သံနှင့်အတူ ကိုင်ထားသောလက် ပြုတ်ထွက်သွားသည်။ သည်မှာ မောင်လေးက သူ့ညာလက်ဖြင့် ဘုန်းကြီးလူထွက်၏ မျက်နှာကို စွပ်အထိုး ဘုန်းကြီးလူထွက်က ညာလက်ကို ဆီး၍ဖမ်းသည်။

သည်မှာ မောင်လေးက သူ့ဘယ်လက်ဖြင့် ခုတ်ချလိုက်ပြီး ဘယ်လက်စောင်းဖြင့် မျက်နှာကို ဖြတ်ရိုက်လိုက်သည်။ တတိယအကြိမ် ဘုန်းကြီးလူထွက် လဲကျသွားပြန်သည်။

'ကဲ...ထပ်ကိုင်းဦးမလား'

'တော်ပြီ...တော်ပြီဆရာကြီး၊ ဆရာကြီးအကြောင်း သိပါပြီ'

'နောက်ထပ်နည်းတွေ အများကြီးကျန်သေးတယ်ဗျ၊ အနာခံနိုင်ရတော့ ရမယ်'

'ဒါထက် အနာခံရရင်တော့ သေရုံပဲရှိတော့မှာ ဆရာကြီး'

'ခင်ဗျား စိတ်ဆိုးသလား'

'စိတ်တော့ မဆိုးပါဘူး၊ ကျွဲမြီးတော့ တိုမိတာပေါ့၊ ဒါက ကျွန်တော့် အပြစ်ပဲ၊ ကျွန်တော်က ကိုယ့်ကိုကိုယ် အထင်ကြီးမိတာကိုး'

'စမ်းတယ်ဆိုရင်တော့ နာအောင်ချရမှာပဲဗျ၊ သူတစ်ပါးကိုညာရင် ကိုယ်နာတတ်တယ်၊ ကိုယ်တော့ ဘယ်အနာခံမလဲ၊ သူများကိုပဲ ချမှာပေါ့'

'ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော် စိတ်မဆိုးပါဘူး'

'စမ်းတဲ့သဘောမဟုတ်ဘဲ ပညာပြခိုင်းရင်တော့ သဘောကို လှုပ်ရှားပြမှာပေါ့၊ အခုတော့ ခင်ဗျားက စမ်းတာကိုး'

'ကျွန်တော် ဆရာကြီးရဲ့ပညာဂုဏ်ကို လေးစား ချီးကျူးပါတယ်၊ ကျွန်တော်သာ ခံခံသွားရတာ ဆရာကြီးကတော့ ရေနွေးကြမ်းသောက်တောင် မပျက်ဘူး'

ဘုန်းကြီးလူထွက် ပြန်သွားသောအခါ ဦးသိန်းဇံနှင့် စကားလက်ဆုံကျကြပြန်သည်။ သိုင်းပညာအကြောင်း ဦးသိန်းဇံက ဆွေးနွေးသည်။ ဆွေးနွေးရင်းမှ မောင်လေး တစ်ခုသတိရပြီး

'ကျုပ်သတင်းတစ်ခုကြားရတယ်ခင်ဗျ၊ ဒီနယ်မှာ ကျုပ်တပည့်တစ်ယောက်ရောက်နေတယ်၊ ဘုန်းကြီးဝတ်နေတယ်တဲ့၊ ဘယ်သူမှန်းတောင် မသိဘူး၊ သိုင်းတတ်တဲ့ဘုန်းကြီးများ ဒီနယ်မှာ ရှိသလားဗျ ဦးသိန်းဇံ'

'ရှိပါတယ် ဆရာကြီး၊ ကျွန်တော်နဲ့လည်း ရင်းနှီးပါတယ်၊ ကျွန်တော်ခေါ်ပေးပါ့မယ်'

ဦးသိန်းဇံ လူလွှတ်၍ အခေါ်ခိုင်းသည်။ နောက်တစ်နေ့တွင် ဦးသိန်းဇံရော မောင်လေးပါ မောင်မြင့်ဆွေထံသို့ သွားကြသည်။ မောင်မြင့်ဆွေနှင့် စကားပြောနေစဉ်ပင် မောင်မြင့်ဆွေနေအိမ်သို့ ဘုန်းကြီးတစ်ပါး ရောက်ရှိလာသည်။

'သြ....လက်စသတ်တော့ ဆရာကြီး ဦးမောင်လေးကိုး၊ ကိုသိန်းဇံ အဲဒီဒကာကြီးက ကျုပ်ဆရာကြီး အရင်းပေါ့ဗျ'

'ဩော်...ဟုတ်လား ဆရာတော်'

ဦးသိန်းဇံ မျက်လုံးပြူးသွားသည်။ အကြောင်းကိုဆိုတော့ ရောက်ရှိလာသောဆရာတော်မှာ ဦးသိန်းဇံ၏ ဆရာရင်း၊ ပညာသင်ပေးသော ဆရာရင်းဖြစ်နေသောကြောင့်ပင်။

ဘုန်းကြီးက မောင်လေးထံတွင် ပညာသင်ခဲ့သည်။ ထိုပညာဖြင့် သိုင်းဆရာလုပ်သည်။ ဦးသိန်းဇံကို သင်ပေးသည်။ ဘုန်းကြီးသင်ပေးသောပညာဖြင့် ဦးသိန်းဇံကိုယ်တိုင် သိုင်းဆရာလုပ်နေခြင်း ဖြစ်သည်။

တကယ့်တကယ်တွင် ဦးမောင်လေးမှာ မိမိဆရာ၏ ဆရာ ဖြစ်နေပါလား၊ ဆရာ့ဆရာကြီးပါတကား။

မောင်လေးက တပည့်ဘုန်းတော်ကြီးကို ဂတ်ပြုသည်။ ဂတ်ပြုရင်းမေးသည်။

'တပည့်တော်တော့ တပည့်ဆိုလို့သာ တပည့်ရတယ်၊ ဘုန်းကြီးကိုမမှတ်မိတော့ဘူး ဘုရာ့'

'ဘယ်မှတ်မိနိုင်မလဲ ဆရာကြီးရယ်၊ အဲဒီတုန်းက ကျုပ်က ကျောင်းသားအရွယ် ငယ်ငယ်လေး၊ ကျုပ်အဖေနဲ့အတူ ဆရာကြီးမှာ ပညာသင်ခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီပဲ၊ သုံးဆယ်လောက်တောင် ရှိပြီထင်ပါတယ်'

'သြော်...သြော်...ဒီလိုကိုး၊ ဒါနဲ့ ဘယ်မှာတွေ့ခဲ့ သင်ခဲ့တာလဲ ဘုန်းတော်ကြီးဘုရား'

'ဒေးဒရအပိုင် ကြပ်ဆင်ဖြူရွာမှာပါ ဒကာကြီး၊ ကျုပ်အစ်ကိုက ကိုသာဂဝ၊ ကျုပ်ဆွေမျိုး ကိုသန်းဖေတို့၊ ကိုရွှေထွန်းတို့လည်း သင်ကြတယ်လေ၊ သူတို့က အသက်ကြီးတော့ ဆရာကြီး မှတ်မိမှာပေါ့'

'မှတ်မိပြီ၊ မှတ်မိပြီ'

ဂမ်းအသာရဆုံး၊ အအံ့သြရဆုံးသူကား ဦးသိန်းဖံပင်။ ဆရာ့ဆရာကြီးနှင့်တွေ့ဆုံရသောကြောင့် ထပ်မံပညာဆည်းပူးရတော့မည်။ ပညာ ပို၍ရတော့မည်ဆိုသောအိသ ဂင်လာသောကြောင့်ပင်။



khtnetpc.webs.com

# ၂၄

နယ်လှည့်သိုင်းဆရာဖြစ်၍ ရွာရိုးကိုးပေါက် ရောက်ရသည်။ လျှောက်ရသည်။

ခြေထောက်မှာ ဖွဲ့ပါသည်ဟူ၍ ဆိုလိုက ဆိုကြစေ၊ သည်လို အမြို့မြို့ အရွာရွာသို့ သွားနေရခြင်းကိုပင် မောင်လေးက ပျော်ပိုက်သည်။ တပည့်တပန်းတွေများသောကြောင့် ရောက်လေရာတွင် ဝိုင်းဂန်းပြုစုကြသည်။

တပည့်တွေကလည်း အမျိုးမျိုးရှိသည်။ အချို့တပည့်တွေက တော်သည်။ ဆရာကို ဆရာမှန်း သိတတ်ကြသည်။

အချို့ကား ကြေးစားဆရာအဖြစ် သတ်မှတ်ကြသည်။ ဆရာက ပညာသင်ပေးသည်။ မိမိတို့က ပိုက်ဆံပေး၍ သင်သည်။ ဆန်ပေး၍ ဆေးရသည်။ ဆရာကို ထပ်မံဆက်ဆံစရာမလို။

သည်လိုသဘောထားကြသူများလည်း ရှိသည်။ သူတို့ရပ် သူတို့ရွာသို့ တစ်ခါတစ်ခေါက် ရောက်သွားသော်လည်း လာ၍မတွေ့ကြ။ ဆေးဖော်ကြောဖော် မလုပ်ကြ။ ဘာသိ ဘာသာနေကြသည်။

ကြေးစားကား မှန်ပါသည်။ ပိုက်ဆံယူ၍ အခကြေးငွေဖြင့် သင်ပေးရပါသည်။ သို့သော် သည်လိုမှ မယူလျှင် ဘာနှင့် ထမင်းစားမည်နည်း။ ဘယ်လိုလုပ် အသက်ရှင်မည်နည်း။ ဘယ်သို့ ပညာဖြန့်ဖြူးပေးနိုင်မည်နည်း။

ပိုက်ဆံယူသော်လည်း၊ ကြေးစားဆရာဖြစ်သော်လည်း ယခုထက်တိုင် ချမ်းသာခြင်းမရှိ။ စားနိုင်သောက်နိုင်ရုံမျှသာရှိသည်။ မြောက်ဥက္ကလာတွင် အိမ်ပိုင်တစ်လုံးရှိသည်။ သွားရ လာရ ဝေးသောကြောင့် ရန်ကင်းမှာသာ နေထိုင်သည်။

ရန်ကင်းတွင် အိမ်ပိုင်ရှိသော်လည်း ကျူးကျော်မြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်ဖြစ်သည်။ အဖျက်ခိုင်းလျှင် အချိန်မရွေး ဖျက်ပေးရမည်ဖြစ်သည်။

အချို့တပည့်များကား ဆရာဖြစ်အဆင့်ထိ တတ်ကျွမ်းထားကြသည်။ ဆရာအဖြစ် မောင်လေးကပင် အသိအမှတ်ပြုပေးထားရခြင်း ဖြစ်သည်။ ပြောင်းပြန်ပညာသည်တစ်ယောက်သည် ဆရာမဟုတ်ပါက ဆရာအဖြစ် အသိအမှတ်ပြုခြင်း ခံထားရသူ မဟုတ်ပါက သူတစ်ပါးကို တစ်ဆင့်ပညာသင်ပေးပိုင်ခွင့်မရှိ။ ဆရာဖြစ်အဆင့်ထိ တတ်ကျွမ်း၍ ဆရာအဖြစ် အသိအမှတ်ပြုပေးပြီးမှ ဆရာလုပ်ပိုင်ခွင့်ရှိသည်။

အချို့ ဆရာဖြစ်ရ တပည့်များသည် သင်တန်းများ ဖွင့်ကြသည်။ ပညာသင်ပေးကြသည်။ သို့ရာတွင် အချို့ဆရာဖြစ်ရ တပည့်များမှာ မောင်လေး၏နာမည်ကို မထုတ်ဖော်။ လူသိရှင်ကြား မကြေညာ။ ပြောင်းပြန်ပညာကို မိမိတို့ကိုယ်တိုင်သာ တတ်ထား နားလည်ထားသည့်ပမာ ဟန်ဆောင်ကြသည်။

သည်တော့ မသိသူများက ပြောင်းပြန်ဆိုလျှင် ထိုဆရာတစ်ဦးတည်းသာ တတ်သည့်ပမာ ထင်မှတ်နေကြသည်။ ဆရာကြီးလုပ်ချင်သောစိတ်၊ စီးပွားဖြစ်လိုသောစိတ်ဖြင့် ဆရာကြီး ဟန်ဆောင်ကြခြင်းဖြစ်သည်။ ကန်တော့ပွဲပေးသောအခါတွင်မှ မောင်လေး၏ အမည်ကို တိုးတိုးကလေး ရွတ်ဆိုသည်။

မည်သို့ပင်ဖြစ်စေ တပည့်ပီသသော တပည့်ကောင်းတွေလည်း ရှိကြသည်။ သိုတို့ထံသို့ ရောက်သွားလျှင် ဆရာရင်း တပည့်ရင်းပုံစံနှင့်ပင် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပြုစုကြသည်။ ဆက်ဆံကြသည်။

ယခုလည်း မောင်လေးတစ်ယောက် ဘာအံသို့ လိုက်သွားရသည်။ တပည့်စစ်သားတစ်ဦးက စာရေး၍ ဖိတ်ခေါ်သောကြောင့်ဖြစ်သည်။

ဘာအံရှိ ဆက်သွယ်ရေးတပ်၊ ဆေးတပ်၊ ထောက်ပို့တပ်၊ ကချင်တပ်များမှာ ရဲဘော်တွေရော ရဲစခန်းမှုရဲတွေကိုပါ သင်တန်းပေးရသည်။ တစ်စုတစ်ပေးကြီးဖြစ်၍ သင်ရသည်မှာ ပျော်စရာကောင်းသည်။

အစားအသောက်ကလည်း အလျှံပယ်၊ ဥဇ္ဇာပူဇော်ခလည်း ထိုးထိုးသာသာ စို့စို့ပို့ပို့ပေးကြသည်။ သင်တန်းခ သဘောမျိုးမဟုတ်ဘဲ ဆရာကို ကန်တော့သော လှူသော သဘောဖြစ်၏။

တွေ့ပြန်ပြီ၊ တွေ့ရပြန်ပြီ။

ပညာသည်တစ်ယောက်။

သူ့အမည်ကို စိမ်းစိမ်းလေးဟူ၍ ခေါ်သည်။

သူသည်လည်း နိုင်ငံကျော် လက်ဝှေ့သမားတစ်ယောက်ဖြစ်သည်။ သူ့ကို လက်ဝှေ့လောကတစ်ခုလုံးက သိကြသည်။

လက်ဝှေ့ဆိုရာ၌ မြန်မာ့လက်ဝှေ့ရော၊ အင်္ဂလိပ်လက်ဝှေ့ရောပါ တတ်ကျွမ်းသည်။ နှစ်မျိုးစလုံး၌ ထူးချွန်သည်။ သူက မောင်လေးကို လာ၍ တွေ့သည်။ တစ်နေ့တာအတွက် သင်တန်းစခါနီး အချိန်တွင် လာ၍ တွေ့ခြင်းဖြစ်သည်။ သင်တန်းသားတွေ ကြားထဲတွင်ပင် စကားပြောသည်။

'ဆရာကြီး ကျွန်တော်လည်း ဆရာကြီးရဲ့ ပညာကို သင်ချင်ပါတယ်

'သင်ချင် သင်ပေါ့ကွယ် ငါ့တူရဲ့'

'ဒါပေမယ့် ဆရာကြီး'

'အေး....ပြော'

'ကျွန်တော်က ရိုးရိုးလူမဟုတ်ပါဘူး'

'လူမဟုတ်ရင် နတ်လားကွ'

'မ...မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော်က လက်ဝှေ့သမားပါ၊ အင်္ဂလိပ်လက်ဝှေ့ရော၊ မြန်မာလက်ဝှေ့ရော တတ်ပါတယ်၊ မြန်မာလက်ဝှေ့ဆိုရင် အထက်မြန်မာပြည်လည်း တက်ထိုးတယ်၊ အောက်မြန်မာဆိုရင်လည်း တွံတေးအထိ ဆင်းထိုးပါတယ်'

'မင်းတတ်တာက လက်ဝှေ့ပဲကွ၊ သိုင်းမှမဟုတ်တာ၊ ပြောင်းပြန်မှ မဟုတ်ဘဲ'

'အဲဒါ ဆရာကြီးဆီမှာ မသင်ခင် နည်းနည်းလောက် ဆရာကြီးနဲ့ အဂင်အထက် လုပ်ကြည့်ချင်ပါတယ်'

'ကဲ...လုပ်ချင်လဲ လုပ်ပေါ့ကွာ၊ လာ...ကဲ...လုပ်'

မောင်လေးက အကြွေးမထား။ ချက်ချင်းပင် အသင့်အနေအထားပြင်လိုက်သည်။ ဝိုင်းအုံနေသော သင်တန်းသားများ ရှဲသွား နောက်သို့ ဆုတ်သွားကြသည်။

မောင်လေးက အသင့်ပြင်လေသော် စိမ်းစိမ်းလေးကလည်း အသင့်ပြင်

လိုက်သည်။ သူက ရှေ့ခြေကို ခြေဖဝါးဖြင့် အပြားလိုက်ချထားသော်လည်း နောက်ခြေကိုမူ ခြေဖျားသာထောက်ထားသည်။

'ဟ.....စိမ်းစိမ်းလေးရဲ့ မင်းက အဲဒီလို ခြေတစ်ချောင်းပဲချထား နောက်ခြေကို ခြေဖျားနဲ့ထောက်ထားတော့ အားမရှိဘူးပေါ့ကွ၊ ခြေနှစ်ချောင်းလုံးကို အပိုင်ထောက်မှ အောက်ခြေခိုင်တယ်၊ အတိုက်ခံရလဲ ဟန်ချက်ပျက်မသွားဘူး၊ ကိုယ်က စတိုက်ရင်လဲ တိုက်အားပိုကောင်းတယ်'

'ရပါတယ် ဆရာကြီး'

စိမ်းစိမ်းလေးက နောက်ခြေထောက်ကို ခြေဖျားဖြင့်ထောက်ပြီး လက်ပေ့သမားတို့ဟန်အတိုင်း ခေါင်းကလေးကို ရှေ့သို့တိုးလိုက် ငုံ့လိုက် စောင်းလိုက် လုပ်ပြသည်။ ဂင်ရန် ကြိုးစားသည်။

မောင်လေးက သူ့ကို ညာခြေထောက်ဖြင့် ဝိုက်ကန်ကန်လိုက်သည်။ စိမ်းစိမ်းလေး ခုန်၍ ရှောင်ထွက်သွားသည်။

တစ်ဖန် ရှေ့သို့ပြန်တိုးလာပြန်သည်။ ခေါင်းကလေးကို တိမ်းလိုက် ငုံ့လိုက် လုပ်နေပြန်သည်။ မောင်လေးက သူ့ခေါင်းကို ဖြောင့်လက်သီးထိုးဟန်ပြလိုက်သည်။ ခေါင်းအငုံ့တွင် မောင်လေးက ညာခြေဖြင့် စိမ်းစိမ်းလေး၏ ရှေ့ခြေကို ရိုက်ချလိုက်သည်။

'ဖျောင်း....ဂုန်း'

စိမ်းစိမ်းလေး ယိုင်ဆင်းပြီး ဂမ်းလျားထိုး လဲကျသွားသည်။

'ကဲ ငါမပြောလား၊ ခြေတစ်ချောင်းတည်းထောက်ရင် ခြေမခိုင်ဘူး၊ ထောက်ထားတဲ့ခြေကို အထိခံရတာနဲ့ ဟန်ချက်ပျက်သွားတယ်၊ နှစ်ချောင်းလုံးထောက်မှ တစ်ချောင်းကို ထိရင် ကျန်တစ်ချောင်းနဲ့ ကိုယ်ကို ထိန်းထားနိုင်တယ်၊ ကဲ...ထပ်စမ်းဦးမလားဟေ့'

'တော်ပါပြီ၊ တော်ပါပြီဆရာကြီး၊ ကျွန်တော် ဆရာကြီးရဲ့ ပညာကို သင်ပါတော့မယ်'

(မှတ်ချက်-စိမ်းစိမ်းလေးသည် ယခုအချိန်ထိ အသက်ထင်ရှားရှိသည်။ ကျိုက္ကဆံကွင်းတွင် ဒုတိယအလံအတွက် လက်ပေ့ထိုးရာ အလံရရှိထားသည်။ အောင်ဆန်းကွင်းတွင် မကြာမီ အင်္ဂလိပ်လက်ပေ့ထိုးရာ၌လည်း ဆီမီးဖိုင်နယ်တွင် အနိုင်ရရှိထားသည်။ ဖိုင်နယ်တက်ခွင့် ရထားပြီဖြစ်သည်။)

ဘားအံတွင် သင်တန်းပေးပြီးသော ရန်ကုန်သို့ ပြန်လာသည်။ ရန်ကုန် နေအိမ်တွင် မော်လမြိုင်စစ်တပ်မှ စစ်သားများ ရောက်ရှိနေကြသည်။

'ဆရာကြီး ကျွန်တော်တို့က ဆရာဦးရွှေသိန်းရဲ့ တပည့်တွေပါ'

'ရခိုင်ရွှေသိန်း၊ စစ်တွေက ရွှေသိန်းလား'

'ဟုတ်ကဲ့၊ ဟုတ်ပါတယ် ဆရာကြီး'

'အေး…သူက ငါ့တပည့်ပဲ၊ သူနေကောင်းရဲ့လား'

'ဟုတ်ကဲ့…နေကောင်းပါတယ် ဆရာကြီး၊ ဒါပေမယ့် ကျွန်တော်တို့နဲ့ အဆက်ပြတ်နေတာတော့ ကြာပါပြီ၊ ကျွန်တော်တို့ မော်လမြိုင်တပ်ရင်း ငါးရာ့တစ်ဆယ့်ငါးကို ရောက်နေကြပါတယ်'

'သြော်…အေး ကိစ္စက'

'ကိစ္စက ဆရာကြီးကို လာပင့်တာပါ၊ ကျွန်တော်တို့တပ်က ရဲဘော်တွေ သိုင်းသင်ချင်လို့ပါ ဆရာကြီး၊ တပ်ရင်းက မော်လမြိုင်ဆိုပေမယ့် သံဖြူဇရပ်မှာပါ'

'အေး ….ကျုပ်လည်း အားနေပါတယ် လိုက်ရတာပ'

လာ၍ခေါ်ကြသူမှာ စံလှနှင့် အောင်တင်ဖြစ်သည်။ သံဖြူဇရပ်သို့ လိုက်ပါသွားသည်။ ကိုရွှေသိန်း၏တပည့်မှာ သုံးယောက်၊ စံလှ၊ အောင်တင်နှင့် ထွန်းညိုဖြစ်သည်။

ထွန်းညိုကိုကား မတွေ့ရ။ ရေ့တန်းသို့ ထွက်သွားသည်။ ယင်းကြောင့် ထွန်းညို၏အခန်းမှာပင် မောင်လေး နေထိုင်ရသည်။ စားလိုက် သောက်လိုက် သင်လိုက် အိပ်လိုက်ပင်။

တပ်ရင်း ငါးရာ့တစ်ဆယ့်ငါးတွင်လည်း ပညာသည်နှစ်ယောက်နှင့် မောင်လေး တွေ့ရ ရင်ဆိုင်ရပြန်သည်။ တစ်ယောက်ကား သူ တည်းခို နေထိုင်သော ထွန်းညို၏အခန်းနှင့်ကပ်လျက် တစ်ဖက်ခန်းမှ ပိုးကရင်ကြီး ကိုရွှေပင်။

ကိုရွှေကိုယ်တိုင်လည်း မောင်လေး၏သင်တန်းတွင် သင်ကြားနေသူဖြစ်သည်။ အိမ်ဆိုင်ကလေး တည်ထားသည်။ မောင်လေးက ကိုရွှေ၏ဆိုင်တွင် ငှက်ပျောသီး၊ ကြံ စသည်ဖြင့် ဂယ်၍စားသည်။ စားရင်း စကားစမြည် ပြောကြသည်။

'ကျွန်တော်လည်း ပြီတီသျှလက်ထက်က လက်ဖက်သမားတစ်ယောက်ပဲ ဆရာကြီးရဲ့ မြန်မာလက်ဖက်ပေါ့'

'သြော်...ခင်ဗျားလည်း ပညာသည်တစ်ယောက်ကိုး'

ကိုရွှေကား ပြောင်းပြန်ကစားလျှင် ကရင်စကားနှင့်သာ မှတ်သား၍ လေ့ကျင့်သူဖြစ်သည်။ မောင်လေးက 'ပယ် ခုတ်' ဟူ၍ဆိုလျှင် သူက 'ဘေး ချုံချာ'ဟူ၍ ဆိုသည်။ 'မ ခွဲ' ဟုဆိုလျှင် 'တိုး ပြီ' ဟူ၍ ဆိုသည်။

'ဟုတ်ကဲ့ ဆရာကြီး၊ ဒါပေမယ့် လက်ဖက်မကစားတာတော့ ကြာပါပြီ၊ အသက်ကလည်း လေးဆယ်ရှိနေပြီကိုး'

'ကျုပ်ထက် အများကြီး ငယ်သေးတာပဲ၊ ကစားမယ်ဆို ကစားနိုင်ပါ သေးတယ်'

'ဆရာကြီးနဲ့ နည်းနည်း စမ်းကစားကြည့်ရမလား'

'ကစားကြည့်ချင် ကြည့်ပေါ့၊ ကားကြည့်ရင်တော့ နာတတ်တယ်ဗျ နော့'

'ကစားတယ်ဆိုတာ နာချင်လဲ နာမှာပေါ့ ဆရာကြီးရဲ့၊ အနာမခံရဲဘဲ ဘယ်ကစားလို့ ဖြစ်ပါ့မလဲ'

'ကောင်းပါပြီဗျာ၊ ကောင်းပြီ'

ပိုးကရင်ကြီးမှာ တောင့်တင်းသန်မာဆဲပင် ရှိသေးသည်။ ရင်ရော၊ ခါး ရော တင်ပါးပါ တစ်ဖြောင့်တည်းဖြစ်သည်။ ပခုံးနှစ်ဖက် လျှောနေ နိမ့်နေ သည်။ ကုတ်သားကြီးတွေက မောက်နေ တက်နေသည်။

နှစ်ယောက်သား ခါးတောင်းကျိုက်လိုက်ကြသည်။ ကိုရွှေက သူ့လက် မောင်းအိုးကို တဖျောင်းဖျောင်း ရိုက်လိုက်သည်။ ရဲဘော်တွေ ဝိုင်းအုံလာကြ သည်။ ကိုရွှေ လက်ဖက်ရေးပြသည်ကို ကြည့်ကြသည်။ဒ စိတ်လည်း ဝင်စား ကြသည်။

ကိုရွှေက ဘယ်ခြေကို ရှေ့ထားလိုက်၊ ညာခြေကို ရှေ့ထားလိုက်နှင့် ခြေထောက်ပြောင်းပြောင်းပြီးပြသည်။ ခေါင်းကိုလည်းခါ၊ ကိုယ်ကိုလည်း လှုပ်သည်။ လက်ဖက်သမားတို့၏ ပုံစံအတိုင်းပင်။

ဘယ်ခြေမှ ညာခြေ၊ ညာခြေမှ ဘယ်ခြေသို့ ခဏခဏ ပြောင်းပြခုန် ပြသည်ကိုကြည့်ပြီး မောင်လေးက ဆိုသည်။

'မင်း အဲဒီလို လုပ်လုပ်ပြတော့ ငါချချင်စိတ် ပေါက်လာပြီကွနော် မောင်ရွှေ'

'ချပါဆရာကြီးရဲ့ ချပါ။စျ ချချင်ရင် ချပါ'

'ဖျောင်း...ဖျောင်း...ဖုံး...ဖုံး...ပုန်း'

ကိုရွှေ ဘယ်ခြေမှ ညာခြေအပြောင်း ပြောင်းခုန်အခုန်တွင် မောင်လေးက ဘယ်လက်သီးဖြင့် ထိုးရန် ရွယ်လိုက်သည်။ ကိုရွှေက မောင်လေး၏ ဘယ်လက်ကိုတားပြီး ပင်ထိုးရန် ရှေ့သို့ တစ်လှမ်းအတက် မောင်လေးက တက်လာသော ညာခြေကို သူ့ဘယ်ခြေဖြင့် ကန်ထည့်လိုက်သည်။

ဖျောင်းခနဲ အသံထွက်လာသည်။ ကိုရွှေ ယိုင်အသွား ကိုယ်ဟန်ပျက်အသွား မောင်လေးက သူ့ညာခြေဖြင့်ပင် ကိုရွှေရင်ညွန့်ကို ဆက်၍ကန်ထည့်လိုက်သည်။

ခြေတစ်ဖက်တည်းဖြင့် ပိုက်အနိမ့်ကန်ရော ဇောင်းကန်ပါ ဆက်တိုက်ကန်ထည့်လိုက်ခြင်း ဖြစ်သည်။ ပိုက်အနိမ့်ကန်သော ကန်ချက်သည် ကိုရွှေ၏ ဟန်ချက်ကို ပျက်သွားစေသည်။ ဇောင်းကန်ကား ကိုရွှေကို လဲပြုသွားအောင် ကန်ထည့်လိုက်ခြင်း ဖြစ်၏။

ကိုရွှေ ပုန်းခနဲ လဲကျသွားသည်။ စိတ်ထဲမှလည်း မောင်လေးကိုလည်း မကျေမနပ် ဖြစ်သွားပုံရသည်။ ပထမနေ့ ပွဲပြီးသွားသည်။

နောက်တစ်နေ့တွင် ကိုရွှေ ငါးပက်ထွက်သွားသည်။ ညနေပိုင်းတွင် ငါးပက်ရာမှ ပြန်လာသည်။ မောင်လေးနှင့် ရေကန်နားတွင် ဆုံမိကြပြန်သည်။

ရေကန်ကား အုတ်ကန်၊ တပ်သားရဲဘော်များ ရေချိုးရန် ပြုလုပ်ထားသော ကန်ဖြစ်သည်။ ရေချိုးရန်ပြင်နေသည့် မောင်လေးကို တွေ့သည်နှင့် ကိုရွှေက စကားစသည်။

'လာဗျာ ဆရာကြီး၊ ထပ်ကစားကြည့်ကြရအောင်'

'ကစားဦးမလား၊ ကစားချင်လဲ ကစားလေ၊ ကဲ...လာ'

နစ်ယောက်သား ရင်ဆိုင်လိုက်ကြပြန်သည်။ လုံချည်တွေကိုလည်း နစ်ဖက်လုံး ခါးကြားသို့ ညှပ်တင်လိုက်ကြသည်။

'ဟေ့ တိုက်မှတိုက်ရင် ငါ့ကို ထိအောင်သာတိုက် မညာနဲ့၊ အသက်ကြီးပြီဆိုပြီးညာရင် မင်းပဲ နာသွားလိမ့်မယ်'

ကိုရွှေက သူ့ထုံးစံအတိုင်း ဘယ်ခြေ ညာခြေပြောင်းသည်။ မောင်လေးက

ခြေဖြင့်ခတ်သည်။ ကိုရွှေခုန်၍ခုန်၍ ရှောင်သွားသည်။ မောင်လေးက ရှေ့တိုးတိုင်း သူက နောက်သို့ ဆုတ်သည်။ မဂင်ရဲ၊ ရဲရဲမဂင်ရဲ။ မနေ့က အတွေ့အကြုံကြောင့် တွန့်နေ ကြောက်စိတ်ဝင်နေပုံပေါ်သည်။

မောင်လေးက ဘယ်ခြေကို ရှေ့ထားရာမှ ညာခြေကို ပြောင်းလိုက်သည်။ ညာခြေ ရှေ့သို့အပြောင်းတွင် ကိုရွှေဂင်လာသည်။

'ဖုံး...အား...ဖုံး'

ကိုရွှေကဂင်အလာ မောင်လေးက သူ့နောက်မှ ဘယ်ခြေကို ရှေ့မှ ညာခြေသို့ ပူးကပ်လိုက်ပြီး ညာခြေဖြင့် ဝိုက်ကန်လိုက်သည်။ ကိုရွှေ လည်ဆင်းပြီး ငှက်ပျောပင်များကြားသို့ လဲကျသွားသည်။

ကြဲကြီးစည်ရာပင်၊ ကိုရွှေ၏ လည်ပင်းက ငှက်ပျောပင်မကြီးနှင့် သားတက်တစ်ပင်ကြားတွင် ညပ်နေသည်။ ထ၍မရ။ မောင်လေးက ဆွဲထူပေးရသည်။ ရဲဘော်တွေလည်း ဝိုင်းအုံလာကြသည်။

ကိုရွှေ မစမ်းရဲတော့။ မောင်လေးကို အလန့်ကြီး လန့်သွားသည်။

သို့ရာတွင် သူရဲကောင်းတစ်ယောက် ထပ်မံ၍ ပေါ်လာပြန်သည်။ သူ့နာမည်ကလည်း ကိုရွှေနှင့်ဆင်တူ။ ထွန်းရွှေဖြစ်သည်။

ကိုရွှေလို ကရင်တော့မဟုတ်။ မြန်မာဖြစ်သည်။ အိန္ဒိယသို့ ရောက်ဖူးသူဖြစ်ခြင်းကြောင့် ကုလားစကားဆိုလျှင် မွှတ်နေအောင်တတ်သည်။ မောင်လေး၏သင်တန်းတွင် တပည့်ခံ၍ သင်ကြားနေသူ သင်တန်းသားရဲဘော်ပင်။

သူရောက်လာသည်မှာ ညအချိန်ဖြစ်သည်။ သူ့အပြင် ရဲဘော် သုံးလေးယောက်လည်း ပါလာသည်။

'ကျွန်တော်လည်း ဒုတိယ အလံ လုဖူးတဲ့ လက်ဝှေ့သမားပါပဲ ဆရာကြီး၊ ဆရာကြီးနဲ့ နည်းနည်းစမ်းကြည့်ချင်လို့'

အိပ်ခန်းမီးချောင်းအောက်တွင် ရင်ဆိုင်မိကြပြန်သည်။ လက်ဝှေ့သမားဖြစ်၍ ခြေပြောင်းသည်။ ခေါင်းလျှပ် ကိုယ်လျှပ်၍ ဟန်ပြင်သည်။

'အဲဒီလို လှုပ်လှုပ်ရှုရှုမြင်ရင် ငါက သိပ်ချချင်တာကွ၊ မင်းလည်း မောင်ရွှေလိုပဲ'

'ချပါ ဆရာကြီး'

'ချကွာ..ချစမ်း..ငါ့ကို၊ မင်းမချရင် ငါချရလိမ့်မယ်'

ထွန်းရွှေက ညာလက်သီးဖြင့် ထိုးလိုက်သည်။ မောင်လေးက ဘယ်လက်ဖြင့် တားသည်။ ထွန်းရွှေ၏ ဘယ်လက်သီး ဝင်လာသည်။ ညာလက်ဖြင့် တားသည်။ လက်နှစ်ဖက်လုံးကို တားပြီး မောင်လေးက ထွန်းရွှေ၏ ကုပ်ကို ဖမ်းဆွဲသည်။ ချုပ်ဒူးတိုက်ရန် ဟန်အပြင် ထွန်းရွှေက သူ့ညာဒူးဖြင့် မောင်လေး၏ ရင်ညွန့်ကို ခုန်တိုက်လိုက်သည်။

မောင်လေးက ထွန်းရွှေ၏တိုက်ဒူးကို တံတောင်ဖြင့် ရိုက်ထုတ်လိုက်သည်။ တစ်ဆက်တည်း ထိုတံတောင်သည် ထွန်းရွှေ၏ ရင်ညွန့်သို့ ဝင်သွားသည်။ လက်ခံ့ကလည်း မျက်နှာကို ပေါက်ရိုက်ရိုက်ပြီး ဖြစ်သွားသည်။

ထွန်းရွှေ လဲကျသွားသည်။ မောင်လေး၏ ပညာကို အသိအမှတ်ပြုသည်။ ဝိုင်းပြီးသည်အထိ ပညာဆက်သင်သည်။

သင်တန်းပြီးဆုံးသောအခါ လက်မှတ်ပေးပွဲ ကျင်းပသည်။ ပါတီ ကောင်စီနှင့် စစ်တပ်မှ ကြီးမှူးကျင်းပပေးသည်။ သတင်းထောက်များက သတင်းယူကြ ရေးသားကြသည်။

# ၂၅

မွေးရပ်မြေမဟုတ်သော်လည်း ဇေတီကုန်းသည် ချက်မြှုပ်ရွာနယ်ပင်။

မရောက်သည်မှာ ကြာပြီ။

ဆယ်နှစ်ခန့်ပင် ရှိချေပြီ။

ဇေတီကုန်းကို အေးရွှေက မောင်လေးထက် လွမ်းသည်။ မိန်းမသား ဖြစ်သောကြောင့် ဆွေတွေမျိုးတွေနှင့် တွေ့ချင်နေသည်။

'ဇေတီကုန်းကို တစ်ခေါက်လောက်တော့ သွားလည်ကြရအောင်'

'အိုကွာ၊ ငါမအားပါဘူး၊ သွားစရာတွေ ရှိသေးတယ်'

'ဟုတ်တာပေါ့၊ တော်ကတော့ ယောက်ျားဆိုတော့ ခြေဦးတည့်ရာ လျှောက် သွားနေတာကိုး၊ ပျော်နေတာပေါ့၊ ကျုပ်မှာတော့ တစ်နေ့တစ်နေ့ အိမ်ထဲမှာပဲ တကုပ်ကုပ်နဲ့'

'သွားတာပေါ့ကွာ မယ်ရွှေရာ၊ ငါ့ကို စကားနာ လာထိုးမနေစမ်းပါနဲ့'

'သွားမယ်ဆို မနက်ဖြန်သွားမယ်၊ အချိန်ဆွဲမခံနိုင်ဘူး၊ တော်တော်ကြာ ဘယ်က တပည့်တွေပေါက်လာပြီး ဘယ်လို ထွက်သွားဦးမလဲမသိဘူး'

'ဟ…ဒါက အလုပ်ပဲကွ၊ ခေါ်တဲ့လူရှိရင် သွားရမှာပေါ့၊ သင်မယ့်လူ ရှိရင် ပိုက်ဆံရတာပေါ့'

'အလုပ်ကို ဘေးချိတ်ထားလိုက်ပါဦး၊ ဇေတီကုန်းကိုမှ မသွားရရင် ရှင့်ကိုကွာမယ်'

'အလိုလေးလေးလေးလေး…အသက်ကြီးလာမှ ဘယ်လိုဖြစ်ရတာတုံး မယ်ရွှေရဲ့၊ အရင်က ကွာစကား ရှင်းစကား တစ်ခွန်းမှ မပြောခဲ့ဖူးပါဘူး'

'အို...မသွားရရင် ကွာမယ်တော်'

'ကဲ...ကဲကဲ..ကွာတော့မကွာပါနဲ့ အမယ်ကြီးရယ်၊ ကျုပ်တစ်ယောက်တည်း မျက်စိသူငယ် နားသူငယ်တော့ မဖြစ်ပါစေနဲ့၊ သွားမယ်ဆိုလဲ ပြင်ကွာ အခုသွားမယ်'

'အမယ်...ခုသွားလို့ ဖြစ်မလားတော့၊ ဂယ်စရာ ခြမ်းစရာလေးတွေ ဂယ်ရဦးမှာပေါ့၊ လက်ချည်းသွားလို့ ဖြစ်မလား'

'ပဲကြီးလှော် အထုပ်တစ်ရာလောက် ဂယ်ပေါ့ကွာ၊ တစ်အိမ် တစ်ထုပ် လက်ဆောင်ပေးလိုက်ရင် တော်ရောပေါ့၊ ပြီးတော့မှ သူတို့ ကျွေးစာ မွေးစာတွေကို အဂအပြစာပြီး ပြန်ခဲ့ကြတာပေါ့၊ ဟဲဟဲဟဲ...ဟားဟားဟား'

ဇနီးမောင်နှံ ရာသက်ပန် နှစ်ယောက်တည်း ခရီးထွက်လာကြသည်။ ရန်ကုန်မှ တွံတေးသို့ သဘော်စီးကြသည်။ တွံတေးသို့ရောက်လျှင် မြို့ထဲအနှံ့ လျှောက်ကြ ကြည့်ကြသည်။ ရှေးဖြစ်ဟောင်းများကို ပြန်ပြောင်းသတိရကြသည်။ ငယ်စဉ် မောင်လေးဘဂ၊ မအေးရွှေဘဂက လက်ဖက်ရည်သောက်ကြသော ဆိုင်အနီးသို့ ရောက်သွားကြသည်။

'မယ်ရွှေ'

'ရှင်'

'ဒီလက်ဖက်ရည်ဆိုင်ကို မှတ်မိသေးလားဟင်'

'အိုတော်၊ ကလေးကလားစကားတွေ ပြောနေပြန်ပါပြီ'

'ဟ...ဒါ ငါမိန်းမရတဲ့ လက်ဖက်ရည်ဆိုင်ဟ၊ ဘယ့်နယ် ကလေးကလား ရမှာလဲ'

'မသိပါဘူး၊ ကျုပ် မမှတ်မိပါဘူး'

'မိန်းမရတာမှ မိန်းမကကို အရှက်မရှိ လာချော့ခေါ်လို့ ရရတာကွ'

'တော်နော်၊ နော် နားရှက်စရာတွေ ပြောမနေနဲ့'

'ငါက သူများလို မိန်းကလေးကို နောက်ပိုးပိုးပြီး မိန်းမယူတာ မဟုတ်ဘူးကွ၊ မိန်းကလေးကသာ ငါ့ကို နောက်ပိုးပိုးရတဲ့ကောင်'

'ဟင်း....ဒီက သူ့ကို သနားမိတာ မှာတော့တာပဲ'

'သနားတယ်လို့ မပြောစမ်းပါနဲ့ကွာ၊ ငါ့လိုယောက်ျားကို ရမှ မရရင် သေမတတ်ဖြစ်နေလို့ လာခေါ်ရတယ် ပြောစမ်းပါ'

တတွတ်တွတ်နှင့် နစ်ယောက်သား ငယ်မူပြန်ရင်း လျှောက်လာကြသည်။ လက်ဖက်ထိုးသော လက်ဖက်ရုံဟောင်းနေရာသို့ ရောက်လာကြသည်။ သည်မှာ ဒေါ်အေးရွှေက အနိုင်ယူသည်။

'ကိုမောင်'

'ဟင်'

'ဒီနေရာလေ၊ ဒီနေရာ...ဒီနေရာကို ရှင် မှတ်မိသေးရဲ့လား'

'မှတ်မိတာပေါ့ကွ၊ လက်ဖက်ရုံနေရာပေါ့'

'လူမိုက်ကြီး လူသတ်တဲ့နေရာလေ၊ လူမိုက်တွေ လူသတ်ပွဲကျင်းပတဲ့ နေရာလေ'

'ဟော့....ဟားဟားဟားဟား...မင်းက ငါ့ကို ပြန်အနိုင်ယူတာ ဆိုပါတော့'

'မဟုတ်ဘူးလား၊ ရှင် ဒီနေရာမှာ ပိုလို့ကို သတ်ခဲ့တာပဲ မဟုတ်လား'

'ဟ....ပိုလိုပါဆိုမှ ဘယ်က သတ်ရမှာလဲ၊ သောက်တာပါကွ၊ ပိုလို ဆိုတာ စီးကရက်ပဲ၊ ဘူးခွံက မြင်းရုပ်လေကွာ'

မြို့ကိုပတ်၍ လျှောက်ကြည့်ပြီးမှ ဦးသော်အိမ်သို့ ဝင်ကြသည်။ ယခင်က ငသော်၊ ယခု ဦးသော်ကား ကြီးပွားနေပြီ။ ပွဲရုံလုပ်ငန်း လုပ်ကိုင်ရာမှ ကြီးပွားလာခြင်းဖြစ်သည်။ ယခုသော် ဂါးခနိဆိုင် ဖွင့်ထားသည်။

'ဟာ...ဟော့ မောင်လေး၊ မင်းတို့ လာကြသကိုး'

'အေးကွ၊ ငါ့အမယ်ကြီးက ဇာတိကုန်းကို လိုက်ပို့ပါဆိုလို့၊ မင့် မျက်နှာကို ဖူးမြော်ရအောင်လဲပေါ့ကွာ'

'ဟားဟားဟား.....မင်းကိုမြင်တိုင်း ပိုလိုကို သတိပြန်ရတယ် ဟော့'

'တော်စမ်းပါကွာ၊ အခုပဲ ငါ့အမယ်ကြီးက ငါ့ကို အပုပ်ချလာတာကွ'

'အပုပ်ချရမှာပေါ့တော်၊ ဦးသော်ပဲ စဉ်းစားကြည့်၊ ကျွန်မသားတွေ သမီးတွေ ရွာကိုအလည်သွားရင် သူ့ဂမ်းကွဲအစ်ကိုက ပြောပြောလွှတ်တယ်တော့ ဦးသော်ရဲ့'

'အင်း....အင်း....ဘယ်လိုပြောလို့လဲ ဒေါ်အေးရွှေ'

'ကျုပ်သားသမီးတွေ သွားကန်တော့ရင် မင်း ဘယ်သူ့သားလဲ သမီးလဲ လို့ မေးတယ်၊ ဦးမောင်လေး သားပါ သမီးပါလို့ဖြေရင် သူ့အစ်ကို ဂမ်းကွဲ က ဘယ်လိုပြောတယ်ထင်လဲ'

'ဘယ်လိုပြောသလဲ'

'သြော်....မောင်လေးသားဆိုတော့ ခွေးသားပေါ့ ခွေးသမီးပေါ့၊ ခွေးသား ခွေးသမီးတွေပေါ့၊ လူသတ်တဲ့ခွေးက မွေးရင် ခွေးတွေပဲ မွေးလာမှာပေါ့၊ ငါ တို့အမျိုးထဲမှာ လူသတ်တဲ့အကောင် မရှိဘူးတဲ့'

'ဟားဟားဟား....ဟားဟားဟား...ဟော့ကောင် မောင်လေး....ခွေး... ခွေး'

ဦးသော်က အော်ကျယ်ဟစ်ကျယ်ပင် တဝါးဝါး တဟားဟား ရယ်မော သည်။ ရယ်ရင်းမှ ဆက်၍ပြောသည်။

'နေပါဦးကွ မောင်လေးရ၊ အဲဒီတုန်းက မင်းရန်ကုန်ကို သွားမယ်ပြော ပြီး ဇောတိကုန်းကို ဘယ်လိုပြန်ရောက်သွားတာလဲ....ဟဲဟဲဟဲ'

ဦးသော်က ဒေါ်အေးရွှေ လာ၍ခေါ်သွားသည်ကို သတိရပြီး ပြန်ပြော ခြင်းဖြစ်သည်။

'ဟားဟားဟား...ငါ့လည်း မသိတော့ မမှတ်မိတော့ပါဘူးကွာ၊ ငါထင် တာတော့ ကောင်မလေးတစ်ယောက် ငါ့ကို အတင်းလက်ဆွဲခေါ်လို့ ပြန် လိုက်သွားတယ် ထင်တာပဲ၊ ဇောတိကုန်းလည်းရောက်ရော ငါ့ကို အတင်းဆွဲ ပြီး အိပ်ခန်းထဲ သွင်းတော့တာပဲဟေ့....ဟားဟားဟား'

'တော်နော်၊ တော်...ကျုပ်ကို သိက္ခာချမနေနဲ့'

'အမယ်လေးဗျာ ကိုယ့်မိန်းမ သိက္ခာကျအောင် ဘယ်ယောက်ျားက ပြော ပါ့မလဲ၊ ကျုပ်မှာ မိန်းမတစ်ယောက်ရဖို့ ဂါးလုံးနဲ့တောင် အရိုက်ခံခဲ့ရတာဗျာ'

ငယ်ပေါင်းကြီးဖော်တွေချင်း ပြန်လည်ဆုံတွေ့ရသည်မို့ ရှေးဟောင်း နှောင်းဖြစ်များကို ပြန်ပြောင်းပြောဆိုကြသည်။ ခံတွင်းတွေ့လှသည်။ တဝါးဝါး တသောသော ရယ်မောကြသည်။

နစ်နာရီခန့် စားမြုံ့ပြန်ပြီးကာမှ ဇောတိကုန်းသို့ ထွက်ခွာလာကြသည်။

ဇောတိကုန်းသည် ယခုသော် စည်ကား သိုက်မြိုက်လှသော ရွာကြီးတစ် ရွာဖြစ်နေပြီ။ လူဦးရေတိုး၊ အိုးသစ် အိမ်သစ်တွေ တိုးနေပြီ။

မောင်လေး၏ နေအိမ်သည် ယခင်က ရွာစွန်ရွာဖျားတွင် တည်ရှိခဲ့ သော်လည်း ယခုမူ ရွာလယ်ကောင်တည့်တည့်တွင် ရောက်နေပြီ။ လေးဘက် လေးတန် လေးရပ် လေးမျက်နှာလုံး တိုးချဲ့အိမ်ဆောက်နေကြပြီ။

သို့ရာတွင် အရိုးတောင်ချောင်းကား စီးမြဲ စီးလျက်ပင်။ စမ်းရေတာသွင် သွင်သည် စိမ့်မြဲ အေးမြဲ အေးလျက်ပင်။

ငယ်စဉ်က သိုင်းသင်ခဲ့သောနေရာများသို့ ရောက်လျှင် ဆရာကြီးဦးချယ် ကို ပြန်ပြောင်းသတိရသည်။ တစ်ခေါက်ပြန်လာခဲ့ဦးမည်ဟူ၍ ပြောဆိုသွား သော်လည်း ပြန်ရောက်မလာတော့သော ဆရာကြီး၊ တတ်သောပညာဖြင့် ထမင်းအိုး တည်ပေးခဲ့သော ဆရာကြီး။ ဆရာကြီး ဆရာချယ်ကို လွမ်းရ ဆွေးရ ပြန်ပြောင်းသတိရရသည်။

သည်ရွာလယ်မဏ္ဍပ်မှာ ဆရာကြီးကို စ၍မြင်ခဲ့ရသည်။ ဦးအေးနှင့် ထိပ်တိုက်တွေ့ကြသည်။ ဦးလုံနှင့် ဦးသောမကိုပါ ပညာသင်ကြားပေးခဲ့သည်။ ယခုကား ဦးလုံရော၊ ဦးအေးရော၊ ဦးသောမ ပါ ကွယ်လွန်သွားခဲ့ကြပြီ။

သချိုင်းတွင် မိခင်၏ အုပ်ဂူကို သွားရောက် သန့်ရှင်းပေးလျှင်လည်း မိခင်ကြီးကို လွမ်းဆွတ်ရပြန်သည်။ ဩော် ဘဝဆိုသည်ကား တိုတောင်းလှ ပါကလား။

ဆွေတွေ မျိုးတွေ၊ တူ-တူမတွေ တစ်ယောက်ပြီးတစ်ယောက် လာခေါ်၍ ဖိတ်၍ ထမင်းကျွေးကြသည်။ စားရသည်မှာ ဗိုက်ခွေးနမ်းမတတ်။

ညအချိန်ရောက်လျှင် ကောင်းကောင်းမအိပ်နိုင်။ လူကြီးတွေချင်း စုဝေး၍ စကားပြောကြရသည်မှာ အမော။ ကွယ်လွန်သွားသူများအကြောင်း ရော၊ အသက်ရှိထင်ရှားရှိနေသူများအကြောင်းပါ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေကြရသည်။

ဇောတိကုန်းတွင် ခုနစ်ရက်မျှ ကြာညောင်းလာသည်။ သို့ရာတွင် ပြန် ချင်စိတ်ကား မရှိသေး။

ထိုအချိန်တွင် မမျှော်လင့်သော လူငယ်နှစ်ယောက် ဇောတိကုန်းသို့ ရောက်ရှိလာသည်။ မောင်လေးကို တိုက်ရိုက်လာတွေ့သည်။

'ကျွန်တော် ချောင်းကြီးက ဦးလှဖေရဲ့ သားပါ အဘ၊ အဘ ရွာကို ပြန်ရောက်နေတယ်ကြားလို့ အဖေက လွှတ်လိုက်ပါတယ်၊ ချောင်းကြီးကို အလည်လိုက်ခဲ့ပါဦးတဲ့'

'အိုး.....မင်းက လှဖေသားလား၊ မင်းလည်း လူကြီးတောင် ဖြစ်နေမှကိုး၊ ကိုလှဖေတို့ လင်မယားကော နေကောင်းကြရဲ့လား'

'အဖေတော့ နေကောင်းပါတယ်၊ အမေတော့ ဆုံးသွားပါပြီ'

'ဩော်...မင်းအမေ ဆုံးသွားပြီကိုး'

'အဘရဲ့တပည့် သိုင်းသမားတွေကလည်း အဘကို မရရအောင်ခေါ်ခဲ့ဖို့ မှာလိုက်ကြပါတယ်၊ ဦးညီခင်ကြီးကလည်း မှာလိုက်ပါတယ်'

'ဩော....ဦးညီခင်ကြီးလည်း ရှိသေးတာကိုး၊ သူက အဘရဲ့ ကျေးဇူးရှင်ပဲကွ'

'ဟုတ်ကဲ့ အဘအကြောင်း၊ ခဏခဏ ပြောကြပါတယ်'

'အေး ခေါ်ရင်လဲ လိုက်ရတာပေါ့၊ ဒီတစ်ခါတော့ ငါ့မိန်းမကိုပါ ခေါ်ခဲ့ရမယ်'

ဇနီးမောင်နှံရာသက်ပန် စုံတွဲ ချောင်ကြီးသို့ လိုက်ပါလာကြသည်။

မလာလိုသော် ခရီးဝေး၊ လာလိုသော် အနီးကလေးပဲဖြစ်သည်။ လိုက်လာတော့လည်း ရောက်ရသည်ပင်။ ဦးလှဖေ၊ ဦးညီခင်တို့နှင့် တွေ့ရသည်ပင်။

ချောင်းကြီးသို့ ရောက်သောအခါ မောင်လေးတစ်ယောက် ခင်ဖြိုးကို ပြန်ပြောင်းသတိရလာသည်။ အဟောင်းတို့သည် အသစ်ဖြစ်လာရပြန်သည်။

သူ့မျက်စိအောက်တွင် အသက်ထွက်သွားခဲ့သော ခင်ဖြိုး။

မသေမီ မိမိ၏နာမည်ကို မကြာခဏခေါ်၍ ခေါ်၍ သွားခဲ့သော ခင်ဖြိုး။

ရေတိမ်မှာ နစ်ခဲ့ရသော ခင်ဖြိုး။

မိမိအတွက် သက်သက် ဓားစာခံသွားခဲ့ရသော ခင်ဖြိုး။

ခင်ဖြိုးကို မျက်စိထဲမှ မြင်ယောင် မြင်ယောက်၍နေသောကြောင့် ကိုယ်စိတ် မချမ်းမြေ့ ဖြစ်ရသည်။

သည်ကြားထဲတွင် ဦးညီခင်၊ ဦးလှဖေတို့က ခင်ဖြိုးကို စော်ကားသွားခဲ့သော မြရင်အကြောင်း ပြောဆိုကြသည်။

မြရင်ကို ရန်ကုန်တွင် ဖမ်းမိသည်။ သုံးနှစ်ခန့်ကြာမှ ဖမ်းမိခြင်းဖြစ်သည်။ တရားရုံးမှ ထောင်ဒဏ်ခုနစ်နှစ် အပြစ်ပေးလိုက်သည်။

ထောင်ထဲမှာ ဂေါ်ယာတို့နှင့် သွား၍တွေ့သည်။ ဂေါ်ယာတို့လည်း ပြန်၍လွတ်လာပြီ။ မြရင်လည်း လွတ်လာသည်။

သည်လိုပြောကြသည်။ သည်စကားများကို ကြားရသောအခါ မောင်လေးက မြရင်ကို သွား၍ သတ်ချင်စိတ်များ ပြန်၍ဂင်လာသည်။ ငယ်စိတ်တွေ ထလာသည်။

ချောင်းကြီးတွင် နေရသည်မှာမပျော်။ ယင်းကြောင့် သုံးရက် သုံးည နေထိုင်ပြီး လေးရက်မြောက်နံနက်တွင် ဇောတိကုန်းသို့ ပြန်ရန် ပြင်ဆင်ကြသည်။

တပည့်ဟောင်း သိုင်းသမားတစ်ယောက် လှည်းဖြင့် သမ္မာန်ဆိပ်သို့ လိုက်ပို့မည်ဖြစ်သည်။ ကိုလှဖေအိမ်ရှေ့တွင် လှည်းပင် ရောက်ရှိနေပြီ။

အဂတ်အထည် များများစားစား မပါသော်လည်း ဦးညီခင်၊ ဦးလှဖေနှင့် သိုင်းသမား တပည့်များ၏ လက်ဆောင်ပစ္စည်းတွေကြောင့် အထုပ်အပိုးတွေက များသည်။ လှည်းလိုက်ပို့မည့် မောင်ကျော်က အထုပ်အပိုးများကို လှည်းပေါ်သို့ ထမ်းတင်သည်။ မောင်လေးက ဦးလှဖေကို နှုတ်ဆက်စကားဆိုသည်။

ပြီး လှည်းပေါ်သို့ တက်ကြသည်။ ရွာမြောက်ဘက်မှ ထွက်လာကြသည်။ ရွာနှင့် တစ်ဖာလုံခန့်အကွာသို့ ရောက်လာကြသည်။

'ဟောတော့...ဒုက္ခပဲ ဒုက္ခပဲ'

ဒေါ်အေးရွှေ၏နှုတ်မှ ရုတ်တရက် ထွက်လာသည်။

'ဘာလဲဟ မယ်ရွှေရဲ့၊ မထိတ်သာ မလန့်သာနဲ့'

'မျက်မှန် ကျန်ခဲ့ပြီတော့ မျက်မှန်၊ ဘုရားစင်ပေါ်မှာ၊ ဦးလှဖေအိမ်က ဘုရားစင်ပေါ်မှာ'

'ဒုက္ခပါပဲကွာ၊ မင်းကလဲ မေ့ပဲ မေ့တတ်လွန်းတယ်'

'အို လူပဲတော့ မမေ့ဘဲ နေပါ့မလား'

'ကျွန်တော် ပြန်သွားပြီး ယူပေးပါ့မယ်ခင်ဗျာ'

'အေး....အေး...ငါ့တူရယ် ယူပေးပါဦးကွယ်'

လှည်းသမား မောင်ကျော်က ကြိုးနှစ်ချောင်းကို တင်းအောင် ဆွဲ၍ လှည်းရံတိုင်တွင် ချည်လိုက်ပြီး လှည်းပေါ်မှ ခုန်ဆင်းသွားသည်။ ခပ်သွက်သွက် ပြေးထွက်သွားသည်။

'မင်းဟာ လူတွေကို တော်တော်ဒုက္ခပေးပါလားဟင် မယ်ရွှေ'

'အို...တော်...အသက်ကြီးလာတော့လည်း မေ့တတ်လျော့တတ်လာပြီပေါ့'

'ဟားဟားဟား သိုင်းဘုရင်ကြီး လင်မယားပါလား၊ ကျုပ်တို့ ညီအစ်ကိုတွေကို ထောင်ထဲပို့ခဲ့တဲ့ သိုင်းဆရာကြီး'

ရုတ်တရက် ခြုံကြားထဲမှ လူငါးယောက် ထွက်လာသည်။ ဂေါ်ယာတို့ သုံးယောက်၊ မြရင်နှင့် အခြားတစ်ယောက်ဖြစ်သည်။ မြရင်နှင့် အခြားတစ်ယောက်ကိုကား မောင်လေးက မသိ။

မောင်လေးက သူ့ပခုံးတွင် လွယ်ထားသောဓားကို ဓားအိမ်မှ ချွတ်လိုက်သည်။

'ဟဲဟဲဟဲ...ဒီခေတ်က ဓားခေတ်မဟုတ်တော့ဘူးဗျ သိုင်းဆရာကြီးရဲ့၊ သေနတ်ခေတ်၊ သေနတ်ခေတ် ဖြစ်လာပြီ'

ဂေါ်ယာက ခြောက်လုံးပြူးဖြင့် မောင်လေးကို ချိန်ထားသည်။ ကျန်လေးယောက်ကား လုံ ဓားရှည်ကိုယ်စီနှင့် ဖြစ်သည်။

'မလှုပ်နဲ့နော်၊ လှုပ်ရင် မြုပ်သွားမယ်၊ လက်ညိုးတစ်ချက်ကွေးလိုက်တာနဲ့ ကျည်ဆန်ပူပူလေး နလုံးသားထဲ ကိန်းအောင်းသွားမယ်'

'ဆင်းပေ့ ဆင်း...နှစ်ယောက်လုံးဆင်း၊ မင်းတို့ကို ဒီမှာ မသတ်ဘူး၊ တောထဲခေါ်ပြီး တတိတိ ညှဉ်းသတ်မယ်'

'ရာဇဝင်ကျွေးဆပ်မယ်ပေါ့ ဟုတ်လား၊ ဟားဟားဟား'

'ဟေ့....သူ့ကို အလစ်မပေးနဲ့၊ လက်ပြန်ကြိုးတုတ်ကြ'

'ဟေ့...ဓားကိုချထား၊ ဓားကိုမကောက်နဲ့၊ ပစ်ထည့်လိုက်မယ်၊ ကျည်ဆန်တော့ မရှောင်နိုင်ပါဘူးကွာ'

မောင်လေးက ဇနီးဖြစ်သူကို တစ်ချက်ကြည့်သည်။ သူ့လက်နှစ်ဖက်က လှည်းပေါ်တွင် ထောက်ထားသည်။ ခြေနှစ်ချောင်းသည် လှည်းအောက်သို့ တွဲလောင်းကျနေသည်။

သူက လှည်းအမြီးမှ လက်ထောက်၍ ခုန်ဆင်းဟန် ပြုသည်။

သူ့ဘယ်ခြေအစုံသည် မြေကြီးပေါ်သို့ ကျသွားမည့်အစား ဘယ်ခြေက လေထဲသို့ ပျံဝဲသွားသည်။ ဂေါ်ယာ၏ သေနတ်ကိုင်ထားသော လက်ကို ထိသွားသည်။ ညာခြေကလည်း ဆက်တိုက်ပင် ဂေါ်ယာ၏ မေးဖျားကို ခတ်ထည့်ပြီး ဖြစ်သွားသည်။

သေနတ်သံ ဒိုင်းခနဲ တစ်ချက်ထွက်သွားသည်။ သေနတ်သည်လည်း လေထဲသို့ မြောက်တက်ခါ လှည်းလမ်းဘေး ခြုံထဲသို့ လွင့်သွားသည်။

ဂေါ်ယာ မှောက်သွားပြီ။ လည်ဆစ်ပြုတ်သွားပြီ။ မောင်လေးသည် မြေပေါ်သို့ ရောက်နေပြီ။

ထိုအချိန်တွင် ရန်သူတစ်ယောက် မောင်လေးကို လှံဖြင့် ဝင်ထိုးသည်။ မောင်လေးက ညာခြေကို ချွန်းဆုတ် ဆုတ်လိုက်သည်။ ရန်သူသည် အား လွန်ပြီး ရှေ့သို့ရောက်အလာ ညာလက်ဖျံဖြင့် လှံကိုင်သူ၏လက်ကို ရိုက် ခုတ်လိုက်သည်။ တစ်ဆက်တည်း လည်မျိုကို ညာလက်ဖြင့်ပင် ခုတ်ရိုက် ရိုက်လိုက်သည်။ ရန်သူ ပက်လက်လန်လဲ ကျသွားသည်။

ရန်သူ၏လှံသည် သူ့လက်ထဲသို့ ရောက်လာပြီ။ ထိုလှံဖြင့်ပင် လဲကျ သွားသော ရန်သူကို ဆောင့်၍ထိုးလိုက်သည်။

ထိုအချိန်တွင် ဒေါ်အေးရွှေလည်း လှည်းပေါ်သို့ ခုန်ဆင်းပြီးပြီ။လှည်း ပေါ်မှ မောင်လေး၏ ဓားကိုကိုင်လျက် ခုန်ဆင်းခြင်းဖြစ်သည်။

လူဆိုးတစ်ယောက်က သူမကို ဝင်ခုတ်သည်။ သူတို့နှစ်ယောက် ဘတပြန် ကျားတပြန် ဖြစ်နေကြသည်။ အပြန်အလှန် ခုတ်သော ဓားသံများ တချွမ်ချွမ် ထွက်နေသည်။

ဇနီးဖြစ်သူကို လှည့်အကြည့် ရန်သူနှစ်ယောက် ပြေး၍ဝင်လာသည်။ မောင်လေးကို နှစ်ဖက်ညှပ်၍ ခုတ်သည်။ ထိုးသည်။ ဓားသမားသည် ညာ ဘက်မှ ဝင်လာပြီး စလွယ်ခုတ်ပိုင်း၍ ခုတ်လိုက်သည်။ မောင်လေးက ဘယ်ခြေဆုတ်၍ လိမ်တုတ်နှင့် ရိုက်ထည့်လိုက်သည်။ ဓားသမား မှောက်ဆင်း အသွား ဘယ်ဘက်မှ လှံသမားက မောင်လေးကို ပြေးထိုးလိုက်သည်။

မောင်လေးက ညာခြေဆုတ်၍ သူ့လှံရိုးဖြင့် ပင့်ရိုက်လိုက်သည်။ ရန်သူ၏လှံ မြောက်တက်အသွား သူ့လှံဖြင့် ထိုးထည့်လိုက်သည်။ ရန်သူ သည် ငယ်သံပါအောင် အော်လျက် လဲကျသွားသည်။

မောင်လေးက ဇနီးဖြစ်သူကို လှမ်းကြည့်လိုက်သည်။ ရန်သူနှင့် ဘတပြန် ကျားတပြန်ဖြစ်နေပြီး ဒေါ်အေးရွှေ ချော်လဲသွားသည်။ ရန်သူက ဓားဖြင့် ဒေါ်အေးရွှေကို ခုတ်ပိုင်းလိုက်သည်။ ဒေါ်အေးရွှေက မြေပေါ်တွင် လှိမ့်၍ ရှောင်လိုက်သည်။

သည်အချိန်တွင် မောင်လေးက ရန်သူအနီးသို့ ရောက်သွားသည်။ ရန်သူက မောင်လေးကို မြင်သည်နှင့် ထွက်ပြေးတော့သည်။ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးသည်။ မောင်လေးက နောက်မှ လိုက်သည်။

သို့ရာတွင် မီလုမီခင်အချိန်၌ ရန်သူက ခြုံကြီးတစ်ခြုံထဲသို့ ပြေးဝင် တိုးဝင် ကွယ်ပျောက်သွားသည်။

'တောက်.....တစ်ယောက်လွတ်သွားတာ နာတယ်ကွာ'

မောင်လေးက သည်လိုပြောပြီး လှည်းရှိရာသို့ ပြန်လာသည်။ ဂေါ်ယာနှင့် တပည့်သုံးယောက်ပေါင်း လေးယောက်မှာ မြေပေါ်တွင် ပက်လက် မှောက်ခုံ အသက်ထွက်နေကြပြီ။

'ဟဲဟဲဟဲ...သိုင်းသမားဆိုတာ တစ်လုံးထိုးပစ်ထည့်ရတဲ့ ရိုင်ဖယ်တို့၊ ခြောက်လုံးပူးတို့ဆိုရင် သိပ်မကြောက်ဘူး၊ မွှေပစ်လို့ရတဲ့ စတင်းဂန်းတို့ ကာဘိုင်တို့ကိုသာ ကြောက်တယ်ဆိုတာ ဂေါ်ယာ မသိရှာဘူး၊ အဲဒီမသိခြင်း တရားဟာ သူ့အသက်ကို ခန္ဓာကိုယ်နဲ့ အိုးစားကွဲစေတာပဲ'

'ဟင်...ဆရာကြီး...ဆရာကြီး ဘယ်လိုဖြစ်ကြတာလဲ၊ ဟော...ဂေါ်ယာ ဂေါ်ယာတို့ပါလား'

လှည်းသမား မောင်ကျော် ပြန်ရောက်လာသည်။ အလောင်းများကို မျက်လုံးပြူး မျက်ဆံပြူး ကြည့်နေသည်။

'အေးကွ တပည့်ရ...သူတို့က အဘကို သေနတ်နဲ့ချိန်ပြီး လာခေါ်တယ်၊ သတ်မလို့တဲ့၊ ဒါကြောင့် သူတို့ သေကုန်ကြတာ၊ ကဲ...မယ်ရွှေ ခြုံထဲရောက် သွားတဲ့သေနတ်ကို လိုက်ရှာကြစို့'

သုံးယောက်သား ခြုံထဲဝင်၍ သေနတ်ရှာကြသည်။ ဆယ်မိနစ်ခန့်ကြာမှ လှည်းသမား မောင်ကျော်က သေနတ်ကို သွား၍နင်းမိသည်။

အလောင်းများကို လှည်းပေါ်သို့တင်ကြသည်။ ဇောတိကုန်းသို့ ပြန်မည့်အစား ချောင်းကြီးရွာသို့ပင် ပြန်လာကြရသည်။

တစ်ရွာလုံး သည်သတင်းက တောမီးလို ပြန့်နှံ့သွားသည်။ သူကြီး အိမ်ရှေ့တွင် ယှဉ်လျက်ချထားသော အလောင်းလေးလောင်းကိုကြည့်ပြီး ကြောက်ရွံ့တုန်လှုပ်နေကြသည်။ ဦးမောင်လေးနှင့် ဒေါ်အေးရွှေ ပြောပြသော ဖြစ်ကြောင်းရယ်ကုန်စင် ဇာတ်လမ်းကို ထူးဆန်းစွာ နားထောင်နေကြသည်။

သိုင်းပြောင်းပြန်၏ တိုက်ကွက်များအား အံ့မခန်းရှိလှပေစွ။

သိုင်းပြောင်းပြန်၏ ပညာကား ရင်သပ် အံ့ဩဖွယ် ကောင်းလှပေစွ။

ပွင့်လန်း (သတ္တုတွင်း)



ဝဲမှယာ-ဦးအောင်သိန်း (သန်လျင်)၊ဆရာကြီးဦးမောင်လေး၊ ဦးကျော်သိန်း၊ ပွင့်လန်း (သတ္တုတွင်း) အမှတ်တရ




၁၃-၇-၈၄၊ ရန်ကုန်တက္ကသိုလ်၊ ကြည့်မြင်တိုင်နယ်မြေတွင်
သိုင်းပြောင်းပြန် သင်တန်းဆင်းပွဲ အခမ်းအနားသို့
ဆရာကြီးဦးမောင်လေး တက်ရောက်ခဲ့စဉ်။




ဇောတိကုန်းရွာဦးကျောင်း

khtnetpc.we



ဈောတိကုန်း ရွာအဝင်.

































ဆရာကြီးဦးမောင်လေးနှင့် တပည့်များ လှူဒါန်းခဲ့သော
ရွာဦးကျောင်းမှ ကြေးခေါင်းလောင်း



khtnetpc